
www.burmeseclassic.com

## မောင်မြင့်ကြွယ်

# ရင်တထိတ်ထိတ်



# THE VATICAN target

by

Barry Schiff and Hal Fishman

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

မောင်မြင့်ကြွယ်

# ရင်တထိတ်ထိတ်

# THE VATICAN TARGET

by

**Barry Schiff and Hal Fishman**

ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း
ပုဇွန်တောင်၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၁၃၈၇/၂၀၀၄(၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၀၂၀၆၀၇

❑

ပုံနှိပ်ခြင်း
ဒုတိယအကြိမ် - စက်တင်ဘာလ၊ ၂၀၀၆ ခုနှစ်
အုပ်ရေ - (၅၀၀)

❑

အဖုံးနှင့်အတွင်းပုံနှိပ်တိုက်
ရွှေခြသေ့်ပုံနှိပ်တိုက်
အမှတ် (၁၂)၊ စောရန်ပိုင် အနောက်ရပ်ကွက်၊
သရဖီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

❑

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

❑

မျက်နှာဖုံးပန်းချီ
ဝင်းမြင့်ဦး

❑

တန်ဖိုး
၂၀၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

ဂရင်းဝစ်ချ်စံတော်ချိန် ၂၁ : ဝ၅နာရီ
လန်ဒန်ည ၁ဝ : ဝ၅နာရီ

လန်ဒန်လေဆိပ်မှ လေကြောင်းကြီးကြပ်ရေးမှူးသည် တဝါးဝါးသမ်းဝေလိုက်၏။ ရှည်လျားကြာမြင့်လှသည်နှင့်အမျှ အလွန်အလွန် ဖိမ်ရှိလှစွာ 'သမ်း'ဝေလိုက်ခြင်းပင်. . .။ သူသည် တသီတတန်းကြီးရှိနေသော ရေဒါဒိုင်ခွက်များအပေါ် ဘက်ရှိ နာရီအား မျက်တောင် တဖျပ်ဖျပ်ခတ်ယင်း လှမ်းကြည့်လိုက်၏။ သူသည် နောက်ထပ်နှစ်နာရီကြာအောင် တာဝန် ထမ်းဆောင်ပြီးနောက် သုံးရက်ဆက်တိုက် အနားယူခွင့်ရရှိမည် ဖြစ်သည်။

၎င်းအား ယားကျိကျိဖြစ်စေသည့်ကိစ္စမှာ သူသည် ယခုအချိန်တွင် အစွမ်းကုန် အိပ်ချင်စိတ်ဖြစ်ပေါ်နေလေရာ တာဝန်ချိန်ကုန်ဆုံးသဖြင့် ၎င်း၏မီနီမိုင်နာမော်တော်ကား အား ရပ်ထားသည့်နေရာမှ ထုတ်ယူခဲ့ပြီး နေအိမ်ဆီသို့ မောင်းနှင်ထွက်ခွာလာသော အချိန်တွင် အိပ်ချင်စိတ် လုံးဝပျောက်ကွယ်ပြီး မျက်စိကျယ်နေမည့်ကိစ္စပင်ဖြစ်သည်။ သူ့ အတွေ့အကြုံအရဆိုလျှင် လုပ်ငန်းခွင်၌ အလွန်နောက်ကျစွာနေရသည့်အခါတိုင်း စိတ်ပျက် စရာကောင်းအောင် ဖျင်းရိငြီးငွေ့ဖွယ် ကောင်းလှသည်။ သူ့အဖို့ အလုပ်လုပ်စရာရှိနေအောင် လေယာဉ်သုံးလေးစီး ပိုမို၍ရှိနေခဲ့လျှင် ကောင်းလေစွဟု တောင့်တခဲ့မိသည်။ လေယာဉ် အသွားအလာ ရှိနေခဲ့သော် အိပ်ချင်စိတ် ပျောက်ကွယ်နေမည်မှာ အမှန်ပင်။

ယခုလို ငြိမ်သက်နေတိုင်းလည်း စိတ်ချရသည်တော့မဟုတ်။ ငြိမ်သက်မှုနောက်ပိုင်း တွင် မကြာခဏဆိုသလို ယား၍ပင်မကုတ်နိုင်အောင် အလုပ်ရှုပ်သောကိစ္စမျိုးနှင့် ဆက်တိုက် ကြုံတွေ့ရတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူအနားယူရမည့်သုံးရက်ကို မည်သို့မည်ပုံ အချိန်ဖြုန်းရပါမည်နည်း။

ထိုအခိုက်မှာပင် အတွေးရေယာဉ်ကြော၌ မြောပါနေသူရင်းအား 'ရေဒါ'ဖန်သား မျက်နှာပြင်က အထိတ်တလန့်ဖြစ်အောင် ဖန်တီးယင်း 'လှုပ်နှိုး' လိုက်သည်။

ထရန့်စ် အမေရိကန်လေကြောင်းခရီးစဉ် အမှတ်(၉၀၁)သည် လေယာဉ်ပြန်ပေးဆွဲမှုကို ခံနေရပြီဖြစ်ကြောင်း ဖော်ပြသော အချက်ပြသင်္ကေတအမှတ်အသား (၇၅၀၀၀)သည် စူးစူးရှရှမြည်သံပေးယင်း ရေဒါမျက်နှာပြင်ပေါ်၌ ပေါ်လာသည်။

ဘုရားသခင် ကယ်တော်မူပါ။ သူရင်တုန်သွားသည်။

'ဟယ်လို ထရန့်စ်အမ်(၉၀၁)၊ လန်ဒန်ရေဒါက ပြောနေပါတယ်၊ ခင်ဗျားရဲ့ အသံလွှင့်ချက်ကို ရေဒါပေါ်မှာ တွေ့နေရတယ်၊ တကယ်ပဲလားဆိုတာ သိချင်တယ် အိုဗာ'

ချက်ချင်းဆိုသလိုပင် ပေ ၃၅၀၀ မြင့်သောနေရာမှ အသံတစ်သံက ချက်ချင်းတုံ့ပြန်လိုက်သည်။

'မှန်ပါတယ်၊ ကျုပ်တို့ ပြန်ပေးဆွဲခံနေရပြီ၊ လက်နက်ကိုင်လူဆိုးတွေဟာ လေယာဉ်ဦးပိုင်းနဲ့ ခရီးသည်တွေစီးတဲ့ ကေဗင်ခန်းထဲမှာ ရှိနေကြတယ်၊ ကျုပ်တို့ ပြန်ပေးဆွဲခံရတယ်ဆိုတာ အမှန်ပါပဲလို့ ထပ်အသိပေးပါတယ်'

သို့ရာတွင် လန်ဒန်လေဆိပ်မှ လေကြောင်းကြီးကြပ်ရေးမှူးသည် ထရန့်စ် အမေရိကန်ဘိုးရင်း ၇၄၇လေယာဉ်၏ ဦးပိုင်းထဲသို့ ကြည့်မြင်နိုင်စွမ်းရှိမည်ဆိုပါက အကြီးအကျယ် ဦးနှောက်ခြောက်သွားမည်မှာ သေချာလှသည်။

လေယာဉ်ဦးပိုင်းတွင် ရှိနေသူများမှာ ပိုင်းလော့နှစ်ဦးနှင့် ပျံသန်းမှုဆိုင်ရာ အင်ဂျင်နီယာတစ်ဦးတို့သာ ဖြစ်သည်။

လက်နက်ကိုင်ထားသော၊ သို့မဟုတ် လက်နက်ကိုင်ဆောင်ထားခြင်း မရှိသော ပြန်ပေးသမား လူဆိုးတစ်ဦးတစ်လေကိုမျှ မြင်တွေ့ရလိမ့်မည် မဟုတ်ပါချေ။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အခန်း( ၁ )

ဂရင်းဝစ်ချ်စံတော်ချိန် ဝ၂ ： ၁၇ နာရီ
အရှေ့အလယ်ပိုင်းဒေသ တစ်နေရာ နံနက် ၄ ： ၁၇ နာရီ

ထရပ်ကားကြီးသည် နယ်စပ်သို့ ရောက်ရှိရန် မိုက်ဝက်ခန့်အလိုတွင် ကျည်ကာနဲ နေအောင်ရပ်တန့်လိုက်၏။

တာရပတ်စ ဖုံးအုပ်ထားသော ကားကိုယ်ထည်နောက်ပိုင်းတွင် လက်နက်ကိုင်လူ နှစ်ဆယ် လိုက်ပါလာသည်။ ထိုလူနှစ်ဆယ်သည် ထရပ်ကားပေါ်မှ ခုန်ဆင်းလိုက်ကြရာ လမ်းပေါ်သို့ အသံမမြည်ပဲ ရောက်ရှိသွားကြသည်။ ထိုလူနှစ်ဆယ်သည် မည်သို့မည်ပုံ လှုပ်ရှားရမည်ကို သိရှိထားကြသူများ ဖြစ်သည်။ သည်အချိန်၊ သည်ကာလအတွက် အထပ်ထပ် အခါခါ လေ့ကျင့်ထားကြသူများလည်း ဖြစ်သည်။ လူဆယ်ယောက်သည် ကားလမ်း၏ အရှေ့ဘက်၌ နေရာယူလိုက်ကြ၏။ ထို့အတူ ကျန်ဆယ်ယောက်ကလည်း အနောက်ဘက်၌ နေယူလိုက်ကြသည်။ သူတို့လူစုသည် ရှေ့တူရူဆီသို့ချီ တက်သွားကြ၏။ သူတို့သည် ငယ်ရွယ်သူများဖြစ်သဖြင့် သွက်လက်ဖျတ်လတ်စွာ လှုပ်ရှားနေကြသည်။ မျက်လုံးများမှာ စိတ်အားတက်ကြွမှုကြောင့် အရောင်တလက်လက်တောက်နေသည်။

ရင်းတို့သည် ချက်ကိုစလိုဗက်နိုင်ငံ ပရတ်မြို့၌ ၁၉၇၅ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်းက ထုတ်လုပ်သော **M 58 P Q** ဆီမီးအော်တိုမစ်တစ်တိုက်ပွဲဝင် ရိုင်ဖယ်များကို ပခုံးပေါ်၌ လွယ်လာကြသည်။ တစ်ဦး၊ တစ်ဦးစီတွင် ၇ ဒသမ ၆၂ မမအရွယ် ကျည်ဆံ ၂၀၀ စီ ပါရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှိုတွင်းခြင်ဆီအထိ အေးမြလှသောလေက တိုးဝှေ့တိုက်ခတ်လာသော်လည်း သူတို့လူစုသည် စိုးစဉ်းမျှပင် သတိမထားမိကြချေ။ ၎င်းတို့၏ စိတ်အစဉ်နှင့် ကိုယ်ခန္ဓာတို့သည် ဦးတည်ချီတက်ရမည့် ပန်းတိုင်ဆီ၌သာ စူးစူးစိုက်စိုက်ရှိနေကြသည်။ အခြားမည်သည့်ကိစ္စကိုမျှ အလေးထားကြမည်မဟုတ်။ ၎င်းတို့သည် အန္တရာယ်နှင့် ကြုံတွေ့ကြရမည် ဖြစ်ကြောင်း နားလည်ထားကြသည်။ သို့ရာတွင် အန္တရာယ်နှင့် ရင်ဆိုင်ရန် ဝန်မလေးကြသူများဖြစ်သည်။ ၎င်းတို့အဖို့ လူ့အသက်သည် တန်ဖိုးမရှိလှချေ။

၎င်းတို့သည် ဆယ့်နှစ်မိနစ်တိုင်တိုင် တိတ်ဆိတ်ငြိမ်သက်စွာ ချီတက်ခဲ့ကြပြီးနောက် ရပ်တန့်လိုက်ကြ၏။ တပ်စိပ်မှူးများက မိမိ၏တပ်စိတ်အား ခပ်တိုးတိုးတောင်းတောင်း စကားပြောလိုက်ကြသည်၊ အချိန်ကျလေပြီ။ နှုတ်ခမ်းကိုတင်းတင်းစေ့ကြရင်း ခေါင်းညိတ်လိုက်ကြ၏။

ယခု ၎င်းတို့သည် ကားလမ်းပေါ်မှဆင်းခဲ့ကြပြီးနောက် သဲပြင်ပေါ်၌ ဆက်လက်ချီတက်ကြပြန်သည်။ ကားလမ်းပေါ်၌ ချီတက်ရသည်ထက် ပို၍ခက်ခဲလှသည်။ သဲပြင်ထဲသို့ နစ်ဝင်သွားသော ဘွတ်ဖိနပ်များကို ပြန်၍နုတ်နုတ်နေရသည်။ ရာသီဥတုက ချမ်းအေးလှသည့်တိုင်အောင် နဖူးပေါ်၌ ချွေးစို့လာသလို အင်္ကျီများသည်လည်း စိုရွှဲလာကြသည်။

နောက်ဆုံးတွင် ၎င်းတို့သည် ရည်မှန်းချက်ပန်းတိုင်နှင့် နီးကပ်လာလေပြီ။ သူတို့လူစုသည် ရှေ့သို့ကုန်းထ၍ ခါးပတ်မှ လက်ပစ်ဗုံးများကို ဖြုတ်ယူလိုက်ကြ၏။ မောင်းတံပင်ကိုလက်နှင့်စမ်းသပ်ကြည့်ယင်း ရှေ့တူရူရှိ အမှောင်ထဲသို့ စူးစူးစိုက်စိုက်လှမ်းကြည့်လိုက်ကြသည်။

တပ်စိပ်ခေါင်းဆောင်များက လက်ဟန်၊ ခြေဟန်နှင့် ထပ်မံညွှန်ကြားကြပြန်သည်။ ခေါင်းညိတ်လိုက်ကြပြန်၏။ မည်သို့မည်ပုံဆောင်ရွက်ရမည်ကို လူတိုင်းကိုယ်စီကိုယ်ငှနားလည်ထားကြပြီးဖြစ်သည်။ သန့်ရှင်းလတ်ဆတ်သော လေကိုတဝကြီး ရှူသွင်းလိုက်ကြ၏။ သန့်ရှင်းလတ်ဆတ်သောလေကို ရှူရသည်မှာ ချိုမြိန်လှကြောင်း လူငယ်အချို့ ပထမဦးဆုံးအကြိမ်အဖြစ် နားလည်သဘောပေါက်သွားကြသည်။ ရိုးလက်လက်ပတ်နာရီ၏ ဒိုင်ခွက်မှ တောက်ပနေသော စက္ကန့်လက်တံသည်(၁၂)ဂဏန်းဆီသို့ တရွေ့ရွေ့လှုပ်ရှားလာနေသည်။

ခေါင်းဆောင်လုပ်သူက လက်ကို မြှောက်ပြလိုက်၏။

'အချိန်ကျပြီ'

သူတို့သည်ပင့်ကိုဖြုတ်ယင်း ခုန်၍ထလိုက်ကြ၏။ လစ်ဗျားသဲကန္တာရထဲ၌ အထပ်ထပ်အခါခါ လေ့ကျင့်ထားခဲ့သည့်ပုံစံအတိုင်း သေသေသပ်သပ်နှင့် စနစ်တစ်ကျလှုပ်ရှားလိုက်ခြင်း ဖြစ်သည်။

သို့ရာတွင် လက်ပစ်ဗုံးများအား မပစ်နိုင်ခင် ခုခံသူများထံမှ သေနတ်သံများ ဖောက်ထွက်လာသည်။ တိတိကျကျနှင့် ပြင်းပြင်းထန်ထန်ရှိလှသော အူဇီဆပ်မရှင်းဂန်းမှ ဒိုင်မမကျည်ဆန်များသည် သဲကမ္ဘာကလေးများနှင့် လူ့အသွေးအသားများအား ဝါးမြိုတွင်း ဖောက်

www.burmeseclassic.com

www.burmeseclassic.com



သွားကြသည်။ ၁၉-နှစ်သာရှိသေးသော လူငယ်တစ်ယောက်၏ ခန္ဓာကိုယ်သည် ထက်ပိုင်းပြတ်လုနီးပါး ဖြစ်သွားသည်။ ကျန်တစ်ယောက်ကမူ လက်ပစ်ဗုံးနှင့် ပစ်ပေါက်ရန် လက်ကိုမြှောက်လိုက်သည့်အချိန်တွင် ၎င်း၏ပခုံးအား သေနတ်ကျည်ဆန် လာရောက်ထိမှန်သောကြောင့် လွတ်ကျသွားသော လက်ပစ်ဗုံးပေါ်သို့ မှောက်လျက်သား လဲကျသွားသည်။

၎င်းတို့လူစုသည် မူလအစီအစဉ်အတိုင်း ရှေ့သို့ အတင်းချီတက်ပြီး ရန်သူအားထိုးနှက်တိုက်ခိုက်ရန် ကြိုးစားကြပြန်သည်။ သို့သော် ခုခံပစ်ခတ်မှုက ပြင်းထန်လှပါဘိခြင်း။ အတွဲလိုက်ပစ်ခတ်နေသော ကျည်ဆန်များသည် လှိုင်းလုံးကြီးများပမာ သဲသဲမဲမဲ ရောက်ရှိလာကြသည်။ 'ခွေးမသားတွေ' ဘယ်အချိန်လောက်တွင် ဘယ်နေရာက လာရောက်တိုက်ခိုက်မည်ဆိုတာကိုပင် သိနေကြပုံရသည်။

တပ်စိပ်ခေါင်းဆောင်တစ်ယောက် နဖူးတွင် သေနတ်ကျည်ဆန် ထိမှန်ခံလိုက်ရသည်။

လက်ဝဲဘက်တွင်ရှိသော ခြောက်ဦးခန့်ရှိသည့် တဖောက်ကန်းလူငယ်တစ်စုက တစ်ဘက်ရန်သူ၏ ပစ်ခတ်မှုကို အလေးဂရုမထားပဲ ရှေ့သို့ ဇွတ်တိုး၍ ချီတက်ကြပြန်သည်။ သူတို့လူစုသည် ရှေ့သို့သုံးပေပြည့်အောင် မချီတက်နိုင်ခင် နောက်ထပ်နှစ်ယောက် ကျဆုံးသွားသည်။ ချက်ချင်းလိုလိုပင် နောက်တစ်ယောက်ကို ထိမှန်သွားသည်။ ထို့နောက် နောက်တစ်ယောက် ကြွသွားပြန်သည်။ ကျန်နှစ်ယောက်ကမူ ခေတ္တခဏ အကာအကွယ်ရလိုရငြား သဲပြင်ပေါ်တွင် လှဲ၍အိပ်လိုက်ကြ၏။

၎င်းတို့အဖို့ အသက်ရှင်ရန် မျှော်လင့်ချက်မရှိပြီ။ သူတို့သည် 'သေသူ'များဖြစ်နေကြလေပြီ။ သေရမည်ကိုတော့ မကြောက်ပါ။ သို့သော် အရေးကြီးသည်မှာ တဘက်ရန်သူအားတိုက်ခိုက်ရန်၊ ဖျက်ဆီးရန်၊ သတ်ဖြတ်ရန်ပင်တည်း။

၎င်းတို့ နှစ်ဦးအနက် တစ်ဦးသည် ဝပ်နေရာမှခုန်ထပြီး ရန်သူရှိရာဆီသို့ တဟုန်ထိုးပြေးသွားသည်။ ၎င်းသည် ရန်သူ၏ကျည်ဆန် လာရောက်ထိမှန်သည်ကို သိလိုက်ရသော်လည်း ဝေဒနာကို မခံစားရတော့ချေ။ ခန္ဓာကိုယ်ထဲတွင် အသက်ရှိနေသရွေ့ ရှေ့သို့ ဆက်လက်ချီတက် တိုက်ခိုက်ရမည်သာတည်း။

ရန်သူထံသို့ ရောက်ရှိလေပြီ။ ရန်သူသည်လည်း ၎င်းကဲ့သို့ပင် လူငယ်ကလေးတစ်ဦးဖြစ်ကြောင်း သူသတိထားမိသည်။ ရန်သူက ၎င်းအားသေနတ်နှင့် ထိုး၍ချိန်လိုက်၏။

၎င်းအနေနှင့် အဆိုပါသေနတ်အား မရအရ အတင်းလုယူရလိမ့်မည်။ သူသည် အဆိုပါသေနတ်ကို ဆုပ်ကိုင်မိလုလုဆဲဆဲတွင် ကမ္ဘာကြီးတစ်ခုလုံး ချာချာလည်သွားရတော့သည်။

ကန်နန်းစစ်သားတစ်ယောက်က ဆဲဆိုရေရွတ်ရင်း ၎င်း၏ခန္ဓာကိုယ်ကို ဘွတ်ဖိနပ်နှင့် ကန်ကျောက်ပစ်လိုက်လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ညနေစောင်းတွင် အစည်းဝေးကျင်းပသည်။ လက်ဘနွန်နိုင်ငံ၊ ဘေရွတ်မြို့၏အရှေ့စူးစူး ကီလိုမီတာလေးဆယ် အကွာအဝေးတွင်ရှိသော ဇာလာမြို့ရှိ မူရစ်စတာန်လမ်းတွင် အစည်းအဝေး ကျင်းပခြင်းဖြစ်သည်။ လမ်းပေါ်မှ လှမ်းကြည့်မည်ဆိုသော် ထိုနေရာသည် သာမန်လူနေအိမ်တစ်လုံးမျှသာ ဖြစ်သည်။ တကယ့်တကယ်ကမူ 'ခံတပ်' တစ်ခု ဖြစ်သည်။ ပြတင်းပေါက်များ၏ အနောက်ဘက်တွင်ရှိသော အစောင့်များသည် ပူလောင်လှသော နေရောင်ခြည်အောက်ရှိ ပတ်ဝန်းကျင်ကို စိတ်ရှည်၊ လက်ရှည်၊ မမောနိုင်၊ မပန်းနိုင် လေ့လာအကဲခတ်နေကြသည်။ ထိုအစောင့်များသည် ရုတ်တရက် ဝင်ရောက်တိုက်ခိုက်သူမှန်သမျှကို ခုခံရန်အသင့်ရှိနေကြသည်။ ၎င်းတို့သည် အဆိုပါနေအိမ်ထဲ၌ ရှိနေသော 'အကြမ်းဖက်ဂိုဏ်း'မှ ထိပ်တန်းခေါင်းဆောင်များ၏ လုံခြုံမှုအတွက် မိမိအသက်ကို စွန့်လွှတ်ကြမည့် ပုဂ္ဂိုလ်များပင်တည်း။

ဒုတိယထပ်တွင်ရှိသော အစည်းအဝေးခန်းမထဲရှိ စားပွဲရှည်ကြီးတွင် လူဆယ်ယောက်ထိုင်နေကြသည်။ အချို့က အီရတ်လူမျိုးများ၏ ရိုးရာဝတ်စုံကို ဝတ်ဆင်ထားကြပြီး အချို့က အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ထားကြသည်။ အနောက်တိုင်းဝတ်စုံ ဝတ်ဆင်ထားသော စားပွဲထိပ်ရှိ လူလတ်ပိုင်းအရွယ်ပုဂ္ဂိုလ်သည် လူလားမြောက်ချိန်ကစ၍ ကန်နန်းနိုင်ငံအား အစဉ်တစိုက် တိုက်ခိုက်လာခဲ့သူဖြစ်သည်။ ၎င်းသည် အာမက်ရှကိုင်ရီနှင့် လက်တွဲ၍ တိုက်ပွဲဝင်လာခဲ့သူဖြစ်သည်။ မကြာသေးသောနှစ်များကမူ ပြောက်ကျားခေါင်းဆောင်ကြီးနှင့် လုပ်ဖော်ကိုင်ဖက်များသည် စေ့စပ်ညှိနှိုင်းလိုသော သဘောထားရှိသူများဖြစ်သည်ဟု ယူဆပြီး စိတ်ဓာတ်ကျဆင်းခဲ့သည်။ ထို့ကြောင့် 'အကြမ်းဖက်ဂိုဏ်း'သို့ သူရောက်ရှိလာသည်မှာ ဖြစ်ရိုး၊ ဖြစ်စဉ် အဖြစ်အပျက်တစ်ခုမျှသာ ဖြစ်သည်။

မကျေမချမ်းနိုင်ဖြစ်မှုနှင့် ဒေါသူပုန်ထမှုတို့သည် ၎င်း၏နှုတ်ခမ်းအစုံနှင့် မျက်ခုံးမွှေးများပေါ်တွင် သိသိသာသာကြီး ပေါ်လွင်နေသည်။ ၎င်းက အီရတ်လူမျိုးတို့၏ စူးရှသောလေသံဖြင့် စကားပြောလိုက်၏။

'လွန်ခဲ့တဲ့နှစ်ဆယ်ထဲက ဆယ့်တစ်ယောက်သေဆုံးသွားတယ်၊ ခြောက်ယောက်ဒဏ်ရာရတယ်၊ နှစ်ယောက်တော့ သေမှာကိုစိုးရိမ်နေရတယ်၊ . . . . သား၊ ကန်နန်းစစ်သားတွေက ဒူးနဲ့ပြီး အဆင်သင့်စောင့်နေကြတာ၊ လည်စင်းပေးလိုက်ရတဲ့ပွဲပဲ၊ ကျုပ်တို့ဘက်က ဘာအမြတ် ထွက်လဲလို့ ကျုပ်က မေးလိုက်ချင်တယ်'

၎င်းက စားပွဲပတ်လည်ရှိ စိတ်ပျက်လက်ပျက်နှင့် အတွေးနက်နေသည့် မျက်နှာများအား အကဲခတ်လိုက်၏။ တစ်ယောက်ကမျှ ပြန်အဖြေမပေးပါ။

'ရန်သူဘက်က တစ်ယောက်ယောက်ကို ထိခိုက်ဒဏ်ရာရအောင် လုပ်နိုင်ခဲ့သလား၊ ကန်နန်းလူမျိုးဆိုတာ လူတစ်ကာထက်သာတယ်လို့ မွေးကတည်းက စိတ်ကြီးဝင်လာခဲ့တဲ့ သန္ဓေစိတ်ကို မီးလောင်လေပင့်ဖြစ်အောင် လုပ်ပေးခဲ့တာကလွဲရင် ဘာများအကျိုးရှိခဲ့လဲ'

'ဒါပေမယ့် ပြောက်ကျားခေါင်းဆောင်ကြီးကတော့ နယ်စပ်မှာ အလုံးစုံဝင်, ဝင်တိုက်

www.burmeseclassic.com



နေတာဟာ အကျိုးရှိတယ်လို့ ယုံကြည် . . .'

'ဒီသတိကအရှုံး အထိနာအောင် ရက်ရက်စက်စက် ထိုးနှက်တိုက်ခိုက်ရမယ့် အချိန်များ ပင်အင်အားနဲ့ထိုင်းသတို့ အမိဥ္ဆယ်မရှိတဲ့ ပေါတောတောအလုပ်ကို လုပ်နေတယ်၊ ကျုပ်တို့ ပုထုဇဉ်လေးတွေရဲ့သွေးတွေဟာ ဘာတစ်ခုမှ အရာမထင်ပဲ သဲထဲရေသွန်သလိုဖြစ်ခဲ့ရတယ်'

သူက စားပွဲကို လက်သီးနှင့် ထုလိုက်သလို လည်ပင်းပေါ်မှ သွေးကြောကြီးများ ထောင်ထလာသည်။

'ဒီမှာကိုယ့်လူတို့ ကျုပ်တို့ဟာ (သမားရိုးကျလုပ်ငန်းတွေနဲ့ လမ်းခွဲကြရမယ့်) ရွေ့ပြောင်းပင်စခန်းကို ရောက်နေကြပြီ၊ နယ်စပ်မှာဝင်တိုက်တဲ့ကိစ္စတွေ၊ တစ်ခါတစ်ရံ အဝေးကဒုံးကျည်နဲ့ လှမ်းပစ်တာမျိုးတွေ၊ ကမ္ဘာလှည့်ခရီးသည်တွေကို နှောင့်ယှက် တာမျိုးတွေဟာ ဘာတစ်ခုမှ အရာမထင်ဘူး၊ ပြတ်ပြတ်သားသားနဲ့ ထိထိရောက်ရောက်ဖြစ်အောင်လုပ်ဖို့ အချိန်ကျပြီ၊ အခြေနေကို ကျုပ်တို့သုံးသပ်ကြရအောင်၊ ကန်းနန်းနိုင်ငံဟာ သိမ်းပိုက်ထားတဲ့ နယ်မြေတွေထဲမှာ လူနေအိမ်ရာစခန်းတွေကို မြန်မြန်ဆန်ဆန်ကြီး ချဲ့ထွင်တည်ဆောက်နေတယ် ကျုပ်တို့အနေနဲ့ သူတို့ကိုခပ်မြန်မြန် ကန်မထုတ်နိုင်ရင် ဘယ်တော့မှ ကန်ထုတ်လို့ရမှာ မဟုတ်တော့ဘူး၊ ဒီစစ်ပွဲမှာ နာလန်မထူအောင် ရှုံးရတော့မှာပဲ၊ ကန်းနန်းတွေဟာ ၁၉၆၇ခုနှစ် မတိုင်မီက ရှိခဲ့တဲ့ နယ်စပ်မျဉ်းအထိ ပြန်ဆုတ်ပေးရမယ်လို့ တစ်ကမ္ဘာလုံး လိုလိုက တောင်းဆိုနေကြတယ်၊ အမေရိကန်နှင့် ဆိုဗီယက်ယူနီယံကတောင် ကန်နန်းတွေဟာ ကျုပ်တို့ပိုင်တဲ့မြေပေါ်က ထွက်ခွာပေးဖို့ တွန်းအားပေးနေကြတာကိုလဲ မမေ့နဲ့ဦး'

'သိပ်တော့လဲ မအောင်မြင်ကြပါဘူးလေ'

တစ်ယောက်က စိတ်ပျက်လက်ပျက်လေသံနှင့် ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

'ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီကနေ့ ဒီအချိန်မှာရှိတဲ့ လက်ရှိအနေအထားရဲ့ သိမ်မွေ့နူးညံ့ပုံကိုလဲ ထည့်စဉ်းစားရလိမ့်မယ်၊ ကျုပ်တွေးမိသမျှကတော့ လုပ်ပုံကိုင်ပုံသာ မှန်ကန်ခဲ့မယ်ဆိုရင် ကျုပ်တို့ဘက်ကို ချိန်ခွင်လျှာငိုက်ဆင်းလာပြီးတော့ ကန်နန်းတွေကို အနောက်ဘက်ဒေသက ညတွင်းချင်း မောင်းထုတ်နိုင်လိမ့်မယ်လို့ ယူဆတယ်'

ကိုယ်လုံးကိုယ်ထည် ကြီးမားထွားကျိုင်းလှသော ပုဂ္ဂိုလ်တစ်ယောက်က ဝင်မေးလိုက်၏။

'အဲဒီလို အံ့ဖွယ်သရဲကိစ္စမျိုးဖြစ်အောင် ဘယ်လိုလုပ်ဖို့ ရည်ရွယ်ပါသလဲ'

စားပွဲထိပ်တွင်ရှိနေသော ပုဂ္ဂိုလ်က 'လေ'အား လက်နှစ်ဘက်နှင့် ဖမ်း၍ဆုပ်ကိုင်ဟန်ပြရင်း . . .

'တစ်ကမ္ဘာလုံးကို ချုပ်ကိုင်ပြီး (ကျုပ်တို့တောင်းဆိုတာတွေကို) ဂရုစိုက်လာကြအောင် မညှာမတာ ကိုင်လှုပ်ရလိမ့်မယ်'

၎င်းက ဘေးပတ်ပတ်လည်တွင်ရှိနေသော အလေးအနက်ထားပုံမပြသည့် မျက်နှာများအား အကဲခတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ. . . အမှန်အတိုင်း ကြည့်မြင်သုံးသပ်ကြရအောင်၊ အိုလံပစ်အားကစားသမားတချို့နဲ့ လေယာဉ်စီးခရီးသည်တချို့ သေဆုံးကြတဲ့အတွက် တစ်ကမ္ဘာလုံးမှာ သိပ်ထူးခြားမှု ဖြစ်မလာဘူး၊ ပဲရစ်နှင့် နယူးယောက်မှာဆိုရင် အဲဒီသတင်းကို ကော်ဖီသောက်ရင်းဖတ်ကြည့်ကြပြီး တော်တော်ယုတ်မာတာပဲလို့ မှတ်ချက်ချကြတယ်၊ ဒါပေမယ့် သတင်းစာဆရာတွေရဲ့ ကောင်းမှုကြောင့် နောက်နေ့ကျရင်ဘဲ လူတွေက မေ့လျော့ကုန်ကြတော့တယ်၊ ဒါကြောင့် ဒီပြဿနာကို လုံးဝကွဲပြားခြားနားတဲ့ ရှုမြင်သုံးသပ်နည်းနဲ့ အဖြေရှာကြရမယ်၊ အီရဗာပြဿနာကို တစ်ကမ္ဘာလုံးက တစ်ကယ်ပဲ စိတ်ပါဝင်စားကြသလား၊ လမ်းပေါ်က သာမန်လူသားတစ်ယောက်အဖို့ စိတ်ပါဝင်စားစရာ ဖြစ်ရဲ့လားလို့ တွေးကြည့်ကြစမ်းပါ'

'အဲဒီလူဟာ အီရဗာ သို့မဟုတ် ကန်နန်းလူမျိုးဖြစ်ပါမှ (စိတ်ဝင်စားလိမ့်မယ်)'

'မှန်တယ်၊ အဓိကအချက်ကတော့ အဲဒါပဲ၊ လူတိုင်းလူတိုင်းမှာ ပြဿနာတွေ ကိုယ်စီကိုယ်ငှ ရှိနေကြတယ်၊ အရှေ့အလယ်ပိုင်းဒေသမှာ ဖြစ်နေတဲ့ကိစ္စတွေဟာ သူနဲ့တိုက်ရိုက် မပတ်သက်ဘူး။ ဒါကြောင့် အခုကိစ္စမှာတော့ သူနဲ့ပတ်သက်လာစေရမယ်၊ ဒါမှကျုပ်တို့ရဲ့ တိုက်ပွဲမှာ သူက (တတပ်, တအားအနေနဲ့) ဝင်ကူညီလိမ့်မယ်' ,

'ဘယ်လိုလုပ်မှာလဲ'

'အနောက်ဘက်ဒေသက ကန်နန်းတွေ ဆုတ်ခွာပေးရမယ်ဆိုတဲ့ တောင်းဆိုချက်နဲ့ ပြန်ပေးဆွဲရမယ်'

ယခုအချိန်တွင် စိတ်ပျက်သွားကြသည့် အမူအရာများ ဖြစ်ပေါ်လာကြသည်။ ထိုကိစ္စထက် ပိုမိုကောင်းမွန်သော စိတ်ကူး၊ စိတ်သန်းမျိုးကို မျှော်လင့်ထားခဲ့ကြသည်။

'ကန်နန်းဝန်ကြီးချုပ်နဲ့ ပါလီမန်အမတ်တစ်ဝက်လောက်ကို ကျုပ်တို့က ပြန်ပေးဆွဲခဲ့ရင်တောင် ကန်နန်းတွေဟာ အနောက်ဘက်ဒေသက ဆုတ်ခွာပေးကြမှာ မဟုတ်ဘူး'

'သိပ်မှန်တယ်'

'ဒီတော့'

'ကျုပ်တို့က အင်မတန်ထူးခြားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို ပြန်ပေးဆွဲပြီး အဲဒီပုဂ္ဂိုလ်ရဲ့ အသက်ရှင်မှုဟာ ကျုပ်တို့ရဲ့တောင်းဆိုချက်ကို ကန်နန်းတွေက လိုက်နာမှုအပေါ်မှာ မူတည်တယ်လို့ ဆိုခဲ့ရင် သူတို့က ကန်နန်းတွေ ဆုတ်ခွာပေးအောင် ဖိုင်းပြီးတွန်းအားပေးကြလိမ့်မယ်'

တစ်ယောက်သောပုဂ္ဂိုလ်က ငေါ့တော့တော့လေသံနှင့် ဝင်မေးလိုက်၏။

'ခင်ဗျားက ဘယ်သူ့ကိုစိတ်ကူးထားသလဲ၊ အင်္ဂလန်ဘုရင်မကြီးလား'

'မဟုတ်ပါဘူး၊ ကန်နန်းရဲ့ ခေါင်းမာမှုကြောင့် အဲဒီပုဂ္ဂိုလ်ကို ကျုပ်တို့က အနာတရဖြစ်အောင်လုပ်ခဲ့ရင် ကန်နန်းတွေအပေါ်မှာ တစ်ကမ္ဘာလုံးက အုတ်အုတ်ကျက်ကျက် ဒေါသပွလာစေနိုင်မယ့် ပုဂ္ဂိုလ်တစ်ဦးအကြောင်း ပြောနေတာပါ၊ ကန်နန်းကို ကမ္ဘာအရပ်ရပ်က ထောက်ခံနေတာတွေ ပြိုကွဲသွားလိမ့်မယ်၊ ယုတ်စွအဆုံး ကျုပ်တို့ရဲ့ တောင်းဆိုချက်ကို တစ်ကမ္ဘာလုံးက အာရုံစိုက်မိလာအောင်တော့ လုပ်နိုင်မှာပါပဲ၊ ကဲ. . . ဘယ်သူလူတို့ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ပြောနေတဲ့ပုဂ္ဂိုလ်ဟာ ကမ္ဘာပေါ်မှာရှိတဲ့ နယ်မြေဒေသပိုင်းခြား ကန့်သတ်ချက်တွေနဲ့ နိုင်ငံရေးအယူဝါဒတွေကို ကျော်လွှားပြီး ဩဇာရှိရှိသာမက ဒေါ်လာကုဋေပေါင်းမြောက်မြားစွာနဲ့ လူဦးရေ သန်းပေါင်းမြောက်မြားစွာပါဝင်တဲ့ အကြီးမားဆုံး လူမျိုးစုံအဖွဲ့အစည်းကြီးကိုလဲ ဦးဆောင်နေတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ ကိုယ့်လူတို့ အဲဒီအဖွဲ့အစည်းဟာ ဗရင်ဂျီဂိုဏ်းပဲ၊ ကျုပ်ပြောနေတဲ့ ပုဂ္ဂိုလ်ကတော့ ပုပ်ရဟန်းမင်းကြီးပဲ'

ခဏကြာအောင် မည်သူမျှစကားမပြောပဲ ငြိမ်ကျသွားသည်။ ရုတ်တရက်လွန်းလှသောစိတ်ကူးစိတ်သန်းကြောင့် အစည်းအဝေးတွင် ရှိနေသူအားလုံး မင်သက်မိသွားကြပုံရသည်။

ထို့နောက် လူထွားကြီးက ခေါင်းခါလိုက်၏။

'မဖြစ်နိုင်ဘူး၊ အနားကို ဘယ်လိုလုပ်ပြီး ကပ်နိုင်မှာတဲ့လဲ ဖူးမြော်ခွင့်တောင်းပြီး ချဉ်းကပ်ရမှာလား'

တစ်ယောက်ကလည်း မပွင့်တပွင့်နှင့် ဝင်ပြောသည်။

'ဒါပေမယ့် ဖြစ်နိုင်မယ်ဆိုရင် ရလာမယ့်အကျိုးဆက်တွေကိုလဲ စဉ်းစားပါဦးလေ'

'သိပ်မှန်တာပေါ့'

စားပွဲထိပ်မှပုဂ္ဂိုလ်က ပြောလိုက်ခြင်း ဖြစ်သည်။

'ကျုပ်တို့တစ်မျိုးသားလုံး နစ်နာလာခဲ့ရတဲ့ကိစ္စ တစ်ကမ္ဘာလုံးသိအောင် ဆိုးရွားတဲ့နည်းတွေကို သုံးရလိမ့်မယ်၊ ဗရင်ဂျီဘာသာဝင်တွေကသာမက နိုင်ငံတိုင်းမှာရှိတဲ့ လူများစုက ကန့်နန်းနိုင်ငံနဲ့ ဟက်ရှိမ်ကိနိုင်ငံရဲ့ အနောက်ဘက်ဒေသတွေထက် ပုပ်ရဟန်းမင်းကြီးဘေးမသီရန်မခပဲ ရှိစေမယ့်ကိစ္စကို ပိုပြီးလိုလားကြလိမ့်မယ်၊ ကန့်နန်းတွေကို အရှုံးလိုက်သဲလိုက် ထောက်ခံနေတဲ့ နိုင်ငံတွေကတောင် တွန်းအားပေးလာကြလိမ့်မယ်၊ ကျုပ်ဆိုလိုတာက ဥရောပတိုက်ကနိုင်ငံတွေနဲ့ အမေရိကန်နိုင်ငံပဲ၊ ကိုယ့်လူတို့ . . . အမေရိက တစ်နိုင်ငံတည်းမှာတောင် ဗရင်ဂျီဘာသာဝင် သန်းငါးဆယ်ရှိတယ်၊ ဒါပေမယ့် ကန့်နန်းလူမျိုးကတော့ လေးသန်းတောင်မပြည့်ဘူး၊ တစ်ကမ္ဘာလုံးမှာဆိုရင် ဗရင်ဂျီဘာသာဝင် သန်း(၅၀၀) ကျော်ရှိတယ်၊ အဲဒီအထဲက အများစုဟာ ပုပ်ရဟန်းမင်းကြီးကို သိပ်ကြည် ညိုကြတယ်၊ အဲဒီကိန်းဂဏန်းတွေဟာ စိတ်ဝင်စားစရာကောင်းတယ် မဟုတ်လား'

လူထွားကြီးက ပြန်ဖြေလိုက်၏။

'စိတ်ဝင်စားစရာ ကောင်းတယ်ဆိုတာကတော့ ဟုတ်ပါရဲ့ ဒါပေမယ့် အဖိုးကတော့ မတန်လှဘူး၊ ပုပ်ရဟန်းမင်းကြီးကို ဘယ်လိုနည်းနဲ့မှ ပြန်ပေးဆွဲလို့ရမှာ မဟုတ်တဲ့အတွက် ဒီကိစ္စဟာ ဉာဏ်စမ်းပုစ္ဆာသက်သက်ပဲဖြစ်တယ်၊ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တဲ့. . .'

'တစ်ထစ်ချတော့ မပြောလိုက်ပါနဲ့လေ၊ နောက်နှစ်လကြာရင် ဆန်ဖရန်စစ္စကိုမှာကျင်းပမယ့် ကမ္ဘာ့လူဦးရေဆိုင်ရာ နှီးနှောဖလှယ်ပွဲကြီးကို ပုပ်ရဟန်းမင်းကြီး တက်ရောက်ဖို့ရည်ရွယ်ထားတယ်လို့ အထောက်တော်တွေဆီက ကျုပ်သိထားတယ်'

'လေကြောင်းက ခရီးသွားမှာလား'

www.burmeseclassic.com

www.burmeseclassic.com



'သိပ်သေချာတယ်'

'ကျုပ်တို့က လေယာဉ်ပျံ ပြန်ပေးဆွဲသင့်တယ်လို့ ခင်ဗျားက ပြောနေတာလား'

'သိပ်ဟုတ်တာပေါ့'

'လုံးဝမဖြစ်နိုင်ဘူး၊ ပုပ်ရဟန်းမင်းကြီးရဲ့ လုံခြုံရေးအတွက် အထူးတလည် ဂရုစိုက်ကြလိမ့်မယ်'

'ဘာပဲပြောပြော၊ ဖြစ်နိုင်တယ်လို့ ကျုပ်က ယူဆတယ်၊ ပုပ်ရဟန်းမင်းကြီး ဆဌမမြောက်ပေါလ်ဟာ ၁၉၅၆ ခုနှစ်တုန်းက ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှာ မိန့်ခွန်းပြောဖို့ကြွသွားတုန်းက အလီတာလီယားလေကြောင်းကုမ္ပဏီက လေယာဉ်ပျံနဲ့ ခရီးသွားဖူးတယ်၊ ပထမတန်းက ထိုင်ခုံတွေအားလုံးကို တသီးတခြားဖြစ်အောင် ကာရံပြီး ခရီးသွားခဲ့တာပဲ၊ အပြန်ခရီးမှာ တီဒဗလျူအေလေယာဉ်နဲ့ ပြန်ကြွလာခဲ့တယ်၊ ဘာပဲပြောပြော ဒီတစ်ကြိမ်မှာလဲ အလားတူအစီအစဉ်မျိုးပဲ ဖြစ်ဖို့ပိုများတယ်၊ ရောမနဲ့ဆန်ဖရန်ဆစ်စကိုကို အကြားမှာ ထရန်စ်အမေရိကန်လေကြောင်းကုမ္ပဏီက မှန်မှန်ကြီးပျံသန်းနေတဲ့အတွက် အဲဒီလေယာဉ်ပျံကိုပဲ ရွေးလိမ့်မယ်လို့ကျုပ်ထင်တယ်'

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း( ၂ )

တတိကင်နန်းတော်.

ဖြစ်နိုင်ဘွယ် အလားအလာရှိသည်ဟု ယူဆရသော အကောင်းအဆိုး အမျိုးမျိုးကို နှစ်ဘက်ချိန်ဆကြရသည်။ ရှည်လျားကြာမြင့်လှသော ဆွေးနွေးပွဲများတွင် ဆက်စပ်၊ ပတ်သက်လာနိုင်ဘွယ် ရှိရှိသမျှနှင့် ဆက်စပ်၊ ပတ်သက်ဘွယ်မရှိဟု ယူဆရသော အချက်အလက်မှန်သမျှတို့ကို စဉ်းစားချင့်ချိန်ပြီး သုံးသပ်ကြသည်။ အမေးပုစ္ဆာပေါင်း မြောက်များစွာနှင့် အဖြေရှာကြသည်။ ယခုကိစ္စမှာ နိုင်ငံတစ်နိုင်ငံ၏ သာမန်အကြီးအကဲတစ်ဦးထက်၊ သာလွန်၍ အဆင့်မြင့်သော ကမ္ဘာ့ခေါင်းဆောင်စစ်စစ်တစ်ဦးက နိုင်ငံရပ်ခြားသို့ ခရီးထွက်ခွာမည့်အစီအစဉ် ဖြစ်သည်။ သမ္မတကြီးများ၊ ဝန်ကြီးချုပ်များ၊ ဒုတိယသမ္မတများနှင့် နိုင်ငံခြားရေးဝန်ကြီးများက အကြံဉာဏ်များ ပေးကြသည်။ နောက်ဆုံးတွင် ပုပ်ရဟန်းမင်းကြီး ခရီးထွက်မည့်အစီအစဉ်ကို သဘောတူညီလိုက်ကြ၏။

ဤတွင် လက်အောက်ငယ်သားများက အသေးစိတ်အစီအစဉ်များကို ဆက်လက်လုပ်ဆောင်ကြရတော့သည်။

❑

ပုပ်ရဟန်းမင်းကြီးနှင့်အဖွဲ့သည်၊ ရောမမြို့တွင် လေယာဉ်ပျံပေါ် သို့ စတင်ရောက်သည့် အချိန်မှစ၍ ဆန်ဖရန်စစ္စကိုမြို့တွင် လေယာဉ်ပျံပေါ် မှ ဆင်းသက်သွားသည့်အချိန်အထိ အဆိုပါခရီးစဉ်နှင့် ပတ်သက်သမျှသောကိစ္စအဝဝအား၊ ညှိနှိုင်းစီစဉ်ပေးရမည့် တာဝန်သည် ထရန့်အမေရိကန်လေကြောင်းကုမ္ပဏီမှ စပါယ်ရှယ် ပရိုဂျက်မန်နေဂျာ ဖါရင်ဗျော့ဘွန်ဂါတင်၏ တာဝန်ဖြစ်လာသည်။ ထိုကိစ္စမှာ ကြီးကျယ်ပြီး ခက်ခဲသော တာဝန်တစ်ရပ်ဖြစ်သော်လည်း ဘွန်ဂါတင်အနေနှင့် ဆောင်ရွက်နိုင်စွမ်းရှိသော အလုပ်တာဝန်ပင်ဖြစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



ဘွန်ဂါတင်သည် အလုပ်စားပွဲပေါ်မှ အခြားအလုပ်တာဝန်များကို ရှင်းလင်းပစ်လိုက်၏။ ဤကိစ္စမှာ အချိန်ပြည့်လုပ်ကိုင်ရမည့်အလုပ် ဖြစ်သည်။ သူသည် ဆွေးနွေးရန်၊ စီစဉ်ရန်၊ ညွှန်ကြားရန်၊ စစ်ဆေးရန်နှင့် ထပ်မံစစ်ဆေးရန်အတွက် ရောမ၊ ဝါရှင်တန်၊ နယူးယောက်နှင့် ဆန်ဖရန်စစ္စကိုမြို့များသို့ သွားရောက်ခဲ့သည်။ ရက်ပိုင်းအတွင်းမှာပင် ၎င်း၏ဖိုင်တွဲများသည် ပေးစာများ၊ အစီရင်ခံစာများ၊ သံကြိုးစာများ၊ မှတ်စုများ၊ ဓာတ်ပုံများ၊ ပုံကြမ်းများဖြင့် မတန်တဆ ထူထဲကြီးမားလာကြသည်။

ဘွန်ဂါတင်သည် အစစအရာရာကို စိတ်ပါ၊ လက်ပါဆောင်ရွက်တတ်သော ဇီဇာကြောင်သူတစ်ဦးဖြစ်သည်၊ ထိုခရီးစဉ်မှ အသေးစိတ် အချက်အလက်မှန်သမျှကို အပျက်မြင်ရှုထောင့်မှ ချဉ်းကပ်သုံးသပ်တတ်သူ ဖြစ်သည်။ ကိုးရိုးကားရားဖြစ်နိုင်ဖွယ်ရှိသော ကိစ္စမှန်သမျှကို နာရီပေါင်းများစွာ အချိန်ယူ၍ စဉ်းစားတွေးတောခဲ့သည်။ မတော်တဆအနေဖြင့် အိမ်သာတံခါးကို ဖွင့်မရ၊ ပိတ်မရဖြစ်နိုင်သည့်ကိစ္စမျိုးမှစ၍၊ နွေရာသီတွင် ဖြစ်ပေါ်တတ်သော ဆီးနှင်းမုန်တိုင်းကြောင့် ရောမမြို့ရှိ ဖီယူမီစီနိုလေဆိပ်အား ပိတ်ထားလိုက်ရမည်ဆိုပါက အရေးပေါ်အနေနှင့် ကြားဖြတ်ဆောင်ရွက်ရမည့် အစီအစဉ်မှန်သမျှကို ပြုစုထားသည်။

ဘွန်ဂါတင်သည် နယူးယောက်မှ အိမ်တွင်းအလှပြင်ဆင်သူ အနုပညာရှင်တစ်ဦးအားငှားရမ်းခဲ့သည်။ ရဟန်းမင်းကြီးနှင့်အဖွဲ့သည် ပထမတန်းထိုင်ခုံများထားရှိရာ နေရာအားလုံးတွင် စီးနင်းလိုက်ပါလာမည်ဖြစ်ရာ၊ ထိုနေရာသည် လေယာဉ်ပေါ်၌ အခြားနေရာများနှင့် တသီးတသန့် ရှိနေစေရေးမှာ အလွန်ပင်အရေးကြီးကြောင်း၊ ၎င်းအပြင် ရဟန်းမင်းကြီးအား ဖူးမြော်ခွင့် လာရောက်တောင်းခံသည့်ကိစ္စ၊ အော်တိုဂရပ်စာအုပ်တွင် လက်မှတ်ရေးထိုးခိုင်းသည့်ကိစ္စမျိုး စသည်တို့မှာ၊ ရဟန်းမင်းကြီးနှင့်အတူ လိုက်ပါလာမည့် ဂိုဏ်းအုပ်ဆရာတော်များ၊ ကာဒီနယ်များ၏ ငြိမ်းချမ်းစွာခရီးသွားလာမှုကို အနှောင့်အယှက်ဖြစ်စေနိုင်သောကြောင့် ခွင့်ပြုနိုင်မည် မဟုတ်ကြောင်း၊ ဘွန်ဂါတင်က အလှပြင်ဆင်သူ အနုပညာရှင်အား ရှင်းပြလိုက်သည်။

တစ်ပတ်အတွင်းမှာပင် အဆိုပါပညာရှင်သည် အသေးစိတ်ရေးဆွဲထားသော ပုံစံများနှင့်အတူ ပြန်လည်ရောက်ရှိလာ၏။ အဆိုပါပုံစံများကို လေကြောင်းကုမ္ပဏီကသာမက၊ ပုပ်ရဟန်းမင်းကြီး၏ နန်းတော်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့ကပါ သဘောတူညီချက်ပေးကြရမည်ဖြစ်သည်။ ပထမတန်းထိုင်ခုံများသာထားရှိသော အဆိုပါ သီးသန့်နေရာ၏ ညာဘက်ထောင့်တွင် ရဟန်းမင်းကြီးအတွက် သီးသန့်အိပ်ခန်းတစ်ခန်း စီစဉ်ပေးမည်ဖြစ်သည်။ ကြမ်းပေါ်တွင် အပြာနုရောင်ကော်ဇောကို ခင်းပေးထားမည်ဖြစ်ပြီး ကြီးမားလှသော အိပ်ရာပေါ်တွင် ကြက်ဥခွံအဖြူရောင်အိပ်ရာဖုံး၏အလယ်ဗဟို၌ တော်ဝင်နှင်းပန်းတံဆိပ်ကို ရွှေရောင်အပ်ချည်ဖြင့် လှပစွာ အကွက်ဖော်၍ ထိုးပေးထားမည်ဖြစ်သည်။ လေယာဉ်၏ဘေးဘက်နံရံများတွင်လည်း အပြာရောင်ခန်းဆီးများကို ချိတ်ဆွဲပေးထားမည်ဖြစ်သည်။

ထို့နောက် ထိုခရီးစဉ်တွင်မောင်းနှင်မည့် လေယာဉ်မှူးကို ရွေးချယ်ရဦးမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အလွယ်တကူ[illegible]တွင် တာဝန်ချထားလေ့ရှိသော လေယာဉ်[illegible]အား ဆက်သက်တာဝန်ပေးအပ်လိုက်ခြင်းပင် ဖြစ်ပေလိမ့်မည်။ သို့သော် [illegible]ကြောင်းကုမ္ပဏီ၌ လေယာဉ်မှူးသက်တမ်း ဝါရင့်သူ ဖြစ်ရုံမျှသာမက၊ [illegible] စိတ်ရေး ကိုယ်ပါ ဝင်ရောက်ဆောင်ရွက်လေ့ရှိသူ၊ လေယာဉ်မှူး [illegible] ရှိနေပါသလား၊ အကယ်၍ ရှိနေသည်ဆိုပါက ရဟန်းမင်းကြီး၏ခရီးစဉ်တွင် လေယာဉ်မောင်းသူ၏ တာဝန်ကို ၎င်းအားပေးအပ်ပါမှသာ တရားမျှတမည် ဖြစ်ပေသည်။

ထို့ကြောင့် ဘွန်ဂါတင်သည် ပျံသန်းမှုဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ဆွေးနွေးရပြန်သည်၊ အဖြေမှာ ဝေါလ်တာအိုက်ဗ်ဆိုသူပင်တည်း။ ဝေါလ်တာသည် (ထိုခရီးစဉ်နှင့်) အံကိုက်ပင်ဖြစ်သည်ဟု ယူဆရသည်။ ၎င်းသည် ၁၉၄၅-ခုနှစ်ကစ၍ ထရန့်စ်အမေရိကန်လေကြောင်းကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေခဲ့သူဖြစ်ပြီး လေယာဉ်မောင်းနှင်ပျံသန်းချိန်နာရီပေါင်း ၂၅၀၀၀ ရှိသူ ဖြစ်သည်သာမက ၁၉၇၃-ခုနှစ်ကစ၍ ဘိုးရင်း ၇၄၇ လေယာဉ်ပျံကြီးများကို မောင်းနှင်နေခဲ့သူ ဝါရင့်လေယာဉ်မှူး ဖြစ်သည်။ ၎င်းနှင့်တွဲဖက်ရမည့် လေယာဉ်ဝန်ထမ်းများမှာ ပထမအရာရှိ ကလစ်ဖို့ဂျင်ဆင်နှင့် ပျံသန်းမှုဆိုင်ရာအင်ဂျင်နီယာ ဂျိုးနိုဂါကိုစကီတို့ပင် ဖြစ်သည်။ ၎င်းပြင် ဗရင်ဂျီဘာသာဝင်များ ဖြစ်ကြသည်သာမက အီတာလျံစကားကို ရေလည်စွာ ပြောဆိုတတ်သူ လေယာဉ်မယ်များကိုလည်း ကိုယ်ရေးမှတ်တမ်းများမှ ရှာဖွေရွေးချယ်ထားသည်။

ထိုခရီးစဉ်တွင် အသုံးပြုရန် ရွေးချယ်ထားသည့် ဂျက်လေယာဉ်ပျံမှာ ခရီးဝေးပျံသန်းရန် အထူးတလည် တည်ဆောက်ထားသော ဘိုးရင်း ၇၄၇ အမျိုးအစား ဂျမ်ဘိုဂျက်လေယာဉ်ကြီးပင်ဖြစ်ပြီး ဖီယူမီစီမိုလေဆိပ်မှ ဆန့်ဖရန်စစ္စကို နိုင်ငံတကာလေဆိပ်အထိ မိုင်ပေါင်း ၆၄၆၁-မိုင် ဝေးကွာသောခရီးအတွက် အသင့်လျော်ဆုံးပင်ဖြစ်သည်။ ထိုလေယာဉ်ပျံ၏ သက်တမ်းမှာ ၆-လမျှသာ ရှိသေးသည်။ တိုက်တိုက်ဆိုင်ဆိုင်ဆိုသလိုပင် ပုပ်ရဟန်းမင်းကြီး ခရီးမထွက်မီ ထိုလေယာဉ်ပျံအား အချိန်မှန် အသေးစိတ်စစ်ဆေးမှု ပြုလုပ်ချိန်နှင့်လည်း ကြုံကြိုက်နေပေသေးသည်။

နယူးယောက်မြို့တွင်မူ ဝါရင်ဂျေဘွန်ဂါတင်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် အိမ်တွင်းမှုဆိုင်ရာ အလှပြင်အနုပညာရှင်က အလှပြင်ဆင်သူများနှင့်အတူ ဂျမ်ဘိုဂျက်လေယာဉ်ပျံကြီး၏ အတွင်းပိုင်းကို ပြင်ဆင်မွမ်းမံနေကြသည်။ ဗာတီကင်နန်းတော်မှ ကိုယ်စားလှယ်တစ်ဦးသည်လည်း ကြီးကြပ်ရန် ရောက်ရှိနေသည်။

ညနေပိုင်းတွင် ထိုလေယာဉ်ပျံကြီးသည် သာမန်အချိန်ဇယားအတိုင်း ရောမမြို့သို့ မောင်းနှင်ပျံသန်းလာသည်။ ထိုခရီးစဉ်တွင် ထုံးစံအတိုင်း လေယာဉ်စီးခရီးသည်များ တင်ဆောင်လာသော်လည်း ပထမတန်းတွင်မူ ခရီးသည်တစ်ဦးတစ်ယောက်မျှ ပါရှိမလာပေ။ ထိုလေယာဉ်ပျံကြီးသည် ရောမမြို့သို့ ဒေသစံတော်ချိန် နံနက် ၈ း ၂၁နာရီတွင် ဆိုက်ရောက်

www.burmeseclassic.com



ရောက်ရှိလာသည်။

ပုပ်ရဟန်းမင်းကြီးသည် ညနေ ၃ နာရီတွင် စတင်ခရီးထွက်ခွာမည် ဖြစ်သည်။

ရက်သတ္တပတ်ပေါင်း မြောက်မြားစွာအတောအတွင်း ဝါရင့်ဂျေဘွန်ဂါတင် တစ်ယောက်စတင်၍ စိတ်သက်သာရာ ရရှိသွားသည်။ ၎င်းအနေနှင့် လုပ်ဆောင်ရမည့် ကိစ္စဝိစ္စမှန်သမျှ ပြီးစီးသွားလေပြီ။ အဓိကဇာတ်ဆောင်များက ဝင်ရောက်ကပြရန်သာ ကျန်ရှိတော့သည်။

လေယာဉ်ပျံကြီးအား ဖီယူမီစီနိုလေဆိပ်တွင် ရပ်တန့်ထားစဉ် ဘွန်ဂါတင်သည် မိမိကိုယ်ကို ပုပ်ရဟန်းမင်းကြီးပမာ သဘောထား၍ နောက်တစ်ကြိမ်ထပ်မံစစ်ဆေးပြန်သည်။ ၎င်းမြင်တွေ့ရသမျှကို စိတ်ကျေနပ်မှု ရရှိသွားသည်။ ၎င်းအနေနှင့် လုပ်ဆောင်ရမည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပြီးစီးသွားလေပြီ။ ယခုထက် ပိုမို၍ လုပ်ဆောင်နိုင်မည် မဟုတ်တော့ပါ။

ဘွန်ဂါတင်က ပုပ်ရဟန်းမင်းကြီး ကြွမလာမီ ၎င်းအား စောစောစီးစီး ကြိုတင်၍ အသိပေးရန် ညွှန်ကြားခဲ့ပြီးနောက် ဟိုတယ်ရှိ ၎င်း၏အိပ်ခန်းသို့ ပြန်၍ သက်တောင့်သက်သာ အနားယူနေသည်။ ယခုအချိန်မှစ၍ အစစအရာရာသည် ချောချောမွေ့မွေ့နှင့် အဆင်ပြေသွားလိမ့်မည်ဟု တွေးလိုက်မိ၏။ ဘွန်ဂါတင်က မာတီနီနှစ်ပက်ကို လှမ်းမှာလိုက်သည်။

❑

ဒေ့ဗ်သည် အိပ်ရာမဝင်ခင် နောက်ဆုံးပိတ်အနေနှင့် တစ်ခွက်တစ်လေ သောက်ချင်သေးသောကြောင့် အိပ်ခန်းထဲသို့ ဝင်ခွင့်တောင်းသည်။

'နှစ်နာရီ ကျော်နေပြီ ရှင့်'

ဂျိန်းက အလျှော့မပေးသည့် လေသံကလေးနှင့် ပြန်ဖြေလိုက်သည်။

'သိပ်မိုးမချုပ်သေးပါဘူးကွာ'

ဂျိန်းက ပျော်စရာကောင်းသော ညနေခင်းဖြစ်ကြောင်း ထပ်ပြောသည်။

'ဒါပေမယ့် ကျွန်မ သိပ်ပင်ပန်းနေပြီ'

'တစ်ခွက်လောက် သောက်လိုက်ရင် လန်းဆန်းသွားမှာပါဟု ဒေ့ဗ်က ဆိုသည်။

'ဟင့်အင်း၊ ကျွန်မကတော့ တယ်မထင်ဘူး'

'ဘာဖြစ်လို့လဲ'

'ကျွန်မ ပြောပြီးပြီပဲ'

ဒေ့ဗ်က အချိုသာဆုံး စကားလုံးများဖြင့် မြူဆွယ်နေပြန်သည်။

'ဟုတ်ပါတယ်. . . ဒါပေမယ့် ဒီကနေ့ တစ်ညနေခင်းလုံး ကိုယ်တို့နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



သိပ်အဆင်ပြေခဲ့ကြတာ မဟုတ်လား၊ အခုလို အဖျားရှူးသွားတာမျိုးတော့ မဖြစ်သင့်ပါဘူး လေ'

'ဘာလဲ ရှင်နဲ့ ချစ်တင်းနှီးနှောတဲ့အဆင့်ထိ ရောက်သင့်တယ်လို့ ဆိုလိုတာလား'

'ကိုယ်ကတော့ အဲဒီလောက်အထိ ပြောင်မပြောချင်ပါဘူးလေ'

'ဒါပေမယ့် ရှင်ဆိုလိုတာက အဲဒါပဲ မဟုတ်လား'

'ကိုယ်က တစ်ခွက်လောက် သောက်ပါရစေလို့ ခွင့်တောင်းခဲ့တာပါကွာ၊ မင်းလဲ မှတ်မိမှာပါ'

'ဝမ်းနည်းပါတယ် ဒေ့ဗ်ရယ်၊ သောက်စရာဆိုလို့ ဘာမှမရှိပါဘူး'

'အက်စ်ပရင်တစ်လုံးနဲ့ ရေတစ်ဖန်ခွက်လောက်သောက်ရမယ်ဆိုရင်လဲ ဖြစ်ပါတယ်'

သို့သော် ဂျိန်းက 'ဖူး'ဆိုလျှင် 'ဖရုံ' သီးမည့်သူမဟုတ်။ (ဒင်နာအတွက်) ကျေးဇူးတော့ တင်ပါရဲ့။ သို့သော် ကန်တော့ဆွမ်းပါပဲလေ။ ဂျိန်းက ခေါင်းခါလိုက်သည်။ စိတ်ပျက် လက်ပျက်နှင့် ဦးနှောက်ခြောက်သွားသော ဒေ့ဗ်၏သက်ပြင်းချသံကိုပင် ကြားလိုက်ရ၏။ ဒေ့ဗ်အဖို့ သာယာသောညနေခင်းကလေး ပျက်စီးသွားမည်မှာ သေချာလှသည်။ ဒေ့ဗ်သည် ခေါင်းခါခံလိုက်ရသည့်ကိစ္စမျိုးကို တည်တည်ငြိမ်ငြိမ်နှင့် ရင်ဆိုင်နိုင်စွမ်းရှိသူ မဟုတ်ချေ။ သူသည် 'ဖရင့်'နှင့် အလွန်တူကြောင်း ဂျိန်းက ဖွင့်ပြောလုဆဲဆဲပင် ဖြစ်သွားရသည်။ ရုပ်ချော သည်၊ နှုတ်လျှာသွက်သည်၊ မြာစွဲသော မိမိ၏အရည်အချင်းအား အလွန်အထင်ကြီး ကြသူများပင်တည်း။

သို့သော် ဂျိန်းက ဒေ့ဗ်အား မပြောတော့ပဲ 'ညာ' လိုက်ပါသည်။ ဒေ့ဗ်သည် ချာကနဲ လှည့်ပြီးနောက် ၎င်း၏ 'ကော်မက်' ပြိုင်ကားကလေးဆီသို့ ထွက်သွားတော့သည်။

ဂျိန်းတစ်ယောက် အိပ်ရာထဲသို့ ရောက်သောအခါ သူသည် ဖရင့်နှင့် ဒေ့ဗ်တို့လို ပုဂ္ဂိုလ်များက ၎င်းအပေါ် မျက်စိကျအောင် ဆွဲဆောင်မှုရှိနေခြင်းက ၎င်း၏ဘဝတစ်လျှောက် လုံးအား ကျိန်စာသင့်အောင် ဖန်တီးလာခြင်းပင် ဖြစ်လေသလောဟု ဆင်ခြင်တွေးတောမိ သည်။ စိတ်မချမ်းမြေ့စရာကောင်းလှသည့် အတွေးတစ်ခုပင်။ ဖရင့်နှင့် ဒေ့ဗ်တို့လို ပုဂ္ဂိုလ်များ သည် 'အတ္တ' လွန်ကဲသူများ ဖြစ်သည်။ ကိုယ်ကျိုးကိုသာ ကြည့်တတ်ကြသူများ ဖြစ်နေသည်။ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ပြုကြသည်ဟုဆိုရာ၌ အတူတကွနေထိုင်ကြပြီး ချစ်တင်းနှီးနှော ရုံသက်သက်မျှသာ မဟုတ်ပဲ မိမိနှင့်အတူနေသူ 'အိပ်ရာဖော်'အား အပေးအယူမျှတစွာ ထောက်ကြံ့ပြုမှုရန် လိုအပ်သည်ဆိုသော မှန်ကန်သည့်သစ္စာတရားကို နားလည်သဘောပေါက် ကြောင်း ဖော်ထုတ်ပြသနိုင်ခြင်းမရှိသူ တစ်ဦးတစ်ယောက်အား အိမ်ထောင်ပြုခွင့်ပေးလိုက် ခြင်းသည် အလွန်မှားယွင်းသည်။ ထို 'အိမ်ထောင်ရေး'ဘာသာရပ်ကို စာသင်ကျောင်းများ၌ ပင် သင်ကြားပေးသင့်သည်ဟု ဂျိန်းက ကိုယ့်ဘာသာကိုယ် ကြေငြာလိုက်၏။

'အိမ်ထောင်ဘက် ရွေးချယ်တယ်ဆိုတာ ဘဝအတွက် သိပ်အရေးကြီးတဲ့ ဆုံးဖြတ် ချက်တစ်ခုပဲ၊ ဒီတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာဖြစ်လို့ စာသင်ကျောင်းတွေမှာ သင်မပေး

www.burmeseclassic.com

www.burmeseclassic.com



ထိုက်ရမှာလဲ'

ဂျိန်းတစ်ယောက် ပြုံးလိုက်မိ၏။ ဂျိန်းသည် ထိုမေးခွန်းကို အသံထွက်၍ပြောလိုက်မိခြင်း ဖြစ်သည်။ ရွှေသွပ်ခြင်း၏ အဦးအစလက္ခဏာတစ်ရပ်ပင် ဖြစ်နေလေရော့သလား။

'နုပျိုငယ်ရွယ်သေးသော တစ်ခုလပ်မကလေးတစ်ယောက် စိတ်ဖောက်ပြန်သွားခြင်း'

ဂျိန်းသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိ၏။ ဒီကိစ္စကို မည်သည့်နည်းနှင့်မျှ သူဆက်မတွေးတော့ပါ။ သူသည် မည်သည့်နည်းနှင့်မျှ စိတ်ပျော့ညံ့သူတစ်ဦးဘဝသို့ အရောက်မခံနိုင်။ စိတ်ညစ်ညူးစရာ အတွေးများကိုလည်း မတွေးလိုပါ။ (သွေးစိမ်းရှင်ရှင်ထွက်နေသော) ဒဏ်ရာအားဆားနှင့်ပက်သည့် သဘောမျိုးကလွဲ၍ ဘာမှအကျိုးထူးလိမ့်မည် မဟုတ်ပါ။

❑

ရောမ မြို့လယ်ကောင်ရှိ ဗီယာဒိုင်ဖိုရီ အင်ပီရီရယ်လီ လမ်းမကြီး၏ လူသွားလမ်းပေါ်တွင် ကာမင်ဇူလီဆိုသူသည် ၎င်း၏ဇနီးနှင့် ဒေါသတကြီး အငြင်းအခုံဖြစ်ပွားနေကြသည်။ ဇနီးဖြစ်သူက မီလန်မြို့တွင် ကျင်းပမည်ဖြစ်သော ဝမ်းကွဲညီမတစ်ယောက်၏ လက်ထပ်ပွဲသို့ သွားရောက်လိုသည်။ ခင်ပွန်းဖြစ်သူက ၎င်း၏ဇနီးနှင့် ထိုဝမ်းကွဲညီမတို့မှာ ငယ်စဉ်တောင်ကျေး ကလေးဘဝအရွယ်ကပင် ကွဲကွာလာကြသူများဖြစ်ပြီး ယခုအချိန်၌ တစ်ဦးနှင့်တစ်ဦး လမ်းပေါ်၌ ရင်ဆိုင်တွေ့ကြသည့်တိုင်အောင် မှတ်မိကြလိမ့်မည်မဟုတ်ကြောင်း၊ သို့ကြောင့် ရင်းနှီးခြင်း အလျှင်းမရှိသော ဆွေမျိုးတစ်ဦး၏လက်ထပ်ပွဲသို့ ငွေအကုန်ကျခံ၍ သွားရောက်မည်ဆိုခြင်းမှာ သင့်မြတ်လျော်ကန်ခြင်း အလျှင်းမရှိကြောင်း ထောက်ပြသည်။ ၎င်း၏ ဆွေးနွေးချက်ကို တစ်ဘက်သားအနေနှင့် (ကိုယ်ထိလက်ရောက်) ရန်မူလာဖွယ်ရာ မရှိဟု ယူဆထားသည်။ သို့ရာတွင် ဇနီးဖြစ်သူက မပြောမဆိုနှင့် ၎င်း၏ပါးပြင်အား ခပ်ပြင်းပြင်းလှမ်းရိုက်လိုက်သောအခါ သူအလွန်အမင်း အံ့အားသင့်သွားသည်။

ဒေါသထွက်သွားသော ကာမင်ဇူလီက ၎င်း၏ဇနီးအား ဖမ်းဆွဲလိုက်သည်။ သို့ရာတွင် ဇနီးဖြစ်သူက တစ်ဘက်သို့တိမ်းရှောင်ပေးလိုက်ရာ၊ ဇနီးဖြစ်သူသည် သပ်သပ်ရပ်ရပ်နှင့် ကောင်းကောင်းမွန်မွန် ဝတ်ဆင်ထားသူ လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ဦးထံ တည့်တည့်ကြီး ဝင်တိုးမိလေ၏။ အရှိန်မထိမ်းနိုင်အောင်အငိုက်မိသွားသော ထိုပုဂ္ဂိုလ်သည် ပလက်ဖောင်းပေါ် သို့ ကိုးရိုးကားရား လဲကျသွားတော့သည်။ ဖြောင်းခနဲမြည်အောင် (အရိုး)ကျိုးသွားသောအသံကိုပင် ကျယ်လောင်စွာကြားလိုက်ကြရသည်။

ကာမင်ဇူလီက ထိုပုဂ္ဂိုလ်ထံကူညီရန် အပြေးအလွှားရောက်ရှိသွားသည်။

'ဘယ်လိုများ ထိခိုက်သွားပါသလဲခင်ဗျာ၊ ခွင့်မလွှတ်နိုင်အောင် မိုက်မဲလှတဲ့ နွားသာသာ ကျွန်တော့်ဇနီးအတွက် လှိုက်လှိုက်လှဲလှဲကြီး တောင်းပန်ပါတယ်. . .'

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါပုဂ္ဂိုလ်က အင်္ဂလိပ်ဘာသာဟု ယူဆရသော ဘာသာစကားဖြင့် ပြန်ပြော လိုက်သဖြင့် အံ့အားသင့်သွားသည်။ တာမင်နူကီသည် အင်္ဂလိပ်စကားကို တစ်လုံး၊ နှစ်လုံးစ နားလည်သော်လည်း ထိုပုဂ္ဂိုလ်၏သတ်မှာ ဆိုးဆိုးရွားရွားထိခိုက်ဒဏ်ရာရရှိသွားကြောင်း သူရိပ်မိလိုက်သည်။

ထိုပုဂ္ဂိုလ်က ပြောလိုက်သည်။

'ကျုပ်နာမည် 'အိုင်' ပါ၊ ကျုပ် ထရန့်စ်အမေရိကန်လေကြောင်းကုမ္ပဏီနဲ့ ချက်ချင်း လက်ငင်း ဆက်သွယ်မှ ဖြစ်ပါလိမ့်မယ်. . . .'

❑

စတီဗင်မာလိုရီသည် တစ်မနက်ခင်းလုံးလိုလို ဟိုက်ဒ်ပတ်ပန်းခြံတွင်းရှိ ခုံတန်းလျား ရှည်တစ်ခုတွင် အချိန်ဖြုန်းခဲ့သည်။ ထိုနံနက်ခင်းသည် ကြည်နူးဖွယ်ကောင်းသော နံနက်ခင်း ဖြစ်သည်။ နာရီပေါင်းများစွာကြာအောင် စိတ်ကို စေစားပြီး ရှေးဟောင်းနှောင်းဖြစ်များကို စားမြုံ့ပြန်ခွင့် ရရှိခဲ့သည်။ သူ ထိုနေရာမှ ထွက်ခွာသင့်ပြီဟု ကိုယ့်ကိုယ်ကို သတိပေးနေခဲ့ သော်လည်း ထိုနေရာ၌ပင် ဆက်၍နေခဲ့မိသည်။ အဖိုးတန်လှသောအချိန်ကို အရသာခံ၍ နေမိခြင်းပင်။ အချိန်ဟူသည် တစ်ဦးတစ်ယောက်ထံမှ လက်ကျန်နည်း၍သွားလေလေ၊ ပို၍၊ ပို၍ အဖိုးတန်လာလေလေဖြစ်သည်။ နောင်နှစ် သည်အချိန်လောက်တွင် သူသည် မည်သည့်အလုပ်ကို လုပ်ကိုင်နေရလိမ့်မည်နည်းဟု တွေးကြည့်လိုက်မိ၏။ ပန်းခြံထဲတွင် ထိုင်၍ နေနိုင်တော့မည်မဟုတ်။ ချီးမှုပဲ။ သူ အငြိမ်းစားမယူလိုသေးပါ။

သူသည် ကျန်းမာရေးကို အထူးတလည်ဂရုစိုက်သည့် လူစားမျိုးဖြစ်သောကြောင့် အလွန်အရွယ်တင်သည်။ ကျစ်ကျစ်လျစ်လျစ်နှင့် အရပ်ရှည်သူဖြစ်ပြီး ပို့ပို့အိုအို ဣတ္ထိယ မိန်းစုံ နှစ်လိုသောသဘောနှင့် မကြည့်ပဲမနေနိုင်အောင် အကြည့်ခံနေရသူတစ်ဦး ဖြစ်သည်။

သို့သော် သူ့အဖို့ အသက်အရွယ်ကြီးရင့်သွားလေပြီ။ အပြုံးပန်းများလည်း နွမ်းကုန် ကြလေပြီ။ မကြာခင် အသက် ၆၀ပြည့်ရန် ငါးလသာ လိုတော့သည်ဟု တွေးကြည့်ရသည်မှာ မယုံနိုင်စရာကောင်းသလို စိတ်မချမ်းသာစရာ တစ်ရပ်ပင်တည်း။ ထပ်ခါတလဲလဲ ဆိုသလို အသက်ခြောက်ဆယ်ပြည့်ပြီဟု သူကိုယ်တိုင်က မခံစားရသေးကြောင်း ကိုယ့် ကိုယ်ကိုယ် ပြန်၍ သတိပေးနေမိသည်။ သို့ရာတွင် အသက်ခြောက်ဆယ်ပြည့်သည့်အခါ မည်သို့မည်ပုံ ခံစားရတတ်ပါသနည်းဟု သူ့ကိုယ်သူ ပြန်မေးမိပြန်၏။

သူသည် ဆံပင်မကျွတ်သေးချေ။ ကိုယ်လုံးကိုယ်ထည်ကလည်း ကျစ်ကျစ်လျစ်လျစ် ရှိနေဆဲပင်။ သို့သော်စာအုပ်ကြီးသမားများက သူသည် လေယာဉ်ပျံကြီးများအား မောင်းနှင် နိုင်စွမ်းရှိသည့်တိုင်အောင် အသက်ခြောက်ဆယ်တွင် အရွယ်ကုန်ခဲ့ပြီဟု သတ်မှတ်လိုက်ကြ သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့တစ်ကိုယ်လုံး တောင့်တင်းလာသည်။ ခုံတန်းလျားရှည်ပေါ်၌ သူထိုင်နေခဲ့သည်မှာ ကြာမြင့်လှချေပြီ။ နေ့လယ်စာစားချိန်ပင် ကျော်လွန်ခဲ့လေပြီတည်း။

သူသည် မြက်ခင်းပေါ်မှ နှေးကွေးစွာ ဖြတ်သန်းလာခဲ့သည်။ အပြန်လမ်းပေါ်ရှိ ပတ်ခ်လိန်းသို့ အရောက်တွင် ညနေပိုင်း၌ထုတ်ဝေသော စတင်ဒတ်သတင်းစာတစ်စောင်ကို ဝယ်လိုက်၏။ ကံကောင်းမည်ဆိုပါက သူစိတ်ကြိုက်တွေ့မည့်ရုပ်ရှင်၊ သို့မဟုတ် ပြဇာတ်ကြော်ငြာတစ်ခုခုကို တွေ့တန်ကောင်းရဲ့။

သို့သော် အကြိုက်မတွေ့ဖို့က ပိုများပါသည်။ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော ရုပ်ရှင်နှင့် ပြဇာတ်များကို တစ်မင်္ဂလာ ဖန်တီးနေကြခြင်းပင် ဖြစ်လေသလော။ သို့တည်းမဟုတ် သူကိုယ်တိုင်က နှစ်ချို့လာ၍ပင် ဖြစ်လေသလော။ သို့တည်းမဟုတ် သူသည် အသက်၆၀ နှင့် နီးကပ်လာသောကြောင့်ပင် ဖြစ်လေသလော။

သူသည် အခန်းသော့ကိုယူရန် ကင်ဆင်တန်ဟီလ်တန်ဟိုတယ်ရှိ ဧည့်ကြိုစားပွဲတွင် ခဏရပ်တန့်လိုက်သည်။ သူ့အတွက် သတင်းစကား ရောက်ရှိနေသည်။ 'မစ္စတာ ပေါ်တာအား ဆက်သွယ်ပါ၊ အလွန်အရေးကြီးသည်' ဟု အမှာစကားက ဆိုပါ၏။ လန်ဒန်ရှိ ထရန့်စ်အမေရိကန်လေကြောင်းကုမ္ပဏီ၏မန်နေဂျာ မစ္စတာပေါ်တာသည် ကမ္ဘာပေါ်တွင် သူသည်သာ အလုပ်အများဆုံးဟု ယူဆနေသူတစ်ဦး ဖြစ်သည်။ မာလိုရီသည် မစ္စတာပေါ်တာနှင့် မဆက်သွယ်ခင် ၎င်း၏အခန်းဆီသို့ တက်သွားပြီး ဖိနပ်နှင့်ကုတ်အင်္ကျီကို ချွတ်၍ လည်စည်းကို လျှော့ချလိုက်သည်။

သူ့အသံကို ကြားရသောကြောင့် မစ္စတာပေါ်တာ စိတ်သက်သာမှု ရရှိသွားပုံရသည်။ လုံးဝကြိုတင်၍ မျှော်လင့်မထားသောကိစ္စတစ်ရပ် ဖြစ်သွားခဲ့ရုံသာမက ထိုပြဿနာမှာ အလွန့်အလွန်အရေးကြီးသော ကိစ္စမျိုးဖြစ်နေသည်။ လေယာဉ်မှူးမာလိုရီသည် ယနေ့ညနေခင်းတွင် လန်ဒန်မှ ဘာရိန်းလေကြောင်းခရီးစဉ်အစား ရောမနှင့်ဆန်ဖရန်စစ္စကို လေကြောင်းခရီးစဉ်အား တာဝန်ယူ မောင်းနှင်ပေးရမည် ဖြစ်သည်။ မာလိုရီသည် ဗြိတိသျှအဲယားဝေးလေယာဉ်နှင့် ရောမမြို့သို့ လိုက်ပါရန် အချိန်လုံလောက်ရုံမျှသာရှိသည်။ ယခုကဲ့သို့ လေယာဉ်ဝန်ထမ်း အပြောင်းအလဲလုပ်ရခြင်း အကြောင်းရင်းကို မာလိုရီက မေးမြန်းသောအခါ လေယာဉ်မှူးအိုက်ဗ်သည် မတော်တဆထိခိုက်ဒဏ်ရာရမှုကြောင့် လက်ကျိုးသွားကြောင်း၊ ရက်သတ္တပတ်ပေါင်းများစွာ အနားယူရလိမ့်မည်ဖြစ်ကြောင်း ခရီးစဉ်သည် ထပ်မံ၍ နှောင့်နှေးကြန့်ကြာမှု မရှိရလေအောင် အစားထိုးနိုင်မည့် လေယာဉ်မှူးတစ်ဦးကို ရှာဖွေရခြင်းဖြစ်ကြောင်း မစ္စတာပေါ်တာက ကသောကမျော ပြန်လည်အဖြေပေးသည်။

'အဲဒီလေကြောင်းခရီးစဉ်ဟာ သတ်မှတ်ထားတဲ့ အချိန်ဇယားအတိုင်း နီးနီးစပ်စပ် ထွက်ခွာပျံသန်းနိုင်ဖို့ သိပ်အရေးကြီးတယ်ဆိုတာ ခင်ဗျားကို အထူးတလည်ပြောပြနေစရာလိုမယ် မထင်ပါဘူးလေ'

မစ္စတာပေါ်တာက ၎င်း၏စကားကို အဆုံးသတ်လိုက်၏။ ပေါ်တာ၏ ဆိုလိုရင်း

www.burmeseclassic.com

www.burmeseclassic.com



အစိပ္ပာယ်ကို နားလည်သဘောပေါက်သောကြောင့် မာလိုရီက ခေါင်းညိတ်လိုက်မိ၏။

'ဘုရားရေ ပုပ်ရယာန်းမင်းကြီး စီးနင်းလိုက်ပါမယ့် လေကြောင်းခရီးစဉ်ပါကလား'

❒

လေယာဉ်မှူးမာလိုရီက စကားပြောခွက်ကို ပြန်တင်လိုက်ပြီးနောက် ၃၅ မိနစ်ကြာသောအခါ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့စွန်မှ လမ်းဘေးဟိုတယ်အိပ်ခန်းတစ်ခုအတွင်းရှိ တယ်လီဖုန်းခေါင်းလောင်းသံတစ်ခု မြည်လာသည်။ တယ်လီဖုန်းခေါင်းလောင်းသံသည် အခန်းထဲတွင် အနားယူနေသော ဆံပင်နက်နက်နှင့် ဗလခပ်ကောင်းကောင်း လူရွယ်တစ်ဦးအား လန့်ဖျတ်သွားစေသည်။ သူသည် တောင့်တင်းနေသော အကြောအခြင်များကို ပြေလျော့သွားစေရန် ကြိုးပမ်းနေသော်လည်း စကားပြောခွက်ဆီသို့ လက်လှမ်းလိုက်သောအခါ ၎င်း၏လက်သည် အနည်းငယ် တုန်ရီနေကြောင်း သတိထားလိုက်မိသည်။ သူက လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်ပြီး ပြန်ဖြေလိုက်၏။

'ဟုတ်ကဲ့'

'အစီအစဉ် ပြောင်းတယ်'

သူသည် အဆိုပါအသံကိုမှတ်မိသွားသည်။

'ဘာပါလိမ့်'

'အိုက်ဇ်ကို မေ့လိုက်တော့၊ သူ ဒဏ်ရာရသွားတယ်'

'မေ့လိုက်တော့ ဟုတ်လား'

'ဟုတ်တယ်၊ မာလိုရီ ဆိုတဲ့လူက သူ့နေရာမှာ အစားဝင်ရတယ်၊ သူ့လိပ်စာက ၂၀၃-ဝဲလ်လင်ဝေးဝေါလ်နတ်ကရီ ရေးမှတ်ထားဦး၊ မင်းရေးမှတ်နေရဲ့လား'

'ဟုတ်ကဲ့၊ ရပါပြီ'

'စတင်ထွက်ခွာချိန် နောက်ကျလိမ့်မယ်၊ ဘယ်လောက်ကြာမလဲ ဆိုတာကိုတော့ ပါလဲမသိဘူး၊ မင်းကို ငါထပ်သတိပေးမယ်၊ ဒီတော့ အိုက်ဇ်ကို မေ့လိုက်တော့၊ သူ့ကို တို့ ထပ်စိတ်မဝင်စားတော့ဘူး၊ မာလိုရီက အစားဝင်သွားပြီ၊ ၂၀၃ ဝဲလ်လင်ဝေး ဝေါလ်နတ်ကရီဆိုတဲ့ လိပ်စာကိုကော မင်းမှတ်ထားပြီးပြီလား'

'ဟုတ်ကဲ့ မှတ်မိပါပြီ၊ မှတ်ထားပြီးပြီလို့ ခင်ဗျားကို ကျုပ်ပြောပြီးပြီပဲ'

'ကောင်းပြီလေ'

တယ်လီဖုန်းလိုင်းကြီးမှ အသံတိတ်ဆိတ်သွားသည်။

လမ်းဘေးဟိုတယ်ပိုင်ရှင်သည် အဆိုပါ တယ်လီဖုန်းနှင့် အပြန်အလှန် ပြောဆိုချက်များကို ကြားမှုပြတ်၍ ခိုးယူနားထောင်နေသော်လည်း သူနားမလည်သော ဘာသာစကားဖြင့် ပြောဆိုနေကြခြင်းဖြစ်သောကြောင့် ဝဲလ်လင်ဝေး၊ ဝေါလ်နတ်ကရီဆိုသော စကားလုံးများ

www.burmeseclassic.com

www.burmeseclassic.com



ကာသာ သူ့အဖို့ အခိပ္ပါယ်ရှိပေသည်။ စိတ်ပျက်စရာကောင်းလိုက်ပါတိ။

နောက်တစ်ကြိမ်တွင်မူ အခန်းနံပါတ် ၁၂ မှ ပြင်ပသို့ တယ်လီဖုန်းဆက်သောအခါ အင်္ဂလိပ်လို ဆက်သွယ်ခြင်းဖြစ်သည်။ ထိုသူမှာ ပညာတတ်လေသံပေါက်သည်ဟူ၍ ပင်ဆိုနိုင်လောက်သည်။ ဒီတစ်ကြိမ်တွင်မူ အဆိုပါပုဂ္ဂိုလ်က ဝေါလ်နတ်ကရိမ့ မာလိုရီ၏ တယ်လီဖုန်းနံပါတ်အား သိလိုသောကြောင့် စုံစမ်းရေးဌာနသို့ ဆက်သွယ်ခြင်းဖြစ်သည်။

အတန်ငယ်ကြာသောအခါ အဆိုပါအသံရှင်ကပင် ဝေါလ်နတ်ကရိမ့ တယ်လီဖုန်း နံပါတ်အား တိုက်ရိုက်ဆက်သွယ်ပြန်သည်။

အမျိုးသမီးတစ်ယောက်က ပြန်ဖြေသည်။ တယ်လီဖုန်းခေါင်းလောင်းသံကြောင့် အိပ်ရာကနိုးလာရဟန်ဖြင့် အိပ်ချင်မူးတူးသံပေါက်နေသည်။

'လေယာဉ်မှူးမာလိုရီ ရှိပါသလားခင်ဗျာ'

'မရှိပါဘူးရှင်၊ ဝမ်းနည်းပါတယ်၊ သူကကြာသာပတေးနေ့ ညနေပိုင်းအထိခရီး လွန်နေမှာပါ'

'အခုပြောနေတာက လေယာဉ်မှူးမာလိုရီရဲ့ ဇနီးပါလားခင်ဗျာ'

'မဟုတ်ပါဘူး၊ သူကွယ်လွန်သွားပါပြီ၊ ကျွန်မက သူ့သမီးပါ၊ အခုဆက်သွယ်တာ ဘယ်သူပါလဲ'

'မိတ်ဆွေတစ်ဦးပါ၊ ကျွန်တော် နောက်မှ ပြန်ဆက်သွယ်ပါမယ်၊ ဂွတ်ဘိုင်'

'ကျွန်မ အနေနဲ့ ရှင့်ဆီကို ပြန်ဆက်ခိုင်း. . . '

သို့ရာတွင် အခန်းနံပါတ်-၁၂က စကားပြောခွက်ကို ပြန်ချသွားလေပြီ။ ရိုင်းစိုင်းသည် ဟုပင် ဆိုရလေမလား။ သို့ရာတွင် နိုင်ငံခြားသားများနှင့် ဆက်သွယ်ရာ၌ သူက မည်သို့မည်ပုံ မျှော်လင့်ထားပါသနည်း။ လူမျိုးကွဲပြားပါက စရိုက်ချင်းလည်းမတူနိုင်ဟု လမ်းဘေးဟိုတယ် ပိုင်ရှင်က ဆင်ခြင်သုံးသပ်လိုက်လေသည်။

❒

ဂျိန်းက သမ်းဝေလိုက်၏။ နံနက်ရှစ်နာရီမထိုးခင် တယ်လီဖုန်းဆက်သူများသည် အလိုက်ကန်းဆိုး မသိသူများပင် ဖြစ်သည်။ ဂျိန်းက ပြန်အိပ်ရန်စိတ်ကူးလိုက်ပြီးမှ မအိပ်တော့ ရန် ဆုံးဖြတ်လိုက်သည်။ ဂျိန်းသည် မီးဖိုထဲသို့ ဝင်သွားပြီး ဂျုံယာဂုတစ်ပန်းကန် ကျို၍ နှပ်စရာမလိုသော ကော်ဖီကို ဖျော်လိုက်သည်။

ရေဒီယိုကလည်း ကျယ်လောင်စူးရှသော ရော့ခ်တေးဂီတ၊ ကျေးလက်ဒေသ တေး များနှင့် ချွဲချွဲပစ်ပစ်ရှိသော်လည်း နဝင်ပီယံဖြစ်စေသော မန်သိုဗာနီ၏တေးဂီတများကိုသာ လွှင့်ထုတ်နေသည်။ သတင်းစုံလွှင့်ထုတ်နေသော အသံလွှင့်ဌာနတစ်ခုမှ သတင်းကြေငြာနေ သူက ချီကာဂိုမြို့မှ မီးလောင်မှုတစ်မှုအကြောင်းနှင့် ပုပ်ရဟန်းမင်းကြီး အနီဖရန်စစ္စကိုသို့

www.burmeseclassic.com



လာရောက်ချိန်ကြောင်း ပြောပြသည်။ ဂျိန်းသည် ရေဒီယိုကို ခေတ္တမျှ ပြန်ပိတ်ပြီးနောက် မြန်ဆိုအိမ်၏ တောင်ပံကို ပြန်ဖွင့်လိုက်၏။

ရာသီဥတုမှာ အုံ့မှိုင်းရီဝေနေသည်။ ကြီးမားပြီး မည်းမှောင်နေသော ကြောက်စရာ သစ်ကိုင်း အရွက်အဝေးများသည် ကောင်းကင်ပေါ်၌ နိမ့်နိမ့် ကလေး တွဲလဲခိုလျက်ရှိကြသည်။ ဂျိန်း၏ဖခင်သည် လေယာဉ်နှင့် အသက်မွေးသူများ၏ ပုံစံအတိုင်း ရာသီဥတုအကြောင်းကို ဘာ မှောင်နိုင်၊ မပန်းနိုင်အောင် ပြောဆိုနေတတ်သူ ဖြစ်သည်။ ဂျိန်းငယ်စဉ်ကမူ ဖခင်ကို ဘုရားတစ်ဆူ ဂူတစ်လုံးပမာ လေးစားကြည်ညို အထင်ကြီးခဲ့သည်။

ဂျိန်း၏ဖခင်သည် အရာရာကို တတ်သိနားလည်သူဖြစ်သည်။ ချောမောခန့်ညား သူဖြစ်ပြီး ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးကြဲလေယာဉ်ပျံကို မောင်းနှင်ခဲ့သူ လေသူရဲတစ်ဦး ဖြစ်သည်။ ထို့နောက် ထရန့်စ်အမေရိကန်လေကြောင်းကုမ္ပဏီတွင် အင်မတန် 'ညက်'သော တွန်စတယ်လေးရှင်းလေယာဉ်ပျံများကို မောင်းနှင်ခဲ့သည်။

သို့သော် များမကြာခင် နှစ်အနည်းငယ်အချိန်ပိုင်းအတွင်းကမူ ဂျိန်း၏ဖခင်သည် လက်တွေ့သဘာဝနှင့် ကင်းကွာနေသူဖြစ်ကြောင်း သိခဲ့ရပြန်၏။ သို့သော် ယခုအချိန်တွင်မူ နာရီချိန်သီးသည် တစ်ပတ်ကျော့၍ ပြန်လည်ရောက်ရှိလာပြန်လေပြီ။ ဂျိန်း၏ဖခင်သည် ပညာရှိတစ်ဦးဖြစ်သည်။ အင်မတန်နှစ်လိုဖွယ်ကောင်းသည်။ အားကိုးလောက်သော တျောက်ဆောင်၊ ကျောက်ကမ်းပါးကြီး တစ်ခုဖြစ်သည်။ ဖခင်ကို အောက်မေ့တသမိပါ၏။ ဖခင်ဖြစ်သူသည် ရက်ပိုင်းအတွင်း ပြန်လည်ရောက်ရှိလာမည်ဖြစ်ပြီး ရက်သတ္တတစ်ပတ် ကျော်ကြာအောင် နေအိမ်၌ရှိနေလိမ့်မည်သာ ဖြစ်သည်။ ဖခင်ဖြစ်သူ နေအိမ်၌ ပြန်လည် ရောက်ရှိနေစဉ် ဂျိန်းသည် ဖခင်နှင့်အချိန်ကြာမြင့်စွာ နေလေ့နေထရှိသောကြောင့် မဟုတ်။ သို့သော် ဖခင်ဖြစ်သူ အိမ်၌များများမတ်မတ် ရှိနေခြင်းသည် အင်မတန်ကျက်သရေရှိလှ သောကြောင့်ဖြစ်သည်။

ဖခင်ဖြစ်သူသည် နောက်ထပ်၍အိမ်ထောင်ပြုလေမလား။ ဖြစ်နိုင်စရာရှိသည်။ ဤကိစ္စနှင့်ပတ်သက်၍ ဓမ္မဓိဌာန်ကျဖို့တော့လိုသည်။ သူသည် ချစ်ခင်နှစ်သက်ဖွယ် ကောင်းသူတစ်ဦးဖြစ်သည်။ သူသည် နေအိမ်နှင့် အလှမ်းကွာဝေးနေစဉ် အမျိုးသမီးများအား လိုက်လံ၍ ပိုးပန်းနေရော့သလား။ လေယာဉ်မယ်ကလေးများကို ပိုးပန်းနေလေသလား။ အမျိုး သမီးခရီးသည်များကို ပိုးပန်းနေလေရော့သလား။ သို့တည်းမဟုတ် သူသည် ဇိမ်မယ်များနှင့် အပျော်ကျူး နေရော့သလား။ မင်းစိတ်ကူးတွေကလဲ ညစ်ညမ်းလိုက်တာ၊ ကိုယ့်ကိစ္စကိုသာ ကိုယ်တွေးစမ်းပါဟု သူ့ကိုယ်သူ ပြန်သတိပေးမိပြန်၏။

ဒါကိုယ့်ကိစ္စပဲ။ သူသာ နောက်အိမ်ထောင်ပြုခဲ့လျှင် ငါ့အတွက် မိခင်အသစ်ကျပ် ချွတ် တစ်ယောက် ထပ်ရလာမှာပေါ့ဟု သူ့ကိုယ်သူ ပြန်ဆင်ခြေပေးမိပြန်သည်။

ဂျိန်းက အသက်ပြင်းပြင်း တစ်ချက်ရှူသွင်းလိုက်၏။ ဟင့်အင်း ငါဒီကိစ္စကို နောက် ထပ် မစဉ်းစားတော့ဘူး။ တစ်ခါ ဒီကိစ္စကို နောက်ထပ်မစဉ်းစားမိအောင် နံနက်စာစားပွဲမှ

www.burmeseclassic.com

www.burmeseclassic.com



ထဲ၌ အလုပ်ရှုပ်အောင် အလုပ်လုပ်နေမှပဲဖြစ်တော့မည်။

ဂျိန်းသည် ရေချိုးပြီးနောက် အဝတ်အစားများကို လဲလှယ်ဝတ်ဆင်လိုက်၏။ သူက စားပွဲပေါ်မှ ပန်းကန်ခွက်ယောက်များအား သိမ်းဆည်းနေစဉ် အိမ်ရှေ့အဝင်လမ်းပေါ်သို့ ထရပ်ကားတစ်စီး မောင်းဝင်လာသံကြားလိုက်ရသည်။ ထိုထရပ်ကားသည် ကားဂိုဒေါင်ရှေ့၌ရပ်လိုက်ကြောင်း မီးဖိုချောင်ပြတင်းပေါက်မှ လှမ်း၍ မြင်လိုက်ရ၏။ 'တိုဘီ'က ဟောင်လိုက်သည်။

ကုန်ပဒေသာဆိုင်ဖွင့်ထားသော ဆီးယားစ် (ကုမ္ပဏီ)မှ ထရပ်ကားတစ်စီးပါကလား။

ဆီးယားစ်မှ ဝယ်ယူထားသော ပစ္စည်းများ မရှိပါ။ အိမ်မှား၍ဝင်လာခြင်းပင်ဖြစ်ရမည်။ ဤလမ်းပေါ်ရှိ နေအိမ်တစ်ဝက်ခန့်၏ အိမ်နံပါတ်များကို လမ်းပေါ်မှ လှမ်းကြည့်၍ မမြင်ရပါ။ ပစ္စည်းလာပို့သူများသည် အမြဲတမ်းလိုလို အိမ်မှား၍ဝင်လာတတ်ကြသည်။

ဂျိန်းသည် အိမ်ရှေ့တံခါးအား သွားဖွင့်မပေးမီ မီးဖိုခန်းတွင်ရှိသော ကြည့်မှန်၌ မိမိကိုယ်ကို အလိုအလျောက် တစ်ချက်လှမ်းကြည့်မိလိုက်၏။ နက်မှောင်သော ဆံပင်ခပ်တိုတိုအား လက်နှင့်တစ်ချက်သပ်သလို နှုတ်ခမ်းအား တစ်ချက်ကြည့်လိုက်မိသည်။ ချည်ရှပ်အင်္ကျီတွင် လူမြင်ကောင်းအောင် ကြယ်သီးစုံစုံစေ့စေ့ တပ်ဆင်ထားပြီးလည်းဖြစ်သည်။

ယာဉ်မောင်းပုဂ္ဂိုလ်မှာ အသားညိုသူတစ်ဦးဖြစ်ပြီး မေးဖျား၌ အမာရွတ်ကလေး တစ်ခုရှိသည်။

'၂၀၃- ဝဲလ်လင်ဝေးက မာလိုရီ နေအိမ်ပါလားခင်ဗျာ'

'မှန်ပါတယ်'

'ဖိုင်တွဲထည့်တဲ့ ဗီရိုတစ်လုံးလာပို့တာပါ ခင်ဗျာ'

'ဘာပစ္စည်း၊ မှားနေပြီထင်တယ်'

'ဖိုင်တွဲထည့်တဲ့ဗီရိုပါ၊ မှာကြားသူက'

ထိုပုဂ္ဂိုလ်သည် လက်ထဲမှစာရွက်ညှပ်ထားသော ဖိုင်တွဲအမှာစာကို ပြန်ကြည့်ရင်း. . .

'အက်စ်၊ မာလိုရီ. . .'

သူ့ အသံကခပ်ဝဲဝဲပင်။ မက်ဆီကန်လူမျိုးလား။

'အက်စ် မာလိုရီဆိုတာ ကျွန်မအဖေပဲ'

ဂျိန်းက ပခုံးကိုတွန့်လိုက်၏။

'ကောင်းပြီလေ၊ ဟုတ်ပါလိမ့်မယ်လို့ပဲ ကျွန်မ ထင်ပါတယ်၊ သူကတော့ ကျွန်မကို အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှပြောမထားဘူး'

'အဲဒီပစ္စည်းကို အထဲသွင်းတုန်း ခင်ဗျားက ခြင်လုံသံဇကာ တံခါးကိုဖွင့်ထားပေးပါလား ခင်ဗျာ'

ထရပ်ကား၏ နောက်ဘက်တွင် ဒုတိယပုဂ္ဂိုလ်တစ်ယောက်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီ၊ ရှင်တို့က အဲဒီပစ္စည်းကို စာဖတ်ခန်းထဲအထိ ပို့ပေးခဲ့ကြပါ'

ထိုပုဂ္ဂိုလ်နှစ်ယောက်က ရှည်လျားသောသေတ္တာကြီးအား သွင်းယူလာကြစဉ် ဂျိန်းက 'ခေါင်း' ကြီးနှင့်တူသည်ဟု တွေးလိုက်မိသေးသည်။

တိုဘီသည် နောက်ဖေးရှိခြံဝင်းထဲမှနေ၍ အိမ်ထဲသို့ပြေးဝင်လာ၏။ ဂျိန်းက ငြိမ်ငြိမ်နေဟု ပြောလိုက်သောအခါ ဂျိန်းအနားတွင် ဆောင့်ကြောင့်ထိုင်၍နေလေသည်။

ဧည့်ခန်းအဝင်ဝသို့ ရောက်သောအခါ ပထမပုဂ္ဂိုလ်က ပြောလိုက်သည်။

'ကျုပ်တို့ ဟောဒီအနားမှာ ခဏချထားမှဖြစ်မယ်'

'ဟောဒီမှာ၊ ဟုတ်လား'

ပထမဦးဆုံးအကြိမ် ကြောက်စိတ်ဝင်လာမိခြင်းပင်။

ထိုကိစ္စမှာ အံ့သြစရာကောင်းလောက်အောင် လျင်မြန်စွာ ဖြစ်ပွားခဲ့သည်။ သူတို့နှစ်ယောက်က ထိုသေတ္တာကြီးကို လွှတ်ချလိုက်ပြီး တံခါးကို ခြေနှင့်ကန်၍ပိတ်လိုက်ကြ၏။

တိုဘီသည် ထိုင်ရာမှခုန်ထပြီး ပါးစပ်ကိုဟ၍ ဟိန်းသံပေးလိုက်သည်။

တစ်ယောက်သောပုဂ္ဂိုလ်သည် သေနတ်တစ်လက်ကို အင်္ကျီအိတ်ထဲမှ ထုတ်လိုက်ပြီးနောက် လှမ်းပစ်လိုက်ရာ တိုဘီ၏ခေါင်းကို ထိမှန်သွားသဖြင့် ဖြူဖွေးသောနံရံတွင် သွေးချင်းချင်းနီရဲသွားသည်။ တိုဘီသည် မြင်၍ပင်မကောင်းလောက်အောင် ကြမ်းပြင်ပေါ်၌ တွန့်လိမ်ကောက်ကွေးနေပြီး သွေးအလိမ်းလိမ်းနှင့် လဲကျသွားတော့သည်။

ထိုပစ္စတိုသည် အသံသိပ်မကျယ်ပါ။ သို့သော် ကော်ဒိုက်ယမ်းနံ့သည် လေထဲ၌ ပျံ့နှံ့ပြီးကျန်ရစ်ခဲ့သည်။

ဤအဖြစ်အပျက်သည် ယုံကြည်နိုင်စရာပင် မရှိပါချေ။

ထို့နောက် ပြုတ်တူနှင့်ညှပ်လိုက်သလို သန်မာလှသော လက်ချောင်းများက ဂျိန်း၏ လက်မောင်းကို လာရောက်ဆုပ်ကိုင်သည်။

'ပြဿနာမလုပ်နဲ့ဗျာ၊ ကျုပ်တို့က ပြဿနာမလိုချင်ဘူး၊ နားလည်တယ် မဟုတ်လား'

ဂျိန်းက ငေးကြည့်နေမိ၏။ အော်ဟစ်ချင်စိတ်များသည် လည်ချောင်းထဲ၌ ဖြစ်ပေါ်လာသော်လည်း အော်ဟစ်ချိန် လုံးဝမရလိုက်ပါ။ ဂျိန်း၏ပါးစပ်ပေါ်တွင် လက်ဝါးကြီးတစ်ခုက လာ၍ဖုံးအုပ်လိုက်ပြီးနောက် ဂျိန်း၏ဦးခေါင်းကို နံရံနှင့်ဖိကပ်ထားလိုက်သည်။ မေးစေ့ပေါ်မှ အမာရွတ်နှင့်ပုဂ္ဂိုလ်သည် ဂျိန်းနှင့်အလွန်နီးကပ်စွာ ရှိနေသည်။

ထိုပုဂ္ဂိုလ်က ပြောလိုက်၏။

'ငြိမ်ငြိမ်နေစမ်း၊ ငြိမ်ငြိမ်ကလေးနေရင် အစစအရာရာ အဆင်ပြေသွားလိမ့်မယ်'

ယခုအချိန်တွင် ပစ္စတိုကို ကိုင်ထားသောပုဂ္ဂိုလ်သည် လှေကားမှတဆင့် အောက်ထပ်သို့ တမန်းကတန်းဆင်းသွားသည်။

'ခင်းတစ်ယောက်တည်းပဲလား၊ မှန်မှန်ပြောစမ်း'

ဂျိန်းက ခေါင်းညိတ်လိုက်၏။ ညာပြောရန်ဆိုသည့် ကိစ္စကို လုံးဝတွေးတောမိခြင်း

www.burmeseclassic.com

www.burmeseclassic.com



မရှိချေ။

ဂျိန်းသည် တိုဘီအလောင်းအား ငေးကြည့်နေမိ၏။ ယခုကိစ္စမှာ အမှန်တစ်ကယ် ဖြစ်ပျက်နေခြင်းပင်တည်း။ မျက်လုံးအိမ်ထဲမှ မျက်ရည်စများစီးကျလာကြောင်း ခံစားသိရှိလိုက်ရသည်။ ထိုအမျိုးသား၏ မျက်နှာမှာ 'ဝါး' သွားသည်။ အသက်ရှူသည့်အခါ ၎င်း၏ လက်ဖဝါးမှ အသား၏အနံ့အသက်ကိုပင် သိနေရသည်။ ဂျိန်းသည် ရုန်းထွက်ရန် ကြိုးစားလိုက်၏။ သို့သော်မလွယ်ကူပါ။ ဆုပ်ကိုင်ထားသော ညှစ်အားသည် လုံးဝလျော့မသွားပါ။ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လူသတ်မှုဆိုသည်မှာ ဤသို့ ဤပုံပါတကား။ ဂျိန်းနောက်ဘက်ရှိ ပန်းချီကားတစ်ချပ်သည် ချိတ်ထားသည့်နေရာမှ ပြုတ်ကျပြီး ကြမ်းပြင်ပေါ်သို့ ရောက်သည့်အခါ 'မှန်'သည် အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားသည်။

အဆိုပါအသံသည် ဂျိန်းထံမှ နောက်ဆုံးကျန်ရှိနေသေးသော ချုပ်တီးမှုသိပ်ထားရမှုအား ပေါက်ကွဲပျက်စီးသွားစေ၏။ ဂျိန်းသည် အသိစိတ်ကင်းမဲ့စွာဖြင့် ထိတ်လန့်တကြား ရုန်းကန်လှုပ်ရှားလိုက်သည်။ အတင်းအဓမ္မ ပိတ်ဆို့ထားခြင်းခံနေရသော ပါးစပ်ကို ခေတ္တခဏ လွတ်မြောက်သွားအောင် စွမ်းဆောင်နိုင်စွမ်းရှိသည်။ ဂျိန်း၏နှုတ်ဖျားမှ ဗလုံး၊ ဗထွေးနှင့် အော်ဟစ်သံများ ထွက်ပေါ်လာ၏။ ဂျိန်းက အိမ်ရှေ့တံခါးဆီသို့ ကိုယ်ကို ပစ်လှဲချရန်ကြိုးပမ်းလိုက်သည်။

ထိုလူက ဂျိန်းအား ပြန်ဖမ်းလိုက်ပြီး ပါးကို ခပ်နာနာရိုက်၍ ခေါင်းကို နံရံတွင်ဖိကပ်ထားလိုက်သည်။

'မမိုက်စမ်းပါနဲ့လေ၊ ကျုပ်တကယ်ပြောနေတာ၊ တို့က ခွေးကိုသတ်လိုက်သလို၊ မင်းကိုလဲ သတ်ပစ်လို့ရတယ်၊ ဒါပေမယ့် ဒီလိုလုပ်စရာမလိုပါဘူး၊ မင်း အဲဒါကိုတော့ နားလည်တယ် မဟုတ်လား'

ဂျိန်းက ခေါင်းညိတ်ပြလိုက်မိကြောင်း ခံစားသိရှိလိုက်ရသည်။ သို့ရာတွင် ကြောက်လန့်မှုကြောင့် ပေါ်ထွက်လာသော မျက်ရည်များအကြားမှ ထိုလူအား မြင်နိုင်စွမ်း မရှိပါ။ ဂျိန်းက ထစ်ထစ်အအနှင့် စကားပြောရန် ကြိုးပမ်းမိပြန်သည်။

'ကျွန်မမှာ ပိုက်ဆံတစ်ပြားမှမရှိပါဘူး'

ထိုလူက မကြားဟန်ဆောင်နေသည်။ ကျန်တစ်ယောက်သည် အောက်ထပ်မှ ပြန်တက်လာပြီး၊ မြေညီထပ်ရှိ အခန်းများကို လိုက်လံစစ်ဆေးပြန်သည်။ သူတို့နှစ်ယောက်သည် နားလည်နိုင်စွမ်းမရှိသော စကားလုံးများနှင့် အပြန်အလှန်ပြောလိုက်ကြ၏။

'အထဲကိုဝင်. . .'

ထိုပုဂ္ဂိုလ်က ကြမ်းပြင်ပေါ်တွင်ရှိနေသော အဖုံးကိုဖွင့်ထားပြီးဖြစ်သည့် သေတ္တာကြီးကိုညွှန်ပြ၍ ပြောလိုက်ခြင်းဖြစ်သည်။

ထိုသေတ္တာထဲတွင် မည်သည့်ပစ္စည်းမှ မရှိ ဗလာနတ္တိပင်။ စာတွေထည့်ရန် ဗီရိုလည်း ရှိမနေပါ။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီ အထဲကို ဝင်ရမှာလား. . .'

'ဟုတ်တယ်၊ အထဲကိုဝင်'

'ဘာဖြစ်လို့လဲ၊ ဘာကိစ္စလဲ. . .'

လက်ထဲတွင် ပလာစတာတစ်လိပ်ကို ကိုင်ထားသော ဒုတိယလူက ဂျိန်းအား လှမ်း၍ ဆွဲကိုင်လိုက်သော်လည်း ဂျိန်းက ကိုယ်ကိုလိမ်၍ တစ်ဘက်သို့ ရှောင်ထွက်သွားသည်။ ဤတွင် ၎င်း၏ ကတ်ဦးထုပ်ကလေး ပြုတ်ကျသွားသည်။ ထိုလူသည် ဆံပင်မရှိတော့ဟု ဆိုရအောင် ဦးခေါင်းပြောင်နေသူဖြစ်သည်။ ဂျိန်းက ထွက်ပြေးရန် ကြိုးပမ်းလိုက်၏။ ထိုဖုဂ္ဂိုလ်၏လက်က ဂျိန်း၏ပခုံးအား ဆုပ်ကိုင်လိုက်ရာ မိသွားသောကြောင့် ဂျိန်းသည်ဟန်ချက်ပျက်သွားပြီး ပြောင်ချောနေသော ကြမ်းပြင်ပေါ်တွင် ခြေထောက်ချော်သွားသည်။ ဂျိန်း၏ ဘယ်ဘက်ခြေမျက်စိ 'မျက်'သွားပြီး ချော်လဲသွားလေရာ ဂျိန်း၏လက်သည် နွေးတေးတေးပင်ရှိနေသေးသော တိုဘီ၏ ကိုယ်လုံးအား ထောက်မိလျက်သား ဖြစ်သွားတော့သည်။

ဂျိန်းသည် ပြန်ထရန် သွေးရူးသွေးတန်း ကြိုးပမ်းပြန်၏။ ဂျိန်းက ဒူးတစ်ဘက်ထောက်လိုက်မိချိန်တွင် ပါးတစ်ဘက်အား လက်သီးနှင့် အထိုးခံလိုက်ရပြန်သည်။ ဂျိန်း၏ဦးခေါင်းထဲမှ တစ်ခုခုပြုတ်ထွက်သွားပုံရပါ၏။ ဦးခေါင်းနှင့် ခန္ဓာကိုယ်သည် ဆက်လျက်သား မရှိတော့သလိုပင် ထင်ရသည်။ မျက်စိများမှုန်ဝါးရီဝေလာပြီး ခြေထောက်များ ပျော့ခွေသွားတော့သည်။

ဂျိန်းသည် လဲကျသွားစဉ် သူမိခင် မသေခင် တစ်နှစ်ခန့်က ဝါရှင်တန်ဒီစီ၌ ဝယ်ယူခဲ့သော ပန်းအိုးတင်သည့် မတ်တတ်စင်အား လှမ်းဆွဲလိုက်မိသောကြောင့် ပန်းပင်နှင့် ပန်းအိုးသည် ကြမ်းပြင်ပေါ်သို့ ကျ၍ကွဲကြေသွားတော့သည်။

'ခွေးမ'

၎င်းအား လှမ်း၍ဆုပ်ကိုင်ပြီး ဒရွတ်တိုက် ဆွဲယူသွားကြောင်း သိလိုက်ရ၏။

၎င်းတို့က ဂျိန်းအား ပတ်လက်လှန်လိုက်ရာ ဂျိန်း၏ဦးခေါင်းသည် ကြမ်းပြင်နှင့် ဒိုက်မိသွားတော့သည်။ ဂျိန်းက မျက်လုံးဖွင့်၍ ကြည့်လိုက်၏။ ၎င်း၏ ပါးစပ်ပေါ်တွင် ပလာစတာတိပ်ပြားနှင့် တင်းတင်းကျပ်ကျပ် ကပ်ထားသည်။ ထို့အတူ ဂျိန်း၏လက်ကောက်ဝတ်များအား ပလာစတာတိပ်ပြားများကိုပင် အသုံးပြု၍ ချည်နှောင်ထားသည်။

ထိပ်ပြောင်နေသောပုဂ္ဂိုလ်သည် ဂျိန်း၏ကိုယ်ပေါ်တွင် ဖွဲ့ကြည့်ရင်း ပစ္စတိုသေနတ်ကို ဂျိန်း၏မျက်နှာရှေ့၌ ဝှေ့ယမ်းပြနေသည်။

'မင်းကို နောက်တစ်ခါ ထပ်မပြောတော့ဘူး'

မျက်နှာကို တံတွေးစက်လာစဉ်သောကြောင့် ဂျိန်း မျက်တောင်တဖျပ်ဖျပ်ခပ်လိုက်မိ၏။

'ငါ့အနေနဲ့ မင်းကို မသတ်ချင်ဘူး၊ ဒါပေမယ့် မင်း နောက်ထပ် ဒုက္ခပေးလာရင်တော့ ငါ့က သတ်ရလိမ့်မယ် နားလည်တယ် မဟုတ်လား၊ တကယ်ပြောနေတာကွ'

www.burmeseclassic.com

www.burmeseclassic.com



'မလုပ်ပါနဲ့ရှင်. . .'

ပါးစပ်ကို ပလာစတာနှင့် ကပ်ထားသောကြောင့် အသံထွက်လာခြင်း မရှိပါချေ။

ထို့နောက် တစ်ယောက်က ဂျိန်း၏ခြေထောက်များအား ဆုပ်ကိုင်လိုက်သလို တစ်ယောက်က ပခုံးကို ကိုင်လိုက်ကြ၏။

မေးစေ့ပေါ်တွင် အမာရွတ်ရှိသော ပထမပုဂ္ဂိုလ်က အေးဆေးတည်ငြိမ်သော လေသံနှင့် ပြောလိုက်သည်။

'မင်းရဲ့ အိမ်နီးချင်းတွေ မရိပ်မိအောင် မင်းကို တို့က ဒီသေတ္တာထဲ ထည့်မလို့ နားလည်တယ် မဟုတ်လား၊ ဒီတော့ မင်းက တို့ကို ဒုက္ခမပေးပါနဲ့ မင်းက ရုတ်ရုတ်သဲသဲလုပ်ရင် မင်းကို တို့က သေနတ်နဲ့ ပစ်ရလိမ့်မယ်၊ တို့က မလုပ်ချင်ပေမယ့် လိုအပ်ရင်လုပ်ရမယ်၊ မင်းဟာ ရုပ်ချောတဲ့မိန်းကလေးတစ်ယောက်ပဲ၊ မင်းကို တို့က ဒီပုံစံအတိုင်း ဆက်ပြီးရှိနေစေချင်ပါတယ်၊ ဟုတ်ပြီနော်'

သူပြောပုံမှာ မျှမျှတတရှိသည်ဟုပင် ယူဆရတော့မလိုလို။ ဂျိန်းတစ်ယောက် မသေချင်သေးပါ။ အသနားခံချက်များသည် ဂျိန်း၏စိတ်ထဲ၌ တဖွားဖွားဖြစ်ပေါ်နေကြသည်။ ၎င်း၏အသက်ကို ချမ်းသာပေးကြမည်ဆိုပါက ဂျိန်းအနေနှင့် မည်သည့်ကိစ္စကိုမဆို လိုက်နာရန် အသင့်ရှိနေပေသည်။

သူတို့က ဂျိန်းအား 'မ' လိုက်ပြီး သေတ္တာထဲ၌ ထည့်လိုက်ကြ၏။ ဂျိန်း၏ ဦးခေါင်းသည် မာကျောသော ပျဉ်ပြားနှင့်ဆောင့်မိသွားသည်။

အမာရွတ်နှင့် ပုဂ္ဂိုလ်က ပြောပြန်၏။

'တို့အခု အဖုံးကို ဖုံးလိုက်မယ်၊ ထရပ်ကားဆီ ပြန်ရောက်တဲ့အထိ တစ်မိနစ်လောက်ပါပဲ၊ ထရပ်ကားထဲရောက်တဲ့အခါကျရင် တို့က အဖုံးကိုပြန်ဖွင့်ပေးမယ်လို့ ကျုပ် ဂတိပေးပါတယ်'

ထို့နောက် တစ်ကမ္ဘာလုံး မှောင်မိုက်သွားသည်။ အောင့်အီးချုပ်တီးထားခြင်းငှာ မတတ်စွမ်းနိုင်သော ထိတ်လန့်ချောက်ချားမှုသည် ခန္ဓာကိုယ်တစ်ခုလုံးတွင်ရှိသော အာရုံကြောများနှင့် ကြွက်သားများအထိ ပျံ့နှံ့ရောက်ရှိသွားကြသည်။ ဂျိန်းက အဖုံးအား တွန်းကြည့်လိုက်၏။ သို့သော် အနည်းငယ်မျှပင် မရွေ့ပါချေ။

'ဘုရားသခင် ကယ်တော်မူပါ. . . ကယ်တော်မူကြပါရှင်'

ဂျိန်း၏ ဦးခေါင်းအတွင်းမှ အော်ဟစ်နေသံကို ဂျိန်းကိုယ်တိုင် ပြန်ကြားနေရသည်။

သေတ္တာအား မ,ယူလိုက်ကြစဉ် ဂျိန်း၏ခန္ဓာကိုယ်ကြီးသည် အသက်ကင်းမဲ့နေပုံရသော အသားဆိုင်ကြီးပမာ ယိမ်းယိုင်လှုပ်ရှားပြီး သေတ္တာ၏ အတွင်းဘက်နံရံများနှင့် ထိတွေ့ရိုက်ခတ်နေသောကြောင့် ထိုအချိန်ပိုင်း၌ ဝိညာဉ်နှင့် ခန္ဓာကိုယ်သည် ခေတ္တခဏ ကင်းကွာနေကြပုံရသည်။ ထရပ်ကားအတွင်းသို့ ရောက်သောအခါ အဖုံးကို ဖွင့်ပေးပါမည်ဟုဆိုသော စကားသည် မုသားစကားသာဖြစ်ခဲ့သော် မည်သို့ရှိပါမည်နည်း။ ၎င်းတို့က ဂျိန်းအား မုဒိမ်း

www.burmeseclassic.com

www.burmeseclassic.com



တွင်ရန် ရည်ရွယ်ခဲ့သော်၊ သို့တည်းမဟုတ် အသက်ရှင်နေစဉ် အရှင်လတ်လတ် မြှုပ်နှံရန် ကြံစည်ချက် ရှိသော်၊ မည်သို့ ရှိပါမည်နည်း။ အကယ်၍အားရပါးရသာ အော်ဟစ်နိုင်ခဲ့မည်ဆိုပါလျှင်. . . သို့သော် မအော်မဟစ်နိုင်ပါ။ ထိုပုဂ္ဂိုလ်များကို ယုံကြည်ရန်သာ ရှိတော့သည်။ သူတို့ခိုင်းသမျှကို လိုက်နာဆောင်ရွက်ရုံသာရှိတော့သည်။ ထိုကိစ္စမှာ ဂျိန်း၏ တစ်ခုတည်းသော မျှော်လင့်ချက်ပင်တည်း။

ဝုန်း. . . . သေတ္တာကြီးသည် တည်တည် ငြိမ်ငြိမ် ဖြစ်သွားပြန်သည်။ ခဏအကြာတွင် ကားစက်နှိုးသံပေါ် ထွက်လာပြီး စတင်ရွေ့လျားတော့သည်။

ဘုရားသခင် ကယ်တော်မူပါ။ ဂျိန်းကို သူတို့ မေ့သွားကြလေပြီ။ ထရပ်ကားပေါ် သို့ ရောက်သည်နှင့် အဖုံးကို ဖွင့်ပေးပါမည်ဟု ကတိပေးခဲ့သည်။ သူအသက်ရှူမရပဲ မွန်းနေပေလိမ့်မည်။ ဒီသေတ္တာကလေးထဲတွင် အသက်ရှူစရာ 'လေ'က သိပ်ရှိလှသည်မဟုတ်။

ဂျိန်းသည် အဖုံးအား လက်သီးဆုပ်နှင့် ထုလိုက်၏။

ချက်ချင်းလိုလို အဖုံးပွင့်သွားသောကြောင့် အံ့အားသင့်သွားရသည်။

'မင်းက အဲဒီလိုလုပ်စရာ မလိုပါဘူး၊ သေတ္တာကို ဖွင့်ပေးမယ်လို့ တို့က မင်းကိုပြောပြီးပြီပဲ'

ကိုအမာရွတ်ပင်တည်း။

ဂျိန်းသည် လဲလျောင်းရင်းကပင် ထိုလူအား ပြန်ကြည့်နေမိ၏။ ၎င်း၏ တစ်ကိုယ်လုံးအား အမာရွတ်နှင့်ပုဂ္ဂိုလ်က ခြေဆုံး၊ ခေါင်းဆုံး လျှောက်ကြည့်နေသည်ကို သတိထားလိုက်မိသည်။ ဂျိန်းက ထထိုင်လိုက်၏။ ကိုအမာရွတ်က ဂျိန်း၏ပါးစပ်မှ ပလာစတာကို ခွာပေးလိုက်သည်။

'မအော်မဟစ်ရဘူးနော်၊ အော်ရင်၊ ဟစ်ရင် ပြန်ကပ်ရမှာပဲ။ နားလည်တယ် မဟုတ်လား'

ထရပ်ကားသည် လမ်းဆောင့်တစ်ခုတွင် ခိုးကွေ့လိုက်စဉ် အမာရွတ်နှင့် ပုဂ္ဂိုလ်သည် ထရပ်ကားကိုယ်ထည်မှ ဒေါက်တိုင်တစ်တိုင်အား လက်တစ်ဘက်နှင့် ဆုပ်ကိုင်ထားပြီး ကျန်လက်တစ်ဘက်အား ဂျိန်းထံသို့ ကမ်းပေးထားသည်။ ဂျိန်းက သူ့လက်ကို လှမ်းကိုင်လိုက်၏။ ဂျိန်းသည် သေတ္တာထဲမှထလာသောအခါ အမာရွတ်နှင့်ပုဂ္ဂိုလ်က ဂျိန်း၏လက်အား လိုအပ်သည်ထက် ပိုမိုကြာမြင့်စွာဆုပ်ကိုင်ထားသည်။

'ရှင်က မက်ဆီကန်လူမျိုးလား'

ထိုသူက ပြုံးလိုက်ပြီး ဦးခေါင်းကို ခါယမ်းလိုက်၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အခန်း( ၃ )

ဂရင်းဝစ်ချ်စံတော်ချိန် ၁၇ း ၁၁ နာရီ
ရောမမြို့ ညနေ ၇ း ၁၁ နာရီ

ဖီယူမီစီနိုလေဆိပ်သို့ လေယာဉ်မှူးမာလိုရီ ရောက်ရှိလာသောအခါ ဝါရင်ဂျေဘွန်ဂါတင်သည် ဗြိတိသျှအဲယားဝေးဂိတ်ဝတွင် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ရင်း စောင့်ဆိုင်းနေသည်။ ၎င်း၏မျက်နှာမှာ သောကကြောင့် ညှိုးနွမ်းနေသည်။

'မင်းရောက်လာလို့ ဝမ်းသာမိပါရဲ့ကွာ၊ လေယာဉ်ခရီးစဉ်ကတော့ ခုအချိန်အထိ လေးနာရီတောင် နောက်ကျနေပြီ'

မာလိုရီက နှစ်သိမ့်ပြုံးပြုံးလိုက်မိသည်။ စီမံခန့်ခွဲမှုပိုင်းမှ ပုဂ္ဂိုလ်များ သွေးပျက်နေသည်ကို မြင်ရတိုင်း ကျေနပ်စရာကောင်းသလိုလို ရှိနေသောကြောင့်ပင်ဖြစ်သည်။

'ကျုပ်ကလဲ အစောဆုံး ရရာလေယာဉ်နဲ့ လိုက်လာခဲ့တာပါပဲဗျာ'

'မှန်ပါတယ် လေယာဉ်မှူးကြီးရာ၊ ကျုပ်ကလဲ အဲဒီလိုမဟုတ်ဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး၊ အစစအရာရာကို အကောင်းဆုံးစီစဉ်ထားပြီးမှ ခုလိုဖြစ်ရလို့ပါ'

'အိုက်ဗ်တစ်ယောက် ပြန်နေကောင်းလာမှာလား'

'အိုက်ဗ်ဟုတ်လား'

ဘွန်ဂါတင်တစ်ယောက် အတော်ကလေးကြာအောင် ပြန်စဉ်းစားရသည်။

'ဪ. . . အင်း. . . အင်း. . . လူသွားလမ်းပေါ်မှာချော်လဲပြီး လက်ကျိုးသွားတယ်လို့ သိရတယ်၊ ဒီလိုအချိန်မျိုးမှာ အဲဒီလိုကိစ္စမျိုး လာဖြစ်တယ်ဆိုတာကို ဗျားကောယုံနိုင်စရာရှိရဲ့လားဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ဘွန်ဂါတင်သည် ဆိုးဆိုးရွားရွား ဖန်တီးဖြစ်ပေါ်လာသော ကံကြမ္မာအား မကျေမချမ်းဖြစ်နေပုံရသည်။

သူတို့နှစ်ယောက်သည် စံကြီလမ်းအတိုင်း လျှောက်လာခဲ့ကြ၏။

'ရဟာန်းမင်းကြီး ဒီကိုရောက်နေပြီလား'

ဘွန်ဂါတင်သည် နဖူးအား လက်နှင့်သုတ်လိုက်ပြီးနောက် ခေါင်းကို ခါယမ်းလိုက်၏။ ဆံပင်တစ်ခွေသည် ၎င်း၏ ဘယ်ဘက်မျက်စိရှေ့သို့ ကျဆင်းရောက်ရှိလာသောကြောင့်ဖြစ်သည်။

'ဟင့်အင်း. . . ခုထက်ထိတော့ မရောက်သေးဘူး၊ ကျုပ်က ဗာတီကင်ကို တယ်လီဖုန်းဆက်ပြီး ဘယ်နည်းဘယ်ပုံဖြစ်တယ်ဆိုတဲ့အကြောင်း ရှင်းပြနေရသေးတယ်၊ တစ်ကမ္ဘာလုံးက စောင့်ကြည့်နေတဲ့ကိစ္စဆိုတော့ သောက်ရမ်းရှက်ဖို့ကောင်းတာပဲ'

'သတင်းစာနဲ့ ရုပ်မြင်သံကြားဆရာတွေကကော'

'ခွေးမသားတွေ'

ဘွန်ဂါတင်က စိတ်ပါလက်ပါ ပြောချလိုက်ခြင်း ဖြစ်သည်။

'ဒီငတိတွေ လယ်ကွင်းထဲကို နွားကောင်တွေကျလာတဲ့ အတိုင်းပဲ၊ ပြီးတော့ ဆက်သွယ်ရေးအရာရှိတွေကလဲ သူတို့ကို ထိန်းမထားနိုင်ဘူး၊ ကျုပ်အပေါ်မှာချည်း စုပြုံပြီး တာဝန်ကျလာတာပေါ့လေ၊ ကျုပ်က အရာခပ်သိမ်းကို ထောင့်စေ့အောင် လိုက်ပြီး အောက်ခြေသိမ်းလုပ်နေရတာဗျ၊ ကျုပ်ကတော့ 'အလုပ်သဘောအရ အခက်အခဲကလေးတစ်ခုရှိနေတဲ့အတွက် လေကြောင်းခရီးစဉ် နောက်ကျရခြင်း ဖြစ်ပါတယ်'လို့ သတင်းထုတ်ပြန်ထားတယ်၊ အဲဒါထက်ပိုပြီး ရှည်ရှည်ဝေးဝေး ရှင်းမပြတော့ဘူး၊ ရှင်းပြဖို့လဲ စိတ်မကူးပါဘူး'

လုပ်ငန်းဆိုင်ရာ ရုံးခန်းထဲတွင် မာလိုရီသည် ၎င်း၏ လေယာဉ်အဖွဲ့သားများဖြစ်ကြသော ပထမအရာရှိ ဂျင်ဆင်နှင့် ပျံသန်းမှုဆိုင်ရာ အင်ဂျင်နီယာ နီဝါကိုစကီတို့နှင့် ဆုံဆည်းခွင့်ရရှိသည်။ မြင်ဖူး၊ တွေ့ဖူးနေသော မျက်နှာများပင်တည်း။ ဂျင်ဆင်သည် အသားခပ်လတ်လတ် ရိုးကြီးဂေါင်ဂင်နှင့် မျက်နှာထားတည်ပြီး လေးလေးနက်နက် လုပ်ကိုင်ဆောင်ရွက်တတ်သည်။ အသက်သုံးဆယ့်ငါးနှစ်ခန့် ရှိလေပြီ။ နီဝါကိုစကီကမူ ဂျင်ဆင်ထက် သုံးလေးနှစ်ငယ်ပြီး အရပ်လည်းပုသည်။ ကိုယ်လုံးကိုယ်ပေါက် ထွားကျိုင်းပြီး မျက်နှာခပ်ဝိုင်းဝိုင်းနှင့် ပေါပေါ်ပြူသူဖြစ်သည်။

မာလိုရီသည် ၎င်းတို့နှင့် ရင်းရင်းနှီးနှီး မသိကျွမ်းသော်လည်း ၎င်းတို့နှင့်တွဲ၍ အကြိမ်ကြိမ်များများ ပျံသန်းခဲ့ဖူးသည်။ လေယာဉ်ပျံသန်းမှု အချိန်ဇယားဆိုသည်မှာ ထိုကဲ့သို့ပင်ဖြစ်သည်။ ပျံသန်းမှုဆိုင်ရာ အဖွဲ့သားများသည် အမြဲတစေပြောင်းလဲနေကြသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် တစ်စုံတစ်ယောက်သော ပထမအရာရှိ သို့တည်းမဟုတ် ပျံသန်းမှုဆိုင်ရာ အင်ဂျင်နီယာနှင့် လက်တွဲ၍ ပျံသန်းခွင့်မရနိုင်ပေ။ နောက်တစ်နည်းပြောရသော် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်နှင့် လပေါင်းများ

www.burmeseclassic.com

www.burmeseclassic.com



စွာ တွဲဖက်၍ ပုံသန်းနေရတတ်ပြန်သည်။

လေယာဉ်မှူးများသည် အချင်းချင်း ပြောလေ့ပြောထရှိသော ပဋိသန္ဓာရစကားများကို ပြောဆိုလိုက်ကြသည်။ ထို့နောက် ဘွန်ဂါတင်က ကြေငြာလိုက်၏။

'ခင်ဗျားတို့အားလုံး နာရီဝက်ကြာရင် အစည်းအဝေးခန်းထဲကို လာခဲ့ကြဖို့ ဖိတ်ခေါ်ပါတယ်၊ ကျန်တဲ့လေယာဉ်အဖွဲ့သားများကိုလဲ အသိပေးပြီးပါပြီ၊ အချင်းချင်းတွေ့ကြ ဆုံကြတဲ့ပွဲကလေးပါ၊ ဒီလိုခရီးစဉ်မျိုးမှာ ခုလိုဆုံတွေ့ကြရပြီး ပြောခွင့် ဆိုခွင့်ရကြဖို့ မေးခွင့်မြန်းခွင့်ရကြဖို့ သိပ်ကိုအရေးကြီးပါတယ်၊ မိမိထမ်းဆောင်ကြရမယ့် အလုပ်တာဝန်ကို လူတိုင်းတစ်ပြေးညီ သိထားကြဖို့ လိုပါလိမ့်မယ်။'

စိမ်ခန့်ခွဲရေးပိုင်းမှ စကားနှစ်ခွ ပြောနည်းမျိုးပင်တည်း။ ၎င်းတို့ ထမ်းဆောင်ကြရမည့် တာဝန်မှာ ရှင်းလှပါသည်။ သူတို့လူစုသည် ဆန်ဖရန်စစ္စကိုသို့ ရောက်ရှိသည်အထိ လေယာဉ်ပျံတစ်စီးကို မောင်းနှင်ပေးကြရမည်ဖြစ်ပြီး အင်မတန်အရေးပါ၍ အထူးကျော်ကြားလှသော ပုဂ္ဂိုလ်တစ်ဦးအပါအဝင် ခရီးသည်တစ်ရာ၊ နှစ်ရာခန့်ကို တာဝန်ယူ၍ ပြုစုစောင့်ရှောက်သွားကြရမည်ဖြစ်သည်။ ဤလေကြောင်းခရီးစဉ်မှာ သာမန်ခရီးစဉ်တစ်ခုပင်ဖြစ်သော်လည်း ဂရုစိုက်နည်းကသာ ထူးထူးခြားခြား ကွဲပြားနေခြင်းဖြစ်သည်။

'ဒီမှာ လေယာဉ်မှူးကြီး'

ဘွန်ဂါတင်က မာလိုရီ၏ လက်မောင်းကို လက်နှင့်တို့လိုက်၏။

'ကျုပ်နဲ့ ခဏလိုက်ခဲ့စမ်းပါ၊ ခင်ဗျားကို မစ္စတာကာဆင်နဲ့ ဆုံပေးချင်လို့ပါ'

'သူက ဘယ်သူပါလိမ့်'

'လမ်းခရီး လုံခြုံရေးအတွက် လိုက်လာမယ့် ထောက်လှမ်းရေးအဖွဲ့ကပါ'

မာလိုရီက ခေါင်းညိတ်လိုက်၏။ အံ့ဩစရာတော့မဟုတ်ပါ၊ နာမည်ကျော်ပုဂ္ဂိုလ်များလေကြောင်းဖြင့် ခရီးသွားလာကြသည့်အခါ ထောက်လှမ်းရေးပုဂ္ဂိုလ်များသည်လည်း အတူတကွ စီးနင်းလိုက်ပါလာတတ်ကြသည်။

ကာဆင်ဆိုသူမှာ သန်မာထွားကျိုင်းသူ တစ်ဦးဖြစ်ပြီး အားကိုးလောက်သူဟု ထင်ရသည်။ ရင်းနှီးနှစ်လိုဖွယ်ရာအပြုံးနှင့် အားရပါးရ လက်ဆွဲနှုတ်ဆက်တတ်သူလည်း ဖြစ်သည်။

'ခင်ဗျားနဲ့ တွေ့ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ် လေယာဉ်မှူးကြီးခင်ဗျာ'

အစစအရာရာ ခင်ခင်မင်မင်၊ ရင်းရင်းနှီးနှီးပင်။ တကယ့်တကယ်တွင်မူ မစ္စတာကာဆင်သည် မာလိုရီ၏ မျက်နှာပေါ်၌ သံသယဖြစ်စရာ အရိပ်အခြည်များ ရှိမရှိ လိမ္မာပါးနပ်စွာ စေ့စေ့စပ်စပ် လေ့လာနေခြင်းဖြစ်သည်။ (လေယာဉ်)ဝန်ထမ်းများအား အချိန်ကပ်၍ လူချင်းပြောင်းလဲမှုမျိုးကို ထောက်လှမ်းရေး ဝန်ထမ်းများက မလိုလားတတ်ကြချေ။ ထိုကိစ္စမျိုးအတွက် ၎င်းတို့အပေါ်၌ အပြစ်တင်စရာအကြောင်းလဲ မရှိပါချေ။ အိုက်ဗ်နှင့် မာလိုရီ ပြောင်းလဲမှုကြောင့် ထိပ်ပိုင်းတွင် ကမန်းကတန်းဦးစားပေး၍ ဆွေးနွေးရမှုများနှင့် ကိုယ်ရေးသမိုင်း မှတ်တမ်း၊ မှတ်ရာများအား အဆောတလျင် စစ်ဆေးရမှုမျိုး မလွဲမရှောင်ရှိရမည်သာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဤကိစ္စကို သိနှင့်ထားသော မာလိုရီသည် ရှုံ့တုံ့ရှုံ့တန်း ဖြစ်နေသည်။ သို့သော် ကာဆင်က အပြုံးပန်းဝေနေဆဲပင်။

'ကျုပ်တို့ဘက်က ငါးဦးလိုက်လာပါ့မယ်၊ ကျုပ်ရယ်၊ မက်ဒေါ်၊ ဂရင်း၊ ဂျိုးဇက်နဲ့ မက်ဒေါ်နယ်၊ ကျုပ်တို့က လေယာဉ်ပျံပေါ်မှာ ဖြန့်နိုင်သမျှ ဖြန့်ပြီးနေရာယူချင်ပါတယ်၊ ခင်ဗျားသဘောတူမယ်ဆိုရင် ကျုပ်က လေယာဉ်ပျံဦးပိုင်းက ထိုင်ခုံအပိုမှာ ထိုင်ပြီးလိုက်ချင်ပါတယ်'

'ဖြစ်ပါတယ်'

'ဂရင်းနဲ့ မက်ဒေါ်တို့က ပထမတန်းက ထိုင်ခုံတွေမှာ ဝင်ထိုင်ကြလိမ့်မယ်၊ တစ်နည်းပြောရရင် ရဟန်းမင်းကြီးရဲ့ အဖွဲ့နဲ့အတူတူ လိုက်လာကြလိမ့်မယ်၊ အဲဒီကိစ္စကို ဗာတီကင်နန်းတော်နဲ့ ညှိနှိုင်းထားပြီးပါပြီ'

မာလိုရီက ရိုးရိုးသားသားပင် ဝင်မေးလိုက်၏။

'အဲဒီကိစ္စကို မစ္စတာဘွန်ဂါတင်နဲ့ရော ညှိနှိုင်းပြီးပါပြီလား'

ဘွန်ဂါတင်က ထိုကိစ္စကို ထောက်လှမ်းရေးအဖွဲ့က ၎င်းနှင့် ဆွေးနွေးညှိနှိုင်းပြီးဖြစ်ပါကြောင်း လေးလေးနက်နက်ဝင်ဖြေသည်။ ကာဆင်က ဆက်ပြောပြန်၏။

'ဂျိုးဇက်နဲ့ မက်ဒေါ်နယ်တို့ကတော့ ရိုးရိုးတန်းက လိုက်လာကြလိမ့်မယ်၊ တစ်ယောက်က ရှေ့ဘက်မှာ နေရာယူပြီး၊ တစ်ယောက်က နောက်ဘက်မှာထိုင်လိမ့်မယ်၊ ပြီးတော့လဲ ကျုပ်တို့ဆီမှာ အသုံးဝင်တဲ့ ဆက်သွယ်ရေးကိရိယာတွေ ပါလာပါတယ်၊ ခင်ဗျားက ဟောဒါကိုတော့ စိတ်ဝင်စားလိမ့်မယ်လို့ ယူဆပါတယ်'

မစ္စတာကာဆင်သည် လက်ကြယ်သီးကို ဖြုတ်လိုက်ရာ လက်ကောက်ဝတ်တွင် ပလာစတာနှင့် ကပ်ထားသော စကားပြောခွက်အသေးစားကလေး တစ်ခုပေါ်ထွက်လာသည်။

'ဝါယာကြိုးကတော့ လက်မောင်းအတိုင်း အပေါ်တက်သွားပြီး ကျောဘက်က ခါးမှာ ပလာစတာနဲ့ကပ်ထားတဲ့ အသံလွှင့် အသံဖမ်းစက်အသေးစားကလေးဆီအထိ ဆက်သွယ်ထားတယ်၊ နေရထိုင်ရတာခက်ပေမယ့် တစ်ခါတစ်လေကျတော့ အသုံးဝင်တယ်'

ထို့နောက် မစ္စတာကာဆင်က ညာဘက်နားရွက်ကို လက်ညှိုးထိုး၍ ပြလိုက်ပြန်၏။

'ခင်ဗျားကတော့ ကျုပ်ကို နားလေးတယ်လို့ထင်မှာပဲ၊ ဒီပစ္စည်းကလေးကို နားရွက်မှာ တပ်ဆင်ထားပေမယ့် တစ်ခြားဝန်ထမ်းတွေဆီက ပို့တဲ့သတင်းတွေကိုပဲ ကြားရမှာပါ၊ ကျုပ်တို့ ငါးယောက်စလုံးဟာ လေယာဉ်ခရီးစဉ်တစ်လျှောက်လုံး တစ်ယောက်နဲ့တစ်ယောက် အဆက်မပြတ်ဆက်သွယ်မှု ရှိနေကြမှာပါ၊ ပြီးတော့လဲ ကျုပ်တို့ဆီမှာ လက်နက်ကိုယ်စီ ပါလာကြပါတယ်'

'ဘယ်လို လက်နက်မျိုးပါလိမ့်'

'အခေါင်းပွ ခဲကျည်ဖူးနဲ့ ပစ်ခတ်မယ့် ၃၅၇ မက်ဂနမ် အမျိုးအစားခြောက်လုံး

www.burmeseclassic.com

www.burmeseclassic.com



ပြုနေတွေပါ'

မာလိုရီက မဲ့လိုက်၏။ ကာဆင်က အင်မတန် ပျော်တတ်၊ ရွှင်တတ်ပုံရသော ဥပဒေဘက်တော်သားတစ်ယောက်၏ အပြုံးမျိုးနှင့် ပြုံးပြလိုက်သည်။

မာလိုရီသည် ၎င်း၏ လေယာဉ်ပျံပေါ်တွင် လက်နက်ငယ်မျိုးစုံ ပါရှိလာသော အချိန်မျိုး၌ နေမထိထိုင်မသာ ဖြစ်လေ့ရှိသူတစ်ဦးဖြစ်သည်။ သူက ပြန်မေးလိုက်၏။

'ဒီခရီးစဉ်မှာ ပြဿနာပေါ် ပေါက်လာလိမ့်မယ်လို့ ခင်ဗျားက မျှော်လင့်မထားဘူး ထင်ပါရဲ့ ခြိမ်းခြောက်တာတွေ၊ အလားတူကိစ္စမျိုးတွေ ရှိလို့လား'

မစ္စတာကာဆင်က ပခုံးကိုတွန့်လိုက်သည်။

'ခြိမ်းခြောက်မှုဆိုတာမျိုးကတော့ အမြဲတမ်းလိုလို ရှိတတ်ပါတယ်လေ၊ ကျုပ်တို့က ဘာအနှောင့်အယှက်မှ မဖြစ်အောင် ဂရုစိုက်ကြဖို့ပါ'

'ပစ်တာ၊ ခတ်တာတွေ ဖြစ်လာရင်တော့ ကျုပ်ကလဲ ကြမ်းပေါ် မှာဝပ်ပေးပါ့မယ်လေ'

မစ္စတာကာဆင်က တဟား. . . ဟား ရယ်လိုက်၏။

'မဟုတ်ပါဘူးဗျာ၊ ခု ခရီးစဉ်ကတော့ ငြိမ်းချမ်းသာယာတဲ့ခရီးစဉ် ဖြစ်ပါလိမ့်မယ်၊ ကျုပ်အတွက် အခက်ခဲဆုံး ပြဿနာတစ်ရပ်ကတော့ လမ်းတစ်လျှောက်လုံး အိပ်မငိုက်အောင် နေနိုင်ဖို့ပဲဗျို့. . . .၊ ကျုပ်တို့ ဘယ်လောက်လောက်ကြာကြာစီးရမှာလဲ'

'ကွန်ပျူတာကတော့ ၁၂ နာရီနဲ့ (၆) မိနစ်လို့ ဆိုတာပဲ'

ဂျက်လေယာဉ် ပျံသန်းမှုတွင် စိတ်ပါဝင်စားသော မစ္စတာ ကာဆင်က 'လောင်စာဆီ မည်မျှကုန်မည်နည်း' ဟု ထပ်မေးသည်။ မာလိုရီက ပြန်ဖြေလိုက်၏။

'ကျုပ်တို့က တိုင်ကီမှာ ဆီအပြည့်နဲ့ စပြီး ပျံသန်းမှာပါ၊ ဆိုလိုတာကတော့ ဂါလန် ၄၇၀၀၀ ထက် နည်းနည်းပိုလိမ့်မယ်၊ ဒါပေမယ့် ကုန်မယ့်လောင်စာဆီကို ကြိုတွက်ထားတာကတော့ ဂါလန် ၃၇၂၀၀၊ ပိုရင် ဂါလန်ဝက်၊ လိုရင် ဂါလန်ဝက်ပါပဲ'

သဘောတွေ့သွားသော မစ္စတာကာဆင်က 'သောက်ရမ်းပါပဲလား'ဟု ပြောလိုက်၏။ ပြီးမှ နှစ်လိုဖွယ်ရာအပြုံးနှင့် ထပ်မံဖြည့်စွက်လိုက်သည်။

'ကဲ. . . လေယာဉ်မှူးကြီး. . .၊ ခင်ဗျားရဲ့အချိန်တွေကို ကျုပ်က ထပ်မဖြုန်းတော့ပါဘူးဗျာ၊ လေယာဉ်ပျံပေါ် ရောက်တဲ့အခါကျတော့ တစ်ခြားခရီးသည်တွေလို ကိုယ့်အလုပ်ကိုပဲ ကိုယ်အာရုံစိုက်ပါ့မယ်'

'ပြဿနာ မပေါ်ခဲ့ရင်ပေါ့လေ'

မစ္စတာကာဆင်က ဖြေလိုက်၏။

'မရှိနိုင်ပါဘူးဗျာ၊ ကျုပ်ရဲ့ ရိုးတွင်းခြင်ဆီထဲကကို လှိုက်တက်လာပြီး သိနေတာပါ၊ ငြိမ်းချမ်းသာယာပြီး အင်မတန်ကောင်းမဲ့ခရီးစဉ်ပါ၊ ကျုပ်ဆိုလိုတာက ရဟန်းမင်းကြီးကို အန္တရာယ်ပြုလောက်အောင် ရူးတဲ့လူ ရှိနိုင်ပါ့မလားဗျာ'

မာလိုရီကိုယ်တိုင်ကလည်း ထိုမေးခွန်းကိုပင် ပြန်မေးနေမိသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



တာန္တနိစကျွိုင်းယားတစ်ယောက် ဒေါသူပုန်ထနေသည်။

'ကျုပ်ကတော့ ပထမတန်းထိုင်ခုံကို ရမှဖြစ်မယ်'

ဦးနှောက်ခြောက်နေသော ထရန့်စ်အမေရိကန်လေကြောင်း ကုမ္ပဏီကိုယ်စားလှယ်က ခေါင်းကိုသာ ခါပြနိုင်တော့သည်။

'ကျွန်တော် သိပ်ကိုဝမ်းနည်းပါတယ် မစ္စတာစကျွိုင်းယား . . . တကယ်ဝမ်းနည်းတာပါ၊ ဒါပေမယ့် ပထမတန်း အခန်းတစ်ခန်းလုံးကို ပုပ်ရဟန်းမင်းကြီးနဲ့ အဖွဲ့အတွက် သီးသီးသန့်သန့် သတ်မှတ်ပေးထားပါတယ်'

ဩဇာတိက္ကမနှင့် ပြည့်စုံလှသောလေသံဖြင့် မစ္စတာစကျွိုင်းယားက ကိုယ်စားလှယ်ကို ပြန်ပြောလိုက်သည်။

'ခင်ဗျားက အဲဒီကိစ္စကို ထပ်ခါတလဲလဲ ပြောပြနေစရာ မလိုပါဘူး၊ တစ်ကြိမ်ပြောရင် သဘောပေါက်ပါတယ်၊ အဲဒီလို သဘောမပေါက်တာဟာ ဟောဒီ လေကြောင်းကုမ္ပဏီပဲ'

'မှန်ပါတယ်ခင်ဗျာ၊ ဒါပေမယ့် ဆရာ့ကို ဘယ်လိုနည်းနဲ့မှ မကူညီနိုင်ပါဘူး ခင်ဗျာ'

'ကျုပ်က ခင်ဗျားတို့ရဲ့ လေကြောင်းခရီးစဉ်နဲ့ မကြာခဏ ခရီးသွားနေတဲ့လူ၊ ကျုပ်က အထူးအခွင့်အရေးတွေကို ရဖို့မမျှော်လင့်ပေမယ့်၊ ခင်ဗျားတို့ ကုမ္ပဏီအပေါ်မှာ ယုံကြည်အားထားလို့တော့ ရတန်ကောင်းရဲ့လို့ မျှော်လင့်မိတယ်၊ ကျုပ်ဘယ်သူလဲဆိုတာ ခင်ဗျားသိရဲ့လား'

'သိပါတယ်ခင်ဗျာ၊ ဆရာက ရုပ်ရှင်မင်းသားကြီး တာန္တနိစကျွိုင်းယားပါ၊ ဆရာ့ ရုပ်ရှင်ကားတွေကို ကျွန်တော် အများကြီးကြည့်ဖူးပါတယ်၊ နောက်ဆုံး ကားထဲမှာဆိုရင် အင်မတန်ဒေါသကြီးတဲ့ ပရိုဖက်ဆာကြီးအဖြစ် သရုပ်ဆောင်. . . .'

'အဲဒါက သရုပ်ဆောင်တာသက်သက်ပါ၊ ကျုပ်က ဘယ်နေရာမျိုးမှာမဆို သရုပ်ဆောင်လို့ရတယ်၊ တချို့ သရုပ်ဆောင်တွေကတော့ ခရီးသွားနေရရင် သိပ်ကျေနပ်ကြတယ်၊ ဇာတ်လိုက်မှန်း လူသိတာကို သိပ်သဘောကျကြတယ်၊ ထပ်ခါတလဲလဲ မေးတဲ့မေးခွန်းတွေဖြေနေရတာကို ကျေနပ်နေကြတယ်၊ အော်တိုဂရပ်စာအုပ်တွေမှာ လက်မှတ်ထိုးပေးနေရတာကို ဂုဏ်ယူနေကြတယ်၊ ကျုပ်ကတော့မကြိုက်ဘူး၊ သိပ်ကိုမုန်းတယ်၊ အဲဒါကြောင့် မလွှဲမရှောင်သာ ခရီးသွားရပြီဆိုရင် ပထမတန်းကပဲ ခရီးသွားလေ့ရှိတယ်၊ ဒါကြောင့် ကျုပ်က ပထမတန်းလက်မှတ်ကို တောင်းနေတာပဲ'

'ဆရာ ပိုပေးထားတဲ့ငွေကို ငွေသားနဲ့ ချက်ချင်းပြန်အမ်းပါ့မယ်'

'ငွေမလိုချင်ဘူးကွ၊ ပထမတန်းလက်မှတ်ပဲ လိုချင်တယ်'

'အဲဒါကတော့ ဖြစ်ကိုမဖြစ်နိုင်ပါဘူး ခင်ဗျာ၊ တောင်းပန်ပါတယ်'

မင်းသားကြီးက သက်ပြင်းချလိုက်၏။

'လေယာဉ်ပျံတစ်စီးလုံး လူပြည့်နေပြီ ထင်ပါရဲ့'

'ဟုတ်ပါတယ် ခင်ဗျာ၊ တစ်စီးလုံးနီးပါးပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ကျုပ်အတွက် ထိုင်ခုံတစ်တန်းလုံး မရနိုင်တော့ဘူးပေါ့'

'မရနိုင်ပါဘူး ခင်ဗျာ'

သက်ပြင်းတစ်ချက် ချလိုက်ပြန်၏။

'ဒါဖြစ်ရင် ဆေးလိပ်သောက်ခန်းထဲမှာ တစ်နေရာ စီစဉ်ပေးပါ'

လေကြောင်း ကုမ္ပဏီ၏ ကိုယ်စားလှယ်က မျက်ခုံးကို ချီလိုက်မိပြန်၏။

'ဆေးလိပ်သောက်တဲ့ အခန်းထဲမှာလဲ နေရာပြည့်နေပါပြီ ဆရာ'

'ကောင်းပြီ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ရုံးချုပ်ကိုတိုင်ရလိမ့်မယ် မင်းကိုတော့ ငါ အပြစ်မတင်ပါဘူး၊ ဒါ မင်းအပြစ်လဲ မဟုတ်ပါဘူး၊ မင်းအနေနဲ့ အထက်ကပေးတဲ့ အမိန့်ကို လိုက်နာရုံသက်သက်ပဲ၊ ဒါပေမယ့် (နူးရင်းဘတ်ခ်*)မှာလဲ အဲဒီလို ဆင်ခြေပေးခဲ့ကြတာပဲကွ'

'ခင်ဗျာ. . .'

အထိတ်အလန့် ဖြစ်သွားသော ကိုယ်စားလှယ်က ပြန်ဖြေလိုက်သည်။

'ထရန့်စ် အမေရိကန်လေယာဉ်ပျံတွေဟာ နူရင်းဘတ်ခ်ကို မသွားကြပါဘူးခင်ဗျာ'

❑

လူအုပ်ကြီး လာရောက်စုဝေးနေသည်မှာ နာရီပေါင်းများစွာ ကြာမြင့်ခဲ့လေပြီ။ အချို့သော အုပ်စုများက လေယာဉ်ပျံပေါ်သို့ တက်ရန် ရဟန်းမင်းကြီး ကြွလာတော်မူသော အခါ နီးနီးကပ်ကပ် ဖူးမြော်ခွင့်ရရှိအောင် လေယာဉ်ကွင်းဘေးနားတွင် ယမန်နေ့တစ်ညလုံး လာရောက်၍ စခန်းချနေထိုင်ခဲ့ကြသည်။

ဤကိစ္စမှာ အလွန်ကြီးကျယ်သော အခမ်းအနားကြီး တစ်ခုဖြစ်သည်။ နောက်ကျမှု ဖြစ်ပေါ်လာရသည်မှာ အလွန်ဝမ်းနည်းစရာ ကောင်းလှသည်။ ထိုလူစုက မည်သည့်အချိန်တွင် လေယာဉ်ပျံထွက်မည်နည်းဟု ရဲသားများအား ထပ်တလဲလဲ မေးနေကြသည်။ သို့သော် မည်သူကမျှ သိကြဟန်မပေါ်။

ရဲသားများ၏ အဖြေကမူ. . . .

'လုံခြုံရေးအတွက် မည်သည့်နည်းနှင့်မှ မဖြေနိုင်ပါ' ဟူ၍ ဖြစ်သည်။

'ဒီနေ့ ညနေပိုင်း၊ တစ်ချိန်ချိန်တော့ ဖြစ်မှာပေါ့နော်'

'အဲဒါကတော့ သေချာတယ်'

'ဘုန်းတော်ကြီးမားလှသော ရဟန်းမင်းကြီးဟာ ဒီနေရာကကြွလာတော်မူမှာ မဟုတ်လား'

---

*(ဒုတိယကမ္ဘာစစ်အတွင်းက စစ်တရားခံများအား ခုံရုံးတင်၍ စစ်ဆေးသော အနောက်ဂျာမနီနိုင်ငံမှ မြို့တစ်မြို့)

www.burmeseclassic.com

www.burmeseclassic.com



'သိပ်သေချာတာပေါ့'

လေယာဉ်ပျံကွင်း၏ အနေအထားကို သိထားသူများကမူ အထူးအရေးကြီး ပုဂ္ဂိုလ်များသာ အသုံးပြုလေ့ရှိသော ဂိတ်ဝနားတွင် နေရာယူထားကြသည်။

❑

ထရန့်စ်အမေရိကန်လေကြောင်းကုမ္ပဏီ၏ လေဆိပ်ရုံးခန်းထဲရှိ တယ်လီပရင်တာ (လက်နှိပ်)စက် ခြောက်လုံးသည် တစ်ချက်ချက်အော်မြည်ရင်း ဖဲကြိုးသဏ္ဌာန် အဝါရောင် စာရွက်ရှည်များကို အဆက်မပြတ် အန်ထုတ်ပေးနေကြသည်။ ထိုရုံးခန်း၏နောက်ဘက်ရှိ မှန်ပြတင်းပေါက်မှတဆင့် လှမ်းမြင်နေရသော ရဟန်းမင်းကြီး လိုက်ပါစီးနင်းမည့် လေယာဉ် ပျံကြီးသည် အဆင်သင့်စောင့်ဆိုင်းနေသည်။ အလွန်လှပပြီး ကျက်သရေရှိလှသော ၇၄၇ ဂျမ်ဘို ဂျက်လေယာဉ်ကြီး၏ သတ္တာကိုယ်ထည်သည် ဝင်လုဆဲဆဲ နေရောင်ခြည်အောက်တွင် တောက်ပပြောင်လက်နေသည်။ ရှည်လျားသော ကော်ဇောနီကြီးသည်လည်း နေသားတကျ ရှိနေလေပြီ။ ရာသီဉတုကလည်း သာယာသည်။ လက်ရှိအခြေအနေအရ ရဟန်းမင်းကြီး သည် လေယာဉ်ပျံပေါ် သို့မြင်မြင် ထင်ထင်တက်ရောက်နိုင်မည် ဖြစ်သလို ဓာတ်ပုံဆရာများ အနေနှင့်လည်း (ကောင်းကောင်း မွန်မွန်) ဓာတ်ပုံရိုက်ခွင့် ရကြလိမ့်မည်သာ။

ထရန့်စ်အမေရိကန်လေကြောင်းကုမ္ပဏီ၏ ဒေသဆိုင်ရာမန်နေဂျာသည် လျော့ လျည်းလျည်းပြုံးလိုက်ရင်း ခရီးစဉ်(နှင့်သက်ဆိုင်သော စာရွက်စာတမ်းများပါရှိသည့်) မှတ်တမ်း(စာတွဲ)ကို မာလိုရီအား ပေးအပ်လိုက်ပြီးနောက် ထမင်းဟင်းလျာများ၊ အဖျော်ယမ ကာများ၊ ဆပ်ပြာများ၊ ရေအိမ်သုံးစက္ကူများနှင့် အခြားကုန်ပစ္စည်းများအား လေယာဉ်ပျံ ပေါ် သို့ တင်ပေးနေသည်ကို ကြီးကြပ်ကွပ်ကဲပေးရန် ကမန်းကတန်း ပြန်လည်ထွက်ခွာ သွားတော့သည်။ အထူးသဖြင့် လောင်စာဆီများကို စနစ်တကျ ဖြည့်တင်းပေးရန်နှင့် ခရီး သည်များ စီးနင်းလိုက်ပါမည့် ထိုင်ခုံနေရာများသည် စနစ်တကျနှင့် အဆင်သင့် ရှိမရှိကို ကြီးကြပ်ကွပ်ကဲမှုပေးရန် အထူးလိုအပ်ပေသည်။

ရုံးခန်းရှိ ကောင်တာစားပွဲတွင် လေယာဉ်မှူး မာလိုရီနှင့် ဂျင်ဆင်တို့သည် ပျံသန်းရေး အစီအစဉ်ဇယားကို လေ့လာနေကြသည်။ ၎င်းတို့၏ ဂျက်လေယာဉ်ပျံကြီးသည် ရောမမြို့မှ ဆန်ဖရန်စစ္စကိုမြို့သို့ ပျံသန်းရာတွင် လေယာဉ်ပျံကြီး၏ အလေးချိန်သည် တဖြည်းဖြည်းနှင့် လျော့နည်းလာမည် ဖြစ်သလို လေကြောင်းပြောင်းလဲမှုများနှင့် အပူချိန်ပြောင်းလဲမှုများ အမြဲတစေ ဖြစ်ပေါ်နေသော မိုင် ၇၀၀၀ ခန့်ကွာဝေးသည့် ခရီးရှည်ကြီးကို ဖြတ်သန်းလာရ လိမ့်မည်ဆိုသော အခြေခံအချက်အလက်များပေါ် တွင် မူတည်၍ ကုမ္ပဏီပိုင် **IBM 370 168** ကွန်ပျူတာကြီးက တွက်ချက်ပေးခဲ့ခြင်း ဖြစ်သည်။

ကွန်ပျူတာက အန်ထုတ်ပေးလိုက်သော စာရွက်ရှည်ကြီးပေါ် တွင် လေယာဉ်ပျံကြီး

www.burmeseclassic.com

www.burmeseclassic.com



သည် ဆင်းသက်ရမည့် နေရာသို့ ရောက်ရှိသောအခါ ဆိုတိုင်ကီများထဲ၌ ကျန်ရှိနေဦးမည့် လောင်စာဆီပမာဏ၊ စတင်ပျံသန်းချိန်နှင့် ဆင်းသက်မည့်အချိန်တို့၌ အသီးသီးရှိနေမည်ဖြစ်သော အလေးချိန်များ၊ လမ်းခရီးတွင် လျော့နည်း၊ ကုန်ခန်းသွားမည့် လောင်စာဆီပမာဏ၊ ပျံသန်းရန်ကြာမြင့်မည့် အချိန်ကာလ၊ လေတိုက်ခတ်မှုကြောင့် ပေါ်လာမည့် အကျိုးသက်ရောက်မှုနှင့် လမ်းခရီးတွင်မျှော်လင့်ရမည့် (ရာသီဥတု)အပူအအေး စသည်တို့ကို ဖော်ပြထားသည်။

မာလိုရီသည် ဝါရင့်လေယာဉ်မှူး အများစု၏ပုံစံအတိုင်း ကွန်ပျူတာက တွက်ချက်ပေးသော ပျံသန်းရေးအစီအစဉ်ဇယားအား အစပထမပိုင်းတွင် အယုံအကြည် မရှိခဲ့သော်လည်း များမကြာခင် ကွန်ပျူတာဟောကိန်းသည် မှန်ကန်ကြောင်းသိလာရသည်နှင့်အမျှ ယုံကြည်မှုလည်း ရှိလာခဲ့သည်။

မာလိုရီသည် မိုးလေဝသ အစီရင်ခံစာကို ဆက်လေ့လာလိုက်၏။ ရာသီဥတု အနေအထားမှာ ကောင်းမွန်နေသောကြောင့် ရဟန်းမင်းကြီးအား ဆန်ဖရန်စစ္စကိုသို့ ရောက်ရှိ သည်အထိ ချောမွေ့အေးချမ်းစွာ မောင်းနှင်၍ ပို့ပေးနိုင်ဖွယ်ရှိသည်။

'ကောင်းပုံရပါတယ်. . .'

မာလိုရီက နှစ်ခြိုက်ဟန်ဖြင့် ခပ်တိုးတိုး ရေရွတ်လိုက်၏။

ဂျင်ဆင်တုမှ လေးလေးနက်နက် ခေါင်းညိတ်လိုက်၏။

'ကောင်းပါပြီ၊ ကျွန်တော်က လေကြောင်းကြီးကြပ်ရေးဌာနကို တင်ပြအစီရင်ခံလိုက်ပါ့မယ်'

❑

လေကြောင်းခရီးစဉ်အမှတ် ၉၀၁ ၏ ပထမအရာရှိ ကလစ်ဖို့ဂျင်ဆင်သည် တယ်လီဖုန်းစကားပြောရုံ ဘေးကာမှန်အား စိတ်မရှည်ဟန်ဖြင့် တဒေါက်ဒေါက် ခေါက်နေမိသည်။ 'ကြာလိုက်တာ. . . သူ့အတွက် အချိန်သိပ်မရှိပါ' နောက်ဆုံးတွင်မှ (ဇနီးဖြစ်သူ) ဂင်နီ၏ အသံကို ကြားရတော့သည်။

'ကလစ်ဖ် မဟုတ်လား. . .'

'ဟုတ်တယ်၊ ဘာထူးလဲ. . .'

'သူ ပြန်ရောက်လာပြီ. . .'

ကလစ်ဖ်၏ နားထဲ၌ ထိုကဲ့သို့ပင် ကြားလိုက်ရသည်ဟုထင်မိသည်။

'အားလုံး အဆင်ပြေရဲ့လား၊ သူပြန်ရောက်လာပြီလို့ မင်းပြောတာ မဟုတ်လား'

'ဟုတ်ပါတယ်. . .'

ဂျင်ဆင်က သက်ပြင်းချလိုက်မိ၏။ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်ဝါပဲ

www.burmeseclassic.com



သေး . . . ။

'ခုတစ်ကြိမ် သူက ဘယ်ကို ထွက်သွားရပြန်တာလဲ'

'ဆီတဲလ်ရဲအဖွဲ့က လှမ်းဆက်သွယ်တာ. . . '

'ဘာပြောတယ်'

'သူက ကနေဒါကို သွားမယ်လို့ ဆီတဲလ်ရဲအဖွဲ့ကို ပြောတယ်တဲ့'

ဘုရားသခင် ကယ်တော်မူပါ။ ပြော၍ပင် ယုံနိုင်ဖွယ်မရှိသော ချာတိတ်ပါကလား။

'ဒီကောင် ဘယ်မှာလဲ၊ ကိုယ် သူနဲ့ စကားပြောချင်တယ်'

'အိပ်ပျော်နေပြီ ကလစ်ဖ်၊ ခုလေးတင် ကျွန်မ သူ့ကိုကြည့်ခဲ့သေးတယ်'

'ခုတင်နဲ့တွဲပြီး လက်ထိပ်ခတ်ထားလိုက်ကွာ'

'ဘာပြောတယ်'

တယ်လီဖုန်းလိုင်းတွင် အနှောင့်အယှက်များ ဝင်လာသောကြောင့် သဲသဲကွဲကွဲ မကြားရတော့ချေ။

'အလကား နောက်လိုက်တာပါကွာ၊ တို့လဲ မကြာခင် စထွက်ရတော့မယ်၊ နက်ဖြန်ခါ ကျယင် မင်းနဲ့တွေ့ရတော့မှာပါ'

'ကောင်းပါပြီ ချစ်ချစ်ရယ်၊ ဒီမှာလဲ အိမ်တံခါးကို လာခေါက်တဲ့လူရှိနေလို့ သွားလိုက်ဦးမယ်'

ဂျင်ဆင်က နှုတ်ဆက်စကား ဆိုပြီးနောက် စကားပြောခွက်ကို ပြန်ချလိုက်၏။ ဘယ်လို ချာတိတ်ပါလိမ့်။ အုံဩစရာကောင်းလောက်အောင် ခြေရှည်သည့် ချာတိတ်ပင်။ အသက် ၁၀ နှစ်သာရှိသေးသော်လည်း ၁၂ နှစ်မပြည့်ခင် တစ်ကမ္ဘာလုံးနှံ့အောင် ခြေစကြာ ဖြန့်လိုသည့် ချာတိတ်ပင်။ ၁၀ နှစ်သာရှိသေးသော ချာတိတ်ကလေးများသည် (ဆန်ဖရန် စစ္စကိုမှ မိုင် ၁၄၀၀ ကျော်ဝေးသော) ဆီတဲလ်အထိ ဝေးဝေးလံလံ သွားကြလိမ့်မည် မဟုတ် ချေ။ အံ့ဩစရာကောင်းသည်မှာ ၎င်းချာတိတ်သည် ကြောက်စိတ် လုံးဝမရှိခြင်းပင်။

ဒီကလေးနှင့်ပတ်သက်၍ နှိုက်နှိုက်ချွတ်ချွတ် တွေးကြည့်မည်ဆိုပါက ဂုဏ်ယူစရာကောင်း သည့် ကလေးတစ်ယောက်ပင်ဖြစ်သည်။ အတော်ပေါက်ရောက်မည့် ချာတိတ်ပင်။

ဒီခွေးမသားကလေးသည် လောလောဆယ်မှာပင် အတော်ပေါက်ရောက် နေပြီပဲဟု တွေးမိပြီး ဂျင်ဆင်က ပြုံးလိုက်မိ၏။

ဂျင်ဆင်တစ်ယောက် အစည်းအဝေးခန်းမသို့ ရောက်ရှိသွားသောအခါ ဘွန်ဂါတင် သာ ရောက်နှင့်နေလေပြီ။ ဒီငတိကို ကြည့်ရသည်မှာ ပင်ပန်းပြီး စိတ်တိုနေပုံရသည်။ လေ ဆာဦးခရီးစဉ်မှာ လောလောဆယ်တွင် နောက်ကျနေသည်သာမက တစ်ကမ္ဘာလုံးက စောင့် ကြည့်နေကြသဖြင့် ၎င်းကိုလည်း အပြစ်တင်၍မဖြစ်။ အခန်းထဲတွင် ဆယ့်ရှစ်ယောက်ပါဝင် သော လေယာဉ်အဖွဲ့သားအားလုံး စုံစုံညီညီ ရောက်ရှိနေကြလေပြီ။

ဘွန်ဂါတင်သည် အမှာစာတစ်စောင်အား နှုတ်ဖြင့် တတွတ်တွတ်ရွတ်ပြနေသည်

www.burmeseclassic.com



တစ်ဦးပမာ စတင်ပြောဆိုလိုက်သည်။

'လေကြောင်း ခရီးစဉ်အမှတ် ၉၀၁ နဲ့ပတ်သက်ပြီး စီစဉ်ထားသမျှ ကိစ္စအဝဝကို ခင်ဗျားတို့ အားလုံး သိထားကြစေချင်ပါတယ်၊ ထရန့်စ်အမေရိကန်အနေနဲ့ ဒီခရီးစဉ်ကို ပျံသန်းခွင့်ရရှိလိုက်တာဟာ အင်မတန်ထူးကဲတဲ့ အခွင့်အရေးကြီးတစ်ရပ် ဖြစ်ပါတယ်၊ ဒါပေမယ့် ခရီးစဉ်မစခင် လေယာဉ်မှူးအိုက်ဗ် ထိခိုက်ဒဏ်ရာ ရရှိသွားတာကလဲ ဖြစ်တောင့်ဖြစ်ခဲ အင်မတန်ကံဆိုးမှုတစ်ရပ်ပဲ ဖြစ်ပါတယ်'

ဘွန်ဂါတင်က လျော့လျော့လျှည်းလျှည်း ပြုံးလိုက်၏။

'ဒါပေမယ့် အဲဒီပြဿနာတွေဟာ ပြီးဆုံးခဲ့ပါပြီ၊ အခုအချိန်ကစပြီး အစစအရာရာ ချောမွေ့သွားမှာပါ။ ဒီခရီးစဉ်မှာ လေယာဉ်မှူးမာလိုရီက တာဝန်ယူသွားမှာဖြစ်ပြီး မျက်ခုံးလှုပ်စရာကိစ္စတွေ နောက်ထပ်ပေါ်ပေါက်လာမှာ မဟုတ်တော့ပါဘူး'

ဘွန်ဂါတင်သည် ၎င်း၏ နဖူးအား စိုထိုင်းနေသော လက်ကိုင်ပဝါနှင့် သုတ်လိုက်ပြန်၏။

'ပုပ်ရဟန်းမင်းကြီး ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာနဲ့ ဘေးမသီ ရန်မခအောင် ဘယ်လိုဘယ်ပုံ ဆောင်ရွက်ထားတယ်ဆိုတာ အားလုံးသိထားကြဖို့ အလွန်အရေးကြီးပါတယ်။ ပုပ်ရဟန်းမင်းကြီးနဲ့ အဖွဲ့က ပထမတန်းထိုင်ခုံအားလုံးကို သီးသီးသန့်သန့် နေရာယူထားကြတာရယ်၊ ကျန်တဲ့နေရာတွေနဲ့ လုံးဝအဆက်အသွယ်မရှိအောင် ယာယီသဘောမျိုး ပြင်ဆင်ပြောင်းလဲထားတာတွေကို သိကြပြီးဖြစ်ပါလိမ့်မယ်၊ အဓိကအချက်ကတော့ တခြားခရီးသည်တွေဟာ ပထမတန်းအခန်းနားကို လုံးဝလာဖို့မလိုသလို မလာအောင် တားမြစ်ပေးကြဖို့လဲ လိုပါတယ်။'

'ကဲ လေယာဉ်ပေါ်တက်မယ့် အစီအစဉ်ကို ပြောရအောင် ရိုးရိုးတန်းခရီးသည်တွေကို နောက်ဘက်တံခါးက ဝင်ခွင့်ပြုဖို့ ဖြစ်ပါတယ်၊ တစ်ယောက်မကျန် တက်ပြီးပြီဆိုရင် ရဟန်းမင်းကြီးနဲ့အဖွဲ့က ရှေ့ပိုင်းတံခါးပေါက်က တက်မှာဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ချက်ပြောချင်တာကတော့ ရဟန်းမင်းကြီးဟာ လေယာဉ်နဲ့ ခရီးသွားရမှာကို မကြောက်ပေမယ့် နည်းနည်းတော့ စိတ်လက်မအီမသာ ရှိတယ်လို့ သိထားရပါတယ်။ ဒါကြောင့် ဒီခရီးစဉ်မှာ စိတ်ချမ်းချမ်းသာသာ ရှိရလေအောင် တတ်နိုင်သမျှ စီစဉ်ထားပါတယ်။

'ဆန်ဖရန်စစ္စကို ကိုရောက်လို့ လေယာဉ်ပျံပေါ်က ဆင်းတဲ့အခါကျရင်လဲ ရိုးရိုးတန်းခရီးသည်တွေကို အလျင်ဆင်းခွင့်ပေးပါလို့ ရဟန်းမင်းကြီးက မိန့်ကြားထားပါတယ်၊ ဒါကြောင့် အစစအရာရာမှာ ချောချောမွေ့မွေ့ရှိအောင် ခင်ဗျားတို့အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြဖို့လိုတယ်ဆိုတာကိုတော့ အထူးပြောစရာ မလိုတော့ပါဘူးလေ၊ ကျုပ်တို့အဖို့ ပြဿနာတွေ အတော်ကလေး တွေ့ခဲ့ပြီးပါပြီ၊ ကဲ. . . ဘာများမေးချင်ပါသေးသလဲ'

ပျံသန်းမှုဆိုင်ရာ အင်ဂျင်နီယာ ဂိုးနိုဝါကိုစကီက ဝင်မေးလိုက်၏။

'ပြဿနာတစ်စုံတစ်ရာ ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ထားပါသလား'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်ကလာ'

မကြားဝံ့ မနာသာကိစ္စတစ်ရပ်ကို ပြောဆိုခံလိုက်ရသည့်အလား ဘွန်ဂါတင်က ခေါင်းခါရင်း ပြန်ဖြေလိုက်၏။

'လုံး၀ မဖြစ်နိုင်ပါဘူးဗျာ'

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၄ )

ဂရင်းဝစ်ချ် စံတော်ချိန် ၁၈ း ၀၅ နာရီ
ရောမမြို့ ညနေ ၈ း ၀၅ နာရီ

ငွေရောင်နှင့် အပြာရောင်ဆေးများ ရေးခြယ်ထားသော ဘိုးရင်း 747 sp လေယာဉ်ပျံ ကိုယ်ထည်ပေါ်ရှိ ရှေ့ပိုင်းဝင်ပေါက်ဘေးနားတွင် ပုပ်ရဟန်းမင်းကြီး၏ အထိမ်းအမှတ်တံဆိပ်တော်ကို ဆေးရောင်စုံဖြင့် ရေးဆွဲထားသည်။ မြေပြင်၌ ထိန်းသိမ်းရေးတာဝန်ကို ယူရသူ လေယာဉ်အဖွဲ့သားများသည် လေယာဉ်ပျံကြီးအား တလက်လက်တောက်ပလာသည်အထိ ဆေးကြောပြီး အရောင်တင်ပေးနေကြသည်။

လေယာဉ်ပျံကြီးအား ပြင်ပမှ လိုက်လံစစ်ဆေးသည့်လုပ်ငန်းမှာ သာမန်အားဖြင့် ပျံသန်းမှုဆိုင်ရာ အင်ဂျင်နီယာ၏ တာဝန်သာဖြစ်သည်။ သို့ရာတွင် မာလိုရီသည် မကြာခဏဆိုသလို ပျံသန်းမှုဆိုင်ရာ အင်ဂျင်နီယာက လိုက်လံစစ်ဆေးသည့်အခါ ၎င်း၏နောက်မှ တကောက်ကောက် လိုက်ပါရသည်ကို သဘောကျနှစ်မြို့ကြသူ ဖြစ်သည်။

ယနေ့ ညနေပိုင်းတွင်လည်း မာလိုရီသည် ၁၉၆ ပေရှည်လျားသော အတောင်ပံကြီးအောက်တွင် လမ်းလျှောက်ရင်း တံခါးပေါက်များ၊ အံဖုံးတံခါးများ စသည်တို့ကို လေ့လာစစ်ဆေးလျက်ရှိသည်။ မြေပြင်ပေါ်သို့ ဆင်းသက်ရာတွင် ၃၄၅ တန်ရှိသော ဘိုးရင်း ၇၄၇ ဂျက်လေယာဉ်ပျံ တစ်စီးလုံး၏ အလေးချိန်ကို ကွန်ကရိပြေးလမ်းပေါ်၌ တောင့်ခံပေးထားရသော ပင်မဘီးအုပ်စုကို သေသေချာချာ စေ့စေ့စပ်စပ် ကြည့်ရှုလိုက်သည်။ အဆိုပါ ဘီးအုပ်စုတွင်ဘီး ၁၆ လုံးပါရှိပြီး တာယာများမှာ အသစ်ကျပ်ချွတ်နီးပါး ရှိနေကြသည်။ သူသည် လေယဉ်ပျံပေါင်းမည်မျှ၏ လေယာဉ်ဘီးပေါင်းမည်ရွေ့မည်မျှကို ဖိနပ်ဦးနှင့် ကန်ပြီး ကြည့်ခဲ့ဖူးပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စအားလုံးသည် လွန်ခဲ့သော နှစ်ပရိစ္ဆေဒ မည်မျှလောက်က ဖြစ်ပျက်ခဲ့သည် ဆိုခြင်းကို မစဉ်းစားပဲနေသည်က ပို၍ကောင်းပေလိမ့်မည်။ ထိုစဉ်က တပ်မတော်လေတပ် သည်ပင်လျှင် P 26 လေယာဉ်ပျံအငယ်စားကလေးများကို သုံးစွဲ ပျံသန်းနေရချိန်။ (အက ဝိဇ္ဇာ ဖရက်ဒ်)အက်စတိုင်းယားနှင့် (မင်းသမီး ဂျင်ဂျာ)ရောဂျားစ်တို့ကို ပရိသတ်က ကြိတ် ကြိတ်တိုး၍ ကြည့်နေကြသောအချိန်။ တယ်လီဖုန်းတစ်ခါဆက်လျှင် သို့တည်းမဟုတ် ကော်ဖီ တစ်ခွက်သောက်လျှင် တစ်ပြားသာပေးရသောအချိန်။ 'လေရှူးသုန်သုန်'သည် စာအုပ်ဘဝ၌ သာ ရှိနေသေးသောအချိန် ဖြစ်သည်။ ယခုအချိန်နှင့် နှိုင်းယှဉ်ပါက အင်မတန် ကွဲပြားခြားနား သောအချိန်။ အင်မတန်ခြားနားသောကမ္ဘာ ဖြစ်လေသည်။ ဂျင်ဆင်နှင့် နိုဝါကိုစကီတို့လို ချာတိတ်များအတွက် ရှေးဟောင်းရာဇဝင် တစ်ပုဒ်ပင်တည်း။

မာလိုရီသည် စတီရာမင်း(Stearman biplane) တောင်ပံနှစ်ထပ် လေယာဉ် ငယ်လေးနှင့် အမောင်းသင်ခဲ့ရသည်။ သားရေခေါင်းစွပ်ဦးထုပ်ကို ဆောင်း၍ လေကာမျက် မှန်ကို ဝတ်ဆင်ခဲ့ရသည်။ အကြိမ်ပေါင်းများစွာ အသက်ထွက်လုမတတ် ကြောက်ခဲ့ လန့်ခဲ့ရ သည်။ လေယာဉ်ပျံမောင်းသည့် အတတ်ပညာကို မည်သည့်အခါတွင်မှ တတ်မြောက် တော့မည်မဟုတ် ဟူ၍လည်း တွေးမိတောမိခဲ့သည်။ လေယာဉ်ပျံ အတောင်ပံများသည် မြေပြင်မှ ကြွတက်ခါစအချိန်၊ သို့မဟုတ် လေယာဉ်ပျံသည် မြေပြင်နှင့် မထိမိကာလတို့တွင် ဝှန်းကနဲ ပြုတ်ပြုတ်ကျသွားတတ်သည်။ မကြာခဏဆိုသလိုပင် မာလိုရီက ၎င်းသည် မြေပြင် မှ အထက်ပေ ၅၀၀၀ အမြင့်၌ လေယာဉ်ကိုယ်ထည် အစိတ်စိတ်(အမွှာမွှာ)ပြိုကွဲ ပျက်စီး သည့်ဒဏ်ကို ခံလိုက်ရသော ကံဆိုးသူမောင်ရှင် ဖြစ်လိမ့်မည်ဟု တွေးပူနေခဲ့မိသည်။

သို့သော် ထိုကိစ္စမျိုး လုံးဝဖြစ်မလာခဲ့သည်အပြင် မိမိကိုယ်ကို တစတစနှင့် ယုံကြည် စိတ်ချမှု ဖြစ်ထွန်းလာခဲ့သည်။ ပထမတွင် ဤလုပ်ငန်းကို သဘောကျမိရာမှ နောက်ပိုင်းတွင် ခွဲခွဲလမ်းလမ်း ချစ်ခင်နှစ်သက်သောအဆင့်အထိ ရောက်ရှိလာသည်။ ယခုဆိုလျှင် လေယာဉ် မောင်းသက် အနှစ် ၄၀ကျော်ခဲ့ပြီ ဖြစ်သည့်တိုင်အောင် မြေပြင်မှကြွတက်ချိန်၌ ခံစားရလေ့ ရှိသောပီတိကို ယခုထက်တိုင် ခံစားနေရဆဲပင်။ မာလိုရီသည် ကုသိုလ်ကံက ဖေးမထောက် ကူပြုသောကြောင့် မိမိနှစ်မြို့က်သောအလုပ်ကို လုပ်ကိုင်ရင်း သက်တောင့်သက်သာနှင့် ချမ်းချမ်းသာသာ နေထိုင်နိုင်စွမ်း ရှိခဲ့သည်။

ကံဆိုးချင်တော့ ၎င်းအနေနှင့် ထိုကဲ့သို့ ကြာရှည်လေးမြင့်စွာ လုပ်ကိုင်ခွင့်ရရှိတော့ မည် မဟုတ်ချေ။ နောက်ထပ် သုံးလေးလပြီးလျှင် နိဒ္ဒိတံလေပြီ သက်ပြည့်အငြိမ်းစား ယူ ရတော့မည်ဖြစ်သည်။ ဂျမ်ဘို ဂျက်လေယာဉ်မှူးဘဝမှ ပိုက်ပါ၊ သို့မဟုတ် ဆက်စနာ လေ ယာဉ်ငယ်ကလေးများကို ငှားရမ်းမောင်းနှင်နေရသော အောက်တန်းကျလှသည့် အပျော် တမ်း လေယာဉ်မောင်းသမားအဆင့်သို့ သက်ဆင်းရောက်ရှိသွားရတော့မည်ဖြစ်သည်။

တစ်ခုထူးဆန်းသည်မှာ မာလိုရီသည် သူတစ်ပါးပိုင် လေယာဉ်ပျံများကို အနှစ် သုံးဆယ်ကျော် မောင်းနှင်လာခဲ့သော်လည်း ၎င်းတွင် ကိုယ်ပိုင်လေယာဉ်ပျံဟူ၍ တစ်ကြိမ်တစ်ခါမှ

www.burmeseclassic.com

www.burmeseclassic.com



မရှိဖူးပါချေ။ ကောင်းပြီ။ အငြိမ်းစားယူချိန်တွင် မိမိကိုယ်ကို ချီးမြှင့်သောဆုအနေနှင့် လေယာဉ်ပျံတစ်စီး ဝယ်ယူမည်။ သို့သော် ပိုက်ပါ သို့မဟုတ် ဆက်စနာလေယာဉ်တို့ကို ဝယ်မည်မဟုတ်။ စတီရာမင်း (**Stearman**) တောင်ပံနှစ်ထပ် လေယာဉ်ပျံတစ်စီးကိုသာ ဝယ်ယူမည်။ တစ်နေရာရာတွင် ထိုလေယာဉ်ပျံမျိုး ရှိနေခဲ့လိမ့်ဦးမည်။ သူသည် လေကာမျက်မှန်ကို ဝတ်ဆင်၍ သားရေခေါင်းစွပ်ဦးထုပ်ကို ဆောင်းမည်။ ဤတွင် ဘဝသံသရာစက်ဝန်းသည် တစ်ပတ်တင်းတင်း ပြည့်လာမည်ဖြစ်သည်။ (ဘဝတွင်)တာထွက်စဉ်က စခဲ့သော နေရာသို့ ပြန်လည်ရောက်ရှိသွားမည်ဖြစ်သည်။

ထိုအတွေးက မာလိုရီကို ကြည်နူးစေသည်။ တသီးတခြားဖြစ်အောင် လိုက်ကာများ ကာထားသော ပထမတန်းကေဘင်အခန်းထဲမှ လေယာဉ်မောင်းခန်းရှိရာသို့ ကြောင်လိမ်လှေကားနှင့်တက်သွားသော နီဝါကိုစကီ၏ နောက်မှလိုက်ပါလာရင်း မိမိဘာသာ ပြုံးလိုက်မိသည်။

လေယာဉ်ရှေ့ပိုင်းတွင်ရှိသော လေယာဉ်မောင်းသူ နှစ်ဦးအတွက် ထိုင်ခုံနှစ်လုံး၏ ပတ်ပတ်လည်နှင့် ထိုင်ခုံအကြားတွင် ရှုပ်ထွေးပွေလီနေသော ခလုတ်များ၊ ဒိုင်ခွက်များ ရှိနေကြသည်။ ပျံသန်းမှုဆိုင်ရာ အင်ဂျင်နီယာ၏ ထိုင်ခုံကမူ ဘယ်ဘက်နံရံကို မျက်နှာမူထားသည်။ ၎င်း၏ပတ်ပတ်လည်၌ ဘိုးရင်း ၇၄၇ ၏ လျှပ်စစ်ဆိုင်ရာ၊ ဟိုက်ဒရောလစ်ဆိုင်ရာ၊ လောင်စာဆီဆိုင်ရာနှင့် အခြားအခြားသော ထိန်းချုပ်ကွပ်ကဲမှုဆိုင်ရာ ဆားကစ်များ၊ ခလုတ်များ၊ စသည်တို့သည် တပြုံတထွေးကြီး ရှိနေကြသည်။

ဂျင်ဆင်သည် ၎င်း၏ ထိုင်ခုံတွင် နေသားတကျ ရောက်ရှိနေနှင့်လေပြီ။

မာလိုရီသည် ယူနီဖောင်းအင်္ကျီမှ ကြယ်သီးများကို ဖြုတ်လိုက်သော်လည်း အင်္ကျီကိုမူ ချွတ်မပစ်ချေ။ ၎င်းသည် ဘယ်ဘက်ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီး ခလုတ်များကို အလိုအလျောက် ကိုင်တွယ်စမ်းသပ်ကြည့်မိသည်။

နောက်ဘက်တွင်မူ နီဝါကိုစကီသည် ၎င်း၏ ရှေ့တွင်ရှိသော ရှုပ်ထွေးပွေလီလှသည့် ခလုတ်များအား နေထားတကျဖြစ်အောင် စီစဉ်ရင်း အလုပ်ရှုပ်နေသည်။

လေယာဉ်ပျံကြီးအား ပျံသန်းရန် အဆင်သင့်ဖြစ်အောင် စက်နှိုးရတော့မည်ဖြစ်သည်။ လေယာဉ်အဖွဲ့သားတိုင်းတွင် စက်မနှိုးခင် ကိုယ်စီကိုယ်င ဆောင်ရွက်ကြရမည့် တာဝန်များ ရှိနေကြသည်။ ဒိုင်ခွက်များကို ဖတ်ကြရသည်။ ခလုတ်များကိုဖွင့်ကြရသည်။ အချို့ခလုတ်များကိုမူ မိမိလိုချင်သော အနေအထားတွင် ချိန်၍ထားကြရသည်။ ဖိနှိပ်အားကို စစ်ဆေးကြရသည်။ အဆို့ရှင်အဖွင့်အပိတ်များကို စမ်းကြည့်ကြရသည်။ အသံနှင့်သတိပေးသောခလုတ်များ သင်္ကေတဖြင့် အချက်ပြ၍ သတိပေးသောခလုတ်များ နေထားတကျရှိမရှိကို စစ်ဆေးကြရသည်။ မိမိလိုချင်သော အစီအစဉ်များကို ကွန်ပျူတာများထဲသို့ ထည့်သွင်းပေးကြရမည်။

ဂျင်ဆင်က မာလိုရီဘက်သို့ ကိုယ်ကိုယိမ်းလိုက်၏။

www.burmeseclassic.com



'ဝင်နီက အော်တိုဂရပ်မှာ ရဟန်းမင်းကြီးကို လက်မှတ်ထိုးခိုင်းပြီး ယူလာခဲ့ပါလို့ ပြောလိုက်တယ်၊ ကျွန်တော်က 'ဟော့ ပုပ်ရဟန်းမင်းကြီးဆိုတာ ရုပ်ရှင်မင်းသား မဟုတ်ဘူးကွ၊ မကောင်းကောင်းဘူး' လို့ပြောတော့ သူက 'ဘာဖြစ်လို့ မတောင်းကောင်းရမှာလဲတဲ့' ဂျင်ဆင်က ပြုံးလိုက်သည်။ ပြီးမှ ဆက်ပြောပြန်၏။

'ကက်ပတိန့်လဲ မိန်းမတွေအကြောင်း သိသားပဲ မဟုတ်လား'

ဂျင်ဆင်သည် ပြောမိပြီးမှ အားနာသွားဟန်ဖြင့် မျက်တောင်တဖျပ်ဖျပ်ခတ်လိုက်၏။

'တောင်းပန်ပါတယ် ကက်ပတိန်၊ ကျွန်တော်က ခင်ဗျားကို'

'မေ့ထားလိုက်စမ်းပါကွာ၊ ငါနားလည်ပါတယ်'

မာလိုရီက ပြန်ဖြေလိုက်သည်။

'ခင်ဗျားဇနီးနဲ့ ကျွန်တော် တစ်ခါဆုံဖူးပါတယ်၊ လွန်ခဲ့တဲ့ ငါးနှစ်အခါ ကျွန်တော်တို့ လေယာဉ်ပျံနဲ့ ပဲရစ်ကို လိုက်လာတာလေ၊ အင်မတန်သဘောကောင်းရှာပါတယ်'

မာလိုရီက ခေါင်းညိတ်လိုက်၏။ ထိုခရီးစဉ်ကိုတော့ သူမှတ်မိပါသည်။ သို့ရာတွင် ထိုစဉ်က လေယာဉ်အဖွဲ့သားများထဲ၌ ဂျင်ဆင်ပါလာသည်ကို သူလုံးဝမေ့နေသည်။ လေယာဉ်မောင်းနှင်ခန်းထဲ၌ သူတွေ့ဆုံဖူးခဲ့သည့် လူတွေမှာ များပြားလှလေပြီ။ သို့သော် မျက်စိက တည်တည်ငြိမ်ငြိမ်၊ မေးရိုးကားကားနှင့် ခေါင်းစွပ်နားကျပ်များကို တပ်ဆင်ထားကြသောကြောင့် ကာလရှည်ကြာသော် ၎င်းတို့အားလုံးသည် တစ်ပုံစံတည်းလိုလိုဖြစ်လာကြသည်။ သူသည် ဤအဖွဲ့အစည်းကြီးတစ်ခုလုံးကိုသာမက အရည်အချင်း ပြည့်ဝသူများနှင့် အတူတွဲ၍ ဆောင်ရွက်ရမည့် ကိစ္စမှန်သမျှတို့ကို အောက်မေ့တသ သတိရနေမိပေလိမ့်မည်။ လေကြောင်းကုမ္ပဏီများတွင် အလုပ်လုပ်ရသည်မှာ စိတ်ကျေနပ်ဖွယ် ကောင်းလှသည်။ လေကြောင်းလုပ်ငန်းသည် ၎င်း၏ဘဝပင်ဖြစ်ခဲ့သည်။ သို့သော် သူသည် မကြာခင် လေကြောင်းလုပ်ငန်းနှင့် ကင်းကွာရတော့မည်သာတည်း။

❑

'ကျွန်မ သိပါတယ်လေ. . . . ကျွန်မ သိပါတယ်. . . ရှင်ဟာ၊ လီဂျေကော့စ် . . . ဆင်အင်း အီးဂျိမာရှယ်. . . ဖြစ်ရမယ်'

ချာတိတ်မကလေးသည် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း အားရပါးရ ခုန်ပေါက်ရယ်လိုက်၏။ မစ္စတာစကွိုင်းယားက ခေါင်းခါလိုက်သည်။

'မင်း လူမှားနေတာပါကွာ၊ ကိုယ်က စက်ပြင်ဆင်တဲ့ ပစ္စည်းကိရိယာတွေကို ရောင်းတဲ့လူပါကွ'

'ဘုရားသခင်. . . . ကယ်တော်မူပါ'

ချာတိတ်မလေး စိတ်ပျက်သွားပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယူနီဖောင်းဝတ် လုံခြုံရေးဝန်ထမ်းသည် အမွေးအမှင်ထူထပ်သော လက်ကြီးနှင့် မစ္စတာစကွိုင်းယား၏ လက်ဆွဲသားရေအိတ်ထဲသို့နှိုက်လိုက်ပြီး မယုံသင်္ကာဖြစ်ဟန်နှင့် ငုံ့ကြည့်လိုက်၏။

'ကျေနပ်သွားပြီလား'

မစ္စတာစကွိုင်းယား၏ လေသံက ငေါ့တော့တော့ ဖြစ်နေသည်။ ယခုအချိန်တွင် လုံခြုံရေးဝန်ထမ်းသည် မစ္စတာစကွိုင်းယားအား စူးစူးစိုက်စိုက်ကြည့်ရင်း မျက်မှောင်ကုတ်လိုက်၏။ သူက အခြားဝန်ထမ်းတစ်ဦးအား သူ့ဘေးနားသို့ လှမ်းခေါ်ပြီး တစ်ခုခုကို ပြောလိုက်သည်။ သို့သော် မျက်စိကမူ မစ္စတာစကွိုင်းယား၏ ခန္ဓာကိုယ်ပေါ်မှ မခွာချေ။ ထပ်စကားပြောကြပြန်၏။ သူမျက်စခိုလိုက်၏။

'အယ်. . . ခင်ဗျားက ရုပ်ရှင်မင်းသားကြီးကိုး၊ ခုနတုန်းက ခင်ဗျားမျက်နှာကို မြင်ဖူးပါတယ်ဆိုပြီး ကျုပ်စိတ်ထဲမှာ သရိုးသရီဖြစ်နေတာ၊ ခုတော့ ရှင်းသွားပါပြီလေ၊ ခင်ဗျားက ဇာတ်လိုက်မင်းသားပဲ၊ . . . ကဲ. . . ကဲ ဟိုကို ကြွနိုင်ပါပြီ' .

မျက်နှာခပ်တည်တည်နှင့်ပုဂ္ဂိုလ်က သတ္တုပါရှိမရှိ စမ်းသပ်သော ကိရိယာလေးနှင့် မစ္စတာစကွိုင်းယား၏ တစ်ကိုယ်လုံးကို စစ်ဆေးလိုက်သည်။ ထို့နောက် အခန်းကျဉ်းကျဉ်း ကလေးတစ်ခုထဲသို့ ဝင်ရပြန်၏။ အခန်းထဲတွင်ရှိသော ပိန်ပိန်ရှည်ရှည်ပုဂ္ဂိုလ်က မစ္စတာ စကွိုင်းယား၏ ခန္ဓာကိုယ်အနှံ့ကို စမ်းသပ်ရှာဖွေရုံသာမက အိတ်များထဲသို့ပင် လက်နှိုက်၍ ကြည့်နေသေးသည်။

ထို့နောက် ထရန့်စ်အမေရိကန်ကုမ္ပဏီ၏ ကိုယ်စားလှယ်တစ်ဦးဖြစ်သော ဆံပင် နက်နက်နှင့် ခပ်ချောချောမိန်းကလေးတစ်ယောက်က လေယာဉ်ပေါ်သို့တက်ခွင့်လက်မှတ် ကို လှမ်းပေးလိုက်သည်။ ၎င်းက နေ့စဉ်အကြိမ်တစ်ထောင်ခန့် ပြုံးပြနေရသော စက်ရုပ်ဆန် ဆန် အပြုံးကလေးနှင့် မေးလိုက်၏။

'မစ္စတာစကွိုင်းယားတစ်ယောက် ဒီကနေ့ အဆင်ပြေပုံမလား ရှင်'

မစ္စတာစကွိုင်းယားက ဖြေလိုက်၏။

'ငါ့သိပ်ကို စိတ်တိုနေတယ်ကွာ၊ အစကတည်းက ဒီခရီးစဉ်မှာ ပုပ်ရဟန်းမင်းကြီး ပါလာလိမ့်မယ်၊ အဲဒီလို ပါလာတဲ့အတွက် ပထမတန်းလက်မှတ်ကို ကြိုဝယ်ထားပေမယ့်လဲ ပထမတန်းမှာ စီးခွင့်ရမှာ မဟုတ်ဘူး၊ လေယာဉ်ပျံထွက်ချိန်ကလဲ နာရီပေါင်းများစွာ နောက်ကျလိမ့်မယ်၊ ပါသမျှပစ္စည်းတွေနဲ့ လူတစ်ကိုယ်လုံးကိုလဲ ရွံစရာကောင်းလောက် အောင် နှံ့နှံ့စပ်စပ် အရှာခံရလိမ့်မယ်လို့ ခရီးသည်တိုင်းကို ကြိုတင်ပြီး အသိပေးထား သင့်တယ်၊ အဲဒီလို ကြိုသိရင် 'တော်ပါပြီဗျာ' 'ကျုပ် ပုပ်ရဟန်းမင်းကြီးနဲ့တော့ အတူတူ ခရီးမသွားချင်ဘူး' လို့ပြောမိ၊ ဆုံးဖြတ်မိမှာ အမှန်ပဲ၊ ကဲ. . . ဒါဆိုရင် မင်းမေးတဲ့စကားကို ဖြေရာရောက်ရဲ့လား'

ထိုမိန်းကလေးသည် ပါးစပ်ကလေး အဟောင်းသားနှင့် အူကြောင်ကြောင်ဖြစ်သွား

www.burmeseclassic.com



သည်။ နှုတ်ဆွံ့သွားရှာသောကြောင့် ခေါင်းကိုသာ ညိတ်ပြလိုက်နိုင်ရှာသည်။

မစ္စတာစကွိုင်းယားသည် လေယာဉ်ပျံပေါ် သို့ မတက်မီ ခရီးသည်များ စောင့်ဆိုင်းနားနေရာ ဧည့်ခန်းထဲသို့ ခြေလှမ်းကျဲကြီးများနှင့် လှမ်းဝင်သွားသည်။ အခန်းထဲ၌ ပြည့်သူနီးပါးဖြစ်နေလေပြီ။ မစ္စတာစကွိုင်းယားက အခြားခရီးသည်များနှင့် မျက်လုံးချင်းဆုံမိအောင် မျက်နှာကို တမင်လွှဲထားသော်လည်း အချည်းအနှီးပင်။

အမျိုးသားတစ်ယောက်က ၎င်း၏ လက်မောင်းကို လာဆွဲသည်။

'ဒီမှာ ကိုယ့်ဆရာ၊ ခင်ဗျားက ရုပ်မြင်သံကြားမှာ ပါတယ်မဟုတ်လား'

မစ္စတာစကွိုင်းယားက ခေါင်းခါလိုက်၏။

'ကျုပ်က ရေပိုက်ရောင်းတဲ့လူပါ'

'ခို့မှုပဲ၊ ခင်ဗျားကို ရုပ်မြင်သံကြားမှာ မြင်ဖူးပါတယ်လို့ ကျုပ်က ကျိန်တွယ်ပြီး ပြောမိ တော့မလို့'

ထိုအချိန်တွင် ၎င်း၏ဇနီးဖြစ်သူသည် အနားသို့ရောက်လာပြီး စူးစူးရဲရဲ ကြည့်နေသည်။

'တန္တနိစကွိုင်းယားပဲ'

၎င်း၏ ခင်ပွန်းက ပြန်ဖြေလိုက်၏။

'မဟုတ်ပါဘူး၊ သူက ရေပိုက်ရောင်းတဲ့လူ'

ဇနီးဖြစ်သူက ပြန်တွယ်လိုက်သည်။

'ရှင်ကတော့ ခိုးဘရိန်း သက်သက်ပဲ'

❑

အပြင်ဘက်တွင်မူ လူအုပ်ကြီးတစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ လမ်းရှင်းထားလေပြီ။ မကြာမီ ရဟန်းမင်းကြီး ကြွလာတော့မည်။ ၂၂ နှစ်အရွယ် အမျိုးသမီးကလေး တစ်ယောက် သတိလစ်သွားသည်။ ထိုအမျိုးသမီးကလေးသည် ၁၄ နာရီလုံးလုံး လုံးဝအစာမစားပဲ စောင့်နေခဲ့သောကြောင့်ပင်တည်း။ ဂိုက် ၂၀၀ ခန့်အကွာတွင် ၇၃ နှစ်အရွယ် လူတစ်ယောက် သေဆုံးသွားသည်။ သို့သော် ပတ်ပတ်လည်တွင်ရှိသော လူအုပ်ကြီးနှင့် ညပ်နေသောကြောင့် ၎င်း၏ခန္ဓာကိုယ်ကြီးသည် ယိုင်လဲ၍ကျမသွားသေးချေ။

ထို့နောက် မော်တော်ဆိုင်ကယ်များက ဦးဆောင်လာသော သားနားသပ်ရပ်လှသည့် အနက်ရောင် မာစီးဒီးမော်တော်ကားများသည် တစ်နာရီလျှင်မိုင် ၂၀ နှုန်းနှင့် မောင်းနှင်လာကြသည်။

အဆိုပါ မော်တော်ကားတန်းကြီးသည် လေယာဉ်ကွင်းထဲသို့ ချိုးကွေ့၍ ဝင်လိုက်သည်နှင့်တပြိုင်နက် ရဲသားများက သံတံခါးများကို ပိတ်လိုက်ကြ၏။ လူထုပရိသတ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



အနေနှင့် လေယာဉ်ကွင်းထဲသို့ ဝင်မရကြတော့ပါ။ ဂိတ်တံခါးကြားနှင့် သံတံခါးပေါ် မှကျော်၍ လှမ်းမျှော်ကြည့်ကြရန်သာ ရှိတော့သည်။

လူထုပရိသတ်ကြီးထံမှ ဟင်ကနဲ. . . ဟာကနဲ အသံထွက်သွားကြသည်။ ဆည်းဆာအိုး၏ နေရောင်ခြည်ဖျော့ဖျော့အောက်တွင် လက်ဝါးကပ်တိုင်သင်္ကေတန် လက်လှုပ်ရှားဟန်ကို မြင်လိုက်ကြရ၏။ ရဟန်းမင်းကြီးကို ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ခွင့် ရကြပါပြီ။ ပုပ်ရဟန်းမင်းကြီးသည် ၎င်းအား ကြည်ညိုလေးစားလှသော ပရိသတ်ဘက်သို့ ပြန်လှည့်ရင်း ပြုံးရွှင်သောမျက်နှာဖြင့် ခေါင်းကို အသာအယာညိတ်၍ အသိအမှတ်ပြုလိုက်၏။ ထို့နောက်ရဟန်းမင်းကြီးသည် ပြန်လှည့်လိုက်ပြီး ကော်ဇောနီအတိုင်း လေယာဉ်ပျံဆီသို့ ဆက်လက်ကြွသွားတော်မူသည်။

❑

ရိုးရိုးတန်းရှိ ခရီးသည်အားလုံး နေသားတကျထိုင်၍ ပြီးစီးသွားကြသောအခါ နောက်ဘက်ရှိ ရိုးရိုးတန်းဆီမှ သတင်းပို့သံ ပေါ် ထွက်လာ၏။

'ကက်ပတိန်. . ပုပ်ရဟန်းမင်းကြီး လေယာဉ်ပျံပေါ် ကို ကြွလာတော်မူပါတော့မယ်'

'အခုချက်ချင်း ဆင်းခဲ့မယ်'

မာလိုရီသည် မတ်တတ်ရပ်လိုက်၏။ ကုတ်အင်္ကျီကို သပ်ရပ်အောင်ပြုပြင်ရင်း ဦးထုပ်ကို ဆောင်းလိုက်သည်။ ဂျင်ဆင်က ကျေနပ်ဟန်ဖြင့် ခေါင်းညိတ်လိုက်၏။ ဤပုဂ္ဂိုလ်သည် ရတောင့် ရခဲ အလွန်ထူးခြားလှသော အတွေ့အကြုံကို ရရှိမည့်ပုဂ္ဂိုလ်ပင်ဖြစ်ပေသည်ဟု နိုဝါကိုစကီက တွေးရင်း မာလိုရီအား လေးလေးစားစားလှမ်းကြည့်နေသည်။

လေယာဉ်မယ် ဒီးပင်နက်တီသည် ဦးပိုင်းရှိ တံခါးပေါက်နားတွင် ရပ်စောင့်နေသည်။ မာလိုရီ ရောက်ရှိလာသောအခါ ၎င်းက မဝံ့မရဲဖြင့် ပြုံးလိုက်၏။

ခဏအကြာတွင် လုံခြုံရေးအေးဂျင့်နှစ်ယောက် ရောက်ရှိလာပြီး တံခါးပေါက်၏ တစ် ဘက်တစ်ချက်တွင် နေရာယူလိုက်ကြသည်။ ၎င်းတို့နောက်ရှိ ကုမ္ပဏီဝန်ထမ်းတစ်ယောက်က တိုးတိုးကလေး လှမ်းပြောလိုက်၏။

'ကြွလာပြီ'

ဝါရင့်ဘွန်ဂါတင်သည် ရဟန်းမင်းကြီးရှေ့မှ မရဲတရဲဟန်အမူအရာနှင့် လမ်းပြရင်း လျှောက်လာသည်။

အရုပ်မနိမ့်မမြင့်၊ ခပ်ပိန်ပိန်ပါးပါး၊ ရဟန်းမင်းကြီးနှင့် မိတ်ဆက်ပေးခြင်းခံရသောအခါ မာလိုရီသည် ဦးညွတ်အလေးပြုနေမိကြောင်း သတိပြုလိုက်မိ၏။

ရဟန်းမင်းကြီးက တိကျမှန်ကန်သော လေယူလေသိမ်းဖြင့် အင်္ဂလိပ်လို မိန့်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကတ်ပတိန်နဲ့ တွေ့ရတာ ဝမ်းသာစရာပါပဲ၊ ဒီခရီးမှာ ချောချောမောမော ဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်'

'အဲဒီလိုပဲ ဖြစ်လိမ့်မယ်လို့ ထင်ပါတယ် ဘုန်းတော်ကြီးဘုရား၊ ရာသီဥတုကလဲ အဆင်ပြေလျက်ရှိပါတယ်၊ ဒီခရီးစဉ်မှာ သက်တောင့်သက်သာ ရှိပါလိမ့်မယ်'

ရဟန်းမင်းကြီးက ပြုံးတော်မူရင်း ခေါင်းညိတ်လိုက်၏။

'အင်မတန် အရည်အချင်း ပြည့်ဝသူတွေနဲ့ အတူတူ ခရီးသွားနေရတယ်ဆိုတာ ကျုပ်သိပါတယ်'

မာလိုရီ၏ ပါးနှစ်ဖက်မှာ ဖိန်းတိန်းတိန်း၊ ရှိန်းတိန်းတိန်း ဖြစ်သွားရသည်။

'ကျေးဇူးတင်ပါတယ် ဘုရား'

'ဒီမှာ ကတ်ပတိန်၊ သိပ်မကြာသေးခင်က ခင်ဗျားဇနီး ကွယ်လွန်သွားခဲ့တယ်လို့ ကျုပ်သိရတယ်၊ ကျုပ်ကလဲ ဝမ်းနည်းစကားပြောပါရစေ၊ ခင်ဗျားကတော့ 'သောက' ကို ဖြေဆည်နိုင်ဦးမှာ မဟုတ်သေးဘူးဆိုတာ ကျုပ်နားလည်ပါတယ်'

'စာနာထောက်ထားတဲ့အတွက် ကျေးဇူးတင်ပါတယ် ဘုန်တော်ကြီး ဘုရား'

'ခင်ဗျားဆီက အခွင့်အရေးတစ်ခုလောက် တောင်းရရင် ကောင်းမလားလို့ ကျုပ်စဉ်းစားနေမိတယ်'

'အခွင့်အရေး၊ ဟုတ်လား ဘုရား၊ ဖြစ်ပါတယ်. . . .'

'လေယာဉ်ပျံ မောင်းနေတဲ့အချိန်ကျရင်၊ လေယာဉ်ပျံမောင်းတဲ့ အခန်းထဲကို ကျုပ်လာကြည့်ခွင့်ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ဘယ်လိုဘယ်ပုံ ကိုင်တွယ်မောင်းနှင်တယ်ဆိုတာ ကျုပ်စိတ်ဝင်စားတဲ့အတွက် ခင်ဗျားတို့အဖို့ အနှောင့်အယှက် မဖြစ်ဘူးဆိုရင် လာကြည့်ချင်ပါတယ်'

မာလိုရီက ကျေနပ်နှစ်သိမ့်စွာ ပြုံးလိုက်၏။

'ကျွန်တော်တို့အတွက် အင်မတန်ထူးခြားတဲ့ အခွင့်အရေးကြီးတစ်ရပ်ပါခင်ဗျာ၊ ကျန်တဲ့ လေယာဉ်အဖွဲ့သားတွေကလဲ ဘုန်းတော်ကြီးဘုရားနဲ့ တွေ့ခွင့်ရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ကြမှာ သေချာပါတယ်၊ လေယာဉ်မောင်းတဲ့ အခန်းထဲကို ကြွလာခါနီးရင်သာ မစ်စ်ပင်နက်တီကို ကြိုအသိပေးပါဘုရား၊ သူက လိုအပ်တဲ့ အစီအစဉ်တွေကို ဝမ်းမြောက်ဝမ်းသာစွာနဲ့ စီစဉ်ပေးပါလိမ့်မယ်'

ရှက်သွေးဖြန်းသွားသော ဒီးပင်နက်တီက ရဟန်းမင်းကြီးအတွက် ဝမ်းမြောက်ဝမ်းသာစွာ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်လျှောက်တင်လိုက်၏။

လေယာဉ်မောင်းအခန်းထဲသို့ မာလိုရီ ပြန်ရောက်လာသည့်အခါ ဂျင်ဆင်နှင့် နီဝါကိုတို့က မျှော်လင့်ချက် တစ်ခွဲသားနှင့် ပြန်လှည့်ကြည့်လိုက်ကြသည်။

'ခင်ဗျား ကိုယ်တိုင် တွေ့ရရဲ့လား၊ ဘယ်လို ပုံစံမျိုးလဲ'

မာလိုရီက ရဟန်းမင်းကြီးသည် အလွန်နှစ်လိုဖွယ်ကောင်းသော သက်ကြီးရွယ်အို

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း ပြောပြလိုက်၏။

သူတို့ကို ကြည့်ရသည်မှာ စိတ်ပျက်သွားကြပုံရသည်။ သူတို့က ထို့ထက်ပိုမို၍ အသေးစိတ် ရှင်းလင်းပြောကြားသည်ကို နားထောင်ရလိမ့်မည်ဟု မျှော်လင့်ထားကြဟန်တူသည်။

'မကြာခင် လေယာဉ်မောင်းတဲ့ အခန်းထဲကို ကိုယ်တိုင် ကြွလာဦးမှာပါ'

နီဝါကိုစကီ တစ်ယောက် ပါးစပ်ပြသွားသည်။

'တစ်ကယ် ဒီကိုလာမယ် ဟုတ်လား'

'ဟောဒီနေရာ ဟောဒီ အခန်းထဲကို လာမှာပါကွ'

'ဘုရားသခင်'

သူက တံတွေးကို မြိုချလိုက်၏။

'ကောင်းလိုက်တာ'

❑

'ပျံသန်းရေးဆိုင်ရာ ထိန်းချုပ်မှု ခလုတ်တွေကို ဖွင့်ပြီးပါပြီ'

'အန္တရာယ် အချက်ပြစနစ်ကို စစ်ဆေးပြီးပါပြီ'

'လေယာဉ်မှန်ပြတင်းပေါက်တွေကို အပူဓာတ်ပေးပြီးပါပြီ'

'အရေးပေါ် မီးလုံးတွေကို အသင့်ပြင်ထားပြီးပါပြီ'

'ဂီယာပင်တွေကို ဖြုတ်ပြီးပါပြီ'

သူတို့ လူစုသည် အောက်ဆီဂျင်ဘူးများ၊ ဘရိတ်များ၊ ပျံသန်းရေးဆိုင်ရာ ကိရိယာများနှင့် လောင်စာဆီပမာဏကို တစ်ခုပြီးတစ်ခု လျှင်မြန်စွာ စစ်ဆေးလိုက်ကြ၏။

'အင်ဂျင်စက်ကိုမနှိုးခင် စစ်ဆေးရမယ့် အချက်အလက်တွေ အားလုံးကို စစ်ဆေးပြီးပါပြီ ခင်ဗျာ'

ဂျင်ဆင်က လေကြောင်းကြီးကြပ်ရေးဌာနသို့ လမ်းရှင်းပေးပါရန် ပန်ကြားလိုက်သည်။

'ထရန့်စ်အမ် ခရီးစဉ် ၉၀၁ က ဆန်ဖရန်စစ္စကိုကို ထွက်ခွာဖို့ လမ်းရှင်းအမိန့်တောင်းခံပါတယ်'

လေဆိပ်ကြီးကြပ်ရေးမှူးက အင်္ဂလိပ်ဘာသာဖြင့် ချက်ချင်းလိုလိုပင် ပြန်အဖြေပေးလိုက်၏။

'ကောင်းပြီ ၉၀၁ တင်ပြထားတဲ့ လေကြောင်းခရီးစဉ်အတိုင်း ဆန်ဖရန်စစ္စကိုကို ပျံသန်းခွင့်ပြုတယ်၊ အမြန်စံချိန် ၂၀၀ ကို ထိန်းသိမ်းထားပါ၊ အလ်ဘူ(ELSE)မြစ်ပေါ်ကျရင် ၃၅၀ အမြင့်စံချိန်ကိုယူပါ၊ မြေပြင်ပေါ်က ပျံတက်ပြီးတာနဲ့ တစ်မိုင်နက် ရေဒါ

www.burmeseclassic.com



ချိန်ခွက်ထဲဝင်အောင် ဘယ်ဘက်ကို ၂၈၀ ဒီဂရီကွေ့ပြီး တည့်တည့် ပျံသန်းပါ'

ဂျင်ဆင်က ၎င်းတို့အား ခွင့်ပြုလိုက်သော အမိန့်အား သေချာသည်ထက် သေချာအောင် ပြန်ရွတ်ပြလိုက်သည်။ ထို့နောက် ၎င်းနှင့် မာလိုရီတို့က ညွှန်ကြားချက်နှင့် ကိုက်ညီမှုရှိအောင် ကိရိယာများကို ပြင်ဆင်လိုက်ကြ၏။ ခရီးစဉ် ၉၀၁ ၏သွားရာလမ်းကြောင်းကို အတည်ပြု၍ ပြီးလေပြီ။

ယခုအချိန်သည် လေယာဉ်အဖွဲ့သားများအတွက် အသက်ရှူပေါက် ချောင်သွားကြသည့်အချိန်ပင်ဖြစ်သည်။

မာလိုရီက အနည်းငယ်သမ်းဝေလိုက်၏။

လေဆိပ်ရှိ မြေပြင်အဖွဲ့သားများထံမှ အသံသည် အသံချဲ့စက်မှတဆင့် ပေါ်ထွက်လာသည်။

'ကတ်ပတိန်၊ ကျွန်တော်တို့အားလုံး ဒီမှာအဆင်သင့်ဖြစ်နေကြပြီ၊ ခင်ဗျားတို့ဘက်က အဆင်သင့်ဖြစ်ပြီဆိုရင် စက်နှိုးနိုင်ပါပြီ'

'ကောင်းပါပြီ'

ဂျင်ဆင်သည် လေကြောင်းပျံသန်းမှု မျော်စင်သို့ လှမ်း၍ဆက်သွယ်ပြန်၏။

'ဖီယူမီစီနို မြေပြင်ထိန်းသိမ်းရေးဌာနခင်ဗျား၊ ထရန့်စ်အမ် ၉၀၁က စက်နှိုးခွင့်တောင်းခံပါတယ်'

ထူးထူးခြားခြားဆိုသလိုပင် အဖြေကို မြန်ဆန်စွာ ရရှိသည်။

'ကောင်းပြီ ထရန့်စ်အမ် ၉၀၁ အင်ဂျင်စက်နှိုးခွင့်ပြုတယ်။ ဘယ်ဘက်က ပြေးလမ်း သုံး-လေးကို သုံးပါ'

မာလိုရီနှင့်အဖွဲ့သည် နံပါတ်သုံးအင်ဂျင်ကို စတင်၍စက်နှိုးပြီးနောက် နံပါတ်လေးအင်ဂျင်စက်ကိုနှိုးသည်၊ ထို့နောက် နံပါတ်နှစ်အင်ဂျင်နှင့် နံပါတ်တစ်အင်ဂျင်တို့ကို အစဉ်လိုက် ဆက်နှိုးသွားသည်။ အလွန်တရာ အင်အားကောင်းမွန်လှသော **JT9D-7F** တာဗိုဖင် အင်ဂျင်စက်များသည် စတင်စက်နှိုးသောအချိန်တွင် လိုအပ်သည်ထက် ပိုမို၍ ပူလာတတ်သောကြောင့် စုတ်ထုတ်ပစ်လိုက်သော ဓာတ်ငွေ့၏ အပူချိန်ပြဒိုင်ခွက်အား ၎င်းတို့လူစုက စိုးရိမ်စိတ်ဖြင့် မမှိတ်မသုန် စိုက်ကြည့်နေကြသည်။ အင်ဂျင်စက်များသည် အလွန်အလွန် အင်အားကြီးမားလှသော်လည်း လေယာဉ်မောင်းစက်ခန်းထဲတွင်မူ အင်ဂျင်စက်သံကို ခပ်သဲ့သဲ့သာ ကြားနေကြရသည်။ အင်ဂျင်စက်များသည် ချောမွေ့စွာ လည်ပတ်နေကြပြီဖြစ်သဖြင့် အင်ဂျင်စက်ကို နှိုးပြီးနောက် ထပ်မံစစ်ဆေးရသည့်အချက်အလက်များကို ဆက်လက်ဆောင်ရွက်ကြရပြန်သည်။ တောင်ပံပေါ်ရှိ အတင်အချလုပ်နိုင်သောအရွက်ခလက်ပ်နှင့် ပဲ့ရွက်တို့ကို စစ်ဆေးခြင်း၊ လျှပ်စစ်ဓာတ်အား၊ ဟိုက်ဒရောလစ် အင်အားတခါးများ၊ မြေပြင်ပေါ်ရှိ ပစ္စည်းများနှင့် လွတ်ကင်းမှု ရှိ မရှိစသည်တို့ကို ဆက်တိုက်စစ်ဆေးကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဖီယူမီစီနို မြေပြင်ကြီးကြပ်ရေးဌာန ခင်ဗျား၊ ထရန့်စ်အမ် ၉၀၁က ပျံသန်းရန်အတွက် စတင်အရှိန်ယူရန် အဆင်သင့်ဖြစ်နေပါပြီ'

'ထရန့်စ်အမ် ၉၀၁၊ ဘယ်ဘက်က ပြေးလမ်းသုံး-လေးအတိုင်း အရှိန်ယူပါ၊ လေတိုက်နှုန်း ၃၂၀ ဒီဂရီမှာ ၆ မိုင်နှုန်းနဲ့ QN H* တစ်တစ်ကိုး'

ဂျင်ဆင်က နားလည်သဘောပေါက်ကြောင်း ပြန်သတင်းပို့နေစဉ် မာလိုရီကလီဗာကို ရှေ့သို့ ညာလက်နှင့် အသာအယာတွန်းထုတ်လိုက်၏။ မြေပြင်ပေါ်တွင် ရှိနေစဉ်လေယာဉ်ပျံအား လိုသလိုလှည့်နိုင်သည့် ဟင်ဒယ်ဘားတန်းပေါ်တွင် ဘယ်လက်ကို တင်ထားလိုက်သည်။

'ဖလက်ပ် နှစ်ဆယ်ဒဂရီ'

ဂျင်ဆင်က ဟင်ဒယ်ဘားတန်းအား လိုအပ်သော အနေအထားသို့ရောက်သည်အထိ လှည့်လိုက်ရာ အတောင်ပံ၏ နောက်ဘက်ရှိကြီးမားသော ဖလက်ပ်များက အောက်ဘက်သို့ စိုက်ကျသွားသည်။ တစ်ပြိုင်နက်တည်းဆိုသလိုပင် အရှေ့ဘက်ရှိ ကြီးမားသောဖလက်ပ်ကြီးရှစ်ခုသည်လည်း အပေါ်သို့လန်တက်သွားကြသည်။ ထိုအနေအထားမှာပေါင်(၇၀၀၀၀၀)ရှိသော လေယာဉ်ကြီးအား မြေကြီးပေါ်မှ ကြွတက်လာစေနိုင်သည့်အကောင်းဆုံးအနေထားပင်တည်း။

ပြေးလမ်း၏ တစ်ဘက်တစ်ချက်စီတွင် မှဉ်းပြိုင်ပမာရှိနေကြသော အပြာရောင်မီးလုံးများသည် အသေခံ့အနန္တသို့ရောက်သည်အထိ စီတန်းနေကြသည်ဟုပင် ထင်ရသည်။

မာလိုရီက ပြောလိုက်၏။

'ကောင်းပြီ၊ နီဝါကိုစကီ၊ စက်ကိရိယာအားလုံး အနေအထားမှန်မမှန် စစ်ဆေးကြရအောင်'

'ကောင်းပါပြီ ကတ်ပတိန်'

စက္ကန့်ပိုင်းအတွင်းမှာ နီဝါကိုစကီက အသံထွက်အောင် စတင်ရွတ်ဖတ်တော့သည်။

'ပျံသန်းမှုဆိုင်ရာ စက်ကိရိယာများ စစ်ဆေးပြီးပါပြီ၊ ဖလက်ပ် ဒီဂရီ နှစ်ဆယ်ပုံမှန်အနေအထား၊ ပျံသန်းရေးဆိုင်ရာ ထိန်းချုပ်မှုကိရိယာများ စစ်ဆေးပြီးပါပြီ တည်ငြိမ်မှုထိန်းသိမ်းရေးကိရိယာကို ဖွင့်ထားပြီးပါပြီ။ ပျံတက်ခွင့်ဆိုင်ရာ ညွှန်ကြားချက်များနှင့်လေတိုက်နှုန်းထား တိုင်းထွာသောကိရိယာတို့ကို စစ်ဆေးပြီးပါပြီ၊ နောက်တစ်ကြိမ်စစ်ဆေးပြီးပါပြီ၊ ထရန့်စ်ပွန်ဒါကို ဖွင့်ထားပြီးပါပြီ၊ အရှိန်ယူခွင့်ဆိုင်ရာ စစ်ဆေးရမယ့်ကိစ္စ အ၀၀ကို စစ်ဆေးပြီးပါပြီ'

မာလိုရီက ခေါင်းညိတ်လိုက်၏။ စတင်ထွက်ခွာရန် အချိန်ကျရောက်ပေပြီ။

---

*QN H ပင်လယ်ရေမျက်နှာပြင်ပေါ်မှ အမြင့်ပြကိရိယာ

www.burmeseclassic.com

www.burmeseclassic.com



ရောမမြို့၌ ရှိရှိသမျှ လူအားလုံးသည် ထရန့်စ်အမေရိကန်ခရီးစဉ် အမှတ် ၉၀၁ လေယာဉ်ကြီး ပျံသန်းထွက်ခွာသွားသည်ကို ကြည့်ရှုရန် ရောက်ရှိနေကြသည်ဟုပင် ထင်ရသည်။ ဂျက်လေယာဉ်ပျံကြီးသည် အရှိန်ခပ်နှေးနှေးနှင့် စတင်ထွက်ခွာလာစဉ်၊ ရာပေါင်း၊ ထောင်ပေါင်းများစွာရှိသော လက်များက ဝှေ့ယမ်း၍နှုတ်ဆက်လိုက်ကြ၏။ ကင်မရာပေါင်း မြောက်များစွာက ဓာတ်ပုံရိုက်ယူကြသည်။

မာလိုရီသည် ထုံးစံအတိုင်း သတိဝီရိယကြီးစွာထား၍ စတင်အရှိန်ယူသည်။ ဘိုးရင်း ၇၄၇ အားစတင်အရှိန်ယူစဉ် မထင်မှတ်ပါပဲနှင့် အရမ်းမြန်သွားတတ်သည်။ ရလဒ်မှာ ဘီရိတ်များအရမ်းပူလာတတ်သလို ရှေ့ဘီးများသည်ပင်လျှင် ဘီးခွေမှ ကျွတ်ထွက်သွားတတ်သည်။ ထို့ကြောင့် အမြန်နှုန်းထားပြဒိုင်ခွက်အား မျက်ခြည်မပြတ် စောင့်ကြည့်နေရန် လိုအပ်ပေသည်။

ဒေသစံတော်ချိန် ည ၉နာရီ ထိုးပြီးခါစအချိန်တွင် လေယာဉ်ပျံကြီးသည် စတင်ပျံတက်ရန် လှုပ်ရှားစပြုသည်။ လေယာဉ်စီးခရီးသည်များ၊ ကုန်ပစ္စည်းများနှင့် လောင်စာဆီ အပါအဝင် စုစုပေါင်းအလေးချိန် ၃၄၅ တန်ရှိသော လေယာဉ်ပျံကြီးသည် အင်အားကြီးမားသော လေထု၏တွန်းအားကို ရရှိလာသည်။

မာလိုရီသည် အချိုးအစားပြေပြစ်လှသော လေယာဉ်ဦးပိုင်းမှနေ၍ ပြေးလမ်း၏ အလယ်ဗဟို၌ တောက်လျှောက်ရေးဆွဲထားသော လိုင်းပြတ်များအား ငုံ့ကြည့်နေသည်။ ထိုလိုင်းပြတ်များသည် နှေးကွေးစွာ ပျံသန်းလာနေသော ကျည်ဆန်ထိပ်ဖူးများပမာ လေယာဉ်ပျံဆီသို့ ပြေးဝင်လာကြပြီးနောက် တစ်ခုပြီးတစ်ခု ပျောက်ကွယ်သွားကြသည်။ မကြာခင် အဆိုပါလိုင်းပြတ်များသည် တစ်ဆက်တည်းရေးဆွဲထားသော လိုင်းတွန့်မျဉ်းကြောင်းကြီးပမာ ဖြစ်လာသည်။ လေယာဉ်ပျံကြီးသည်လည်း လေယာဉ်ပြေးလမ်းအတိုင်း အရှိန်အဟုန်ပြင်းစွာဖြင့် တစ်ရှိန်ထိုးပြေးလွှားလျက်ရှိသည်။

လေယာဉ်ဘီးများ၏ မြည်ဟီးသံ ပျောက်ကွယ်သွားသည်။ တစ်နာရီလျှင် ၁၉၇-မိုင်နှုန်းသို့ ရောက်ရှိလာသောအခါ ဘိုးရင်း ၇၄၇ လေယာဉ်ပျံကြီးသည် မြေပြင်မှကွာတက်ပြေသည်။

မြေပြင်ပေါ်မှ ဆယ့်ငါးဒီဂရီ ဦးမော့၍ အထက်ဘက်သို့ စတင်ပျံတက်စပြုသည်။ ရောမမြို့တော်မှ မီးရောင်များသည် အလှပြထားသော ကျောက်မျက်ရတနာများပမာ အောက်ဘက်၌ တစ်လက်လက် တောက်ပနေကြ၏။

လေဆိပ်အဆောက်အအုံထဲရှိ လူတစ်ယောက်ကမူ သမုဒ္ဒရာခြားသော ကယ်လီဖိုးနီးယားပြည်နယ်ရှိ လမ်းဘေးဟိုတယ်တစ်ခုထဲ အဝေးပြောစနစ်ဖြင့် တယ်လီဖုန်းဆက်သွယ်လိုက်သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အခန်း( ၅ )

ဂရင်းဝစ်ချ် စံတော်ချိန် ၁၈ : ၄၉ နာရီ
ကယ်လီဖိုးနီးယားပြည်နယ် မြောက်ပိုင်းတစ်နေရာ
နံနက် ၁၁ : ၄၉ နာရီ

တစ်ကိုယ်လုံးကို တုန်စေသော ထိတ်လန့်ချောက်ချားမှုသည် နောက်တစ်ချီ ပြန်၍ ဖြစ်ပေါ်လာပြန်သည်။

ဂျိန်းသည် လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်၍ တစ်ကိုယ်လုံးရှိ အကြောအခြင်များကို တောင့်ထားစေပြီး အဆိုပါတုန်လှုပ်ချောက်ချားမှုကို ခုခံနေရသည်။ ထိုကဲ့သို့ တိုက်ခိုက်တွန်းလှန်ရသည်မှာ ပင်ပန်းလွန်းလှသော်လည်း နောက်ဆုံးတွင် ပျောက်ကွယ်သွားလိမ့်မည်သာ။ သို့မှသာ ဂျိန်းသည် သာမန်အနေအထားအတိုင်း အသက်ရှူနိုင်မည်။ သက်ပြင်းချနိုင်မည်။ စဉ်းစားတွေးတောနိုင်မည်သာ ဖြစ်မည်။ ပြီးတော့လည်း အေးစိမ့်နေသော ဒီအခန်းထဲက လွတ်မြောက်နိုင်မည့် နည်းလမ်းကို ရှာတွေ့ရလိမ့်မည်။ အခန်းထဲ၌ ရှိရှိသမျှသော ပရိဘောဂများကို နံရံတစ်ဘက်တွင် စုကပ်ထားသည်။ ထိုပစ္စည်းများသည် ဆွေးမြည့်နေသော အဟောင်းအမြင်းများသာ ဖြစ်ကြသည်။ ပြတင်းပေါက်များပေါ်တွင် ပျဉ်ပြားများနှင့်ကပ်၍ သံရိုက်ထားသည်။ စလောင်းမပါသော အထီးကျန်မီးလုံးတစ်လုံးတည်းက ဤအခန်းအတွက် အလင်းရောင်ပေးလျက်ရှိသည်။ ဤအခန်း၏ ကြမ်းခင်းများမှာ အဆင့်အတန်းမြင့်လှသည့်အပြင် (အခန်းထဲ၌) အလွန်ကြီးမားသော မီးလင်းဖိုကြီးတစ်ခုလည်းရှိနေသောကြောင့် (ဤအခန်းသည်) တစ်ချိန်သောအခါက နေချင့်စဖွယ်ကောင်းသော အခန်းတစ်ခန်း ဖြစ်ပေလိမ့်မည်။ သို့သော် ဤအခန်းအား အသုံးမပြုခဲ့ကြသည်မှာ နှစ်နှင့်ချီ၍ ကြာမြင့်ခဲ့ပုံရသည်။ ဆယ်စုနှစ်ပေါင်းများစွာပင် ကြာမြင့်ခဲ့နိုင်သည်။ စိုထိုင်းမှုမှာ နံရံများထဲတွင် ထိုးဖောက်စိမ့်ဝင်ပြီး ပျံ့နှံ့နေသည်။ နံရံကို လက်နှင့်လိုက်ပါက စိုထိုင်းမှုသည် ပန်းထွက်လာမည်ကဲ့သို့ပင် ထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်းအား ခေါ်လာခဲ့သော ဟိုနှစ်ကောင်သည် တစ်ဘက်ခန်းထဲတွင် ရှိနေကြသည်။ ရင်းတို့၏ ဘာသာစကားနှင့် စကားစမြည် ပြောဆိုနေကြသည်။ မည်သည့်ဘာသာစကား ဖြစ်လေသနည်းဟု ဂျိန်းက ကြိုးစားပမ်းစားတွေးကြည့်သည်။ သို့သော် အချည်းအနှီးပင်။

ဂျိန်းသည် သူကြားနေရသော အိမ်ထဲမှ တကျည်ကျည် မြည်သံများ၊ တစ်ခါတစ်ရံ တွင်သာ ကြားရတတ်သော ခပ်လှမ်းလှမ်းမှ မော်တော်ကားသံများနှင့် လေယာဉ်ပျံတစ်စီး၊ နှစ်စီး၏ အသံများ စသည်တို့ကို နားထောင်ရင်း အဓိပ္ပါယ်ဖော်နိုင်ရန် ကြိုးစားနေသည်။

ယခုလို ရင်းအား ပြန်ပေးဆွဲလာခြင်းကြောင့် အမြတ်အစွန်း ရစရာမရှိပါ။ 'ပြန်ပေး' ဆိုသောစကားလုံးက ဂျိန်းအား တသိမ့်သိမ့်တုန်သွားစေသည်။ ပြန်ပေးဆွဲခံလိုက်ရပြီးနောက် အသတ်ခံရသူများအကြောင်း ပြန်တွေးမိလာသည်။

ဂျိန်း ခေါင်းကိုက်နေသည်။ နှုတ်ခမ်းများ ခြောက်သွေ့ပြီး အက်ကွဲနေကြသည်။ ဂျိန်းက ကော်ဖီတစ်ခွက်တောင်းထားသော်လည်း ဂရုပင်မစိုက်ကြချေ။

သနားစရာကောင်းတဲ့ တိုဘီ။ တိုဘီလို ချစ်စရာကောင်းသော သတ္တဝါကလေးအား သတ်ဖြတ်ပစ်ခြင်းမှာ အင်မတန် ရက်စက်ကြမ်းကြုတ်သော အပြုအမူပင်ဖြစ်သည်။ ဂျိန်း၏ ဖခင် အိမ်သို့ပြန်ရောက်လာသောအခါ တိုဘီ၏အလောင်းသည် ထိုအခန်းထဲ၌ပင် ရှိနေဦး မည်လော။ သူ့အနေနှင့် မည်မျှထိတ်လန့်သွားမည်နည်း။ သူမည်သို့မည်ပုံ တွေးထင်သွားလေ မည်နည်း။ မည်ကဲ့သို့ ဆက်လက်လုပ်ကိုင်လေမည်နည်း။ ဒီအကောင်တွေက သူ့ထံ တယ်လီ ဖုန်းလှမ်းဆက်ပြီး ငွေတောင်းလေမည်လား။

ရှုပ်ကြပေသည်။ ဂျိန်း၏ဖခင်သည် လူချမ်းသာမဟုတ်။ အလွန်ဆိုးရွားသော မှားယွင်းမှုလည်း ဖြစ်နိုင်သည်။ 'ဝမ်းနည်းပါတယ် ကလေးရယ်၊ တို့လူမှားပြီး ခေါ်လာမိတယ်၊ စိတ်မဆိုးကြစတမ်းကွာ၊ ဒါပေမယ့် မင်းက တို့ကို မှတ်မိသွားပြီဆိုတော့. . . .' အို. . . ဒီလို ပေါက်တတ်ကရတွေကို တွေးတောပြီး အချိန်ကုန်မခံနိုင်ပါ။ ရန်သူအား မည်သို့မည်ပုံ တစ်ပတ်ရိုက်ရမည်ကိုသာ အဖြေထုတ်ဖို့ပင်။

သို့သော် ဘယ်လိုလုပ်မှာလဲ။

ငါသိပ်ကြောက်နေပြီ၊ ငါသေသွားနိုင်သည်။ ဒီနေရာမှာပင် ဘဝဆုံးရလိမ့်မည် ထင်ပါရဲ့. . . .။

ကြောက်စိတ်သည် တစ်ကိုယ်လုံးအနှံ့ တလိမ့်လိမ့်နှင့် လှိမ့်တက်လာပြန်သည်။ အဆိုပါကြောက်စိတ်အား တွန်းလှန်ရသည်မှာ ပင်ပန်းလွန်းလှသည်။ သို့သော်ရှုံးပေး၍တော့ မဖြစ်။ အရှုံးမပေးဘဲ တိုက်ပွဲဆင်နွှဲရလိမ့်မည်။

ဒီကောင်တွေကို လက်စားချေရမည်။ ပေါင်ခြံကို ခြေထောက်နှင့်ကန်ပြီး အနာတရ ဖြစ်အောင်လုပ်ရမည်။

ထိုအတွေးများက ဂျိန်းအား တည်ငြိမ်မှု ရလာစေသည်။ အကြောအခြင်များ ပြေ ပြီပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဂျိန်းသည် ထိုင်ရာမှထ၍ အခန်းထဲတွင် လမ်းလျှောက်ပြန်၏။ ၎င်း၏ ခြေသံသည် ကြမ်းပြင်ပေါ်၌ အလွန်ကျယ်လောင်စွာ ထွက်ပေါ်နေသည်။ ထရပ်ကားနှင့် မည်မျှကြာအောင် လာခဲ့ရလေသနည်း။ တစ်နာရီလောက်လား၊ သိပ်မသေချာပါ။ တစ်နာရီလောက်တော့ရှိမည်။ ဒီတော့ မိုင်လေးဆယ်၊ ငါးဆယ်လောက်တော့ရှိမည်။ မည်သည့်နေရာများဖြစ်နိုင်ပါမည်နည်း။ ဂျိန်း သက်ပြင်းချမိ၏။ (ဖြစ်နိုင်သည့်)နေရာ တစ်သောင်းလောက်တော့ရှိမည်။ ဝတ္ထုထဲ၌ ဆိုပါက ရေသံ ကုန်ရထားမောင်းနှင်သံ စသည်တို့ကို ကြားရသောကြောင့် မည်သည့်နေရာဒေသ ဖြစ်ကြောင်း အတိအကျခန့်မှန်းနိုင်ကြသည်။ သို့ရာတွင် ခပ်သဲ့သဲ့သာ ကြားရသော မော်တော်ကားသံများနှင့် လေယာဉ်ပျံတစ်စီး၊ နှစ်စီးတို့၏ အသံများအပေါ်မူတည်၍ မည်သို့မည်ပုံ အဖြေထုတ်နိုင်ပါမည်နည်း။

သော့ပေါက်ထဲသို့ သော့သွင်းသံ ကြားလိုက်ရသည်။

တံခါးပွင့်လာ၏။ အမာရွတ်နှင့် ပုဂ္ဂိုလ်ပင် ဖြစ်သည်။

'မင်းအတွက် ကော်ဖီယူလာတာ'

ဂျိန်းက ကော်ဖီပန်းကန်ကို လှမ်းယူလိုက်၏။

'ရက်ရက်ရောရောရှိမှုကတော့ ဝမ်းသာစရာပါပဲ'

'သောက်စမ်း၊ သိပ်စကားများများမပြောနဲ့'

'ရှင်တို့က ကျွန်မကိုဘာဖြစ်လို့ ဒီနေရာကိုခေါ်လာရတာလဲ'

'ကော်ဖီကိုပဲ သောက်စမ်း'

ဒီပုဂ္ဂိုလ်က အင်္ဂလိပ်စကားကို ကောင်းကောင်းပြောတတ်သော်လည်း အသံကဝဲလွန်းလှသည်။

'ရှင်က ဘယ်အရပ်ကလဲ'

'ဘာပြောတယ်'

ထိုပုဂ္ဂိုလ်က မျက်မှောင်ကုပ်လိုက်၏။

'သိပ်အမေးအမြန်း မထူပါနဲ့လို့ မင်းကို ငါပြောထားတယ်မဟုတ်လား'

ဂျိန်းက ကော်ဖီကို မျှင်း၍သောက်လိုက်၏။ ချိုလွန်းလှသည်။ သို့သော် မတတ်နိုင်ပြီ။ ယခုလို အရသာရှိသည့်ကော်ဖီနှင့် တွေ့ရခဲပါဘိခြင်း။

'ကျွန်မအဖေက လေယာဉ်ပျံပိုင်းလော့တစ်ယောက်. . .'

'အေးပါ၊ တို့သိပါတယ်'

'သူက သိပ်မချမ်းသာပါဘူး၊ ဒါ့ကြောင့် ပြန်ပေးငွေအများကြီး တောင်းရင် ပေးနိုင်မှာမဟုတ်ဘူး၊ ရှင့်စိတ်ထဲမှာ အဲဒီလို တွေးနေခဲ့ရင်ပေါ့လေ'

'တို့က အဲဒီလို မရည်ရွယ်ပါဘူး'

'ဘယ်လို ရည်ရွယ်ထားလို့လဲ'

'မင်းသိလာရမှာပေါ့လေ'

www.burmeseclassic.com

www.burmeseclassic.com



ဒီငတိက အသက်အစိတ်လောက်ရှိသူဖြစ်သည်။ အပြာရောင် ဖျင်ကြမ်းအင်္ကျီအောက်မှ ပခုံးကြီးများမှာ ကျယ်ပြန့်ကြီးမားလှသည်။ ဆံပင်နက်ပြီးကောက်သည်။ ရုပ်ရည်ကတော့ သိပ်မဆိုးလှပါ၊ တိုဘီကိုသတ်တာ ဒီငတိပဲလား ဂျိန်း မမှတ်မိတော့ပါ။ ထိုကိစ္စတစ်ခုလုံးသည် အဟုတ်တကယ် မဖြစ်ခဲ့ပဲ အိမ်မက်မက်သည့်ပမာဖြစ်နေသည်။ သို့သော် အမှန်တကယ် ဖြစ်ပျက်နေခြင်းလည်း ဖြစ်သည်။

ထူးဆန်းသည်မှာ ဂျိန်း၏ တစိတ်တစ်ပိုင်းက ကြောက်စိတ်ဝင်နေသော်လည်း ကျန်တစ်စိတ်တစ်ပိုင်းက သိချင်စိတ်ပြင်းပြနေသည်။

'ကျွန်မ ခွေးကလေးကို သတ်ပစ်တာကတော့ တော်တော်ဆိုးတာပဲ'

သူက သဘောတူဟန်နှင့် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကြားထဲမှာ ကန့်လန့် ကန့်လန့်နဲ့ ဝင်ခံနေလို့ သတ်လိုက်ရတာပါ၊ ဝမ်းနည်းပါတယ်ကွယ်'

ဂျိန်းသည် တိုဘီကို သတိရလာသောကြောင့် မျက်ရည်ဝဲလာသည်။ ဂျိန်းက ဆဲလိုက်၏။

'ရှင်. . . လူယုတ်မာ. . . ခွေးမသား'

သူသည် ဂျိန်းအား စိုက်ကြည့်နေသည်။ ဂျိန်းက သူ့လက်တုန်နေသည်ကို မြင်သွားမှာ စိုးရိမ်သောကြောင့် ကော်ဖီခွက်ကို လက်နှစ်ဖက်စလုံးနှင့် ထိန်း၍ကိုင်ပြီး ကော်ဖီကို တုန်အောင်သောက်လိုက်သည်။

'ရှင်တို့က ကျွန်မကို ဘယ်လောက်လောက်ကြာအောင် ဒီမှာထားမှာလဲ'

'သိပ်မကြာပါဘူး၊ မင်းကို ငါ အာမခံပါတယ်'

'ရှင့်သောက်အာမခံချက်က ဘယ်လောက်များ တန်ဖိုးရှိမှာမို့လို့လဲ'

သူရှက်သွားသည်။

'မင်းကို ကြာကြာမထားပါဘူးလေ'

'ရှင့်လို လေဖင်ခေါင်းတွေကို အဆိပ်ခါတ်ငွေ့နဲ့ အဆုံးစီရင်လေ့ရှိတယ်'

'ငါလဲ အဲဒီလို ကြားဖူးပါတယ်'

'ကျွန်မ ထွက်ပြေးမယ်ဆိုရင် ရှင်ဘာလုပ်မလဲ'

'မင်း မလုပ်သင့်တဲ့ ကိစ္စတစ်ခုပေါ့ကွာ'

'ကျွန်မ သေသွားရင် ရှင်တို့အတွက် အသုံးကျတော့မှာ မဟုတ်ဘူး'

သူက ပခုံးတွန့်လိုက်၏။

'ငါ့အနေနဲ့ မင်းကို သတ်ဖို့မလိုပါဘူး၊ ဒါပေမယ့် မင်းသေတာ ရှင်တာကလဲ ငါ့အတွက်ဘာမှ မထူးခြားပါဘူး'

သူက ဂျိန်း၏ ခြေထောက်ကို လက်ညှိုးနှင့် ထိုးပြရင်း ယပ်ပြောလိုက်သည်။

'မင်းကို အဲဒီနေရာမှာ သေနတ်နဲ့ပစ်လို့ရတယ်၊ ဒါမှမဟုတ် မင်းကို ဖောဒီနေ့ရာမှာ

www.burmeseclassic.com

www.burmeseclassic.com



သေနတ်နဲ့ ပစ်လို့လဲရတယ်'

သူက ဂျိန်း၏ ညှပ်ရိုးကို လက်နှင့်ကိုင်၍ ပြောလိုက်သည်။

'ဒါမှမဟုတ် ပေါဒီနေရာကိုလဲ ပစ်လို့ရတယ်'

သူက ဂျိန်း၏ ရွှေရင်ဖြိုးဖြိုးကို လက်ညှိုးနှင့်ထိုး၍ ပြောလိုက်ခြင်းဖြစ်သည်။

ဂျိန်းသည် ချက်ချင်းဆိုသလို နောက်ဘက်သို့ တဖြည်းဖြည်း ဆုတ်ပေးနေရာ နံရံနှင့် လာထိသည့် အချိန်ထိပင်ဖြစ်သည်။

'ဒီခွေးမသားက ငါ့ကိုမတော်မတရား ကြံစည်ချင်တယ်နဲ့တူတယ်'

ဂျိန်းတစ်ယောက် အကာအကွယ်မဲ့နေသောကြောင့် လွှန်လွှန်မင်းမင်း ထိတ်လန့် ချောက်ချားနေသည်။ စိတ်ကိုတည်ငြိမ်အောင် ထိန်းထားမှဖြစ်မည်။

'ရှင်က မိန်းကလေးတစ်ယောက်ကို သေနတ်နဲ့ချိန်ပြီးမှ အနိုင်ကျင့်မယ်နဲ့ တူတယ်'

ထိုပုဂ္ဂိုလ်က ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်၏။

ဂျိမ်း၏ ရင်ထဲမှတဒိန်းဒိန်းမြည်အောင် ခုန်နေသည်ကို ခံစားသိရှိနေရသည်။

ထိုလူက ရှေ့သို့ စနစ်တကျ တဖြည်းဖြည်းတိုးလာနေသည်။ ဂျိန်းက နံရံကိုကျောနှင့် ဖိ၍ကပ်လိုက်၏။ ပြေးစရာလည်း နေရာမရှိတော့ပါ။ ထိုလူသည် ဂျိန်းနှင့်ထိလုမတတ် တိုးကပ်လာ၏။ ၎င်း၏ပူနွေးသောကိုယ်ငွေ့ကိုပင် ဂျိန်းတစ်ယောက် ခံစားနေရလေပြီ။

ကြောက်စိတ်မဝင်နဲ့၊ သူ့ကို လုံးဝဂရုမစိုက်နဲ့။

ထိုလူက ဂျိန်းကို လက်နှစ်ဘက်နှင့် ဆုပ်ကိုင်လိုက်၏။ ထို့နောက် ရှပ်အင်္ကျီကြယ် သီးကို စ၍ဖြုတ်တော့သည်။ ကြယ်သီးတစ်လုံး ပြုတ်သွားသော်လည်း ကျန်တစ်လုံးကို အလွယ်တကူနှင့် ဖြုတ်မရချေ။

'ရှင်က အဖြစ်မရှိတဲ့ လေဖင်ခေါင်းပဲ'

'မင်းကိုယ်တိုင် ကြယ်သီးကို ဖြုတ်စမ်း'

'ဟင့်အင်း'

'မင်းလုပ်ကိုလုပ်ရမယ်၊ မင်းမလုပ်ရင် ဘလောက်စ်အင်္ကျီလှလှကလေး စုတ်ပြဲ သွားမှာပေါ့'

ဂျိန်းက တံတွေးကို မြိုချလိုက်သည်။

'သိပ်ကို အေးလွန်းလှပါတယ် ရှင်'

'ကိုယ်တို့ နွေးလာမှာပါ'

ပြောမရသည့် အဆုံးတွင် ဂျိန်းကိုယ်တိုင် ကြယ်သီးကို ဖြုတ်လိုက်ရတော့သည်။

ထိုအခိုက်တွင် ကျောက်စရစ်ခဲများအား နင်းကြိတ်မိသံနှင့် ဘရိတ်နင်းသံများကို ကြားလိုက်ရသည်။ အပြင်ဘက်၌ ကားတစ်စီး ရောက်ရှိနေလေပြီ။

ထိုသူက (ဂျိန်းနားမလည်သော)နိုင်ငံခြားဘာသာစကားနှင့် ရေရွတ်ပြီး ပစ္စတို သေနတ်ကို ဆွဲထုတ်လိုက်၏။ သူက တံခါးဆီသို့ ခပ်သွက်သွက် လှမ်းလျှောက်သွားတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုလူက ဂျိန်းအား တစ်ချက်လှမ်းကြည့်ပြီးနောက် ပြန်ထွက်သွားလေ၏။ တံခါးရွက်သည် ဒိုင်းကနဲမြည်ပြီး ကျန်ရစ်ခဲ့သည်။

ဂျိန်းသည် အင်္ကျီကြယ်သီးများကို ကပျာကယာ ပြန်တပ်လိုက်၏။ အပြင်ဘက်မှ တံခါးပိတ်သံနှင့် စကားပြောသံများကို ကြားနေရသည်။ ဘာတွေများ ဖြစ်နေကြပါလိမ့်။

တံခါး ဝုန်းကနဲ ပွင့်သွားပြန်သည်။

ဆီးယားစ်ယူနီဖောင်းကို ဝတ်ဆင်ထားသော အသားညိုညို လူတစ်ယောက်သည် အော်တိုမက်တစ် ရိုင်ဖယ်တစ်လက်ကိုကိုင်ရင်း အထဲသို့ဝင်လာ၏။ သူက ဂျိန်းအား အမှတ်မထင် လှမ်းကြည့်လိုက်သည်။

'ဒီထဲကိုဝင်ခဲ့ကြ'

မျက်ရည်စီးကြောင်းများနှင့် ဆံပင်များ ရှုပ်ပွနေသော အမျိုးသမီးငယ်တစ်ယောက် ဝင်လာ၏။ ထို့နောက် ကလေးနှစ်ယောက် ဝင်လာသည်။ တစ်ယောက်မှာ ဆယ်နှစ်သားအရွယ် ယောကျာ်းကလေးတစ်ယောက်ဖြစ်ပြီး ကျန်တစ်ယောက်မှာ လမ်းလျှောက်တတ်စ ချာတိတ်မကလေး တစ်ယောက်ဖြစ်သည်။ နောက်ဆုံးတွင် ကိုးကန်းတောင်းမှောက် မျက်လုံးများနှင့် အသားအရေ ဖြူဖပ်ဖြူရော် ဖြစ်နေသော အဘိုးကြီးတစ်ယောက်ဝင်လာ၏။ သူက ခြေညှပ်ဖိနပ်ကို စီးထားသည်။

၎င်းက ဆီးယားစ်ကုမ္ပဏီမှ ယူနီဖောင်းနှင့် ပုဂ္ဂိုလ်အား တစ်စုံတစ်ရာလှမ်းပြောလိုက်၏။

'ပါးစပ်ပိတ်ပြီး အထဲဝင်စမ်း၊ ကျုပ်ပြောတဲ့အတိုင်းလုပ်ရင် ခင်ဗျားအသား မနာစေရဘူး'

'ဒါပေမယ့်'

ယူနီဖောင်းနှင့်ပုဂ္ဂိုလ်က ထိုအဘိုးကြီးအား ရိုင်ဖယ်သေနတ်ပြောင်းနှင့် ထိုး၍ အခန်းထဲသို့သွင်းလိုက်၏။ အဘိုးကြီးသည် ယိုင်တိယိုင်ထိုးဖြစ်သွားပြီး လဲကျတော့မလိုလို ဖြစ်သွားသည်။ ဂျိန်းက အဘိုးကြီးအား အချိန်မီဆီးဖမ်း၍ ထိန်းထားပေးလိုက်နိုင်သည်။ အဘိုးကြီး၏ မျက်မှန်ပြုတ်ကျသွားသည်။

ဂျိန်းက ဆီးယားစ်ကုမ္ပဏီမှ ယူနီဖောင်းနှင့် ပုဂ္ဂိုလ်အား 'ခွေးမသား' ဟု လှမ်းဆဲလိုက်သည်။ ထိုသူက ဂရုပင်မစိုက်ပဲ ပြန်ထွက်သွားပြီး တံခါးကိုပြန်သော့ခတ်လိုက်သည်။

ချာတိတ်မကလေးက စတင်၍ငိုလေ၏။

ချာတိတ်ကလေးကမူ လေ့လာလိုသော မျက်နှာထိမျက်နှာထားနှင့် အခန်းကို သည့်ပတ်၍ လေ့လာနေတော့သည်။

လူကြီးများသည် တစ်ဦးကိုတစ်ဦး ကြည့်လိုက်မိကြ၏။ ဂျိန်းက စပြောလိုက်သည်။

'ကျွန်မ ဒီကိုရောက်နေတာ တစ်နာရီလောက်ရှိပြီ၊ ဘာ့ကြောင့်လဲတော့မသိဘူး ရှင်တို့တာကော'

www.burmeseclassic.com

www.burmeseclassic.com



သူတို့က ခေါင်းခါပြကြ၏။ ကလေးတို့အမေ၏ မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ဝေ့ဝဲလာသည်။

'တကယ့် အရူးတွေလိုပဲ'

အဘိုးကြီးက ပြောလိုက်ခြင်းဖြစ်၏၊ သူ့ လေသံက တော်တော်ကလေးဝဲသည်။

'ကျုပ်က ကျုပ်ဘာသာကျုပ်၊ သတင်းစာထိုင်ဖတ်နေတုန်း ဆီးယားစ် ကုမ္ပဏီကပါ ဆိုပြီး ခုလိုပါလာတာပဲ'

ဂျိန်းက ပြောလိုက်ပြန်သည်။

'ကျွန်မတို့ တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်တာနဲ့ စကြရင်ကောင်းမယ် ထင်တယ်၊ ကျွန်မနာမည်က ဂျိန်းဆပ်တန်၊ ဒါဆိုရင် ရှင်တို့အတွက် အဓိပ္ပါယ်ရှိရဲ့လား၊ မရှိဘူးနော်၊ ဒါဆိုရင် ဒီကဘဘကြီး နာမည်ကို ဘယ်လိုခေါ်ပါလိမ့်'

အဘိုးကြီးက ဖြေသည်။

'နိုဝါကိုစကီ၊ ကျုပ် ၁၉၂၆ ခုနှစ်မှာ အမေရိကန်ကို စရောက်စကတည်းက ခုလို တစ်ခါမှ မဖြစ်ဖူးဘူး'

ကလေးတို့၏ အမေက ပြောပြန်၏။

'ကျွန်မနာမည်က ဗာဂျီးနီးယားဂျင်ဆင်၊ ဟောဒါတွေက ကျွန်မကလေးတွေ၊ ကရိုတ်ချ်နဲ့ ကာရင်'

'ရှင်တို့က ဘယ်မှာနေကြသလဲ'

'မွန်တီရေးနားမှာ'

ဂျင်ဆင်ဆိုသော အမျိုးသမီးက ဖြေလိုက်ခြင်းဖြစ်သည်။ အဘိုးကြီးလည်း ဝင်ဖြေပြန်၏။

'အုတ်ကလန်'

ဂျိန်းက ပြောလိုက်သည်။

'ကျွန်မတို့(နေရပ်တွေအားလုံး) တော်တော်လေးနီးကြသားပဲ၊ ကျွန်မက နယူးယောက်မှာနေတယ်၊ ဒါပေမယ့် သိပ်မကြာသေးခင်က ကျွန်မအဖေနဲ့ အတူတူလာနေတယ်၊ သူက ထရန်နှစ်အမ်က ကတ်ပတိန်တစ်ယောက်ပါ'

ကျွန်နှစ်ယောက်က မျက်လုံးပြူး၊ မျက်ဆန်ပြူးနှင့် မော်ကြည့်လိုက်မိကြ၏။ ချက်ချင်း ဆိုသလိုပင် တစ်ဦးနှင့်တစ်ဦး ဆက်စပ်မှုရှိကြောင်း အတွေးပေါက်လာကြသလို တဖြည်းဖြည်း နှင့် နားလည်သဘောပေါက်စပြုလာကြသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၆ )

ဂရင်းဝစ်ချ် စံတော်ချိန် ၁၉ း ၃၄ နာရီ
ကော်စီကာ (ကျွန်း) မြောက်ဘက်
မြောက်လတ္တီတွဒ် ၄၃ ဒီဂရီ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉ ဒီဂရီ ၃၁ မိနစ်

မာလိုရီသည် မိုက်ကရိုဖုန်းနှင့် စကားပြောရလေ့ရှိသည့်အခါတိုင်း ရေဒီယိုမှ အသံလွှင့်ကြေငြာသူတစ်ဦးပမာ ရွံ့တွန့်တွန့် အမြဲဖြစ်လေ့ရှိသည်။ သို့ရာတွင် လေကြောင်းကုမ္ပဏီကမူ မိုက်ကရိုဖုန်းကို (များများ)အသုံးပြုရန် တိုက်တွန်းနှိုးဆော်လေ့ရှိသည်သာမက မဖြစ်မနေ သုံးစွဲရမည်ဟု ပြဋ္ဌာန်းထားသည့်သဘောမျိုးအထိ သက်ရောက်နေသည်။ ပြည်သူ့ဆက်သွယ်ရေးအရာရှိများကလည်း (ထိုကဲ့သို့ပြောဆိုခြင်းသည်) ခရီးသည်များအတွက် ကောင်းကျိုးပြုသည်ဟု ဆိုကြသည်။ ယခုအချိန်တွင် ပြည်ထောင်စုလေကြောင်းအေဂျင်စီ၏ ပြဋ္ဌာန်းချက်များအရ လေယာဉ်မှူးများသည် လေယာဉ်ပျံသန်းနေစဉ် ခရီးသည်များအကြား၌ သွားလာလမ်းလျှောက်ခွင့် မရှိတော့သဖြင့် အသံချဲ့စက်မှတဆင့် ခရီးသည်များအား ရင်းရင်းနှီးနှီး ဆက်သွယ်ပြောဆိုမှုသည်သာ အကောင်းဆုံး ဖြစ်နေပြန်သည်။

မာလိုရီသည် လောက်စပီကာများနှင့် ဆက်သွယ်ထားသော အသံချဲ့စက်ဆိုင်ရာ ခလုတ်ကို နှိပ်လိုက်၏။ ပုံသေဖော်မြူလာ၏ ပထမအဆင့်မှာ ခရီးသည်များအား တရင်းတနှီး စတင်နှုတ်ဆက်ခြင်းဖြင့် ခင်မင်မှုကို အရယူရန်ဖြစ်သည်။

'မင်္ဂလာရှိသော ညနေခင်းပါ၊ ဂုဏ်သရေရှိ အမျိုးသမီးများနှင့် လူကြီးမင်းများခင်ဗျာ . . . ခင်ဗျားတို့ရဲ့ ကတ်ပတိန်က နှုတ်ခွန်းဆက်စကားပြောကြားနေခြင်း ဖြစ်ပါတယ်၊ ဆန်ဖရန်စစ္စကို လေကြောင်းခရီးစဉ်အမှတ် ၉၀၁ လေယာဉ်ပေါ်မှာ လိုက်ပါလာကြတဲ့ ခရီးသည်များကို လေယာဉ်ဝန်ထမ်းအားလုံးရဲ့ကိုယ်စား ကြိုဆိုနှုတ်ခွန်းဆက်သလိုက်ပါတယ် ခင်ဗျား၊ ကျွန်တော်တို့ရဲ့ စတင်ထွက်ခွာပျံသန်းချိန် နောက်ကျခဲ့ရမှုကြောင့် လှိုက်လှိုက်လှဲလှဲကြီး တောင်းပန်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ ထိန်းချုပ်နိုင်စွမ်း မရှိသောအကြောင်းကြောင်းကြောင့်လို့ ဆိုပါရစေ'

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအဆင့်အနေဖြင့် (ခရီးသည်များအား) ၎င်းတို့သည် မည်သည့်နေရာသို့ ရောက်ရှိပြီး မည်သည့်နေရာသို့ ဦးတည်၍ ပျံသန်းနေကြောင်း အသိပေးရမည်ဖြစ်သည်။

'ကျွန်တော်များ လေယာဉ်ကြီးဟာ သတ်မှတ်ပေးထားတဲ့ အမြင့်ပေ ၃၅၀၀၀ မှာ ခုအချိန်လောက်ကစပြီး စတင်ပျံသန်းစပြုနေပါပြီ၊ လစ်ဂူနီယန် ပင်လယ်ပြင်ရဲ့အထက် ခုနစ်မိုင်ခန့်အမြင့်မှာ ဖြစ်ပါတယ်ခင်ဗျာ၊ လောလောဆယ် အချိန်မှာတော့ ကျွန်တော်တို့ဟာ ကော်စီကာကျွန်းရဲ့ မြောက်ဘက်မှာ ရှိနေပြီး အီတလီနိုင်ငံ တိုရီနိုကို ဦးတည်နေပါတယ်၊ ကျွန်တော်များရဲ့ ပျံသန်းရေးလမ်းကြောင်းအရ အဲဒီကမှ ဂျနီဗာမြို့ရဲ့ အရှေ့မြောက်က တဆင့် ပြင်သစ်နိုင်ငံရဲ့ အရှေ့မြောက်ဒေသကို ကျော်ဖြတ်ပြီး အင်္ဂလန်ရေလက်ကြားကို ဖြတ်သန်းပါ့မယ်၊ တစ်ခါ လန်ဒန်မြို့ကနေ ချိုးကွေ့ပြီး ဂလပ်စကိုမြို့ဆီကို ပျံသန်းပါ့မယ်၊ အဲဒီကမှ မြောက်အတ္တလန္တိတ်သမုဒ္ဒရာကို စတင်ကျော်ဖြတ်ပြီး ပျံသန်းမှာ ဖြစ်ပါတယ်၊ အိုက်စလန်ကျွန်းရဲ့ တောင်ဘက်ကပျံသန်းပြီးနောက် ဂရင်းလန်ကျွန်းတောင်ပိုင်း၊ အဲဒီနောက်တော့ ဒေးဗစ်ရေ လက်ကြားကိုကျော်ဖြတ်ပြီး ကနေဒါနိုင်ငံရဲ့ အနောက်မြောက်ဒေသမှာရှိတဲ့ ဘက်ဖင်ကျွန်းပေါ် ကို ကျော်ဖြတ်ပျံသန်းပါ့မယ်၊ အဲဒီကမှ ဟာဒ်ဆန်ပင်လယ်အော်ပေါ်က ကျော်ဖြတ်ပြီး မင်နီတိုဘာပြည်နယ်ရဲ့ အနောက်မြောက်ထောင့်စွန်းကတဆင့် ဆပ်စကပ်ချီဝန်ပြည်နယ်နဲ့ အယ်လ်ဘာတာပြည်နယ် အနောက်တောင်ဘက်ကို ကျော်ဖြတ်ပါ့မယ်၊ အဲဒီနောက် အိုင်ဒါဟိုပြည်နယ် နယ်စပ်ကတဆင့် အမေရိကန်နိုင်ငံထဲသို့ ဝင်ရောက်ပြီးတဲ့ အခါကျရင် ဝါရှင်တန်ပြည်နယ် စပိုကိန်းမြို့ဆီကို ဦးတည်ပျံသန်းပါ့မယ်၊ အဲဒီကမှ ဆန်ဖရန် စစ္စကိုမြို့ဆီကို တစ်ဖြောင့်တည်း ပျံသန်းပါ့မယ်'

ခဏရပ်။ အဆင့်သုံး။ ရာသီဥတုအကြောင်း ပြောရဦးမည်။ လူတိုင်းလူတိုင်း ရာသီဥတုအကြောင်း စိတ်ဝင်စားကြသည်။

'မိုးလေဝသခန့်မှန်းခြေအရဆိုရင် ကျွန်တော်များ ဆန်ဖရန်စစ္စကိုမြို့ကို ရောက်တဲ့ အခါ ကောင်းကင်မှာ မိုးသားမိုးတိမ်များကင်းစင်ပြီး တစ်မျှော်တစ်ခေါ် အထိ ကြည်ကြည်လင်လင်ကြီး မြင်တွေ့ကြရမှာ ဖြစ်ပါတယ်၊ ပြီးတော့လဲ (အဲဒီညနေခင်းဟာ) နွေးထွေးသော ညနေခင်း ဖြစ်ပါလိမ့်မယ်'

အဆင့်လေး။ ကြားသိရသူတိုင်း တအံ့တသြဖြစ်စေမည့် ပျံသန်းမှုဆိုင်ရာ အချက်အလက်များကို တင်ပြရမည်။

'ဆန်ဖရန်စစ္စကိုမြို့ကို ရောက်ရှိသည်အထိ ပျံသန်းရမယ့် အချိန်ခန့်မှန်းခြေဟာ ၁၂-နာရီနဲ့ ခြောက်မိနစ် ဖြစ်ပါတယ်၊ ဒါပေမယ့် ရောမမြို့နဲ့ ကယ်လီဖိုးနီးယားပြည်နယ် အကြားမှာ ကိုးနာရီ အချိန်ကွာခြားမှုရှိတဲ့အတွက် (ဆန်ဖရန်စစ္စကိုမြို့ကို) ရောက်ရှိလိမ့်မယ်လို့ ခန့်မှန်းထားတဲ့အချိန်ဟာ ညသန်းခေါင်ယံကိုကျော်လွန်ပြီး ၁၅ မိနစ်အကြား ဖြစ်ပါတယ်။

'ယခုအချိန်မှာဆိုရင် ကျွန်တော်များ လေယာဉ်ပျံကြီးဟာ တစ်နာရီလျှင် ၅၆၁

www.burmeseclassic.com

www.burmeseclassic.com



မိုင်နှုန်းနဲ့ ပျံသန်းနေပါတယ်၊ ဒါမှမဟုတ် တစ်နည်းပြောရမယ်ဆိုရင် ပြောင်းဝက ထွက်လာတဲ့ ဒသမ ၄၅ ကျည်ဆန်တစ်ခုထက် အနည်းငယ် ပိုမြန်တယ်လို့ ဆိုရမှာဖြစ်သလို၊ အသံရဲ့ အမြန်နှုန်းရဲ့ ၈၅ ရာခိုင်နှုန်းနဲ့ ညီမျှတယ်လို့ ဆိုနိုင်ပါတယ်၊ တစ်နည်းပြောရရင်တော့ တစ်မိနစ်မှာ ကိုးမိုင်ခွဲနီးပါး မြန်တယ်လို့ ဆိုနိုင်ပါတယ်။ လေယာဉ်ပျံကြီးရဲ့ ပြင်ပမှာရှိတဲ့ အပူချိန်ဟာ သုညဒီဂရီအောက် ၆၅ ဒီဂရီဖာရင်ဟိုက်ဖြစ်ပါတယ်၊ စင်တီဂရိတ်နဲ့ ပြောရမယ်ဆိုရင် အနုတ် ၅၄ ဒီဂရီဖြစ်ပါတယ်၊ လေယာဉ်အတွင်းပိုင်းမှာရှိတဲ့ လေထုဖိနှိပ်အားကိုတော့ ရေမျက်နှာပြင်အထက်ပေ ၅၀၀၀ အမြင့်မှာ ရှိတဲ့ ဖိနှိပ်အားနှင့်ညီမျှအောင် ပြုပြင်ထားပါတယ်၊ တစ်နည်းပြောရရင် ကော်လိုရာဒိုပြည်နယ် ဒင်ဗာမြို့မှာ ရောက်ရှိနေသလို လေထုရဲ့ ဖိနှိပ်အားကို ခံစားကြရမှာဖြစ်ပါတယ်၊ တစ်ကယ်လို့များ ဒီလေယာဉ်ပျံကြီးနဲ့ ပတ်သက်၍ဖြစ်စေ၊ လေယာဉ် ပျံသန်းရာ လမ်းကြောင်းနှင့်ပတ်သက်၍ဖြစ်စေ၊ မေးစရာ မေးခွန်းတွေ ရှိသေးတယ်ဆိုရင် လေယာဉ်မောင်းတဲ့ အခန်းဆီကို စာရွက်ကလေးနဲ့ လှမ်းမေးဖို့ လက်မရွံ့ကြပါနဲ့လို့ မှာထားပါရစေ၊ ခုလောလောဆယ်မှာတော့ လူကြီးမင်းများဟာ ကုလားထိုင်ပေါ်မှာ သက်တောင့်သက်သာနဲ့ ကျောမှီထိုင်ရင်း ဒီခရီးစဉ်မှာ ဇိမ်ယူကြပါလို့ လေယာဉ်ဝန်ထမ်းအားလုံးရဲ့ကိုယ်စား ပန်ကြားအပ်ပါတယ်၊ ဆန်ဖရန်စစ္စကိုမြို့ကို ရောက်ရှိတဲ့အချိန်အထိ ချောချောမွေ့မွေ့ စီးနင်းကြရလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်ခင်ဗျာ'

❑

မာလိုရီသည် တစ်ချက်မျှ သမ်းဝေလိုက်မိ၏။ ယခုအချိန်သည် ခရီးစဉ်တိုင်း၌ အိပ်ငိုက်လေ့ရှိသော အချိန်ပင်ဖြစ်သည်။ လေယာဉ်ဝန်ထမ်းများသည် လေယာဉ်မထွက်မီ လိုက်နာရသော ရှုပ်ထွေးမွေလီလှသည့်လုပ်ငန်းစဉ်များကို မနားမနေ ဆောင်ရွက်ခဲ့ကြရသည်။ ယခုမူလေယာဉ်ပျံကြီးသည် သတ်မှတ်ပေးထားသော ပေအမြင့်၌ ပုံမှန်ပျံသန်းနေပြီဖြစ်သကဲ့သို့ လေယာဉ်လမ်းကြောင်းကိုလည်း လေကြောင်းကြီးကြပ်ရေးမှူးက ရေဒါနှင့် လိုက်လံမှတ်သားရင်း လမ်းရှင်းပေးလျက်ရှိနေသည်။ ယခုအချိန်တွင် အလိုအလျောက် လေယာဉ်မောင်း ကိရိယာက စာဝန်ယူ မောင်းနှင်၍ နေလေပြီ၊ ရုတ်တရက် လေကြောင်းပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော အောက်ဘက်သို့ နိမ့်ဆင်းသွားစေမှု၊ ဘေးဘက်သို့ ယိုင်သွားစေမှု စသည့်ချွတ်ယွင်းချက် အသေးအမွှားကလေးများအား ဂျိုင်ရိုမီတာနှင့် အနေးအမြန်ထိန်းကိရိယာတို့က အလိုအလျောက် မမောမပန်းတမ်းလိုက်လံ၍ ပြင်ဆင်ပေးလျက်ရှိနေကြသည်။ ယခုအချိန်တွင် လေယာဉ်မှူးသည် စက်ကိရိယာပိုင်းမှ တစ်ခုခုချွတ်ယွင်းမသွားသရွေ့ ဤထိုင်ခုံတွင် အေးအေးလူလူထိုင်ပြီး လိုက်ပါသွားရုံသာရှိသည်။ ထို့ကြောင့် အကြောအခြင်များ ပြေလျော့သွားချိန်တွင် မျက်ခွံစင်းပြီး အိပ်ငိုက်လာခြင်းဖြစ်သည်။

မာလိုရီက အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်ပြီး ပခုံးကြွက်သားများကို ဒါးလုပ်

www.burmeseclassic.com



ပေးလိုက်၏။ ဒီလေယာဉ်ပေါ်မှာ ရဟန်းမင်းကြီး လိုက်ပါလာတယ်၊ အမြတ်တမ်းလန်းလန်း ဆန်းဆန်းရှိနေသလို နေထိုင်ပြလိုက်စမ်းပါ၊ နောက်တည့်တည့်မှာရှိသော ထောက်လှမ်းရေး ပုလိပ် မစ္စတာကာဆင်ကသာ မြင်သွားခဲ့သည်ရှိသော် တစ်မျိုးတစ်မည် ထင်မြင်ယူဆသွား ပေလိမ့်မည်။

မာလိုရီက ဂျင်ဆင်ဘက်သို့စောင်းငဲ့၍ ကြည့်လိုက်၏။

မစ္စတာဂျင်ဆင်သည် အသက်ပင်ငယ်သော်လည်း အလွန်တည်ကြည်သူဖြစ် သည်။ မာလိုရီ အငြိမ်းစားယူသည့်အခါ ၎င်းအတွက် အခြေအနေ မည်သို့မည်ပုံ ပြောင်းလဲ သွားလိမ့်မည်ကို တွေးတောနေလိမ့်မည်မှာ သေချာလှသည်။ လေကြောင်းကုမ္ပဏီတိုင်းတွင် လူတိုင်းလူတိုင်းသည် အထူးအရေးကြီးလှသော ဝါစဉ်ကိစ္စကို မျက်ခြည်မပြတ် လေ့လာနေ လေ့ရှိသည်။ လေယာဉ်မှူးတစ်ယောက်၏ ဝါစဉ်အဆင့်သည် ၎င်း၏ဝင်ငွေ၊ အနားယူခွင့်၊ အလုပ်ချိန် စသည်တို့သာမက တစ်ခါတစ်ရံတွင် ၎င်းနေထိုင်ခွင့်ရရှိသည့် နေအိမ်အတွက် ပါ အဓိကကျသော သော့ချက်ပင်ဖြစ်သည်။ လေယာဉ်မှူးစာရင်း၏ ဝါစဉ်တွင် တဖြည်း ဖြည်းနှင့် အဆင့်မြင့်တက်သွားလေလေ၊ လုပ်ငန်းစဉ်၌ ပို၍ အောင်မြင်မှု ရလာလေလေပင် ဖြစ်သည်။

လေယာဉ်မယ်တစ်ဦးက ကော်ဖီလာပို့သည်။ ထိုအမျိုးသမီးကလေးသည် ရုပ်ရည် ချောမောလှပသည်သာမက၊ ဖွံ့ဖွံ့ထွားထွားရှိလှသော ကိုယ်ခန္ဓာပိုင်ရှင်လည်း ဖြစ်သည်။ ထိုအမျိုးသမီးပြန်လည် ထွက်ခွာသွားသောအခါ နိုဝါကိုစကီက ပြောလိုက်သည်။

'ကျွန်တော်တော့ မြင်မြင်ချင်း ချစ်မိပြီထင်တာပဲ'

ဂျင်ဆင်က ပြန်ပြောသည်။

'ဒါဆိုရင် ဒီတစ်ပတ်အတွင်းမှာ တတိယအကြိမ်မြောက်ပဲ'

နိုဝါကိုစကီက ထပ်ပြောပြန်သည်။

'ရဟန်းမင်းကြီးက လက်ထပ်ပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်'

ကာဆင်က ဝင်ပြောလိုက်ပြန်သည်။

'ကျုပ်က လူပျိုရုလုပ်ရင် ဖြစ်မလား' -

နိုဝါကိုစကီက ဖြေသည်။

'သိပ်ရတာပေါ့ အဲလေ. . . ခင်ဗျားက သေနတ်ကြီးတကားကားနဲ့ ယူမလာခဲ့ရင် ပေါ့ဗျာ၊ ကျုပ်ကသေနတ်နဲ့တွေ့ပြီး အတင်းပေးစားတဲ့ မင်္ဂလာဆောင်ဆိုရင် သိပ်ကြောက် တာဗျ'

မစ္စတာကာဆင်က ခပ်တွေးတွေးဆဆနှင့် ပြန်ပြောလိုက်သည်။

'ခိုင်းသမျှလုပ်ကိုင်ပေးကြမယ့် အပျိုချောကလေးတွေခြံရံပြီး ခရီးထွက်နေရတဲ့ အလုပ်ဟာ သိပ်ကိုပျော်စရာကောင်းမှာပဲနော်'

နိုဝါကိုစကီက ပျက်ချော်ချော်နှင့် ပြန်ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ဒါပေမယ့် ငြိုးငွေ့စရာလဲ သိပ်ကောင်းပါတယ်၊ အစတုန်းက ဒီလေကြောင်းလောကထဲကိုဝင်မိတာ အဲဒါကြောင့်သက်သက်ပဲ၊ နက်ဖြန်အတွက်မတွေးနဲ့၊ ဒီကနေ့မှာပဲ ပျော်သလိုနေ ကိုယ့်လူရေဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့ ထင်သလိုကျဲနိုင်မယ်ထင်လို့ ဝင်ခဲ့တာ၊ တစ်ကယ်ကတော့ ကျုပ်က လေယာဉ်ပျံဆို သိပ်ကြောက်တယ်၊ နောက်တစ်ခါ ပြန်စဉ်းစားကြည့်ပြန်တော့လဲ ပုပ်ရဟန်းမင်းကြီးကို လက်ထပ်ပေးပါလို့ မလျှောက်ထားတော့ပါဘူးလေ၊ အေးအေးဆေးဆေး တစ်ကိုယ်တည်းပဲ နေပါတော့မယ်'

'မင်းတစ်နေ့ကျရင် အခြေတကျ ဖြစ်ကိုဖြစ်လာရမှာပါကွာ'

ဂျင်ဆင်က ဝင်ပြောလိုက်ခြင်းဖြစ်သည်။ နိုဝါကိုစကီက ပခုံးတွန့်ပြရင်း ဖြေလိုက်၏။

'တစ်နေ့ကျရင် ကျုပ်ကွယ်လွန်အနိစ္စ ရောက်သွားမှာပေါ့ဗျာ'

မာလိုရီက ဂျင်ဆင်ကို ပြုံးပြလိုက်၏။ စာရင်းအင်းဗေဒအရ ဒီချာတိတ် အင်ဂျင်နီယာသည် လာမည့်နှစ်နှစ်အတွင်း အိမ်ထောင်ပြုလိမ့်မည်မှာ သေချာသည်။ လေယာဉ်အဖွဲ့သားများသည် အိမ်ထောင်ပြုလေ့ရှိသူများသာ ဖြစ်ကြသည်။ အိမ်ထောင်ပြုသည်ဆိုသော ကိစ္စသည် လုပ်ငန်းနှင့်လည်း တစ်စိတ်တစ်ဒေသ သက်ဆိုင်ပုံရသည်။ အမြဲတစေ ခြေဆန့်ပြီး ခရီးသွားလာနေမှုကြောင့် အိုးနှင့်အိမ်နှင့် အခြေတကျနေရမှုမျိုးကို လိုလားတောင့်တလာကြပုံရသည်။ ဒါကလဲ မိမိ၏လက်ရှိဘဝကို ရောင့်ရဲမှုမရှိပဲ ကွဲပြားခြားနားသည့် အနေအထားမျိုးကို တောင့်တတတ်ကြသော လူသားတို့၏ သဘာဝဗီဇပင် ဖြစ်ပုံရသည်။

မာလိုရီကလည်း သူ့အကြောင်းပြန်တွေးကြည့်မိသည်။ ၎င်းအနေနှင့် အခြားအမျိုးသမီးတစ်ယောက်အား ဇနီးအနေနှင့် လက်ခံနိုင်စွမ်းရှိပါဦးမည်လော။ ဆယ့်ရှစ်လကြာမြင့်သည့်တိုင်အောင် ဖြစ်နိုင်ဖွယ်မရှိဟု ထင်နေမိဆဲပင်။ ဖြစ်နိုင်ဖွယ်ရှိသည်ဟု ထင်ရသော အချိန်ကာလသည် တစ်ချိန်ချိန်တွင် ရောက်လာတန်ကောင်းပါသည်။

ကံကြမ္မာသည် အဘယ်ကြောင့် ဤမျှရွေ့ဤမျှ ရက်စက်ရလေသနည်း။ မာလိုရီ အနားယူမည့်အချိန်ကို နန်စီတစ်ယောက် လက်ချိုးရေတွက်ပြီး စောင့်မျှော်နေခဲ့ရရှာသည်။ ထိုအချိန်တွင်မှ စတင်၍ ပျော်ပျော်ပါးပါး နေကြရလိမ့်မည်ဟု နန်စီက ပြောခဲ့သည်။ သို့သော် နန်စီတစ်ယောက် ဤလောကထဲမှ ထွက်ခွာသွားခဲ့ရပြီး သူတစ်ယောက်တည်းသာ အသက်ရှင်၍ကျန်ရစ်ခဲ့သည်။ သမီးဖြစ်သူ ဂျိန်းကလည်း မကြာမီ သူ့ဘဝကို အသစ်တဖန်ပြန်လည်ထူထောင်လိုစိတ် ဖြစ်ပေါ်လာပေလိမ့်မည်။ တစ်ယောက်ယောက်နှင့် ထပ်မံ၍ တွေ့ဆုံလိမ့်ဦးမည်သာ။ ဖရင့်နှင့်ဂျိန်း အဆင်မပြေဖြစ်ခဲ့ကြခြင်းမှာ စိတ်မကောင်းစရာပင်။ ဂျိန်းက သူ့အား အဘယ့်ကြောင့် အသေးစိတ် ဖွင့်မပြောခဲ့သည်ကိုလည်း သူမသိပါ။ မပြောတာကပင် ကောင်းပုံရပါသေးသည်။ ယခုခေတ်တွင် ချာတိတ်များသည် လူတစ်ကာကို ဒုက္ခပေးလေ့မရှိကြ။ အိမ်ထောင်ရေးတွင် အဆင်မပြေခဲ့သည်ရှိသော် အကျဉ်းနည်းဖြင့်သာ အဆုံးအဖြတ်ပေးလေ့ရှိကြသည်။

ဂျိန်းအနေနှင့် အဆင်ပြေသွားပါလိမ့်မည်။ ဂျိန်းသည် အတွေးအခေါ် မဆိုးသော

www.burmeseclassic.com



အမျိုးသမီးတစ်ယောက်ဖြစ်သည်။ သူမိခင်လိုပင် ယထာဘူတဝါဒီတစ်ယောက်ဖြစ်သည်။

ဂျိန်းသည် အချိန်တန်သောအခါ သင့်လျော်သူတစ်ယောက်နှင့် မလွဲမသွေ တွေ့ဆုံရလိမ့်ဦးမည်သာ။ ဒီတစ်ကြိမ်တွင်မူ ပထမအကြိမ်က အမှားအယွင်းများကို သင်ခန်းစာယူပြီးပို၍အရွေးအချယ် မှန်ကန်ကောင်းရဲ့ဟု ယူဆရသည်။ ဒုတိယအိမ်ထောင်များသည် ပထမအိမ်ထောင်များထက်ပို၍ သာယာချမ်းမြေ့လေ့ရှိကြသည် မဟုတ်ပါလား။ အပျက်မြင်ဝါဒီတစ်ဦးကလည်း လူတိုင်းလူတိုင်းသည် အတွေ့အကြုံရရှိစေရေးအတွက် ပထမအကြိမ်အစမ်းအိမ်ထောင်ပြုထိုက်သည်ဟု ဆိုခဲ့ဖူးသည် မဟုတ်ပါလား။

ယခုခရီးစဉ်သည် နန်စီအဖို့ အလွန်စိတ်ကြည်နူးစေမည့် ခရီးပင်ဖြစ်သည်။ ဤခရီးစဉ်အကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများထံ စာတိုစာရှည် ရေးပို့လိမ့်မည်မှာ သေချာလှသည်။ နန်စီသည် စာရေးရန် အလွန်ဝါသနာပါသူဖြစ်သည်။ သတင်းစာဆရာတစ်ဦးပင် ဖြစ်ထိုက်သည်။ နန်စီက သူသည် ဒေသဆိုင်ရာ သတင်းစာသို့ ဆောင်းပါးများရေးပို့မည်ဟု အမြဲပြောလေ့ရှိသည်။ ရေးလည်းရေးခဲ့သည်။ သို့သော် တစ်ခါမျှ မပို့ဖြစ်ခဲ့ချေ။ အံဆွဲများထဲတွင် တပုံပုံနှင့်ရှိနေပြီး ဖုန်တက်နေကြသည်။ မာလိုရီကလည်း ကူညီခဲ့ဖို့ကောင်းသည်။ သူက အယ်ဒီတာ့ထံ အကူအညီတောင်းပေးမည်ဆိုလျှင် ဖြစ်နိုင်လောက်သည်။ ယခုမူ အစစအရာရာသည် သိပ်ကိုနောက်ကျခဲ့လေပြီ။ ထိုကိစ္စအတွက် နာကျည်းမှုဖြစ်မလာအောင် ဖြေဖျောက်ရန် ခဲယဉ်းလှပါဘိ။

'ဟယ်လို'

နီဝါကိုစကီက လှမ်းပြောလိုက်သည်။

'ဟိုင်း'

မိန်းကလေးတစ်ယောက်၏ အသံပင်တည်း။

မာလိုရီက နောက်သို့လှည့်ကြည့်လိုက်၏။ ဒီတစ်ကြိမ်ရောက်လာသူမှာ ဒီးပင်နက်တီဖြစ်သည်။ သူက စာအိတ်တစ်အိတ်ကို ကိုင်လာသည်။

'ဆရာ့အတွက်ပါ ကက်ပတိန်'

မာလိုရီက လှမ်းယူလိုက်၏။ စာအိတ်ပေါ်တွင် ၎င်း၏နာမည်ကို သက္ကလပ်စနစ်ပျော့ဖောင်တိန်နှင့် သေသေသပ်သပ် ရေးထားသည်။

နီဝါကိုစကီက ပြောလိုက်၏။

'မင်းက ကိုယ့်ဆီကို စာရေးတယ်ဆိုရင်လဲ အကောင်းသား'

'ရှင်က စာဖတ်တတ်တယ်ဆိုရင် ကျွန်မက ရေးမှာပေါ့'

ဒီးပင်နက်တီက လာမစနဲ့ တော်ရေ့ . . . တော်ရေ့ ဆိုသောလေသံမျိုးနှင့် ခပ်တည်တည်ပြန်ဖြေလိုက်၏။ 'ဒီး'သည် လေယာဉ်မယ်အဖြစ် ဆယ်နှစ်ကြာအောင် ထမ်းဆောင်လာခဲ့သူဖြစ်သောကြောင့် ဖိုသံပေးပုံ အမျိုးစုံကို သိထားသူဖြစ်သည်။

ထိုစာအိတ်သည် မည်သူ့ထံကနည်းဟု မာလိုရီက မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ရိုးရိုးတန်းခရီးသည်တစ်ယောက် အိမ်သာထဲက တွေ့ခဲ့တာပါ'

'အိမ်သာထဲက ဟုတ်လား'

'ဟုတ်ပါတယ် ကက်ပတိန်၊ မှန်မှာ တိပ်နဲ့ကပ်ထားပါတယ်'

မာလိုရီက ပခုံးတွန့်လိုက်၏။ လောက်စပီကာမှ သူ့လေကြော ရှည်သောကြောင့် တန့်ကွက်သော စာပင်ဖြစ်လေသလော။

သူက စာအိတ်ကို ဖွင့်လိုက်၏။ စာကို လက်နှိပ်စက်နှင့် ရိုက်ထားသည်။

*ကက်ပတိန် မာလိုရီ ပထမအရာရှိ ဂျင်ဆင်၊ ပျံသန်းမှုဆိုင်ရာ အင်ဂျင်နီယာ နီဝါကိုစကီ။ ဤစာကို ခင်ဗျားတို့အားလုံးထံ ရည်စူးပြီး အကြမ်းဖက်ဂိုဏ်းက ပေးပို့လိုက်ခြင်း ဖြစ်ပါသည်။ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား မလွှဲမရှောင်သာ ဖမ်းဆီးထိန်းသိမ်းထား ရပါကြောင်း၊ ခင်ဗျားတို့အား ဝမ်းနည်းစွာဖြင့် အသိပေးပါသည်၊ ၎င်းတို့မှာ ဂျိုန်းဆပ်တန်၊ ဇာကျီနီးယားဂျင်ဆင်၊ ကရိုတ်ချ်ဂျင်ဆင်၊ ကာရင်ဂျင်ဆင်နှင့် ဂျိုးဇက် နီဝါကိုစကီ(စီနီယာ)တို့ဖြစ်ကြပါတယ်။ ကျွန်ုပ်တို့သည် ခင်ဗျားတို့နှင့်သော်လည်းကောင်း၊ ခင်ဗျားတို့၏ ချစ်ခင်သူများနှင့်သော် လည်းကောင်း၊ ခိုက်ရန်ဖြစ်ပွားဖူးခြင်းမရှိသဖြင့် ၎င်းတို့အား နာကျင်စေလိုမှု အလျှင်းမရှိပါ။ သို့ရာတွင် ၎င်းတို့၏ အသက်ရှင်မှုသည် အောက်ဖော်ပြပါ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်မှုအပေါ် လုံးဝမူတည်နေကြောင်း ပြတ်ပြတ်သားသား အသိပေးလိုပါသည်။ အနောက်လောင်ဂျီတွဒ် ၄၅ ဒီဂရီသို့ အရောက်တွင် လက်ရှိခရီးစဉ်မှ နောက်ကြောင်းသို့ပြန်လှည့်ပြီး (ဟက်ရှိုက်)နိုင်ငံရှိ အယ်လ်မားဂရက်ဗ်လေဆိပ်ဆီသို့ တစ်ဖြောင့်တည်းပျံသန်းရမည်။ အဆိုပါဒေသနှင့်ပတ်သက်သော မြေပုံညွှန်းကို ပူးတွဲထားပါသည်။ မည်သည့် အခြေအနေမျိုးသို့ ရောက်ရှိသည်ဖြစ်စေ တစ်ဖြောင့်တည်း ပျံသန်းသောလမ်းကြောင်းမှ သွေဖယ်ခြင်းမပြုရ။ သင်၏လေယာဉ်ပျံသည် 'ပြန်ပေးဆွဲသည်ကို ခံနေရပြီဖြစ်ကြောင်း၊ ကျွန်ုပ်တို့၏အဖွဲ့မှ လက်နက်ကိုင်အဖွဲ့ဝင်များသည် လေယာဉ်မောင်းအခန်းထဲနှင့် လေယာဉ်နောက်ပိုင်းတွင်ရှိနေကြကြောင်း' လေကြောင်းကြီးကြပ်ရေးမှူးထံ သတင်းပို့ရမည်။ ကျွန်ုပ်တို့က အတည်ပေါက်နှင့် ခြိမ်းခြောက်နေခြင်း မဟုတ်။ ကျွန်ုပ်တို့၏ညွှန်ကြားချက်များအား တသဝေမတိမ်း လိုက်နာမည်ဆိုပါက မည်သူမျှ အန္တရာယ်ဖြစ် လိမ့်မည်မဟုတ်။ သို့ရာတွင် တစ်နည်းနည်းဖြင့် ခုခံခြင်း၊ ကျွန်ုပ်တို့၏ ညွှန်ကြားချက်များအား*

www.burmeseclassic.com

www.burmeseclassic.com



လိုက်နာရန် ငြင်းဆန်ခြင်းများရှိလာပါက သင်တို့၏ ချစ်သူခင်သူများအား အဆုံးစီရင်ပစ်မည့်အပြင် သင်တို့၏လေယာဉ်ကြီးနှင့်တကွ လေယာဉ်ပေါ် တွင်ပါရှိသူအားလုံး ပျက်စီးကြရမည် ဖြစ်သည်။ ကျွန်ုပ်တို့ထံတွင် ယမ်းဘီလူးများ အလုံအလောက်ပါရှိလာသည်။ ကက်ပတိန်မာလိုရီ သင်သည် လေယာဉ်လမ်းကြောင်းအား ပြောင်းလဲပြီးနောက် မိနစ်သုံးဆယ်ကြာသောအခါ လေယာဉ်နောက်ဘက်သို့ တစ်ဦးတည်း လျှောက်လာခဲ့ပါ။ ထိုနေရာတွင် သင့်အား ထပ်မံ၍ ညွှန်ကြားချက်ပေးမည်။ နောက်ဆုံး မှာကြားလိုသည်မှာ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များနှင့် ပတ်သက်၍သံသယရှိပါက သင်တို့၏ကုမ္ပဏီနှင့်ဆက်သွယ်ပြီး သင်တို့၏မိသားစုများ မည်သည့်နေရာတွင် ရောက်ရှိနေသည်ကို မေးမြန်းစုံစမ်းပါလေ။

မာလိုရီသည် မျက်တောင်တဖျတ်ဖျတ် ခတ်လိုက်ပြီးနောက် ထိုစာကို နောက်တစ်ခေါက် ပြန်ဖတ်ပြန်၏။

ဘုရားသခင် ကယ်တော်မူပါ၊ အလွန်ဆိုးရွားသည့်ကိစ္စပင်တည်း။ စိတ်ကို တည်ငြိမ်အောင်ထားဟု သူ့ကိုယ်သူ ပြန်သတိပေးလိုက်သည်။

သူက 'ဒီး'အား လှမ်းကြည့်လိုက်၏။

'ခဏနေဦးနော်'

အဆိုပါစာအိတ်အား မည်သည့်ခရီးသည်က အိမ်သာထဲမှ တွေ့ရှိလာသည်ကို ထောက်လှမ်းရေးပုဂ္ဂိုလ်က သိရှိလိုလိမ့်မည်သာ။

သူက ထိုစာရွက်အား မစ္စတာကာဆင်ထံ လှမ်းပေးလိုက်ပြီးနောက် ပြောလိုက်၏။

'ပြဿနာပဲဗျို့'

အဆိုပါစာအားဖတ်ရင်း မစ္စတာကာဆင် မျက်မှောင်ကုပ်လိုက်သည်ကို စောင့်ကြည့်နေမိသည်။

'ချိးမှပဲ'

ထောက်လှမ်းရေးပုဂ္ဂိုလ်ကြီး ဒေါပွသွားပုံရသည်။သူက 'ဒီး'အား မေးလိုက်၏။

'ဒီစာကို မင်း ဘယ်ကရလာသလဲ'

'ရှီးရှီးတန်းက လေယာဉ်မယ်တစ်ယောက်က ကျွန်မကို ပေးတာ၊ နောက်ဘက်က အိမ်သာခန်းထဲမှာ တွေ့လာတာပါ'

မစ္စတာကာဆင်သည် ဝေဒနာတစ်ခုကို ခံစားနေရပုံရသည်။ မာလိုရီက ဖွင့်ဆင်နှင့် နီဝါကိုစကီအား အသိပေးလိုက်၏။

'လေယာဉ်ပျံကို ပြန်ပေးဆွဲတဲ့စာ'

'ဘုရားသခင် ကယ်တော်မူပါ'

www.burmeseclassic.com

www.burmeseclassic.com



နီဝါကိုစကီက ရေရွတ်လိုက်၏။ ၎င်း၏နောက်ဘက်တွင် လက်နက်ကိုင်ပြန်ပေး သမားတစ်ယောက် ရောက်ရှိနေသည်ကို မျှော်လင့်ထားဟန်နှင့် ပြန်လှည့်ကြည့်လိုက်သည်။

ဂျင်ဆင်ကမူ ဒိုင်ခွက်များကိုသာ ပြုံးတုံ့ပြတဲ့နှင့် စိုက်ကြည့်နေသည်။

'အဲဒါတင်မကသေးဘူး'

မာလိုရီက ဆက်ပြောပြန်သည်။ ထိန်ချန်ထား၍ မထူးတော့ပြီ။

'တို့များရဲ့ မိသားစုတွေပါ ပါဝင်ပတ်သက်နေကြတယ်'

မာလိုရီက ဂျင်ဆင်ကို ပြောလိုက်၏။

'သူတို့က မင်းဇနီးနဲ့ ကလေးတွေကို ဖမ်းထားကြတယ်'

နီဝါကိုစကီကိုလည်း လှမ်းပြောသည်။

'မင်း အဖေလဲပါတယ်၊ ပြီးတော့ ဂျိန်းလဲပါတယ်လို့ သူတို့က ပြောတာပဲ'

'ဘာပြောတယ်'

ဂျင်ဆင်က မာလိုရီ့စကားကို မယုံကြည်ချေ။

မစ္စတာကာဆင်က ထိုစာကို နီဝါကိုစကီထံ လှမ်းပေးလိုက်ပြီးနောက် ၎င်း၏ လက်ကောက်ဝတ်မှ စကားပြောခွက်အသေးကလေးအား လှမ်းဆွဲလိုက်သည်။

'ကာဆင်ပါ၊ တို့အဖွဲ့ ပြဿနာတစ်ခု ရှိနေတယ်၊ ဂရင်းနဲ့ မက်ဒေါ့က လေယာဉ် မောင်းခန်း အနောက်ဘက်က အပေါ်ထပ်ကိုလာခဲ့ကြ၊ အဲဒီမှာ ငါပြောပြမယ်၊ ပြီးမှ မင်းတို့က ကျန်တဲ့လူတွေကို ထပ်ပြောပြ'

သူက ဒီးကို ခေါင်းညိတ်ပြလိုက်သည်။

'ငါနဲ့လိုက်ခဲ့၊ ဒီမှာ ကက်ပတိန် . . . ကျုပ် ပြန်မလာခင် ဘာမှမလုပ်ပါနဲ့'

သူက ပြောပြောဆိုဆိုနှင့် လေယာဉ်မောင်းခန်းထဲမှ ထွက်သွားတော့သည်။

ချက်ချင်းဆိုသလိုပင် လေယာဉ်ပျံမောင်းခန်းထဲ၌ အကြီးအကျယ် တုန်လှုပ်ချောက် ချားကုန်ကြသည်။ ဂျင်ဆင်တစ်ယောက် ပါးစပ်ပြဲသွားပြီး. . .

'ခွေးမသားတွေ . . . ဒီကိစ္စက တစ်ကယ် မဖြစ်နိုင်ပါဘူးဗျာ၊ ဟုတ်နိုင်ပါ့မလား'

ထို့နောက် ထိုအကြောင်းကြားစာ၏ ထူးခြားပုံကို သတိရသွားသောကြောင့် ၎င်း၏ မျက်နှာမှာ ညိုပုပ်သွားတော့သည်။ 'ဒါပေမယ့် . . . ဒီငတိတွေက ကျွန်တော်တို့ နာမည် တွေကိုသိနေကြတယ်၊ ဂင်နီ-ကရိတ်ချ်နဲ့ ကာရင်တဲ့ . . . တကယ် ဖြစ်နေတာပဲ ဖြစ်ရမယ်'

နီဝါကိုစကီက ဤကိစ္စအား လက်သင့်မခံနိုင်ဟန်နှင့် ခေါင်းကိုခါယမ်းနေသည်။

'ဒါ . . . နောက်တာပြောင်တာ သက်သက်ပဲဖြစ်ရမယ်၊ ခိုးမှုပဲ ကျုပ်အဖေက အသက်(၇၀)ကျော်ပြီဗျ၊ နှလုံးမကောင်းတဲ့အတွက် လွန်ခဲ့တဲ့သုံးလေးနှစ်ကစပြီး ဒုက္ခမျိုးစုံ ခံနေတာ၊ ဒီလိုကိစ္စမျိုးကို ခံနိုင်ရည်ရှိမှာမဟုတ်ဘူး'

ဂျင်ဆင်က ၎င်း၏ လက်ဖဝါးကို လက်သီးနှင့်ထိုးလိုက်၏။

'ဒီမိုးမစစ်မသားတွေက အမျိုးသမီးတွေနဲ့ ကလေးတွေကို ဖမ်းလိုဖမ်းနဲ့ သူတို့ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဘာထင်နေကြသလဲမသိဘူး'

မာလိုရီက ပြောလိုက်သည်။

'ဒေါသကို ထိန်းစမ်းပါကွာ။ ထိန်းမနိုင်၊ သိမ်းမရ ဒေါပွနေရုံနဲ့ ပြဿနာကို တို့ ဘယ်နည်းနဲ့မှ ဖြေရှင်းလို့ရမှာ မဟုတ်ဘူး၊ ငါလဲ မင်းလို ခံစားနေရတာပါပဲ၊ သူတို့စာအရ ငါ့သမီးဂျိန်းလဲ သူတို့လက်ထဲ ရောက်နေပြီ တို့မိသားစုတွေနဲ့ တို့အားလုံး ကံတူအကျိုးပေးပါပဲ၊ ဒါပေမယ့် စိတ်ကိုတော့ တည်တည်ငြိမ်ငြိမ်ထားကြရအောင်'

ဤကိစ္စ ဖြစ်ပွားခဲ့သည်မှာ အလွန်မြန်ဆန်လှသောကြောင့် ယခုကျမှ ပြန်၍သုံးသပ် ရပေတော့မည်။

'ပုပ်ရဟန်းမင်းကြီးကို ရည်စူးတာပဲ ဖြစ်ရမယ်၊ ဟုတ်တယ်၊ အဲဒါပဲ ဖြစ်မယ်'

နီဝါကိုစကီက ဆဲလိုက်ပြန်၏။

'ခွေးမသားတွေ'

မာလိုရီက ထပ်မံ၍ ခေါင်းညိတ်ပြန်သည်။

'အဲဒီလိုပဲဖြစ်ရမယ်၊ တကယ်ကတော့ တို့မိသားစုတွေကို သိပ်လိုချင်လှလို့ မဟုတ်ဘူး၊ ဒါပေမယ့် တို့မိသားစုတွေကို ဓားစာခံအနေနဲ့ ခေါ်ထားတယ်ဆိုရင် သူတို့ခိုင်းတာကို တို့က ပိုပြီးလိုက်နာလိမ့်မယ်လို့ တွေးတယ်နဲ့တူတယ်၊ မင်းတို့လဲ တွေးမိပြီ မဟုတ်လား၊ သူတို့ အစီအစဉ်အောင်မြင်အောင် တွန်းအားအများဆုံးရအောင် ယူလိုက်တာပဲ'

ဂျင်ဆင်က ပန်းကို တွန့်လိုက်ပြီးနောက် မျက်မှောင်ကုပ်လိုက်သည်။

'ဒါပေမယ့် ကျွန်တော်တော့ နားကိုမလည်နိုင်ဘူး၊ သူတို့အနေနဲ့ ပုပ်ရဟန်းမင်းကြီးကို ဘာလုပ်ဖို့ လိုချင်ရတာလဲ၊ ဒီအဘိုးကြီးက အဲဒီခွေးမသားတွေကို ဒုက္ခပေးနေတာမှ မဟုတ်တာ'

မာလိုရီသည် ကျောဘက်ရှိ တံခါးအား ပြန်လှည့်ကြည့်လိုက်သည်။ မစ္စတာကာဆင် တစ်ယောက် ဘာများလုပ်နေပါလိမ့်။ သူက ဘာများတတ်နိုင်ပါမည်နည်း။ ပြဿနာ တစ်ရပ်နှင့် ရင်ဆိုင်နေရသော်လည်း မည်သို့မျှလုပ်ကိုင်နိုင်စွမ်းမရှိပဲ ထိုင်စောင့်နေရသည့် ကိစ္စထက်ပို၍ စိတ်ပျက်ဖွယ်ကောင်းသောကိစ္စ မရှိနိုင်ပြီ။

'သူတို့က ပုပ်ရဟန်းမင်းကြီးကို ဘာလုပ်ကြမှာလဲ၊ ပြန်ရွေးဖို့ ငွေပေးရမယ်လို့ တောင်းဆိုမှာလား'

မာလိုရီက ခေါင်းညိတ်လိုက်၏။

'ဘုရားသခင်မှ သိမှာပဲ၊ သူနဲ့ ပတ်သက်ပြီး လိုချင်တာမှန်သမျှ အကုန်တောင်း လို့ရတယ်'

'အဲဒီခွေးမသားတွေကို သတ်ပစ်ဖို့ကောင်းတယ်'

နီဝါကိုစကီက ဝင်ပြောသည်။

'သူတို့ကို အရှင်မိအောင် ဖမ်းဖို့တော့ လိုဦးမှာပေါ့လေ'

www.burmeseclassic.com

www.burmeseclassic.com



ပုပ်ရဟန်းမင်းကြီးအား ပြန်လွှတ်ပေးမည့်ကိစ္စတွင် မည်သို့မည်ပုံ တောင်းဆိုလေမည်နည်းဟု မာလိုရီကိုယ်တိုင်က တွေးကြည့်နေမိသည်။ ဒေါ်လာတစ်သန်းလား၊ ဒေါ်လာဆယ်သန်းလား၊ ဒေါ်လာသန်းတစ်ရာလား၊ ဘယ်သူက ပေးမှာလဲ၊ ဗရင်ဂျီဂိုဏ်း ကလား။ သို့သော် 'အကြမ်းဖက်ဂိုဏ်း'သည် ဒီကိစ္စကို ငွေကြေးအမြတ်အစွန်းရရှိမှုအတွက် ဆောင်ရွက်ခြင်း ဟုတ်ပါ၏လော။ ဟုတ်နိုင်စရာတော့ မရှိလှချေ။ ထိုအဖွဲ့အစည်းသည် ငွေကြေးရရှိမှုအတွက် အကြမ်းဖက်နေသော အဖွဲ့အစည်းမဟုတ်ကြောင်း မာလိုရီ သိထားသည်။

'ဒီခွေးမသားတွေက ဒီလေယာဉ်ကြီးပေါ်မှာ အခုရောက်နေပြီတဲ့လား'

'မင်းလဲ စာကို ဖတ်ရသားပဲ'

'လက်နက်ကိုင်တွေပဲလား'

'မှန်တယ်'

'မဖြစ်နိုင်ဘူး၊ ဒီငတိတွေက သေနတ်တွေကို လေယာဉ်ပေါ် ရောက်အောင် ဘယ်လိုနည်းနဲ့မှ ခိုးသွင်းလာနိုင်စရာ အကြောင်းမရှိဘူး၊ ဒီတစ်ခေါက်အတွက် လုံခြုံရေးအစီအစဉ်က သိပ်ကောင်းလွန်းတယ်၊ အိပ်ပစရေးကိုရီယာတွေ၊ အပိုသတ္တုထောက်လှမ်းရေးကိုရီယာတွေ အပြင် လူတစ်ကိုယ်လုံးကိုလဲ နှံ့နှံ့စပ်စပ် ရှာကြ၊ ဖွေကြသေးတယ်'

မာလိုရီက မပွင့်တပွင့် ရေရွတ်လိုက်၏။

'အေးလေ၊ မကြာခင် သိလာကြရမှာပေါ့ကွာ'

အနောက်လောင်ဂျီတွဒ် ၄၅ ဒီဂရီမှ ဟက်ရှီမိုက်နိုင်ငံသို့ ပျံသန်းချိန်မည်မျှ ကြာမြင့်မည်ကို ဂျက်ဆင်အား တွက်ချက်ခိုင်းလိုက်သလို သုံးစွဲရမည့်လောင်စာဆီ ပမာဏနှင့် လက်ကျန် မည်မျှရှိမည်ကိုပါ နီဝါကိုစကီအား တွက်ခိုင်းထားသည်။

မာလိုရီက လက်ပတ်နာရီကို လှမ်းကြည့်လိုက်၏။ နောက်ထပ်လေးနာရီနှင့် ငါးမိနစ်အကြာတွင် ၎င်းသည် မြောက်အမေရိကတိုက်သို့ ဦးတည်ပျံသန်းရမည့်အစား၊ နောက်ဘက်သို့ပြန်လှည့်ပြီး အရှေ့အလယ်ပိုင်းဒေသဆီသို့ဦးတည်ပျံသန်းရပေတော့မည်။ အကယ်၍ ၎င်းကပြန်ပေးဆွဲသူများအား ဖည်ဆန်ခဲ့သည်ရှိသော် မည်သို့မည်ပုံ ဖြစ်ပျက်လာလေမည်နည်း။

ယခုလိုဖြစ်နေသည်ဆိုတာနှင့်ပတ်သက်၍ ၎င်းထံတွင် မည်သည့်အထောက်အထားများရှိပါသနည်း။ ဂျိန်းနှင့် အခြားမိသားစုဝင်များအား ၎င်းတို့က ဖမ်းဆီးထားသည်ဆိုခြင်းမှာ ဟုတ်မှန်ပါရဲ့လား။

မျက်နှာဖြူဖတ်ဖြူရော်နှင့် ခပ်တည်တည်ဖြစ်နေသော မစ္စတာကာဆင် ပြန်လည်ရောက်ရှိလာသည်။

'လေယာဉ်နောက်ပိုင်းမှာတော့ ဘာဆိုဘာမှ မထူးခြားဘူး'

'စာထားသွားတဲ့လူကို ခန့်မှန်းလို့ရလား'

မစ္စတာကာဆင်က ခေါင်းခါလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်တွေးမိတာကတော့ အဲဒီစာဟာ လေယာဉ်ပျံ စပျံတဲ့အချိန်လောက်ကတည်းက အဲဒီမှာရောက်နေတာ ဖြစ်ရမယ်၊ ခရီးသည်ထဲက အေဒါဘရွန်စကီဆိုတဲ့ အသက် ၅၃နှစ်အရွယ် သူနာပြုဆရာမတစ်ယောက်က စာကိုတွေ့ခဲ့တာပဲ၊ အိမ်သာကို ပထမဦးဆုံး ဝင်တာ သူပဲဖြစ်ပုံရတယ်'

မစ္စတာကာဆင်သည် စိတ်ရှုပ်နေဟန်ဖြင့် ကက်ပတိန်မာလိုရီ၏ထိုင်ခုံနောက်စာက်တွင် လက်ချောင်းများနှင့် တဒေါက်ဒေါက်ခေါက်နေသည်။ မာလိုရီက မေးလိုက်၏။

'ခင်ဗျားက ဘရွန်စကီဆိုတဲ့ အမျိုးသမီးကို ဘာပြောလိုက်သလဲ'

'ညစ်ညစ်ညမ်းညမ်းတွေ ရေးထားတဲ့စာလို့ ပြောပြလိုက်တယ်'

'သူက ဘာပြန်ပြောသလဲ'

'ပခုံးတွန့်ပြတယ် . . . ဘာမှမပြောဘူး'

မာလိုရီက မေးလိုက်ပြန်၏။

'အခုဘာလုပ်ရမလဲ'

'ခင်ဗျားတို့ကုမ္ပဏီနဲ့ ဆက်သွယ်ပြီး ခင်ဗျားတို့ရဲ့ မိသားစုတွေနဲ့ ဆက်သွယ်ခိုင်းစမ်းပါ၊ ဒီကိစ္စဟာ တကယ်ဟုတ်မဟုတ် မသိရပဲနဲ့ လေယာဉ်ပျံကို ပြန်ပေးဆွဲခံရပါတယ်လို့ မကြေငြာသင့်ဘူး'

အပြုသဘောဆောင်သော အလုပ်တစ်ခုကို လုပ်ခွင့်ရလိုက်သောကြောင့် ကျေးဇူးတင်စွာဖြင့် မာလိုရီက ခေါင်းညိတ်လိုက်၏။ သူက အဲယားအင့်ဖရီကွင်စီအား လှည့်လိုက်သည်။

'အဲယားအင့်၊ ထရန်နီစ်အမ် ခရီးစဉ် ကိုးသုညတစ်က ပြောနေပါတယ် အိုဗာ'

အဲယားအင့် အော်ပရေတာသည် အိပ်ချင်မူးတူး ဖြစ်နေပုံရသည်။

'ထရန်နီစ်အမ် ကိုးသုညတစ်၊ အဲယားအင့်က ပြောနေပါတယ်၊ ဆက်ပြောပါ'

'ကောင်းပြီ၊ အဲယားအင့် နယူးယောက်ဆက်သွယ်ရေးဌာနနဲ့ ပြောပါရစေ'

'ကောင်းပြီ၊ ထရန်နီစ်အမ်၊ စောင့်ပါ'

လေယာဉ်အဖွဲ့သားများသည် တစ်ဦးကိုတစ်ဦးက ကြည့်လိုက်မိကြ၏။ သို့သော် ပြောစရာစကား မရှိပါချေ။

အနောက်လောင်ဂျီတွဒ် ၄၅ ဒီဂရီသို့ရောက်ရန် သုံးနာရီနှင့် ၅၇ မိနစ်သာ လိုတော့သည်။

ထို့နောက် ကြားရဖူးသော အသံတစ်ခုသည် ပေထဲမှ ထွက်ပေါ်လာ၏။

'ထရန်နီစ်အမ် ကိုးသုညတစ်၊ အခုနယူးယောက်ဆက်သွယ်ရေးက မိုင်ယာစကား ပြောနေပါတယ်၊ အိုဗာ'

'ဟယ်ရီ၊ ကိုးသုညတစ်က စတိဗ်မာလိုရီ ပြောနေပါတယ်၊ ကျုပ် ဟယ်ဒါဆင်နဲ့ ခုချက်ချင်း ပြောခွင့်ရဖို့ သိပ်အရေးကြီးနေပါတယ်၊ အိုဗာ'

www.burmeseclassic.com

www.burmeseclassic.com



မိုင်ယာသည် သာမန်ထူးမခြားနားလေသံကို ဆက်ထိန်းရန်ကြိုးစားနေသည်။

'ကောင်းပြီ စတီဗ်၊ သူနဲ့ဆက်သွယ်ဖို့ ကျုပ်ကြိုးစားနေတုန်း ခင်ဗျားစောင့်နေ့ပါ။ ပြဿနာများရှိနေပါသလား'

'ပြောဖို့ သိပ်မလွယ်ဘူး'

'အိုကေ၊ ခင်ဗျားကို ပြန်ဆက်သွယ်မယ်၊ ဒါပါပဲ'

မာလိုရီသည် ကျော့မှို့၍ထိုင်ချလိုက်ရင်း သူပို့လိုက်သော သတင်းစကားကြောင့် နယူးယောက်တွင် မည်ရွေ့မည်မျှ စိတ်ပူပင်သွားကြမည်ကို တွေးတောနေမိသည်။ ကြီးကြီးကျယ်ကျယ် ကိစ္စတစ်ခုခု ဖြစ်နေပြီဟု သိထားသော မိုင်ယာသည် အော်ပရေးရှင်းဆိုင်ရာ ဒုတိယဥက္ကဋ္ဌ မစ္စတာဟင်ဒါဆင်ထံ တယ်လီဖုန်းနှင့်ဆက်သွယ်ပေလိမ့်မည်။ ပုပ်ရဟန်းမင်းကြီးသည် မာလိုရီထံတွင် ခရီးသည်တစ်ဦးအဖြစ်ပါလာကြောင်း သိထားသော ဟင်ဒါဆင်တစ်ယောက် ခဏတဖြုတ် နှလုံးရောဂါ ဖြစ်ချင်ဖြစ်နေပေလိမ့်မည်။

သိပ်တော့မကြာလိုက်ပါ။ အဲယားအင့်က ဓါရီးစဉ်အမှတ် ၉၀၁အား လှမ်း၍ ဆက်သွယ်နေကြောင်း လေယာဉ်ပျံထဲရှိ SELCAL ကိရိယာမှ အဝါရောင်မီးလုံးသည် လင်းလက်လာရုံသာမက သာယာသောခေါင်းလောင်းသံကလည်း မြည်လာသည်။

မာလိုရီက လင်းနေသောမီးလုံးအား လက်နှင့်ဖိနှိပ်လိုက်ရာ ခေါင်းလောင်းသံ ကွယ်ပျောက်သွားသည်။ သူကအသံဖမ်းစက်၏ အသံခလုတ်အား အသံကျယ်အောင် လှည့်လိုက်ပြီးနောက် . . .

'ထရန့်စ်အမ် ၉၀၁ က SELCAL ကို အဖြေပေးနေပါတယ် အိုဗာ . . .'

'ကောင်းပြီ. ၉၀၁၊ နယူးယောက် အဲယားအင့်က ပြောနေပါတယ်၊ မစ္စတာ ဟင်ဒါဆင်နဲ့ ဆက်သွယ်ပေးမယ်၊ စောင့်ပါ'

စက္ကန့်အနည်းငယ်ကြာသောအခါ မစ္စတာဟင်ဒါဆင်၏ ခြောင်ကျကျနှင့် တိုတို တောင်းတောင်းရှိလှသော အသံက လေယာဉ်ပျံမောင်းနှင်ခန်းတစ်ခုလုံးအား ဖုံးလွှမ်းသွားတော့သည်။

'မာလိုရီလား၊ ဟင်ဒါဆင်ပါ၊ ဘာဖြစ်နေသလဲ'

မာလိုရီက ပြောပြလိုက်သည်။

ခဏရပ်ဆိုင်းသွား၏။ ဟင်ဒါဆင် အသက်ပြင်းပြင်းရှူနေသံကို ပြတ်ပြတ်သားသား ကြားနေရသည်။

'ကောင်းပြီ၊ ဒေသဆိုင်ရာတာဝန်ခံတွေနဲ့ ချက်ချင်းဆက်သွယ်လိုက်မယ်၊ ပြီးတော့လဲ ပြည်နယ်အာဏာပိုင်တွေကို အသိပေးလိုက်မယ်၊ မင်းအနေနဲ့ နောက်ကြောင်းပြန်မလှည့်ခင် အချိန်ဘယ်လောက် ကျန်သေးသလဲ'

'၃ နာရီနဲ့ ၄၅ မိနစ်'

'ကောင်းပြီလေ၊ အခြားဘာလုပ်ပေးစရာရှိဦးမလဲ'

www.burmeseclassic.com

www.burmeseclassic.com



'မရှိဘူး၊ ဒီမှာတော့ အေးအေးဆေးဆေးပဲ၊ ဒီကိစ္စကြီးတစ်ခုလုံးဟာ အင်မတန် ရွံစရာကောင်းတဲ့ နောက်ပြောင်မှု ဖြစ်ပါစေလို့ မျှော်လင့်ပါတယ်၊ ဒါပေမယ့် ကျုပ်ကတော့ တယ်မထင်ဘူး'

'ကျုပ်နားလည်ပါတယ်၊ မင်းတို့အတွက် သတင်းစကားရပြီဆိုတာနဲ့ ချက်ချင်း ပြန်ဆက်သွယ်မယ် . . .'

မာလိုရီသည် မိုက်ကရိုဖုန်းကို ချိတ်တွင် ပြန်ချိတ်လိုက်၏။ ယခုအချိန်တွင် မျှော်လင့်ချက်ကြီးတစ်ခုသာ စောင့်နေကြဖို့သာရှိတော့သည်။ သူက မစ္စတာကာဆင်ထံ ပြန်လှည့်လိုက်၏။

'ဒီကိစ္စနဲ့ ပတ်သက်ပြီး ခုအချိန်မှာတော့ ပုပ်ရဟန်းမင်းကြီးကို အသိမပေးသင့်သေးဘူးလို့ ထင်တယ်'

'ကျုပ်လဲ သဘောတူတယ်'

နိုဝါကိုစကီက ဝင်ပြောလိုက်သည်။

'ဒီလေယာဉ်ပေါ်မှာ လက်နက်ကိုင်လူဆိုးတွေ တကယ်ပါလာပါတယ်ဆိုရင် ဖော်ထုတ်တဲ့ နည်းတစ်နည်းတော့ ရှိကိုရှိရမှာပေ့ါ'

'တကယ်ရှိရဲ့လား'

မစ္စတာကာဆင်က စိုးရိမ်မကင်းစိတ်နှင့် ပြန်ပြောလိုက်သည်။

'နည်းလမ်းတကယ်ရှိတယ်ဆိုရင်၊ ဘယ်လိုဖော်ထုတ်ပြီး သိနိုင်မလဲဆိုတဲ့နည်းကို ကျုပ်ကလဲ သိချင်တယ်၊ ပြီးတော့ အဲ . . . အဲဒီ ခွေးမသားတွေက လေယာဉ်ပျံပေါ်ကို လက်နက်တွေရောက်အောင် ဘယ်လိုတင်လာသလဲဆိုတာကိုပါ သိချင်တယ်'

သူက အမြေမရှာတတ်သူတစ်ဦး၏ ဟန်ပန်နှင့် ခေါင်းကိုခါယမ်းလိုက်၏။

'စာထဲမှာပါတဲ့အတိုင်း မှန်တယ်လို့ ယူဆရရင် နောက်ကြောင်းပြန်ကွေ့ပြီး မိနစ် ၃၀ ကြာတဲ့အခါမှာ ကက်ပတိန်မာလိုရီက နောက်ဘက်သို့ သွားမယ်ဆိုရင် ဘယ်သူတွေနဲ့ ဆက်ဆံနေရတယ်ဆိုတာ သိလာရမှာပေ့ါ'

အဲဒီအချိန်ကျရင် ဘာဖြစ်လာမည်နည်းဟု မာလိုရီက တွေးကြည့်လိုက်မိ၏။ သေနတ်ချင်းရင်ဆိုင်ပစ်ပွဲ ဖြစ်များလာလေမလား။ ဤကိစ္စကို တစ်ယောက်ယောက်က စနစ်တကျ ကြိုတင်စီစဉ်ခဲ့ခြင်း ဖြစ်သည်။ အခြားအခြားသော လေယာဉ်ပျံပေးဆွဲမှုများ၌မူ လေယာဉ်ပေါ်၌ ရုတ်ရုတ်သဲသဲ ဖြစ်လေ့ရှိကြောင်း သူ သိထားသည်။ ယခုကိစ္စတွင်မူ ယခုအချိန်အထိ အစစအရာရာသည် သာမန်ဖြစ်ရိုးဖြစ်စဉ်မျှသာဖြစ်သည်။ ခရီးသည်များကလည်း စား၍သောက်၍ကောင်းကြဆဲပင်။

ယခုကိစ္စတွင် 'အကြမ်းဖက်ဂိုဏ်း'က ၎င်းတို့ လက်ချက်ဟုဆိုသည်။ နာမည်မှာပင် လျှင် ကြောက်စရာကောင်းနေသည်။ ကန်းနန်းနိုင်ငံအား ကမ္ဘာ့မြေပြင်ပေါ်က ပျောက်ကွယ်သွားသည်အထိ ဖျက်ဆီးပစ်ရန် ရည်ရွယ်လှုပ်ရှားနေသော တယူသန်များပြုကြသည်သာမ

www.burmeseclassic.com

www.burmeseclassic.com



က လေဆိပ်မှ အပြစ်မဲ့သူခရီးသည်များနှင့် မြူနစ်မှအိုလံပစ် အားကစားသမားများအား သတ်ဖြတ်ခဲ့ကြသော အရှုးများပင်တည်း။ ၎င်းတို့သည် တခြားပုဂ္ဂိုလ်များ၏ အသက်ကို သာမက မိမိတို့၏အသက်ကိုလည်း လုံးဝပမာဏ ထားကြသူများ မဟုတ်ကြချေ။

❑

လေယာဉ်ခရီးစဉ် စတင်သည်မှ နာရီဝက်ကြာသည်အထိ မစ္စတာစကွိုင်းယားအား (ဗြောအနားမှ) ထိုအမျိုးသမီးက လုံးဝသတိပြုမိခြင်း မရှိချေ။ သို့သော် တစ်ယောက်သော ပုဂ္ဂိုလ်က မစ္စတာစကွိုင်းယားအား အော်တိုဂရပ်တွင် လက်မှတ်ထိုးပေးရန် လာရောက် မေတ္တာရပ်ခံသည်။ ထိုအချိန်မှစ၍ မစ္စတာစကွိုင်းယားအတွက် ငြိမ်းချမ်းမှုသည် လုံးဝ အဖတ်ဆည်မရအောင် ပျက်စီးသွားခဲ့ရလေပြီ။

မစ္စတာစကွိုင်းယားအား မှတ်မိသွားပြီဖြစ်သော ထိုအမျိုးသမီးသည် ၎င်း၏ 'ကြောင်' အကြောင်း၊ ကြက်တူရွေးအကြောင်း၊ ဖရက်စနိုရှိ လယ်တဲသဏ္ဌာန် ဆောက်ထားသော ၎င်း၏နေအိမ်အကြောင်း၊ လော့စ်အင်ဂျလိတွင် ကျား-မ မရွေး ဝတ်ဆင်နိုင်သော အပတ် အစားများကို တီထွင်ရောင်းချရင်း စီးပွားဖြစ်ထွန်းနေသော ၎င်း၏သားဖြစ်သူ ရော်ဂျာ အကြောင်း၊ မည်သည့်ကိစ္စမျိုးတွင်မှ မှန်မှန်ကန်ကန်ဆုံးဖြတ်ချက် ပေးတတ်ပုံမရသော ၎င်း၏ ခင်ပွန်းအကြောင်း၊ တတွတ်တွတ်ပြောပြလေတော့သည်။ အစပထမတွင် ခပ်နှေးနှေးပြောဆို နေရာမှ ဂီယာတစ်မျိုးပြောင်းလဲပြီးနောက် အမြင့်ဆုံးအမြန်နှုန်းသို့ ရောက်ရှိလာတော့သည်။

မစ္စတာစကွိုင်းယားက ၎င်းသည် ရူးသွပ်ပြီး စိတ်ဖောက်ပြန်သွားတော့မည့် အနေအထားသို့ နီးနီးကပ်ကပ် ရောက်ရှိနေပြီဟု တွေးနေမိသည်။ ၎င်းသည် မည်သည့် အချိန်တွင် ဖြုန်းကနဲ ရူးသွပ်သွားလေမည်နည်း။

မင်းလမ်း၏ ဟိုဘက်တွင် အဝတ်အစား ပိုသိပတ်သီနှင့် လေယာဉ်ပျံပေါ် သို့ တက်မလာမီကပင် မူးနေပုံရသော လူတစ်ယောက်ရှိနေသည်။ ထိုလူက ဆံပင်နက်နက်နှင့် လေယာဉ်မယ်လေးတစ်ယောက်အား ထိကပါး၊ ရိကပါးနှင့် မြူဆွယ်နေပြန်လေရာ . . .

ဒီခရီးစဉ်တွင် မစ္စတာစကွိုင်းယားအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာ ကိစ္စပေါင်း ခည်ရွေမည်မျှ ကျန်ရှိနေနိုင်ပါသေးသနည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း( ၇ )

ဂရင်းဝစ်ချ် စံတော်ချိန် ၂၁ း ဝ၂ နာရီ
ကယ်လီဖိုးနီးယားပြည်နယ်မြောက်ပိုင်းတစ်နေရာ
ညနေ ၂ း ဝ၂ နာရီ

ရဲအရာရှိ ဂီလ်ဗင်နီသည် မော်တော်ကားကို အနှေးဆုံးအရှိန်အထိ လျှော့ချလိုက်သည်။ သူသည် နှုတ်မှ တတွတ်တွတ် ရေရွတ်ပြောဆိုလာသလို မျက်လုံးများကိုလည်း ပြူး၍ကြည့်လာသည်။ အိမ်နံပါတ်တွေကို ကြည့်ရသည်မှာ မလွယ်ကူပါ။ အမြင်ကပ်စရာကောင်းသော ထိုအိမ်များသည် လမ်းနှင့်ဝေးကွာလွန်းလှသည်။

၎င်း၏ အဖော်ဖြစ်သူ စတက်ဖီကာ ပြောလိုက်၏။

'ဟောဒီမှာဗျို့၊ အိမ်နံပါတ် ၂၀၃'

ဂီလ်ဗင်နီက မော်တော်ကားကို ရပ်တန့်လိုက်သည်။ သူက စတက်ဖီကို ပြောလိုက်၏။

'ငါတို့ အိမ်ဆီကို ခြေကျင်သွားကြမယ်'

'ဖြစ်ပါတယ်'

ဂီလ်ဗင်နီသည် ဦးထုပ်ကို ဆောင်းပြီးနောက် ခြံဘေးမှတံခါးပေါက်ကို ခေါင်းညိတ်ပြလိုက်သည်။

'မင်းက အိမ်နောက်ဘက်ကို တစ်ပတ်လှည့်ကြည့်'

'သိပ်ဖြစ်တာပေါ့'

စတက်ဖီသည် ကားထဲမှ လှစ်ကနဲ ထွက်သွားသည်။ ဂီလ်ဗင်နီက သက်ပြင်းတစ်ချက်ချလိုက်၏။ သဘောထားဆိုးသည့် ချာတိတ်တော့မဟုတ်။ သို့သော် သုပ်ရာကိုင်ရာတွင် ရှေ့လောကြီးလွန်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂီလ်ဗင်နီသည် သေနတ်ကို အလွယ်တကူ ဆွဲထုတ်၍ရအောင် သေနတ်အိတ်ကို ဖြုတ်လိုက်ပြီးနောက် ပြတင်းပေါက်များရှိရာဆီသို့ လှမ်းကြည့်လိုက်၏။ လိုက်ကာများ လှုပ်ရှားသွားခြင်း မရှိပါ။ သူကတံတွေးကို မျိုချလိုက်သည်။ သံသယဝင်စရာကောင်းသော အိမ်များအား တိတ်တဆိတ်ချဉ်းကပ်ရသည့်အလုပ်ကို သူမုန်းတီးသည်။ သူ့အတွက် လွန်လွန်ကဲကဲ ရင်တုန်ပန်းတုန် ဖြစ်စေလွန်းလှသည်။

သူက လူခေါ်ခေါင်းလောင်းခလုတ်ကို ဖိနှိပ်လိုက်၏။ ခေါင်းလောင်းသံသည် အဝတ္တလားတီးသံပမာ တစ်အိမ်လုံးတွင်ပဲ့တင်ထပ်သွားသည်။ သူက ချောင်းဟန့်လိုက်၏။

'အိမ်ထဲမှာ လူရှိပါသလား'

အဖြေမရချေ။ သူက တံခါးကို စမ်းဖွင့်ကြည့်လိုက်၏။ သော့ခတ်မထားချေ။

သူက အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်သည်။

သေနတ်ကို လက်ကကိုင်ရင်း အိမ်ထဲသို့လှမ်းဝင်လိုက်၏။

အစပထမတွင် ထိုအလောင်းကို လူသေအလောင်းဟုဝင် ထင်လိုက်မိသည်။ နောက်တစ်ခါ ပြန်ကြည့်ရပြန်၏။ တစ်ခါက ချစ်စရာကောင်းသောခွေးကလေး ဖြစ်ပုံရသည်။ ဘယ်လိုကောင်စားမျိုးက ဒီတိရစ္ဆာန်ကို ဒီလိုလုပ်ခဲ့ပါလိမ့်။

'ဂီလ်ဗင်နီလား'

စတက်ဖို့သည် အိမ်ထဲမှ ဖြတ်လျှောက်လာနေသည်။

'နောက်ဖေး တံခါးပွင့်နေတယ်'

ခွေးသေကောင်နှင့် ပေကျံနေသောနံရံများကို မြင်ရသောအခါ စတက်ဖို့ နှာခေါင်းရှုံ့သွားသည်။

'ရှန်းရင်းဆန်ခတ် ဖြစ်ခဲ့ပုံရတယ်'

စတက်ဖို့က မှတ်ချက်ချလိုက်ခြင်း ဖြစ်သည်။

'တယ်ဟုတ်ပါလားကွ'

ဂီလ်ဗင်နီက လေးလေးပင်ပင်ကြီး ပြောလိုက်ခြင်းဖြစ်သည်။

'ခုခေတ်မှာ(ရဲ) သိပ္ပံကျောင်းက မင်းတို့ကို ထူးခြားပြောင်မြောက်စွာ သင်ပေးနေတာ ပဲကလား၊ တစ်ခြားဘာတွေထပ်ဖြစ်သေးသလဲဆိုတာ လှည့်ပတ်ပြီး အကဲခတ်ဖို့ သိချင်မိဦးမယ်'

စတက်ဖို့ တစ်ယောက် ချက်ချင်းပြန်ရောက်လာသည်။ သူက အမေးပုစ္ဆာတစ်ခုကို ထုတ်လိုက်၏။

'ထမင်းစားခန်းနံရံပေါ်မှာ ဘယ်လိုလူစားမျိုးက သဘော်ဆေးနဲ့ 'အကြမ်းဖက်ဂိုဏ်း' လို့ ရေးသွားတာပါလိမ့်'

ဂီလ်ဗင်နီက ဖြေလိုက်သည်။

'တို့တာဝန်က အဲဒါကို အစီရင်ခံကြဖို့ပဲ၊ ဘယ်လိုဖြစ်တာလဲဆိုတာကိုတော့ တစ်ခြား

www.burmeseclassic.com

www.burmeseclassic.com



ခွေးမသားတစ်ယောက်ယောက်က တွေးကြည့်လိမ့်မပေါ့ကွာ'

❑

ထောက်လှမ်းရေးအဖွဲ့ ညွှန်ကြားရေးမှူး ဒေါသူပုန်ထနေသည်။

'ရောမမြို့ထိအောင် အေးဂျင့်တွေလွှတ်ရတဲ့အလုပ်ကို စကတည်းက မလုပ်ခဲ့မိရင် အကောင်းသားကွာ၊ ဒီငတိတွေက လေယာဉ်ပျံပေါ်မှာ တစ်ခြားခရီးသည်တွေလို ဖင်ကို ကျောက်ဆူးချထားကြတယ်၊ လေယာဉ်ပြန်ပေးဆွဲတဲ့ ငတိတွေက ထင်သလိုမင်းမူနေကြပုံရတယ်၊ တို့ကတော့ အဆိုခံ၊ အပြောခံ သက်သက်တွေပဲ၊ လေယာဉ်ကလဲ မကြာခင် ခရီးစဉ်ပြောင်းရတော့မယ်၊ ပြန်ပေးဆွဲတဲ့ကောင်တွေက ကက်ပတိန်ခေါင်းကို သေနတ်နဲ့ တေ့ထားလို့တော့ မဟုတ်ဘူး၊ ချိန်မှုပဲ၊ သူတို့အနေနဲ့ အဲဒီလောက် ရိုးရိုးစိုးစိုး လုပ်စရာကို မလိုဘူး၊ 'သူတို့ခိုင်းတဲ့အတိုင်း လိုက်နာပါ၊ မလိုက်နာခဲ့ရင် လေယာဉ်မောင်းအဖွဲ့သားတွေရဲ့ မိသားစုတွေကို ဒုက္ခပေးရပါလိမ့်မယ်' လို့ စာကလေးတစ်စောင် ပို့ပေးလိုက်ရုံပဲ၊ သိပ်ကောင်း၊ အားကြီးကောင်း၊ တို့ကို သောက်သုံးမကျတဲ့ အပျော်တမ်းစုံထောက်တွေအဖြစ် ရောက်သွားအောင် ဝိုင်းပြီးလုပ်နေကြသလိုပဲ'

'အခုကိစ္စကတော့ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်တို့ကြိုတင် မပြင်ဆင်မိတဲ့ နည်းသစ်တစ်ခုပါပဲ ဆရာ'

လက်ထောက်ညွှန်ကြားရေးမှူးသည် ရှပ်အင်္ကျီအောက်မှ ချွေးသီးချွေးပေါက်များ ထွက်လာနေသည်ကို သိရှိခံစားနေရသည်။

ညွှန်ကြားရေးမှူးက မိုးခြိမ်းသလို အော်ပစ်လိုက်၏။

'အဲဒါကိုတော့ မင်းပြောမှလားကွ၊ လေယာဉ်ပျံပေါ် ပါသွားတဲ့ တို့လူကဘယ်ကောင်လဲ'

'ကာဆင်ပါ ဆရာ'

'အဲဒီငတိက ဘာလုပ်နေသလဲ'

'လောလောဆယ်မှာတော့ သူက နောက်ထပ်ဘယ်လို ဆက်ဖြစ်လာမလဲဆိုတာကို စောင့်ကြည့်နေတယ်လို့ ယူဆရမှာပါပဲ၊ ခုအချိန်အထိတော့ 'ပြောင်' မလုပ်ကြသေးဘူး၊ ပြန်ပေးသမားတွေက လေယာဉ်ပျံကို ကိုယ်ထိလက်ရောက်သိမ်းဖို့ကြံစည်မယ်ဆိုရင် မစ္စတာ ကာဆင်နဲ့ သူ့လူလေးယောက်က ခုခံဖို့အသင့်ပါပဲဆရာ'

ညွှန်ကြားရေးမှူးက ခပ်ဆတ်ဆတ် ပြန်ပြောလိုက်၏။

'ဖြီးမနေစမ်းပါနဲ့ကွာ၊ ခုအချိန်အထိ တို့ကိုနည်းပရိယာယ်နဲ့ပဲ အနိုင်ယူသွားပြီကွ၊ ဒီလေယာဉ်ပျံကို ကိုယ်ထိလက်ရောက်သိမ်းဖို့ အစီအစဉ်ရှိပုံမရဘူး၊ ဒီကိစ္စကို သေသေချာချာ အကွက်ချပြီးမှ စီစဉ်ကြတာကွ၊ ငါ့အထင်ပြောရရင် နောက်ထပ်လှုံ့မှုမဲ့ခြေလှမ်းကလဲ

www.burmeseclassic.com

www.burmeseclassic.com

•



ထမလှုပ်ရှားမှုလို ကြိုမှန်းလို့မရတဲ့လုပ်ရပ်မျိုးပဲဖြစ်မယ်၊ လေယာဉ်အဖွဲ့သားတွေရဲ့ မိသားစုတွေအကြောင်း ဘာသတင်းရသေးသလဲ'

'ခုထက်ထိတော့ ဘာသတင်းမှ မရသေးပါဘူးဆရာ၊ စုံစမ်းနေကြတုန်းပါပဲ၊ မကြာခင်သိရလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်'

ညွှန်ကြားရေးမှူးက အောက်နှုတ်ခမ်းကို ကိုက်လိုက်၏။ ဤကိစ္စနှင့်ပတ်သက်၍ ဆက်စပ်ပြီး ဖြစ်လာနိုင်သည့်ကိစ္စများမှာ တွေးမကြည့်ရဲစရာပင်။

'ဒီခွေးမသားတွေက တို့ကိုသေနတ်နဲ့ ချိန်ထားနိုင်နေပြီ ဒါအမှန်တရားပဲ၊ ပုပ်ရဟန်းမင်းကြီးနဲ့ကျမှ ဒီလိုဖြစ်လာရသလားကွာ၊ တို့ကို သောက်သုံးမကျတဲ့ လူ့အနွံတွေလို့ထင်အောင် တကူးတကကြိုးစားကြတယ်ဆိုရင်တောင် ဒါ့ထက်ပိုကောင်းတဲ့ လုပ်ရပ်မျိုး မရှိနိုင်တော့ဘူး'

ညွှန်ကြားရေးမှူးက အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်ပြီးနောက် တယ်လီဖုန်းစားပွဲခွက်ကို လှမ်းကိုင်ပြီး အနီရောင်ခလုတ်ကို နှိပ်ရင်း ပြောလိုက်၏။

'အိမ်ဖြူတော်နှင့် ဆက်ပေးစမ်း'

❑

မာလိုရီသည် ဘီ-၁၇ လေယာဉ်ပျံများနှင့် သွားရောက်တိုက်ခိုက်ကြရသည့် အချိန်တာလကို ပြန်သတိရလာမိသည်။ ထိုစဉ်က ဘီ-၁၇ လေယာဉ်များသည် ဂျာမန်တိုက်လေယာဉ်များ၏ ပစ်ခတ်တိုက်ခိုက်မှုကို ခါးစည်း၍ခံနေကြရသည်ဖြစ်ရာ မည်သည့်နည်းနှင့်မျှ လွတ်လမ်းမမြင်နိုင်ဟု စိတ်ကိုတုံးတုံးချထားခဲ့ကြသည်။ ထို့ကြောင့်သာလျှင် စိတ်ချမ်းသာမှု ရခဲ့ကြသည်။ ကောင်းကင်ယံတိုက်ပွဲဟူသမျှကို ညပွဲကြည့် ပရိသတ်တစ်ဦးပမာစောင့်ကြည့်နိုင်စွမ်းရှိခဲ့သည်။

ယခုလည်း ထိုကဲ့သို့ပင် ဖြစ်နေသည်။

သူက ထိုင်ခုံခါးပတ်မှ ချိတ်ကိုဖြုတ်လိုက်၏။ သူက ကြေငြာလိုက်သည်။

'ကျုပ်၊ နောက်ဘက်ကို လျှောက်ကြည့်လိုက်ဦးမယ်'

မစ္စတာကာဆင်က ခေါင်းခါလိုက်၏။

'ခင်ဗျား၊ ဒီမှာပဲနေရင် ကောင်းလိမ့်မယ်ထင်တယ် ကက်ပတိန်'

မာလိုရီက ဖြေလိုက်သည်။

'ဒီလေယာဉ်ပေါ်မှာ ကျုပ်က ကက်ပတိန်ပါ မစ္စတာကာဆင် အဲဒီကိစ္စကို ကျုပ်ပဲဆုံးဖြတ်ပါ့မယ်'

အစပိုင်းတွင် မစ္စတာကာဆင်သည် ထိုကိစ္စကို ပြန်လည်ငြင်းခုံတော့မည်ဟန်ပေါ်လာသည်။ ထို့နောက် ပခုံးကိုတွန့်ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ခုအချိန်မှာတော့ ကမူးရှူးထိုး မလုပ်သင့်သေးဘူးလို့ ထင်တယ်၊ ခင်ဗျားတို့ မိသားစုတွေအကြောင်း ရေရေရာရာ မသိရသေးခင် အထိပေါ့လေ'

မာလိုရီက ကုတ်အင်္ကျီနှင့်ဦးထုပ်ကို ဆောင်းရင်း ပြန်ဖြေသည်။

'ကျုပ်ကလဲ ကမူးရှူးထိုးလုပ်ဖို့ မရည်ရွယ်ပါဘူး'

မာလိုရီသည် ဧည့်ခန်းထဲတွင် မျက်နှာမသာမယာနှင့်ရှိနေသော ထောက်လှမ်းရေးအေးဂျင့်များကို ဖြတ်ကျော်ခဲ့ပြီးနောက် တစ်သီးတခြားဖြစ်အောင် ကာရံထားသော ပထမတန်းခရီးသည်များ၏ နေရာဆီသို့ ကြောင်လိမ်လှေကားမှ ဆင်းလာခဲ့သည်။ ရဟန်းမင်းကြီးသည် ၎င်း၏အခန်းထဲတွင် ရှိနေသော်လည်း အခြားအဖွဲ့ဝင်များကမူ အချိုပွဲကို အရသာခံနေကြချိန် ဖြစ်သည်။

မာလိုရီသည် ဘုန်းတော်ကြီးများအား နှုတ်ဆက်ခဲ့ပြီးနောက် ရိုးရိုးတန်းခရီးသည်များစီးနင်းလိုက်ပါလာရာ ခန်းမဆောင်ထဲသို့ ဝင်ခဲ့၏။ အတန်းလိုက် အစီအရီ ရှိနေကြသော မျက်နှာများကို မြင်လိုက်ရသည်။

မာလိုရီသည် မင်းလမ်းတစ်လျှောက် လမ်းလျှောက်လာစဉ် တစ်ဦးတစ်ယောက်နှင့်မျှ မျက်လုံးချင်းမဆုံမိအောင် ကြိုးစားလာရသည်။ သူသည် လေယာဉ်မယ်တစ်ယောက်ကို ကျော်ဖြတ်ခဲ့ရ၏။ လေယာဉ်မယ်က သူ့အားတအံ့တသြ ကြည့်လိုက်သည်။

'ကျွန်မတို့အနေနဲ့ ဘာများလုပ်ကိုင်ပေးဖို့ ရှိပါသလဲရှင်'

'မလိုပါဘူးကွာ၊ လမ်းလျှောက်ချင်စိတ် ပေါ်လာလို့ကွ၊ သွေးလျှောက်ဖို့အတွက် လှုပ်ရှားပေးဖို့လိုတယ်'

နောက်နားဆီသို့ရောက်သောအခါ လူတစ်ယောက်က သူ့အားဖမ်းတားလိုက် သည်။

'ကျုပ်အတွက် ဝီစကီတစ်ခွက် ယူပေးစမ်း'

'ကျုပ် လေယာဉ်မောင် မဟုတ်ပါဘူးဗျာ'

'ဒါဖြင့်ရင် လေယာဉ်မောင်, မယ်တစ်ယောက် ကျုပ်ဆီကို လွှတ်ပေးစမ်းပါ' အကယ်၍ တစ်စုံတစ်ခုတောင်းယူလိုသည်ဆိုပါက လေယာဉ်မောင်,မယ်အား ခေါ်ရန်ထားရှိသော သီးသန့်ခလုတ်ကို နှိပ်လိုက်ရန် ထိုလူအား မာလိုရီက ပြန်ဖြေခဲ့ရသည်။ လေယာဉ်ခရီးစဉ်တိုင်း၌ အရက်သမားများ ပါလာတတ်ဟန်တူပါသည်။ ၎င်းတို့က အမြဲလိုလိုပင် ဒုက္ခပေးတတ်ကြသည်။ တစ်ခါတစ်ရံတွင်မူ ကိုယ်ထိလက်ရောက်ပင် ထိန်းချုပ်ရတတ်သည်။ ရဲသားများကို လေဆိပ်သို့ အဆင်သင့်လွှတ်ထားပေးပါဟု မကြာခဏဆိုသလို မေတ္တာရပ်ခံရတတ်သည်။ သို့ရာတွင် ယခုခရီးစဉ်၌မူ စွာကျယ်ကျယ်နိုင်လှသော အရက်သမားသည် မာလိုရီအဖို့ပြဿနာကြီးတစ်ရပ် မဟုတ်တော့ပါချေ။

လူတိုင်းလူတိုင်းနှင့် အရာခပ်သိမ်းသည် သာမန်အနေအထားတွင် ရှိနေကြသည်။ သူလမ်းလျှောက်သွားစဉ် အရောင်ခပ်မှိုင်းမှိုင်းဝတ်စုံကို ဝတ်ဆင်ထားသူတစ်ဦးက ၎င်း၏ရုပ်အင်္ကျီလက်များကို လှမ်းဆွဲလိုက်၏။ သူ့ကို မြင်ဖူးသလိုလို ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားက လေယာဉ်မှူးတစ်ယောက်ပဲနော်'

'မှန်ပါတယ် ခင်ဗျာ'

'ခင်ဗျားက ဘာဖြစ်လို့ လမ်းလျှောက်နေရတာတုံး'

'ခင်ဗျာ'

'အရေးပေါ်ကိစ္စ တစ်စုံတစ်ရာ ဖြစ်မလာမချင်း လေယာဉ်မှူးတွေဟာ လေယာဉ်မောင်းခန်းထဲမှာပဲ ရှိရမယ်လို့ ပြဋ္ဌာန်းထားတယ် မဟုတ်လား၊ ခုအရေးပေါ်ကိစ္စဖြစ်နေလို့လား'

'မဟုတ်ပါဘူးခင်ဗျာ . . . အစစအရာရာ ကောင်းမွန်လျက်ပါပဲ၊ နောင်ကြီးမျက်နှာထို့ ကျွန်တော်မြင်ဖူးပုံရပါတယ်၊ နောင်ကြီးက ရုပ်ရှင်မင်းသားတစ်ယောက် မဟုတ်လား'

ကပ်လျက်ထိုင်ခုံမှ အမျိုးသမီးက ဝင်ဖြေလိုက်၏။

'သူက တန္တနိစက်ကွိုင်းယားလေ'

မာလိုရီက မစ္စတာစကွိုင်းယား လေယာဉ်ပျံပေါ်၌ လိုက်ပါလာသောကြောင်း ဝမ်းမြောက်မိပါကြောင်း ပြောလိုက်သည်။

တော်တော်အကင်းပါးတဲ့လူပဲဟု မာလိုရီက တွေးရင်းဆက်လျှောက်သွားသည်။ မည်သူသည် အကြမ်းဖက်သမား ဖြစ်လေမည်နည်း။ အနီရောင်ရှပ်အကျီကို ဝတ်ဆင်ထားသော အသားညိုညိုနှင့်ပုဂ္ဂိုလ် ဖြစ်လေမည်လား။ မီးခိုးရောင်ဝတ်စုံကို ဝတ်ဆင်ထားသော အရပ်ရှည်ရှည်ပုဂ္ဂိုလ်ပေပဲလား။ ထိုပုဂ္ဂိုလ်အားလုံးသည် အပြစ်ကင်းစင်ပြီး မည်သို့မျှ ဝော်သက်ကြပုံမပေါ်။

လေယာဉ်မောင်းခန်းပေါ်သို့ မာလိုရီပြန်ရောက်လာသောအခါ မစ္စတာကာဆင်က မေးမြန်းလိုဟန်ဖြင့် မော့ကြည့်သည်။

'ဘာထူးခြားသလဲ'

မာလိုရီက ခေါင်းခါလိုက်၏။

'ဒါ့ထက်ပိုပြီး အေးအေးဆေးဆေး မရှိနိုင်တော့ဘူး'

မစ္စတာကာဆင်က ရေရွတ်ဆဲဆိုလိုက်သည်။

'ခွေးမသားတွေ'

မာလိုရီက ဂျင်ဆင်အား နောက်ထပ်သတင်းထူးခြားမှု ရှိမရှိ အဲယားအင့်ကို ဆက်သွယ်၍ မေးကြည့်ရန်ပြောလိုက်၏။ ကာဆင်က လှမ်းပြောလိုက်သည်။

'တစ်ချိန်ချိန်မှာတော့ သူတို့ဘက်က လှုပ်ရှားမှုတစ်ခုခု စလုပ်လာရမှာပါဗျာ အဲဒီအချိန်ကျရင် ကျုပ်တို့အဖို့ အခွင့်အရေးရလာမှာပါဗျ'

မာလိုရီက ပြန်မေးလိုက်၏။

'အဲဒီ့နောက်တော့ ကျုပ်တို့မိသားစုတွေ ဘာတွေဖြစ်ကုန်ကြမလဲ'

'မစ္စတာကာဆင်သည် စိတ်မချမ်းမသာဖြစ်ဟန်နှင့် အဝေးဆီသို့ လှမ်းကြည့်၏'

www.burmeseclassic.com

www.burmeseclassic.com



သည်။ မာလိုရီသည် ဘယ်ဘက်ထိုင်ခုံပေါ်၌ ပြန်ထိုင်လိုက်၏။ ဂျင်ဆင်က ကြေငြာလိုက်သည်။

'သူတို့လဲ ခုထက်ထိ စောင့်နေကြတုန်းပဲ'

'ကောင်းပြီလေ'

ဂျင်ဆင်က မစ္စတာကာဆင်အား မေးလိုက်သည်။

'ကျုပ်တို့က ဟက်ရှိမိုက်နိုင်ငံကို ပြုသန်းသွားပြီးဆင်း၊ သူတို့က ပုပ်ရဟန်းမင်းကြီးကို ခေါ်သွား၊ အဲဒီ့နောက်တော့ သူတို့က ဂင်နီနဲ့ကလေးတွေနဲ့အားလုံးကို လွှတ်ပေးလိမ့်မယ်ထင်တယ်၊ အဲဒီလိုပဲမဟုတ်လား'

မစ္စတာကာဆင်က ဖြေလိုက်၏။

'ဟုတ်ပါတယ် . . . အဲဒီလိုပုံစံမျိုးပါပဲ'

သို့ရာတွင် သူ့လေသံမှာ ဟက်ဟက်ပက်ပက်ရှိလှပုံမပေါ်၊ ဂျင်ဆင်က ခပ်ဆတ်ဆတ်ပြန်ပြောလိုက်၏။

'ခင်ဗျားက လူညာပဲ၊ ခင်ဗျားတို့ရဲ့ ဦးစားပေးစာရင်းမှာ ကျုပ်တို့ မိသားစုတွေက အဆင့်တစ်ဆယ်လောက်မှာပဲ ရှိနေမှာပါဗျ၊ သူတို့က အရေးမှမကြီးတာ၊ ကျားစာအကျွေးခံနိုင်တဲ့ လူတွေပဲ မဟုတ်လား၊ တစ်ဘက်မှာ ပုပ်ရဟန်းမင်းကြီး၊ တစ်မျိုးသားလုံးရဲ့ ဂုဏ်သိက္ခာနဲ့ နိုင်ငံတကာဆက်ဆံရေးကိစ္စတွေကို အရပ်သား ၄-၅ယောက်နဲ့ ချိန်ထိုးကြည့်လိုက်တော့ ယှဉ်စရာကို မလိုတော့ဘူး၊ ဟုတ်တယ်မဟုတ်လား'

မာလိုရီက ဝင်ပြောလိုက်၏။

'ဒေါသမကြီးစမ်းပါနဲ့ကွာ၊ ဒီကိစ္စကရှုပ်ပျက်၊ ဆင်းပျက်ဖြစ်သွားအောင် နောက်တာ၊ ပြောင်တာမျိုးလဲ ဖြစ်နိုင်တယ်'

'မဟုတ်တာဗျာ'

ဂျင်ဆင်တစ်ယောက် ဒေါသူပုန်ထနေပုံရသည်။ မစ္စတာကာဆင်က ပြောလိုက်၏။

'ခင်ဗျားတို့ရဲ့ မိသားစုတွေနဲ့ပတ်သက်ပြီး ကျုပ် တကယ်ကို စိတ်မကောင်း ဖြစ်မိပါတယ်ဗျာ . . . တကယ်ပြောတာပါ၊ ဒါပေမယ့် ဒီနေရာကနေပြီး ကျုပ်ကဘာများလုပ်ပေးနိုင်မှာလဲ၊ ကျုပ်က ပုပ်ရဟန်းမင်းကြီးနဲ့ ဒီလေယာဉ်ပျံကြီးကို တာဝန်ခံထားရတာ၊ ဒီတော့ ကျုပ်ကသူတို့အတွက် တတ်နိုင်သလောက် လုပ်ပေးရမှာပဲ'

မာလိုရီက ပြန်ဖြေလိုက်၏။

'ဟုတ်ပါပြီ၊ ကျုပ်တို့နားလည်ပါတယ်၊ ခင်ဗျားကိုယ်တိုင် အကျဉ်းအကျပ်ထဲ ရောက်နေသလို ကျုပ်တို့နဲ့ ကျုပ်တို့ရဲ့မိသားစုတွေလဲ ဒုက္ခဖြစ်နေတာပါပဲ၊ ခင်ဗျားအနေအထားကို ကျုပ်တို့ သဘောပေါက်ပါတယ်၊ ကျုပ်တို့ကိုလဲ သဘောပေါက်စေချင်ပါတယ်'

'သဘောပေါက်ပါတယ်ဗျာ . . . တကယ်ပြောတာပါ'

စိတ်ကို ခပ်အေးအေးထားစမ်းဟု မာလိုရီက သူ့ကိုယ်သူ ပြန်သတိပေး လိုက်၏။

www.burmeseclassic.com



သူတို့က ဂျိန်းနှင့်ပတ်သက်ပြီး ဒေါ်သူပုန်ထလာအောင် တမင်လုပ်နေခြင်း ဖြစ်သည်။ တစ်ဘက်ရန်သူက ဖြစ်စေချင်သောကိစ္စကို ဘယ်တော့မှ မလုပ်လေနှင့်။

'မြတ်စွာဘုရား၊ အမျိုးသမီးတစ်ယောက် ပြန်ပေးဆွဲခံရသလားဆိုတာကို သွားစုံစမ်းတာကလဲ ကြာလိုက်တာ'

'နည်းနည်းတော့ အချိန်ယူရတာပေါ့ဗျာ. . . မကြာခင် သတင်းကြားရတော့မှာပါ'

နီဝါကိုစကီကလည်း ဝင်ပြောလိုက်၏။

'ကျုပ်အဖေက နှလုံးသိပ်ကောင်းတာမဟုတ်ဘူး၊ သိပ်အခြေအနေဆိုးတယ်၊ ဒီလိုကိစ္စမျိုးကို ခံနိုင်ရည်ရှိမှာမဟုတ်ဘူး'

မာလိုရီက ခေါင်းညိတ်လိုက်၏။ သူက ကိုယ်ချင်းစာတတ်သည့်ပုံစံမျိုးပေါက်အောင် တမင်ကြိုးစားနေရသည်။

မာလိုရီက နာရီကိုငုံ့ကြည့်လိုက်၏။ ဂရင်းလန်ကျွန်း၏တောင်ဘက်အနောက် လောင်ဂျီတွဒ် ၄၅ ဒီဂရီသို့ ရောက်ရန် နှစ်နာရီနှင့်ခုနှစ်မိနစ်လိုသေးသည်။ အမှန်အတိုင်းဆိုရသော် ယခုကိစ္စ၌ ညွှန်ကြားသည့်အတိုင်း လိုက်နာရန်မှလွဲ၍ အခြားနည်းလမ်း မရှိတော့ခြင်းပင်။ ပုပ်ရဟန်းမင်းကြီး၏အသက်မှာ စိုးရိမ်ဖွယ် အန္တရာယ်ကြား၌ ရှိနေလေရာ အန္တရာယ်မဖြစ်အောင် နည်းမျိုးစုံနှင့် ကာကွယ်ရပေလိမ့်မည်။ ၎င်းတို့လိုချင်သော ပုံစံအတိုင်း မလွဲမသွေ လိုက်နာဆောင်ရွက်ကြစေရန် ဂျိန်းနှင့် အခြားပုဂ္ဂိုလ်များအား မက်လုံးအဖြစ် ထပ်ဆောင်းပေးထားခြင်းလည်းဖြစ်သည်။ ဒေါ်လာသန်း ၄၀တန် လေယာဉ်ပျံကြီးနှင့် အခြားပုဂ္ဂိုလ် ၂၇၇ ဦးတို့၏ အသက်ကိုမူ ထည့်၍ပင် ပြောစရာမလိုတော့ပါ။

ချက်ချင်းဆိုသလိုပင် ၎င်းတို့အားလုံး နိုးနိုးကြားကြား ဖြစ်လာကြ၏။ အဝါရောင် မီးသီးကလေး လင်းလက်နေလေပြီ။

'ထရန့်စ်အမ် ကိုးသုညတစ်က အဖြေပေးနေပါတယ် အိုဗာ'

'ကောင်းပြီ၊ ကိုးသုညတစ်၊ မစ္စတာဟင်ဒါဆင်နဲ့ ဆက်သွယ်ပေးမယ်၊ ခဏစောင့်ပါ'

'ကောင်းပြီ'

ဟင်ဒါဆင်မှာ ဝေ့လည်ချောင်ပတ် ပြောမနေတော့ချေ။

'မာလိုရီ၊ မင်းရတဲ့စာက 'အတိအကျပဲ၊ ဒေသဆိုင်ရာ အာဏာပိုင်တွေက သက်ဆိုင်တဲ့ ပုဂ္ဂိုလ်တွေအားလုံး ပျောက်ဆုံးနေတယ်လို့ သတင်းပို့ကြတယ်၊ ဒီမှာ စတိဗ်၊ မင်းအိမ်ကို သွားကြည့်တော့ မော်တော်ကား ဂိုဒေါင်ထဲမှာရှိနေပေမယ့် မင်းသမီးကို အိမ်မှာမတွေ့ရဘူး၊ ဂျင်ဆင့်ဖနီးရဲ့ မော်တော်ကားကိုလဲ ကုန်ပဒေသာဈေးက မော်တော်ကားရပ်တဲ့နေရာမှာ တွေ့ကြရတယ်၊ သော့ကသော့အိမ်မှာ

www.burmeseclassic.com



မှာရှိနေပြီး ဝယ်ထားတဲ့ပစ္စည်းတွေက နောက်ခုံပေါ်မှာ ရှိနေကြပေမယ့် မစ္စက်ဂျင်ဆင်နဲ့ကလေးတွေကို အရိပ်အရောင်တောင် ရှာမတွေ့ကြဘူး၊ မစ္စတာနီ့ဝါကိုစကီလဲ ပျောက်နေတယ်၊ မစ္စက်နီ့ဝါကိုစကီက မိတ်ဆွေတစ်ယောက်ဆီ အလည်အပတ်သွားနေပြီး အိမ်ပြန်လာတဲ့အခါကျတော့ မစ္စတာနီ့ဝါကိုစကီကို မတွေ့ရတော့ဘူးတဲ့၊ အိမ်နီးနားချင်းတစ်ယောက်ကတော့ ဆီးယားစ်ကုမ္ပဏီက ထရပ်ကားတစ်စီးကို မြင်လိုက်ရတယ်တဲ့၊ အာဏာပိုင်တွေကတော့ စုံစမ်းနေကြတုန်းပဲ၊ ဒါပေမယ့် အိမ်တိုင်း၊ အိမ်တိုင်းမှာ 'အကြမ်းဖက်ဂိုဏ်း'ဆိုတဲ့ စာလုံးတွေကို ရေးသွားကြတယ်၊ တို့သိသမျှကတော့ ဒါပဲ၊ အခြေအနေ မကောင်းဘူးကွာ ဒေသဆိုင်ရာ ရဲအဖွဲ့နဲ့ အက်ဖ်ဘီအိုင်က ပြင်းပြင်းထန်ထန် လိုက်စုံစမ်းနေကြတယ်၊ မင်းဆန္ဒက ဘယ်လိုလဲ'

'ကျုပ်တို့အတွက် တခြား ရွေးစရာနည်းလမ်းမရှိတော့ဘူး ထင်တယ်'

'ဟုတ်ပါတယ်၊ ခရီးသည်တွေ သိကုန်ကြပြီလား'

'ဟင့်အင်း၊ ခုအချိန်ထိတော့ပြောလို့ အကျိုးမထူးဘူးထင်တယ်'

'ကောင်းပါပြီ စတိဗ်၊ လေကြောင်းကြီးကြပ်ရေးဌာနက မင်းရဲ့ခရီးစဉ်အသစ်အတွက် လမ်းရှင်းပေးနိုင်အောင် စီစဉ်နေကြတယ်၊ သူတို့က မင်းနဲ့ ပြန်ဆက်သွယ်ကြလိမ့်မယ်၊ မင်းလေယာဉ်ပျံပေါ်မှာ ပါလာတဲ့ငတိတွေက မင်းကို နောက်ထပ် လာဆက်သွယ်သေးသလား'

'ဟင့်အင်း၊ အဲဒါကြောင့် ပိုပြီးရင်ဖိုစရာ ဖြစ်နေရတာပေါ့'

'ငါနားလည်ပါတယ်'

တကယ်ရော နားလည်ပါရဲ့လားဟု စတိဗ်မာလိုရီက တွေးလိုက်မိ၏။

'နောက်နှစ်နာရီလောက်ကြာရင် နောက်ကို ပြန်လှည့်ရတော့မယ်'

'ကောင်းပြီ စတိဗ်၊ မင်းတို့နဲ့ မပြတ်ဆက်သွယ်နေပါ့မယ်'

ကျုပ်တို့ကလည်း မပြတ်ဆက်သွယ်ပါ့မယ်လေ။ အရှေ့အလယ်ပိုင်းဒေသက ပို့စကတ်တစောင်ပို့လိုက်ပါဦးမယ်ဟု မာလိုရီက တွေးလိုက်မိသည်။ မာလိုရီက ကျန်လူများထံလှည့်လိုက်၏။

'မင်းတို့အနေနဲ့ ကောင်းကောင်းကန်းကန်း စိတ်ကူးကလေးတွေ တွေးမိတာရှိရင် ပြောကြဦးကွာ'

နီ့ဝါကိုစကီက ဖြေသည်။

'သူတို့ကို ပြန်ပေးဆွဲခံထားရတာ မဟုတ်ပဲ၊ ကိစ္စတစ်ခုခုကြောင့် အိမ်မှာ မရှိကြတာမျိုးဆိုရင် ကောဗျာ'

'သူတို့အားလုံးက အိမ်နံရံပေါ်မှာ 'အကြမ်းဖက်ဂိုဏ်း'လို့ ရေးကြဖို့ စိတ်ကူးမိကြတယ် ထင်ပါရဲ့'

နီ့ဝါကိုစကီက ပြန်မဖြေတော့ပါ။

လေယာဉ်စီးခရီးသည်များက ပျံသန်းရာလမ်းကြောင်းပြောင်းလဲသွားသည်ကို မရိပ်မိအောင် ခပ်ပြေပြေချိုးကွေ့ခြင်းသည်သာ အကောင်းဆုံးဖြစ်ပေလိမ့်မည်။

မာလိုရီက နီ့ဝါကိုစကီအား အယ်လ်မားဂရက်ဗ်ဒေသမှ နောက်ဆုံးရသိဥတု အခြေ

www.burmeseclassic.com

www.burmeseclassic.com



အနေကို စုံစမ်းရန် တာဝန်ပေးလိုက်သည်။

အစစအရာရာ အဆင်ပြေသွားမှာပါကွာဟု စတိဗ်မာလိုရီက ဂျိန်းအား စိတ်ထဲက လှမ်း၍ပြောလိုက်မိ၏။ ဂျင်ဆင်ကလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားသော သူ့လက်ကို ငုံ့ကြည့်နေသည်။

'ဘုရားသခင် ကယ်တော်မူပါ'

နီဝါကိုစကီက ရာသီဥတု အခြေအနေကို ဖော်ပြထားသည့် စာရွက်ကလေးအား လှမ်းပေးရင်း ရေရွတ်လိုက်ခြင်းဖြစ်သည်။ ကန်နန်းနိုင်ငံတောင်ပိုင်းနှင့် ဟက်ရှိုက်နိုင်ငံတောင်ပိုင်းတွင် အလွန်ပြင်းထန်သော သဲမုန်တိုင်းတစ်ခု စတင်ဖြစ်ပေါ် လျက်ရှိနေသည်။

မာလိုရီက ခေါင်းခါရင်း သက်ပြင်းချလိုက်မိ၏။ ဒုက္ခ၊ သုက္ခများရသည့်အထဲ သဲမုန်တိုင်းက ထပ်ဆင့်တိုးပွားလာပြန်လေပြီ။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း( ၈ )

ဂရင်းဝစ်ချ် စံတော်ချိန် ၂၂ း ၃၀ နာရီ
ကန်နန်းနိုင်ငံ၏မြို့တော်၊ နံနက် ၁၂ း ၃၀ နာရီ

ကန်နန်းဝန်ကြီးချုပ်သည် စာကို ဒသမအကြိမ်မြောက် ဖတ်ရှုလိုက်၏။ ထို့နောက် ရင်ဘတ်ပေါ်တွင် လက်ပိုက်ထားရင်း နောက်မှီ၍ ထိုင်ချလိုက်သည်။ ၎င်းနောက် ရှေ့တွင်ရှိနေသော စားပွဲရှည်ကြီးတွင် ထိုင်နေကြသူများအား အကဲခတ်လိုက်၏။ သူတို့အားလုံးက စိုးရိမ်သော မျက်နှာထားနှင့် ၎င်းအား ဝိုင်းကြည့်နေကြသည်။ ယခုလို ညကြီးမင်းကြီးတွင် ဆင့်ခေါ်သည်ကို ခံကြရသောကြောင့် အစိုးရပ်ပြ မည်သို့မည်ပုံရှိသည်ကို ကောင်းမွန်စွာ သိကြသူများဖြစ်သည်။

'ခင်ဗျားတို့ရဲ့ ပထမညဉ့်ဦးယံကို နှောင့်ယှက်သလို ဖြစ်သွားရတဲ့အတွက် တောင်းပန်ပါတယ်ဗျာ၊ သိပ်ကိုအရေးကြီးတဲ့ကိစ္စတစ်ခုကြောင့် ခေါ်လိုက်တယ်ဆိုတာကတော့ သိပ်ကိုထင်ရှားနေပါပြီလေ'

သူက လက်ကို ဖြေလိုက်ပြီးနောက်၊ လက်နှစ်ဖက်စလုံးကို စားပွဲပေါ်တွင် တင်လိုက်၏။

'အကြမ်းဖက်ဂိုဏ်းက ပို့လိုက်တဲ့စာကို ရထားတယ်၊ ပုပ်ရဟန်းမင်းကြီး လိုက်ပါသွားတဲ့လေယာဉ်ကို အပိုင်စီးထားတယ်လို့ဆိုတယ်၊ နောက်ထပ် ဆယ်နာရီမပြည့်ခင် ဟာက်ရှီမိုက် နိုင်ငံမှာ ဆင်းလိမ့်မယ်၊ ပုပ်ရဟန်းမင်းကြီးကို လေယာဉ်ပျံပေါ်က ဆင်းခိုင်းပြီး အများဆုံး ၂၄ နာရီအထိ ထိန်းသိမ်းထားမယ်တဲ့၊ အဲဒီကာလအတွင်းမှာ ကျုပ်တို့ရဲ့ စစ်တပ်တွေကို အနောက်ဘက်ဒေသက မရုပ်သိမ်းခဲ့ရင် ပုပ်ရဟန်းမင်းကြီးကို အဆုံးစီရင်မယ်လို့ ဆိုထားတယ်၊ ကျုပ်က ရုပ်သိမ်းပေးဖို့ ငြင်းမယ်ဆိုရင် ပုပ်ရဟန်းမင်းကြီး အသေဆိုးနဲ့ သေရတဲ့အတွက် ကန်နန်းနိုင်ငံမှာ တာဝန်ရှိလိမ့်မယ်တဲ့'

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းလူတိုင်းသည် ကိုးကြောင်းဆက်နွယ်၍ ဖြစ်ပျက်လာနိုင်သမျှသော ကိစ္စအဝဝကို ဆင်ခြင်သုံးသပ်ရင်း အတွေးနက်နေကြပုံရသည်။

ကိုယ်လုံးကိုယ်ပေါက်သေးသွယ်သော ကာကွယ်ရေးဝန်ကြီးက ပြောလိုက်၏။

'ခုအချိန်မှာ အဲဒီလေယာဉ်ရောက်ရှိနေတဲ့နေရာနဲ့ ဘယ်ကို ဦးတည်နေသလဲဆိုတာ သိချင်ပါတယ်'

ထောက်လှမ်းရေးဌာနမှ ပုဂ္ဂိုလ်က စာရွက်များကို လှန်လှောကြည့်ရှုရင်း ဖြေလိုက်သည်။

'လေယာဉ်ပျံကတော့ ထရန့်စ်အမေရိကန်လေကြောင်းကုမ္ပဏီက ပိုင်ဆိုင်တဲ့ ဘိုးရင်း ၇၄၇ အက်စ်ပီ အမျိုးအစားဖြစ်ပါတယ်၊ ခုလောလောဆယ်မှာတော့ မြောက်အတ္တလန္တိတ် သမုဒ္ဒရာပေါ်မှာရှိနေပြီး ဂရင်းလန်ကျွန်းဆီကို ဦးတည်နေပါတယ်၊ အနောက်ဘက် လောင်ဂျီတွဒ် ၄၅ ဒီဂရီကို ရောက်တဲ့အခါကျရင် ပြန်ကွေ့လာပြီး စကော့တလန် မြောက်ဘက်ဒေသမှာရှိတဲ့ အောခ်နီကျွန်းဆီကို ဦးတည်ပြီးတော့၊ ဟက်ရှီမိုက်နိုင်ငံမှာရှိတဲ့ အယ်လ်မားဂရက်ဇ်လေဆိပ်ဆီကို ပျံသန်းမှာဖြစ်ပါတယ်၊ အဲဒီလိုပျံသန်းရင်း ကန်နန်းနိုင်ငံ တောင်ပိုင်းကို ကျော်ဖြတ်သွားလိမ့်မယ်လို့ သိထားရပါတယ်'

'ဒီကိစ္စကြီးတစ်ခုလုံးကို မသိချင်ယောင်ဆောင်နေရင်ကောဗျာ'

'သူတို့စာအရကတော့ ပုပ်ရဟန်းမင်းကြီး အဆုံးစီရင်တာခံရလိမ့်မယ်'

'ကျုပ်ကတော့ တယ်မထင်ဘူး၊ အဲဒီလို လုပ်တဲ့အတွက် တစ်ကမ္ဘာလုံးကို ယူကျုံးမရဖြစ်စေမယ့်အပြင်၊ အီရတ်ပြောက်ကျားအုပ်စုတွေကို မုန်းတီးရွံရှာလာစေမှာကလွဲလို့ ဘာများအကျိုးထူးမှာလဲ'

ပြောလိုက်သူမှာ အသက်ခြောက်ဆယ်အရွယ် ဆံပင်ဖြူဖြူနှင့် ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည်။ ၁၉၄၈ ခုနှစ်စစ်ပွဲမှ ဝါရင့်စစ်မှုထမ်းဟောင်းကြီးတစ်ဦးဖြစ်ပြီး အကြမ်းဖက်ဂိုဏ်းနှင့် ညှိနှိုင်းရန် ဆွေးနွေးသည့်ကိစ္စများကို စိတ်ရှည်လက်ရှည်နှင့် နားထောင်လိုစိတ်ရှိသူ မဟုတ်ချေ။ ၎င်းအနေနှင့် 'အီရတ် ပြောက်ကျားမှန်သမျှသည် သွေးဆာနေသော တစ်ဘက်စွန်းရောက်ဝါဒီများသာဖြစ်ကြသည်။ ပြောက်ကျားများအား လုံးဝဂရုမစိုက်ပဲ မိမိလုပ်စရာရှိသည်ကိုသာလုပ်၊ သို့ရာတွင် မိမိအား ရန်မူလာမည်ဆိုပါက ကိုယ့်ကို သူက မသတ်ခင် ကိုယ်က သက်ဦးအောင်သတ်ရမည်' ဟု ယူဆထားသူဖြစ်သည်။ ၎င်းက ဆက်ပြောလိုက်၏။

'ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ်တို့မှာ တာဝန်မရှိပါဘူး၊ ဒီတော့ ပုပ်ရဟန်းမင်းကြီး ချုပ်လွှန်တော်မူမယ်ဆိုရင်တောင် ကျုပ်တို့မှာ တာဝန်ရှိတယ်လို့ ဘယ်သူကမှ ပြောကြမှာ မဟုတ်ဘူး၊ အဲဒီအခြေအနေအထိလဲ မရောက်နိုင်ပါဘူးလေ၊ ဒါပေမယ့် 'အကြမ်းဖက်ဂိုဏ်း' က အဲဒီလောက်ဆိုးရွားယုတ်မာတဲ့ ကိစ္စတစ်ရပ်ကို ကျူးလွန်မယ်ဆိုရင် သူတို့မှာပဲ တာဝန်ရှိလိမ့်မယ်၊ ကျုပ်တို့နဲ့ မဆိုင်ဘူး'

ဝန်ကြီးချုပ်က ပြန်မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် တစ်ကမ္ဘာလုံးက အဲဒီလိုမြင်ကြမှာလား'

'အဲဒါက အရေးကြီးကောကြီးလို့လား'

'အရေးကြီးပါတယ်'

'ဒီလိုကိစ္စမျိုးဖြစ်လာအောင် ကျုပ်တို့က ဖန်တီးခဲ့တာမဟုတ်ဘူး . . .'

'ဟုတ်ခင်ဗျ၊ ကျုပ်တို့လုပ်တာတော့ မဟုတ်ဘူး၊ ဒါပေမယ့် ပြောက်ကျားတွေကတော့ ကျုပ်တို့က သူတို့ရဲ့နယ်မြေတွေကို ဆက်လက်သိမ်းပိုက်ထားတဲ့အတွက် ကျုပ်တို့လုပ်တာလို့ ပြောကြလိမ့်မယ်'

'ခုခံကာကွယ်တဲ့အနေနဲ့ သိမ်းပိုက်ထားတာပါ'

'အဲဒီကိစ္စကို ခင်ဗျားသိသလို ကျုပ်လဲသိပါတယ်၊ ဒါပေမယ့် ကမ္ဘာပေါ်မှာရှိတဲ့ ကျန်တဲ့သူတွေက အဲဒီလိုမြင်ကြမှာလား၊ အခုတောင်းဆိုချက်ကို လိုက်လျောမယ်လို့ပဲ ခဏ တွေးကြည့်ရအောင်၊ ကျုပ်တို့က တပ်တွေကို ရုပ်သိမ်းပေးရင် ပုပ်ရဟာန်းမင်းကြီးကို ပြန်လွှတ်ပေးလိမ့်မယ်၊ အားလုံး အသက်ရှုပေါက်ချောင်သွားကြလိမ့်မယ်၊ အရေးပေါ်ကိစ္စကြီးတစ်ရပ်ကို ဖြေရှင်းပြီးပြန်ပြီ၊ အဲဒီနောက်တော့ ဘာဆက်ဖြစ်လာမလဲ၊ အီရဗာစစ်တပ်တွေက အနောက်ဘက်ဒေသမှာဝင်ပြီး တပ်စွဲကြတော့မှာပေါ့'

'မှန်တယ်၊ တကယ်လို့ အနောက်ဘက်ဒေသကို ပြန်လိုချင်တယ်ဆိုရင် အလွန်ကြီးကျယ်တဲ့ စစ်ပွဲကြီးတစ်ခုကို ဆင်နွှဲရလိမ့်မယ်၊ အဲဒီစစ်ပွဲမှာ ကျုပ်တို့ နိုင်ချင်မှနိုင်လိမ့်မယ်'

ကာကွယ်ရေးဝန်ကြီးက ခပ်ဆတ်ဆတ်ဝင်ပြောလိုက်၏။

'ကျုပ်တို့က ပြောက်ကျားတွေနဲ့ ဘယ်တုန်းကမှ ဆွေးနွေးခဲ့တာ မဟုတ်ဘူး၊ အခု အချိန်မှာစပြီး ဆွေးနွေးရမယ်ဆိုရင်လဲ သိပ်ကိုမှားလိမ့်မယ်လို့ ဆိုချင်တယ်၊ အလျှင်အလျှင်တုန်းက ချမှတ်ခဲ့ရတဲ့ ဆုံးဖြတ်ချက်တွေဟာ ဘယ်လောက်တောင် ခက်ခက်ခဲခဲ ဆုံးဖြတ်ခဲ့ရတယ်ဆိုတာ ဒီကလူကြီးမင်းတွေအားလုံး သိပြီးသားပါ၊ ကျုပ်တို့အနေနဲ့ ဘယ်တုန်းကမှ အလျှော့မပေးခဲ့ဘူး၊ ဒါပေမယ့် ကျုပ်တို့ဆုံးဖြတ်ချက်တွေ အားလုံးမှန်ခဲ့ပါတယ်၊ ဒီပြောက်ကျားတွေနဲ့ ဆွေးနွေးချင်တယ် ဆိုတာကတင် ပျော့ညံ့တဲ့သဘောကို ဆောင်တယ်လို့ ယူဆခဲ့ကြလို့ အလျှင်ဆုံးဖြတ်ချက်တွေ မှန်ခဲ့တာပဲ၊ ပြောက်ကျားတွေကို အကျိုးသင့် အကြောင်းသင့် ဆွေးနွေးနေလို့အပိုပဲ၊ အားမာန်အပြည့်နဲ့ ပြန်တွယ်ပစ်ရမယ်၊ ဒီငတိတွေက တစ်ယူသန်တွေ၊ ဘယ်သူသေသေ၊ ကိုယ့်လိုဘပြည့်ရင်ပြီးရောဆိုတဲ့ ငတိတွေ၊ အခုဆိုရင် သူတို့နဲ့ ရန်ငြိုးရန်စ မရှိတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ကို ဖမ်းထားပြီး တောင်းဆိုချက်တွေကို ကျုပ်တို့က မလိုက်လျောရင် သတ်ပစ်မယ်လို့ ခြိမ်းခြောက်နေတယ်၊ ဒီလိုလူမဆန်တဲ့လူတွေရဲ့ တောင်းဆိုချက်ကို အညံ့ခံလိုက်ရမယ်ဆိုရင် ဒီနိုင်ငံကို တည်ဆောက်ရင်း၊ ကာကွယ်ရင်း သွေးမြေကျခဲ့ရှာတဲ့ လူတွေကို စော်ကားရာကျပါလိမ့်မယ်'

မပွင့်တပွင့်နှင့်ထောက်ခံသံများ ပေါ်ထွက်လာသည်။

ဝန်ကြီးချုပ်က သက်ပြင်းချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားတို့တွေ ဘယ်နည်းဘယ်ပုံ ခံစားနေရမယ်ဆိုတာ ကျွန်တော်နားလည်ပါတယ် ဒါပေမယ့် ဒီကိစ္စဟာ သာမန်ပြန်ပေးဆွဲတာမျိုးမဟုတ်ဘူး ဆိုတာတော့ သေချာတယ် ကမ္ဘာပေါ်မှာ ဩဇာအရှိဆုံး ပုဂ္ဂိုလ်တစ်ယောက်ကို 'အကြမ်းဖက်ဂိုဏ်း'တွေ ဖမ်းဆီးထားတယ် သူကို ကမ္ဘာပေါ်မှာရှိတဲ့ သန်းပေါင်းများစွာသော ပုဂ္ဂိုလ်များက လေးစားကြည်ညိုကြတယ်။ ကျွန်ုပ်ပြောချင်တာကတော့၊ ကျွန်ုပ်တို့အနေနဲ့ ကန်နန်းနိုင်ငံဖြစ်ပေါ်လာအောင် ပြီးတော့ အချုပ်အခြာအာဏာပိုင်စိုးတဲ့ ဘုရားဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာအောင် နှစ်ပေါင်းထောင်ချီပြီး ကြိုးပမ်းခဲ့ကြရတယ်၊ အဲဒီလို နှစ်ပေါင်းထောင်ချီပြီး ကြာခဲ့တဲ့ကာလအတွင်းမှာ ကျွန်ုပ်တို့ကို ဘုရားသခင်ရဲ့ သားတော် ယေရှုသခင် သတ်တဲ့လူမျိုးတစ်မျိုးအဖြစ် သတ်မှတ်ခဲ့ကြတယ်၊ သမိုင်းသုတေသီတွေကတော့ ယေရှုသခင်ကို ရောမလူမျိုးတွေက သတ်တာလို့ တညီတညွတ်တည်းဆိုကြတယ် ကောင်းပြီ ဒါပေမယ့် အီတာလျှံလူမျိုးတစ်ယောက်ကို ယေရှုသခင်သတ်တဲ့လူလို့ ခေါ် သံမကြားရသေးဘူး၊ အခုအခါ အင်မတန်ကြောက်စရာ၊ ရွံစရာတွေကောင်းတဲ့ အလားတူကိစ္စတစ်ခုကို ရင်ဆိုင်နေပြန်ပြီ၊ ကျွန်ုပ်တို့က တကယ်လို့များ ကီလိုမီတာ သိပ်မများလှတဲ့ နယ်မြေအတွက် အတိတ်ရှောင်ပြီး ကွပ်မျက်တာကို ကြည့်နေလိုက်မယ်ဆိုရင် . . .'

'ကီလိုမီတာ သိပ်မများလှတဲ့ နယ်မြေဟုတ်လား၊ အဲဒီနယ်မြေအတွက် ထောင်ပေါင်းများစွာသော ယောကျာ်း၊ မိန်းမတွေရဲ့ အသက်ကို စတေးခဲ့ကြရတာဗျ၊ ပြီးတော့လဲ ကျွန်ုပ်တို့ရဲ့ ဘေးကင်းရေးအတွက်'

'အဲဒီအချက်နဲ့ ပတ်သက်ပြီး ကျွန်ုပ်ကို သတိပေးစရာ မလိုပါဘူး'

ပါးနှစ်ဘက်စလုံး နီရဲလာသော ဝန်ကြီးချုပ်က ပြောလိုက်ခြင်းဖြစ်သည်။

'ကျွန်ုပ်ညီတစ်ယောက်နဲ့ ဝမ်းကွဲညီအစ်ကိုတစ်ယောက် အနောက်ဘက်ဒေသမှာ စတေးခံခဲ့ရပြီ၊ ကျွန်ုပ်ပြောနေတဲ့အချက်က ကျွန်ုပ်တို့ဟာ အင်မတန်သိမ်မွေ့တဲ့ ကိစ္စတစ်ရပ်ဆီကို ရင်ဆိုင်ခဲ့နေရတယ်ဆိုတာပဲ၊ ကမ္ဘာပေါ်မှာရှိတဲ့လူများစုက သူတို့ရဲ့လုပ်ရပ်ကို ရှုပ်ချပစ်တင်ကြပေမဲ့ သူတို့ရဲ့ အခြေခံသဘောထားကိုတော့ နားလည်လက်ခံကြတယ်၊ အီရတ်တွေက ကန်နန်းဒေသကို ခြောက်ရက်စစ်ပွဲမတိုင်ခင်က တည်ရှိခဲ့တဲ့နယ်မြေတွေအထိ တပ်ပြန်ဆုတ်ပေးရမယ်လို့ တောင်းဆိုနေကြတာပဲဥစ္စာလို့ ပြောကြဆိုကြတဲ့အတွက် သူတို့ကို အပြစ်တင်ဖို့ သိပ်မမြင်ဘူး၊ နောက်တစ်ချက်ကလဲ အနောက်ဘက်ဒေသဟာ ၁၉၇၆ ခုနှစ် မတိုင်မီက အီရတ်နယ်မြေပဲ ဆိုတာ ငြင်းစရာမလိုပါဘူး။

'အဲဒီလိုပြောတဲ့လူတွေက အဓိကကျတဲ့အချက်တွေကို မသိတဲ့လူတွေပဲ'

'မှန်တယ်၊ ခင်ဗျားပြောတာမှန်တယ်၊ ဒါပေမယ့် ကျွန်ုပ်တို့က တစ်ကမ္ဘာလုံးကို ပကတိအခြေအနေအတိုင်း ရှုမြင်သုံးသပ်ကြရလိမ့်မယ်၊ ကျွန်ုပ်တို့အနေနဲ့ အခုအခြေအနေကို လူတွေက ဘယ်လိုထင်ကြ မြင်ကြစေချင်သလဲဆိုတာထက်၊ လူတွေက ဘယ်လို မြင်နေကြသလဲဆိုတာကို ထည့်တွေးစားကြရလိမ့်မယ်'

ဒိုင်ယာချုပ်ကြီးတစ်ယောက်က ဝင်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'တစ်ကမ္ဘာလုံးက ဘာပဲပြောပြော ဂရုစိုက်နေစရာ မလိုပါဘူး၊ ကန်နန်းနိုင်ငံ ရှင်သန်တည်မြဲရေးကသာ အရေးအကြီးဆုံးပါ။ တစ်ယောက်တလေက ပြောတဲ့စကားတွေဟာ မကြာခင် မေ့ပျောက်ကုန်ကြမှာ၊ ကျုပ်စကားက သိပ်ပြီးရင့်သီးနေချင်နေလိမ့်မယ်၊ ဒါပေမယ့် အရှိတရားကိုတော့ လက်ခံကြရလိမ့်မယ်၊ နိုင်ငံတည်မြဲရေးဟာ ကျုပ်တို့ရဲ့တာဝန်၊ ကန်နန်းနိုင်ငံ ရှင်သန်တည်မြဲရေးအတွက် အစွမ်းကုန် ကြိုးပမ်းလုပ်ဆောင်ကြရမှာက ကျုပ်တို့ရဲ့တာဝန်ပဲ'

ဝန်ကြီးချုပ်က ဣန္ဒြေရရ ခေါင်းညိတ်လိုက်သည်။

'ခင်ဗျား သဘောထားကို ကျုပ်လေးစားပါတယ်၊ ဒါပေမယ့် အပြစ်ပုံချတာကို ခံရမယ့်အန္တရာယ်ကတော့ ရှိနေဆဲပဲ၊ လူတွေက ဟောဒီလို တွေးကြလိမ့်မယ်၊ ပုပ်ရဟန်းမင်းကြီးကို ပြန်ပေးဆွဲတဲ့အတွက် အီရဗာလူမျိုးတွေမှာ အပြစ်ရှိတယ်၊ ကန်နန်းလူမျိုးတွေက အီရဗာတွေရဲ့ တောင်းဆိုချက်ကို မလိုက်နာတဲ့အတွက် ပုပ်ရဟန်းမင်းကြီး ပျံလွန်တော်မူရမယ်ဆိုရင် ကန်နန်းလူမျိုးတွေမှာလဲ တာဝန်ရှိတယ်လို့ ယူဆကြရလိမ့်မယ်၊ ဒီတော့ ကျုပ်တို့ရဲ့အနေအထားကို ပြန်သုံးသပ်ကြည့်ဖို့ လိုလာတယ်၊ ကျုပ်တို့ရဲ့ မူလဘူတ ရည်ရွယ်ချက်က ကန်နန်းနိုင်ငံကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခံရပြီး၊ လုံခြုံမှုရှိစေရေးပဲ မဟုတ်လား၊ ဒါပေမယ့် အီရဗာအုပ်စုက အသိအမှတ်ပြုတာကိုခံရဖို့ လိုနေပြန်သေးတယ်၊ အခုကိစ္စကို စီစဉ်တဲ့ ပုဂ္ဂိုလ်တွေဟာ ကန်နန်းနိုင်ငံနဲ့ သဟဇာတဖြစ်တဲ့နိုင်ငံတွေမှာ ဇရင်ဂျိုဂိုဏ်းဝင်တွေ အမြောက်အမြား ရှိနေတာကို သိထားကြလိမ့်မယ်၊ တကယ်လို့များ ကျုပ်တို့က ပုပ်ရဟန်းမင်းကြီးရဲ့အသက်ကို ကယ်ဆယ်ဖို့အတွက် ဘာတစ်ခုမှ မကြိုးပမ်းဘူးဆိုရင် အဲဒီဇရင်ဂျိုဂိုဏ်းဝင်တွေက ကန်နန်းနိုင်ငံအပေါ် အကြီးအကျယ်ဒေါပွကြလိမ့်မယ်၊ သူတို့ကိုလဲ အပြစ်ဆိုဖို့တော့ မသင့်ဘူး၊ သူတို့ဘက်ကကြည့်ရင် ပုပ်ရဟန်းမင်းကြီးရဲ့ လုံခြုံရေးဟာ ဦးစားပေး အဆင့်တစ်ပဲ၊ နယ်မြေကိစ္စကတော့ ဒုတိယအဆင့်လောက်မှာပဲ ရှိနေမှာပါ'

အသက်လေးဆယ်ခန့်အရွယ် မျက်မှန်နှင့်ပုဂ္ဂိုလ်တစ်ဦးက ပထမဦးဆုံးအကြိမ်ဝင်ပြော လိုက်သည်။

'ဝန်ကြီးချုပ်ခင်ဗျား၊ ပြောက်ကျားတွေရဲ့ တောင်းဆိုချက်ကို အီရဗာနိုင်ငံတွေက ပြန်လည်အသိအမှတ်ပြုကြတဲ့ကိစ္စနဲ့ အလဲအလှယ်သဘောမျိုးထားရှိပြီး သဘောတူလိုက်ဖို့ သင့်မသင့်စဉ်းစားသင့်ပါတယ်၊ အဲဒီလို အီရဗာနိုင်ငံတွေက ကန်နန်းနိုင်ငံကို ဝိုင်းပြီး အသိအမှတ်ပြုကြမယ်ဆိုရင် အနောက်ဘက်ဒေသကို ဆက်ထိန်းသိမ်းထားဖို့ လိုမှာ မဟုတ်တော့ပါဘူး၊ တစ်နည်းပြောရရင် ဘောလုံးကို အီရဗာမြေထဲရောက်အောင် ပြန်ပို့လိုက်တဲ့အတွက် အသက်ဆုံးရှုံးမှုတစ်စုံတရာ ဖြစ်ပေါ်လာရင် သူတို့ကိုပဲ အပြစ်တင်ကြမှာပါ'

အဆိုပါအကြံပြုချက်အား ဒေါသနှင့်ပြန်လည်ဆွေးနွေးမှုများ ပေါ်ထွက်လာရာ

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို ဝန်ကြီးချုပ်က ဝင်၍ထိန်းသိမ်းရတော့သည်။ ဝန်ကြီးချုပ်က ပုပ်ရဟန်းမင်းကြီးနှင့် အခြားပုဂ္ဂိုလ်များအား အကြမ်းနည်းဖြင့် ကာယ်ဆယ်နိုင်မည့် နည်းလမ်းများ ရှိမရှိကို မေးမြန်းသည်။

ကာကွယ်ရေးဝန်ကြီးက ပြောလိုက်၏။

'ကျုပ် ဒီကိစ္စကိုစဉ်းစားထားပါတယ်၊ လေယာဉ်ပျံသွားမယ့် နေရာကိုလဲ သိထားတယ်၊ အဲဒီနေရာဟာ ဟက်ရှိမိုက်နိုင်ငံအတွင်းဘက် နယ်စပ်မျဉ်းနဲ့ ကီလိုမီတာအနည်းငယ်သာဝေးတဲ့ စစ်ဘက်ဆိုင်ရာ လေယာဉ်ကွင်းဟောင်းတစ်ခုပဲ၊ အင်တက်ဘီကိစ္စကို တွေးမိကြမှာဖြစ်တဲ့အတွက် အကြမ်းဖက်ဂိုဏ်းကလဲ ပေါ့ပေါ့ဆဆတော့ လုပ်မှာမဟုတ်ဘူး၊ လေဆိပ်ကိုရောက်တာနဲ့ လေယာဉ်ကိုဝိုင်းထားကြလိမ့်မယ်၊ ခရီးသည်တွေကိုလဲ လက်နက်ကိုင် အစောင့်အကြပ်တွေနဲ့ထားရှိလိမ့်မယ်၊ အဲဒီလေယာဉ်ကွင်းကို ဝင်တိုက်လို့ ရနိုင်ပေမယ့် ပုပ်ရဟန်းမင်းကြီးနဲ့ ခရီးသည်အချို့ကို အန္တရာယ်မဖြစ်စေပဲနဲ့ အောင်မြင်မှုရမှာပါလို့ အာမခံနိုင်မှာ မဟုတ်ဘူး၊ ဟက်ရှိမိုက်နိုင်ငံကကော့ ဘယ်လိုနေမလဲ၊ ကျုပ်တို့က သူတို့နယ်မြေထဲထိုးဖောက်ဝင်ရောက်တာကို လက်ပိုက်ကြည့်နေကြမှာလား၊ သူတို့ကလဲ အဆင်သင့် ပြင်ဆင်ထားကြမှာပဲ'

ဝန်ကြီးချုပ်က ပြောလိုက်သည်။

'အင်တက်ဘီမှာ ပုပ်ရဟန်းမင်းကြီးကို ဖမ်းထားတယ်ဆိုရင်သွားပြီး ကယ်ဖြစ်ပါ့မလားလို့ စဉ်းစားကြည့်နေတာ၊ သွားဖြစ်မယ်တော့ တယ်မထင်ဘူး'

ဝါရင့်ကက်ဗိနက် အဖွဲ့ဝင်တစ်ဦးက စားပွဲကိုလက်သီးနှင့်ထုလိုက်၏။

'ဝန်ကြီးချုပ်ခင်ဗျား . . . ခင်ဗျားရဲ့သဘောထားနဲ့ ခင်ဗျားရင်ဆိုင်နေရတဲ့ နိုင်ငံရေးအခြေအနေတွေကို ကျုပ်နားလည်လေးစားပါတယ်၊ ဒါပေမယ့် ကျုပ်ဒီကနေ့ ခင်ဗျားကို အလျှော့မပေးစတမ်း ကြေငြာလိုက်ချင်တာကတော့ ပုဂ္ဂိုလ်တစ်ဦးဟာ ဘယ်လောက်ပဲ အရေးပါတဲ့ပုဂ္ဂိုလ်ဖြစ်ပါစေ အဲဒီပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ အသက်ထက် အနောက်ဘက်ဒေသက ကျုပ်တို့အတွက် ပိုပြီးအရေးကြီးတယ်ဆိုတာပဲ'

□

အမေရိကန်သမ္မတကြီးသည် ဆေးတံကို မီးညှိလိုက်ပြီးနောက် မီးခြစ်ဆံကို မီးသေသွားသည်အထိ ဒေါသတကြီး ခါယမ်းပစ်လိုက်၏။

'ခို့မှုပဲ၊ ကျုပ်တို့ထောက်လှမ်းရေးဌာနမှာ ဘာတွေဖြစ်ပျက်နေကြပြီလဲ၊ တစ်နေရာက တစ်နေရာကို ဒီလိုကိစ္စမျိုးမပေါ် ပေါက်ပဲနဲ့ လေယာဉ်ပျံတွေကို မောင်းနှင်နိုင်စွမ်း မရှိကြတော့ဘူးလား၊ ကျုပ်ကတော့ ရေပက်မဝင်အောင် လုံခြုံရေးအစီအစဉ်တွေ လုပ်ထားကြတယ်လို့ ထင်ထားတာ'

www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းရေးမှူးချုပ်သည် ရှက်လည်းရှက်၊ ဒေါသလည်းထွက်နေပုံရသည်။

'သမ္မတကြီးခင်ဗျား၊ သူတို့ရဲ့လုပ်နည်း၊ ကိုင်နည်းကို လုံးဝဥဿုံမသိလိုက်ရပါဘူး ခင်ဗျာ၊ ဘယ်ကိစ္စမှာ ချွတ်ချော်မှားယွင်းသွားတယ်ဆိုတာကို ပြောဖို့ခက်ပါသေးတယ်၊ ဒါပေမယ့် အသေးစိတ်ဆက်စုံစမ်းဖို့ တာဝန်ယူပါတယ်၊ ကျွန်တော်တို့အနေနဲ့ အဲဒီ လေကြောင်းခရီးစဉ်မှာ အန္တရာယ်ကင်းအောင် အစစအရာရာ ကြိုတင်စီစဉ်ခဲ့ပါတယ်၊ အေးဂျင့်ငါးယောက်ကိုယ်တိုင် လေယာဉ်ပျံပေါ် မှာလိုက်ပါ. . .'

'ကျုပ်က အသေးစိတ်မသိချင်ဘူး၊ ကျုပ်ပြောချင်တာက ပုပ်ရဟန်းမင်းကြီးကို ဖိတ်ခေါ်ထားတဲ့ ကွန်ဖရင့်အတွက် ကျုပ်တို့က အိမ်ရှင်နိုင်ငံဖြစ်နေသလို လေယာဉ်ပျံကလဲ ကျုပ်တို့နိုင်ငံပိုင် လေယာဉ်ပျံဖြစ်နေတယ်၊ ရဟန်းမင်းကြီးရဲ့ လုံခြုံရေးဟာ ကျုပ်တို့တာဝန်ပဲ၊ အခုတော့ လုံးဝသောက်ရှက်ကွဲပြီ'

နိုင်ငံခြားရေးဝန်ကြီးက ယခုအချိန်တွင် လေယာဉ်ပျံသည် မည်သည့်နေရာ၌ ရောက်ရှိနေကြောင်း သိလိုပြန်သည်။ လေဟာပ်မတော်မှ ဗိုလ်ချုပ်ကြီးတစ်ယောက်က ချက်ချင်းအစီရင်ခံသည်။

'အခုအချိန်မှာဆိုရင် အိုက်စလန်ကျွန်းရဲ့ အရှေ့တောင်ယွန်းယွန်းမှာ ရောက်ရှိနေ ပါတယ်၊ ဂရင်းလန်ကျွန်းရဲ့ တောင်ဘက်အလယ်ပိုင်းဒေသကို ရောက်ရင် မြန်လှည့်ရမယ်လို့ လေယာဉ်မှူးကို အမိန့်ပေးထားပါတယ်'

'ဒီငတိတွေက သူတို့သွားချင်တဲ့နေရာဆီကို မလှည့်ခိုင်းခင်ဘာဖြစ်လို့ ဒီလောက် အထိ အနောက်ဘက်ကို လာချင်ရတာတုံး'

'အဲဒါကိုလဲ တွေးကြည့်မိပါတယ်ခင်ဗျာ၊ အဆုံးမှာ ကောက်ချက်ချလို့ရလာတာ ကတော့ ပြန်ပေးဆွဲတဲ့ငတိတွေဟာ ၇၄၇ အက်စ်ပီအမျိုးအစား လေယာဉ်အကြောင်း နောကျေအောင်သိတဲ့ လူတွေလို့ ထင်ရပါတယ်၊ ရောမမြို့ကနေ ဆန်ဖရန်စစ္စကိုအထိ ပျံသန်းနိုင်အောင် လောင်စာဆီအလုံအလောက်ထည့်ထားတဲ့ ဘိုးရင်း ၇၄၇ တစ်စီးဟာ အဲဒီလောင်စာဆီအများစုကို ကုန်အောင်သုံးစွဲမပြီးခင် မြေပြင်ပေါ် ပြန်ဆင်းဖို့ သိပ်ကို လေးလံနေမယ်ဆိုတာ သူတို့ နားလည်သဘောပေါက် ကြပုံရတယ်၊ ဒါ့ကြောင့် ပြေးလမ်းတို ပုံရပြီး ခံနိုင်ရည်သိပ်မရှိမယ့် အယ်လ်မားဂရက်ဗ် လေဆိပ်မှာဆင်းနိုင်တဲ့အထိ ပေါ့ပါး သွားအောင် ရောမကနေ ဂရင်းလန်ကျွန်းအထိ မောင်းခိုင်းပြီးမှ ပြန်ကွေ့ခိုင်းတာဖြစ်ရမယ်၊ ဒါမှမဟုတ် သူတို့အကြံအစည်ကို အကောင်အထည်ဖော်ဖို့ အချိန်လိုနေလို့ရင်လဲ ဖြစ်ရမယ်၊ အခုအထိ တွေးမိသမျှကတော့ ဒါပါပဲ'

သမ္မတကြီးက ဗိုလ်ချုပ်ကြီးအား ကျေးဇူးတင်စကားဆိုလိုက်၏။ ထို့နောက် . . .

'လတ်တလော ပြောရမယ်ဆိုရင် ပြောက်ကျားတွေရဲ့ တောင်းဆိုချက်တွေ လေးလေး နက်နက်စဉ်းစားရလိမ့်မယ်၊ ဘာပဲပြောပြော ပုပ်ရဟန်းမင်းကြီးကိုတော့ အဲဒီအဖြစ်မျိုးအထိ အရောက်မခံသင့်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ယခုကိစ္စတွင် အကောင်အထည်ဖော်ရမည့် တာဝန်ရှိနိုင်ငံမှာ အမေရိကန်မဟုတ်ပဲ ကန်နန်းနိုင်ငံသာဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးက ထောက်ပြလိုက်သည်။

'နောက်တစ်ချက်ကလဲ အတိတ်ကာလကို ပြန်သုံးသပ်ရင် ကန်နန်းဟာ အိမ်ရှေ့ပြောက်ကျားတွေနဲ့ မဆွေးနွေးဘူးလို့ အမြဲတစေငြင်းဆန်ခဲ့ပါတယ် သမ္မတကြီး'

ကာကွယ်ရေးဝန်ကြီးက ဝင်ထောက်သည်။

'ကျန်တဲ့ နိုင်ငံတွေကတော့ သူ့လမ်းစဉ်ကို လိုက်စရာ မလိုပါဘူးလေ'

သမ္မတကြီးက ခေါင်းညိတ်လိုက်၏။ စစ်ဖြစ်နေသော သို့တည်းမဟုတ် စစ်ဖြစ်လုဆဲဆဲနိုင်ငံများအဖို့ ဆုံးဖြတ်ချက်ချရသည်မှာ လွယ်ကူနေတတ်သည်။ သမ္မတကြီးက မိန့်ကြားလိုက်၏။

'ပုပ်ရဟန်းမင်းကြီး အသက်အန္တရာယ် ဖြစ်စေမယ့်ကိစ္စမျိုးကို လုံးဝလက်မခံနိုင်ဘူး'

ပုပ်ရဟန်းမင်းကြီး အသတ်ခံရသည့်ကိစ္စတွင် အမေရိကန်သည် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တာဝန်ရှိသည်ဟု သတ်မှတ်ခြင်းခံရမည်ဆိုပါက အလွန်ဆိုးရွားသော နိုင်ငံရေးအခြေအနေများ ဖြစ်ပေါ်လာနိုင်ကြောင်း ကောင်းစွာနားလည်သဘောပေါက်ထားသောကြောင့်ဖြစ်သည်။

ဆံပင်ဆွတ်ဆွတ်ဖြူနေသော ကြယ်လေးပွင့် ဗိုလ်ချုပ်ကြီးတစ်ယောက်က ဝင်ပြောလိုက်၏။

'အနောက်ဘက်ဒေသကို လက်လွှတ်လိုက်ဖို့ ကန်နန်းနိုင်ငံကို ကျုပ်တို့က တိုက်တွန်းရမယ်ဆိုတဲ့ သဘောမျိုးလား'

'ကျုပ်တို့အနေနဲ့ ကန်နန်းနိုင်ငံကို ဘယ်လိုလုပ်ပါလို့ နားချလို့ရမှာမဟုတ်ဘူး'

'နားချဖို့တော့ မဟုတ်ဘူး၊ ဒါပေမယ့် အဲဒီလိုမလုပ်ရင် သူတို့အနေနဲ့ အနေရ၊ အထိုင်ရ ခက်အောင်တော့ ကျုပ်တို့က လုပ်နိုင်တယ် ဘာပဲပြောပြော ကျုပ်သဘောကတော့ ကျုပ်တို့အနေနဲ့ ဘာမှမလုပ်တာ အကောင်းဆုံးလို့ထင်ပါတယ် သမ္မတကြီး'

'ဘာမှမလုပ်ဘူး၊ ဟုတ်လား'

'သိပ်ကို ဟုတ်ပါတယ် ကျုပ်သဘောထားကိုပြောရရင် ပြောက်ကျား တစ်ယူသန်တွေဟာ ဒီတချီမှာတော့ သိပ်ကို တရားလွန်သွားပြီ ဒီတော့ သူတို့ လုပ်ချင်သလိုလုပ်နိုင်အောင် လွှတ်ပေးလိုက်သင့်တယ်။ ဒါမှပဲ သူတို့တတွေ အလိုလိုပျက်စီးသွားကြမှာ'

'ကျုပ်တို့က ဘာမှမလုပ်ပဲ လက်ပိုက်ပြီး ကြည့်နေရမယ်လို့ ဆိုလိုတာလား'

'အဲဒီသဘောမျိုးပါပဲ၊ ဒီရာဇဝတ်ကောင်တွေရဲ့ အပြုအမူကြောင့် ကျုပ်တို့တတွေဟာ အင်မတန် ချောက်ချားသွားရပါတယ်၊ သိပ်ကို ယူကျုံးမရဖြစ်ရပါတယ်၊ တကယ်လို့ ပုပ်ရဟန်းမင်းကြီးကို သတ်ဖြတ်ပစ်မယ်ဆိုရင် သတ်ဖြတ်ပစ်တဲ့လူတွေမှာပဲ တာဝန်ရှိရစေမယ်၊ မဆိုင်တဲ့လူတွေအပေါ်မှာ တာဝန်မရှိစေရဘူးလို့ ကမ္ဘာကသိအောင် ပြတ်ပြတ်သားသား ကြေငြာလိုက်စမ်းပါ၊ အဲဒီကိစ္စဟာ သိပ်ကိုရှုပ်နှမ်းစရာကောင်းတဲ့အတွက် တယူသန်

www.burmeseclassic.com

www.burmeseclassic.com



ပြောက်ကျားတွေ အဖတ်ဆည်မရအောင် ကျဆုံးကုန်ကြမှာသေချာတယ်'

'အခုလို သတ်ဖြတ်တဲ့ကိစ္စမှာ ကျုပ်တို့က ကာကွယ်ဖို့ လုံးဝမကြိုးစားခဲ့တဲ့အတွက် ဆုံးရှုံးသွားတဲ့ဂုဏ်သိက္ခာကို ဘယ်လိုမှ ပြန်အဖတ်ဆည်လို့ရတော့မှာ မဟုတ်ဘူးလို့ထင်တယ်'

သမ္မတကြီးက ခေါင်းခါလိုက်၏။

'ကျုပ်ကတော့ ခင်ဗျားသဘောထားကို လက်မခံနိုင်ဘူး'

ကာကွယ်ရေးဝန်ကြီးက ဝင်ပြောလိုက်သည်။

'တကယ်လို့ ဒီကိစ္စမှာ ကျုပ်တို့က ဘာမှမလုပ်ပဲ လက်ပိုက်ကြည့်နေခဲ့ရင် ကိုယ့်ကိုယ်ကိုယ် အမေရိကန်လို့ အခေါ်ခံရမှာတောင် ခပ်ရှက်ရှက်ပဲ'

ဗိုလ်ချုပ်ကြီးက ပခုံးကိုတွန့်လိုက်၏။

'ဝန်ကြီးခင်ဗျား . . . ကျုပ်ပြောချင်တာကတော့ အကြမ်းဖက်ဂိုဏ်းနဲ့ စေ့စပ်ညှိနှိုင်းရေးလုပ်တာထက် သူ့အလိုလို ပျက်စီးပြိုကွဲသွားအောင်လုပ်တာက ပိုပြီးထိရောက်လိမ့်မယ်လို့ အကြံပြုချင်ပါတယ်'

'အခုကိစ္စမှာ အင်မတန် ဩဇာတိက္ကမကြီးမားပြီး အပြစ်ကင်းစင်တဲ့ ပုဂ္ဂိုလ်တစ်ယောက် အသက်အန္တရာယ်နဲ့ ရင်ဆိုင်နေရတာဗျ'

'အဲဒီလို အသေခံသွားတဲ့အတွက် လူ့လောကကြီးကို ကြီးကြီးမားမား ကောင်းကျိုးပြုရာရောက်မှာပါ'

'ခင်ဗျားသဘောထားက ရွံစရာကောင်းလိုက်တာဗျာ'

ဗိုလ်ချုပ်ကြီး ပခုံးကိုသာတွန့်ပြလိုက်၏။

သမ္မတကြီးသည် စားပွဲကို လက်ချောင်းများနှင့် တဒေါက်ဒေါက်ခေါက်ရင်း ထိုရှုထောင့်မှ ဆက်လက်မဆွေးနွေးရန် တားမြစ်လိုက်သည်။ သူက နိုင်ငံခြားရေးဝန်ကြီးကို မေးမြန်းလိုက်ပြန်၏။

'အဲဒီကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျားရဲ့သဘောထားကို ကြားချင်ပါတယ်'

နိုင်ငံခြားရေးဝန်ကြီးက နှိုင်းနှိုင်းဆဆနှင့် ခပ်ဖြည်းဖြည်းပြောချလိုက်၏။

'ကျုပ်သဘောထားကို ပြောရမယ်ဆိုရင်တော့ ကျုပ်တို့ဟာ ဆိုဗီယက်ယူနီယံနဲ့ ကြီးကြီးကျယ်ကျယ် ထိပ်တိုက်တိုးရမယ့် အခြေအနေမှာရှိနေပါတယ်'

သမ္မတကြီးက ဖြတ်ပြောလိုက်၏။

'အခု ကျုပ်တို့ရင်ဆိုင်နေရတဲ့ ကိစ္စကြောင့် ထိပ်တိုက်တိုးရမယ့်ကိစ္စဖြစ်လာလိမ့်မယ်လို့ ကျုပ် မယူဆဘူး၊ အခုကိစ္စက သိပ်ကိုထူးခြားတယ်ဆိုတာ ကျုပ်လက်ခံပါတယ် အခုကိစ္စကို ဆိုဗီယက်ယူနီယံကလည်း ရှုတ်ချပြစ်တင်မှာပဲ၊ နောက်တစ်ချက်ကလဲ ကျုပ်တို့ဘက်က ပြောင်ကျကျလုပ်မယ့် ကိစ္စတစ်ခုခုကြောင့် . . .'

နိုင်ငံခြားရေးဝန်ကြီးက ဖြတ်ပြောလိုက်သည်။

'နေပါဦးလေ၊ အခုကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်တို့ဘက်က လုပ်မယ့်ကိစ္စတွေဟာ

www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်မှုမရှိပဲ ပေါက်ကွဲလုဆဲဆဲ အနေအထားမှာရှိနေတဲ့ အရှေ့အလယ်ပိုင်းဒေသ အခြေအနေကြောင့် အဏုမြူစစ်ပွဲကြီးဖြစ်လာနိုင်တယ်ဆိုတဲ့အကြောင်း သတိပေးမလို့ပါ'

'ဘာမဆို ဖြစ်လာနိုင်တာပေါ့ဗျာ'

သမ္မတကြီး စိတ်တိုသွားပုံရသည်။

'သမ္မတကြီးခင်ဗျား . . . အခုကိစ္စမှာ ဟက်ရှိမိုက်တပ်မတော်ရဲ့ကဏ္ဍကို ထည့်သွင်းစဉ်းစားဖို့ လိုပါလိမ့်မယ်'

လုံခြုံရေးဆိုင်ရာ လက်ထောက်ဝန်ကြီးက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ထိုပုဂ္ဂိုလ်မှာ လုံခြုံရေးကောင်စီတွင် အသက်အငယ်ဆုံး ပုဂ္ဂိုလ်ဖြစ်ပြီး ကြီးပွားတိုးတက်လိုသော အာသီသပြင်းပြသူတစ်ဦးအဖြစ် လူသိများသည်။

သမ္မတကြီး၏ နိုင်ငံတော်လုံခြုံရေးဆိုင်ရာ အကြံပေးအရာရှိတစ်ဦးက သဘောတူကြောင်း ခေါင်းညိတ်ပြလိုက်သည်။ ၎င်းက . . .

'ကျုပ်တို့ ဟက်ရှိမိုက်အစိုးရနဲ့ တိုက်ရိုက်ဆက်သွယ်ပြီးပါပြီ၊ ပုပ်ရဟန်းမင်းကြီး စီးနင်းလိုက်ပါလာတဲ့ လေယာဉ်ပျံကြီး အယ်လ်မားဂရက်ဗ် လေဆိပ်မှာ မဆင်းဖြစ်အောင် ဟက်ရှိမိုက်နိုင်ငံက ဘယ်နည်းနဲ့မှ ကာကွယ်မှာမဟုတ်ဘူးဆိုတာ တထစ်ချပြောနိုင်ပါပြီ။ ဟက်ရှိမိုက်တပ်မတော်က လေဆိပ်ကိုဝိုင်းထားပြီး ပုပ်ရဟန်းမင်းကြီးကို တခြားခေါ် မသွားနိုင်အောင် ကာကွယ်ထားလိမ့်မယ်လို့ပဲ ယူဆရပါတယ်၊ အကြမ်းဖက်ဂိုဏ်းရဲ့ တောင်းဆိုချက်ကို ကန်နန်းနိုင်ငံက လိုက်လျောပြီးစီးသွားတဲ့အခါကျရင် ပုပ်ရဟန်းမင်းကြီးကို သူတို့လက်ထဲ လွှဲပေးလိမ့်မယ်လို့ ဟက်ရှိမိုက်နိုင်ငံက ယူဆထားပုံရတယ်၊ အဲဒီကိစ္စကို တိတိကျကျမပြောနိုင်ပေမယ့်၊ ပုပ်ရဟန်းမင်းကြီးကို အန္တရာယ်မဖြစ်စေပဲနဲ့ ဝင်စွက်ဖို့ဆိုတာ မဖြစ်နိုင်တဲ့အကြောင်း ဟက်ရှိမိုက်နိုင်ငံက ပြန်အဖြေပေးထားပါတယ်'

ကြည်းတပ်မှ ဗိုလ်ချုပ်ကြီးတစ်ယောက်က ဝင်မေးလိုက်၏။

'ပြန်ပေးဆွဲခံရတဲ့ ပုဂ္ဂိုလ်တွေကို ကယ်ဆယ်ဖို့ ကန်နန်းနိုင်ငံက နယ်စပ်ကို ကျော်ဖြတ်ပြီး ဝင်ရောက်တိုက်ခိုက်နိုင်တဲ့ အခြေအနေကို ဟက်ရှိမိုက်တွေက ရိပ်စားမိကြသလား'

'သိပ်သိတာပေါ့၊ ဟက်ရှိမိုက်မြေပေါ် ကို ကန်နန်းဘက်က ကျူးကျော်ဝင်ရောက်လာမယ်ဆိုရင် လုံးဝသည်းမခံဘူးလို့ လှမ်းအကြောင်းကြားထားတယ်၊ ဟက်ရှိမိုက်နိုင်ငံဘက်က အကူအညီရဖို့ကိစ္စကို လုံးဝမစဉ်းစားနဲ့တော့ အနောက်ဘက်ဒေသက ကန်နန်းလူမျိုးတွေ ထွက်ခွာပေးရမယ့်ကိစ္စကို ဟက်ရှိမိုက်နိုင်ငံက လုံးဝကန့်ကွက်မှာမဟုတ်ဘူး'

'ကျုပ်ကလဲ အဲဒီကိစ္စကို ရေရေလည်လည် နားလည်ပါတယ်လေ'

သမ္မကြီးက စိတ်လက်ကမကြည်မသာနှင့် ခပ်တိုးတိုး ပြန်ပြောလိုက်၏။

'ဒါပေမယ့် အခု ကျုပ်တို့ပြောနေတဲ့ကိစ္စဟာ အမေရိကန်နိုင်ငံအလံကို လွှင့်ထူပြီး ပုပ်ရဟန်းမင်းကြီးနဲ့ အမေရိကန်ခရီးသည်တွေလိုက်ပါလာတဲ့ အမေရိကန်နိုင်ငံက လေယာဉ်ဖြစ်နေတဲ့အတွက် ကျုပ်တို့မှာ တိုက်ရိုက်တာဝန်ရှိတယ်ဆိုတာ မမေ့ကြနဲ့ ဒီလေယာဉ်ကို

www.burmeseclassic.com



ပြန်ပေးဆွဲမခံရအောင် ကျုပ်တို့က အကာအကွယ်မပေးနိုင်ခဲ့ဘူး၊ နောက်တစ်ကြိမ် မျက်နှာ အပျက်မခံနိုင်ဘူးဗျာ၊ တစ်ခုခုလုပ်မှဖြစ်လိမ့်မယ်'

'သမ္မတကြီး ခင်ဗျား . . . လုပ်သင့်တာ တစ်ခုတော့ရှိပါတယ်'

လေတပ်မှ ဗိုလ်ချုပ်ကြီးတစ်ယောက်က ဝင်ပြောလိုက်ခြင်းဖြစ်သည်။

'ပြန်ပေးဆွဲခံရတဲ့ပုဂ္ဂိုလ်တွေကို ကန်နန်း(ကွန်မင်ဒို)တွေက အကြမ်းဖက်ပြီး ကယ် ဆယ်လိုက်တဲ့အခါတိုင်း ကမ္ဘာ့အရပ်ရပ်က ကောင်းချီးပေးခဲ့ကြတယ်၊ အခု ကျုပ်တို့ အနေနဲ့ အစွမ်းပြဖို့ အချိန်တန်ပြီထင်ပါတယ်'

သမ္မတကြီးက ပြန်မေးလိုက်၏။

'အင်တက်ဘီမှာလို ပြန်ပေးဆွဲခံရသူတချို့ သေသွားခဲ့ရင်၊ အဲဒီလို သေသွားတဲ့ အထဲမှာ ပုပ်ရဟန်းမင်းကြီးပါသွားခဲ့ရင် ဘယ်လိုလုပ်ကြမလဲ'

'အပြုသဘောနဲ့ ကြီးစားတယ်ဆိုတာတော့ ပေါ်လွင်လာမှာပေါ့ဗျာ၊ ဘာပဲပြောပြော ပုပ်ရဟန်းမင်းကြီးကတော့ အသတ်ခံရမယ့်ပုဂ္ဂိုလ်ပါ'

'ကျုပ်တို့ကြောင့်တော့ မဖြစ်စေချင်ဘူးလေ'

ဗိုလ်ချုပ်ကြီး၏အသံမှာ ခနစ်သံချိုး၍ အော်တော့မည့်ဟန်ပေါက်လာသည်။

'ကန်နန်းတွေကတော့ ပြောက်ကျားတွေနဲ့ ဘယ်တော့မှ ဆွေးနွေးမှာမဟုတ်ဘူး၊ တောင်းဆိုချက်တွေကို ကန်နန်းနိုင်ငံက မလိုက်လျောဘူးဆိုရင် ပုပ်ရဟန်းမင်းကြီး အသတ်ခံ ရပြီး ကျုပ်တို့က ဘာမှမလုပ်တဲ့ အခြေအနေမျိုး ရောက်သွားလိမ့်မယ်'

သမ္မတကြီးက သက်ပြင်းချလိုက်၏။

'ခင်ဗျားပြောသမျှ အတော်ခပ်များများကို ကျုပ်သဘောတူပါတယ် ဗိုလ်ချုပ်ကြီး၊ ဒါပေမယ့် အရှေ့အလယ်ပိုင်းဒေသမှာ ဖြစ်ပျက်နေတဲ့ လက်ရှိအနေအထားအရ မိတ်ဆွေ နိုင်ငံတစ်ခုရဲ့ နယ်မြေထဲကို အမေရိကန်စစ်တပ်တွေ ချဉ်းနင်းဝင်ရောက်ဖို့ ကျုပ်အနေနဲ့ အမိန့်မပေးနိုင်ဘူး၊ မိတ်ဆွေနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးရာရောက်တဲ့အပြင် အရပ်သူ၊ အရပ်သားနဲ့ ထောင်ပေါင်းများစွာသောစစ်သားတွေကိုလဲ အသက်အန္တရာယ် ဖြစ်စေလိမ့်မယ်၊ ကျုပ်က အဲဒီလို မလုပ်နိုင်ဘူးဆိုတာကတော့ ရှင်းပါတယ်'

နိုင်ငံခြားရေးဝန်ကြီးက ခေါင်းတဆက်ဆက်ညိတ်လိုက်၏။

'အင်အားကြီးနိုင်ငံနှစ်ခု ထိပ်တိုက်တိုးလာနိုင်တယ်ဆိုတာ အဲဒါမျိုးကိုဆိုလိုတာပါ ခင်ဗျာ၊ ကျုပ်တို့က အမေရိကန် စစ်တပ်ကိုလွှတ်လိုက်မယ်ဆိုရင် ဟက်ရှိုက်စစ်တပ်နဲ့ တိုက်ပွဲဖြစ်လာလိမ့်မယ်၊ အဲဒီလိုအခြေနေမျိုးမှာ ဆိုဗီယက်နိုင်ငံက ဝင်မစွက်ဘူးလို့ ယုံကြည် ထားပါသလား၊ အားနည်းတဲ့ အီရတ်နိုင်ငံတစ်နိုင်ငံအပေါ် အမေရိကန်က ဝင်ရောက် တိုက်ခိုက်တဲ့အတွက် အကူအညီပေးဖို့ ခွင့်အရေးကို ကရင်မလင်က အရယူသွားမှာပဲ၊ ဒါကြောင့် နာရီပိုင်းအတွင်းမှာ အင်အားကြီးနိုင်ငံနှစ်ခု ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲကြီး ဖြစ်ပေါ် လာနိုင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



လေတပ်မှ ဗိုလ်ချုပ်ကြီးသည် လက်နှစ်ဘက်ကို မြှောက်လိုက်၏။

'ကျုပ်တို့အနေနဲ့ မှန်တဲ့ဘက်ကရပ်တည်ပြီး မတိုက်ခိုက်ခဲ့ကြတော့ဘူးလားဗျာ၊ ဘယ်နိုင်ငံမဆို ဓားမြတွေကို လိုက်လံပြီး နှိမ်နင်းခွင့်ရှိပါတယ်၊ ဒီခွေးမသားတွေဟာ တကယ် တတော့ ဓားမြတွေပါပဲ၊ ကျုပ်တို့က ဟက်ရှိုက်နိုင်ငံကို ဝင်ရောက်ကျူးကျော်တာ မဟုတ်ပါဘူး၊ နိုင်ငံတကာအကြမ်းဖက်ဝါဒကို ကူညီပြီးနှိမ်နင်းနေတာပါ'

သမ္မတကြီးသည် အခြေအနေအရပ်ရပ်ကို လေးနက်စွာ ဆင်ခြင်သုံးသပ်နေပုံရသည်။

/ 'ဘာမှဝင်မလုပ်တဲ့ အခြေအနေမျိုးလဲ မဟုတ်၊ အကျုမြူစစ်ပွဲကြီး ဖြစ်လာအောင် ဆွပေးနေတာမျိုးလဲ မဟုတ်ပဲ အလယ်အလတ်နည်းလမ်းတစ်ခုခုတော့ ရှိတန်ကောင်းပါတယ်၊ အဖြေတစ်ခုကတော့ ရှိကိုရှိရမှာပါ၊ အဲဒီ အဖြေကိုရှာဖို့ကတော့ ကျုပ်တို့ တာဝန်ပဲ၊ အဲဒီလေယာဉ်ပျံကလဲ နာရီပိုင်းအတွင်း ဆင်းသက်တော့မယ်'

❑

အမေရိကန် သမ္မတကြီးနှင့် ကန်နန်းဝန်ကြီးချုပ်တို့သည် ရင်းရင်းနှီးနှီး သိကျွမ်းကြသူများဖြစ်သည်။ သူတို့နှစ်ယောက်သည် ကမ္ဘာ့နိုင်ငံရေးလောကတွင် အမြင်ချင်းတူညီကြသလို၊ တစ်ယောက်နှင့်တစ်ယောက် လေးစားကြည်ညိုမှုလည်း ရှိကြသည်။ သို့တိုင်အောင် တယ်လီဖုန်းနှင့် ဆွေးနွေးချက်မှာ သိပ်မကြာခင် ယောင့်တောင့်တောင့်ကြီး ဖြစ်လာခဲ့ရသည်။

အမေရိကန် သမ္မတကြီးက စတင်ပြောဆိုလိုက်၏။

'အမေရိကန်နိုင်ငံပိုင် လေယာဉ်ပေါ်မှာ ပုပ်ရဟန်းမင်းကြီး စီးနင်းလိုက်ပါလာတုန်း ဖြစ်ခဲ့ရတဲ့အတွက် ကျုပ် သိပ်ကို ဝမ်းနည်းမိပါတယ်'

'တောင်းပန်စရာမလိုပါဘူး သမ္မတကြီး၊ ပုပ်ရဟန်းမင်းကြီးရဲ့ လုံခြုံမှုအတွက် အတတ်နိုင်ဆုံးဆောင်ရွက်ခဲ့ကြလိမ့်မယ်လို့ အပြည့်အဝယုံကြည်ထားပါတယ်၊ လတ်တလော ဆွေးနွေးရမှာက အခုဘာလုပ်ကြမလဲဆိုတာပဲ'

'ပုပ်ရဟန်းမင်းကြီးရဲ့ အသက်ဟာ အခုအချိန်မှာ အရေးအကြီးဆုံးပဲဆိုတာ ပြောချင်ပါတယ်၊ တစ်ခါလေယာဉ်မောင်းအဖွဲ့နဲ့ ခရီးသည်သုံးရာခန့်ကိုလဲ ထည့်စဉ်းစားဖို့လိုပါလိမ့်မယ်'

ကန်နန်းဝန်ကြီးချုပ်က ပြန်ဖြေလိုက်၏။

'ဒါပေမယ့် အနောက်ဘက်ဒေသကို ကျုပ်တို့ရဲ့ လုံခြုံရေးအတွက် သိပ်အရေးကြီးတယ်လို့ ယူဆထားတဲ့အကြောင်း ပြောရလိမ့်မယ်၊ လူတစ်ယောက်ရဲ့ အသက်ကို ကယ်ဆယ်ဖို့အတွက် အဲဒီပုဂ္ဂိုလ်ဟာ ဘယ်လိုလူစားမျိုးပဲဖြစ်ဖြစ် ကျုပ်တို့က ခြွင်းချက်မရှိပြန်ဆုတ်ပေးဖို့ဆိုတာကို စဉ်းစားလို့တောင်မရပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'တကယ်လို့ ကျုပ်တို့က ဘာမှဝင်မလုပ်ပဲ နောက်ဆုတ်နေခဲ့ကြရင် တစ်ကမ္ဘာလုံးက အမေရိကန်နဲ့ ကန်နန်းနိုင်ငံအပေါ် အကြီးအကျယ် ငြိုငြင်လာကြလိမ့်မယ်'

'ကျုပ်တို့ နှစ်နိုင်ငံစလုံးမှာ ဘာတာဝန်မှ မရှိပါဘူး၊ ဒေါ်ပွစရာရှိရင် အီရတာတွေကိုပဲ ဒေါပွရမှာပါ၊ စ,လုပ်တာ သူတို့ပဲ၊ ကျုပ်တို့ မဟုတ်ဘူး'

'အဲဒါကို ကျုပ်ကလဲ သဘောတူပါတယ် ဝန်ကြီးချုပ်၊ ဒါပေမယ့် အမေရိကမှာတော့ အဲဒီကိစ္စကြောင့် သိပ်ကိုစိတ်မာတ်ချောက်ချားနေကြပါတယ်၊ ပုပ်ရဟန်းမင်းကြီးသာ အသတ်ခံရရင် အရှေ့အလယ်ပိုင်းဒေသရဲ့ လက်ရှိအနေအထားဟာ ထိန်းမရအောင် ပျက်စီးသွားလိမ့်မယ်လို့ ယူဆနေကြတယ်'

'အဲဒီလို အခ်ိပ္ပါယ်ကောက်တာကို သဘောတူပါတယ်၊ အခြေအနေကတော့ သိပ်ကို ကြောက်စရာကောင်းတဲ့ အနေအထားမှာရှိတယ်၊ ဒါပေမယ့် ခုကိစ္စမှာ ကျုပ်တို့ တစ်ဦးတည်းသာ နစ်နာဆုံးရှုံးမှာတော့ မဟုတ်ဘူး၊ အေးလေ၊ အဖြေတစ်ခုခုကို ရှာတွေ့လိမ့်မယ်လို့ ယုံကြည်ထားပါတယ်'

'အင်တက်ဘ်လိုဟာမျိုးလား'

'သဘောကျစရာကောင်းတဲ့ စိတ်ကူးစိတ်သန်းတစ်ခုပါပဲ၊ ဒါပေမယ့် လက်တွေ့ကျလိမ့်မယ်တော့ မထင်ဘူး၊ အချိန်ကလဲ သိပ်မရတဲ့အပြင် အကြမ်းဖက်သမားတွေကလဲ အဲဒီလို ဖြစ်နိုင်တယ်ဆိုတာကို ကြိုတွက်ထားကြလိမ့်မယ်'

'ခင်ဗျားပြောတာ သိပ်မှန်ပါတယ် ဝန်ကြီးချုပ်၊ ခင်ဗျားကို ကြိုအသိပေးရမယ်ဆိုရင် ကျုပ်တို့ရဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနက ကမ္ဘာ့ကုလသမဂ္ဂက တဆင့် အီရတာပြောက်ကျားတပ်ဖွဲ့နဲ့ အဆက်အသွယ်ရဖို့ ကြိုးပမ်းနေပါတယ်၊ ကျုပ်တို့လို ပြောက်ကျားခေါင်းဆောင်ကြီးကလဲ ဒီကိစ္စကို သိပ်သဘောကျမယ် မထင်ပါဘူး'

'အဲဒီလို ချဉ်းကပ်မှုမျိုးလုပ်မယ်ဆိုတာ သိရတဲ့အတွက် ဝမ်းသာပါတယ်၊ ဒါပေမယ့် အဖြေရလိမ့်မယ်လို့တော့ မထင်ဘူး၊ ခေါင်းဆောင်ကြီးကိုယ်တိုင်က ပြောက်ကျားထဲမှာရှိတဲ့ တစ်ယူသန်တွေကိုတောင် ထိန်းသိမ်းနိုင်ပုံမရဘူး'

'ဝန်ကြီးချုပ်က ဘယ်နည်းဘယ်ပုံ အစီအစဉ်လုပ်ဖို့ ရည်ရွယ်ထားတယ်ဆိုတာ သိပါရစေ'

သက်ပြင်းချသံ ထွက်ပေါ်လာ၏။

'ခုလောလောဆယ်မှာတော့ ကျုပ်ကလဲ ဘာမှမပြောတတ်သေးဘူးဗျာ'

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၉ )

ဂရင်းဝစ်ချ် စံတော်ချိန် ၂၃ း ၅၃ နာရီ
ကယ်လီဖိုးနီးယားပြည်နယ် မြောက်ပိုင်း တစ်နေရာ
ညနေ ၄ း ၅၃ နာရီ

ထိပ်ပြောင်နေသော ပုဂ္ဂိုလ်သည် ခေါင်းဆောင်ဖြစ်ပုံရသည်။ ဂျိန်းက ၎င်းအား 'တယ်လီ' ဟု သတ်မှတ်ထားသည်။ ထိုအမည်မှာ အခြားပုဂ္ဂိုလ်များက ၎င်းအား ခေါ်ဝေါ်ကြသော အဘူယူစွတ်ဆိုသော အမည်ထက် ပို၍မှတ်မိလွယ်သည်။

၎င်းတို့အုပ်စုတွင် လေးယောက်ပါဝင်သည်။ တယ်လီ၊ ကိုအမာရွှတ်၊ ကိုရေခဲနှင့် ဘီလီသီကစ်ဒ်ဟု ခေါ်ကြသော ခပ်ငယ်ငယ်ချာတိတ်တစ်ယောက်။ သူတို့အားလုံး လက်နက်များကို ညွှတ်နေအောင် လွယ်ထားကြသည်။

ကိုအမာရွှတ်နှင့် တယ်လီ အခန်းထဲသို့ ဝင်လာကြသည်။ ကိုအမာရွှတ်သည် တံခါးဘောင်နားတွင် ရပ်တန့်လိုက်ပြီး အဖမ်းခံနေရသူများကို တစ်ဦးစီ ကြည့်သည်။ ဂျိန်းကို နောက်ဆုံးမှ ကြည့်သည်။

တယ်လီက ကြေငြာလိုက်၏။

'ခင်ဗျားတို့ ဒီနေရာမှာ ၄-၅ နာရီကြာအောင် နေရလိမ့်မယ်၊ သိပ်အကြာကြီးတော့ မဟုတ်ဘူး'

လေသံ အနည်းငယ်ဝဲသည်ကလွဲ၍ လေယူလေသိမ်း မှန်ကန်လှသည်။

'လုပ်သင့်လုပ်ထိုက်တာကလေးတွေကို အောင်အောင်မြင်မြင် လုပ်ကိုင်ပြီးစီးသွားတဲ့ အခါကျရင် ခင်ဗျားတို့ကို ပြန်လွှတ်ပေးမယ်'

ဂျိန်းက လုပ်သင့်လုပ်ထိုက်သည့်ကိစ္စများဟု ဆိုရာ၌ မည်တဲ့သို့သောကိစ္စများ ဖြစ်လေသနည်းဟု ပြန်လည်မေးမြန်းသည်။

'အဲဒါက မင်းနဲ့ မဆိုင်ပါဘူး'

'ဘာဖြစ်လို့ မဆိုင်ရမှာလဲ'

သူက ထိုမေးခွန်းကို မကြားဟန် ဆောင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်တို့ ရည်မှန်းထားတဲ့ကိစ္စနဲ့ တိုင်းတာမယ်ဆိုရင် ခင်ဗျားတို့ရဲ့အသက်ဟာ အရေးမပါဘူး ဆိုတာကိုတော့ သိထားစေချင်တယ်'

ဂျိန်းက ခေါင်းခပ်မာမာနှင့် ထပ်မေးသည်။

'ရှင်တို့လုပ်ငန်းက ဘာလဲ'

ဤတစ်ကြိမ်တွင်လည်း ဂုင်းက မကြားဟန်ဆောင်လိုက်ပြန်သည်။

'ခင်ဗျားတို့က ပြဿနာလုပ်လာခဲ့ရင် ပြင်းပြင်းထန်ထန် အရေးယူမယ်၊ ကျုပ်တို့အနေနဲ့ ခင်ဗျားတို့ကို မသတ်ချင်ဘူး၊ ဒါပေမယ့် လိုအပ်လာရင် လုပ်ရလိမ့်မယ်ဆိုတာကိုတော့ နားလည်ထားကြစေချင်တယ်'

'သတ်မယ်၊ ဟုတ်လား'

ဗာဂျီနီးယားဂျင်ဆင်က သူ့နားကိုပင် မယုံကြည်နိုင်တော့သည့် အနေအထားမျိုး ပေါ်ပေါက်နေသည်။

'ကျွန်မ . . . ကလေးတွေ'

တယ်လီက နှာခေါင်းရှုံ့လိုက်ပြီး အထင်သေးဟန်နှင့် ပြန်ကြည့်နေသည်။

'ကျုပ်တို့က ခင်ဗျားကိုရော၊ ခင်ဗျားကလေးတွေကိုပါ လုံးဝ တန်ဖိုးမထားဘူး၊ ခင်ဗျားတို့အားလုံးကို လုံးဝတန်ဖိုးမထားဘူးဆိုတာ နားလည်ထားကြစမ်းပါ'

ဂျိန်းက ပြန်ပြောလိုက်၏။

'ကျွန်မတို့ကလည်း ရှင်တို့ကို မေတ္တာမရှိပါဘူး'

ဂျိန်း၏ လေသံမှာ သူ့ရင်ထဲတွင် ခံစားနေရသည်ထက် ပို၍ သတ္တိရှိပုံပေါ်နေသည်။ သို့သော် ဂျိန်း၏သတ္တိမှာ တုတ်မိုးရုံနှင့် ငုံမည့်သဘောမျိုးရှိသည်။

တယ်လီက ငြင်းခုံနေရသည်ကို စိတ်ပျက်ဟန်နှင့် သက်ပြင်းချလိုက်၏။ တယ်လီက ဆက်ပြောသည်။

'ခု အချိန်လောက်ကျရင် ခင်ဗျားတို့တတွေဟာ တစ်ဦးနဲ့တစ်ဦး ဆက်စပ်မှုရှိတာယ်ဆိုတာ နားလည်သဘောပေါက်သင့်ကြပြီလို့ ကျုပ်ထင်တယ်၊ ခင်ဗျားတို့အားလုံးဟာ ပုပ်ရဟန်းမင်းကြီး လိုက်ပါလာတဲ့ ရောမ-ဆန်ဖရန်စစ္စကို ခရီးစဉ် က လေယာဉ်မောင်း အဖွဲ့သားတွေနဲ့ နီးနီးစပ်စပ် ဆွေမျိုးတော်စပ်နေကြတယ်'

အဖမ်းခံနေရသူများသည် တစ်ဦးကို တစ်ဦးက လှမ်းကြည့်လိုက်မိကြ၏။

ဂျိန်းက ပြောလိုက်သည်။

'ကျွန်မ အဖေက လန်ဒန် ဘာရိန်းခရီးစဉ်ကို မောင်းရလိမ့်မယ်လို့ သိထားတာ'

'မှန်တယ်၊ ဒါပေမယ့် နောက်ဆုံးအချိန်ကျမှကပ်ပြီး သူ့ကို တာဝန်ပေးခဲ့တာပဲ'

'ဒါဖြင့် ရှင်တို့က လေယာဉ်ပျံကို ပြန်ပေးဆွဲကြမယ်ပေါ့၊ ဟုတ်တယ် မဟုတ်လား'

တယ်လီက ပြန်ဖြေသည်။

'အပိုင်စီးမိနေပါပြီ၊ မင်းစိတ်ချမ်းသာအောင် ပြောရမယ်ဆိုရင် ကျုပ်တို့ရဲ့ ညွှန်ကြားချက်

www.burmeseclassic.com

www.burmeseclassic.com



ကို အတွန့်မတက်ပဲ လိုက်နာခဲ့ကြတယ်'

မစ္စတာနီဝါကိုစကီက လက်ညှိုးငေါက်ငေါက်ထိုး၍ ပြောလိုက်သည်။

'မင်းတို့ကို ကောင်းကောင်းကြီး အရေးယူကြလိမ့်မယ်'

ဘဂျီးနီးယားဂျင်ဆင်တစ်ယောက် သွေးလေချောက်ချားသွားပုံရသည်။

'ဒါပေမယ့် ကျွန်မတို့ကို ဒီမှာ ဖမ်းထားတဲ့အတွက် ဘာများအကျိုးရှိမှာမို့လို့လဲ'

တယ်လီက ပန်းကို တွန့်လိုက်သည်။

'လေယာဉ်မောင်းတဲ့ပုဂ္ဂိုလ်တွေရဲ့ မိသားစုတွေကို ဓားစာခံအဖြစ် ဖမ်းထားတယ်ဆိုရင် သူတို့ကို ညွှန်ကြားတဲ့အတိုင်း လိုက်နာကြမှာပေါ့'

'ကျွန်မတို့ကို ဘယ်အချိန် ပြန်လွှတ်မလဲ'

ဂျိန်းက မေးလိုက်ခြင်းဖြစ်သည်။

'သင့်တော်တဲ့ အချိန်ကျရင် မင်း သိရမှာပေါ့'

'လေယာဉ်မောင်း အဖွဲ့ကိုကော'

'သူတို့ကိုလည်း လွှတ်ပေးမှာပါ'

'ပုပ်ရဟန်းမင်းကြီးကို ပြန်လွှတ်ပေးဖို့အတွက် ရှင်တို့က ဘယ်လောက်တောင် တောင်းဆိုထားသလဲ'

'အဲဒါက မင်းနဲ့ မဆိုင်ပါဘူး'

'ဆိုင်တယ်လို့ ထင်တယ်၊ ကျွန်မတို့နဲ့လည်း ပတ်သက်နေတယ် မဟုတ်လား'

'ကျုပ်နောက်ထပ် မပြောတော့ဘူး'

တယ်လီက လက်ပိုက်ထားလိုက်သည်။

'ရှင်တို့က အီရဗာလူမျိုးတွေပေါ့နော်၊ ဟုတ်တယ် မဟုတ်လား'

တယ်လီက ဂျိန်းအား စိုက်ကြည့်နေပြီးနောက် ခေါင်းညိတ်ပြလိုက်၏။ ဂျိန်းက ထပ်ပြောသည်။

'ဒါဖြင့်ရင် ရှင်တို့က ပုပ်ရဟန်းမင်းကြီးကို ဓားစာခံအဖြစ် ဖမ်းထားပြီး ကန်နန်းနိုင်ငံကို တနည်းနည်းနဲ့ အကျပ်ကိုင်မယ်ပေါ့၊ ဟုတ်တယ် မဟုတ်လား'

'ဒီကိစ္စနဲ့ ပတ်သက်ပြီး ဆက်မဆွေးနွေးဘူးလို့ မင်းကို ပြောထားပြီးပြီပဲ၊ ကျုပ်ကို စိတ်တိုအောင် လာမလုပ်ပါနဲ့၊ မင်းက မိန်းမပီပီ သိပ်လျှာရှည်တယ်၊ လာမယ့် လေးငါးနာရီအတွင်းမှာ အသက်နဲ့ ခန္ဓာကိုယ် မြဲနေချင်သပဆိုရင် မင်းပါးစပ်ကို ပိတ်ထားဖို့ ကြိုးစားစမ်း'

ဂျိန်းက ပြန်ပြောလိုက်၏။

'ကျွန်မက ရေငုံနေတယ်ဆိုရင် ရှင့်လူဝံတွေကို ကျွန်မနဲ့ဝေးတဲ့ နေရာဆီ ပို့ပေးထားမှာလား၊ တစ်ယောက်ကတော့ ကျွန်မကို မုဒိမ်းကျင့်ဖို့တောင် ကြံစည်သေးတယ်'

တယ်လီက ပြန်မေးလိုက်၏။

'အထမြောက်သွားလို့လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း'

'ဒါဖြင့်ရင် မင်းအနေနဲ့ တိုင်စရာ တောစရာ မလိုဘူး'

တယ်လီသည် စကားပြောရသည်ကို ငြီးငွေ့လာဟန်ဖြင့် မျက်စိကို လက်နှင့် ပွတ်လိုက်၏။

'ခင်ဗျားတို့ကို မကြာခင် ကျွေးမွေးပါ့မယ်၊ ခုလောလောဆယ်မှာတော့ ငြိမ်ငြိမ်ကလေး ထိုင်ချင်ရင် ထိုင်နေ၊ အိပ်ချင်ရင် အိပ်နေကြပါလို့ အကြံပေးချင်တယ်၊ သူ့အလိုလို အချိန်ကုန် သွားမှာပါ၊ မကြာခင် ဒီကိစ္စတွေပြီးစီးသွားပြီး အိမ်ကို ပြန်နိုင်ကြပါလိမ့်မယ်'

နှစ်ယောက်စလုံး ပြန်သွားကြ၏။ တံခါးကို ဝုန်းကနဲမြည်အောင် ပိတ်ပြီး သော့ပြန်ခတ် လိုက်သည်။

မစ္စတာနိုဝါကိုစကီ စိတ်ပျက်သွားသည်။ ပုပ်ရဟန်းမင်းကြီးအား လေယာဉ်ပျံပေါ်မှ ဆွဲချလာနိုင်သည်သာမက အကျဉ်းသားဘဝသို့ပင် ရောက်ရှိသွားနိုင်သော အံ့စရာ လောက ကြီးပါတကား။

ကလေးသံကလေးတစ်သံ ထွက်ပေါ်လာ၏။

'အဲဒီလူက စားစရာတွေကို ခပ်စောစော ယူလာပေးရင် ကောင်းလိမ့်မယ်'

ဆယ်နှစ်သားအရွယ် ကရိုတ်ချ်ဂျင်ဆင်ကို မြင်လိုက်ရသောကြောင့် ဂျိန်းက ပြုံးလိုက်မိ ၏။ အင်မတန် ရဲရင့်သော ဂျိန်းတို့၏သူရဲကောင်းကြီးသည် အခန်းအလယ်ကောင်တွင် တင်ပါးပေါ်၌ လက်နှစ်ဘက်ကိုထောက်ရင်း မကြောက်မရွံ့ မတ်တတ်ရပ်နေသည်။

'ယူလာမှာပါ့ ချစ်ချစ်ရယ်၊ သူယူလာမှာပေါ့'

တကျိုးနီးယားဂျင်ဆင်က ပခုံးကို ကိုင်ရင်းပြောလိုက်၏။ ဂျိန်းက လှမ်းပြောလိုက်သည်။

'တို့ဆီမှာ သကြားလုံးရှိတယ်၊ စားမလား'

'သိပ်စားတာပေါ့'

'ကျေးဇူးတင်ပါတယ်လို့ ပြောလေ'

ကရိုတ်ချ်၏ မိခင်က ဝင်သတိပေးလိုက်၏။

'ကျေးဇူး'

'ရပါတယ်ရှင့်'

ဂျိန်းက အိတ်ထဲသို့ လက်နှိုက်ရင်း ပြောလိုက်၏။ ဂျိန်းသည် ထိုသကြားလုံးထုပ်ကို ယမန်နေ့က ကုန်ပဒေသာဈေးကြီးတွင် အဝတ်အစားများအား အခြောက်လျှော်ပေးနေ သည်ကို စောင့်နေရစဉ် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က တိုဘီသည် ကားနောက်ခန်း ဆိုဖာပေါ်၌ ထိုင်ရင်း မှန်ကို လျှာနှင့်လျက်နေခဲ့သည်။

သနားစရာကောင်းလိုက်တဲ့ တိုဘီ။ ပထမဦးဆုံး ကျဆုံးသွားခဲ့ရရှာသော တိုဘီ။ နောက်ထပ် မည်သူ့ရွေ့မည်မျှ သေကြရဦးမည်မသိ။

'မင်းအသက်ကြီးလာရင် လေယာဉ်ပျံကြီးတွေကို မောင်းမှာလား'

www.burmeseclassic.com

www.burmeseclassic.com



ကရိတ်ချ်က ထိုကိစ္စကို ခဏလောက် စဉ်းစားနေလိုက်သည်။

'ဖြစ်နိုင်ပါတယ်၊ လေယာဉ်ပျံမောင်းရတာ သိပ်မဆိုးလှပါဘူး ဒါပေမယ့် အီလက်ထရွန်းနစ်ဘက်ကိုလည်း စိတ်ဝင်စားတယ်'

'အဲဒါလည်း ကောင်းတဲ့လုပ်ငန်းပါပဲ'

ဂျိန်းက လေးလေးနက်နက် ပြန်အဖြေပေးလိုက်၏။

ကရိတ်ချ်က မေးပြန်သည်။

'ခင်ဗျားက ဟိုင်တီကို ကြောက်ပုံမရဘူး၊ ဟုတ်တယ် မဟုတ်လား'

ဂျိန်းက ဝန်ခံလိုက်သည်။

'နည်းနည်းတော့ ကြောက်တယ်'

'ဒါပေမယ့် ကြောက်တယ်ဆိုတာ မပေါ်လွင်ပါဘူး၊ အဲဒါက အရေးအကြီးဆုံး အချက်ပဲ'

မစ္စတာနီဝါကိုစကီက ခပ်တိုးတိုး ဝင်ပြောလိုက်၏။

'အစစအရာရာ အဆင်ပြေသွားမှာပါ မိန်းကလေးတို့ရယ်'

သို့သော် လွယ်လွယ်ကလေးနှင့် တလွဲတချော်တွေ ဖြစ်လာနိုင်သည်။ အလွဲလွဲအချော်ချော်တွေဖြစ်လာခဲ့သော် မည်သို့မည်ပုံ ဖြစ်လာလေမည်နည်း။ ဝုန်းကနဲ တံခါးပွင့်လာပြီး တယ်လီနှင့် ကိုအမာရှုတ်တို့က ၎င်းတို့ကို မသေမချင်း သေနတ်နှင့် ပစ်ခတ်ကြလေမည်လား မသိ။

ဒီငတိတွေသည် အကြမ်းဖက်သမားများ ဖြစ်ကြသည်။ မည်သူ့ကိုမျှ သို့တည်းမဟုတ် မည်သည့်ကိစ္စကိုမျှ အရေးထားကြသူများ မဟုတ်ကြ။ လူသတ်သည်ဆိုတာ ၎င်းတို့၏ အလုပ်ပင်ဖြစ်သည်။

ဂျိန်း၏ဘဝသည် ဤနည်းနှင့်ပင် အဆုံးသတ်ရတော့မည်လော။ ဂျိန်းသည် ၎င်း၏ ဘဝဖြစ်စဉ်ကို ပြန်၍မြင်ယောင်လာမိသည်။ အထက်တန်းကျောင်းမှ အောင်မြင်လာပြီးနောက် ကောလိပ်တွင် နှစ်နှစ်နေခဲ့သည်။ ထို့နောက် စာပေထုတ်ဝေရေးလုပ်ငန်းတစ်ခု၌ အလုပ်ဝင်လုပ်သည်။ ထိုအလုပ်မှာ ပျင်းစရာကောင်းလှသောကြောင့် ဖခင်၏ခြေရာကို နင်းတော့မည်ဟု အလေးအနက်စဉ်းစားမိပြန်၏။ အင်မတန်ကောင်းမွန်သော ရည်မှန်းချက်ပင် ဖြစ်သည်။ လေယာဉ်မောင်းသင်တန်း တက်မည်။ ဖခင်၏အကူအညီကို ရယူ၍ လေယာဉ်မောင်း လိုင်စင်ကို အရယူမည်။ သို့သော် လေယာဉ်မောင်းနှင်သည့်ကိစ္စမှာ ပို၍ လေ့လာလေလေ ပို၍ နက်နဲခက်ခဲကြောင်း သိလာရလေလေပင်။

ထို့နောက် ဂျိန်း၏ဘဝထဲသို့ 'ဖရင့်' ဆိုသူ ဝင်ရောက်လာသည်။ လေယာဉ် မောင်းမည့်ကိစ္စကို မေ့သွားသည်။ ဆံပင်ကောက်ကောက်နှင့် ပေါလ်နယူးမင်းလို ပြုံးတတ်သော ဖရင့်နှင့်အတူနေရဖို့ကသာ ပိုအရေးကြီးလာသည်။ ဖရင့်သည် လုပ်ငန်းသုံး စက်ပစ္စည်းများအား ရောင်းချသူ အောင်မြင်နေသူ ကြီးပွားမည့်အလားအလာ ရှိနေသူတစ်ဦးဖြစ်သည်။ ဂျိန်းတို့

www.burmeseclassic.com

www.burmeseclassic.com



ဘဝဟူသည် ဆားငန်ရည်ပင်လယ်ကြီးပမာ ဖြစ်လာသည်။ ကာမဂုဏ်အာရုံ၌ ငြိတွယ်နေသောစိတ်သည် ဆထက်ထမ်းပိုး တိုးပွားလာနေသည်။ ဂျိန်းအဖို့ သောက်လေ သောက်လေ ငတ်မပြေ ဖြစ်ခဲ့ရသည်။

ထို့ကြောင့် ဖရင့်၏ကုမ္ပဏီနှင့် အဆောက်အအုံတစ်ခုထဲတွင် ရှိနေသော စာရင်းစစ်ကုမ္ပဏီတစ်ခုတွင် စာရေးမအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ခြောက်လကြာသောအခါ ဖရင့်နှင့် လက်ထပ်လိုက်သည်။ တစ်ဦးကို တစ်ဦးက အရူးအမူး အချစ်နာလန်ထကြသည်။ ဤကမ္ဘာပေါ်တွင် ၎င်းတို့ထက်ပို၍ ပျော်ရွှင်ကြသော အခြားလူသားများ မရှိနိုင်ပြီဟု ယူဆခဲ့ကြသည်။ သို့သော် တဖြည်းဖြည်းနှင့် အဖြစ်မှန်ပေါ် ထွန်းလာသည်။ သဘာဝတရားက ၎င်းတို့နှစ်ဦးအား မသမာသောနည်းဖြင့် အရူးအမူးဖြစ်အောင် ချောက်တွန်းလိုက်ခြင်းသာဖြစ်သည်။ အရူးအမူးဖြစ်စေသော ဓာတ်သဘောတရားများ ကုန်ခန်းသွားသည့်အခါ သူတို့နှစ်ဦးအကြားဝယ် တွယ်တာစရာ လုံးဝကင်းမဲ့သွားသည်။

ခြောက်ပြစ်ကင်း သဲလဲစင်၊ အလွန်ပင်ချစ်စရာကောင်းသော ဖရင့်သည် မသတီစရာ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာရသည်။ ဖရင့်သည် စာပေဝါသနာပါသူ မဟုတ်သလို၊ စကားပြောနည်းသူလည်းဖြစ်သည်။ အားလပ်သော တနင်္ဂနွေနေ့ ညနေပိုင်းတွင် ဘီယာခြောက်ဘူးကို နံဘေးနား၌ ချထားပြီး တယ်လီဗွီးရှင်းမှ ဘောလုံးပွဲကို ကြည့်ရှုလိုသူသာ ဖြစ်သည်။ ဖရင့်နှင့်သာ ဘဝတစ်လျှောက်လုံး လက်တွဲသွားရမည်ဆိုပါက အလွန်ပင် ငြီးငွေ့စရာကောင်းလိမ့်မည်ဟု တွေးမိလာသည်။

မလွှဲမရှောင်သာဆိုသလိုပင် ၎င်းတို့၏ ဆက်ဆံရေးမှာ ပြိုကွဲပျက်စီးခဲ့ရသည်။ ပြိုကွဲပျက်စီးပြီဆိုတော့လည်း ပတ်တုတ်၍ပင် မရနိုင်တော့ချေ။ ဖရင့်သည် တစ်ပတ်လျှင် သုံးကြိမ် နေအိမ်သို့ နောက်ကျမှ ပြန်လာလေ့ရှိသည်။ သူပြန်လာသောအခါ အင်္ကျီတွင် ရေမွှေးနံ့များ ကပ်ငြိပါလာတတ်သည်။ ဂျိန်းက ဖရင့်အား ၎င်း၏နောက်ကွယ်တွင် ဖောက်ပြားနေသည်ဟု စွပ်စွဲသောအခါ ဘူးကွယ်ခဲ့သည်။ ဂျိန်းသည် ဇနီးနှင့် ပူပူနွေးနွေး ကွာရှင်းလာခဲ့သော တီဒဗလျူအေ လေကြောင်းကုမ္ပဏီမှ ပိုင်းလော့တစ်ယောက်နှင့် ရက်သတ္တပတ်နားရက်တွင် နယူးယောက်၌ အချိန်ဖြုန်းခဲ၏။ ဂျိန်းပြန်လည်ရောက်ရှိလာသောအခါ ဖရင့်က ဂျိန်းအား အိမ်ပြန်မလာပဲ ပျောက်နေသည့်ကိစ္စအား အပြစ်မတင်ခဲ့ချေ။ နောက်တစ်နေ့တွင် ထူးဆန်းသော နားကပ်တစ်ဖက်ကို အိပ်ရာထဲမှ ရှာတွေ့လိုက်ရ၏။ ဂျိန်းမရှိသည့်အခိုက်အတန့်တွင် ထိုအိပ်ခန်းအား ကောင်းကောင်းကြီး အသုံးချခဲ့ဟန်တူသည်။ ထိုကိစ္စဖြစ်နေစဉ် ဂျိန်း၏မိခင် ရုတ်တရက်ကြီး ကွယ်လွန်သွားသောကြောင့် နေအိမ်သို့ ပြန်ခဲ့ရသည်။ ဂျိန်း၏ အိမ်ထောင်ရေး ပျက်ပြားပြိုကွဲသွားရခြင်းမှာ ဂျိန်း၏မိခင် သေဆုံးသွားမှုကြောင့်ပင် ဖြစ်ခဲ့ရ လေသလောဟု တွေးကြည့်မိသည်။

သို့သော် နောက်ပိုင်းတွင် ထိုကိစ္စကို ဆက်မတွေးတော့ချေ။ အိမ်ထောင်ရေးသည် ဂျိန်းအဖို့ အရေးမပါတော့ပြီ။ ဖရင့်သည်လည်း ဂျိန်း၏ဘဝမှ အတွက်အချက် မှားယွင်း

www.burmeseclassic.com

www.burmeseclassic.com



ချွတ်ချော်သွားသော ကဏ္ဍတစ်ခုမျှသာ ဖြစ်သည်။ ထို့ကြောင့် ဂျိန်းသည် ဖခင်ဖြစ်သူ၏ နေအိမ်သို့ ပြောင်းရွှေ့လာခဲ့သည်။ မိခင်၏ပစ္စည်းများအား စနစ်တကျ စုဆောင်းသိမ်းဆည်းပြီး ထုပ်ပိုးပေးရန်ဆိုသော ရည်ရွယ်ချက်နှင့် လာခဲ့ခြင်းဖြစ်သည်။ သို့သော် ထိုကိစ္စကို လုံးဝ မလုပ်ဖြစ်ခဲ့ချေ။ ရက်သတ္တပတ်များစွာ ကုန်ဆုံးသွားသည်။ မကြာခင် ခြောက်လကြာသွားသည်။ ထို့နောက် တစ်နှစ်ပြည့်သွားသည်။ ယခု ဒီကိစ္စနှင့် လာကြုံရပြန်ပြီ။

မြတ်စွာဘုရား၊ သူသည် သူ့ကိစ္စကိုသာ တွေးနေမိခြင်းပါတကား။ ဖခင်ဖြစ်သူ၏ အခြေအနေကို စဉ်းစားမိပြန်သောအခါ ကြောက်စိတ်ကြောင့် ရင်ဝ၌ တစ်ဆို့ဆို့ကြီး ဖြစ်လာရပြန်၏။ သူသည် ဂျိန်းထက် ပို၍ကြီးမားသော အန္တရာယ်နှင့် ရင်ဆိုင်နေရဖွယ်ရှိသည်။ ဟင့်အင်း၊ ဂျိန်းအနေဖြင့် ဒီကိစ္စကို မတွေးလိုပါ။ အကြမ်းဖက်သမားများသည် ဂျိန်း၏ဘဝနှင့် လုံးဝမသက်ဆိုင်။ အကြမ်းဖက်သမားများသည် ထိုလေယာဉ်ပျံပေါ်၌ ဘာလုပ်နေကြသနည်း။ ဂျိန်း၏ဖခင်က မည်သို့ မည်ပုံ တုံ့ပြန်လေမည်နည်း။

'ကျွန်တော့် ဖေဖေကတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး သိပ်ဒေါပွနေမှာ သေချာတယ်'

ကရိတ်ချ်ဂျင်ဆင်က ပြောလိုက်ခြင်းပင်။

'သိပ်သေချာတာပေါ့'

'သူက တခါတလေကျရင် သိပ်ကို ဒေါသကြီးတတ်တယ်၊ ကျွန်တော့်ကိုလည်း တစ်ခါတလေ ဒေါပွတတ်တယ်၊ ခင်ဗျားဖေဖေက လေယာဉ်မှူးကြီးနော်၊ ဟုတ်တယ် မဟုတ်လား'

'ဟုတ်ပါတယ်'

'ကျွန်တော့်ဖေဖေလည်း လေယာဉ်မှူးကြီး ဖြစ်သင့်ပါပြီ၊ မကြာမီ ဖြစ်တန် ကောင်းပါရဲ့လို့ ထင်တာပဲ'

'ဖြစ်ရမှာပဲပေါ့'

တာကိုးနီးယားဂျင်ဆင်က ၎င်းတို့အား လှမ်းကြည့်နေသည်။ ဂျိန်းက မေးလိုက်၏။

'ရှင့်ယောက်ျားက ထရန့်စ်အမ်မှာ အလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲ'

'ဆယ်နှစ်လောက် ရှိပြီထင်တယ်'

'သူ့အလုပ်၊လုပ်ရတာ ပျော်ရဲ့လား'

တာကိုးနီးယားဂျင်ဆင်က ခေါင်းညိတ်ပြလိုက်၏။ သို့သော် အပြာနုရောင် မျက်လုံးအိမ်ထဲတွင် မျက်ရည်စများ ပြည့်လျှံလာသည်။ ဂျိန်းက နှစ်သိမ့်ရပြန်၏။

'အဆင်ပြေသွားမှာပါ၊ သိပ်စိတ်မပူပါနဲ့လေ၊ လေယာဉ်ပျံနဲ့ လေယာဉ်မောင်းအဖွဲ့သားတွေကို လုံးဝရန်မူမှာ မဟုတ်ဘူးလို့ ကျွန်မက တထစ်ချ ယူဆထားတယ်'

ဂျိန်းက အဘိုးကြီးဘက်သို့ လှည့်မေးလိုက်၏။

'ရှင်ကကော အဲဒီလို ယူဆထားသလား မစ္စတာနိုဝါကိုစကီ'

သူက ပခုံးတွန့်ရင်း ခေါင်းညိတ်ပြသည်။

'ယူဆပါတယ်ဗျာ . . . ယူဆပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ရှင့်ဇာတိက ဘယ်မှာလဲ၊ ပိုလန်မှာ မွေးတာလား'

သူက ဂျိန်းအား အံ့ဩသွားဟန်နှင့် ပြန်ကြည့်နေသည်။

'ပိုလန် ဟုတ်လား၊ ကျုပ်ကို ပိုလန်မှာ မွေးတာပါ'

'ဘယ်မှာလဲ. . . ဝါဆောမှာလား'

'ဟင့်အင်း. . . ဝါဆော အနောက်မြောက်ဘက် မိုင် ၁၀၀ လောက်ဝေးတဲ့ နေရာမှာပါ၊ မေ့တော့တော့တောင် ဖြစ်နေပါပြီ၊ ကြာလည်း ကြာပြီကိုး၊ ကျုပ်က သူတို့အရွယ်လောက်ကတည်းက ထွက်လာခဲ့တာ'

အဘိုးကြီးက ကရိုတ်ချ်ကို လက်ညှိုးထိုးပြသည်။

'ဘဲလ်ဂျီယံမှာ ခဏနေခဲ့သေးတယ်၊ နောက်မှ အမေရိကကို ကူးလာတာ၊ ကျုပ်သားကိုတော့ အမေရိကမှာ မွေးတာ'

ဗာကိုးနီးယားဂျင်ဆင်သည် မျက်ရည်လည်နေဆဲပင်။ ဂျိန်းက သူ့လက်ကို တို့လိုက်၏။

'အစစအရာရာ အဆင်ပြေသွားမှာပါ၊ ရှင့်ခင်ပွန်းလည်း ၊အသက်ချမ်းသာရာ ရပြီး ရှင်လည်း အိမ်ပြန်ရောက်မှာပါ၊ ကျွန်မက ရိုးတွင်းခြင်ဆီထဲကကို သိနေတာရှင့်၊ ကျွန်မက အဲဒါမျိုးတွေနဲ့ ပတ်သက်လာရင် အမြဲတမ်း မှန်လေ့ရှိပါတယ်'

နှုပ်တစ်ချက် ရှုံ့လိုက်၏။

'တကယ်လား'

မျှော်လင့်ချက်ဟူသည် အလွန်ပင်သေးငယ်စေကာမူ အထူးတလည် အစွမ်းထက်တတ်သည်။

'ကျွန်မမှာလည်း အဲဒီလိုစွမ်းတဲ့ သူငယ်ချင်းမတစ်ယောက် ရှိခဲ့ဖူးတယ်၊ သူ ကြိုပြီး သိတာတွေ အကုန်မှန်တာချည်းပဲ'

'ဒီတော့ စိတ်မပူပါနဲ့တော့'

'ကျွန်မ ကြိုးစားပါ့မယ်'

ဗာကိုးနီးယားသည် ကလေးငယ်အား ငုံ့ကြည့်လိုက်ပြီးနောက် ဂျိန်းအား ပြန်ကြည့်လိုက်ပြန်၏။

'ရှင်က အိမ်ထောင်နဲ့လား'

'ရှိခဲ့ဖူးပါတယ်၊ ကွာရှင်းပြီးခါစ ပူပူနွေးနွေးကလေးပါပဲ'

'ဝမ်းနည်းပါတယ်'

'ကျွန်မကတော့ ဝမ်းမနည်းပေါင်'

အရေးမထား ဂရုမစိုက်ဟန်နှင့် ခိုင်ခိုင်မာမာ ပြောလိုက်ခြင်းပင်။ ဂျိန်းက ရယ်လိုက်ပြန်၏ ။

'တစ်ခါတလေကျတော့လည်း ကွာရှင်းပြတ်စဲတဲ့နေ့ဟာ မိန်းကလေး တစ်ယောက်အတွက် အပျော်ဆုံးနေ့တစ်နေ့ ဖြစ်နေတတ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ဂျိန်းသက်ပြင်းချမိသည်။ သူ့အနေနှင့် တားဂျီနီးယားအား စိတ်ရွှင်လန်းလာအောင် ခွမ်းဆောင်နိုင်စွမ်း မရှိခဲ့ပါချေ။

ကရိတ်ချ်က မီးလင်းဖိုကြီးကို စူးစူးစိုက်စိုက် လေ့လာနေသည်။

မစ္စတာနိုဝါကိုစကီက မေးလိုက်၏။

'တို့ကို ဘယ်ခေါ် လာသလဲဆိုတာ မင်းတို့ သိကြသလား'

မည်သူမျှ မသိကြချေ။

မစ္စတာနိုဝါကိုစကီက ပြောလိုက်ပြန်သည်။

'ရုပ်မြင်သံကြားတွေထဲမှာတော့ အသံကလေးတစ်သံ ကြားရရုံနဲ့ ဘယ်နေရာ ရောက်နေတယ်ဆိုတာ သိကြတယ်'

ကရိတ်ချ်က စိတ်ဝင်တစား ဝင်ပြောသည်။

'ကျွန်တော်ကြိုးစားပါသေးတယ်၊ လေယာဉ်ပျံတစ်စီးရဲ့ အသံနဲ့ ကားသံတွေကို ကြားရတယ်၊ ဒါပေမယ့် အဲဒါထက်တော့ မပိုဘူး'

မည်သည့် အကြောင်းကြောင့်မှန်းမသိ၊ တားဂျီနီးယားဂျင်ဆင်က ဖြုန်းကနဲ ငိုချလိုက်ပြန်၏။ ဂျိန်းက 'ခေါက်ထားလိုက်စမ်းပါ'ဟု ပြောလိုက်ချင်သည့်စိတ်ကို မျိုသိပ်ထားလိုက်ရသည်။ ရွှေမျက်ရည်စိုပြီး ငိုနေ၍ အကျိုးထူးမည် မဟုတ်ပါချေ။

တံခါးပွင့်လာပြီး ကိုအမာရွတ် ဝင်လာသည်။

'ကျုပ်တို့ အသားညှပ်ပေါင်မုန့်တွေ လုပ်နေတယ်၊ အမဲသားရယ်၊ ချိစ်ရယ်၊ ပင်လယ်ငါးရယ်၊ ဘယ်သူက ဘာစားချင်ကြပါသလဲ'

ဂျိန်းသည် ကုလားထိုင်တစ်လုံးပေါ် ထိုင်ချလိုက်၏။ ဒီခွေးမသားက ဂျိန်းအား လွှန်ခဲ့သော တစ်နာရီခန့်က မုဒိမ်းကျင့်ရန် ကြိုးစားခဲ့သေးသည်။ ယခု သူက အမဲသား၊ ချိစ်၊ ပင်လယ်ငါး၊ မည်သည့် အသားညှပ်ပေါင်မုန့်ကို စားချင်သလဲဟု လာမေးနေပြန်သည်။

ဂျိန်းက ဖြေလိုက်၏။

'ချိစ်၊ ပြီးတော့ ကျွန်မက အိမ်သာ သွားချင်တယ်'

ထိုလူက ၎င်းအား စော်ကားမော်ကား ပြောလိုက်သည့် သဘောမျိုးလားဟု တွေးရင်း ဂျိန်းအား ပြန်ကြည့်နေသည်။

'သည့်ပြင် လူတွေကကော'

အားလုံးက အိမ်သာသို့ သွားလိုကြကြောင်း ပြောကြသည်။ ၎င်းတို့အား ဟာလာ ဟင်းလင်း ဖြစ်နေသော ခန်းမဆောင်ကြီးကို ကျော်ဖြတ်၍ အိမ်သာဆီသို့ တစ်ယောက်စီ သွားခွင့်ပြုသည်။ ဂျိန်းက ပထမဦးဆုံး သွားသည်။

ဂျိန်းပြန်လာသောအခါ ကိုအမာရွတ်အား မေးလိုက်၏။ ကိုအမာရွတ်က အခန်းကို စောင့်နေသည်။

'ဒီအိမ်က ဘယ်သူ့အိမ်လဲ'

www.burmeseclassic.com

www.burmeseclassic.com



'ခုလောလောဆယ်မှာတော့ ကျုပ်အိမ်ပဲ'

သူက အမှန်တကယ် ရယ်ချင်သွားဟန်နှင့် ပြုံးလိုက်၏။ ဂျိန်းက ထပ်မေးသည်။

'တကယ့် ပိုင်ရှင်အစစ်ကို ရှင်က ပြောပြလိမ့်မယ်လို့ ကျွန်မက ထင်ထားတာ'

'မင်းက ကျုပ်ကို သိပ်ပြီးတုံးတဲ့ကောင်လို့ ထင်နေတယ် မဟုတ်လား'

'သိပ်တုံးမယ်တော့ ကျွန်မ မထင်ပါဘူး'

သူက ထပ်ပြုံးပြန်သည်။

'နည်းနည်းပဲ တုံးတာပါ'

ဂျိန်းက သူ့အား မည်သည့်နိုင်ငံကနည်းဟု မေးပြန်၏။

'မင်း. . . သိပ်အမေးအမြန်း ထူလွန်းတယ်'

'အပျင်းပြေတာပေါ့ရှင်၊ ကျွန်မတို့ကို ဘယ်လောက်လောက်ကြာအောင် ဒီမှာထားမှာလဲ'

'မင်းသိလာမှာပါ'

သူက ဂျိန်း၏မျက်နှာအား မေ့မသွားအောင် လေ့လာနေဟန်ဖြင့် စေ့စေ့စပ်စပ် ကြည့်နေသည်။

ကရိုတ်ချ်ဂျင်ဆင်က အိမ်သာမှ ပြန်လာသည်။

'အဲဒီသေနတ်က ဘာအမျိုးအစားလဲ'

'ကိုလ်တ်အော်တိုမက်တစ် ပြောင်းဝအကျယ် ဒသမလေးဆယ့်ငါး'

'တပ်မတော်မှာသုံးတဲ့ သေနတ်မျိုးပေါ့'

ကရိုတ်ချ်က အခန်းထဲသို့ ပြန်ဝင်ရင်း ဂျိန်းအား ပြောပြသွားခြင်းဖြစ်သည်။

ကိုအမာရွတ်က ပြောလိုက်၏။

'တယ်ဟုတ်ပါလား၊ သူက လေယာဉ်မှူးကြီးရဲ့ သားလား'

'မဟုတ်ပါဘူး၊ ပထမအရာရှိရဲ့သားပါ'

'သိပ်ဉာဏ်ကောင်းတဲ့ ချာတိတ်ပဲ'

'ကျွန်မတို့ကလည်း အဲဒီလိုပဲ ထင်ပါတယ်'

အဖမ်းခံကြရသူအားလုံး အခန်းထဲသို့ ပြန်ရောက်ရှိပြီးနောက် ကိုအမာရွတ်က တံခါးကို သော့ခတ်၍ ပြန်ပိတ်လိုက်သောအခါ သူတို့အားလုံး သတိထားလိုက်မိကြသော အချက်တစ်ချက်ရှိသည်။

ကရိုတ်ချ်တစ်ယောက် ပျောက်နေလေပြီ။

ဂျိန်းက မီးလင်းဖိုဆီသို့ လှမ်းကြည့်လိုက်၏။ ခေါင်းတိုင်မှ ပြာမှုန်အသစ်များသည် တဖွားဖွား ကျဆင်းနေသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၁၀ )

ဂရင်းဝစ်ချ် စံတော်ချိန် ၀၈ း ၃၇ နာရီ
ဂရင်းလန်ကျွန်း၏ အရှေ့တောင်ဘက်စူးစူး
မြောက်လတ္တီတွဒ် ၆၃ ဒီဂရီ ၂၈ မိနစ်
အနောက်လောင်ဂျီတွဒ် ၄၀ ဒီဂရီ ၅၃ မိနစ်

ပုပ်ရဟန်းမင်းကြီးသည် လေယာဉ်ပျံမောင်းနှင်သော အခန်းထဲသို့ ဝင်ရောက်လာပြီး အစစအရာရာကို နှစ်ခြိုက်သောမျက်လုံးအစုံနှင့် စူးစမ်းကြည့်ရှုသည်။ ပုပ်ရဟန်းမင်းကြီးအား ကူညီစောင့်ရှောက်ရန် ပုဂ္ဂိုလ်တစ်ဦးလည်း လိုက်ပါလာသည်။

ပုပ်ရဟန်းမင်းကြီးက မိန့်တော်မူလိုက်၏။

'ကျုပ်တို့ကို ခုလို လေ့လာခွင့်ပြုတဲ့အတွက်. . .'

ပုပ်ရဟန်းမင်းကြီးသည် ကက်ပတိန်မာလိုရီ၏ မျက်နှာထိ မျက်နှာထားကြောင့် စကားကို တစ်ပိုင်းတစ်စနှင့် ရပ်တန့်ပစ်လိုက်သည်။

'မဟုတ်တာ တစ်ခုခုတော့ ဖြစ်နေပြီနဲ့တူတယ် ကက်ပတိန်'

မာလိုရီက လျှောက်တင်လိုက်၏။

'ဘုန်းတော်ကြီးဘုရား၊ အနိဋ္ဌာရုံသတင်းကို လျှောက်တင်ရမှာဖြစ်တဲ့အတွက် အထူးတလည် စိတ်မကောင်းကြီးစွာ ဖြစ်မိပါတယ် ဘုရား၊ ခုအချိန်မှာ တခြားပုဂ္ဂိုလ်တွေ သိဖို့ သေင့်တော်သေးတဲ့အတွက် ဒီနေရာမှာပဲ လျှောက်တင်လိုက်လျှင် သင့်လျော်လိမ့်မယ်လို့ ယူဆပါတယ်ဘုရား'

'ပြောပါ ကက်ပတိန်'

'တပည့်တော်တို့ဟာ. . . အခု. . . လေယာဉ်ကို အပိုင်စီးခံနေရပါပြီ ဘုရား'

'ဟုတ်လား'

အနည်းငယ်မျှသာ အံ့ဩသွားပုံရသည်။ ပုပ်ရဟန်းမင်းကြီးက ဟိုဟိုဒီဒီ လျှောက်ကြည့်

www.burmeseclassic.com



ရင်း မစ္စတာကာဆင်အား စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

မစ္စတာကာဆင်က ပျာပျာသလဲနှင့် ပြန်ဖြေလိုက်၏။

'တပည့်တော်က လူဆိုး မဟုတ်ရပါဘူး ဘုန်းတော်ကြီးဘုရား၊ တပည့်တော်တို့က အမေရိကန်အစိုးရရဲ့ စုံထောက်တွေပါဘုရား'

မာလိုရီက ဆင်ခြေတက်ဟန်နှင့် ပြန်လည် လျှောက်တင်လိုက်သည်။

'အခု အပိုင်အစီးခံရတဲ့ကိစ္စမှာ လေယာဉ်ပျံပေါ်မှာ သေနတ်တွေ ဗုံးတွေ ပါလာတယ် လို့အပ်ရင် သုံးမယ်လို့ ဆိုထားပေမယ့် အခုအချိန်အထိ လုံးဝ မသုံးကြသေးပါဘူး နောက်ပြီးတော့လည်း ဘုန်းတော်ကြီးဘုရားကတော့ ယုံချင်မှ ယုံလိမ့်မယ်၊ ခုအချိန်အထိ လေယာဉ်အပိုင်စီးတဲ့ လူတွေကို တွေ့တောင် မတွေ့ရသေးပါဘူး ဘုရား'

ကက်ပတိန်မာလိုရီက အခြေအနေကို အတိုချုပ်၍ ရှင်းပြလိုက်သည်။

ပုပ်ရဟန်းမင်းကြီးက ခေါင်းညိတ်တော်မူ၏။

'ကျုပ်ပါလာတဲ့အတွက် ခင်ဗျားတို့နဲ့ ခင်ဗျားတို့ရဲ့ မိသားစုတွေ ဘေးအန္တရာယ်နဲ့ ကြုံတွေ့ကြရလို့ အများကြီး ဝမ်းနည်းပါတယ်၊ သူတို့ဆီက တောင်းဆိုချက်တွေကိုကော သိရပြီလား'

'တပည့်တော်တို့ရဲ့ ကုမ္ပဏီကတဆင့် သိရတာကတော့ ကန်နန်းအစိုးရဆီကို တိုက်ရိုက် တောင်းဆိုထားတယ်လို့ သိရပါတယ်. . . အသေးစိတ်ကိုတော့ မသိရပါဘူး ခင်ဗျာ'

'အင်း. . . ကျုပ်တို့က ခုအချိန်မှာ အရှေ့အလယ်ပိုင်းဒေသဆီကို ဦးတည်ပြီး ပျံသန်း နေတယ်ပေါ့၊ ဟုတ်လား'

'ဟုတ်ပါတယ် ဘုန်းတော်ကြီးဘုရား၊ ဘယ်သူကမှ မရိပ်မိအောင် အတတ်နိုင်ဆုံး ဖြည်းဖြည်းကလေး ပြန်လှည့်ခဲ့ပါတယ်ဘုရား'

'ခင်ဗျား လုပ်တာ ကိုင်တာ သိပ်ပိရိတာပဲ၊ ကျုပ် မသိလိုက်ပါဘူး'

မာလိုရီက ပြန်လည် လျှောက်တင်လိုက်၏။

'နောက် ဆယ့်ငါးမိနစ်ကြာရင် တပည့်တော်အနေနဲ့ လေယာဉ်ပျံ နောက်ပိုင်းကို လာခဲ့ရ မယ်လို့ ညွှန်ကြားထားပါတယ်၊ အဲဒီအချိန်ကျရင် အပိုင်စီးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ယောက်နဲ့ တွေ့ရလိမ့်မယ်လို့ ယူဆပါတယ် ဘုရား'

ကာဆင်က ဝင်ပြောလိုက်၏။

'လေယာဉ်ပျံကို ပြန်ပေးဆွဲတဲ့ လုပ်ပုံကိုင်ပုံအရ တပည့်တော်တို့အနေနဲ့ ဘာမှ လှုပ်လှုပ် ရှားရှား လုပ်နိုင်ခွင့် မရှိသေးပါဘူး ဘုရား'

'ခင်ဗျားတို့ အခက်အခဲကို ကျုပ် နားလည်ပါတယ်လေ'

'ဒါပေမယ့် လေယာဉ်ပေါ်မှာ သေနတ်တွေနဲ့ ဗုံးတွေ ပါလာတယ်ဆိုတဲ့အကြောင်း ဒီပုဂ္ဂိုလ်တွေက အမှန်အတိုင်း ပြောတယ်လို့ ယူဆရပါတယ်၊ အကြမ်းဖက်ဂိုဏ်းအကြောင်း သိထားပြီးဖြစ်လေတော့ တစ်ခုခု မှားယွင်းချွတ်ချော်သွားပြီဆိုရင် သူတို့ကိုယ်တိုင် အသေခံပြီး

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပျံကြီးတစ်ခုလုံးကို ဖောက်ခွဲပစ်ဖို့ ဝန်မလေးတဲ့လူတွေနဲ့ ရင်ဆိုင်နေရပြီဆိုတာ တတော့ သေချာပါတယ်၊ ဒါ့ကြောင့် လောလောဆယ်မှာတော့ သွေးတိုးစမ်းရင်း သူတို့ ညွှန်ကြားချက်တွေကို လိုက်နာနေရဦးမှာပဲလို့ ယူဆပါတယ်၊ တပည့်တော်ရဲ့ လူတွေကိုတော့ နှိုးဆော်ထားပြီးပါပြီ'

'ကျုပ် နားလည်ပါပြီ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ် အဖွဲ့သားတွေကို အသိပေးသင့်ပြီလား'

'အသိမပေးသင့်သေးဘူးလို့ ထင်ပါတယ် ဘုန်းတော်ကြီး ဘုရား၊ လူသိနည်းလေလေ ကောင်းလေလေပဲလို့ ယူဆပါတယ်၊ လူတွေ အထိတ်တလန့်ဖြစ်အောင်လုပ်လို့ အကျိုးမရှိဘူး ထင်ပါတယ် ဘုရား'

မစ္စတာကာဆင်က ဝင်ပြောလိုက်၏။

'လူတိုင်း အိပ်ရေးဝဝအိပ်ခွင့်ရကြရင် ပိုကောင်းပါလိမ့်မယ် ဘုရား'

'ကောင်းပြီလေ၊ ဒီကိစ္စကို ကျန်တဲ့လူတွေ မသိစေနဲ့ပေါ့'

ပုပ်ရဟန်းမင်းကြီးက ၎င်းနှင့်အတူ ပါလာသော ၎င်း၏ လက်ထောက်အား ခေါင်းညိတ်ပြရင်း မိန့်တော်မူလိုက်သည်။

မာလိုရီက လျှောက်တင်လိုက်၏။

'ဘုန်းတော်ကြီးဘုရား တပည့်တော်က ခုလို လျှောက်တင်တဲ့အတွက် ခွင့်လွှတ်စေချင်ပါတယ် ဘုရား၊ တပည့်တော်က ခုကိစ္စကို လျှောက်တင်ပေမယ့် ဘုန်းတော်ကြီးဘုရားက အံ့ဩပုံမရပါဘူး ဘုရား'

ပုပ်ရဟန်းမင်းကြီးက ပြုံးတော်မူသည်။

'ကက်ပတိန်လည်း ကျုပ်လောက် အသက်ရှည်ရှည် နေရမယ်ဆိုရင် လောကကြီးမှာ အံ့ဩစရာဆိုလို့ သိပ်များများစားစား ရှိတော့မှာ မဟုတ်ပါဘူးလေ'

ပုပ်ရဟန်းမင်းကြီးက ဒိုင်ခွက်များကို နောက်တစ်ကြိမ် ပြန်ကြည့်လိုက်ပြန်၏။

'ကျုပ်တို့အဖို့ ဒီပြဿနာ အသေးစားကလေး ရှိနေပေမယ့် ခင်ဗျားတို့အတွက် အနှောင့်အယှက် သိပ်မဖြစ်ဘူးဆိုရင် လေယာဉ်ပျံမောင်းနှင်တဲ့ အခန်းကို စေ့စေ့စပ်စပ် လေ့လာပါရစေ၊ ကက်ပတိန်'

❑

မာလိုရီသည် ထိုင်ခုံပေါ်မှ ထလိုက်၏။

'သွားပြီး တွေ့ဆုံရမယ့် အချိန် ရောက်ပြီလို့ ထင်တယ်'

ကာဆင်က ခေါင်းညိတ်သည်။

'ဂျိုးဇက်နဲ့ မက်ဒေါ်နယ်တို့က ခင်ဗျားကို စောင့်ကြည့်ပေးကြမှာပါ'

www.burmeseclassic.com

www.burmeseclassic.com



'အိပ်ကောင်းတာပေါ့ဗျာ'

'ကံကောင်းပါစေ ကက်ပတိန်'

ဂျင်ဆင်က ခပ်တည်တည် ခေါင်းညိတ်ပြရင်း ပြောလိုက်၏။

'ကျွန်တော်တို့အထဲက တစ်ယောက်ယောက် လိုက်လာစေချင်ပါသလား'

နိုဝါကိုစကီကမူ ထိုင်နေရာမှထ၍ လိုက်ပါချင်စိတ် ဖြစ်ပေါ်နေဟန်တူသည်။

'ကျေးဇူးတင်ပါတယ်ကွာ၊ နောက်များမှပဲ ဆိုပါတော့'

နိုဝါကိုစကီက ပြုံးလိုက်သည်။ ကာဆင်ကမူ မာလိုရီအား လေယာဉ်မောင်းနှင်ခန်း၏ အနောက်ဘက်ရှိ ညှော်ခန်းဆောင်ထဲအထိ လိုက်ပို့ရင်း မှာလိုက်ပြန်၏။

'သူတို့တွေလည်း ရင်ခုန်နေကြမှာပါ၊ ခင်ဗျားဆီမှာ ဘယ်လို ဝှက်ဖဲတွေ ရှိတယ်ဆိုတာ မသိနိုင်လို့ ရင်တော့ ခုန်နေကြမှာပဲ၊ ဒါကြောင့် ခင်ဗျားအနေနဲ့ ဣန္ဒြေမပျက်အောင် ထိန်းထားနိုင်လေလေ ကောင်းလေပဲဆိုတာကို သတိရစေချင်ပါတယ်'

'ဖြစ်ပါတယ်'

'ကျုပ်ကတော့ ခင်ဗျားနဲ့တောင် လိုက်ခဲ့ချင်တယ်'

'မဖြစ်ဘူး၊ ညွှန်ကြားချက်အတိုင်း လိုက်နာတာက ပိုကောင်းလိမ့်မယ်၊ ပြီးတော့လဲ ခင်ဗျားတို့ လူစုပါလာတာကို မသိပါစေနဲ့လို့ မျှော်လင့်ထားတာပဲ'

မစ္စတာကာဆင်က ခေါင်းညိတ်လိုက်၏။ သူက လက်ဆန့်ပေးသဖြင့် မာလိုရီက လက်ဆွဲ၍ ခါယမ်းလိုက်သည်။

'တွေ့ကြသေးတာပေါ့ဗျာ'

'အဲဒီလိုပဲ မျှော်လင့်ထားပါတယ်'

ကက်ပတိန်မာလိုရီသည် ကန့်လန့်ကာဖြင့်ကာထားသော မှောင်နေသည့် ပထမတန်း ခရီးသည်ခန်းထဲသို့ ကြောင်လိမ်လျှောက်ကားမှ ဆင်းလာခဲ့သည်။ ခရီးသည်အများစုမှာ အိပ်ပျော်နေကြပြီ ဖြစ်သော်လည်း ဘုန်းတော်ကြီးတစ်ပါးကမူ စာဖတ်နေဆဲဖြစ်သည်။ မာလိုရီက ထိုဘုန်းတော်ကြီး သမ္မာကျမ်းစာကို ဖတ်ရှုနေသည်ဟု ထင်လိုက်မိသော်လည်း ထိုစာအုပ်မှာ ခရီးသည်များအတွက် ဆန်ဖရန်စစ္စကိုမြို့အကြောင်း သိကောင်းစရာစာအုပ် ဖြစ်နေသည်။ "ကျုပ်ကတော့ ဆန်ဖရန်စစ္စကိုမြို့ကိုရောက်ရင် လျှောက်ကြည့်ချင်လှပြီ တော်တော့ကိုလှမယ့် ပုံပဲ"

'အိပ်လှပါတယ်' ဟု မာလိုရီက ဖြေလိုက်၏။

ဒါပေမယ့် ဒီလေယာဉ်ပျံက ဆန်ကျင်ဘက်အရပ်ကို ဦးတည်ပျံသန်းနေတာ။ အဲဒီစာအုပ်ကို ပြတင်းပေါက်က လွှင့်ပစ်လိုက်ဖို့ပဲ ကောင်းတယ်ဟု စိတ်ထဲက ပြောလိုက်မိသည်။

မာလိုရီသည် အနောက်ဘက်သို့ ဆက်လျှောက်သွားသည်။ ဤနေရာဘက်တွင်လည်း မီးကို 'မှိန်' ထားကြသည်။ ခရီးသည်အများစုမှာ ထိုင်ခုံများပေါ်တွင် ကိုးရိုးကားရား အိပ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မာလိုရီက သတိကြီးစွာထား၍ လမ်းလျှောက်နေသည်။ မင်းလမ်းဘေး၌ အိပ်နေသော ခရီးသည်များက ယောင်ယမ်းပြီး ခြေနှင့်ကန်တတ်ကြသောကြောင့်ဖြစ်သည်။

မာလိုရီက ဒီးပင်နက်တီအား လှမ်းပြောလိုက်၏။

'ဣန္ဒြေမပျက်စေနဲ့နော်'

ဤတွင် လက်တစ်ဘက်က မာလိုရီ၏ လက်ကို လှမ်းတိုင်လိုက်သည်။ ထိုပုဂ္ဂိုလ်မှာ တန္တနိစကျွိုင်းယားဆိုသူ ရုပ်ရှင်မင်းသားကြီးပင်တည်း။

'ကက်ပတိန်. . . ခင်ဗျား နောက်တစ်ခေါက် လာပြန်ပြီကိုး'

'ဟုတ်ကဲ့၊ ပထမအကြိမ် လာတုန်းက သိပ်ပြီး စိတ်ကျေနပ်သွားလို့ နောက်တစ်ကြိမ် ထပ်လာတာပါခင်ဗျာ'

'ကျုပ်ကတော့ မယုံဘူး ကက်ပတိန်'

'အစစအရာရာ အဆင်ပြေနေလျက်ပါပဲ ခင်ဗျာ'

'ကျုပ်ကတော့ တယ်မထင်ဘူး'

မာလိုရီသည် နိုးနေသော ခရီးသည်များကို ပြုံးပြရင်း မင်းလမ်းအတိုင်း ဆက်လျှောက်သွားသည်။ ထိုပုဂ္ဂိုလ်ထဲမှ တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်သည် အကြမ်းဖက်သမားများ ဖြစ်နေလေမလား။

ကက်ပတိန် မာလိုရီသည် လေယာဉ်နောက်ဘက်သို့ ရောက်ရှိလာ၏။ ထိုနေရာတွင် လူသူကင်းမဲ့နေပုံရသည်။

'ကက်ပတိန် မာလိုရီ'

သူက အထိတ်တလန့်နှင့် နောက်သို့ပြန်လှည့်လိုက်မိ၏။ ခေါ်လိုက်သူမှာ ငယ်ရွယ်ပြီး ချောမောသော အမျိုးသမီးတစ်ဦးပင်တည်း။ အစပထမတွင် ခရီးသည်တစ်ယောက်ဟုပင် ထင်လိုက်မိ၏။ သူက ခေါင်းညိတ်ပြီး နှုတ်ဆက်လိုက်မိပြီးမှ တံ့ကနဲ ရပ်တန့်သွားသည်။

လေးနက်သော အသွင်သဏ္ဌာန်မှာ ထင်းထင်းကြီး ပေါ်လွင်နေသည်။

'ရှင် အံ့ဩသွားအောင် ကျွန်မက လုပ်လိုက်မိတာကိုး၊ ရှင်က အမျိုးသမီးတစ်ယောက် ဖြစ်နေလိမ့်မယ်လို့ မျှော်လင့်မထားဘူး ထင်တယ်'

မာလိုရီက ခေါင်းခါလိုက်မိ၏။

'ဟုတ်တယ်၊ မထင်မိဘူး'

'ကျွန်မ နာမည်က ဖာဒီယာ၊ ရှင့် နာမည်က ကက်ပတိန် စတီဗင်မာလိုရီ အသက် ၃၉ နှစ်၊ ၂၀၃ ဝဲလ်လင်ဝေးလမ်း၊ ဝေါလ်နတ်ကရိခ်မှာ နေတယ်၊ ရှင့်သမီးနာမည်က ဂျိန်း'

မာလိုရီ၏ နှလုံးမှာ တဒုန်းဒုန်းခုန်လာသည်။

'ဂျိန်းနဲ့ ဘာဆိုင်လို့တုံး၊ သူ့အခြေအနေ ကောင်းရဲ့လား'

ဖာဒီယာက ပြန်ဖြေလိုက်၏။

'အဲဒါကတော့ ရှင့်အပေါ်မှာ မူတည်တယ်၊ ရှင်က ညွှန်ကြားချက်အတိုင်း လိုက်နာ

www.burmeseclassic.com

www.burmeseclassic.com



နေသရွေ့ သူ့အတွက် စိတ်ပူစရာ မလိုပါဘူး'

မာလိုရီက နှုတ်ခမ်းကို (သွားနှင့်) ကိုက်လိုက်၏။ ဒီကလေးမလေးသည် အလွန်လျှင်သော ဖျံမကလေးပင်။ သူသည် ပုံပန်းကျနသော အမဲလိုက်ဝတ်စုံကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည်။ ဖာဒီယာသည် (VOGUE) ခေတ်မဂ္ဂဇင်းထဲက စံပြမယ်တစ်ဦးပမာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်အဝရှိသော အပြုံးကလေးနှင့် အကျီအိတ်ထဲတွင် လက်တစ်ဘက် နှိုက်ထားသည်။

တသမ်းသမ်း တဝေဝေ ဖြစ်နေသော ခရီးသည်တစ်ဦး အိမ်သာဆီသို့ လာနေသဖြင့် ဖာဒီယာက လမ်းဖယ်ပေးလိုက်၏။

'ကျွန်မတစ်ယောက်တည်း မဟုတ်ဘူးဆိုတာကိုတော့ ရှင်သဘောပေါက် လိမ့်မယ်လို့ ထင်ပါတယ် ကက်ပတိန်'

'မင်းတို့က ဘယ်နှစ်ယောက်'

'ဒုက္ခမရှာပါနဲ့ ကက်ပတိန်၊ အဲဒီလို မေးခွန်းမျိုးကို အဖြေပေးတဲ့အထိ အင်မတန်ထူတဲ့ အတုံးအမျိုးသမီးပဲလို့ ရှင်က ကျွန်မကို ထင်လို့လား'

'စမ်းကြည့်လို့ကတော့ အကျိုးမယုတ်ပါဘူးလေ'

'သိပ်လဲ အထင်ကြီးမနေပါနဲ့လေ'

အပြုံးကလေး ပျောက်ကွယ်သွားသည်။

'ကျွန်မတို့ဆီမှာ သေနတ်တွေ၊ ဗုံးတွေ ပါလာတယ်၊ လိုအပ်ရင် ဖောက်ခွဲပစ်ဖို့ ဝန်မလေးဘူးဆိုတာ ရှင့်ကို ထပ်ပြီး သတိပေးထားပါရစေ၊ ဒါပေမယ့် ကျွန်မကတော့ အယ်လ်မားဂရက်စ် လေဆိပ်ကို ချောချောမောမောပဲ ရောက်ချင်တယ်'

ဖာဒီယာသည် သံလိုက်အိမ်မြှောင်ကလေးတစ်ခုကို အိတ်ထဲက ထုတ်ယူရင်း ပြောလိုက် သည်။

'ရှင့်ကို ညွှန်ကြားထားတဲ့အတိုင်း ပျံသန်းရာလမ်းကြောင်းကို ပြောင်းလဲခဲ့တဲ့အတွက် ကျွန်မ ဝမ်းသာပါတယ်'

'ထရန်နီစ်အမ်ကတော့ ခရီးသည်များရဲ့အကြိုက်ကို ဆောင်ရွက်ပေးလေ့ရှိပါတယ် ခင်ဗျာ'

'သိပ်ကို ဟားရတယ် ကက်ပတိန်၊ ရှင်ခုလို ဟာသနှောနိုင်တဲ့ အဆင့်မှာ ရှိနေသေးတာ ကျွန်မ သဘောကျပါတယ်၊ ကဲ ပထမဦးဆုံး ကျွန်မတို့ လုပ်ရမယ့်အလုပ်က မစ္စတာ ကာဆင်နဲ့ အပေါင်းပါတွေကို ချည်ပြီးတုပ်ပြီးဖြစ်အောင် လုပ်ဖို့ပဲ'

မာလိုရီက တံထွေးကို မျိုချလိုက်မိ၏။

'ဘယ်သူ'

'လုပ်မနေစမ်းပါနဲ့ ကက်ပတိန်ရယ်၊ ကျွန်မကို အင်မတန် နုံတဲ့အတုံးသူလို့ မထင်လိုက်ပါနဲ့၊ ပုပ်ရဟန်းမင်းကြီးကို ကာကွယ်ဖို့ မစ္စတာကာဆင်က စုံထောက်လေးယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ပြီး လိုက်ပါလာတယ်၊ ကံဆိုးချင်တော့ သူတို့တွေ တာဝန်တွေ ဖြစ်ခဲ့ရပြီ ပေါ့လေ၊ ရှင်နဲ့ ကျွန်မက ပထမတန်းခရီးသည်တွေစီးတဲ့အခန်းကို ဖြတ်ပြီး ညေ့ခန်းဆီကို ကြောင်လိမ်လှေကားနဲ့ တက်ကြမယ်၊ ရှင်က မစ္စတာတာဆင်တို့ လှမ်းခေါ်ပြီး အဲဒီမှာ ကျွန်မနဲ့ဆုံနိုင်အောင် စီစဉ်ပေးရမယ်၊ အဲဒီအခါကျရင် သူက အခေါင်းပါတွေကို အသံလွှင့်/ဖမ်းစက်ကလေးနဲ့ လှမ်းခေါ် ခိုင်းရမယ်၊ ရှင့်ကို ကျွန်မ ကြိုတင်အသိပေးထားချင်တဲ့ ကိစ္စကတော့ ကျွန်မကိုယ်ပေါ်မှာ ပလတ်စတစ်(ဒိုင်းနမိုက်) ၅ ကီလို(တစ်ကီလို - ၂ ဒသမ ၂ ပေါင်) ချည်နှောင်ထားတယ် ဆိုတာပဲ၊ ကျွန်မကို ဟန့်တားမယ်ဆိုရင် ချက်ချင်း ဖောက်ခွဲပစ်လိုက်မယ်၊ ဒါဆိုရင် ဒီလေယာဉ်ပျံကြီး နှစ်ပိုင်းပြတ်ထွက်သွားပြီး ခရီးသည် အားလုံး သေကုန်ကြမှာပဲ'

'မင်းလဲ ပါသွားမှာပေါ့'

'သိပ်ဟုတ်တာပေါ့ ကဲ ရှေ့ပိုင်းဆီကို သွားကြရအောင်. . . ၊ သိုသိုသိပ်သိပ် လုပ်နိုင်လေ ကောင်းလေပါပဲ၊ ကျွန်မတို့အနေနဲ့ ခရီးသည်တွေကို အထိတ်တလန့် မဖြစ်စေချင်ပါဘူးလေ'

မာလိုရီက ဖြေလိုက်၏။

'ဒီလေယာဉ်ပေါ်မှာ သေနတ်တွေပါလာတယ်ဆိုတာ ကျုပ် မယုံဘူး၊ တင်းတင်းကျပ်ကျပ် စစ်ဆေးနေတဲ့ လုံခြုံရေးအရာရှိတွေလက်က လွတ်အောင် သယ်လာဖို့ မလွယ်ဘူး'

ဖာဒီယာက ပခုံးတွန့်လိုက်ပြီးနောက် ၎င်း၏အိတ်ထဲမှ ဂျာမန်လုဂါ သေနတ်တစ်လက်ကို ဆွဲထုတ်ပြလိုက်သည်။

'ကဲ. . . ကျေနပ်သွားပြီလား'

မာလိုရီတစ်ယောက် မြင်မြင်ထင်ထင် ထိတ်လန့်သွားပုံရသည်။

'အဲဒါကို လေယာဉ်ပျံပေါ် ရောက်အောင် မင်း ဘယ်လိုလုပ်ပြီး သယ်လာသလဲ'

'သူ့နည်းနဲ့ သူပေါ့ရှင်၊ ရှင့်ကို နောက်ကျတော့ ပြောပြပါ့မယ်၊ ခုအချိန်မှာတော့ အချိန်ဖြုန်းသလို ဖြစ်နေပြီ၊ ကဲ. . . သွားကြရအောင်'

မာလိုရီက ပြောလိုက်၏။

'နေဦးလေ၊ ဒီလေယာဉ်ပျံပေါ်မှာ အပြစ်မဲ့တဲ့လူတွေ အများကြီးပါလာတယ်၊ ပုပ်ရဟန်းမင်းကြီး ဆိုတာကလည်း. . .'

'လေကုန် မခံပါနဲ့လေ'

ဖာဒီယာက ခေါင်းခါလိုက်၏။

'အခုကိစ္စက စကားရှည်လုပ်ပွဲလုပ်နေတာ မဟုတ်ဘူး၊ မှားတာတွေ၊ မှန်တာတွေ၊ တရားတာတွေကို ကျွန်မတို့က နည်းနည်းမှ ဂရုမစိုက်ဘူး၊ (ဗူးထဲမှာ)ရေပါဖို့ပဲ အရေးကြီးတယ်၊ ရှင့်ကို(အထက်က) ညွှန်ကြားထားတာတွေ ရှိသလို ကျွန်မတို့ကိုလည်း ညွှန်ကြားထားတာတွေ ရှိတယ်၊ ရှင်က အယ်လ်မားဂရက်ဗ် လေဆိပ်ကို မောင်းသွားပြီး ဆင်းပေးရမယ်၊ ဒါပါပဲ၊ ရှင် အဲဒီလို လုပ်ပေးပြီးရင် ရှင့်အဖို့ ဘာမှ ပူစရာမလိုတော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ခရီးသည်တွေရဲ့ လုံခြုံရေးအတွက် ကျုပ် စိတ်ပူမိတယ်'

'ကဲပါလေ. . . သွားကြရအောင်၊ ရှင့်မိသားစုတွေ ဘေးမသီ ရန်မခကြဖို့ဆိုတဲ့ကိစ္စဟာ ညွှန်ကြားချက်တွေကို ရှင်က တသဝေမတိမ်း လိုက်နာမှုအပေါ်မှာ မူတည်တယ်'

ဖာဒီယာက လက်တစ်ဘက်နှင့် အချက်ပြလိုက်၏။

'ကဲ. . . ရှင်က မစ္စတာကာဆင်ကို တယ်လီဖုန်းနဲ့ အခု အကြောင်းကြားလိုက်ပေတော့၊ သူ့ကို ကျွန်မက အပေါ်ထပ် ဧည့်ခန်းထဲမှာ တွေ့ချင်တယ်'

□

ဖာဒီယာ၏ ကိုယ့်ကိုယ်ကိုယ် စိတ်ချယုံကြည်မှုမှာ အံ့ဩစရာ ကောင်းလှသည်။ သူက မစ္စတာကာဆင်အား အရေးမပါလှသော အသိအကျွမ်းတစ်ယောက်ကို နှုတ်ဆက်လိုက်ဟန်နှင့် မထီမဲ့မြင် ခေါင်းညိတ်ပြလိုက်၏။

'ရှင့်လူတွေကို ခေါ်လိုက်ပါ မစ္စတာကာဆင်၊ ဒီကိုလာပြီး ရှင်နဲ့တွေ့ပါလို့ ပြောလိုက်ပါ'

မစ္စတာကာဆင်က သွေးတိုးစမ်းသည့်အနေဖြင့် ငြင်းလိုက်သည်။

'မခေါ်ဘူး'

'ကျွန်မအိတ်ထဲက တွဲလောင်းကျနေတဲ့ ဟောဒီ ကြိုးကလေးကိုတော့ ရှင် သတိထားမိပါလိမ့်မယ်၊ အဲဒီကြိုးကို ဗက်ထရီနဲ့ ဆက်ထားတာ၊ ကျွန်မက အဲဒီကြိုးကို နည်းနည်းလောက်ဆွဲလိုက်လို့ ဓာတ်အားဆားကစ် ဆက်မိသွားရင် ပလတ်စတစ် ယမ်းဘီလူး ငါးကီလိုထပြီး ပေါက်ကွဲလိမ့်မယ်'

'ကျုပ်ကတော့ မင်းပြောတာကို လုံးဝမယုံဘူး'

မစ္စတာကာဆင်က လက်ပိုက်ရင်း ဖာဒီယာကို စူးစူးရဲရဲ ပြန်ကြည့်နေသည်။

ဖာဒီယာက ပခုံးကို တွန့်ပြလိုက်ပြီးနောက်. . .

'မဂိုက်ကန်းချင်ပါနဲ့ မစ္စတာကာဆင်ရယ်၊ ရှင့်အနေနဲ့ လှလှပပကြီး အရှက်ကွဲသွားရတယ်ဆိုတာ ကျွန်မ နားလည်ပါတယ်၊ ကိုယ်ချင်းလည်း စာပါတယ်၊ ဒါပေမယ့် အဲဒါက ဆုံးခန်းတိုင်စေမယ့်ကိစ္စ မဟုတ်သေးပါဘူး၊ ကျွန်မ ပြောတဲ့အတိုင်း မလိုက်နာရင်တော့ အစစအရာရာ ချုပ်ငြိမ်းသွားလိမ့်မယ်'

'ဒါ တကယ်ပြောနေတာလား'

မာလိုရီက နှုတ်ခမ်းကို လျှာနှင့်လျက်လိုက်မိ၏။ ၎င်းအနေနှင့် ချောင်းဟန့်လိုစိတ်ရှိသော်လည်း အသံမြည်အောင် လုပ်ရမည်ကို ထိတ်လန့်နေမိသလိုလိုပင်တည်း။

ဖာဒီယာက ပြောလိုက်၏။

'ရှင့်အနေနဲ့ ကျွန်မကို သံသယဖြစ်လိမ့်မယ်လို့တော့ အထင်မိသားပဲ၊ အဲဒါကြောင့် ကျွန်မအနေနဲ့ မဖြီးဘူးဆိုတာ အလွယ်တကူ ပြနိုင်အောင် အဝတ်အစားကို တမင်စီစဉ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စားလာပါတယ်'

ဖာဒီယာသည် သေနတ်ကို လက်တစ်ဘက်နှင့် ကိုင်ထားရင်းအင် ဖာတင်အကျီ ပေါ်မှ ကြယ်သီးများကို ကျန်လက်တစ်ဘက်နှင့် ဖြုတ်လိုက်၏၊ အောက်ဘက်တွင် ခပ်ပွပွ ဘလောက်စ် အကျီတစ်ထည်ကို ဝတ်ထားသည်။ ဖာဒီယာက အကျီကို လှန်ပြလိုက်၏၊ တလာကျင်းနေသော ၎င်း၏ ခါးပတ်,ပတ်လည်တွင် ပလတ်စတစ် ယမ်းဘီးလူးများကို တိပ်နှင့် ကပ်ထားသည်။

မစ္စတာကာဆင်က ထိုပစ္စည်းကို စိုက်ကြည့်လိုက်၏၊ မျက်နှာ ဖြူပပ်ဖြူရော်နှင့် နေဒါပွသွားသော မစ္စတာကာဆင်က ခေါင်းညိတ်လိုက်၏။

'ကောင်းပြီ၊ လောလောဆယ်မှာတော့ မင်းပြောတာကို ကျုပ် လက်ခံတယ်'

'အင်မတန် မှန်ကန်တဲ့ လုပ်ရပ်ပဲပေါ့ မစ္စတာကာဆင်ရယ်၊ ရှင့်လူတွေကို လက်ထဲမှာ ဘာမှ ကိုင်မထားစေပဲနဲ့ ခပ်ဖြည်းဖြည်း တက်လာခိုင်းလိုက်ပါ၊ ပြီးတော့ ဒီလှေကားက တက်လာသူတွေကိုလည်း အနှောင့်အယှက် မပေးပါစေနဲ့'

မစ္စတာကာဆင်က တစ်ဘက်သို့ လှည့်ပြီး အသံလွှင့်ဖမ်းစက်ကလေးနှင့် ပြောလိုက်၏။ ထိုအခိုက်တွင် သေနတ်တစ်လက်စီကို ဖြောင်ကိုင်လာသော ဖာဒီယာ၏ အပေါင်းပါ နှစ်ယောက်သည် ကြောင်လိမ်လှေကားမှ တက်လာကြသည်။ ၎င်းတို့အား အာရေဗီ စကားနှင့် တစ်စုံတစ်ရာ လှမ်းပြောလိုက်ရာ ၎င်းတို့က ခေါင်းတဆတ်ဆတ် ညိတ်လိုက်ကြပြီး စည့်ခန်း၏ တစ်ဘက်တစ်ချက်တွင် နေရာယူလိုက်ကြ၏။ ဖာဒီယာသည် အမိန့်ပေးနိုင်သူ တစ်ယောက် ဖြစ်သည်မှာ သေချာသည်၊ အတွေ့အကြုံ ရင့်ကျက်သော ခေါင်းဆောင်တစ်ဦး ပင် ဖြစ်လေသလော။ ၎င်းအတွက် ဘာများ အကျိုးအမြတ် ...ွက်စရာရှိပါသနည်း။ ဖာဒီယာ အား အကဲခတ်ရသည်မှာ ဤလေယာဉ်ပေါ်မှ လူအားလုံးကို တစ်ယောက်မကျန် သတ်ပစ် ရန်လည်း ဝန်မလေး။ လေယာဉ်ပျံတစ်စီး... ကို ဖောက်ခွဲပစ်ရန်လည်း ဝန်မလေးသော မိုက်မိုက်ကန်းကန်း အမျိုးသမီးတစ်ယောက်ဟု ယူဆရသည်။

မစ္စတာကာဆင်က မေးလိုက်၏။

'ဒီငတိတွေက ဘယ်သူတွေလဲ'

'ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်တွေပေါ့'

'မင်းက တို့နဲ့ မိတ်ဆက် မပေးတော့ဘူးလား'

'မလိုပါဘူး'

ယခုအချိန်တွင် စုံထောက်အဖွဲ့မှ စုံထောက်နှစ်ယောက်သည် လှေကားမှ တက်လာကြ သည်။

မစ္စတာကာဆင်က လှမ်းပြောလိုက်၏၊

'ဆောရီးပဲကွာ၊ တို့တော့ ကွဲကာနဲ့နေအောင် အမိခံလိုက်ကြရပြီ'

ဖာဒီယာက လျှို့ဝှက်သေနတ်နှင့် အချက်ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ရှင်တို့ ဒီအထဲဝင်လာပြီး ဒီမှာ ထိုင်ကြပါ'

မစ္စတာကာဆင်က ခေါင်းညိတ်ပြရင်း ညွှန်ကြားလိုက်သည်။

'လာကြကွာ၊ သူ ပြောတဲ့အတိုင်း လိုက်နာကြ'

ဖာဒီယာက နာမည်များကို မေးသဖြင့် မစ္စတာကာဆင်က ခေါင်းညိတ်ပြီး ခွင့်ပြုလိုက်သည်။

'မက်ဒေါ်'

'ဂရင်း'

ဖာဒီယာက မစ္စတာကာဆင်ဘက်သို့ လှည့်လိုက်၏။

'လေယာဉ်ပျံပေါ်မှာ ရှင့်လူတွေ ကျန်သေးသလား'

မစ္စတာကာဆင်က ခေါင်းခါသည်။

ဖာဒီယာ၏ နှုတ်ခမ်းများ တင်းတင်းကျပ်ကျပ် စေ့သွားသည်။

'အခု ရှင်ပြောတဲ့စကားဟာ နောက်ဆုံးပြောတဲ့ မုသားစကားပဲဆိုတာ ရှင် သိထားစမ်းပါ မစ္စတာကာဆင်ရယ်၊ ကဲ ဂျိုးဇက်နဲ့ မက်ဒေါ် နယ်ကို ခုချက်ချင်း ထပ်ခေါ်စမ်း'

မစ္စတာကာဆင်၏ ရင်ဘတ်မှာ ဖြန်းကနဲ နှလုံးရောဂါ ဖြစ်တော့မည့် ပုဂ္ဂိုလ်တစ်ဦးပမာ နိမ့်ချည်မြင့်ချည် ဖြစ်လာသည်။ သူ့အဖို့ မျှော်လင့်ချက် လုံးဝကင်းဝေးသွားလေပြီ။ မစ္စတာကာဆင်က သက်ပြင်းတစ်ချက်ချလိုက်ပြီးနောက် စကားပြောခွက်ကို ခလုပ်ဖွင့်၍ ကျန်နှစ်ယောက်ကို လှမ်းခေါ်လိုက်၏။

'ဒီးမှပဲ၊ မင်းက တို့လူတွေနာမည်ကို ဘယ်လိုလုပ် သိထားသလဲ'

'ကျွန်မတို့မှာ မိတ်ဆွေသင်္ဂဟတွေ အများကြီး ရှိပါတယ် မစ္စတာကာဆင်၊ ကျွန်မတို့ရဲ့ လှုပ်ရှားမှုကို ထောက်ခံတဲ့လူတွေဟာ ရှင်ထင်တာထက် များပါတယ်၊ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေက ကျွန်မတို့ကို အမြဲတစေ သတင်းပေးနေလေ့ရှိပါတယ်၊ အမေရိကန်ပိုင် လေယာဉ်ပျံပေါ်မှာ စုံထောက်တွေ လိုက်လာတော့မယ်ဆိုရင် လူနာမည်၊ သေနတ်အမျိုးအစားစသည်ဖြင့် သူတို့နဲ့ပတ်သက်တဲ့ အချက်အလက်တွေကို ပုံစံအမျိုးမျိုးမှာ ဖြည့်စွက်ကြရတယ် မဟုတ်လား၊ ဒီခရီးစဉ်အတွက်လည်း အဲဒီလိုလုပ်ရတာပါပဲ၊ ကျွန်မတို့အနေနဲ့ ကံကောင်းချင်တော့ အဲဒီ စာရွက်စာတမ်းတွေကို လေယာဉ်ပျံ မထွက်ခင် ကြိုပြီးလေ့လာခွင့်ရခဲ့ပါတယ်. . .'

မစ္စတာကာဆင်က မာလိုရီဘက်သို့ ချာကနဲ လှည့်လိုက်၏။

'ခင်ဗျားတို့ ကုမ္ပဏီက ခွေးမသား တစ်ယောက်ယောက်က လျှို့ဝှက် သတင်းတွေကို ထုတ်ပေးနေတာပဲ ဖြစ်ရမယ်'

ဖာဒီယာက မစ္စတာကာဆင်အား သေနတ်ပြောင်းနှင့် ထိုးလိုက်၏။

'တော်ပြီ မစ္စတာကာဆင်၊ စကား ထပ်မပြောနဲ့တော့'

ဖာဒီယာသည် အပေါ်ထပ်သို့ နောက်ထပ် ရောက်လာသော စုံထောက် နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အား မော့ကြည့်လိုက်သည်။

'မစ္စတာဂျိုးဇက်နဲ့ မစ္စတာမက်ဒေါ်နယ်၊ ရှင်တို့ရဲ့ လုပ်ဖော် ကိုင်ဖက်တွေနဲ့အတူ ဟိုမှာ သွားထိုင်ကြပါ'

'သွားကြလေကွာ'

မစ္စတာကာဆင်က အောက်သို့ ငုံ့ကြည့်ရင်း မပွင့်တပွင့်နှင့် ပြောလိုက်၏။ သူတို့ ထိုင်မိကြသောအခါ ဖာဒီယာက ပြောလိုက်သည်။

'ကဲ ရှင်တို့ အဝတ်အစားတွေကို ချွတ်ကြတော့'

အားလုံးက ဖာဒီယာကို ကြောင်ကြည့်နေကြသည်။

'ခင်ဗျားက နောက်ပြောင်နေတာလား'

'ခိုင်းတဲ့အတိုင်း ချက်ချင်းလုပ်ကြစမ်းပါရှင်'

မစ္စတာကာဆင်က ပြောလိုက်၏။

'မလုပ်ဘူး၊ ဘယ်နည်းနဲ့မှ မလုပ်ဘူး'

ဖာဒီယာက ဖြေလိုက်သည်။

'ဒီကိစ္စကို ငြင်းခုံနေဖို့ အချိန်မရှိဘူး၊ ရှင်တို့ မြန်မြန်ချွတ်ရင်ချွတ်၊ မချွတ်ရင် ဝမ်းနည်းစရာနဲ့ ကြုံကြရလိမ့်မယ်နော်'

မစ္စတာကာဆင်သည် ထိုင်ရာမှထရန် ကြိုးစားလိုက်၏။ သို့ရာတွင် ပြန်ပေးတစ်ယောက်က ကုလားထိုင်ပေါ်သို့ ပြန်ကျသွားအောင် တွန်းပစ်လိုက်ပြီးနောက် နားထင်ကို သေနတ်နှင့် ထောက်ထားလိုက်သည်။

'ရှင်တို့ ငြင်းဆန်နေမယ်ဆိုရင် ရှင်တို့ကို အနာတရဖြစ်အောင် လုပ်ရလိမ့်မယ်၊ ကျွန်မ အပေါင်းအသင်းတွေဆီမှာ ဓားတွေပါလာကြတယ်၊ ရှင်တို့သိအောင် ပြောချင်တာကတော့ ရှင်တို့အပေါ်မှာ ကျွန်မတို့က အာယာတ လုံးဝမထားပေမယ့် ကျွန်မတို့ကို ဒုက္ခမပေးအောင်တော့ လုပ်ရလိမ့်မယ်၊ အဲဒါကြောင့် ရှင်တို့အားလုံး အဝတ်အစားတွေကို ချွတ်ကြရလိမ့်မယ်၊ ဒါမှပဲ ရှင်တို့က ရန်မူနိုင်တော့မှာ မဟုတ်သလို၊ ရှင်တို့ကိုယ်ပေါ်က တိုတိုထွာထွာ ပစ္စည်းကလေးတွေကိုလည်း စုံစုံစေ့စေ့ ရှာတွေ့ရမှာ'

ဖာဒီယာက သူပြက်လုံးကို သဘောကျဟန်နှင့် ပြုံးလိုက်၏။ သူက မာလိုရီဘက်သို့ လှည့်လိုက်သည်။

'ကက်ပတိန်. . . ရှင်တို့ကိုတော့ အဲဒီလို မလုပ်ခိုင်းပါဘူးလေ'

အလွန်ထူးခြားသည့် အချက်မှာ ဒီမိန်းကလေးတွင် အသည်းတအေးအေး ဖြစ်စေသည့် ညှို့ဓာတ်တစ်မျိုး ရှိနေခြင်းပင်။ မစ္စတာကာဆင်တစ်ယောက် အညှံ့ခံလိုက်ရလေပြီ၊ ခိုင်းသည့်အတိုင်း လိုက်နာကြရန် ၎င်း၏တပည့်များအား ညွှန်ကြားလိုက်ရတော့သည်။

'တို့ဘက်က တုံ့ပြန်နိုင်မယ့် နည်းလမ်းဆိုလို့ ဘာဆိုဘာမှ မရှိတော့ဘူးကွာ'

'ရှင်တို့ သေနတ်တွေကို ကြမ်းပြင်ပေါ် ချလိုက်ကြပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းတို့ လွတ်မြောက်သွားလိမ့်မယ်လို့တော့ မထင်ကြနဲ့နော်' ဖာဒီယာက ပြုံးလိုက်၏။

'လူတွေက ဘာဖြစ်လို့ အဲဒီလို ပြောတတ်ကြပါလိမ့်၊ အဲဒီလို ပြောလိုက်တဲ့အတွက် ကျွန်မတို့က လက်လျှော့ပြီး မလုပ်ပဲနေကြလိမ့်မယ်လို့ ရှင်ထင်သလား မစ္စတာကာဆင်'

နှုန်းနိမ့်သွားပြီဖြစ်သော မစ္စတာကာဆင် ခေါင်းခါပြလိုက်၏။

အဝတ်ဗလာ ဖြစ်သွားကြသော ထောက်လှမ်းရေး အေးဂျင့်များသည် ဆီးခုံကို လက်နှစ်ဘက်နှင့် အုပ်ရင်း အူကြောင်ကြောင်နှင့် မတ်တပ်ရပ်နေကြသည်။

၎င်းတို့အား ဖာဒီယာက ဣန္ဒြေမပျက်ပဲ စေ့စေ့စပ်စပ် အကဲခတ်လိုက်ပြီး နောက်. . .

'ကောင်းတယ် ကဲ. . . ရှင်တို့အားလုံး ဟိုခုံတွေပေါ်မှာ သွားထိုင်၊ ပြီးတော့ ခါးပတ်တွေကိုလည်း ပတ်ထားကြ၊ ပြီးရင် ရှင်တို့လက်တွေကို တစ်ယောက်နဲ့ တစ်ယောက်တွဲပြီး လက်ထိတ်ခတ်ထားမှာ ဖြစ်သလို ကုလားထိုင်နဲ့လည်း တွဲပြီး ခတ်ထားဦးမယ်၊ ရှင်တို့အနေနဲ့ သိပ်ပြီး အနေရအထိုင်ရ ခက်လိမ့်မယ်လို့တော့ မထင်ပါဘူးနော'

ဖာဒီယာက (ခရီးသည်များအား လိုက်လံပြသနေသော) ဧည့်ကြိုတစ်ဦးပမာ ချိုချိုသာသာနှင့် ပြောလိုက်ခြင်းဖြစ်သည်။

မစ္စတာကာဆင်က ကန့်ကွက်သည့် လေသံနှင့် ပြန်ပြောလိုက်၏။

'ကျုပ်တို့ ပေါင်ပေါ်မှာ တင်ထားဖို့ စောင်ဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် တစ်ခုခုလောက် မရနိုင်ဘူးလားဗျာ'

ဖာဒီယာက ခေါင်းခါလိုက်သည်။

'ဝမ်းနည်းပါတယ် လူကြီးမင်းများရှင့်၊ ရှင်တို့ဟာ အရည်အသွေး ပြည့်ဝပြီး ကြံရည်ဖန်ရည်ကောင်းတဲ့ လူတွေ ဖြစ်ပါတယ်၊ လျှော့တွက်လို့ မရပါဘူး၊ ရှင်တို့အပေါ်မှာ ဘာအာဃာတမှလည်း မရှိပါဘူး၊ ကဲ ခုချိန်ကစပြီး လှုပ်လှုပ်ရှားရှား မလုပ်ကြပါနဲ့၊ စကားမပြောကြပါနဲ့၊ ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်တွေက လက်နှေးနေကြမှာ မဟုတ်ဘူး၊ ရှင်တို့တစ်သက်လုံး လူဖြစ်ရှုံးသွားကြရလိမ့်မယ်'

ဖာဒီယာက ၎င်း၏ အဖော်များအား ခေါင်းညိတ်ပြလိုက်ပြီးနောက် မာလိုရီဘက်သို့ လှည့်လိုက်၏။

'ကောင်းပြီ ကက်ပတိန်၊ ခုအချိန်ကစပြီး ကျန်တဲ့ ခရီးစဉ်ကိုပဲ အာရုံစိုက်ကြရအောင်'

ဒီကလေးမလေးသည် ဂျိန်းနှင့် သက်တူရွယ်တူပင်ဟု မာလိုရီက တွေးလိုက်မိ၏။ ချောတာချင်းလည်း တူသည်။ ထက်မြက်တာချင်းလည်းတူသည်။ သူတို့ နှစ်ယောက်အကြားတွင် တူညီသောအချက်တွေ အများကြီး ရှိနေသည်။ ကွဲပြားခြားနားသော အခြေအနေမျိုးဖြင့် တစ်ဦးနှင့်တစ်ဦး ဆုံတွေ့ခဲ့ကြသော် မိတ်ဆွေ သူငယ်ချင်းများပင် ဖြစ်သွားဖွယ်ရှိသည်။ တော်တော် စိတ်မချမ်းသာစရာကောင်းသော အတွေးတစ်မျိုးပင်တည်း။

ဖာဒီယာက လေယာဉ်မောင်းခန်း၏ တံခါးဆီသို့ ခေါင်းဆတ်၍ ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မာလိုရီက ဦးဆောင်၍ ဝင်သွားသည်။ မာလိုရီ နောက်ဘက်၌ သေနတ်ကိုင် အစိုးသမီးတစ်ဦး လိုက်ပါလာကြောင်း တွေ့ရသောအခါ ဂျင်ဆင်နှင့် နီဝါကိုစကီ နှစ်ယောက်စလုံး မျက်လုံးပြူးသွားကြသည်။ ဖာဒီယာက ၎င်းတို့အား လုံးဝ အလေးမထားချေ။

မာလိုရီက အစ္စကြောင်းကြောင်းနှင့် ပြောလိုက်၏။

'သူက ဖာဒီယာ'

ဖာဒီယာက အားလုံးကို လှမ်းပြောလိုက်သည်။

'ကျန်တဲ့ခရီးစဉ် ပြီးဆုံးတဲ့အချိန်အထိ ကျွန်မလည်း ရှင်တို့နဲ့ အတူတူရှိနေမယ်၊ ရှင်တို့အနေနဲ့ လုပ်စရာရှိတာတွေကို လုပ်ရိုးလုပ်စဉ်အတိုင်း ဆက်လုပ်ကြပါ၊ ကက်ပတိန် . . . ရှင်ကလည်း ရှင့်နေရာမှာ ဝင်ထိုင်ပါ၊ ခုအချိန်က စပြီး ဒီလေယာဉ်ပျံ ဟက်ရှီမိုက်နိုင်ငံကို ရောက်ဖို့ကိစ္စဟာ ရှင့်တာဝန်သက်သက်ပဲ၊ အရာခပ်သိမ်းဟာ အစီအစဉ်ချထားတဲ့အတိုင်းပဲ လှုပ်ရှားနေကြတယ်၊ ရှင်တို့ရဲ့ မိသားစုတွေလည်း ဘေးမသီ ရန်မခပဲ ရှိနေကြပါတယ်'

ဂျင်ဆင်က ဒေါသနှင့် ပြောလိုက်၏။

'အဲဒီလို ဖြစ်ကို ဖြစ်ရမှာပေါ့ဗျာ'

နီဝါကိုစကီက ပြောလိုက်သည်။

'ကျုပ်အဖေက နှလုံးရောဂါသည်ဗျ၊ သူ့လို အဘိုးကြီးမျိုးကိုမှ ခေါ်သွားရသတဲ့လား၊ သူ သွေးလန့်ပြီး သေသွားနိုင်တယ်ဗျ'

'အဲဒီလို ဖြစ်မလာပါစေနဲ့လို့ လှိုက်လှိုက်လှဲလှဲ ဆုတောင်းလိုက်ပါတယ်ရှင်'

ဂျင်ဆင်ကလည်း ဝင်ပြောလိုက်၏။

'ကျုပ်မိန်းမနဲ့ ကလေးတွေကို တစ်ခုခု လုပ်တယ်ဆိုရင်'

ဖာဒီယာက စိတ်မရှည်ဟန်နှင့် ပြန်ပြောလိုက်သည်။

'လူတိုင်း လူတိုင်းကသာ ခိုင်းတဲ့အတိုင်း လုပ်ကြမယ်ဆိုရင် သူတို့မှာ ဘာအန္တရာယ်မှ မဖြစ်နိုင်ဘူး'

ဖာဒီယာက ထိုကိစ္စကို ခေါင်းတစ်ချက်ခါယမ်းပြီး အလေးမထားဟန် ပြလိုက်သည်။

'ကျွန်မက ကက်ပတိန် မာလိုရီကို ပြောခဲ့တဲ့အတိုင်း ဒီလေယာဉ်ပျံပေါ်မှာ စစ်သဘောကြီး တစ်စီးလုံးကို မြုပ်ပစ်နိုင်တဲ့ ယမ်းဘီလူးတွေ ပါလာတယ်၊ အရှင်းဆုံးပြောရမယ်ဆိုရင် ကျွန်မတို့လုပ်ငန်းမှာ တစ်ခုခုမှားယွင်းသွားခဲ့ရင် ဒါမှမဟုတ် တားဆီးဟန့်တားမယ်ဆိုရင် ဒီလေယာဉ်ပျံကြီးတစ်စီးလုံးကို ဖျက်ဆီးပစ်လိုက်မယ်၊ အဲဒါကို ရှင်းကြရဲ့လား'

မာလိုရီက ပလတ်စတစ်ဒိုင်းနမိုက်များအကြောင်း ပြောပြလိုက်သည်။

ဂျင်ဆင်က မာလိုရီကို ပြန်မေးလိုက်၏။

'ဒီလောက်တောင် တင်းတင်းကျပ်ကျပ် စစ်ဆေးနေတဲ့အကြားက လက်နက်တွေကို လေယာဉ်ပျံပေါ် ရောက်အောင် ဘယ်လိုလုပ်ပြီး ယူလာခဲ့ကြတာလဲ'

ဖာဒီယာကပင် လိုလိုချင်ချင်နှင့် ဝင်အဖြေပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါကတော့ သိပ်ကို လွယ်ပါတယ်ရှင်၊ မစ္စတာကာဆင်ကို ကျွန်မ ရှင်းပြခဲ့သလို ကျွန်မတို့ကို ထောက်ခံတဲ့လူတွေ အများကြီးရှိပါတယ်၊ ကံကောင်းချင်တော့ ရေမလေဆိပ်မှာ အစားအသောက်တွေကို လေယာဉ်ပျံပေါ် တင်ပို့ပေးရသူတစ်ယောက်က ကျွန်မတို့လူ ဖြစ်နေတယ်၊ သူက လက်နက်တွေ၊ ယမ်းဘီလူးတွေကို ဒန်သတ္တုပြားနဲ့ထုပ်ပိုးပြီး အစားအသောက် ထည့်တဲ့အိုးတွေ ခွက်တွေထဲမှာ စားစရာတွေနဲ့ လဲလှယ်ပြီး ထည့်ပေးလိုက်တယ်၊ ပြီးမှ အဲဒီအိုးတွေ ခွက်တွေကို ရှာရလွယ်အောင် ရောင်စုံခဲတံတွေနဲ့ အမှတ်အသား လုပ်ပေးလိုက်တယ်လေ'

မာလိုရီက ပြန်ပြောလိုက်၏။

'ဒါကြောင့် မင်းတို့က အချိန်ယူပြီးမှ ကိုယ်ထင်ပြကြတာကိုး'

'ရှင်သိပ်တော်တယ် ကက်ပတိန်၊ ရှင်တို့ရဲ့ လုံခြုံမှု အစီအစဉ်ကို ချိုးဖောက်ရတာ သိပ်မခက်လှပါဘူးလေ'

ဂျင်ဆင်က ဝင်ပြောလိုက်၏။

'ဒါပေမယ့် အမျိုးသမီးတွေနဲ့ ကလေးတွေကို ပြန်ပေးဆွဲပြီး ခင်ဗျားတို့ကို ရန်မပြုတဲ့ အဘိုးကြီးတစ်ယောက်ကို အသက်အန္တရာယ်ဖြစ်အောင်လုပ်ဖို့လိုသလားဗျာ'

'လိုပါတယ်ရှင်'

'ခင်ဗျားဟာ တော်တော်ဆိုးတဲ့ ခွေးမပဲ'

'ကျွန်မကိုယ်တိုင်လည်း အဲဒီလို ယူဆထားပါတယ်'

ဖာဒီယာက ဂရုမစိုက်ဟန်နှင့် ဖြေလိုက်သည်။ ထို့နောက် မာလိုရီ၏ နောက်ဘက်ရှိ ထိုင်ခုံအပိုတွင် ဝင်ထိုင်ရင်း သေနတ်ကို ပေါင်ပေါ်တွင် တင်ထားလိုက်သည်။

'ကျွန်မတို့ သွားရမယ့်ခရီးက ရှည်လျားလှပါသေးတယ်၊ ဒါကြောင့် စိတ်ချမ်းမြေ့စရာ ကောင်းအောင် နေကြ ထိုင်ကြဖို့ ကျွန်မ အကြံပေးချင်ပါတယ်၊ ပြီးတော့ ကျွန်မကိုယ်တိုင်က လေယာဉ်မောင်းလိုင်စင် ရထားသူတစ်ဦးဖြစ်တဲ့အပြင် လေကြောင်းကြီးကြပ်ရေးမျှော်စင်မှာလည်း ကြီးကြပ်ရေးမှူးအနေနဲ့ ဝင်အလုပ်လုပ်ခဲ့သေးတယ်၊ ဒါကြောင့် ကျွန်မကို တစ်ပတ်ရိုက်ဖို့ စိတ်မကူးကြပါနဲ့၊ ပြီးတော့လည်း ခုကိစ္စက ကြီးကြီးကျယ်ကျယ် လောင်းကြေးထပ်ထားတဲ့ ကိစ္စမျိုးဖြစ်တဲ့အတွက် အသက် တစ်ချောင်း နှစ်ချောင်းလောက်ကို ထည့်စဉ်းစားမှာ မဟုတ်ဘူး၊ သူသေရင်သေ၊ ကိုယ်သေရင်သေ ဒါပဲ၊ နောက်ပြောချင်တာ တစ်ချက်ကလည်း ကျွန်မမှာ စာနာတာတွေ၊ သနားတာတွေ လုံးဝမရှိဘူးဆိုတာပဲ၊ အားလုံး နားလည်ကြပြီနော်'

မာလိုရီက သက်ပြင်းချလိုက်၏။ ဖာဒီယာ၏စကားကို အကြွင်းမဲ့ ယုံကြည်လိုက်ပါသည်။

'ကဲ ရှင်တို့ရဲ့ ပျံသန်းရာ ခရီးလမ်းကြောင်းကို ကျွန်မ စစ်ဆေးကြည့်မယ်'

❑

www.burmeseclassic.com

www.burmeseclassic.com



ဂျာမန် ဒီမိုကရက်တစ်နိုင်ငံမှ ဗိုလ်ချုပ်ကြီးက သံသယဝင်နေသည်။ သူက နံရံပေါ်ရှိ မြေပုံကြီးကို လှေလာလိုက်၏။ ၎င်း၏ လက်ထောက်တစ်ယောက်က ထရုန်စ် အမေရိကန် ၇၄၇ လေယာဉ်ပျံကြီး ဟက်ရှိမိုက်နိုင်ငံသို့ ပျံသန်းမည့်လမ်းကြောင်းကို မြေပုံပေါ်၌ ဆွဲပြထားသည်။ ထိုလေယာဉ်ပျံသည် ဟမ်းဘတ်မြို့၏ အနောက်တောင်ဘက်မှတဆင့် အရှေ့ဂျာမန်နိုင်ငံ၏ လေကြောင်းပိုင်နက်ထဲသို့ မက်ဂ်ဒီဘတ်မြို့နားမှတဆင့် ဝင်ရောက်လာမည်ဖြစ်သည်။ ထို့နောက် ချက်ကိုစလိုဗက် နယ်စပ်သို့ မရောက်မီ ဒရက်စ်ဒင်မြို့ကို ကျော်ဖြတ်ပျံသန်းသွားမည်ဖြစ်သည်။

ထူးထူးဆန်းဆန်း လာရောက်တိုက်ခိုက်နေမှု တစ်ခုမှာ ဝါဆောအုပ်စုဝင်နိုင်ငံများသည် ဒရက်စ်ဒင်မြို့၏ အနောက်မြောက်ဒေသ၌ စစ်ဆင်ရေး လေ့ကျင့်ခန်းများကို တခမ်းတနား ပြုလုပ်နေချိန်နှင့် တိုက်ဆိုင်နေခြင်းပင်။

ယခုကိစ္စမှာ စစ်ရေးလျှို့ဝှက်ချက်များကို သိလိုသောကြောင့် ကြီးကြီးကျယ်ကျယ် အတွက်ဆင်ထားသော အမေရိကန်၏ ထွင်လုံးတစ်ခုပင် ဖြစ်လေသလော။ သို့တည်းမဟုတ် (လေကြောင်း)ကာကွယ်မှုစနစ်ကို သိလိုသောကြောင့် စမ်းသပ်ခြင်းပင် ဖြစ်လေသလော။

အမေရိကန်တွေနှင့် ပတ်သက်လာရင် ဘာမဆိုဖြစ်နိုင်သည်ဟု ဗိုလ်ချုပ်ကြီးက ယူဆထားသည်။

လေကြောင်းကြီးကြပ်မှုဆိုင်ရာ ပုဂ္ဂိုလ်များကမူ လေယာဉ်ပျံကို အမှန်တကယ် ပြန်ပေးဆွဲခံရခြင်းပင် ဖြစ်သည်ဟု ယူဆကြသည်။ တစ်ခုဆိုးရွားသွားသည်မှာ ဤကိစ္စမှန် မမှန်ကို အကြမ်းဖက်ဂိုဏ်းမှ အကြီးအကဲတစ်ဦးဦးနှင့် ဆက်သွယ်၍ မေးမြန်းစုံစမ်းရန် အချိန်မရခြင်းပင်တည်း။

ယခုလို အချိန်မျိုးတွင် လေယာဉ်ပျံ ပြန်ပေးဆွဲမှု ဖြစ်လာရပြီး ဤလမ်းကြောင်းအတိုင်း ပျံသန်းရမည်ဟု လေယာဉ်ပျံ ပြန်ပေးဆွဲသူများက အဘယ့်ကြောင့် အတင်းအဓမ္မ အကျပ်ကိုင်နေရသနည်း။ ယခုကိစ္စမှာ သာမန်တိုင်ဆိုင်မှုထက် ပိုမိုထူးခြားနေပုံရသည်။ ၎င်းအပြင် ပြန်ပေးဆွဲသူများက ခရီးစဉ်ကို အနည်းငယ်မျှပင် ပြောင်းလဲမပေးနိုင်ဟု အဘယ့်ကြောင့် ခေါင်းမာနေကြရသနည်း။

သူက တယ်လီဖုန်း စကားပြောခွက်ကို ကောက်ကိုင်လိုက်၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၁)

**ဝရင်းဝစ်၌ စံတော်ချိန် ၀၀ း ၄၂ နာရီ**
**ကယ်လီဖိုးနီးယား မြောက်ပိုင်း ညနေ ၅ း ၄၂ နာရီ**

ကရိတ်ချ်ဂျင်ဆင်သည် မီးခိုးခေါင်းတိုင်ထိပ်သို့ ရောက်ရှိလာ၏။ ဂျင်ဆင်သည် ထိုးထိုးထောင်ထောင်ထနေသော အုတ်ခဲစွန်းများကို ဆုပ်ကိုင်လိုက်မိသောကြောင့် ရှုံ့မဲ့သွားသည်။ ရှသည်။ နာသည်။ ၎င်းနှင့် ရွယ်တူချာတိတ်ကလေးများသည် တစ်ဝမ်းတစ်ခါးအတွက် (ခေါင်းတိုင်ရှင်းသော) ဒီအလုပ်မျိုးကို လုပ်ကိုင်ကြရကြောင်း သူ ကြားဖူးထားသည်။ သနားစရာကောင်းသော ချာတိတ်များပေတကား။ အပေါ်သို့တက်ခဲ့ရသည်မှာ ပွန်းပဲ့ရှနာမှုများ။ ထိခိုက်နာကြင်မှုများ။ ဖုန်မှုန့်များ။ ဆိုးရွားလှသော အနံ့အသက်များနှင့် ပြည့်နှက်နေသော အိပ်မက်ဆိုးကြီးပင်တည်း။ မီးပွားလွင့်မထွက်အောင် ဖုံးအုပ်ထားသော သံစကာသည် ကာလကြာရှည်စွာကပင် သံချေးစားသွားသောကြောင့် ကျိုးပဲ့နေပြီ ဖြစ်သော်လည်း ဂျင်ဆင်က အပေါ်သို့ ကိုယ်ကိုတွန့်လိမ်၍ တက်လိုက်သည်တွင် ကျန်နေသေးသော လက်ကျန် အစအနကလေးများက လက်ဝဲလက်မောင်းကို ရှသွားစေ၏။

မကြာခဏဆိုသလိုပင် ကရိတ်ချ်ဂျင်ဆင်သည် အပေါ်သို့ တက်သည့်အလုပ်ကို စွန့်လွှတ်လိုက်ရန် စိတ်ကူးမိသည်။ သို့ရာတွင် အပေါ်သို့ ဆက်တက်သည့်အလုပ်က အောက်ဘက်သို့ပြန်ဆင်းသည့် အလုပ်ထက် ပို၍ လွယ်ကူဟန်တူသောကြောင့် ဆက်၍တက်ခဲ့ခြင်းဖြစ်သည်။ ကရိတ်ချ်ဂျင်ဆင်သည် အုတ်ခဲတစ်ခဲကို မဝံ့မရဲနှင့် လှမ်းကိုင်လိုက်၏။ ထိုအုတ်ခဲမှာ မြဲမြံပုံမရသည့်အပြင် ကျွတ်ထွက်နေပုံရသော်လည်း ကျိုးတော့မသွားပါချေ။ အနံ့အသက်ကလည်း ဆိုးရွားလွန်းလှသည်။ လည်ချောင်းထဲမှ ယားကျိကျိဖြစ်လာသည်နှင့်အမျှ ဖုန်မှုန့်များက နှာခေါင်းထဲသို့ လှိမ့်၍လှိမ့်၍ ဝင်လာနေကြသည်။ ကရိတ်ချ်သည် နှာချေချင်စိတ်ကို အတင်းချိုးနှိမ်ထားရသည်။ အသံသိပ်မြည်သွားလိမ့်မည်။ လောလောဆယ်မှာပင် သူ့ကြောင့် အသံမြည်လွန်းလှချေပြီ။ ၎င်းအပြင် သူ ထွက်ပြေးရန် ကြိုးပမ်းသည့်ကိစ္စကိုလည်း သိနေလောက်ကြပေပြီ။ ၎င်းအား ဖမ်းဆီးရန် ခေါင်းမိုးပေါ်၌ အဆင်သင့်စောင့်နေကြဖွယ်ရာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကရိုတ်ချိက အောက်နှုတ်ခမ်းကို ကိုက်လိုက်၏။ ဟုတ်ပေသည်။ ခုတီစွတ တတယ့်ကို မဟာန်သည့် ကိစ္စပါ။ သို့ရာတွင် အခြေအနေက သူ့အလိုလို ဖန်တီးလာခြင်းဖြစ်သည်။ သူက မီးလင်းဖိုကို ကြည့်ရှုလိုက်ပြီးနောက် နောက်ဘက်သို့ ပြန်လှည့်၍ ကြည့်လိုက်မိ၏။ ထိုအချိန်တွင် အိမ်သာကိစ္စနှင့် အလုပ်ရှုပ်နေကြသောကြောင့် သူ့ကို မည်သူကမျှ သတိထားမိကြပုံ မရ။ ဤတွင် ကရိုတ်ချိက မီးလင်းဖိုထဲသို့ဝင်၍ အပေါ်သို့ မော့ကြည့်မိသည်။ ထို့နောက် အပေါ်သို့ စတက်ခဲ့တော့သည်။

ယခု ခေါင်းတိုင်ထိပ်သို့ပင် ရောက်လုဆဲဆဲ ဖြစ်နေလေပြီ။ ၎င်းက အသက်ဝဝ ရှူလိုက်မိသည်။

ခေါင်းတိုင်ထဲမှ ခေါင်းပြူ၍ ထွက်လိုက်သည်နှင့်တပြိုင်နက် အေးမြသောလေက မျက်နှာပေါ်တွင် လာရောက်ပက်ဖျန်းလိုက်သည်။

နောက်တစ်ကြိမ် အသက်ဝဝ ရှူမိပြန်၏။ အရသာရှိပေစွ။ ကရိုတ်ချိသည် ဘေးဘီသို့ လှည့်၍ ကြည့်လိုက်သည်။ မည်သူမျှ မရှိပါ။ ခေါင်မိုးတစ်ခုလုံး လူသူလေးပါး ကင်းရှင်းနေသည်။

မီးခိုးခေါင်းတိုင်တစ်လျှောက် အပေါ်သို့ တက်လာရသည်မှာ အန္တရာယ် များလွန်းလှသလို ခေါင်းတိုင်ထိပ်ဝမှ ထွက်ရသည့်ကိစ္စကလည်း အန္တရာယ်များလွန်းလှသည်။ ကရိုတ်ချိက သတိကြီးစွာထား၍ ခြေထောက်တစ်ဘက် အပေါ်သို့ မြှောက်လိုက်၏။

ထိုကဲ့သို့ လှုပ်ရှားလိုက်သည့်အတွက် ကိုယ်နေဟန်ထား အနည်းငယ် ပျက်ပြားသွားရာကြောက်စိတ်ကြောင့် ဒူးချောင်သွားပြီး မျက်လုံးအိမ်ထဲ၌ မျက်ရည်များပင် ဝေ့ဝဲလာသည်။ ကောင်းပြီ။ နောက်တစ်ကြိမ် ခန္ဓာကိုယ်ကို နည်းနည်းထပ်၍ စောင်းလိုက်မည်ဆိုပါက သူ့ခြေထောက်သည် အပြင်ဘက်သို့ ရောက်ရှိတော့မည်မှာ သေချာသည်။ ကရိုတ်ချိသည် မောဟိုက်သွားသောကြောင့် မျက်လုံးများကို လက်ဖမိုးနှင့် ပွတ်လိုက်မိ၏။ ကဲ. . . ကရိုတ်ချိသည် ရှေ့သို့တိုးလိုက်ပြီးနောက် ခြေထောက်ကို မီးခိုးခေါင်းတိုင်ထဲမှ တဖြည်းဖြည်း ဆွဲထုတ်လိုက်သည်။ သူ့ခြေဖျားကလေးများက အိမ်ခေါင်မိုးနှင့် တွေ့ထိသွားကြသောအခါ ဝမ်းသာအားရနှင့် ထ၍ပင် အော်ချင်စိတ် ဖြစ်ပေါ်လာမိ၏။ ကရိုတ်ချိက လတ်ဆတ်သောလေအားဘိလပ်ရည်ကို သောက်နေရသည့်ပမာ တအားမျိုချနေမိသည်။ နောက်တစ်ကြိမ် အားစိုက်လိုက်သောအခါ ကျန်နေသော ခြေထောက်တစ်ချောင်းပါ ခေါင်းတိုင်ထဲမှ လွတ်ထွက်လာလေ၏။ ကရိုတ်ချိသည် ခေါင်မိုးပေါ်တွင် မတ်တပ်ရပ်နိုင်ပေပြီ။ ဘေးဘီကို လှည့်ကြည့်နိုင်လေပြီ။

လယ်ကွင်းများ၊ သစ်ပင်များ၊ မြို့တော့ ညာဘက်တွင် လမ်းနှင့် ခပ်ဆင်ဆင်တူသလိုလို။

ကောင်းပြီ . . . အဲဒီနေရာသို့ သူ အရောက်သွားရလိမ့်မည်။ လမ်းမကြီးပေါ် ရောက်အောင် သွားရလိမ့်မည်။ ကားတစ်စီးစီးကိုတားပြီး အနီးဆုံးရဲစခန်းအထိ လိုက်ခွင့်တောင်းရမည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုကိစ္စမှာ သူက အိမ်နှင့်ဝေးရာသို့ ထွက်ပြေးခဲ့သော် အိမ်ထဲ၌ ရှိနေသူများက မြင်သွားကြလေမလားဆိုသည့် ကိစ္စပင်တည်း။ ဤနေရာတွင် မျက်ကွယ်ဟူ၍ လုံးဝမရှိချေ။ သူ အရဲစွန့်ရတော့မည်။ ဖြစ်ချင်ရာဖြစ်ဆိုသောသဘောနှင့် အားကုန်သုတ်၍ ပြေးရပေတော့မည်။

တစ်ကိုယ်လုံး တုန်လှုပ်သွားမိပြန်၏။ သူ့နောက်ကျောကို ဒုသနတ်နှင့် အပစ်ခံရဖွယ်ရှိသည်။ အပစ်ခံရဖို့များသည်၊ သူသေသွားနိုင်သည်။

ကရိုတ်ချ်သည် အောက်နှုတ်ခမ်းကို ကိုက်လိုက်မိပြီးမှ (ထိုကဲ့သို့ နှုတ်ခမ်းကို မကိုက်ရန်) သူ့မိခင်က တဖွဖွတားလေ့ရှိသောကြောင့် ပါးစပ်ကို ပြန်စေ့လိုက်သည်။

အခုကိစ္စတွင် တခြားလုပ်မည့်သူ မရှိ။ မင်းပဲ လုပ်ရလိမ့်မည်ဟု သူ့ကိုယ်သူ ပြန်သတိပေးလိုက်၏။ မင်းတာဝန်ဖြစ်နေပြီလေ။

ကောင်းပြီ။ ကျုပ်လုပ်မယ်။ အခုပဲ စလုပ်တော့မယ်။

ခေါင်မိုးမှာ ကြွပ်ရွနေပြီး သူ့ကိုယ်လုံးကလေး၏ အလေးချိန်ကြောင့် ကြွေမွသွားမည့်ဟန် ပေါက်နေသည်။ သူသွားနိုင်သည့် နေရာမှာ ခေါင်အုပ်တလျှောက်သာ ဖြစ်သည်။ သို့ရာတွင် ခေါင်အုပ်မှာလည်း အလယ်ကောင်တွင် ချိုင့်နေသောကြောင့် ကြောက်စရာ ကောင်းသလိုလို။ သို့သော် သူ့အနေနှင့် မသွားမဖြစ် သွားရတော့မည်သာ၊ သူ့မိခင်နှင့် အခြားသူများအား ကယ်ဆယ်ရန် အခြားနည်း မရှိပြီ။ ကရိုတ်ချ် သက်ပြင်းချမိ၏။ အလွန်ကြီးမားသော တာဝန်ကြီးပင် ဖြစ်ချေသည်တကား။ သူသည် မလောက်လေး မလောက်စား ချာတိတ်ကလေးတစ်ယောက်သာ ဖြစ်သည်ဟု သူ့ကိုယ်သူ ခံစားလာမိသည်။ သူထွက်ပြေးရန် ကြိုးပမ်းသည်ကို သိရှိသွားခဲ့သော် ထိုလူများက သူ့အား မည်သို့မည်ပုံ ပြုလုပ်ကြလေမည်နည်း။ သူ တစ်ကိုယ်လုံး တုန်လှုပ်သွားပြန်သည်။

ထို့နောက် သူ့ကိုယ်သူ ပြန်လှေလာလိုက်မိ၏။ ရွံစရာကောင်းလောက်အောင် ပေရေညစ်ပတ်နေသည်။ သူက တအံ့တဩနှင့် ခေါင်းကို ခါယမ်းလိုက်မိသည်။ မီးခိုးခေါင်းတိုင်များသည် ဤမျှလောက် ညစ်ပတ်ပေရေလိမ့်မည်ဟု သူ မထင်မိခဲ့ပါ။ မာမီ အကြီးအကျယ်ဒေါပွလိမ့်မည်မှာ သေချာသည်။ သူဝတ်ထားသော ဂျင်းဘောင်းဘီမှာ အသစ်ကျပ်ချွတ်နီးပါးပင် ရှိသေးသည်။ ဒီဘောင်းဘီကို ဝတ်ရင်း နောက်ဖေးက ခြံထဲမှာ ဆော့မိသောကြောင့် တဖြစ်တောက်တောက်နှင့် ကြိမ်းခဲ့မောင်းခဲ့သည်ကို ခံရဖူးလေပြီ။ ယခုအချိန်တွင်မူ ထိုဂျင်းဘောင်းဘီသည် တစ်ချိန်က မည်သည့်အရောင် ရှိခဲ့သည်ကိုပင် မသိနိုင်တော့လေပြီ။

ယခုအချိန်တွင် သူသည် ခေါင်းမိုးပေါ်မှ ဆင်းရတော့မည်။ ဘယ်နည်းဘယ်ပုံ ဆင်းရမည်ကို သူမသိပါ။ သူသည် အပေါ်ရောက်အောင် မီးခိုးခေါင်းတိုင်တစ်လျှောက် တွယ်ကပ်၍ တက်လာခဲ့ပြီးမှ ခပ်တုံးတုံး ကြောင်တစ်ကောင်လို ခေါင်မိုးပေါ်၌ ချောင်ပိတ်မိသည့်မှာ ရယ်စရာပင်။

ကရိုတ်ချ်သည် ခေါင်မိုးပေါ်၌ ဝမ်းလျားထိုးမှောက်လိုက်ပြီး အစွန်းမှ ငုံ့ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ရေဆင်းသော ပိုက်လုံးတစ်လုံးတော့ ရှိနေသည်။ သို့သော် ထိုပိုက်လုံးရှိသည့် နေရာသို့ ရောက်အောင် မည်သို့မည်ပုံ လုပ်ရပါမည်နည်း။ ထိုပိုက်လုံးစာ ထဲစတေင်ရှိတ်နှင့်အောက်မှာ ရှိနေသည်။ ထိုပိုက်လုံးရှိသည့်နေရာသို့ရောက်အောင် ကိုယ်တို နောက်ပြန်လှည့်၍ ခြေထောက်နှင့်စမ်းပြီး ရှာရမည့်သဘောရှိသည်။ အဲဒီနောက်ပိုင်းတွင် ဘာဆက်လုပ်ရမည်ကို သူလည်း မသိတော့ပါ။ စမ်းကြည့်ရန်သာ ရှိတော့သည်။ သူခြေချော်လက်ချော် ဖြစ်သွားခဲ့သည်ရှိသော် အောက်ဘက်ခပ်လှမ်းလှမ်းရှိ သစ်သားအဖီတလေးပေါ်သို့ ထိမ့်ကျသွားပေလိမ့်မည်။

ပိုက်လုံးသည် တကျည်ကျည်၊ တကျွတ်ကျွတ်မြည်လာပြီး သူ့ကိုယ်အလေးချိန်အောက်တွင် ပြုတ်ကျတော့မည်ကဲ့သို့ ဖြစ်လာ၏။ သူက ပြုတ်မကျပါနဲ့ ပိုက်လုံးကြီးရယ်၊ နည်းနည်းလောက် အောင့်ထားပေးပါဟု တောင်းပန်လိုက်သည်။

သူက အတတ်နိုင်ဆုံး အသက်ခပ်ပြင်းပြင်း ရှူသွင်းလိုက်၏။ ယခုအချိန်တွင် သူသည် သူတစ်ကိုယ်လုံးကို အမိုးပေါ်မှ လျှောချပြီး ပိုက်လုံးကို ဖက်တွယ်ရတော့မည်၊ ပိုက်လုံးကို အိမ်နံရံမှ ဆွဲခွာလိုက်သလိုလည်း ဖြစ်ပေတော့မည်။

စနေနေ့ နံနက်ခင်းတွင် ကြည့်ရသော လော်ရယ်နှင့် ဟာဒီ ရုပ်ရှင်ကားများ၌ ရေပိုက်လုံးများ ပြုတ်ကျသောကြောင့် နှစ်ယောက်စလုံး ပန်းခင်းများအပေါ်သို့ လိမ့်ကျကြသည်မှာ ရယ်စရာကောင်းလှသည်။

ယခုကိစ္စမှာ ရယ်စရာ မဟုတ်ပါချေ။

သူ့ဖခင်က သူ့အား ဆီးကျူးမည်မှာ သေချာလှသည်။ ခေါင်းတဆတ်ဆတ်ညိတ်ပြီး စွန့်စွန့်စားစားလုပ်ရန် အားပေးနေသည့် ပုံစံကို မြင်ယောင်လာမိသည်။

နောက်တစ်ကြိမ် အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ပြီးနောက် ခေါင်မိုးကို လက်လွှတ်လိုက်၏။

ရေပိုက်ကို နံရံနှင့် ကုတ်တွယ်ထားသောနေရာမှ အင်္ဂတေစအနည်းငယ် ကွာကျသွားသည်။ သို့သော် ပိုက်လုံးကတော့ ပြုတ်မကျချေ။ ကရိုတ်ချ်သည် ပိုက်လုံးကို အရမ်းဆုပ်ကိုင်ထားသောကြောင့် လက်ဆစ်ကလေးများပင် တကျွတ်ကျွတ်မြည်လာသည်ကို ကြားနေရသည်။

ကရိုတ်ချ်သည် ပိုက်လုံးကို ကြိုးတစ်ချောင်းအလား ဆုပ်ကိုင်ရင်း အောက်ဘက်သို့ ဆင်းလာသည်။ သို့ရာတွင် လက်ချောင်းကလေးများအတွက် ကုတ်တွယ်ရန် နေရာမရှိသောကြောင့် နာကျင်လှသည်သာမက မြေကြီးပေါ်သို့ ရောက်လာသောအခါ ရှုရာများကြောင့် သွေးအလိမ်းလိမ်း ဖြစ်နေလေသည်။

ကရိုတ်ချ်သည် ဝမ်းသာအယ်လဲဖြစ်နေသလို ကြောက်စိတ်လည်း ဝင်နေမိသည်။ သူ့လုပ်ရပ်ကို တစ်ဦးတစ်ယောက်အား ပြောပြချင်စိတ် ဖြစ်ပေါ်နေမိသည်။ သို့ရာတွင် ထိုနေရာ၌ ငြိမ်ငြိမ်သက်သက်ကလေး ရပ်နေလိုက်ပြီး အခြေအနေကို သုံးသပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှ အသံဗလံကို မကြားရပါ။ ခုအချိန်အထိ သူပျောက်ဆုံးနေကြောင်း မသိကြသေးချေ။

ကောင်းပြီ၊ ပြေးဖို့အချိန်ကျပြီပဲ။ သူသည် အိမ်ထောင့်စွန်းဆီသို့ရောက်အောင် ခပ်လျှိုလျှိုသွားရင်း အကဲခတ်လိုက်၏။ တစ်ဦးတစ်ယောက်ကိုမျှ မမြင်ရချေ။

ကရိုက်ချ်သည် အောက်နှုတ်ခမ်းကို အပေါ်သွားနှင့်ထိရင်း အတန်ငယ်ကြာအောင် စောင့်နေလိုက်သည်။ သူက လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ပြေးလေ၏။ သူ့ခြေထောက်များသည် ရိုက်တနဲ ရိုက်တနဲဖြစ်နေသော မြက်ပင်များနှင့် ထိသည်ဟုပင် မထင်ရပါချေ။ ကြွက်သားအားလုံးနှင့် အသားဆိုင်အားလုံးတို့သည် စည်းဝါးကိုက်ညီစွာ လှုပ်ရှားနေကြသည်။

ကရိုက်ချ်က မျက်လုံးကို ခပ်မှေးမှေးဖွင့်ထားသည်။ သူ့မျက်နှာထားကမူ အော်သံများနှင့် သေနတ်သံများကို ကြားရလေမလား ဆိုသောဇောနှင့် တင်းမာတောင့်တင်းနေသည်။

သူ့မျက်နှာကို တဟူးဟူး တိုက်နေသောလေက လာတိုးနေသည်။ ရှေ့တည့်တည့်တွင်ရှိနေသော သစ်ပင်တန်းသည် ခြေလှမ်းလိုက်သည့်အခါတိုင်း နိမ့်ချည် မြင့်ချည် ဖြစ်နေကြသည်။ ဂျင်းဘောင်းဘီ လျှောကျနေသည်ကို သိလိုက်ရသောကြောင့် ဆွဲတင်လိုက်ရပြန်၏။ မကြာမီ အိမ်ဆီမှ လှမ်းမမြင်နိုင်သော နေရာသို့ သူရောက်ရှိတော့မည်။ အရှိန်လျှော့၍ မဖြစ်သေးပါ။

သူ့နားထဲတွင် အသံဗလံများကို ကြားရသည်ဟု ထင်မြင်လာသည်။ ချက်ချင်းလိုလိုပင် သူ့ဦးနှောက်ထဲ၌ ဝင်ချက်စတာ သေနတ်တစ်လက်ကို ပခုံးတွင်ထောက်၍ ထိုးပြီးချိန်လိုက်သော လူတစ်ယောက်၏ ပုံသဏ္ဌာန်ကို မြင်ရလေတော့သည်။

ထိုလူသည် ပြေးနေသော ချာတိတ်ကို ပစ်ကွင်းထဲသို့ဝင်အောင် လိုက်လံ၍ ချိန်နေလိုက်ပြီးနောက် သေနတ်မောင်းကို အသာအယာဆွဲလိုက်၏။

ဒိုင်း။

ကရိုက်ချ်သည် သစ်ပင်များအကြားသို့ ပစ်လှဲချလိုက်သည်။ သူက အမောတကောအသက်ရှူရင်း ဟောဟဲ ဟောဟဲ ဖြစ်နေသည်။ သူ့ရင်ဘတ်ထဲမှ နှလုံးကလည်း ခုန်ပေါက်ပြီးထွက်လာတော့မည့်အလား။ တဒုန်းဒုန်းခုန်နေလေသည်။ သူက နောက်ဘက်သို့ လှည့်ကြည့်လိုက်၏။ ရိုင်ဖယ်ကိုင်ထားသူ မရှိပါ။ သေနတ်နှင့်လည်း မပစ်ပါ။ တကယ်ဖြစ်သည်ဟုပင် ထင်ခဲ့ရသည်ပဲ။

ယခု သူသည် သစ်ပင်တန်းဆီသို့ ရောက်ရှိလာပြီ ဖြစ်သောကြောင့် ထိုနေရာမှာပင် လှဲ၍နေချင်မိသည်။ သို့သော် သူနား၍ မဖြစ်ပါ။ အကူအညီရအောင် ရှာရပါလိမ့်မည်။ သူပျောက်နေကြောင်း မကြာမီသိလာကြမည်ဖြစ်သဖြင့် ခပ်မြန်မြန်ရှာမှဖြစ်မည်။ သူသည်နှင့် တစ်ပြိုင်နက် သူ့နောက်သို့ လိုက်လာကြပေလိမ့်မည်။ သူက ခေါင်းကို ခါယမ်းလိုက်၏။ ဒီနေရာတွင်ငိုင်ပြီး စဉ်းစားနေ၍ မဖြစ်သေးချေ။

www.burmeseclassic.com

www.burmeseclassic.com



သူက လမ်းဘက်သို့ ဦးတည်လိုက်၏။

❑

ဂျော့ချ်ဒိုနာတို တစ်ယောက်က အလောသုံးဆယ် ဖြစ်နေသည်။ ၎င်းအတွက် အချိန်က နည်းနည်း၊ လုပ်စရာက ခပ်များများဆိုသော ပုံစံမျိုးပင်။ ၎င်းလို အလွန်အောင်မြင်သော နယ်လှည့် အရောင်းဈေးသည်များအဖို့ အချိန်သည် 'ငွေ' ဖြစ်သည်။

ဒီကနေ့အဖို့ ပြဿနာမှာ 'ဟောရေ့' ဆိုသော အဘိုးကြီးက လေကြောရှည်နေသော ကြောင့် ဖြစ်သည်။ အဘိုးကြီးက လူသုံးကုန်ပစ္စည်း ရောင်းဝယ်သည့်လုပ်ငန်းမှာ လွန်ခဲ့သော နှစ်ပေါင်း ၅၀ အတွင်း တဖြည်းဖြည်းနှင့် ပျက်စီးယိုယွင်းလာခဲ့သည်ဟု အတင်းအဓမ္မ ငြင်းချက်ထုတ်နေသောကြောင့် ဖြစ်သည်။

သို့သော် တိတ်တခိုးချစ်သူ အဲလစ်ဖော့တ်သည် ၂၂ မိုင်မျှသာ ဝေးသော အရပ်တွင် ရှိနေတော့သည့်အတွက် ဒီသက်ကြားအိုကြီး၏စကားကို သူနားမဝင်။ သူ့အမှားမှာ အဲလစ် ထံ မရောက်မီ 'ဟောရေ့' ထံ အလျင်ဝင်ရန် ခရီးစဉ်ဇယားကို ရေးဆွဲခဲ့မိခြင်းပင်တည်း။

သူ့အနေနှင့် အဲလစ်၏ခင်ပွန်း အိမ်သို့ပြန်ရောက်မလာမီ အဲလစ်ထံ အရောက်သွားဖို့ လိုသည်။ ဂျော့ချ်၏မူဝါဒများကလည်း 'အိုင်တွေ့ရင်ခြေဆေးခဲ့' ဟု သူ့ကိုယ်သူ အားပေးနေ မိသည်။ အဲလစ်နှင့်အတူ နာရီဝက်လောက်တော့ နေရတန်ကောင်းပါရဲ့။ သူက အဲလစ် အတွက် အသားညှပ်ပေါင်မုန့်လုပ်သော ၂၂ ဒသမ ၉၈ ဒေါ်လာတန် အိမ်သုံးပစ္စည်း အသစ်ကျပ်ချွတ်တစ်ခုကို လက်ဆောင်အဖြစ် ယူလာခဲ့သည်။ ထိုပစ္စည်းမှာ သူ့အတွက် ၁၁ ဒသမ ၄၉ ဒေါ်လာသာကုန်ကျသည်။ ထိုပစ္စည်းအတွက် အဲလစ်ထံမှ အစားပြန်ရမည့် ကိစ္စနှင့် တွက်ချက်သော် သူ့အတွက် မတန်တဆ မြတ်စွန်းခြင်းပင်ဖြစ်ပေလိမ့်မည်။

ထိုကိစ္စကို တွေးမိလေလေ အဲလစ်ထံမသွားမီ ဟောရေ့ထံ ဝင်ခဲ့မိသည့်အတွက် ပို၍ ဝမ်းနည်းမိလေလေပင်။ ဂျော့ချ်သည် တေးသွားတစ်ခုကို ညည်းလိုက်မိ၏။ အဲလစ်ကို 'ဝ' သည်ဟု မဆိုချင်။ အဲလစ်သည် မို့မို့မောက်မောက် ရှိရမည့်နေရာများတွင် ရက်ရက်ရောရော ရှိလှသည်။ သို့သော် အချိုးအဆက် ကျနပြေပြစ်သည်ဟူ၍လည်း ဆိုသော် ရနိုင်တောင်းပါ သည်။

ဂျော့ချ်သည် မော်တော်ကားကို လျှင်မြန်စွာ မောင်းနှင်နေမိကြောင်း သိနေပါသည်။ အဲလစ်ကိုယ်တိုင်က သူ့ခြေထောက်ပေါ်တွင် ထပ်ပိုးပြီး လာနင်းပေးသလိုလို။ ဂျော့ချ်က အဲလစ်အကြောင်း မစဉ်းစားမိအောင် ကြိုးစားလိုက်သည်။ ထိုအတွေးများက သူ့အမြင်တို မှုန်ဝါးစေသည်။ မော်တော်ကားမောင်းနှင်ရာတွင် အချိန်အဆ မှားယွင်းစေသည်။

ဆယ်မိနစ်၊ ကိုးမိနစ်လောက်ပင် ဖြစ်တန်ကောင်းသည်။ ထိုအချိန်တွင် သူသည် အဲလစ်၏ ရှေ့မှောက်သို့ ရောက်ရှိနေလောက်ပေပြီ။ နွေးထွေးမှုအရသာကို ခံစားရင်း ကျေချစ်

www.burmeseclassic.com

www.burmeseclassic.com



ယစ်ရွှေရည်ကို သောက်သုံးနေရပေတော့မည်။

သူက လက်ပတ်နာရီကို တစ်ချက်ကြည့်ရင်း ပါးစပ်မှ ဆဲရေးတိုင်းထွာလိုက်မိ၏။ ကိုးမိနစ်နှင့် အရောက်သွားနိုင်ခဲ့သည်ရှိသော် သူသည် အဲလစ်နှင့် ၃၁ မိနစ်သာ နေခွင့်ရမည်။ ပြီးလျှင် ပြန်ပြေးရလိမ့်မည်။

အဲလစ်နှင့် ၃၀ မိနစ်သာ နေရမည်ဆိုသောကိစ္စမှာ တကယ့်ရာဇဝတ်မှုပင် ဖြစ်သည်။

သို့သော် လုံးဝ အချိန်မရတာနှင့်စာသော် အဆမတန် ပို၍ ကောင်းမွန်ပါသေးသည်။

သူက လမ်းကွေ့တွင် ကားကိုကွေ့ချလိုက်စဉ် နောက်ဘီးနှစ်ဘီးသည် ချောနေသော ကတ္တရာစေးလမ်းပေါ်၌ ချော်ထွက်သွားကြသည်ကို သိလိုက်ရသည်။ 'ဖြည်းဖြည်း ကိုယ့်လူ'

ထိုအချိန်တွင် ချာတိတ်ကလေးကို မြင်လိုက်ရခြင်းဖြစ်သည်။

တကယ့်ကို ညစ်ပတ်ပေရေနေသော ချာတိတ်ကလေးတစ်ယောက်။ လမ်းလယ်ကောင်တွင် မတ်တတ်ရပ်ပြီး လက်နှင့်ဝှေ့ယမ်းပြနေသည်။

ကျော့ချ်က ဘရိတ်ကို နင်းလိုက်ရ၏။ မော်တော်ကားသည် လမ်းပေါ်တွင် ဘီးချော်သွားသည်။ သူက မော်တော်ကားကို ကပျာကယာထိန်းလိုက်ပြီး တစ်ယောက်ထီးတည်း ဖြစ်နေရှာသော ချာတိတ်ကလေးကို ရှောင်ကွင်းပြီး ဆက်မောင်းသွားသည်။

'သောက်သုံးမကျတဲ့ ခွေးမသားလေး'

ခုခေတ် ကလေးများသည် အန္တရာယ်ကို ကြောက်ရကောင်းမှန်း မသိကြ။ (၎င်းတို့အဖို့) လမ်းကွေ့ရှိ လမ်းလယ်ကောင်တွင် မတ်တတ်ရပ်နေရသည်မှာ ပျော်စရာတစ်မျိုးတော့ ဖြစ်နေလိမ့်မည်။ ဒီကလေးတွေသည် တစ်မျိုးပြီးတစ်မျိုး ထွင်နေတတ်ကြသည်။

မော်တော်ကားကို ပြန်ဖြောင့်လိုက်စဉ် နောက်ဘက်သို့ တစ်ချက် လှမ်းကြည့်လိုက်မိ၏။

ထိုချာတိတ်ကလေးက ဒူးလျားဖားလျား လှမ်း၍ လက်ပြနေဆဲပင်။ ဒီချာတိတ် ကားစီးချင်လို့ ဖြစ်မှာပါ။ တခြားနေ့ကျမှလိုက်ပါ ချာတိတ်ရာ။ ဒီကနေ့ကတော့ အစီအစဉ်ဇယားမှာ သိပ်အရေးကြီးတဲ့ ကိစ္စတွေပါနေလို့ . . . ။

သူက နောက်ကြည့်မှန်မှတဆင့် တစ်ချက် ကြည့်မိပြန်၏။

ဘုရားသခင် ကယ်တော်မူပါ။ ဒီချာတိတ်ထက် ပို၍သနားစရာကောင်းသူ ရှိနိုင်ပါတော့မည်လား။

'မဖြစ်ဘူး၊ အချိန် မရှိတော့ဘူးကွ'

အဲလစ်တစ်ယောက် စောင့်နေလေပြီ။

နောက်တစ်ကြိမ် နောက်ကြည့်မှန်မှတစ်ဆင့် ကြည့်မိပြန်၏။ သနားစရာကောင်းသော ချာတိတ်ကလေးသည် ရုပ်ရှင်ထဲကလို တဖြည်းဖြည်းနှင့် သေးပြီး ဝေးသွားလေပြီ။

'နောက်တစ်ကြိမ်ပေါ့ ချာတိတ်ရာ'

နောက်တစ်ကြိမ် ကြည့်မိပြန်၏။

'ဘုရား . . . ဘုရား'

www.burmeseclassic.com

www.burmeseclassic.com



သူ၏ ပျော့ညံ့မှု၊ မိုက်မဲမှုနှင့် သနားကြင်နာစိတ် ကင်းမဲ့မှုတို့အပေါ် ပြစ်တင်ဆဲဆိုရင်း ဘရိတ်ကို နင်းလိုက်၏။ မော်တော်ကားသည် တကျည်ကျည်မြည်ပြီး ရပ်တန့်သွားသည်။ ဂျော့ချ်သည် ဘက်ဂီယာပင်သွင်းပြီးသွားလေပြီ၊ မော်တော်ကားသည် တဝီဝီအော်မြည်လျက် ကပင် မော်တော်ကားဆီသို့ အပြေးအလွှားလာနေသော ချာတိတ်ကလေးထံ နောက်ပြန် တရှိန်ထိုး မောင်းနှင်လာလျက် ရှိနေသည်။

ဂျော့ချ်က လျှပ်စစ်ဓာတ်အားနှင့် မှန်တံခါးဖွင့်သော ခလုတ်ကို လက်နှင့် ဖိနှိပ်လိုက်၏။

'ငါ သိပ်ပြီး အရေးတကြီးဖြစ်လာတယ် ချာတိတ်'

'တောင်းပန်ပါတယ် ဦးဦးရာ၊ ကျွန်တော့် မာမီနဲ့ တစ်ခြားပုဂ္ဂိုလ်တွေကို ဖမ်းထားကြလို့ပါ၊ ရဲကိုတိုင်ဖို့ ရှိနေလို့ပါ'

ဂျော့ချ်က ကြောင်ပြီး ကြည့်နေမိသည်။ ငါကုသိုလ်ပဲပေါ့၊ အဲလစ်နှင့်တွေ့ရမည့် အဖိုးတန်အချိန်တွေကို စိတ်မမှမ်သော ချာတိတ်တစ်ယောက်နှင့် လာစကားပြောရင်း ဖြုန်းတီးနေရသည်။

'ဘယ်သူက မင်းမာမီကို ဖမ်းထားလို့လဲ'

'လူတစ်စုခင်ဗျ'

'ဘယ်က လူတွေလဲကွ၊ ပြောစမ်းပါဦး'

'ဘယ်သူတွေလဲဆိုတာ ကျွန်တော်လည်း မသိဘူးခင်ဗျ'

'ဟုတ်ပေ့ကွာ၊ ဒီမှာ ချာတိတ်၊ ခုအချိန်က နောက်ပြောင်နေရမယ့်အချိန် မဟုတ်ဘူးကွ'

ဂျော့ချ်က ချာတိတ်ကို ခြေဆုံး ခေါင်းဆုံး ကြည့်လိုက်ပြန်၏။

'မင်းက ဘယ်နေရာက ပြန်လာခဲ့တာလဲ၊ မီးနီးခေါင်းတိုင်ကို ဖက်တက်လာသလားကွ'

'ဟုတ်တယ် ခင်ဗျ' ချာတိတ်က ပြန်ဖြေလိုက်ခြင်း ဖြစ်သည်။

'ငါ'

ဂျော့ချ်က မော်တော်ကားကို မောင်းထွက်တော့မည့်ဆဲဆဲ ဖြစ်သွားသည်။ ယခုအချိန်သည် အရွှန်းအသောဖောက်နေရမည့်အချိန် မဟုတ်။ သို့သော် ဒီချာတိတ်က ရယ်စရာ ပြောနေခြင်းလည်း မဟုတ်ကြောင်း သူ့စိတ်ထဲက အလိုလိုသိနေသည်။

'ငါက မင်းကို ဘာလုပ်ပေးစေချင်လို့လဲ'

'ကျွန်တော် ရဲစခန်းကို သွားချင်ပါတယ် ခင်ဗျာ'

ဂျော့ချ်က ခေါင်းကို ခါယမ်းရင်း စဉ်းစားကြည့်လိုက်သည်။ ဟိုတ်ဝေး ရဲစခန်းတစ်ခုကို သူတွေ့ခဲ့ဖူးပါသည်၊ ဘယ်နေရာမှာပါလိမ့်။ သူ မမှတ်မိတော့ပါ။

'တို့ တယ်လီဖုန်းဆက်ရမယ့် နေရာရှာပြီး ဆက်သွယ်မယ်ကွာ၊ ဟုတ်ပြီလား'

'ဟုတ်ကဲ့ . . . အဲဒီလိုဆိုရင် ဖြစ်ပါလိမ့်မယ်၊ ဒါပေမယ့် သူတို့က ကျွန်တော့်နောက် လိုက်ချင် လိုက်လာကြမှာဆိုတော့ ကျေးဇူးပြုပြီး ခပ်မြန်မြန် မောင်းပေးပါ ခင်ဗျာ'

'မင်းနောက်ကို ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ကျော်ချိုက ဟိုဟိုဒီဒီကို လျှောက်ကြည့်မိသည်။ အတည်ပေါက်နှင့် နောက်ပြောင်နေသော မြွက်လုံးတစ်ခုပေပဲလား မသိ။

'မင်း တကယ်ပြောနေတာလားကွ'

'တကယ်ပါ ခင်ဗျာ'

'မင်းနောက်ကို လူတွေ လိုက်လာလိမ့်မယ်လို့ ဆိုချင်တာလား'

'ဟုတ်ပါတယ်၊ မြန်မြန်လုပ်ပါ ခင်ဗျာ'

'ကောင်းပြီ အထဲဝင်ကွာ'

တစ်ကိုယ်လုံး ကျပ်ခိုးများ ပေရေနေသော ချာတိတ်ကလေးက ခုန်ဝင်လာပြီး သားရေအစစ်နှင့် လုပ်ထားသော တစ်ယောက်ထိုင် ထိုင်ခုံပေါ်သို့ ဝုန်းကနဲ ထိုင်ချလိုက်သဖြင့် သက်ပြင်းတစ်ချက်ချမိ၏။ အဝတ်ကို ရေဆွတ်ပြီး ဆပ်ပြာမှုန့် အနည်းငယ်နှင့် ဆေးပစ်လို့ရမှ ရပ့်မလား မသိ။

'မင်းအတွက် တယ်လီဖုန်း ဆက်ရမယ့်နေရာ ရှာပေးမယ်၊ ပြီးရင် မင်းဘာသာ မင်း ဆက်လုပ်ပေတော့'

ချာတိတ်ကလေးသည် စိတ်သက်သာရာ ရမှုကြောင့် ပင်ပန်းနွမ်းနယ်သွားပုံရသည်။ ဟန်ဆောင်နေတာဆိုလျှင်တော့ တကယ်တော်တဲ့ ချာတိတ်ပဲ ဖြစ်ရမည်။

'မင်းနာမည် ဘယ်လို ခေါ်သလဲ'

'ကရိုတ်ချ်ဂျင်ဆင်ပါ ခင်ဗျာ'

'အဲဒီ လူတွေက မင်းမာမီကို ဘာ့ကြောင့် ဖမ်းထားသလဲဆိုတာ မင်း မသိဘူးဆိုပါတော့'

'ကျွန်တော့်စိတ်ထင်ပြောရရင် ပုပ်ရဟန်းမင်းကြီးနဲ့လည်း သက်ဆိုင်လိမ့်မယ်လို့ ထင်တာပဲ'

'ပုပ်ရဟန်းမင်းကြီးနဲ့ ဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော့် ဒက်ဒီက ပုပ်ရဟန်းမင်းကြီးကို လေယာဉ်ပျံနဲ့ ဆန်ဖရန်စစ္စကို ရောက်အောင် မောင်းပို့နေတာပါ'

'မင်းက ငါ့ကို လာကြောင်နေတာလား ချာတိတ်'

'မဟုတ်ရပါဘူး ခင်ဗျာ၊ တကယ် ပြောတာပါ'

❑

ကျော်ချိုက ပြောလိုက်သည်။

'မင်းပဲ စဉ်းစားကြည့်ကွာ၊ ဒီချာတိတ်က ညစ်ပတ်ပေရေနေရုံတင်မကပဲ လမ်းပေါ်မှာ တစ်ယောက်တည်း ဖြစ်နေတာကွ၊ ဒါကြောင့် ကားကို ရပ်ပေးလိုက်ရတာပေါ့'

အဲလစ် လေသံက သိပ်ယုံကြည်ဟန်မတူ။

www.burmeseclassic.com

www.burmeseclassic.com



'ရှင်က အင်မတန် စိတ်ကောင်း စေတနာကောင်းရှိတဲ့ သူတော်ကောင်းပုံစံ ဖမ်းတာပေါ့လေ'

'အဲဒါမျိုး ခပ်ဆန်ဆန်ပါပဲကွာ'

'အဲဒီ ချာတိတ်ကလေးက ကောင်မလေးလား'

'ဘယ်ကလာ၊ မဟုတ်ပါဘူးကွာ၊ ဒါပေမယ့် ငါက သူ့ကို အများသုံး တယ်လီဖုန်းရုံကလေးတစ်ခုဆီ ခေါ် သွားရတယ်၊ ဟိုရောက်တော့ တို့နှစ်ယောက်ဆီမှာ အကြွေပါမလာကြဘူး။ သူနဲ့ကိုယ် နှစ်ယောက်ပေါင်းမှ ၁၉ ပြားပဲရှိတယ်၊ ငါးပြားစေ့ တစ်စေ့နဲ့ ၁၄ ပြားလေ၊ ဒီတော့ ရဲကိုခေါ်နိုင်ဖို့ စတိုးဆိုင်တစ်ဆိုင်ရှာပြီး အကြွေအမ်းရပြန်တယ်၊ ရဲတွေက သူတို့လာတဲ့အထိ အဲဒီနေရာက စောင့်နေပါတဲ့၊ ပြီးတော့လည်း အဲဒီချာတိတ်ကလေးက အမှန်အတိုင်းပြောနေပုံရပါတယ်'

'ကျွန်မကတော့ ရှင့်ကို အဲဒီလို လုံးဝ မထင်ဘူး'

အဲလစ်က ပြောပြောဆိုဆိုနှင့် တယ်လီဖုန်း စကားပြောခွက်ကို ပြန်ချသွားသည်။

❑

နောက်ဆုံးရရှိထားသော မိုးလေဝသ သတင်းအရ အခြေအနေမှာ တိုးတက်ပြောင်းလဲမှု မရှိပါချေ။ သဲမုန်တိုင်းတစ်ခုသည် မြောက်အာဖရိကတိုက်ကို ဖြတ်သန်း၍ အရှေ့ဘက်ဆီသို့ အရှိန်အဟုန်ပြင်းစွာနှင့် ရွေ့လျားလာလျက်ရှိသည်။ အီရဗာလူမျိုးများက သဲမုန်တိုင်းအား ဆီမွန်း (Simoom)ဟု ခေါ်ကြ၏။ 'လေထုတစ်ခုလုံးအား အဆိပ်ခတ်သောလေ' ဟု အဓိပ္ပာယ်ရသည်။

မာလိုရီက နောက်ဘက်သို့ လှည့်လိုက်၏။

'ကြီးဒေါ်လေးရေ ကျုပ်တို့တော့ ပြဿနာ ကြီးကြီးမားမားနဲ့ ရင်ဆိုင်နေကြရပြီ ကျုပ်တို့ အယ်လ်မားဂရက်ဗ်မှာ ဆင်းနိုင်မယ် မထင်ဘူး'

ဖာဒီယာက မျက်တောင်မခတ်ပဲ ပြန်စိုက်ကြည့်နေသည်။

'ရှင်. . . အဲဒီမှာ ဆင်းကို ဆင်းရလိမ့်မယ် ကက်ပတိန်'

မာလိုရီက ပခုံးကို တွန့်လိုက်၏။

'ဘယ်လွယ်မလဲကွ၊ သဲမုန်တိုင်းတစ်ခု ဖြစ်နေတယ်၊ တော်တော်တလေး ဆိုးရွားတယ်၊ သဲမုန်တိုင်းအကြောင်း မင်း သိသလား'

'သိတာပေါ့'

'ဒါဆိုရင် မင်းကို အသေးစိတ် ပြောပြနေစရာ မလိုတော့ဘူး၊ တကယ်လို့ သိပ်ဆိုးရွားတယ်ဆိုရင် အဲဒီမှာ ကျုပ်တို့ ဆင်းနိုင်မှာ မဟုတ်ဘူး၊ ဒါပဲပေါ့'

'ရှင် အဲဒီမှာ ဆင်းကို ဆင်းရမယ်'

www.burmeseclassic.com

www.burmeseclassic.com



မာလိုရီက ခေါင်းခါလိုက်သည်။

'မင်းနားမလည်ပါဘူးလေ၊ ကျုပ်အနေနဲ့ ဒီလေယာဉ်ပျံကြီးကို အထိအခိုက် အပျက်အစီးမရှိစေရပဲ မြေပြင်ပေါ် ရောက်အောင် ဆင်းပေးနိုင်ဖို့အတွက် ရာသီဥတုအခြေအနေကလည်း အသင့်အတင့် ကောင်းမွန်ဖို့လိုမယ်၊ မင်းလည်း လေယာဉ်ပျံတွေအကြောင်း နားလည်ထားတဲ့အတွက် ဒီလောက်တော့ သဘောပေါက်မှာပါ၊ ဒီသဲမုန်တိုင်းက တော်တော်ဆိုးရွားတယ်၊ မိုးလေဝသသတင်းအရ တစ်နာရီ မိုင်ငါးဆယ်ကျော်တယ်တဲ့၊ ဒီလို မုန်တိုင်းမျိုးနဲ့ တွေ့ရရင် ပေတစ်ရာ၊ နှစ်ရာထက် ပိုမမြင်ရတတ်ဘူး၊ အဲလေ၊ အယ်လ်မားဂရက်ဝ်မှာ အဲဒီလောက် ဆိုးရွားနေလိမ့်မယ်လို့ ကျုပ် အတတ်မပြောနိုင်ဘူး၊ ဒါပေမယ့် ကြည်ကြည်လင်လင် သိပ်မမြင်ရဘူးဆိုရင် အန္တရာယ်ကင်းအောင် ဆင်းသက်ဖို့ တစ်ခြားနည်းလမ်းသိပ်မရှိဘူး၊ ဒီလေယာဉ်ပျံက ပိုင်ပါကပ် **(Piper cup)** လေယာဉ်ပျံကလေး မဟုတ်ဘူးကြီးဒေါ်'

'အဲဒါကိုတော့ ကျွန်မ သိပါတယ်'

'နောက်တစ်ချက် ပြောစရာကျန်သေးတယ်၊ ဒီသဲမုန်တိုင်းက ဆက်တိုက် နေဦးမယ်ဆိုရင်၊ အဲဒီမှာ ဆင်းဖို့ကို မဆိုထားနဲ့ လေယာဉ်ပျံကွင်းကိုတောင် ရှာတွေ့ချင်မှ တွေ့လိမ့်မယ်'

'ရှင် ရှာတွေ့မှာပါ ကက်ပတိန်'

'ကျုပ်က မင်းကို အမှန်အတိုင်း ပြောပြနေတယ်ဆိုတာ မင်း သဘောပေါက်ပါစေလို့ ဆုတောင်းပါတယ်'

'ကျွန်မ ရှင့်ကို သိပ်ယုံကြည်ပါတယ်'

'ကြားရတာ ဝမ်းသာပါတယ်၊ နောက်တစ်ချက် ပြောစရာ ကျန်သေးတယ်'

'ဘာပါလိမ့်'

'ကျုပ်တို့က ဒီလေယာဉ်ပျံကို အရှိန်နည်းနည်း လျှော့မလို့'

'အရှိန်လျှော့မလို့ ဟုတ်လား၊ ကျွန်မ သဘောမတူဘူး၊ မလုပ်ရဘူး'

'မလျှော့လို့ မဖြစ်ဘူး'

'ဘာဖြစ်လို့'

'ကျုပ်တို့ ရောက်သွားတဲ့အချိန်မှာ သဲမုန်တိုင်းက ပြင်းပြင်းထန်ထန်ကြီး တိုက်ခတ်နေတုန်းပဲလို့ ဆိုကြပါစို့၊ အဲဒီတော့ ချက်ချင်း မဆင်းနိုင်ပဲ နှစ်ကြိမ်၊ သုံးကြိမ်ဝဲပြီး ရှာရမယ်ဆိုရင် လောင်စာဆီ သိပ်ကုန်သွားလိမ့်မယ်၊ ဟောဒီ လေယာဉ်ပျံကြီးမှာ ဆီကုန်သွားပြီဆိုရင် အားလုံးကိစ္စချောကုန်ကြလိမ့်မယ်၊ ဒါကြောင့် ဆီကုန်သက်သာစေတဲ့ ချွေတာရေး ပျံသန်းနှုန်းအထိ အရှိန်ကိုလျှော့ချဖို့ အကြံပေးတာပါ၊ ဒါဆိုရင် ဟက်ရှိမိုက်နိုင်ငံကို ရောက်တဲ့အခါကျတော့ အရန်ဓာတ်ဆီ ပိုပိုမိုမို ရှိနေမှာပေါ့'

ဖာဒီယာက မာလိုရီ၏ မျက်လုံးကို တည့်တည့်စိုက်ကြည့်နေသည်။ ထို့နောက် ဖာဒီယာက ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ သဲဘောတူတယ်'

မာလိုရီသည် စိတ်သက်သာရာ ရသွားသောကြောင့် သက်ပြင်းတစ်ချက် ချလိုက်ပြီး နိုဝါကိုစကီအား အရှိန်နှုန်းနှင့် ပတ်သတ်၍ လိုအပ်သလိုပြင်ဆင်ရန် ညွှန်ကြားလိုက်သည်။ အလွန်အဖိုးတန်လှသော အချိန်တစ်နာရီခန့်ကို ထပ်မံတိုးမြှင့် ရရှိခဲ့ပြန်လေပြီ။ သို့သော် မေးစရာတစ်ခုမှာ ထိုတစ်နာရီအား မည်သို့မည်ပုံ အသုံးချနိုင်မည်နည်းဆိုသော မေးခွန်းပင်တည်း။

❑

ဖာဒီယာဆိုသော မိန်းကလေးက လက်ပိုက်ထားလိုက်သည်။ ထိုပုံစံမှာ မာရေကျောရေနှင့် အလျှော့မပေးဘူးဆိုသော ပုံစံမျိုးပင်ဖြစ်သည်။ ဆောင်ရွက်ရမည့်လုပ်ငန်းအား မဖြစ်မနေလုပ်မည့် ပုံစံမျိုးပင်။ ယခုအချိန်သည် အရေးအကြီးဆုံး အချိန်ဖြစ်သည်။ စိတ်ရောကိုယ်ပါ၊ မပြတ်မလပ် သတိရှိနေရမည့် အချိန်ဖြစ်သည်။

စိတ်ကို ငြိမ်အောင်ထားပါ။ အသက်မှန်မှန်ရှူပါ။ မိမိ၏ပျော့ညံ့မှုကို မည်သည့်နည်းနှင့်မျှ မသိပါစေနှင့်။ မိမိအား ရေခဲတုံးပမာ အေးစက်မာကျောသူဟု မြင်ကြရန်လိုသည်။ ဖာဒီယာ၏ တာဝန်မှာ ယခုအချိန်မှစ၍ အယ်လ်မားဂရက်ဗ်လေဆိပ်သို့ ဆင်းသက်သည့် အချိန်အထိ ၎င်းတို့ လူစုအား စက္ကန့်မလပ် လွှမ်းမိုးထားရန်ပင် ဖြစ်သည်။ ၎င်းတို့ လူစုက ဖာဒီယာအား မုန်းတီးကြသည်။ ထိုသို့ မုန်းတီးသည်ကို နားလည်နိုင်လောက်ပါသည်။

ဖာဒီယာက ၎င်းတို့အပေါ်၌ ရန်ငြိုးလုံးဝမထားပါဆိုသည့် သစ္စာတရားကို သူတို့က လက်ခံကြလိမ့်မည်မဟုတ်။ ဖာဒီယာသည် ၎င်းတို့အား ပုဂ္ဂိုလ်တစ်ဦးချင်းအနေနှင့် ထည့်သွင်းစဉ်းစားခြင်း မရှိပါ။ ကံမကောင်း အကြောင်းမလှသောကြောင့် လာရောက် ဆုံဆည်းနေရသူများသာ ဖြစ်ကြသည်။

လျှူဂါသေနတ်က ဖာဒီယာ၏ ပေါင်ပေါ်တွင် ရှိသည်။ သေနတ်ကို ကောက်ယူပြီး တစ်စက္ကန့်အတွင်း ပစ်ခတ်နိုင်စွမ်းရှိသည်။ သို့သော် ပစ်ရန် ခတ်ရန် လိုလိမ့်မည်ဟု သူမထင်။ ဒီလူစုသည် ၎င်းတို့၏လေယာဉ်ပျံနှင့် ခရီးသည်များအတွက် အန္တရာယ်မဖြစ်စေရေးကို အဓိကထားကြသူများသာ ဖြစ်သည်။ ကက်ပတိန်မာလိုရီသည် ယခုလိုအကျဉ်းအကျပ်မျိုးတွင် မိမိကိုယ်ကို ထိန်းသိမ်းနိုင်စွမ်း ရှိသူဖြစ်သည်။ သူသည် ဣန္ဒြေမပျက်သော်လည်း အတွင်းစိတ်ကမူ ကျိတ်၍ဒေါပွနေပုံရသည်။ သို့သော် အကဲခတ်၍ မရနိုင်ပါချေ။ တကယ့်လူတော်တစ်ယောက်ပင် ဖြစ်သည်။ မာလိုရီသည် ဝယ်ရွယ်သူတစ်ဦး မဟုတ်။ သို့တိုင်အောင် စိတ်ဝင်စားဖွယ် ယောကျ်ားတစ်ယောက် ဖြစ်သည်။ ယောကျ်ားပီသသူဟု၍ ဆိုရမည်။ လက်မောင်းများကလည်း သန်မာပြည့်ဖြိုးသည်။ ပြေပြစ်သောမေးရိုး၊ ထက်မြက်ပုံရသော မျက်ခုံး၊ ဖွံ့နဘဲကြီးပုံရသောနှုတ်ခမ်း စသည်တို့နှင့် ကြည့်ကောင်းသူ လူငယ်တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သို့တိုင်အောင် ၎င်း၏မျက်လုံးအစုံ၌ နူးညံ့သောသဘော ကြင်နာတတ်သော သဘောတို့ကို မြင်တွေ့နေရသည်။ ကွဲပြားခြားနားသော အခြေအနေမျိုးတွင် တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး သိကျွမ်းခွင့်ရမည်ဆိုပါက . . .

တွေးရိုးတွေးစဉ်အတိုင်း ခုနစ်စဉ် အမျှင်တန်း တွေးမိတောမိသည့်အတွက် ဖာဒီယာက ကိုယ့်ကိုယ်ကို အပြစ်တင်လိုက်မိသည်။ ယခုအချိန်တွင် ဖာဒီယာသည် ၎င်း၏ဘဝတစ်သက်တာ၌ အကြီးမားဆုံးတာဝန်တစ်ရပ်ကို ထမ်းဆောင်နေရသည်။ သို့တိုင်အောင် အဖေလောက်အရွယ်ရှိသော ပုဂ္ဂိုလ်တစ်ဦးနှင့် ရင်းရင်းနှီးနှီးနေလိုသည်ဟု တွေးတောပြီး အချိန်ဖြုန်းနေသည်။ အင်အားပြုန်းတီးအောင် လုပ်နေမိသည်။

စိတ်ကို သမာဓိရအောင်လုပ်ပါ မာရီယာ။ ဖာဒီယာဆိုသော အမည်မှာ ၎င်း၏ အသွင်ပြောင်းအမည်သာဖြစ်သည်။ ၎င်းအား ၁၉၅၀ ပြည့်နှစ်တွင် အနောက်ဂျာမနီနိုင်ငံ ဒေါ့မန်းမြို့၌ မွေးစဉ်က မာရီယာဘတ်ခ်ဟတ်ဟု ကင်ပွန်းတပ်ခဲ့သည်။ မာရီယာတစ်ယောက် ၃မ မယ်စာမမြောက်ခင်ကပင် မိခင်ဖြစ်သူ ကွယ်လွန်သွားခဲ့သည်။ မာရီယာ၏ ဖခင်ကမူ အောင်မြင်ကြီးပွားနေသော အသက်အာမခံကုမ္ပဏီမှ ပေါ်လစီရောင်းချသူ တစ်ယောက်ဖြစ်သည်။ စစ်အတွင်းကမူ ဟစ်တလာ၏ အက်စ်အက်စ်တပ်ဖွဲ့တွင် ဗိုလ်အဖြစ် တာဝန်ထမ်းခဲ့သူ ဖြစ်သည်။ ဟစ်တလာနှင့် နာဇီဝါဒကို ပြောင်ကြည်ညိုသူလည်း ဖြစ်သည်။ ၎င်း၏ မိတ်ဆွေအပေါင်းအသင်းများသည် အိမ်သို့ မကြာခဏဆိုသလို လာရောက်စုဝေးကြပြီး တစ်ချိန်တုန်းက ရွှေထီးဆောင်းခဲ့ရသည့်ဘဝကို အရက်သောက်ရင်း တဖွဖွစာမြုံ့ပြန် တတ်ကြသည်။ မာရီယာအနေနှင့်မူ ၎င်းတို့ လူစုသည် ရန်သူများထက် ပိုမို၍ အင်အားကြီးမားပါလျက်၊ ပို၍ထက်မြက်ပါလျက်၊ ပို၍သတ္တိရှိပါလျက်နှင့် အဘယ့်ကြောင့် ရှုံးနိမ့်ခဲ့ရသည်ဆိုခြင်းကို နားမလည်နိုင်ခဲ့ပါ။

တက္ကသိုလ်သို့ ရောက်သောအခါ အတိုက်အခံကျောင်းသားတစ်ဦးနှင့် တွေ့မိခဲ့ရာမှ ဘဝအကြောင်း ကောင်းကောင်းကြီးနားလည်ခဲ့ရသည်။ အီးရစ်ဆိုသော ထိုကျောင်းသားက မာရီယာအား ကပ်ပါးရပ်ပါးများအကြောင်း၊ ခေါင်းပုံဖြတ်၍ အမြတ်ကြီးစားကြသူများအကြောင်း၊ ကုပ်သွေးစုပ်ခံရသူများအကြောင်း ကွက်ကွက်ကွင်းကွင်း ရှင်းပြခဲ့သည်။ အီးရစ်သည် အီရန်မှ ရှားဘုရင် လာရောက်လည်ပတ်သည့်ကိစ္စကို မြို့နစ်တွင် ဆန္ဒပြကြစဉ်က ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့ပြီး ရဲကျည်ဆန်သင့်၍ သေဆုံးခဲ့ရလေပြီ။ အီးရစ်သည် မာရီယာ၏လက်ဦးဆရာ ဖြစ်သည်။ အစစအရာရာကို သင်ကြားပေးခဲ့သူဖြစ်သည်။ အီးရစ်ကသာ သင်ကြားမပေးခဲ့ပါက ယနေ့လို အချိန်မျိုးတွင် မာရီယာသည် ကမ္ဘာပေါ်ရှိ တော်လှန်ရေးဇာတ်ခုံပေါ်တွင် ရဲရဲတောက်ခေါင်းဆောင်တစ်ဦးအဖြစ် ဦးဆောင်ပါဝင်ခွင့် မရရှိဘဲ တအီအီငိုကြွေးနေသော ကလေးငယ်များကို ချော့မော့ပြုစုနေရသည့် အိမ်ရှင်မတစ်ဦးအနေနှင့်သာ ရှိနေပေလိမ့်မည်သာတည်း။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၁၂ )

ဂရင်းဝစ်ချ် စံတော်ချိန် ၀၂ း ၂၆ နာရီ
ကယ်လီဖိုးနီးယားပြည်နယ် မြောက်ပိုင်းတစ်နေရာ
ည ၇ း ၂၆ နာရီ

သူတို့လူစုသည် ထိုင်ခုံကူရှင်နှင့် ဆွယ်တာတို့ကို လက်နှင့်ထုကြထောင်းကြပြီး တိတ်တိတ်ဆိတ်ဆိတ် အလုပ်လုပ်နေကြသည်။ ထို့နောက် စောင်တစ်ထည်နှင့် ဖြုံထားလိုက်၏။ ၎င်းနောက် ပုံပန်းသဏ္ဌာန်ကျနအောင် ထပ်၍ပြုပြင်ရပြန်သည်။ သူတို့က နောက်သို့ ပြန်ဆုတ်လိုက်ကြပြီး ဝေခွဲဆုံးဖြတ်၍မရဟန်နှင့် ခေါင်းညိတ်လိုက်ကြ၏။ သိပ်တော့မဆိုးလှ၊ သို့သော် သိပ်မကောင်းတာကလည်း သေချာသည်။

ငါးမိနစ်ကြာသောအခါ ကိုရေခဲနှင့် ဘီလီသီကစ်ဒ်တို့သည် အသားညှပ်ပေါင်မုန့် ပန်းကန်များကိုကိုင်ရင်း ပြန်ရောက်လာကြသည်။ ကိုအမာရွတ်က တံခါးဝတွင်ရပ်ပြီး စောင့်ကြည့်နေသည်။

'စားကြ'

ကိုရေခဲက ပန်းကန်များကို စားပွဲပေါ်တွင်တင်ရင်း ပြောလိုက်သည်။ သူက အေးစာခံများအား တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက် ငေါ့တော့တော့ ထပ်ပြောပြန်၏။

'ခင်ဗျားတို့ မှာတဲ့အတိုင်း မှန်လိမ့်မယ် ထင်တာပဲ'

ဂျိန်းက ပြောလိုက်သည်။

'ချာတိတ်ကလေး အိပ်နေတယ်ရှင့်၊ စကားကို အသံခပ်တိုးတိုး ပြောစမ်းပါ'

ကိုရေခဲက မလှုပ်မရှားရှိနေသော ထိုအပုံကို စိတ်မပါတပါနှင့် လှမ်းကြည့်လိုက်သည်။ ဘီလီသီကစ်ဒ်ကမူ နံရံတွင် မှီရင်း လက်ပိုက်ထားသည်။ သူတို့နှစ်ယောက်တို့ကြည့်ရသည်မှာ ခပ်ကြာကြာကလေး နေကြမည့်ပုံစံ ပေါက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မစ္စစ်ဂျင်ဆင်ကိုပဲဖြစ်ဖြစ်၊ အဘိုးကြီးကိုပဲဖြစ်ဖြစ်၊ လုမ်းမကြည့်ကြပါနဲ့ရှင်၊ မကြည့်ကြပါနဲ့ မကြည့်ကြပါနဲ့။

ဂျိန်းရင်ထဲက ပြောနေမိခြင်းဖြစ်သည်။ သူ ကိုယ်တိုင်လည်း မကြည့်ရဲပါ။ မျက်လုံးချင်းဆုံမိသည်နှင့် တစ်ပြိုင်နက် အပြစ်ရှိနေကြောင်း ၎င်းတို့အား ဝန်ခံလိုက်သကဲ့သို့ ဖြစ်သွားပေလိမ့်မည်။

လမ်းကြောင်းကို ခပ်မြန်မြန် ပြောင်းလွှဲပေးရမည်။

'ဒီအသားညှပ်မုန့်တွေစားရတာ နွားချေးကို စားရတာကျနေတာပဲ'

'မင်း တယ်အပေါက်ဆိုးပါကလား၊ ကလေးမ . . .'

ဂျိန်းက ပန်းကို တွန့်လိုက်၏။

'အင်မတန်ညံ့တဲ့ အသားညှပ်ပေါင်မုန့်ပဲဥစ္စာ'

'ဘာဖြစ်နေလို့လဲ'

'ထောပတ်က ဆီချေးစော်နံနေပြီ'

ကိုအမာရွတ်နှင့် ဘီလီသီကစ်ဒ်တို့သည် နားမလည်နိုင်သော ဘာသာစကားနှင့် အနည်းငယ် ဆွေးနွေးလိုက်ကြ၏။

ကိုအမာရွတ်က ပြန်ဖြေလိုက်သည်။

'ထောပတ်က အင်မတန် လတ်ဆတ်ပါတယ်၊ သူ မနေ့ကမှ ဝယ်လာခဲ့တာပါ'

'ဘယ်က ဝယ်လာတာလဲ'

'ဈေးကပေါ့ . . .'

ကိုအမာရွတ်သည် ရယ်သွမ်းသွေးသည်ကို ခံလိုက်ရဟန်နှင့် ဒေါသဖြစ်သွားပုံရသည်။ သူက ချာကနဲလှည့်ပြီး တံခါးဆီသို့ ထွက်သွားသည်။ ဘီလီသီကစ်ဒ်လည်း နောက်က လိုက်သွားသည်။

ဂျိန်းက စိတ်မဝင်စားဟန်ဆောင်နေလိုက်သည်။

ဤအချိန်တွင် မစ္စတာနီဝါကိုစကီက လေယာဉ်ပျံနှင့် ပတ်သက်၍ ဘာသတင်းကြားရသေးသလဲဟု မေးတော့သည်။

မြတ်စွာဘုရား။ ဂျိန်းက သူ့ကို အသားညှပ်ပေါင်မုန့်နှင့် လှမ်းပေါက်လိုက်ချင်စိတ်ပင် ဖြစ်ပေါ်လာမိသည်။ တော်တော်တုံးတဲ့ အဘိုးကြီးပဲ။ ကရိတ်ချ်အကြောင်း ချက်ချင်းလက်ငင်းဆိုသလို မေ့သွားလေရောသလား။ သူတို့အတွက် တစ်ခုတည်းသော မျှော်လင့်ချက်မှာ ချာတိတ်ကလေး ပျောက်ဆုံးနေကြောင်း မရိပ်မိခင်၊ ချာတိတ်ကလေးက အကူအညီရအောင် ရှာဖွေနိုင်ရေးအပေါ်၌ မူတည်နေသည် မဟုတ်ပါလား။

ကိုရေခဲက ဖြေသည်။

'ဘာသတင်းမှ မကြားရတော့ဘူး'

'အခု လေယာဉ်ပျံ ဘယ်ရောက်နေသလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်လည်း မပြောတတ်ဘူး'

တံခါးပိတ်သွားသည်။ သော့ခတ်လိုက်သည်။

ဂျိန်းတစ်ယောက် အသက်ပြန်ရှူနိုင်လေပြီ။ ကူရှင်နှင့် ဆွယ်တာများက သူတို့လူငှားအား လှည့်စားနိုင်စွမ်း ရှိခဲ့သည်မှာ အံ့ဩစရာကောင်းလှပေစွ။

ယခုအချိန်လောက်တွင် ကရိတ်ချ်သည် ဂျင်းတို့၏ အဖြစ်အပျက်ကို ရဲ သို့မဟုတ် အက်ဖ်ဘီအိုင်အား ပြောပြနေပေလိမ့်မည်။

ဗာကိုးနီးယားက စကားပြောရန် ဟန်ပြင်လိုက်၏။ ဂျိန်းက တံခါးဆီသို့ ခေါင်းဆတ်ပြ ရင်း ပါးစပ်ပေါ်တွင် လက်ချောင်းနှင့် ကန့်လန့်တား၍ သတိထားရန် အချက်ပြလိုက်သည်။ ဒီငတိတွေ တံခါးပေါက်ဝနားက စောင့်ပြီး နားထောင်နေမည်မှာ ဆယ်လေးတစ်လေး သေချာလှပေသည်။

'ဆင်းဒဝစ်က ကောင်းသားပဲ'

ဗာကိုးနီးယားက ပြောလိုက်ခြင်းဖြစ်သည်။ သူ့မျက်လုံးများကမူ ကရိတ်ချ်အကြောင်း လွန်လွန်မင်းမင်း သောကဖြစ်နေပြီး ထိုကိစ္စကိုပင် စကားပြောချင်နေပုံ ပေါ်လွင်နေသည်။ ဂျိန်းက ပြန်ပြောလိုက်၏။

'ကျွန်မကတော့ ထောပတ်မကောင်းဘူးလို့ ထင်တုန်းပဲ'

'မင်းက အဲဒီလို ပြောလိုက်တော့ သူတို့ ဒေါပွသွားကြတယ်'

'သူတို့ကို မြင်ရတာ ကျွန်မလည်း ဒေါပွတယ်၊ အဲဒီတော့ ကျေရောပေါ့'

ဂျိန်းက အဘိုးကြီးဘက်သို့ လှည့်ပြီး ဆင်းဒဝစ်အကြောင်း မေးပြန်၏။ အဘိုးကြီးက ပခုံးတွန့်ပြသည်။

'ကောင်းပါတယ်၊ ဒါပေမယ့် ကျုပ်က စားချင်စိတ် သိပ်မရှိဘူး'

'နေကော ကောင်းရဲ့လား'

သူက မပြုံးတပြုံးကလေးနှင့်. . .

'ကျုပ်အတွက် စိတ်မပူပါနဲ့လေ၊ စိတ်ပူရမှာက . . . '

ဂျိန်းက အချိန်မီ ဝင်ပြောလိုက်နိုင်သည်။

'ဗာကိုးနီးယား . . . ၊ ရှင့်ကို မေးချင်နေတာကြာပြီ၊ ရှင်နဲ့ ရှင့်ယောက်ျား ဘယ်မှာ တွေ့ခဲ့ကြတာလဲ'

ဗာကိုးနီးယား ဂျင်ဆင်တစ်ယောက် အူကြောင်ကြောင်ဖြစ်သွားသော်လည်း ကြိုးစား ခမ်းစားနှင့် ပြန်ဖြေရှာသည်။

'ခရစ်စမတ် ပါတီတစ်ခုမှာလေ၊ ကာလစ်ဖ်ကို အဲဒီမှာ စတွေ့ရတာ၊ သူက နှောက်တစ် ထက်ကျရင် ထရန်နစ်အမ်မှာ အလုပ်ဝင်ရတော့မှာတဲ့ ဒါ့ကြောင့် ပါတီမှာ အရက်ကို တစ်ဝတပြ နင်းကန်သောက်နေတာ၊ အဲဒီတုန်းကတော့ သူ့ကို သိပ်သဘောမကျပါဘူး၊ နှောက်လေးငါး ရက်ကြာလို့ သူက တယ်လီဖုန်းထပ်ဆက်ပြီး ချိန်းတော့မှ သူ့ကို သဘောကျ သွားတာ'

www.burmeseclassic.com

www.burmeseclassic.com



ဂျိန်းက ခေါင်းညိတ်လိုက်သည်။

'ကဲ မစ္စတာနိုဝါကိုစကီ၊ ရှင်ကကော ရှင့်ဇနီးနဲ့ ဘယ်လို တွေ့ခဲ့တာလဲ'

'ကျုပ်မိန်းမနဲ့ ဟုတ်လား'

ထိုမေးခွန်းကြောင့် အဘိုးကြီး အံ့ဩသွားပုံရသည်။

'ကြာလှပါပြီကွာ၊ ၁၉၂၇ ခုနှစ်လောက်က ထင်ပါရဲ့၊ အဲဒီတုန်းက ကျုပ်က နယူးဂျာဆီမှာရှိတဲ့ စက်ရုံတစ်ရုံမှာ အလုပ်လုပ်တယ်၊ တစ်နေ့တော့ ပိုလန်နာမည်နဲ့ မိန်းကလေး အသစ်တစ်ယောက် ရောက်လာလို့ မျက်စိကျပြီး ချက်ချင်းသွားမိတ်ဆက်တယ်၊ ဒါပေမယ့် ရယ်စရာကောင်းလိုက်ပုံက သူက ကျုပ်ကို ကြောင်ပြီး ပြန်ကြည့်နေတယ်'

'ပြန်ကြည့်နေတယ်၊ ဟုတ်လား'

'ဟုတ်တာပေါ့၊ သူက အင်္ဂလိပ်စကားကို တစ်လုံးမှ နားမလည်သေးဘူးလေ၊ ဒီတော့ ကျုပ်က ပိုလန်ဘာသာစကားနဲ့ နောက်တစ်ခေါက် အစအဆုံး ပြန်ပြောရပြန်တာပေါ့'

ဂျိန်းတစ်ယောက် စိတ်သက်သာရာ ရသွားသည်။ မိနစ်တိုင်း မိနစ်တိုင်း ကရိုတ်ချ်၏ အောင်မြင်မှုကို အထောက်အကူ ပြုလိမ့်မည်သာ ဖြစ်သည်။ သို့သော် ဂျိန်း၏ဖခင်သည် မည်သို့ မည်ပုံ ရှိရာလေမည်နည်း။ သူ သက်ရှိထင်ရှားမှ ရှိပါလေရဲ့လား။ ဟင့်အင်း၊ သေနိုင်သည် ဆိုသည့်ကိစ္စကို ခေါင်းထဲထည့်ပြီး မစဉ်းစားလိုပါ။ ဂျိန်း၏ဖခင်သည် သေမည်မဟုတ်ပါ။ ဂျိန်း၏ဖခင်သည် အခက်အခဲများအကြားမှ လွတ်မြောက်လာလေ့ရှိသူဖြစ်သည်။

'အစစအရာရာ အဆင်ပြေသွားလိမ့်မယ်လို့ ကျွန်မ ထင်ပါတယ်ရှင်'

ဟာဂျီးနီးယားဂျင်ဆင်က ပြောလိုက်ခြင်းဖြစ်သည်။ မစ္စတာနိုဝါကိုစကီက ထောက်ခံလိုက်၏။

'ဟုတ်ပါ့ဗျာ'

'ပုပ်ရဟန်းမင်းကြီးနဲ့ ကျန်တဲ့လူတွေအားလုံးကို အသေခံမှာ မဟုတ်ပါဘူး'

'ဟုတ်တာပေါ့၊ ဘယ်လိုနည်းနဲ့မှ အသေခံမှာ မဟုတ်ပါဘူး'

အဓိက အန္တရာယ်မှာ ပျံသန်းနေစဉ် တစ်ခုခု အမှားမှား၊အယွင်းယွင်း ဖြစ်သွားနိုင်သည့် ကိစ္စပင်ဟု ဂျိန်းက တွေးလိုက်မိ၏။ မစ္စတာနိုဝါကိုစကီက ပြောလိုက်ပြန်သည်။

'ပုပ်ရဟန်းမင်းကြီးနဲ့ ပတ်သက်ပြီး အစစအရာရာ အဆင်ပြေသွားတာနဲ့ တစ်ပြိုင်နက် ကျုပ်တို့ကို ပြန်လွှတ်ပေးမယ်ဆိုတဲ့ကိစ္စကို ကျုပ် ယုံကြည်တယ်၊ လေယာဉ်ပျံပေါ်က လေယာဉ်အဖွဲ့သားတွေကို (ချုပ်ကိုင်ဖို့)အတွက် ကျုပ်တို့ကို ထိန်းသိမ်းထားတာ၊ တစ်နေရာရာမှာ ဆင်းမိပြီဆိုတာနဲ့ ကျုပ်တို့ဟာ သူတို့အဖို့ အသုံးမဝင်တော့ဘူး၊ သူတို့က တို့ကို လွှတ်ပေးလိုက်မှာပါ'

ဒါမှမဟုတ် အားလုံးကို အပျောက်ရှင်းပစ်ချင်လည်းပစ်မှာပေါ့ဟု ဂျိန်းက တွေးလိုက်၏။ ကရိုတ်ချ်ရေ တို့အားလုံးဟာ မင်းအပေါ်မှာ မူတည်နေပါတယ်ကွယ်။

❑

www.burmeseclassic.com

www.burmeseclassic.com



ရဲသားကြီး ဝတ်ဆင်ထားသော ယူနီဖောင်းသည် သူနှင့်မထိုက်တာ တရိုက်ချိုက တွေးလိုက်မိ၏။ သူလောက် အသက်ကြီးသော ပတ္တရောင်ရဲသားကို တရိုက်ချိုးသည် ယခင်က မမြင်ဖူးခဲ့ပါ။ သူသည် အသက်လေးဆယ်တော့ ကျော်လိမ့်မည်။ သို့သော် အရေးပါပုံတော့ ရသည်။ အခြားရဲသားများက သူ့ကို တရိုတသေ ပြောဆိုကြသည်။

သူက စကားပြောရိုင်းသည်။ တဲ့တိုး မေးသည်။

'မင်းက တို့ကို သက်သက်လာပြီး ညာနေတာပဲ ချာတိတ်'

'မဟုတ်ပါဘူး ခင်ဗျာ'

'ဟုတ်ကို ဟုတ်တယ်၊ ကဲ. . . ဟုတ်တယ်လို့ ဝန်ခံလိုက်စမ်းပါကွာ၊ မင်းက ဒီကိစ္စကို ရေဒီယိုထဲမှာ ကြားလိုက်ရတယ်၊ ဒါကြောင့် မင်းက တို့ဆီလာပြီး သက်သက် အကြောင်းရိုက်ဖို့ လုပ်တာ'

'မဟုတ်. . .'

'ငါ့ကို မညာနဲ့ ချာတိတ်'

သူ့အသံမှာ ကြောက်စရာ ကောင်းလှသည်။ ညအခါတွင် ကြားရသော မိုးခြိမ်းသံပမာ ဗင်တည်း။

'ဟေ့ ဒီမှာ ကိုယ့်လူ၊ တို့က မင်းကို ဒေါပွနေတာ မဟုတ်ပါဘူးကွာ၊ မင်းက ပျော်စေ၊ ဖျတ်စေ၊ ကလက်စေ ဆိုတဲ့ သဘောမျိုးနဲ့လာခဲ့တာ မဟုတ်လား'

'မဟုတ်ပါဘူး ခင်ဗျာ၊ နောက်ပြောင်နေတာ မဟုတ်ပါဘူး၊ တကယ်ပြောတာပါဗျ၊ ကျွန်တော့် ဖခင်က ပုပ်ရဟန်းမင်းကြီးကို လေယာဉ်ပျံနဲ့ ဆန်ဖရန်စစ္စကိုကို မောင်းပို့နေရတာ ပါ. . .၊ အဲဒါကြောင့် ကျွန်တော်တို့ကို ဖမ်းသွားတာ ခင်ဗျ'

'ဖမ်းသွားတာ၊ ဟုတ်လား'

'ဟုတ်ပါတယ်၊ ကျွန်တော်တို့က ဈေးထဲက အထွက်'

ရဲသားဝဝကြီးက နှုတ်ခမ်းကို ကိုက်လိုက်၏။

'မင်းအဖေက ဘယ်လေကြောင်း ကုမ္ပဏီမှာ လုပ်သလဲ'

'ထရန့်စ်အမေရိကန်မှာပါ ခင်ဗျာ'

'နာမည်ကကော'

'ဂျင်ဆင်ပါ ခင်ဗျာ၊ ကျွန်တော့် နာမည်နဲ့ အတူတူပါပဲလို့ ပြောခဲ့ပြီးပါပြီ'

သူတို့အချင်းချင်း ကွက်ကနဲ ကြည့်လိုက်ကြ၏။ ခဏလောက်တော့ စဉ်းစားလိုက်ကြသည်။ ထို့နောက် ရဲသားဝဝကြီးက တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်လိုက်၏။

'ငါ့ကို အက်ဖ်ဘီအိုင်နဲ့ ဆက်ပေးစမ်း၊ ခပ်မြန်မြန်ဆက်ဟေ့'

❑

www.burmeseclassic.com

www.burmeseclassic.com



မာလိုရီသည် ပထမတန်းအခန်းသို့ တယ်လီဖုန်းနှင့် ဆက်သွယ်လိုက်၏။ ဒီးပင်နက်တီက ပြန်ထူးသည်။

'ခရီးသည်တွေရဲ့ အခြေအနေ ဘယ့်နှယ်လဲ'

'အခြေအနေ ကောင်းပါတယ် ကက်ပတိန်၊ ဘာဖြစ်နေတယ်ဆိုတာ ဘယ်သူမှ မသိကြသေးပါဘူး၊ သံသယ မဝင်ကြသေးပါဘူး'

'ကောင်းတယ်'

သိလာကြသောအခါတွင် မည်သို့ မည်ပုံ ခံစားတုံ့ပြန်ကြလေမည်နည်းဟု မာလိုရီက တွေးမိသည်။

'မင်းတို့တစ်တွေကကော ဘယ်လိုလဲ၊ ပြဿနာ ထူးထူးထွေထွေ ရှိကြသေးသလား'

'မရှိပါဘူး၊ ခုအချိန်အထိ အဆင်ပြေလျက်ပါပဲ'

'ပုပ်ရဟန်းမင်းကြီးကော'

'ကျိန်းစက်နေပါပြီ ကက်ပတိန်'

'ကျိန်းစက်နေပြီ၊ ဟုတ်လား'

'မှန်ပါတယ်ရှင်၊ တစ်ချို့ အဖွဲ့သားတွေက အိပ်မပျော်ကြသေးပေမယ့် ပုပ်ရဟန်းမင်းကြီး တော့ နှစ်နှစ်ခြိုက်ခြိုက်ကြီး ကျိန်းစက်နေပါပြီ၊ ဪ. . . ကက်ပတိန်တို့အတွက် ဘာများ စီစဉ်ပေးရမလဲ ကော်ဖီသောက်မလား'

'မဆိုးဘူးပေါ့၊ သုံးခွက်ယူခဲ့'

ဟာဒီယာက ပန်းကို တို့၍ သတိပေးလိုက်၏။

'လေးခွက်ယူခိုင်းလိုက်ပါ'

မာလိုရီက ပြောလိုက်သည်။

'လေးခွက်ယူခဲ့ရင် ကောင်းလိမ့်မယ်၊ ပြီးတော့လည်း ဧည့်ခန်းထဲက လူတွေအတွက် ချောက်ခွက်လောက် ယူပေးလိုက်ပါ၊ ပြီးတော့ မင်းအဲဒီကို ရောက်သွားတဲ့အခါဆိုရင် သိပ်အံ့ဩ မသွားနဲ့နော်'

'ရှင်'

'အဲဒီမှာ အဝတ်အစားဗလာနဲ့ လက်ထိတ်ခတ် ခံထားရသူ ငါးယောက်တောင် ရှိနေတယ်'

ခဏတော့ ငြိမ်ကျသွားသည်။

'ကောင်းပါပြီ ကက်ပတိန်'

တုန်လှုပ်ချောက်ချားမှုကင်းသော ဒီးပင်တည်း။

မာလိုရီက နေရာရွှေ့၍ ထိုင်လိုက်၏။ ဆယ့်ငါးနှစ်အတွင်း ပထမဦးဆုံးအကြိမ် စီးကရက်တစ်လိပ်ကို လိုလိုလားလား တောင့်တမိသည်။ စီးကရက်က သူ့အား အကြံဉာဏ် တစ်ခုခု ပေးနိုင်ကောင်း ပေးနိုင်ပေလိမ့်မည်။ ယခုလို ခိုင်းတဲ့အတိုင်း လိုက်နာနေရတာနှင့်စာ

www.burmeseclassic.com

www.burmeseclassic.com



ချင် တစ်ခုခုလုပ်လိုက်ရတာက ပို၍ ကောင်းပေလိမ့်မည်။

မင်းလုပ်နိုင်တာ တစ်ခုခုတော့ ရှိမှာပါကွာ၊ စဉ်းစားစမ်းပါဦး၊

မာလိုရီ သက်ပြင်းချလိုက်မိ၏။ ယခုကိစ္စတွင် ပြန်ပေးဆွဲသူများသည် ကြိုတင်စီစဉ်ရာ၌ အထူးကောင်းမွန်ကြသူများဖြစ်သည်။ အားလုံးကို ခြုံငုံ၍စဉ်းစားခဲ့ကြပေါ့သည်၊ သို့သော် ညီသူ့မှု ပြီးပြည့်စုံအောင် စဉ်းစားနိုင်ကြမည်မဟုတ်၊ ဟာကွက်တစ်ခုခုတော့ ရှိရတတ်စမြဲပင်။

ဂျင်ဆင်က ဖာဒီယာဘက်သို့ လှည့်လိုက်၏။ သူ့အသံမှာ ဒေါသကြောင့် တုန်ခါနေသည်၊

'ကျုပ် မိသားစုထဲက တစ်ယောက်ယောက်ကို မင်းရဲ့အပေါင်းပါ တစ်ယောက်ယောက်က အနာတရဖြစ်အောင် လုပ်တယ်ဆိုရင် မင်းကို ငါကိုယ်တိုင် သတ်မယ်၊ မင်းတို့အားလုံးကို ငါကိုယ်တိုင် သတ်မယ်လို့ ကြိုပြောလိုက်ချင်တယ်'

ဖာဒီယာက အထင်မကြီးဟန်နှင့် ပခုံးကို တွန့်ပြလိုက်သည်။

'ကဲ. . . မစ္စတာဂျင်ဆင်၊ ရှင့်ရင်ထဲမှာရှိတာတွေ ဖွင့်ပြောလိုက်ရပြီဆိုတော့ နေသာထိုင်သာရှိသွားပြီ မဟုတ်လား'

ဂျင်ဆင်၏ ဒေါသမှာ ပေါက်ကွဲလုနီးပါး ဖြစ်နေသည်။

'မင်းတို့က မင်းတို့လုပ်ရင် ဘာမဆိုဖြစ်မယ်လို့ ထင်ထားကြသလား၊ သေနတ်ကလေးကို ဝှေ့ယမ်းပြလိုက်ရုံနဲ့ အားလုံးက ဦးညွှတ်လာကြလိမ့်မယ်လို့ ထင်နေသလား၊ မင်းတို့အနေနဲ့ ကျုပ်မိသားစုကို ပြန်ပေးဆွဲနိုင်ခွင့် ရှိသလား'

စကားတစ်မျိုးတည်းကို ထပ်ခါတလဲလဲ ပြောနေရသောကြောင့် ညည်းငွေ့နေသော လေသံဖြင့် ဖာဒီယာက ပြန်ဖြေလိုက်သည်။

'ရှင့်မိသားစုကို အန္တရာယ် မဖြစ်ပါစေနဲ့လို့ ကျွန်မ ဆုတောင်းပါတယ် မစ္စတာဂျင်ဆင်၊ ရှင့်ကိုလည်း အန္တရာယ်မဖြစ်စေချင်ပါဘူး၊ ဒါပေမယ့် လုပ်ကိုလုပ်ရမယ့် ကိစ္စကလေးတွေကလည်း ရှိနေပြန်တယ်၊ အဲဒီလို လုပ်တဲ့အခါမှာ လူပုဂ္ဂိုလ်တစ်ချို့ကို ဒုက္ခမပေးပဲ လုပ်လို့ မဖြစ်ပြန်ဘူး၊ ဝမ်းနည်းပါတယ်ရှင်၊ အဲဒီလို မဖြစ်စေချင်ပေမယ့် မလွှဲသာမရှောင်သာ လုပ်ရတဲ့ ကိစ္စမျိုးပါ'

ဂျင်ဆင်က မပွင့်တပွင့် လေသံနှင့် ပြောလိုက်သည်။

'မင်းဆီမှာသာ သေနတ်မရှိဘူးဆိုရင် မင်းဘယ်လောက် သတ္တိရှိမလဲဆိုတာ ငါ သိချင်လိုက်တာ'

'ရှင်. . . အဲဒီ အခွင့်အရေးမျိုးကို ဘယ်တော့မှ ရမှာမဟုတ်ဘူး'

ဖာဒီယာက တစ်ဖွဲ့လုံးကို ဒေါသနှင့် ကြေငြာလိုက်၏။

'ဒီကိစ္စကို ရပ်တန်းမှာရပ်ကြရင် ကောင်းမယ်ထင်တယ်'

နောက်ဘက်က တံခါးပွင့်လာသောကြောင့် ဖာဒီယာက လှည့်ကြည့်လိုက်၏။ ဖာဒီယာ၏ အပေါင်းအသင်းတစ်ယောက်က တစ်ခုခုကို လှမ်းပြောလိုက်ရာ ဖာဒီယာက ခေါင်းညိတ်

www.burmeseclassic.com



ပြလိုက်သည်။ ဤတွင် ကော်ဖီခွက်များကို လင်ပန်းနှင့် သယ်လာသော ဒီးပင်နက်တီအား ဝင်ခွင့်ပြုလိုက်သည်။

ညှော်နံ့းထဲတွင်ရှိနေသော စုံထောက်များအား မာလိုရီက ဖြတ်ကနဲ လှမ်းမြင်လိုက်ရ၏။

သနားစရာ ပုဂ္ဂိုလ်များပါကလား။

ဖာဒီယာကို တွေ့လိုက်ရသောကြောင့် ဒီးပင်နက်တီ အံ့ဩသွားသည်။ သူက အမျိုးသား တစ်ယောက်ယောက် ဖြစ်လိမ့်မည်ဟု မျှော်လင့်ထားသည်။

'ဟိုအပြင်ဘက်မှာ ရှိတဲ့လူတွေ၊ တော်တော်လေး ချမ်းနေကြတယ်၊ စောင်ယူပေးလို့ ရမလား'

ဖာဒီယာက ခေါင်းခါပြလိုက်၏။

'တို့ကို ကော်ဖီပေးပြီးရင် ပြန်တော့'

ဒီးပင်နက်တီက ပါးစပ်ကို ဟလိုက်သေးသော်လည်း စိတ်ပြောင်းသွားဟန် ဖြင့် ပါးစပ်ကို တင်းနေအောင် စေ့ထားပြီး အငွေ့တထောင်းထောင်းထနေသော ကော်ဖီခွက်များကို လိုက်လံဝေငှသည်။

'ခဏလောက်'

'ရှင်'

ဖာဒီယာက ပြောလိုက်သည်။

'တို့ကော်ဖီခွက်ကို ကက်ပတိန်မာလိုရီရဲ့ ကော်ဖီခွက်နဲ့ လဲပေးရလိမ့်မယ်'

'မဟုတ်တရုတ် လုပ်မထားပါဘူး . . .'

'ဒါဆိုရင် အဲဒီလိုလဲတာကို ပိုပြီးတော့တောင် ကန့်ကွက်စရာ မလိုတော့ဘူးပေါ့'

'အင်မတန် ကြောင်တဲ့ကိစ္စပဲ'

'ဖြစ်နိုင်တယ်၊ ဒါပေမယ့် မင်းလုပ်ကို လုပ်ရလိမ့်မယ်၊ ကော်ဖီခွက်တွေကို တို့ စောင့်ကြည့် နေလို့ရအောင် ခပ်ဖြည်းဖြည်းလဲပေးစမ်း'

ဒီးပင်နက်တီ သက်ပြင်းချလိုက်၏။ သူက ကက်ပတိန်မာလိုရီ၏ ကော်ဖီခွက်ကို ယူပြီး ဖာဒီယာအား ပေးလိုက်သည်။

မာလိုရီက ဒီးပင်နက်တီအား လှမ်းကြည့်လိုက်၏။

'ဒီကော်ဖီကို သောက်ရင် ဖြစ်ပါတယ်နော်'

'သိပ်ဖြစ်တာပေါ့၊ ကက်ပတိန်ရယ်၊ ကျွန်မရဲ့ အကောင်းဆုံး လက်ရာပါပဲ'

ဖာဒီယာက ပြောလိုက်သည်။

'ကဲ မင်းပြန်တော့၊ ကော်ဖီအတွက် ကျေးဇူးတင်ပါတယ်'

ဒီးပင်နက်တီသည် တံခါးမှ ပြန်ထွက်ရင်း ပြန်ပြောသွားသည်။

'နောက်လိုချင်သေးရင်လည်း ထပ်မှာပေါ့ရှင်'

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၁၃ )

ဂရင်းဝစ်ချ် စံတော်ချိန် ၀၃ း၂၈ နာရီ
အနောက်ဂျာမနီသို့ ချဉ်းကပ်လာနေစဉ်
မြောက်လတ္တီတွဒ် ၅၆ ဒီဂရီ ၀၁ မိနစ်
အရှေ့လောင်ဂျီတွဒ် ၄ ဒီဂရီ ၄၉ မိနစ်

လေယာဉ်မယ် ဖရန်လဒ်ဝစ်သည် ရောဘတ်ရတ်ဒ်ဖို့ဒ်နှင့်အတူ ပွဲချိတ်တစ်ခုအပေါ်တွင် ရှိနေသည်ဟု အိပ်မက်မက်နေရာမှ လန့်နိုးလာသည်။ သူ့နံဘေးတွင် ရှိနေသော လူစီဆူလီဗန်သည်လည်း အိပ်ငိုက်နေသည်ကို တွေ့ရသည်။

လေယာဉ်မယ် လဒ်ဝစ်က လက်ပတ်နာရီကို ကြည့်လိုက်၏။ ဆန်ဖရန်စစ္စကို စံတော်ချိန် ညနေ ၈ နာရီနှင့် မိနစ် ၄၀ ရှိနေလေပြီ။ ပြတင်းပေါက်မှန်စပ်တွင် လာတိုးနေသော တောက်ပသည့်နေရောင်ခြည်ကို လှမ်းကြည့်ပြီး ဦးနှောက်ခြောက်သွားသောကြောင့် လူစီကို တံတောင်ဆစ်နှင့်တွက်၍ နှိုးလိုက်၏။

'ဘယ်နှစ်နာရီ ရှိပြီလဲ'

'ဆန်ဖရန်စစ္စကို စံတော်ချိန် ၈ နာရီ ၄၀'

'တယ်ထူးဆန်းပါလား၊ ညပိုင်းမှာ ခရီးစထွက်လာပြီး ညပိုင်းမှာပဲ ဆင်းသက်ရမယ့် ခရီးစဉ်မှာ နေထွက်တာကို တွေ့နိုင်ပါ့မလား'

'အယ်၊ သန်းခေါင်ယံနေ(MIDNIGHT SUN)လည်း ဖြစ်နိုင်ပါတယ်တွား နွေရာသီမှာ အာတိတ်စက်ဝိုင်းမြောက်ဘက်က ပျံသန်းတဲ့အခါကျရင် အဲဒါမျိုးက အဆန်း မဟုတ်ပါဘူး'

'အေးလေ မင်းပြောတာ မှန်ပုံရပါတယ်၊ တို့လည်း ခရီးသည်တွေအတွက် ကော်ဖီနှပ်ကြ ရင် ကောင်းမယ်ထင်တယ်၊ တော်တော်ကြာကျရင် နိုးချင်နိုးလာကြမှာ'

www.burmeseclassic.com

www.burmeseclassic.com



ဖရန်လဒ်ဝစ်သည် လိုက်ကာကြားမှ အပြင်သို့ လှမ်းကြည့်လိုက်၏။ နေရောင်ခြည်သည် တောက်ပလှသည်။ သူက မီးဖိုချောင်ဆီသို့ အသွားတွင် ခရီးသည်တစ်ယောက်က လက်နှင့် လှမ်းတားလိုက်၏။

'ကျုပ်နာမည် စကွိုင်းယားပါ'

'ဟုတ်ကဲ့ရှင့်၊ ကျွန်မ သိပါတယ်'

'ကျုပ်သိချင်တဲ့ အချက်ကို မင်းကများ ပြောနိုင်မလားလို့'

'ကျွန်မ မီးဖိုချောင်ကို သွားဖို့ရှိနေပါတယ်'

'အခုကိစ္စက သိပ်ကို အရေးကြီးနိုင်တယ်ကွ'

'ရှင်'

'တို့ဦးတည်ပြီး သွားနေတဲ့ ခရီးက ဆန်ဖရန်စစ္စကိုဆိုတာ ဟုတ်ပါတယ်နော်'

'ဟုတ်ပါတယ်ရှင်'

'ဆန်ဖရန်စစ္စကို ကို ဦးတည်ပြီး သွားနေတယ်ဆိုရင် အနောက်ဘက်က နေထွက်တာကို မင်းက ဘယ်လိုလုပ်ပြီး ရှင်းပြမလဲ'

'အဲ . . . အဲဒါကတော့ . . . ကျွန်မတို့က အာတိတ်စက်ဝိုင်းပေါ်မှာ ရောက်နေပြီး၊ ညသန်းခေါင်ယံမှာ ထွက်တဲ့နေ . . .'

မစ္စတာ စကွိုင်းယားက ဖြတ်ပြောလိုက်သည်။

'ဟဲ့ ကလေးမ၊ ဒါဆိုရင် နေက တို့ရှေ့တည့်တည့်ကမထွက်ပဲ မြောက်ဘက်က ထွက်တယ်ဆိုရင် ဟုတ်တုတ်တုတ်ပေါ့၊ အခုကိစ္စကတော့ ဒီလေယာဉ်ပျံက အနောက်ဘက်ကို ပြန်ကွေ့ပြီး အရှေ့စူးစူးဆီကို ဦးတည်ပျံသန်းနေတာ ဖြစ်ရမယ်၊ ကြည့်လေ'

တာနွန်စကွိုင်းယားက ပြတင်းပေါက်ဆီသို့ လက်ညှိုးထိုးပြလိုက်ပြီး လက်ပိုက်ထားလိုက်သည်။

လေယာဉ်မယ် ဖရန်လဒ်ဝစ်က တစ်ခုခုကို ပြန်ပြောရန် ရည်ရွယ်လိုက်ပြီးမှ နှုတ်ဆိတ်သွားသည်။ ဒီလူပြောတာ အဓိပ္ပာယ်ရှိသည်။ နေမင်းကြီးသည် လေယာဉ်ဦးပိုင်းဆီမှ ထွက်ပေါ်လာနေသည်။

ဖရန်လဒ်ဝစ်က နှုတ်ခမ်းကို သွားနှင့်ကိုက်လိုက်မိ၏။ တစ်ခုခုတော့ မှားနေပြီ။ ကြီးကြီးကျယ်ကျယ် မှားယွင်းနေလေပြီ။

'ကျွန်မ ပြန်ပြီး အဖြေပေးပါ့မယ်ရှင်'

'ကျုပ် စောင့်နေမယ်'

'လောလောဆယ်မှာတော့ ဒီကိစ္စကို တခြားခရီးသည်တွေကို မပြောပါနဲ့လားရှင်'

'မင်းသဘောအတိုင်းပါပဲ'

ကျေးဇူးတင်ပါတယ်ရှင်'

ဖရန်လဒ်ဝစ်သည် အနီးဆုံးနေရာတွင်ရှိသော တယ်လီဖုန်းဆီသို့ ဦးတည်၍ သွားတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူပြောသောစကားအား တစ်ဦးတစ်ယောက်က ကြားသွားမည်ကို စိုးရိမ်သောကြောင့် နံရံကိုမျက်နှာမူပြီးနောက် လေယာဉ်မောင်းခန်းနှင့် ဆက်သွယ်ထားသော ခလုတ်အား လက်နှင့်နှိပ်လိုက်၏။

'အခုပြောနေတာ ဖရန်လဒ်ဝစ်ပါရှင်၊ ဘာဖြစ်လို့ အနောက်ဘက်အရပ်က နေထွက်လာတယ်ဆိုတာ တစ်ယောက်ယောက်က ရှင်းပြပါလားရှင်'

❑

ပုပ်ရဟန်းမင်းကြီးသည် ၎င်းပါရှိလာသောကြောင့် ဘေးအန္တရာယ်နှင့် ကြုံတွေ့နေကြရသော အမျိုးသမီး၊ အမျိုးသားများအတွက် ဆုတောင်းမေတ္တာ ပို့သလိုက်သည်။ အခြေအနေ အရပ်ရပ်က အတင်းအဓမ္မ တွန်းပို့ခဲ့သောကြောင့် ယခုလို မိုက်မိုက်ကန်းကန်း စွန့်စားသည့် အဆင့်အထိ ကြိုးပမ်းလာကြသော ပြန်ပေးသမားများအတွက်လည်း ဆုတောင်းမေတ္တာ ပို့သလိုက်သည်။ ကမ္ဘာသူကမ္ဘာသားများသည် ငြိမ်းချမ်းသာယာစွာ နေထိုင်ရသည့် အချိန်ကာလသို့ ရောက်ရှိနိုင်ပါဦးမည်လော။ လူသားများသည် တစ်ဦးကိုတစ်ဦးက အမြဲတစေ သတ်ဖြတ်နေကြစေဟူ၍ ကျိန်စာသင့်နေကြလေသလော။ လူ့အသက်တစ်ချောင်းကို မည်သည့် အကြောင်းကိစ္စနှင့်မျှ သတ်ဖြတ်ရန် မသင့်ကြောင်း သဘောပေါက်လာသော အချိန်သို့ ရောက်ရှိနိုင်ပါဦးမည်လော။ လူသားများသည် ဇေထဲ၌ ငြိမ်သက်စွာ ပျံသန်းနေနိုင်သော ထူးခြားဆန်းကြယ်လှသည့် စက်ကိရိယာများကို တည်ဆောက်နိုင်သူများ ဖြစ်ကြသည်။ လူလူချင်း အတူတကွနေထိုင်ကြရာမှ ဖြစ်ပေါ်လာသော ပြဿနာများအား ထိုကဲ့သို့သော ထူးချွန်ပြောင်မြောက်သူများက စူးစူးစိုက်စိုက်နှင့် ဖြေရှင်းပေးကြမည်ဆိုပါလျှင်. . . .

ပုပ်ရဟန်းမင်းကြီးသည် မကြာမီ ရင်ဆိုင်ရတော့မည့် အနာဂတ်ကာလအတွက် တွေးတော်မူပြန်၏။ ကမ္ဘာပေါ်၌ ခေတ္တခဏသာ နေခွင့်ရလိုက်သော ၎င်း၏ ဘဝသက်တမ်းသည် နာရီပိုင်းအတွင်း သို့တည်းမဟုတ် မိနစ်ပိုင်းအတွင်း ကုန်ဆုံးချုပ်ငြိမ်းသွားဖွယ်ရာ ရှိသည်။ ရှိစေတော့။ ဖြစ်ပျက်လာနိုင်သည့် အလားအလာမှာ ကြောက်စရာတော့ မဟုတ်ချေ။ အကယ်၍ ဖြစ်ပျက်လာခဲ့သည်ရှိသော် ၎င်းကို သတ်ဖြတ်သူများအား ခွင့်လွှတ်သည်းခံရင်း သေခြင်းတရားကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရန်မှာ ၎င်း၏တာဝန်သာ ဖြစ်ပေလိမ့်မည်။

❑

'ခရီးသည်တွေကို ပြောင်အသိပေးမှ သင့်တော်လိမ့်မယ်'

ဖာဒီယာက မာလိုရီ၏ စကားကို စဉ်းစားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ၊ ဒီအချိန်ဟာ ပြောသင့်တဲ့ အချိန်ပါပဲ'

'တွေ့ဆုံကြီးလှပါပေတယ် ခင်ဗျာ'

'ပြောမှာသာ ပြောစမ်းပါ ကက်ပတိန်ရယ်၊ ငေါ့ထော့မနေပါနဲ့'

ဂျင်ဆင်က အရှေ့ဂျာမနီနိုင်ငံ နယ်စပ်သို့ ရောက်ရန် ငါးမိနစ်ခန့်သာ လိုတော့ကြောင်း သတင်းပို့သည်။

'ဒါပေမယ့် အရှေ့ဂျာမနီနိုင်ငံအပေါ် ဖြတ်ကျော် ပျံသန်းခွင့်ကိုတော့ ခုထက်ထိ မရသေးဘူး'

မာလိုရီက ခေါင်းညိတ်လိုက်၏။ လေကြောင်းပျံသန်းမှုဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့က ခရီးစဉ်အမှတ် ၉၀၁ အနေဖြင့် အယ်လ်မားဂရက်ဇ်သို့ အရောက်ပျံသန်းရာတွင် ကျော်ဖြတ်ရမည့်နိုင်ငံများဖြစ်သော ဂရင်းလန်၊စကော့တလန်၊ အနောက်ဂျာမနီ၊ ချက်ကိုစလို ဗေးကီးယား၊ ဟန်ဂေရီ၊ ရိုမေးနီးယား၊ ယူဂိုဆလားဗီးယား၊ ဘူလ်ဂေးရီးယား၊ ဂရိစ်၊ တူရကီ၊ ဆိုက်ပရပ်စ်နှင့် ကန်နန်းနိုင်ငံများအနက် အရှေ့ဂျာမနီနိုင်ငံကလွဲလျှင် ဈေးနိုင်ငံအားလုံးထံမှ ခွင့်ပြုချက် ရရှိပြီးဖြစ်ကြောင်း အသိပေးထားပြီးဖြစ်သည်။

မာလိုရီသည် ဘာရီမင်(လေဆိပ်)ကွပ်ကဲမှုဌာနသို့ ဆက်သွယ်ပြီး လေကြောင်း ခရီးစဉ် အမှတ် ၉၀၁ သည် မကြာခင် ရောက်ရှိလာမည်ဖြစ်ပြီး ၎င်းတို့၏ လေကြောင်းပိုင်နက် အတွင်းမှ အရှေ့ပေါ် ဖြတ်သန်းခွင့်ပြုပါမည့်အကြောင်း အရှေ့ဂျာမနီသို့ အကြောင်းကြား ပေးပါရန် ထပ်မံမေတ္တာရပ်ခံလိုက်သည်။ ပြဿနာရှိနိုင်သည်ဟု သူမထင်မိချေ။ ဤ လေယာဉ်ပျံ၏ ပျံသန်းရာလမ်းကြောင်းကို တစ်ကမ္ဘာလုံးက သိနေကြလိမ့်မည်သာဖြစ်သည်။ ယခုအချိန်တွင် လူပေါင်းမည်ရွေ့ မည်မျှက တပြိုင်နက်တည်းဖိုင်း၍ အသံလွှင့်ပေး နေကြ မည်ဆိုတာကိုမူ ဘုရားသခင်သာ သိတော်မူပေလိမ့်မည်။

၎င်း၏ မွေးရပ်မြေတွင်လည်း မည်သို့သော ကိစ္စရပ်များ ဖြစ်ပွားနေလေသနည်း။ အဓိပ္ပာယ်ရှိသော သတင်းစကားကို မည်သူကမျှ ပေးနိုင်ကြပုံမရချေ။ ဂျိန်းတို့အကြောင်းကို လည်း ဘာတစ်ခုမှ ဆက်မကြားရတော့ချေ။ သို့သော် ဟာင်ဒါဆင်ကမူ ရဲအဖွဲ့က အားကြိုးမာန်တက် ဆောင်ရွက်နေပါသည်ဟု အဆိုရှိသည်။

မာလိုရီသည် လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီးနောက် အသံချဲ့စက်မှ စကားပြောခွက် အား ကောက်ကိုင်လိုက်သည်။

'ဦးတို့ ဒေါ်ဒေါ်တို့ ခင်ဗျား၊ ကက်ပတိန်မာလိုရီ အစီရင်ခံနေပါတယ် ခင်ဗျာ၊ လူကြီး မင်း အချို့ဟာ မကြာသေးခင်ကမှ အိပ်ရာကနိုးလာကြတယ်ဆိုတာ ကျွန်တော်သိပါတယ်၊ နံနက်လင်းလင်းချင်း အနိဋ္ဌာရုံသတင်းနဲ့ ဆုံတွေ့ဆက်ရတဲ့အတွက် အများကြီး ဝမ်းနည်းပါတယ်၊ ယခု ဒီလေယာဉ်ပျံကြီးဟာ အရှေ့အလယ်ပိုင်းဒေသမှာရှိတဲ့ ဟက်ရှိမိုက်နိုင်ငံဆီကို ဦးတည်ပျံသန်းလျက် ရှိနေပါတယ်၊ အကြောင်းကတော့ ဝမ်းနည်းစွာနဲ့ အသိပေးရမယ်ဆိုရင် ပြန်ပေးဆွဲခံရလို့ပါပဲ၊ ဒါပေမယ့် အထိတ်တလန့်တော့ ဖြစ်မသွားကြပါနဲ့ ခင်ဗျာ၊ သတင်း

www.burmeseclassic.com

www.burmeseclassic.com



ဟာ စိတ်ရှုပ်စရာသတင်း ဖြစ်သော်လည်း ပြန်ပေးဆွဲသူများက ခရီးသည်တွေကို အန္တရာယ် မပြုပါဘူးလို့ ကျွန်တော့်ကို ကတိပေးထားကြပါတယ်၊ ဒီခရီးစဉ်မှာ ပုပ်ရဟန်းမင်းကြီး လိုက်ပါလာတဲ့အတွက် ဒီလေယာဉ်ပျံကို ရွေးချယ်ခြင်း ဖြစ်တယ်လို့ သိရပါတယ်၊ ပုပ်ရဟန်းမင်းကြီးကို ဘေးမသီ ရန်မခပဲ ပြန်လွှတ်ရေးကိစ္စအတွက် တစ်ခုခုကို တောင်းဆိုလိမ့်မယ်လို့ ကျွန်တော် ယူဆပါတယ်၊ အသေးစိတ်ကိုတော့ မသိရပါဘူးခင်ဗျား၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့ကို ရည်စူးဦးတည်ခြင်း မဟုတ်ကြောင်း ထပ်လောင်းပြီး အသိပေးချင်ပါတယ်၊ ကျွန်တော်တို့ လေယာဉ်ပျံဟာ မြေပြင်ပေါ် ကို ဆင်းမိတာနဲ့တစ်ပြိုင်နက် ခင်ဗျားတို့အားလုံးကို ဆင်းခွင့်ပေးပါလိမ့်မယ်၊ ခုလောလောဆယ်မှာတော့ လေယာဉ်မောင်/မယ်များက ကော်ဖီနှင့် စားစရာတွေကို လာရောက်ပို့ပေးကြပါလိမ့်မယ်၊ ယခုလို ဖြစ်ပွားခဲ့ရတဲ့အတွက် ကျွန်တော် လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းမိပါတယ်၊ အစစအရာရာ အဆင်ပြေသွားလိမ့်မယ်လို့ လည်း စိတ်ချယုံကြည်ထားပါတယ်၊ ဘာကိုမှ စိတ်လိုက်မာန်ပါ မလုပ်ကြပါနဲ့ခင်ဗျာ၊ လေယာဉ်မောင်းခန်းထဲမှာ လက်နက်ကိုင်ပြန်ပေးတစ်ယောက် ရှိနေတဲ့အပြင် ခရီးသည်တွေအကြားမှာလည်း ရှိနေကြပါတယ်၊ ဘယ်နှစ်ယောက်ဆိုတာကိုတော့ မသိရပါဘူး၊ ဒါကြောင့် သက်တောင့်သက်သာ အနားယူကြပါခင်ဗျာ၊ ကျွန်တော်များ တတ်နိုင်တဲ့အချိန်မှာ လူကြီးမင်းများကို ဒီအခက်အခဲကြီးထဲက ချက်ချင်းကယ်တင်ပါ့မယ်၊ ကျေးဇူးတင်ပါတယ် ခင်ဗျာ'

❑

'မဖြစ်နိုင်ဘူး၊ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး'

ထိုအမျိုးသမီးက ကုလားထိုင်လက်ရန်းကို လက်သီးနှင့်ထုပြီး ပြောလိုက်ခြင်းဖြစ်သည်။ သူက မစ္စတာစကျွိုင်းယား၏လက်ကို ဆုပ်ကိုင်ရင်း ထပ်ပြောလိုက်ပြန်၏။

'လုံးဝ မဖြစ်နိုင်ဘူး၊ ဟုတ်တယ် မဟုတ်လား'

မစ္စတာစကျွိုင်းယားသည် ထိုအမျိုးသမီး၏ လက်ချောင်းများကို တစ်ချောင်းချင်း ဖြေပစ်လိုက်သည်။ မစ္စတာစကျွိုင်းယားက လေယာဉ်ပျံကြီးသည် အရှေ့ဘက်ဆီသို့ ဦးတည်ပျံသန်းနေသည်ဟု ယူဆရကြောင်း ဖြေလိုက်၏။

'ကျွန်မတော့ မပြောတတ်အောင်ကို ဖြစ်နေရပါပြီရှင်၊ ကျွန်မတို့ ဘာဆက်လုပ်ကြရမှာလဲ'

'ဘာဖြစ်လာမလဲ ဆိုတာကို စောင့်ကြည့်ရုံပဲ ရှိတော့တာပေါ့'

'စောင့်နေရမယ် ဟုတ်လား'

'သိပ်ဟုတ်တာပေါ့'

'ဟင့်အင်း၊ ကျွန်မတို့အနေနဲ့ တစ်ခုခုလုပ်မှ ဖြစ်လိမ့်မယ်ထင်တယ်'

'ခင်ဗျားက ဘယ်လိုများ အကြံပေးချင်လို့တုံး'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မတော့ သတိလစ်သွားလိမ့်မယ် ထင်တာပဲ'

မစ္စတာဗာနွန်စက္ကိုင်းယားက သက်ပြင်းချလိုက်၏။

'ဒါဆို သိပ်ပြီး အကူအညီရတာပေါ့ဗျာ'

❑

အနောက်ဂျာမနီနိုင်ငံမှ လေကြောင်းကြီးကြပ်ရေးမှူး၏အသံက စိတ်ပူပင်နေပုံရသည်။

'ထရန့်စ်အမ် ကိုးသုံ့ညတစ်၊ အရှေ့ဂျာမနီက ရှိနီဖဲလ်ကြီးကြပ်ရေးဌာနကို ကျုပ်တို့ ထပ်ဆက်သွယ်ပြီး ခင်ဗျားတို့ အခြေအနေကို ရှင်းပြလိုက်ပါတယ်၊ ဒါပေမယ့် ခုအချိန်အထိ သူတို့လေကြောင်း ပိုင်နက်ထဲက ဖြတ်သန်းခွင့် မရသေးဘူး၊ ဒါကြောင့် အရှေ့ဂျာမန် လေကြောင်းပိုင်နက်ထဲက ဖြတ်သန်းခွင့်မရခင် နယ်စပ်ဆီကို ခပ်စွေစွေ ပျံသန်းသွားစေချင်ပါတယ်'

သို့သော် ဖာဒီယာက တင်းကြပ်၍ ခေါင်းခါနေလေပြီ။

'အချိန်ဖင့်မယ့်နည်းတွေကို မသုံးနဲ့လေ၊ အကွက်မဆင်ပါနဲ့ ကက်ပတိန်၊ ရှင့်ကို ညွှန်ကြားထားတဲ့အတိုင်း တည့်တည့်ပဲပျံသန်းပါ'

ဖာဒီယာ၏လေသံမှာ နောက်ထပ်လာပေးသော ဒုတိယ ကော်ဖီခွက်ကို ငြင်းလိုက်သည့် ခပ်အေးအေးလေသံမျိုးပင်။ မာလိုရီက လက်ရှိအနေအထား၏ အန္တရာယ်ရှိပုံကို ရှင်းပြလိုက်၏။

'အနောက်ဂျာမန် ကြီးကြပ်ရေးမှူးပြောတာကို မင်းလည်း ကြားသားပဲ၊ အရှေ့ဂျာမနီပေါ် ဖြတ်ပြီးပျံသန်းခွင့် ခုထက်ထိ မရသေးဘူး'

'ရှင့်ကို ကျွန်မ ညွှန်ကြားထားသားပဲ'

'ကျုပ်သိပါတယ်လေ၊ ဒါပေမယ့် မင်းက နားလည်မှုရှိဖို့တော့ ကောင်းပါတယ်၊ ဒါအန္တရာယ်ရှိတဲ့နယ်မြေ. . .'

'လမ်းကြောင်း မပြောင်းပါနဲ့ ကက်ပတိန်'

'ဒါပေမယ့်. . .'

ဖာဒီယာက အတင်းအဓမ္မ ညွှန်ကြားနေသည်။

'ကျွန်မခိုင်းတဲ့အတိုင်း လုပ်ပါ'

မာလိုရီက ပခုံးတွန့်လိုက်၏။

'ဘာရီမင် ကြီးကြပ်ရေးဌာန၊ ထရန့်စ်အမ် ကိုးသုံ့ညတစ်က ပြောနေပါတယ်၊ ကျုပ်တို့ အနေနဲ့ လမ်းကြောင်းပြောင်းခွင့်မရပါဘူး၊ လက်ရှိလမ်းကြောင်းအတိုင်း ပျံသန်းရပါလိမ့်မယ်၊ ဒီကိစ္စမှာ ကျုပ်တို့အနေနဲ့ ဘာမှ လုပ်ပိုင်ခွင့် မရှိဘူးဆိုတဲ့အကြောင်း အရှေ့ဂျာမနီကို မေတ္တာရပ်ခံပေးပါ၊ ကျုပ်တို့ရဲ့ လေယာဉ်မောင်းခန်းထဲမှာ လက်နက်ကိုင် ပြန်ပေးသမား

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရှိနေပါတယ်'

'ကောင်းပြီ၊ ထရန့်စ်အမ် ၉၀၁ ၊ ခင်ဗျားပြောတဲ့ကိစ္စတို ဆက်ပြီး သတင်းပို့လိုက်ပါမယ်၊ ခုအချိန်ကစပြီး ရှိုနီဖဲလ်ရေဒါရဲ့ ဖရီကွင်စီ တစ်နှစ် ငါးဒသမရှစ်ငါးနဲ့ တိုက်ရိုက်ဆက်သွယ်ပါတော့၊ ကံကောင်းပါစေ'

'ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ တစ်နှစ်ငါးဒသမရှစ်ငါးကို ပြောင်းပါတော့မယ်'

ဂျင်ဆင်က လက်ညှိုးထိုးပြရင်း အထိတ်တလန့်နှင့် ပြောလိုက်၏။

'ကျုပ်တို့အတွက် အဖော်တွေ ပါလာပြီဗျို့၊ ခွေးမသားတွေ၊ ဘယ်ဘက်သွန်းသွန်းမှာ နေရာယူထားကြတယ်၊ တွေ့လား'

လေယာဉ်ပျံလေးစီးသည် လေထုကို ခွင်းလျက် ပျံသန်းလာကြသည်။ တရိုက်ပုံသဏ္ဍာန် အတောင်ပံများအောက်၌ ဒုံးပျံများ တပ်ဆင်ထားသည်ကို တွေ့နေရသည်။

ဂျင်ဆင်က ပြောလိုက်သည်။

'အမ်အိုင်ဂျီ နှစ်ဆယ့်တစ်တွေ'

'တို့အရှေ့ဂျာမနီ နယ်ထဲ ရောက်နေပြီလား'

'နယ်စပ်ကို ခုလေးတင် ကျော်ဖြတ်ခဲ့ပါတယ် ကက်ပတိန်'

မာလိုရီက ဖာဒီယာအား တစ်ချက်လှမ်းကြည့်လိုက်၏။ ဖာဒီယာတစ်ယောက် တောင့်တင်းနေပုံရသည်။ ဤကဲ့သို့သော ပြဿနာမျိုးကို အရှေ့ဂျာမနီနိုင်ငံနှင့် ရင်ဆိုင်ရလိမ့်မည်ဟု သူမျှော်လင့်ထားပုံမပေါ်။

တိုက်လေယာဉ်ပျံများသည် ၎င်းတို့၏ လျင်မြန်ဖျတ်လတ်ပုံကို ပြသလိုသည့်အလား လေယာဉ်ပျံကြီး၏ရှေ့မှ ဖြတ်သန်း၍ ပျံသန်းပြကြသည်။ ထို့နောက် မြင်ကွင်းထဲမှ ပျောက်ကွယ်သွားပြန်၏။ မာလိုရီတစ်ယောက် သက်ပြင်းချလိုက်မိသည်။ ဝမ်းဗိုက်ထဲကမူ ရစ်၍,ရစ်၍ နာလာသလိုလိုပင်။

'ဒီကောင်တွေ ဘယ်ရောက်သွားပြန်တာတုံး'

ဂျင်ဆင်က ကိုယ်ကို တွန့်လိမ်ပြီး တိုက်လေယာဉ်များကို လိုက်ရှာကြည့်နေသည်။

မာလိုရီကမူ ဂရုစိုက်ပြီး ကြည့်မနေတော့ပါ။ မကြာခင် ပြန်လာကြလိမ့်မည်။ သူက မိုက်ကရိုဖုန်းကို ဆွဲယူလိုက်ပြီး ခရီးသည်များအနေဖြင့် အမ်အိုင်ဂျီလေယာဉ်များအား မထိတ်မလန့်ကြရန်နှင့် အရှေ့ဂျာမနီနိုင်ငံပေါ်မှ ကျော်ဖြတ်ရန် အစီအစဉ် မရှိခဲ့သောကြောင့် ဘိုးရင်းလေယာဉ်ပျံကြီးအား လာရောက်စုံစမ်းကြခြင်းသာ ဖြစ်ကြောင်း အစစအရာရာ အဆင်ပြေသွားမည်သာဖြစ်ကြောင်း လေပြည်ထိုးလိုက်သည်။

'သူတို့ ပြန်ရောက်လာကြပြန်ပြီ'

ဘယ်ဘက်ဘေးနှင့် ရှေ့တည့်တည့်မှ ပျံသန်းနေကြသော လေယာဉ်ပျံများကို ညွှန်ပြရင်း ဂျင်ဆင်က ပြောလိုက်ခြင်းဖြစ်သည်။

ဦးဆောင်ပျံသန်းနေသော အမ်အိုင်ဂျီ လေယာဉ်သည် ဘိုးရင်းလေယာဉ်ပျံကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဘေးချင်းယှဉ်လိုက်ပြီးနောက် ရာဘာကြိုးကလေးတစ်ချောင်းတွင် တွဲလောင်းကလေးဆွဲထားသည့် ဘောလုံးကလေးပမာ နိမ့်ချည် မြင့်ချည်ဖြစ်အောင် အပေါ်သို့ တက်လိုက်၊ အောက်ဘက်သို့ ပျံဆင်းလိုက်လုပ်နေသည်။ လိမ္မော်ရောင် အကြမ်းခံဦးထုပ်ကို ဆောင်းထားသော လေယာဉ်မှူးက ဘိုးရင်းလေယာဉ်ပျံကြီးအား ပြောင်ပြောင်တင်းတင်းနှင့် စေ့စေ့စပ်စပ် လေ့လာကြည့်ရှုနေသည်။

နိုဝါကိုစကီက ဆဲရေးတိုင်းထွာလိုက်၏။

'တော်တော်စပ်စုတဲ့ ခွေးမသား'

မာလိုရီက ဂျင်ဆင်အား အရှေ့ဂျာမနီ လေကြောင်းကြီးကြပ်ရေးမှူးနှင့် ဆက်သွယ်ရန် ညွှန်ကြားလိုက်သည်။

'ဒီတိုက်လေယာဉ်ပျံတွေ ဝိုင်းပြီး လှုပ်ရှားနေပုံမျိုးနှင့်ဆိုရင် ငါတို့ လေယာဉ်ပျံကို လာပြီး ထိခိုက်မိနိုင်တယ်၊ ဒါကြောင့် ခပ်ဝေးဝေးက နေပေးပါလို့ အရှေ့ဂျာမနီ ကြီးကြပ်ရေးမှူးကို ပြောပြလိုက်စမ်းကွာ'

ယခုအချိန်တွင် အမ်အိုင်ဂျီများသည် ရှေ့တူရူဆီသို့ ဝဲလုံးထိုး ပျံသွားကြပြန်သည်။ မာလိုရီက အသက်ပြင်းပြင်းတစ်ချက် ရှူလိုက်၏။ ထိုကဲ့သို့ ဖြစ်လာလိမ့်မည်ဟု သူမျှော်လင့်ထားခဲ့ပြီးဖြစ်သည်။ သေချာသည်မှာ တိုက်လေယာဉ်ပျံသည် အတောင်ပံ(နှစ်ဘက်)ကို စတင်ယိမ်းထိုး၍ ပြနေလေပြီ။ ဘယ်ဘက်တောင်ပံကို နှိမ့်သည်။ ထို့နောက် ညာဘက်တောင်ပံ။ ထို့နောက် ဘယ်ဘက်တောင်ပံကို ပြန်နှိမ့်သည်။ မှားစရာမရှိသော လှုပ်ရှားမှုများ ဖြစ်သည်။ လေထဲတွင် လှုပ်ရှားပြလေ့ရှိသော နိုင်ငံတကာ အမှတ်အသားတစ်ခုပင်။

ချက်ချင်းဆိုသလို အမ်အိုင်ဂျီလေယာဉ်ပျံသည် ဘယ်ဘက်သို့ ဖြေးညင်းစွာ ကွေ့လိုက်ပြီးနောက် အောက်ဘက်သို့ ဆင်းသက်စပြုသည်။

'သူပြနေတဲ့ အထိမ်းအမှတ်က၊ ကျုပ်တို့ကို တရားဝင်တားမြစ်ပြီး သူ့နောက်က လိုက်ခဲ့ဖို့ပဲ'

ဖာဒီယာက ပြောလိုက်သည်။

'မလိုက်ဘူး၊ လက်ရှိလမ်းကြောင်းအတိုင်း ဆက်ထိန်းထားပါ'

ဂျင်ဆင်က ထိုအခြေအနေကို အရှေ့ဂျာမနီမှ ကြီးကြပ်ရေးမှူးအား ကြိုးစားပမ်းစား ရှင်းပြနေသည်။

နိုဝါကိုစကီက အော်ပြောလိုက်ပြန်၏။

'နောက်တစ်ကြိမ် ပြန်လာပြန်ပြီ'

အမ်အိုင်ဂျီ လေယာဉ်က ယခင်ပုံစံအတိုင်း နောက်တစ်ကြိမ် ထပ်လုပ်ပြပြန်သည်။ ယခုတစ်ကြိမ်တွင် သေသေချာချာ မြင်စေလို၍လားမသိ။ ပို၍ နီးကပ်သည်။

'သူ့ကို ဂရုမစိုက်နဲ့'

'သူကစပြီး ပစ်ဟယ်၊ ခတ်ဟယ်၊ လုပ်လာတယ်ဆိုရင် ဂရုမစိုက်လို့ ရမှာမဟုတ်တော့

www.burmeseclassic.com



ဘူး'

'သူ မပစ်ပါဘူး'

'မင်းက ဘယ်လိုလုပ်သိသလဲ'

ဂျင်ဆင်က ကြားဖြတ်ပြောလိုက်သည်။

'ကက်ပတိန်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး သူတို့လည်း ဘာမှမတတ်နိုင်ဘူးလို့ ရှိနီဖဲလ်က ပြောနေတယ်၊ ကျွန်တော်တို့အနေနဲ့ တိုက်လေယာဉ်ပျံရဲ့ ညွှန်ကြားချက်ကို လိုက်နာဖို့ပဲ ရှိတယ်. . .၊ သူက နံပါတ်တစ်မှာ စောင့်နေတယ်'

မာလိုရီသည် မိုက်ကရိုဖုန်းပေါ်မှ အသံလွှင့်သည့် ခလုတ်ကို နှိပ်လိုက်၏။

'ရှိနီဖဲလ်ကွန်ထရိုး၊ ထရန့်စ်အမ် ကိုးသုညတစ် ပြောနေပါတယ် ကျေးဇူးပြုပြီး ဂရုတစိုက် နားထောင်ပါဗျာ၊ ခင်ဗျားတို့ သိကြတဲ့အတိုင်း ကျုပ်တို့ လေယာဉ်ပျံဟာ ပုပ်ရဟန်းမင်းကြီး အပါအဝင် ခရီးသည်အပြည့်နဲ့ ရောမက ဆန့်ဖရန်စစ္စကို့ကိုလာခဲ့ကြတာပါ၊ အခု ပြောတာကို နားလည်ပါသလား၊ အကြောင်းပြန်ပါ'

'နားလည်ပါတယ် ကိုးသုညတစ်၊ ခင်ဗျား ပြောတဲ့စကားကို နားလည်ပါတယ်၊ ခင်ဗျား အခြေအနေကိုလည်း သဘောပေါက်ပါတယ်၊ ဒါပေမယ့် အခုကိစ္စမှာ တပ်မတော်ကသာ ညွှန်ကြားနိုင်ခွင့်ရှိပြီး ခင်ဗျားတို့အနေနဲ့ တိုက်လေယာဉ်တွေရဲ့ ညွှန်ကြားချက်ကို လိုက်နာရမယ်လို့ ထောင်းဆိုနေတယ်'

'ကျုပ်တို့နဲ့ ပါလာတဲ့ သေနတ်ကိုင်လူဆိုးက လမ်းကြောင်းမပြောင်းရဘူးလို့ တားမြစ်နေတယ်ဆိုတာ လေတပ်မတော် အကြီးအကဲကို တဆိတ်ပြောပြပေးပါဗျာ'

'ခင်ဗျားတို့က ညွှန်ကြားချက်အတိုင်း မလိုက်နာရင် တိုက်လေယာဉ်တွေကို စပြီး ပစ်ခတ်တော့လို့ အမိန့်ပေးထားတယ်'

'စ;ပစ်တော့မယ် ဟုတ်လား၊ ဘုရားရေ. . . ဒီလေယာဉ်ပျံဟာ လက်နက်,ခဲယမ်း မီးကျောက် တပ်ဆင်ထားခြင်းမရှိတဲ့ အရပ်သားလေယာဉ်ပျံဗျ၊ ပုပ်ရဟန်းမင်းကြီးက ခရီးသည်၊ ခင်ဗျားတို့ နားမလည်ကြတော့ဘူးလား၊ ကျုပ်တို့ကို ပြန်ပေးဆွဲပြီး ခင်ဗျားတို့ လေကြောင်းပိုင်နက်ထဲကို အတင်းဝင်ခိုင်းနေတာ၊ ကျုပ်တို့က အခု ဦးတည်ထားတဲ့အတိုင်း ဟက်ရှီမိုက်နိုင်ငံအထိ ပျံသန်းရမယ်၊ ကျုပ်ဦးခေါင်းကို သေနတ်နဲ့ ချိန်ထားတဲ့အတွက် လမ်းကြောင်းကို မပြောင်းနိုင်ဘူး'

ဂျင်ဆင်က မျက်နှာမသာမယာနှင့် ပြောလိုက်ပြန်၏။

'ဒီငတိက ခုနက ပုံစံအတိုင်း ထပ်လုပ်ပြြန်ပြီ'

မာလိုရီက အရှေ့ဂျာမနီ ကြီးကြပ်ရေးမှူးအား တိုက်လေယာဉ်ပျံများနှင့် တိုက်ရိုက် ဆက်သွယ်နိုင်မည့် ဖရီကွင်စီကို မေးလိုက်သည်။

'မဖြစ်ဘူး ထရန့်စ်အမ်၊ ကျုပ်တို့အနေနဲ့ ခင်ဗျားကို ပြောပိုင်ခွင့် မရှိဘူး ကျေးဇူးပြုပြီး ညွှန်ကြားချက်အတိုင်းသာ လိုက်နာပါ'

www.burmeseclassic.com

www.burmeseclassic.com



မာလိုရီက ခပ်ပြတ်ပြတ်ပြောလိုက်သည်။

'ဘယ်ဖြစ်နိုင်ပါ့မလဲ လေယာဉ်မောင်းခန်းထဲမှာ သေနတ်ကိုင် အကြမ်းဖက်သမား တစ်ယောက်ရှိနေတယ် ကျွန်ုပ်က အရှေ့ဂျာမနီပေါ် ကျော်ဖြတ်ပေးရမယ်ဆိုပြီး သေနတ်နဲ့ အချိန်ခံနေရတဲ့လူ ခင်ဗျားတို့ရဲ့ ညွှန်ကြားချက်တွေကို ဘယ်လိုနည်းနဲ့မှ လိုက်နာနိုင်စရာ အကြောင်းမရှိဘူး'

သူ့တကျော့မှ၍ ပြန်ထိုင်ချလိုက်၏။ တောင်းပြီ၊ ဖြစ်ချင်ရာဖြစ်ပါစေတော့၊ သူ့အနေနှင့် ပြောသင့်ပြောထိုက်သမျှကို ပြောဆိုပြီးစီးသွားလေပြီ။ တကယ်လို့ မိုက်တိမိုက်ကန်း ဒီငတိ တွေက ပစ်ချတဲ့နည်းလမ်းကို ရွေးချယ်မယ်ဆိုရင် သူ့အနေနှင့် ကာကွယ်ရန် နည်းလမ်းမရှိ တော့ပြီ။

'သူတို့ကို ကြည့်ပါဦး'

ဂျင်ဆင်က နောက်တစ်ကြိမ် လက်ညှိုးထိုးပြလိုက်ပြန်၏။

တိုက်လေယာဉ်ပျံများသည် ဘိုးရင်းဂျက်လေယာဉ်ပျံကြီး ဘေးမှကပ်၍ ပျံသန်းသွားပြီး နောက် ဆတ်ကနဲကွေ့လိုက်ပြီး ဘယ်ဘက်သို့ လျှောကနဲ ပျံသန်းသွားကြသည်။ သူတို့ကို ကြည့်ရသည်မှာ ကြောင်က ကြွက်ကို အသေမသတ်ခင် ဆော့ကစားနေကြသော ပုံစံမျိုးဖြစ် သည်။ ကိုးရိုးကားရားနှင့် ကလန်ကလားနိုင်လှသော ဘီလူးကြီးအား စက်ရုပ်ကလေးများက ဝိုင်းရံပြီး ခုန်ပေါက် မြူးထူးနေကြသည့် ပုံစံမျိုးဖြစ်သည်။ ထိုအုပ်စုသည် နောက်တစ်ကြိမ် ၇၄၇ အနားသို့ ပျံသန်းလာကြပြန်ရာ ၎င်းတို့၏ သတ္တုကိုယ်ထည်ပေါ်ရှိ ဆီကွက်များနှင့် ဒဏ်ရာဒဏ်ချက်များကို မြင်ရသည်အထိ နီးကပ်လာသည်။

'ခပ်ဝေးဝေးသွားကြစမ်းကွာ'

ဂျက်လေယာဉ်ပျံအမြီးပိုင်းမှ မှုတ်ထုတ်သော 'လေ' အားကြောင့် ၇၄၇ ဘိုးရင်း ဂျက်လေယာဉ်ပျံကြီး လူးလွန့်သွားသဖြင့် ဂျင်ဆင်က အော်လိုက်ခြင်း ဖြစ်သည်။

နီဝါကိုစကီက ပြောလိုက်သည်။

'ရှေ့တည့်တည့်မှာ မြို့ကြီးတစ်မြို့ဗျို့'

မာလိုရီက နှုတ်ခမ်းကို (လျှာနှင့်)လျက်လိုက်မိ၏။ တစ်မိနစ် နှစ်မိနစ်လောက် အချိန် ပေးတန်ကောင်းပါရဲ့။ ၎င်းတို့ လေယာဉ်အား လူနေအိမ်ခြေ ထူထပ်သိပ်သည်းသော နေရာပေါ်တွင် ပစ်ချလိမ့်မည်ဟု သူ မထင်မိချေ။

အရှေ့ဂျာမန်ကြီးကြပ်ရေးမှူးက ညွှန်ကြားလိုက်သည်။

'ခင်ဗျားလမ်းကြောင်းကို သုံး. . . သုံး. . . သုညဒီဂရီအတိုင်း ပြောင်းရလိမ့်မယ်'

'မဖြစ်နိုင်ဘူး၊ ကျုပ်မကွေ့နိုင်ဘူး၊ ဘာဖြစ်လို့ မကွေ့နိုင်ဘူးဆိုတာ ခင်ဗျား ကောင်း ကောင်းကြီး သိပါတယ်လေ'

'ကိုးသုညတစ်၊ ခင်ဗျားကို သုံး. . . သုံး. . . သုညဒီဂရီကို လမ်းကြောင်းပြောင်းဖို့ အမိန့် ပေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ ကျုပ်တို့အနေနဲ့ လုံးဝ မလိုက်နာနိုင်ဘူး'

'ကောင်းပြီ ထရန့်စ်အမ်၊ ကိုး-သုည-တစ်၊ ခင်ဗျားတို့အနေနဲ့ တစ်မိနစ်တိတိ အချိန်ရမယ်၊ စက္ကန့်ခြောက်ဆယ်ပြည့်တဲ့ အချိန်မှာမှ လမ်းကြောင်းကို မပြောင်းသေးဘူးဆိုရင် ခင်ဗျားတို့ လေယာဉ်ပျံ ဖျက်ဆီးခံရလိမ့်မယ်'

'ဖျက်ဆီးပစ်မယ်တဲ့လား'

သူသည် ဒုံးပျံထိမှန်ခံရသော လေယာဉ်ပျံများအား ရိုက်ကူးထားသည့် ဖလင်ဖြတ်စများကို မြင်ခဲ့ရဖူးပါသည်။ လေယာဉ်ပျံများသည် စက္ကန့်ပိုင်းအတွင်း သတ္တုအပိုင်းအစကလေးများ ဖြစ်သွားကြပြီး လေထဲတွင် တစ်စစီဖွာရရာ ကြဲပြန့်သွားကြသည်။

တိုက်လေယာဉ်ပျံများ ပျောက်ကွယ်သွားကြပြန်လေပြီ။

'ကျုပ်တို့ လေယာဉ်ပျံတွေဟာ ခင်ဗျားတို့ကို ပစ်ခတ်ဖို့ နောက်တည့်တည့်က အသင့်နေရာယူထားကြပြီ ကိုးသုညတစ်'

'ခင်ဗျားအမိန့်ကို ကျုပ်မလိုက်နာနိုင်ဘူး၊ လိုက်နာနိုင်စွမ်းရှိမယ်ဆိုရင် ကျုပ်လိုက်နာမှာ၊ ဒါပေမယ့် ကျုပ်ဦးခေါင်းကို သေနတ်တစ်လက်က ချိန်ထားတယ်၊ ခင်ဗျား အဲဒါကို နားလည်ရဲ့လား'

'စက္ကန့်လေးဆယ်'

မာလိုရီသည် ထိုင်ခုံပေါ်၌ နေရာရွှေ့လိုက်မိသည်။ ဖာဒီယာက ပစ္စတိုသေနတ်ကို တိုင်မြှောက်ရင်း သူ့နောက်ဘက်၌ ရပ်နေသည်။

'ကတ်သီး ကတ်သတ်ကွာ. . .'

'လမ်းကြောင်းမပြောင်းနဲ့ ကက်ပတိန်၊ ရှင့်မှာလည်း သီးခြားညွှန်ကြားချက် ရှိတယ်'

'ဒါပေမယ့် သူပြောတာကို မင်းကြားတယ် မဟုတ်လား'

'ဒီလမ်းကြောင်းအတိုင်း ဆက်ပျံမှ၊ နည်းနည်း ပြောင်းတာနဲ့ တစ်ယောက်ယောက် သေပြီသာမှတ်'

'စက္ကန့်သုံးဆယ်'

နီဝါကိုစကီသည် ထိုင်ခုံပေါ်မှ ထစပြုသည်။ ဖာဒီယာက သေနတ်ပြောင်းကို ၎င်းဘက်သို့ ထိုးချိန်လိုက်ရင်း. . .

'ရှင်တို့အားလုံး ကိုယ့်နေရာမှာကိုယ် ထိုင်နေကြပါ၊ ကျွန်မတို့ ဒီလမ်းကြောင်းအတိုင်း ဆက်ပျံမယ်'

'ဒါပေမယ့် ဟိုသောက် ကြီးကြပ်ရေးမှူးက. . .'

'ဆယ့်ငါးစက္ကန့်'

၇၄၇ ကို ဒုံးပျံများရန်မှ လွတ်အောင်ပျံသန်း၍ ရနိုင်မရနိုင် မာလိုရီက တွေးကြည့်မိ၏။ မှားသွပ်ခြင်းတစ်မျိုးပင်။ ၇၄၇ လို လေးလံထုံထိုင်းသော လေယာဉ်ပျံမျိုးနှင့် ဒုံးပျံများရန်မှ လွတ်အောင်ရှောင်ဖို့ မလွယ်ကူ။

www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့သည် မျှော်လင့်ချက်ကြီးတခွဲသားနှင့် ထိုင်ပြီးစောင့်နေကြရုံကလွဲ၍ ဘာမှလုပ်၍ မရနိုင်။

၎င်းအပြင် ဤကိစ္စနှင့်ပတ်သက်၍ တစ်လုံးတစ်ပါဒမျှ မသိရှာကြသော ခရီးသည်များကိစ္စကိုလည်း စဉ်းစားရပေဦးမည်။ ဒီလူတွေဟာ ကံကောင်းတဲ့လူတွေပဲဟု နောက်မှအတွေးပေါက်လာပြန်၏။

'ငါးစက္ကန့် ကက်ပတိန်၊ လေး၊ သုံး၊ နှစ်၊ တစ်၊ သုည'

'မြတ်စွာဘုရား. . .'

ငြိမ်သက်သွားသည်။

ဖုံးကျည်များကြောင့် ဂျက်လေယာဉ်ကိုယ်ထည်ကြီး အစိတ်စိတ်အမွှာမွှာ ကွဲသွားပြီး ခရီးသည်များအကြားမှ မီးလုံးကြီးများ ပေါ်ထွက်လာကြမည့် အချိန်၊ စုတ်ပြတ်သွားသော လူသေအလောင်းကောင်များ လေထဲ၌ ပျံ့ဝဲလာမည့်အချိန်။ ပြင်းထန်သော ပေါက်ကွဲမှုကြီး ဖြစ်ပေါ်လာပြီး ဂျက်လေယာဉ်ပျံကြီး တစ်စစီဖြစ်သွားမည့် အချိန်တို့ကို မာလိုရီက စောင့်စားရင်း တထိတ်ထိတ်တလန့်လန့်နှင့် လူးလွန့်လိုက်မိသည်။

ဂျင်ဆင်သည် ၎င်း၏ခြေထောက်ကို လက်ချောင်းကလေးများနှင့် တအားဖျစ်ညှစ်ထားရာ လက်ခေါက်ကလေးများသည်ပင်လျှင် တောင့်တင်းပြီး ဖွေးဖွေးဖြူနေကြသည်။

ထို့နောက် အရှေ့ဂျာမနီကြီးကြပ်ရေးမှူးက နောက်တစ်ကြိမ် ထပ်မံဆက်သွယ်လာပြန်၏။ စိတ်လက် အေးချမ်းသွားရမှုနှင့် စိတ်လှုပ်ရှားမှုတို့က ၎င်း၏လေသံတွင် အထင်းသားပေါ်လွင်နေသည်။

'ထရန့်စ်အမ် ကိုးသုညတစ်၊ ခင်ဗျားတို့ လေယာဉ်ပျံဟာ အရှေ့ဂျာမနီ နိုင်ငံအပေါ် ဖြတ်ကျော်ပျံသန်းခွင့် ရပါပြီ။ လက်ရှိလမ်းကြောင်းအတိုင်း ဆက်လက်ပျံသန်းပါ၊ ကံကောင်းပါစေ'

မာလိုရီ အသက်ပြန်ရှူမိပြန်၏။ အသက်ရှူပေါက် ချောင်သွားရပြန်လေပြီ။ မာလိုရီက ပြန်ပြောလိုက်သည်။

'ကျေးဇူးတင်ပါတယ်ဗျာ၊ တပ်မတော် အကြီးအကဲကိုလည်း တစ်ဆင့်ပြောပေးပါ'

အမ်အိုင်ဂျီများသည် နံဘေးမှ ယှဉ်ပြီး ပျံသန်းလာကြသည်။ ခေါင်းဆောင်လေယာဉ်မှူးသည် လက်အိတ်ဝတ်ထားသော လက်တစ်ဘက်ကို မြှောက်၍ အလေးပြုလိုက်၏။ ထို့နောက် ခွာထွက်ပြီး ပြန်သွားကြတော့သည်။

မာလိုရီက ဖာဒီယာဘက်သို့ လှည့်လိုက်၏။

'ကျုပ်တို့ ကံသီလို့ အစိတ်စိတ်အမွှာမွှာဖြစ်အောင် အပစ်ခံကြရတော့မလို့'

ဖာဒီယာက အနည်းငယ်မျှပင် ဂရုစိုက်ပုံ မရချေ။

'အပစ်မခံရဘူး မဟုတ်လား'

မြတ်စွာဘုရား။ ဒီကလေးမလေးထက် သွေးအေးသူကိုရှာ၍ တွေ့ပေတော့မည်မထင်။

www.burmeseclassic.com

www.burmeseclassic.com



မာလိုရီက ပြန်ပြောလိုက်သည်။

'အဲဒီငတိတွေက ပစ်မှာမဟုတ်ဘူးလို့ မင်းက ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ'

ဖာဒီယာက ပခုံးကို တွန့်ပြလိုက်သည်။

'ဒီလေယာဉ်ပျံကို ပစ်လိမ့်မည်လို့ ရှင်ထင်သလား။ ကျွန်မတော့ မထင်ပေါင်'

မာလိုရီက ဝန်ခံလိုက်ရတော့သည်။

'မင်းဟာ တော်တော်သွေးအေးတဲ့ ကလေးမပဲ'

အရှေ့ဂျာမနီနိုင်ငံမှ ဂျင်နရယ်ကြီးက ချက်ချင်း အစီရင်ခံလိုက်သည်။

'ကျုပ်တို့ရဲ့ လေယာဉ်ပျံတွေက ဘိုးရင်းလေယာဉ်ပျံကြီးကို အနားကပ်ပြီး စစ်ဆေးခဲ့ကြပါတယ်၊ ဒီလေယာဉ်ပျံမှာ ထူးထူးခြားခြား တပ်ဆင်ထားတဲ့ ကင်မရာနဲ့ ရိုက်ယူမယ့်နေရာမျိုးတွေ၊ ထောက်လှမ်းရေး အေရီယာတိုင်တွေ မပါဘူး၊ ထရန့်စ် အမေရိကန် ကုမ္ပဏီရဲ့ ဘိုးရင်း ၇၄၇ အက်စ်ပီ အမျိုးအစား ပုံမှန်ခရီးသည်တင် လေယာဉ်ပျံတစ်စီးလို့ပဲ ယူဆရပါတယ်၊ ကျုပ်တို့က ဖောက်ခွဲပစ်မယ်လို့ ခြိမ်းခြောက်တဲ့တိုင်အောင် ကက်ပတိန်က လမ်းကြောင်းပြောင်းဖို့ငြင်းဆိုခဲ့တယ်၊ ဒီတော့ သူဟာ လေယာဉ်ပြန်ပေးသမားတစ်ဦးက သေနတ်နဲ့ ချိန်ထားတာကို ခံနေရတာပဲလို့ တစ်ထစ်ချ ပြောရပါတယ်၊ သူ့အတွက် လွတ် မြောက်နိုင်မယ့် အခွင့်အရေးကတော့ နောက်ဆုံးအချိန်ကျမှ လွှတ်ပေးလိုက်ဖို့ပဲ၊ အဲဒီအတိုင်း ဆောင်ရွက်ခဲ့ပါတယ်၊ ဒီလေယာဉ်ပျံဟာ စုံစမ်းထောက်လှမ်းဖို့လာတဲ့ စပိုင်လေယာဉ်မဟုတ်ကြောင်း တစ်ထစ်ချ ပြောရပါတယ်၊ ကျုပ်ရဲ့တပ်မတော် လုပ်သက်အားလုံးနဲ့တောင် ပုံပြီး လောင်းရပါတယ်'

ဂျင်နရယ်ကြီးက တယ်လီဖုန်း စကားပြောခွက်ကို ပြန်ချိတ်ပြီးနောက် နိုင်ငံတကာ အရေးအခင်းကြီးများ ဖြစ်ပေါ်လာစေနိုင်သော အင်မတန်ခက်ခဲသည့် ပြဿနာတစ်ရပ်ကို ကျွမ်းကျင်စွာ ဖြေရှင်းနိုင်ခဲ့သည့်အတွက် ကိုယ့်ကိုယ်ကိုယ် ချီးကျူးလိုက်မိသည်။ သို့တိုင်အောင် အပြင်သို့ ပြန်မထွက်မီ မသေချာမရေရာဟန်နှင့် ခေတ္တမျှ ရပ်တန့်နေမိသေးသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၁၄ )

ဂရင်းဝစ် စံတော်ချိန် ၁၄ း ၁၀
ကယ်လီဖိုးနီးယား မြောက်ပိုင်းဒေသ တစ်နေရာ
ည ၉ း ၁၀ နာရီ

အဘိုးကြီး နိုဝါကိုစကီတစ်ယောက် အိပ်မောကျနေသည်။ ပါးစပ်ကြီးဟောင်းလောင်း ပွင့်လျက် ကုလားထိုင်ပေါ်တွင် စန့်စန့်ကြီးဖြစ်နေသည်။ ဦးခေါင်းက ပခုံးပေါ်တွင် တင်နေပြီး အသေကောင်ကြီးနှင့် တူလှသည်။ သူ့ထံမှ အသံ လုံးဝထွက်ပေါ် မလာချေ။ ဂျိန်းက စိတ်ပူသွားသောကြောင့် အနားသို့သွားပြီး အသက်ရှူနေသေးခြင်း ရှိမရှိ စစ်ဆေးခဲ့ရသေးသည်။ သနားစရာ အဘိုးကြီးပါကလား။

တယ်လီနှင့် အခြားပုဂ္ဂိုလ်များထံကလည်း ဘာသံမှမကြားရချေ။ သို့တိုင်အောင် ဂျိန်းနှင့် ဇာဂျီးနီးယားဂျင်ဆင်တို့သည် စိတ်ထဲ၌ စွဲလန်းပူပန်နေသော ကိစ္စကို ဘေးချိတ်ထားပြီး အိမ်အကြောင်း၊ တုန်ဈေးနှုန်းအကြောင်း၊ အဝတ်အစားအကြောင်း စသည်ဖြင့် ရောက်တတ်ရာရာတို့ကို ပြောဆိုနေကြသည်။

အကူအညီ ရရှိသည်အထိ အချိန်မည်မျှ လိုအပ်မည်နည်း။ ကရိုက်ချ် ထွက်ပြေးလွတ်မြောက်သွားသည်မှာ သုံးနာရီပင်ကျော်ခဲ့လေပြီ။ တကယ်လို့ သူအမှန်တကယ် လွတ်မြောက်သွားခဲ့တယ်ဆိုလျှင်ပေါ့လေ၊ သူ ထွက်ပြေး လွတ်မြောက်သွားကြောင်း သက်သေပြစရာ အထောက်အထား မရှိပါ။ အမှန်အတိုင်းပြောရသော် သူသည် မီးခိုးခေါင်းတိုင်ထဲ၌ မွန်းသေနိုင်သည်။ ထိုနေရာမှာပင် တိုးလိုးတန်းလန်းကြီး ဖြစ်နေနိုင်သည်။

အဲဒီလို အတွေးမျိုးကို ဇာဂျီးနီးယားဂျင်ဆင်တစ်ယောက် မတွေးမိပါစေနှင့်ဟု ဆုတောင်းမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပေါ်မှ လေယာဉ်ပျံတစ်စီး ပျံသန်းသွားသည်။ အသံက နိမ့်ပုံရသည်၊ အမျိုးသမီးနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။ ခဏအတွင်းမှာပင် ရဟတ်ယာဉ်များနှင့် အပြည့်ပါလာကြသော တိုက်ပွဲဝင်တပ်သားများက ၎င်းတို့ကို ကယ်ဆယ်ရန် အပြေးအလွှား လာနေကြသည်ဟု စိတ်ကူးယဉ်လိုက်မိကြသည်။ သို့သော် လေယာဉ်ပျံက ဆက်လက်ပျံသန်းသွားရာ အသံသည် တဖြည်းဖြည်းနှင့် တိမ်မြုပ် ပျောက်ကွယ်သွားတော့သည်။

အပြင်ဘက်မှ ခြေသံတစ်သံ။ သော့ကို လှည့်လိုက်သည်။

အမျိုးသမီးနှစ်ယောက် ထထိုင်လိုက်ကြ၏။ မစ္စတာနိုဝါကိုစကီလည်း လူးလွန့်လာသည်။

ကိုအမာရွတ် အခန်းထဲသို့ ဝင်လာ၏။

ဂျိန်းက ခပ်မာမာ မေးလိုက်သည်။

'ရှင်က ဘာလိုချင်လို့တုံး'

သူက ဂျိန်းကို ကြည့်သည်။ ထို့နောက် ကျန်လူများကို ကြည့်သည်။

'ခုထက်ထိ ဆာနေသေးသူ ရှိသလား'

'ဟင့်အင်း၊ ကျွန်မတို့က သောက်သုံးမကျတဲ့ ရှင့် အသားညှပ်ပေါင်မုန့်တွေကို မလိုချင်တော့ဘူး'

ကိုအမာရွတ်က ပခုံးတွန့်လိုက်သည်။

'ခင်ဗျား သဘောပါပဲ၊ အိမ်သာကိုကော သွားချင်ကြသေးသလား၊ ကလေးကကော၊ ချာတိတ်ကတော့ သွားချင်လိမ့်မယ် ထင်တယ်'

ဂျိန်းတစ်ကိုယ်လုံး ကြောက်စိတ်လွှမ်းသွားသည်။

'သူ အိပ်ပျော်နေတယ်'

တာကျိုးနီးယားဂျင်ဆင်က ချာတိတ်သည် အလွန်အမင်း အအိပ်ပုပ်ကြောင်း ဗလုံးဗထွေး ဝင်ပြောသည်။

'ဟိုအဘိုးကြီးလိုပဲပေါ့၊ ဟုတ်လား'

တာကျိုးနီးယား ခေါင်းညိတ်သည်။ သာသာထိုးထိုးလေးပင် ဖြစ်သွားသည်။ ဟန်မဆောင်တတ်သူ၊ မလိမ်တတ် မညာတတ်သူပါကလား။

ဂျိန်းက မေးလိုက်၏။

'ရှင်က ကျွန်မတို့ကို ဒီမှာ ဘယ်လောက်ကြာကြာ ထားမှာလဲ'

'မကြာပါဘူး၊ မင်းကို ကျုပ်ပြောပြီးပြီပဲ'

'ဘယ်နှစ်နာရီလောက်လဲ'

သူက စိတ်တိုတိုနှင့် ခေါင်းခါလိုက်သည်။

'ကျုပ်က မင်းကို မပြောဘူးဆိုတာ သိလျက်သားနဲ့ ဘာဖြစ်လို့ ထပ်ခါတလဲလဲ မေးနေရ

www.burmeseclassic.com

www.burmeseclassic.com



တာလဲ'

'ရှင် လျှာခေါ်သွားနိုင်လို့ပေါ့'

သူက ဂျိန်းအား ခပ်ကြာကြာ စိုက်ကြည့်နေသည်။

'ကျုပ် လျှာမခေါ်ပါဘူး ဒီတော့ မင်းကြိုးစားနေရင် အချိန်ကုန်ရုံပဲရှိမယ်၊ မင်းဟာ တော်တော်အပေါက်အစများတဲ့ မိန်းမ အပေါက်လည်း ဆိုးတယ်'

ဂျိန်းက ပြန်တွယ်သည်။

'ရှင်တို့အားလုံးကတော့ ကိုယ့်ကိုယ်ကိုယ် သူရဲကောင်းကြီးတွေလို့ ထင်ကြမှာပေါ့'

'သူရဲကောင်းကြီးတွေ ဟုတ်လား'

သူက ပခုံးကို တွန့်လိုက်သည့်တိုင်အောင် အနည်းငယ်တော့ ရှက်သွားပုံရသည်။

'ကျုပ်တို့က သူရဲကောင်းတွေ မဟုတ်ပါဘူး၊ သူရဲကောင်းတွေလိုလည်း ဟန်မဆောင်ပါဘူး၊ ကျုပ်တို့က စစ်သားလေးတွေပါ'

'စစ်သားတွေက အမျိုးသမီးတွေ၊ ကလေးတွေနဲ့ အဘိုးကြီးတွေကို ပြန်ပေးမဆွဲဘူး'

'တစ်ခါတလေကျရင် အဲဒီလိုလုပ်ဖို့ လိုအပ်လာတတ်တယ်၊ ပုလဲဆိပ်ကမ်းကို ဗုံးကြဲခံရပြီး နောက်ပိုင်းမှာ အမေရိကန် အာဏာပိုင်တွေက ဂျပန်လူမျိုးက ပေါက်ဖွားလာသူ မှန်သမျှကို ဖမ်းဆီးထားတယ်ဆိုတာ ဟုတ်တယ် မဟုတ်လား'

'အဲဒါ စစ်အတွင်းကာလပဲ ဥစ္စာ'

ဂျိန်းက ထို့ထက်ပို၍ ဆီလျော်သောအဖြေကို ပေးလိုက်မိလျှင် အကောင်းသားဟု တွေးလိုက်မိသည်။

'ကျုပ်တို့လည်း စစ်ဖြစ်နေတာပဲ၊ ကျုပ်တို့ စစ်တိုက်နေခဲ့တာ နှစ်ပေါင်းသုံးဆယ်ရှိသွားပြီ'

'ဒါပေမယ့် သိပ်တိုးတက်မှုတော့ မရှိခဲ့ဘူး မဟုတ်လား'

'နက်ဖြန်ခါ နောက်ပိုင်းကျရင် မင်းအဲဒီလို ပြောနိုင်မှာ မဟုတ်တော့ဘူး'

'အဲဒီအခါကျရင် ဘာဖြစ်လာမှာမို့လို့လဲ'

'မင်း သိလာရမှာပေါ့'

'ကျွန်မယောကျာ်း အခြေအနေကော ကောင်းပါ့မလားရှင်'

ဗားကီးနီးယားဂျင်ဆင်၏အသံက တောင်းတောင်းပန်ပန် ရှိလှသည်။

'အင်း. . . အားလုံးပဲ အခြေအနေ ကောင်းကြမှာပါ၊ ဒီအော်ပရေးရှင်းကြီးတစ်ခုလုံးကို အကွက်စေ့အောင် စီမံချက်ချခဲ့တာပါ၊ အစစအရာရာမှာ ချောမွေ့နေပါတယ်လေ'

သူက ထိုင်ချလိုက်ပြီး ကုလားထိုင်ကို နံရံပေါ်တွင် စောင်း၍ မှီထားလိုက်သည်။ သူက ခြေထောက်တစ်ချောင်းကို ကျန်တစ်ချောင်းအပေါ်တွင် ချိတ်တင်ထားရာ ဗယ်ဘက်ရှုးဖိနပ်သည် ဖနောင့်တစ်နေရာတွင် ကွဲတက်နေသောကြောင့် ခြေအိတ်တွင် ပြနေသောအပေါက်ကြီးကို မြင်နေရသည်။

ဂျိန်းက ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင်တော့ အသားနီလန်တော့မှာပဲ'

'ဘာပြောတယ်'

'ခြေအိတ်ပေါက်နေလို့ အသားနီလန်မယ်လို့ ပြောတာ'

'ကျုပ်တော့ သတိမထားမိဘူး'

ဂျိန်းက ပြောပြန်သည်။

'စစ်ဆိုတာ ငရဲပဲ'

သူက မပြုံးပါ။

'သိပ်ဟုတ်တာပေါ့'

ထို့နောက် ထွက်ပြေးသွားသည့် အရိပ်အရောင်ရှိမရှိကို လေ့လာစူးစမ်းနေသူပမာ အခန်းကို တစ်ထောင့်ပြီး တစ်ထောင့် လေ့လာကြည့်ရှုနေသည်။

အဘိုးကြီး နိုဝါကိုစကီ နိုးလာသည်။ ကိုအမာရွတ်ကို တွေ့လိုက်ရသောကြောင့် လန့်သွားပုံရ၏။

'ဘာဖြစ်နေလို့လဲ'

ကိုအမာရွတ်က ပြန်ဖြေသည်။

'ဘာမှ မဖြစ်ပါဘူး၊ ခင်ဗျား ပြန်အိပ်နိုင်ပါတယ်'

'မင်းက ဘာဖြစ်လို့ ဒီရောက်နေရတာလဲ'

'မစ္စစ်ဆပ်တန်နဲ့ နိုင်ငံရေးအကြောင်း ဆွေးနွေးရအောင်လာတာ'

ဂျိန်းက မစ္စတာနိုဝါကိုစကီကို လှမ်းပြောလိုက်သည်။

'ရှင်. . . တော်တော် အိပ်လိုက်ရသားပဲ'

ပြောပြီးမှ ချက်ချင်းလိုလိုပင် နောင်တရသွားသည်။

ကိုအမာရွတ်က စောင်ခြုံထားသော နေရာဆီသို့ လှည့်လိုက်သည်။

'ဒီချာတိတ် အိပ်တာလည်း တုံးထိုးထားသလိုပါပဲလား'

'သူ. . . ခဏခဏ အိပ်တတ်ပါတယ်'

တာဂျီးနီးယား၏ ပါးပြင်နှစ်ဘက်မှာ ပန်းနုရောင်ထလာသည်။

'သူနေကောင်းရဲ့လား'

'နေကောင်းပါတယ်၊ ရှင် ဝင်မလာခင်ကလေးတင်ပဲ ကျွန်မ စမ်းကြည့်ပြီးပါပြီ'

ကိုအမာရွတ်သည် မလှုပ်မယှက်ရှိနေသော ထိုအပုံကို ငေးကြည့်နေသည်။ ထို့နောက် ခြေထောက်ကို ချိတ်ထားရာမှ ဖြုတ်လိုက်ပြီး ထိုင်ရာမှ ထသည်။ ကုလားထိုင်သည် ကြမ်းပြင်ပေါ်သို့ ပြန်ကျလာသဖြင့် အသံမြည်သွားသည်။

ဂျိန်းတုန်လှုပ်သွားသည်။ သိပ်မကြာခင် ကိုအမာရွတ်က ရှေ့တိုးသွားပြီး စေ့စေ့စပ်စပ် ကြည့်ပေလိမ့်မည်။ ချက်ချင်းဆိုသလိုပင် ချာတိတ် မရှိတော့ကြောင်း သူသိသွားပေလိမ့်မည်။ ဘာဆက်ဖြစ်လေမည်နည်း။ ချက်ချင်း ရန်မူလေမလား။ သွေးလန့်သွားသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး ချောက်ချားသွားသည်။ သူက ဗာဂျီးနီးယားဂျင်ဆင်နှင့် မျက်လုံးချင်း မဆုံမိအောင် ကြိုးစားနေသည်။ မစ္စတာနိုဝါကိုစကီကမူ ချာတိတ်ကို မေ့သွားပုံရသည်။ ဆေးတံတွင် ဆေးဖြည့်ရင်း အလုပ်ရှုပ်နေသည်။

ကိုအမာရွတ်က ခပ်အေးအေးဆေးဆေး။ လေးလေးတွဲ့တွဲ့နှင့် ရှေ့တိုးလာသည်။ သူက ဂျိန်းနှင့် ဗာဂျီးနီးယားဂျင်ဆင်တို့ကို မကြည့်ပဲ ၎င်းတို့နှစ်ယောက်အကြားက လျှောက်လာခြင်းဖြစ်သည်။

ယခုအချိန်တွင် သူသည် ခေါင်းအုံးများကို စောင်နှင့် ဖုံးထားသောနေရာနှင့် ခြောက်ပေလောက်သာ ဝေးတော့သည်။

သူကိုတား။ ဖြစ်တဲ့နည်းနဲ့တား။ တစ်ခုခုလုပ်စမ်း။

ဂျိန်းပါးစပ်က ဗလုံးဗထွေးနှင့် ထွက်သွားသည်။

'ရှင်ကြည့်ရတာ အမျိုးသမီးတစ်ယောက်နဲ့ ချစ်တင်းနှီးနှော ချင်ပုံရတယ်'

ဂျိန်းအသံက အက်ကွဲနေသည်။ ဂျိန်းက ချောင်းဆိုးသံနှင့် ဖုံးကွယ်ပစ်လိုက်၏။

သူ ရပ်တန့်သွားပြီး ငေးကြည့်နေသည်။

'ဘာပြောတယ်၊ မင်း ဘာပြောလိုက်သလဲ'

ဂျိန်းက လုံးဝအလေးမထားဟန်ဆောင်သော်လည်း ပိုင်ပိုင်နိုင်နိုင် မရှိလှချေ။ သို့သော် ကိုအမာရွတ်က ရိပ်မိပုံမပေါ်။

'သိပ်မကြာခင်တုန်းကတော့ ရှင်က ကျွန်မရဲ့ ကိုယ်လုံးကိုယ်ပေါက်ကို စိတ်ဝင်စားခဲ့ပုံရတယ်လေ'

ကိုအမာရွတ် ပါးစပ်ဟသွားသည်။ သူ ရုတ်တရက် စကားဆွံ့သွားသည်။

ကောင်းတယ်ဟု ဂျိန်းက သူ့ကိုယ်သူ အားပေးလိုက်သည်။ ဖြစ်တယ်။ ဆက်သာလုပ်ပေတော့။

ဂျိန်းက ရေလာမြောင်းပေး စကားဆိုလိုက်၏။

'ခုလို အချိန်အခါမျိုး ဘယ်မှာရနိုင်တော့မလဲ'

'အခုလား'

'သိပ်ဟုတ်တာပေါ့'

သူကြားနေရသည့် စကားအား သံသယဝင်နေဟန်နှင့် ဂျိန်းကို မျက်မှောင်ကုပ်ပြီး ကြည့်နေသည်။

'မင်း ဘာတွေပြောနေတာလဲ'

'ပွင့်ပွင့်လင်းလင်းပြောရရင် လိုက်ပါရစေ ရွေးချယ်ခိုးရယ်လို့ ကျွန်မက ပြောနေတာရှင့်၊ အခု ဒီမှာ ထိုင်နေကြရတာ ပျင်းစရာကြီး၊ အပျင်းလဲ ပြေအောင်ပေါ့လေ'

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီး နိဝါကိုစကီက မပွင့်တပွင့် ရေရွတ်လိုက်၏။ ထို့နောက် ဆေးတံအား တပြွတ်ပြွတ်နှင့် စုပ်နေတော့သည်။

ကိုအမာရွတ် စိတ်ပါလာပုံရသည်။ သို့သော် သူ့ရင်ထဲ၌လည်း ထရာနှင့် တာဝန်က တစ်ဖက်နှင့်တစ်ဖက် လွန်ဆွဲနေကြပုံရသည်။ သူက အောက်နှုတ်ခမ်းကို သွားနှင့်သွတ်လိုက်ပြီး ခေါင်းကို မသိမသာ ညိတ်လိုက်၏။

'ကိုယ်နဲ့လိုက်ခဲ့'

ကိုအမာရွတ်၏ ကြီးမားသော လက်ဖဝါးကြီးက ဂျိန်း၏ပခုံးကို လာတိုင်သည်။ ဂျိန်း ထိုင်ရာမှ ထလိုက်သည်။ သူက ဂျိန်းကို တံခါးဆီသို့ ခေါ်သွားသည်။ ဂျိန်းက တျာန်ပုဂ္ဂိုလ်များထံ လှည့်လိုက်၏။

'နောက်တော့ တွေ့ကြသေးတာပေါ့နော်'

'ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့'

အဘိုးကြီးက မပွင့်တပွင့် ဖြေလိုက်၏။ စိတ်ရှုပ်သွားပုံရသည်။ ဟာနီမိုးယားဂျင်ဆင်ကမူ မည်သို့မည်ပုံ ပြန်ပြောရမည်ကို ဝေခွဲမရဟန်နှင့် ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းနေသည်။

တယ်လီသည် အခန်းကျယ်ကြီးထဲ၌ ထိုင်ရင်း သတင်းစာဖတ်နေသည်။ သူနှင့် ကိုအမာရွတ်တို့ စကားအနည်းငယ် ပြောကြ၏။ တယ်လီ စိတ်ဆိုးလာပုံရသည်။ ထပ်ပြောကြပြန်၏။ ယခုအကြိမ်တွင် ကိုအမာရွတ် စိတ်ဆိုးပုံရသည်။ သူက တစ်စုံတစ်ရာကို ထပ်ပြောလိုက်၏။ တယ်လီက ရွံရှာဟန်ဖြင့် တစ်ဖက်သို့ လှည့်သွားသည်။

ဂျိန်းက ပြောလိုက်သည်။

'သူ သဘောမကျဘူးလို့ ကျွန်မ ထင်တယ်'

'ကိုယ်က သူ့ကို ဂရုမစိုက်ပါဘူး၊ သူက လူကပ်ပဲ'

'ရှင်ကကော'

'သူ့လို မဟုတ်ပါဘူး'

သူက လေးလေးနက်နက် အဖြေပေးလိုက်သည်။ ထို့နောက် ဂျိန်းအား ပြန်ကြည့်ပြီး မေးလိုက်ပြန်၏။

'အဲဒါက လျောင်တာပဲလား၊ မင်းက လျောင်ပြောင်နေသလားဆိုတာ ကိုယ်လုံးဝ မခွဲခြားတတ်ဘူး'

'လျောင်တာ မဟုတ်ပါဘူးရှင်'

ဂျိန်းကပင် ပြန်၍ နှစ်သိမ့်နေရသည်။ ဂျိန်းသည် အဘယ့်ကြောင့် ဤကိစ္စထဲသို့ ပါဝင်ရောက်ရှိနေရလေသနည်း။

ကိုအမာရွတ်သည် ဂျိန်းအား မီးဖိုချောင်မှတဆင့် အပြင်ဘက်သို့ ခေါ်ထုတ်သွားသည်။ အိမ်အပြင်ဘက်တွင် လေသည် နွေးနွေးထွေးထွေးနှင့် ခြောက်ခြောက်သွေ့သွေ့ ရှိနေသည်။ အေးစိမ့်နေသော အိမ်အတွင်းပိုင်းမှလေနှင့်စာလျှင် အရသာရှိလှသည်။ ဂျိန်းက 'ရော့ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝကြီး ရှာသွင်းလိုက်၏။

ဂျိန်း၏ နှလုံးခုန်နှုန်းမှာ ပြန်၍တည်ငြိမ်စပြုလာပေပြီ။ သာမန်အနေအထားသို့ ပြန်ရောက်ရှိလာပြီ။ ကောင်းပြီ။ ဂျိန်းအနေနှင့် စကားကျွံခဲ့မိပြီ။ ဘယ်နည်းဘယ်ပုံ လုပ်ကိုင်ရမည်ကို သိမြင်ခဲ့သောကြောင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စိတ်လိုက်မာန်ပါ လုပ်လွန်းရာကျသလို အနစ်နာခံလွန်းရာလည်း ရောက်ပေလိမ့်မည်။ သို့သော် အချိန်ကြာအောင် ထပ်၍ဆွဲထားနိုင်ခဲ့သည်။ သို့ရာတွင် ထိုအချိန်ကို ဝယ်လိုက်ရသောဈေးမှာ မတန်တဆကြီးမြင့်နေလေရော့သလား။ နှစ်ဖက်အကျိုးရှိသော အရောင်းအဝယ်ပေပဲလား။ ရောင်းသူ ဝယ်သူ နှစ်ဦးစလုံး ကျေနပ်ပါရဲ့လား။ အချိန်ကသာ အဆုံးအဖြတ်ပေးပေလိမ့်မည်။ ယခု ဆောင်ရွက်ရမည့်တာဝန်မှာ မိန်းမတို့၏မာယာဖြင့် ထိုပုဂ္ဂိုလ်အား တတ်နိုင်သမျှ အချိန်ဆွဲထားဖို့ပင်ဖြစ်သည်။ ပွင့်ပွင့်လင်းလင်း ဝန်ခံရမည်ဆိုသော် ဤကိစ္စသည် အတင်းဇွတ်မှိတ်ပြီးအောင့်ခါနမ်းရသော ကိစ္စမျိုးလည်း ဟုတ်ချင်မှ ဟုတ်မည်။ ထိုလူသည် မသတီချင်စရာလူစားမျိုးတော့ မဟုတ်။

'မင်းကြောက်နေသလား'

ဂျိန်းက ပြတ်ပြတ်သားသား ခေါင်းခါလိုက်၏။

'ဘာဖြစ်လို့ ကြောက်ရမှာလဲ'

'မင်းကြောက်နေလိမ့်မယ်ထင်လို့'

'ရှင်ကကော'

'ဝေးသေးတယ်'

ကိုအမာရွတ်က ဂျိန်းအား ငေးကြည့်နေသည်။

'မင်းဟာ တော်တော်ထူးခြားတဲ့ အမျိုးသမီးပဲ၊ စိတ်ထဲမှာရှိသမျှ ပြောင်ဖွင့်ပြောတတ်တယ်၊ မင်းလိုအမျိုးသမီး ကိုယ်တစ်ခါမှ မတွေ့ဖူးသေးဘူး'

'အမှန်အတိုင်း ပြောတယ်ဆိုတာ မမှားပါဘူး'

ကိုအမာရွတ်က ခေါင်းညိတ်သည်။

'ဒါဖြင့်ရင် မင်းကို မှန်တဲ့အတိုင်း တစ်ခုပြောပြမယ်'

'ပြောလေ'

'မင်းဟာ တော်တော်ချောတယ်၊ ကိုယ့်ကို အများကြီး ရင်ခုန်စေတယ်'

'ကျေးဇူးတင်ပါတယ်ရှင်၊ ကဲ ကျွန်မတို့ အိမ်နဲ့ခပ်ဝေးဝေးကို သွားကြရအောင်၊ ရှင့်ရဲဘော်တွေ လာနှောင့်ယှက်တာကို ကျွန်မတို့ ကြိုက်မှာမဟုတ်ဘူး'

သူက ခေါင်းညိတ်လိုက်ပြီးနောက် တစ်ယောက်လက်ကို တစ်ယောက်ကကိုင်ရင်း အနည်းငယ်ရှင်းလင်းနေသော မြက်ခင်းအစပ်အထိရောက်အောင် ဂိုက်တစ်ရာခန့် လမ်းလျှောက်သွားကြသည်။

ကိုအမာရွတ်က ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းတော်တော်ချောတဲ့ အမျိုးသမီးပဲ'

'ကျေးဇူးတင်ပါတယ်၊ ရှင်ကိုယ်တိုင်လည်း ချောပါတယ်'

'မဟုတ်ဘူးလေ၊ ယောကျ်ားဆိုတာ မချောဘူး'

'အမျိုးသမီးတွေအတွက်တော့ ချောတယ်'

ဂျိန်းက ၎င်း၏မေးစေ့ကို ညင်သာစွာ ကိုင်လိုက်သည်။

'တော်တော်လှတဲ့ အမာရွတ်ကလေးပဲ၊ ရှင်ဘယ်လို ရခဲ့တာလဲ'

သူက ခပ်ပြုတ်ပြုတ်ဖြေသည်။

'ကန်နန်း ကျည်ဆန်တစ်ခုပေါ့၊ ကိုယ့်ကို ရှပ်ရုံတင် ရှပ်ထိသွားတယ်၊ အမေကတော့ သေသွားတယ်'

'ကျွန်မ ဝမ်းနည်းပါတယ်'

'နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီလေ'

သူအတော်ကလေးကြာအောင် ငြိမ်ကျသွားသည်။

'ကိုယ် အဲဒီအကြောင်း သိပ်မပြောချင်ဘူး'

'ကျွန်မ နားလည်ပါတယ်'

သူပြုံးလိုက်သည်။

'ရှင်တော်တော် အတွေ့အကြုံများခဲ့ပုံရတယ်၊ အမေရိကမှာပဲလား'

'ဟုတ်တယ်'

'ရှင်. . . ဒီမှာ နေသလား'

'ဟုတ်တယ်၊ ယူနီဗာစတီက ကျောင်းဆောင်တစ်ခုမှာနေတယ်'

'ဘယ်ယူနီဗာစတီမှာလဲ'

'ပြောလို့ မဖြစ်ဘူး၊ ကိုယ့်ကို ယူနက်စကိုက လွှတ်လိုက်တာ၊ စရိတ်စကမှန်သမျှကို သူတို့က ထောက်ပံ့တယ်'

'ရှင်ယူတဲ့ အဓိက ဘာသာကဘာလဲ၊ လုပ်ကြံသတ်ဖြတ်မှုလား'

'မင်းဘာတွေလျှောက်ပြောနေတာလဲ၊ ကိုယ့်အဓိကဘာသာက နိုင်ငံရေးသိပ္ပံပညာပဲ'

'ဘာဖြစ်လို့ ရှင်က ဒီကိစ္စက ရှန်းမထွက်တာလဲ'

'ဘာပြောတယ်'

'ရှင်က လူတော်တစ်ယောက်ပဲ၊ ရှင့်အနေနဲ့ ရှင့်ဘဝကို ပြုစုပျိုးထောင်ဖို့ ရှိသေးတယ်၊ နိုင်ငံရေးအတွက် အစစအရာရာကို ဘာဖြစ်လို့ စွန့်လွှတ်ရမှာလဲ၊ အသက်ကို စွန့်ရတဲ့အထိ တန်ဖိုးမရှိလှပါဘူးလေ'

သူက ကျောင်းသားဖြစ်သူအား စိတ်ပျက်သွားသော ကျောင်းဆရာတစ်ယောက်၏ ဟန်ပန်နှင့် ခေါင်းကို ခါယမ်းလိုက်သည်။

'မင်းနားမလည်ပါဘူးကွာ၊ (ဒီကိစ္စက) ကိုယ့်လိုအသက်ပေါင်း တစ်သန်းအထိ တန်ဖိုးရှိ

www.burmeseclassic.com



တယ်၊ ဆယ်သန်းအထိ တန်ဖိုးရှိတယ်ကွာ၊ ဒုတိယကမ္ဘာစစ်တုန်းက မင်းတို့ စစ်သားတွေ အဲဒီလို မတွေ့ခဲ့ကြဘူးလား'

'တူမှ မတူပဲ၊ အဲဒါက တကယ့်စစ်ပွဲပဲ'

'အခုလဲ တကယ့်စစ်ပွဲပဲ'

ဂျိန်းက သက်ပြင်းချလိုက်၏။

'ဒါပေမယ့် ရှင်တို့က အပြစ်မဲ့တဲ့ အမျိုးသမီးတွေနဲ့ ကလေးတွေကို ဆွဲသွင်းနေ. . .'

'မင်းတို့ရဲ့ ဗုံးကြဲလေယာဉ်တွေကကော၊ အပြစ်မရှိတဲ့ အမျိုးသမီးတွေနဲ့ ကလေးတွေကို ရှောင်နိုင်လို့လား'

ဂျိန်းက သူ့ဖခင်အကြောင်း တွေးလိုက်မိသည်။ ဒရက်စ်ဒင်အကြောင်း၊ ဟမ်းဘတ်အကြောင်း၊ ဟီးရိုရှီးမားအကြောင်း၊ နာဂါဆာကီအကြောင်း တွေးမိသည်။

'ရှင့်နာမည် ဘယ်သူလဲ'

'ကိုယ့်ကို ကိုယ့်ရဲဘော်တွေက ခေါ်တဲ့နာမည်ကိုပဲ မင်းကို ပြောပြမယ်၊ အဘူဂါဘယ်တဲ့၊ တကယ့်နာမည်ကတော့ အရေးမကြီးပါဘူးကွာ'

'အဲဒီနာမည်က ရှင့်ရဲ့ တစ်ခြားဘဝနဲ့ သက်ဆိုင်တယ်ပေါ့နော်'

'အင်း. . . အဲဒီလိုပြောလို့ ရနိုင်ကောင်းပါတယ်၊ မင်းနာမည်ကတော့ ဂျိန်း၊ ဂျိန်းဆပ်တန်၊ အသက် ၂၄ နှစ်ရှိပြီ၊ မင်းယောက်ျားနဲ့ ကွာရှင်းပြတ်စဲခဲ့တယ်'

'သိပ်ဟုတ်တာပေါ့'

'ဘာဖြစ်လို့ ကွာရှင်းခဲ့တာလဲ'

'တစ်ယောက်နဲ့တစ်ယောက် ငြီးငွေ့လာကြလို့ပေါ့'

'အမေရိကန် အမျိုးသမီးတွေဟာ တော်တော်ဆန်းတယ်'

'ဆန်းတယ်၊ ဟုတ်လား'

'တစ်နည်းပြောရရင် သိပ်ပြီး ရုပ်ကြမ်းဆန်တယ်၊ လင်ယောက်ျားက ရှာဖွေလို့ရတဲ့ ပစ္စည်းတွေကို အာသာငမ်းငမ်း မက်မောကြတယ်၊ ဒါပေမယ့် တစ်ဖက်မှာကျပြန်တော့လဲ သိပ်ကို ရိုးသားကြတယ်၊ အရှိကို အရှိအတိုင်း လက်ခံကြတယ်လို့ ကိုယ်ထင်တယ်လေ'

'ရှင်တို့ အမျိုးသမီးတွေကရော၊ အဲဒီလိုပဲ မဟုတ်လား'

'တစ်ချို့တလေပါ၊ အသက်ခပ်ငယ်ငယ်တွေက အနောက်ပိုင်းဘက်ကို နွယ်သွားကြပြီ၊ ဒါပေမယ့် အများစုကတော့ ရှေးဟောင်း အယူအဆသမားတွေပဲ၊ ယောက်ျားရဲ့ လက်ဝေခံ အဖြစ်နေကြရရင် ကျေနပ်နေတတ်ကြတယ်'

'ရှင့်ဖခင်ကော ရှိသေးသလား'

'ရှိတယ်၊ နောက်အိမ်ထောင်နဲ့ ဘီရွတ်မှာနေတယ်၊ သူနဲ့ တစ်ခါတစ်ခါမှ တွေ့တယ်၊ သူက ဇနီးသစ်နဲ့ အခြေတကျဖြစ်ပြီး ဖိမ်တွေ့နေပြီလေ၊ ကိုယ်တို့ရဲ့ လှုပ်ရှားမှုအတွက် စတိလောက်ပဲ လှူဒါန်းတော့တယ်၊ တိုက်ချင်ခိုက်ချင်စိတ် ကုန်ခန်းသွားပြီထင်ပါရဲ့'

www.burmeseclassic.com

www.burmeseclassic.com



'သူက အမြော်အမြင်ရှိတဲ့လူ ဖြစ်ချင်ဖြစ်နေမှာ'

'ဘယ်ကလာ၊ နိုင်ငံအတွက် တိုက်ပွဲ အရှိန်အဟုန်တို့ မြင့်တင်ပေးရမယ် ကျုပ်တို့ရဲ့ ပိုင်နက် 'မြေ'ဆိုတာ မင်းနားလည်ထားသင့်တယ်'

'ကျွန်မ နားလည်ပါတယ်၊ ဒါပေမယ့် ကန်နန်းလူမျိုး တော်တော်များများနဲ့ ကျွန်မ သိကျွမ်းပါတယ်၊ ရင်းရင်းနှီးနှီးလည်း ခင်မင်ပါတယ်'

'ကိုယ်က ကန်နန်းလူမျိုးတွေအပေါ် မှာ အာဃာတ မထားပါဘူး'

'ဒါနဲ့တောင် ရှင်က သူတို့ကို သတ်ဖို့ စဉ်းစားလို့ရသလား'

'ကိုယ်တို့မြေပေါ် က ထွက်သွားတာနဲ့ တစ်ပြိုင်နက် သတ်ချင်စိတ်ရှိမှာ မဟုတ်တော့ ပါဘူး၊ ကိုယ် ကတိပြုပါတယ်'

'မြေကြီးအတွက် အသေခံစရာ မလိုပါဘူးရှင်'

'ပြောင်းပြန်ဖြစ်နေပြီ၊ မြေကြီးနဲ့ မိန်းမချောကလေးတွေဟာ အသေခံထိုက်တဲ့ ပစ္စည်း တွေပါပဲ'

'ရှင်ကတော့ နားဝင်ချိုအောင် အတော်ပြောတတ်တဲ့လူပဲ'

သူက ပြုံးလိုက်ပြီး ဂျိန်းအား လှမ်းဖက်လိုက်သည်။

❑

ရဟတ်ယာဉ်၏ ပန်ကာများ ရပ်တန့်မသွားမီ မစ္စတာဘီးလ်သည် မြက်ခင်းပေါ်သို့ ခုန်ချလိုက်ပြီး ဟိုက်ဝေး ပတ္တာရောင်ရဲသားများနှင့်အတူ ရှိနေသော ချာတိတ်ထံသို့ အပြေး အလွှား လာခဲ့သည်။

'ကရိုတ်ချ်ဂျင်ဆင်ဆိုတာ မင်းလား'

'ဟုတ်ပါတယ် ခင်ဗျာ'

'လူတော်ပဲဟေ့၊ ကိုယ့်နာမည်က ဘီးလ်၊ အက်ဖ်ဘီအိုင်မှာ အလုပ်လုပ်တယ်'

အဖြူတစ်ဝက် အနက်တစ်ဝက် ရောနေသော ၎င်း၏ဆံပင်သည် လေအဟုန့်တွင် ဘုတ်သိုက်ဖြစ်သွား၏။ တွဲလ်သက္ကလပ်စ အားကစားဂျာကင်နှင့် သတ္တုကိုင်းမျက်မှန်ကို တပ်ထားသော ထိုပုဂ္ဂိုလ်သည် ကရိုတ်ချ်၏ကျောင်းမှ ကျောင်းဆရာနှင့်ပင် တူနေပေသေး သည်။

'မင်းလုပ်ခဲ့တဲ့ အလုပ်ကတော့ ပထမတန်းပဲဟေ့၊ မင်းအဖေကတော့ မင်းအတွက် အများကြီး ဂုဏ်ယူရှာမှာပဲ၊ ကဲ. . . မင်းမေမေနဲ့ တစ်ခြားလူတွေကို တို့က သွားကယ်ကြမယ်၊ ဒါပေမယ့် မင်းဆီက အကူအညီကိုလည်း ထပ်လိုချင်သေးတယ်၊ ဖြစ်တယ်နော်'

'ဟုတ်ကဲ့ပါခင်ဗျာ'

'မင်းက အိမ်ဆီကို လိုက်ပို့ပေးနိုင်မလား'

www.burmeseclassic.com

www.burmeseclassic.com



'ပို့နိုင်ပါတယ်'

ပတ္တရောင် ရဲသားတစ်ယောက်က ဝင်ပြောလိုက်သည်။

'သူပြောပုံအရဆိုရင် ဒီနေရာက ငါးမိုင်လောက်တော့ ဝေးလိမ့်မယ်၊ အိမ်တစ်အိမ်ပဲရှိတယ်၊ အစတုန်းကတော့ လယ်တဲပဲ၊ မိသားစုက တစ်ခြားကို ပြောင်းသွားတယ်၊ ဘယ်သူကမှ မဝယ်ချင်ကြဘူး'

'အကောင်းဆုံး ချဉ်းကပ်နိုင်မယ့် နည်းလမ်းက ဘယ်လိုလဲ'

'သိပ်မလွယ်ဘူး၊ အဲဒီအိမ်က ဆယ်ကေကွက်ထဲမှာ လုံးချင်းရှိနေတာ'

ကရိုတ်ချ်က ဝင်ပြောသည်။

'တစ်ဖက်မှာ သစ်ပင်တွေရှိတယ်၊ အဲဒီနေရာကို ကျွန်တော်ပြေးခဲ့တာပဲ၊ ကျန်တဲ့ဘက်မှာတော့ ချုံဖုတ်ငယ်ကလေးတွေပဲရှိတယ်'

'မှောင်သွားလို့ တော်သေးတာပေါ့ကွာ'

ဘီးလ်က ပြောလိုက်ခြင်းဖြစ်သည်။ ၎င်းတို့ လူစုသည်'ကရိုတ်ချ်၏ ပြောပြချက်အရ ပတ္တရောင်ရဲသားက ရေးဆွဲထားသော အိမ်ပုံစံကြမ်းကို လေ့လာနေကြသည်။ ထိုပုံစံမှာ ကရိုတ်ချ် မှတ်မိသမျှကို ဖော်ပြထားသော ထိုအိမ်၏မြေညီထပ် ပန္နက်ပုံဖြစ်သည်။

'မင်းမေမေနဲ့ တစ်ခြားလူတွေကိုထားတဲ့ ဟောဒီအခန်းမှာ တံခါးတစ်ပေါက်တည်းပဲရှိသလား'

'ဟုတ်ပါတယ် ခင်ဗျာ'

'ပြတင်းပေါက် ဘယ်နှစ်ပေါက်ရှိသလဲ'

ကရိုတ်ချ်က စဉ်းစားလိုက်သည်။

'သစ်သားပြားတွေနဲ့ရိုက်ပြီး ပိတ်ထားတာဗျ၊ နှစ်ပေါက်၊ ဒါမှမဟုတ် သုံးပေါက်လို့ထင်တယ်'

'အဲဒီအခန်းက အိမ်ရဲ့ဘယ်ဘက်မှာ ရှိတယ်ဆိုတာကိုလည်း မင်းမမှတ်မိဘူးပေါ့'

'မမှတ်မိဘူး၊ သူတို့က ကျွန်တော်တို့ကို ဘေးတံခါးက ခေါ်သွင်းလာတာ၊ နောက်တော့ အခန်းကျယ်ကြီးထဲကဖြတ်ပြီး အခန်းထဲ ပို့လိုက်တာပဲ'

ဘီးလ်က ပြောလိုက်၏။

'ကောင်းပြီ၊ တို့ဘာသာတို့ မှန်းဆပြီး လုပ်ကြရမှာပေါ့ကွာ'

ဘီးလ်က ကရိုတ်ချ်ဘက်သို့ လှည့်လိုက်သည်။

'မင်းက တို့နဲ့အတူတူ လိုက်လာခဲ့စေချင်တယ်၊ မင်းပါလာရင် သိပ်ပြီး အကူအညီရမယ်၊ မင်းမေမေကို တို့က ကယ်ထုတ်လာမှာပါကွာ၊ မင်းလိုက်မှာလား'

ကရိုတ်ချ်၏ ဝမ်းဗိုက်ထဲက ကလီစာများက ကပြောင်းကပြန် ဖြစ်လာသောကြောင့် ကြောက်စိတ်ဝင်သွားကြောင်း သူသိလိုက်သည်။ သို့သော် သူ့အနေနှင့် မငြင်းမနေ လုပ်ရတော့မည်သာ။ ကရိုတ်ချ်က ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘီးလ်က ကျေနပ်သွားဟန်နှင့် ပြောလိုက်သည်။
'တယ်တော်တဲ့ ချာတိတ်ပဲ၊ သွားကြရအောင်'

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၁၅ )

ဂရင်းဝစ်ချ် စံတော်ချိန် ၀၄ း ၄၀ နာရီ
ချက်ကိုစလိုဗက်နိုင်ငံ ပရတ်မြို့အနီး
မြောက်လတ္တီတွဒ် ၅၀ ဒီဂရီ ၃၃ မိနစ်
အရှေ့လောင်ဂျီတွဒ် ၁၄ ဒီဂရီ ၂၈ မိနစ်

မာလိုရီက ဂျင်ဆင်အား ခေါင်းညိတ်ပြလိုက်၏။

'ကလစ်ဖ် မိုးလေဝသ နောက်ဆုံးအခြေအနေကို သိချင်တယ်'

'ကောင်းပြီ'

ဂျင်ဆင်သည် ဟိုက်ဖရီကွင်စီ အသံဖမ်းစက်ဆီသို့ လက်လှမ်းလိုက်ပြီးနောက် သက်ဆိုင်ရာ ဖရီကွင်စီနှင့် ညှိလိုက်သည်။ ထို့နောက် မိုးလေဝသအခြေအနေကို မေးလိုက်သည်။

ခပ်ပြတ်ပြတ်လေသံနှင့် ခပ်မတ်မတ်ထိုင်နေသော ဂျင်ဆင်။ ဒီချာတိတ်ကို အပြစ်တင်၍လည်း မဖြစ်နိုင်။ သူ့တွင် ပြဿနာတွေ တစ်ပုံတစ်ပင်ကြီး ရှိနေသည်။ သူ့လိုပင် လူတိုင်း၌ ပြဿနာတွေ ရှိနေကြသည်။ လူတိုင်းတွင် ပူပင်သောကရောက်စရာ မိသားစုတွေ ရှိကြသည်။ ဖုင်းတို့အနေနှင့် ဤလေယာဉ်ပျံကြီးအား အယ်လ်မားဂရက်ဗ် လေဆိပ်သို့ မပျက်မစီး ဆင်းသက်နိုင်အောင် ကြိုးပမ်းရန်မှတစ်ပါး တစ်ခြားမည်သည့်နည်းနှင့်မှ ကူညီနိုင်စွမ်းမရှိဆိုသည်မှာလည်း သေချာသော အချက်တစ်ချက်ပင်ဖြစ်သည်။

(မိုးလေဝသနှင့် ပတ်သက်သော) အဖြေကတော့ ရှင်းသည်။

အခြေအနေ မကောင်းပါတဲ့။

သဲမုန်တိုင်းသည် အရှေ့အလယ်ပိုင်းဒေသ တစ်လျှောက်တွင် မွှေနှောက်တိုက်ခတ်နေဆဲပင်။ အယ်လ်မားဂရက်ဗ်နှင့် နီးကပ်စွာတည်ရှိသော မိုးလေဝသစခန်းများက တစ်မိုင်၏ ၁၆ ပုံ တစ်ပုံ (ဂိုက် ၁၁၀)ခန့်သာ ကြည့်နိုင် မြင်နိုင်သည့် အခြေအနေတွင် ရှိသည်ဟုဆိုသည်။ မြေပြင်ပေါ်သို့ ဘိုးရင်း ၇၄၇ တစ်စီး ဘေးမသီရန်မခ ဆင်းသက်လာနိုင်ဖို့ အနည်းဆုံး လိုအပ်ချက်ထက်ပင် အများကြီး လျော့နည်းနေပေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မာလိုရီက မျက်လုံးကို လက်နှင့်ပွတ်လိုက်၏။ သူက ဖာဒီယာဘက်သို့ လှည့်လိုက်သည်။ ဖာဒီယာက ခပ်တည်တည် ပြန်ကြည့်လိုက်၏။ သေနတ်က ပေါင်ပေါ်တွင် အဆင်သင့်။

'ခင်ဗျားကို အမှန်အတိုင်းပြောမယ် ကြီးဒေါ်၊ ကျုပ်တို့အနေနဲ့ ဆင်းဖို့ အရန်လေဆိပ် တစ်ခုခုကို စဉ်းစားထားသင့်ပြီ ထင်တယ်'

ဖာဒီယာက ခေါင်းခါသည်။

'အရန်ဆိုတာ လုံးဝမရှိဘူး'

'ကျုပ်တို့အနေနဲ့ အယ်လ်မားဂရက်ဗ်မှာ မဆင်းနိုင်ရင်၊ ရှိကို ရှိရမှာပေါ့'

'မရှိရဘူး'

ခေါင်းမာမှုနှင့် ကြုံရသည့်အခါတိုင်း မာလိုရီတစ်ယောက် စိတ်ကသိကအောက် အမြဲ ဖြစ်ရသည်။

'ဘုရားသခင် ကယ်တော်မူပါ၊ ငါက မင်းကို ပုံစံတွေ ဘာတွေနဲ့ ဆွဲပြနေရဦးမှာလား၊ အခြေအနေ မကောင်းဘူး၊ သိပ်ဆိုးရွားနေတယ်၊ ကျုပ်တို့အနေနဲ့ အယ်လ်မားဂရက်ဗ်မှာ ဆင်းလို့ ရချင်မှရမယ်၊ တကယ်လို့ အဲဒီမှာ ဆင်းလို့မရခဲ့ရင် တစ်ခြားတစ်နေရာရာမှာ ဆင်းရမှာပဲ၊ အဲဒီလို လုပ်နိုင်အောင် ခုအချိန်ကတည်းက အစီအစဉ်တွေ စလုပ်ဖို့ ကောင်းနေပြီ တကယ်လို့ အယ်လ်မားဂရက်ဗ်မှာ ဆင်းလို့မရခဲ့ရင် မင်းက ကျုပ်တို့ကို ဘယ်သွားစေချင် လို့လဲ'

ယခုတစ်ကြိမ်တွင်လည်း ဖာဒီယာက ခေါင်းခါပြသည်။ တစ်ခြားတစ်နေရာရာသို့ သွားရလိမ့်မည်ဆိုသောကိစ္စကို ထည့်သွင်း၍ပင် စဉ်းစားလိုဟန်မတူ။

'ကျွန်မတို့ အယ်လ်မားဂရက်ဗ်မှာပဲ ဆင်းမယ်၊ တစ်ခြား ဘယ်မှာမှ မဆင်းဘူး၊ ကဲရှင်းပြီ လား'

မာလိုရီက ပြန်ဖြေသည်။

'ရှင်းပါတယ်၊ ရှာလို့မတွေ့တဲ့ ပြေးလမ်းပေါ်မှာ ဆင်းဖို့ကြိုးစားတာကတော့ လူရယ်စရာ ကြီးပဲ'

ဖာဒီယာက ပြန်ငေါက်လိုက်သည်။

'အဲဒါ ကျွန်မ အမိန့်ပဲ၊ ရှင်လိုက်နာရလိမ့်မယ်'

ဂျင်ဆင်က ဖာဒီယာကို ပြောလိုက်သည်။

'မင်းက ဒီလေယာဉ်ပျံပေါ်က လူတွေအားလုံး သေမှာကိုတောင် သောက်ဂရုစိုက်မှာ မဟုတ်ဘူး၊ သောက်သုံးမကျတဲ့ မင်းအမိန့်တွေကို လိုက်နာဖို့ပဲ ဂရုစိုက်နေတယ်'

ဖာဒီယာက အောင်မြင်သောအပြုံးနှင့် ခွန်းတုံ့ပြန်လိုက်၏။

'ဒီအမိန့်တွေဟာ သောက်သုံးမကျဘူးလို့ ရှင်က ထင်ချင်ထင်လိမ့်မယ်၊ ဒါပေမယ့် တန်ဖိုးတွေက အနောက်ဘက်ဒေသကို လုံးဝ ထိုးအပ်လိုက်ရတဲ့ အခြေအနေမျိုးအထိ ဖြစ်လာရမှာ အမှန်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာပြောတယ်'

'ပုပ်ရဟန်းမင်းကြီး အသက်ရှင်စေချင်ရင်၊ အနောက်ဘက်ဒေသက ခုချက်ချင်း လုံးဝ ထွက်ခွာပေးရမယ်လို့ တောင်းဆိုထားတယ်'

မာလိုရီ၏ ကျောရိုးမှာ အေးစက်ပြီး တောင့်တင်းသွားသည်။

'မင်းက စိတ်ရောဂါဝေဒနာရှင်ပဲ၊ မင်းတို့လို ပြောက်ကျားတွေအားလုံးဟာ အရူးတွေပဲ၊ အမှန်အတိုင်း မမြင်ဘူး၊ အမှန်အတိုင်း မတွေးတတ်ကြဘူး၊ မင်းတို့အားလုံး အရူးထောင်နဲ့ပဲ တန်တယ်'

'တိတ်စမ်း၊ ရှင်ဟာ ရွံ့စရာကောင်းလာပြီ မစ္စတာဂျင်ဆင်'

အေးဆေးတည်ငြိမ်သော ဖာဒီယာ၏ လေသံက ဂျင်ဆင်၏ဒေါသအား မီးထိုးပေးလိုက်သလို ဖြစ်သွားသည်။

'မင်းဟာ သောက်သုံးမကျတဲ့ခွေးမ'

'ရှင်လွန်ပြီနော်'

'လွန်တော့ကော ဘာဖြစ်ရမှာလဲ'

မာလိုရီက ၎င်းအား လှမ်း၍ မတားမြစ်နိုင်ခင် ဂျင်ဆင်သည် လုံခြုံရေးခါးပတ်များကို ဘေးဖယ်ပစ်လိုက်ပြီး ကုလားထိုင်ပေါ်မှထရန် ကြိုးစားသည်။ သို့ရာတွင် ဘိုးရင်း ၇၄၇၏ လေယာဉ်မောင်းခန်းမှာ ကျဉ်းမြောင်းသောကြောင့် လျင်မြန်သွက်လက်စွာ လှုပ်ရှားဖို့ မလွယ်ကူချေ။ ထိုင်ရာမှထရန် အချိန်ယူရပေသည်။ ဂျင်ဆင်သည် ထိုင်ခုံအပိုရှိရာဆီသို့ နောက်တစ်လှမ်း မဆုတ်နိုင်ခင် ဖာဒီယာသည် အံ့ဩစရာကောင်းလောက်အောင် လျင်မြန်စွာ ရှေ့သို့တိုးလာပြီး ပစ္စတိုဒင်နှင့် ဂျင်ဆင်၏နဖူးအား ကွဲသွားအောင် ရိုက်ပစ်လိုက်သည်။ ဂျင်ဆင်တစ်ယောက် ၎င်း၏ ထိုင်ခုံပေါ်သို့ နောက်ပြန်လဲကျသွားစဉ် ဖာဒီယာသည် လေယာဉ်မောင်းခန်း၏ နောက်ဘက်ပိုင်းသို့ ဆုတ်သွားပြီး နေရာယူလိုက်၏။ ဖာဒီယာက ပစ္စတိုကို လက်နှစ်ဘက်နှင့် ဆုပ်ကိုင်ထားပြီး ခါးကို ရှေ့သို့ အနည်းငယ်ကိုင်းရင်း အားလုံးကို သေနတ်နှင့် လိုက်ချိန်နေသည်။

ဖာဒီယာက အော်လိုက်၏။

'နောက်တစ်ခါဆိုရင် အပစ်ပဲ၊ ကြားကြရဲ့လား၊ ကြားကြရဲ့လား'

မာလိုရီက ဂျင်ဆင့်ထံကုန်းပြီး မေးလိုက်သည်။

'မင်းနေကောင်းရဲ့လား'

ဂျင်ဆင်သည် မူးဝေနေပြီး ဒူးချောင်နေသည်။ နဖူးပေါ်မှ အသားပြဲစုတ်သွားရာ သွေးများသည် မျက်နှာပေါ်သို့ စီးကျလာပြီး ရှပ်အင်္ကျီအဖြူကို စွန်းထင်းသွားစေသည်။

'ကျွန်တော် နေကောင်းပါတယ်. . . တောင်းပန်ပါတယ်ဗျာ'

မာလိုရီက နီဝါကိုစကီကို လှမ်းပြောလိုက်သည်။

'သူ့ကို ကူညီလိုက်စမ်းပါ'

www.burmeseclassic.com

www.burmeseclassic.com



'နောက်တစ်ခါဆိုရင် အပစ်ပဲ'

ဖာဒီယာက ထပ်ပြောလိုက်ပြန်၏။ မာလိုရီက 'တိတ်စမ်း' ဟုငေါက်ပစ်လိုက်ပြီး တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။

'ရှင်က ဘာလုပ်မလို့တုံး'

မာလိုရီက ၎င်းအား ဂရုမစိုက်ပဲ ဒီးပင်နက်တီအား လှမ်းခေါ်လိုက်၏။ ဒီးပင်နက်တီသည် ထရန့်စ်အမ်တွင် လာရောက်အမှုမထမ်းခင်က သူနာပြုဆရာမအဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။

နိုဝါကိုစကီက ကြက်ခြေနီသေတ္တာနှင့် အလုပ်ရှုပ်နေ၏။ ပါးစပ်ကလည်း 'မင်းနေကောင်းသွားမှာပါ' ဟု တဖွဖွပြောနေသည်။ သူဘယ်လိုနည်းနှင့် တစ်ထစ်ချပြောနိုင်ခြင်းဖြစ်ပါသနည်းဟု မာလိုရီက တွေးနေမိသည်။ ဂျင်ဆင်က တောင်းပန်သည်။

'တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော် အဲဒီလို မလုပ်သင့်ပါဘူး'

'မေ့ထားလိုက်စမ်းပါကွာ'

မာလိုရီက ပြောလိုက်ခြင်းဖြစ်သည်။

'တော်တော်သောက်သုံးမကျတာပဲ၊ ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်ဘူးဖြစ်သွားတယ်'

ဒီး ဝင်လာသောအချိန်တွင် ဖာဒီယာက နောက်ဘက်သို့ ပြန်လှည့်ကြည့်လေမလား။ သို့ဖြစ်လျှင် သူ့လက်ထဲမှ ပစ္စတိုကို တစ်ယောက်က အတင်းဝင်လုဖို့ အချိန်လုံလောက်ပါမလား။ အဲဒါပြီးရင် ဘာဖြစ်မလဲ။ တံခါးဆီသွား။ ဝုန်းကနဲဖွင့်လိုက်ပြီးနောက် မစ္စတာကာဆင်နှင့် သူ့လူများအား စောင့်ကြပ်နေသော ပြောက်ကျားနှစ်ယောက်အား လျှပ်တပြက်သုတ်သင်လိုက်ရမှာလား။ မြန်မြန်ထက်ထက် သုတ်သင်ဖို့လိုသည်။ ဒါဆိုရင် ပြဿနာပြေလည်ရောလား။ အခြေအနေကို ထိန်းနိုင်ရောလား။ ပြီးတော့ မည်သူကဝင်ပြီး သူ့ရဲကောင်းဆန်ဆန် ကြိုးပမ်းပါမည်နည်း။ ကုမ္ပဏီအတွက် အသက်ပေးသွားရန် အလွန်ကောင်းမွန်သော မဟာအခွင့်အရေးကြီးပင်ဖြစ်သည်။ အသုဘတွင် ထရန့်စ်အမ် ကုမ္ပဏီ၏ ဥက္ကဋ္ဌကြီးကိုယ်တိုင် လိုက်လံပို့ဆောင်မည်မှာ မြေကြီးလက်ခတ်မလွဲ သေချာလှသည်။ သိပ်ဟန်တာပေါ့။ သို့သော် ဘာပဲဖြစ်ဖြစ် မျှော်လင့်ချက် သိပ်မရှိပါ။ ဒီပြဿနာကို ပြေလည်စေမည်မဟုတ်ပါ။ ခရီးသည်များအကြားတွင် လက်နက်ကိုင် လူဆိုးတစ်ယောက်လောက်တော့ အနည်းဆုံး ရှိလိမ့်ဦးမည်သာဖြစ်သည်။ ထိုလူဆိုးသည်လည်း ဖာဒီယာ့ထံမှာကဲ့သို့ ပလတ်စတစ် ဒိုင်းနမိုက်များကို ကိုယ်ကျပ်အင်္ကျီသဖွယ် ဝတ်ဆင်လာမည်မှာ မလွဲချေ။ ပြဿနာ တစ်ခုခုဖြစ်သည်နှင့် တစ်ပြိုင်နက် လေယာဉ်ပျံကြီးသည် တစ်စစီပေါက်ကွဲသွားဖွယ်ရာရှိသည်။

ဒီးအား လူဆိုးတစ်ယောက်က ဝင်ခွင့်ပြုလိုက်စဉ် မာလိုရီက သက်ပြင်းချလိုက်မိသည်။

ဖာဒီယာသည် လေယာဉ်မောင်းခန်း၏ နောက်ဘက်၌ မတ်တတ်ရပ်နေဆဲပင်။ သေနတ်ကလည်း သူ့လက်ထဲ၌ ရှိနေဆဲပင်။

www.burmeseclassic.com

www.burmeseclassic.com



'ဘုရားသခင် ကယ်တော်မူပါ'

ဒီးက ဂျင်ဆင်အား မြင်လိုက်သောအခါ အလန့်တကြား အော်လိုက်မိရှာသည်။

'ဘာဖြစ်ရပြန်တာတုံး'

'သူက အငြိမ်မနေနိုင်ပဲ ထဆော့လို့ပါ၊ ကျွန်မက သတိပေးပါသေးတယ်၊ သူနား မထောင်ဘူး'

ဒီးက ရှေ့ဦးသူနာပြု သေတ္တာကို လှမ်းယူလိုက်ပြီး ဂျင်ဆင်၏ခေါင်းကို ပြုစုသည်။ ပြီးစီးသွားသောအခါ ဒီးက မှတ်ချက်ချလိုက်သည်။

'ကြည့်ရတာ သိပ်ဆိုးပုံမရဘူး၊ လေဆိပ်ရောက်တဲ့အခါကျရင်တော့ ပြန်စစ်ဆေးမယ်ဆိုရင် ပိုကောင်းပါလိမ့်မယ်၊ ဒါပေမယ့် ရှင်သေတော့ မသေနိုင်ပါဘူးလေ'

ဂျင်ဆင်က ခပ်ယဲ့ယဲ့ပြုံးလိုက်၏။

'ကျေးဇူးပါပဲ'

'ကျေးဇူးမတင်နဲ့လေ၊ ကျွန်မက 'ဘီလ်' ပို့လိုက်မှာ'

ဖာဒီယာသည် အပိုထိုင်ခုံပေါ်၌ ပြန်ထိုင်လိုက်သည်။ သူက ဒီးကို နှုတ်ဆက်လိုက်၏။

'မင်းပြန်နိုင်ပြီ'

ဒီးပင်နက်တီက ဘာလုပ်ပေးရဦးမည်နည်းဟု ကက်ပတိန်ကို မေးသည်။ ကက်ပတိန်က ခေါင်းခါလိုက်၏။

'ကျေးဇူးပဲကွာ၊ နောက်ထပ် တွေ့ကြသေးတာပေါ့'

❑

ဘီးလ်က ထိုအိမ်ကို မှန်ပြောင်းနှင့် လှေလာလိုက်သည်။ မှောင်မည်းပြီး လူသူကင်းမဲ့နေပုံရသည်။ တစ်ဦးတစ်ယောက်မျှ ရှိပုံမပေါ်။

ကရိုက်ချ်ဂျင်ဆင်က ပြောလိုက်သည်။

'အဲဒီအိမ်ပဲဗျ၊ သူတို့က ပြတင်းပေါက်မှန်သမျှကို သစ်သားတွေနဲ့ အုပ်ပြီး သံရိုက်ထားတယ်၊ ဒါကြောင့် အလင်းရောင်ကို ခင်ဗျား လုံးဝမမြင်ရတာ'

'ကောင်းပြီလေ၊ ငါသဘောပေါက်ပါပြီ'

ဘီးလ်က ပြောလိုက်ခြင်းဖြစ်သည်၊ တော်တော်လိမ္မာတဲ့ ချာတိတ်ပဲ။ သတ္တိလည်းရှိသည်။

အကြမ်းဖက်သမားများအား နှိမ်နင်းရေးအဖွဲ့သည် တိတ်ဆိတ်စွာဖြင့် သစ်ပင်များဆီသို့ လျှင်မြန်စွာ ချဉ်းကပ်နေကြသည်။

'မင်းခေါင်မိုးပေါ်က ဆင်းလာတာလား'

'ဟုတ်ကဲ့၊ ဟိုနေရာကလေ၊ အဲဒီဘက်အခြမ်းမှာ ရေပိုက်လုံးရှိတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့်ရင် မင်းက ဘယ်ဘက်ကို ထွက်ပြေးသလဲ'

ချာတိတ်က လက်ညှိုးထိုးပြလိုက်၏။

'အဲဒီဘက်ကို၊ ခြံစည်းရိုးကို မြင်ရတယ်မဟုတ်လား'

ဘီးလ်က ခေါင်းညိတ်ပြသည်။

'ကောင်းပြီ၊ အခု ကိုယ်တို့ အိမ်နားကို အရောက်သွားကြမယ်၊ မင်းလည်း ငါနဲ့အတူ လိုက်ခဲ့စေချင်တယ်၊ ဟုတ်ပြီနော်'

'ဟုတ်ကဲ့ပါခင်ဗျာ'

သူက အိမ်ကိုကျောခိုင်းပြီး ကရိတ်ချ်၏ ပြောပြချက်အရ ရေးဆွဲထားသော အိမ်ပုံစံကို လက်နှိပ်ဓာတ်မီးကလေးနှင့်ထိုးပြီး လေ့လာပြန်သည်။

'ဟောဒီအခန်းက မင်းတို့အားလုံးကို လှောင်ထားတဲ့အခန်း ဟုတ်ရဲ့လား'

'ဟုတ်ပါတယ်ခင်ဗျာ'

'အဲဒီအခန်းဟာ အိမ်ရဲ့ ဟောဒီဘက်မှာရှိတယ်၊ အခုဆိုရင် တို့နဲ့ အနီးဆုံးပေါ့'

ချာတိတ်သည် ပုံစံကြမ်းကို စူးစူးစိုက်စိုက် ကြည့်လိုက်ပြီးနောက် အိမ်ဆီသို့ လှမ်းကြည့်ပြန်၏။ သူက ခေါင်းညိတ်သည်။

ဘီးလ်သည် ကော်လန်တစ်ဝိုက်၌ ချွေးထွက်လာကြောင်း သတိထားလိုက်မိ၏။ ဘယ်လိုပုံစံနဲ့ပဲကြည့်ကြည့် ယခုတာဝန်မှာ အလွန်ကြီးမားသော တာဝန်ဖြစ်သည်။ ဓားစာခံများကို တစ်နည်းနည်းနှင့် ကယ်ဆယ်ရပေလိမ့်မည်။ အမှန်အတိုင်းဆိုရသော် ဓားစာခံများအား အထိအခိုက် အရှုအနာ မရှိစေရပဲ ကယ်ဆယ်နိုင်မည့်အရေးမှာ ရာခိုင်နှုန်း နည်းလှပေသည်။ သူတို့ မသိသေးသော အချက်အလက်ပေါင်း မြောက်မြားစွာရှိသလို ကြိုတင်တွက်ဆ၍ မရနိုင်သော အချက်များကလည်း မြောက်မြားစွာရှိနေကြသည်။ သေချာသည့်အချက် တစ်ချက်မှာ အိမ်ထဲမှ လူဆိုးများနှင့် စေ့စပ်ညှိနှိုင်း၍ ရမှာမဟုတ်ခြင်းပင်။ ဒီခွေးမသားတွေက လက်နက်အင်အားနှင့် ငြင်းချက်ထုတ်မှ နားလည်ကြသည့် သတ္တဝါတွေဖြစ်သည်။

ဘီးလ်က အိမ်ဘေးနားတွင်ရှိသော အဖီကလေးအား လက်ညှိုးထိုးပြလိုက်သည်။

'ဆီးယားစ်ထရပ်ကားကို အဲဒီဘက်မှာ ထားတယ်မဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ၊ သိပ်ကို သေချာပါတယ်'

'အဲဒါက အိမ်နဲ့တစ်ဆက်တည်း မဟုတ်ဘူးထင်တယ်၊ အဲဒီထဲကတဆင့် အိမ်ထဲကို ဝင်လို့ရမလား'

'ကျွန်တော် မမှတ်မိတော့ဘူး. . . ဆောရီးပဲ'

'သူတို့က မင်းကို အဲဒီအဖီထဲကထုတ်လာပြီး အိမ်ရှေ့တံခါးက အိမ်ထဲကို ခေါ် သွင်းလာတာလား'

'မဟုတ်ဘူးခင်ဗျ၊ ကျွန်တော်တို့က ဘေးပေါက်က ဝင်ရတယ်'

ပုံစံကြမ်းပေါ်တွင် လက်ညှိုးသေးသေးကလေးနှင့် ထောက်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါက ပောဒီအဖိကုလားဘေးမှာရှိတဲ့ အခန်းကျယ်ကြီးထဲကို တစ်ခါတည်း တန်းရောက်သွားရောလား'

'အဲဒီလိုပဲ ထင်ပါတယ်'

'သိပ် မသေချာဘူးပေါ့'

'ဟင့်အင်း၊ သိပ်မသေချာဘူး၊ ကျွန်တော်က တစ်ခါပဲမြင်လိုက်ရတာ'

ဘီးလ်က သူ့နှာခေါင်းရိုးကို လက်နှင့်ဖျစ်ညှစ်လိုက်မိသည်။ ချာတိတ်ခမျာ၊ အတတ်နိုင်ဆုံး ကြိုးစားနေသားပဲလေ။

'ဒါပေမယ့် မင်းမေမေတို့လူစု ဘယ်နေရာမှာ ရှိနေကြတယ်ဆိုတာကိုတော့ တတ်နိုင်သလောက် သေသေချာချာ သိထားဖို့လိုတယ်ကွ၊ မင်းပြောတော့ အခန်းကျယ်ကြီးကို ကျော်ပြီး အိမ်ရဲ့ဟိုဘက်မှာဆို'

'ဟုတ်ပါတယ်၊ ဟိုဘက်မှာပါ'

'မီးဖိုချောင်ကတော့ ပောဒီနေရာမှာဆို'

'ဟုတ်ပါတယ်'

ချာတိတ်က ခေါင်းညိတ်နေသည်။

'ကျွန်တော်တို့ကို အထဲသွင်းလာတုန်းက မီးဖိုချောင်ကို မြင်လိုက်ရပါတယ်'

'အဲဒီမှာ တံခါးတစ်ပေါက်ရှိသလား'

'ရှိမယ်ထင်တယ်၊ ဒါမှမဟုတ် ပောင်းလောင်းပေါက်ကြီးလည်းဖြစ်ချင် ဖြစ်နေလိမ့်မယ်၊ ကျွန်တော်က မီးဖိုထဲကို တန်းပြီး ကြည့်လို့ရတာကို ပြန်မှတ်မိလာတယ်'

'ဟုတ်ပြီ'

ဘီးလ်သည် နံဘေးတွင်ရှိနေသော အရပ်ရှည်ရှည်နှင့် သံခမောက်ဆောင်း ပုဂ္ဂိုလ်ဘက်သို့ လှည့်လိုက်ပြီး ပုံစံကြမ်းပေါ်မှ ဘေးတံခါးကို လက်နှင့်ထောက်ပြလိုက်သည်။

'ဒီမှာ. . . အဲဒီနေရာပဲ၊ အဲဒီနေရာနားက စပေတော့၊ အဲဒီနေရာဆိုရင် ပြန်ပေးဆွဲခံရတဲ့ လူတွေနဲ့ ဝေးနိုင်သမျှ အဝေးဆုံးနေရာပဲ'

'ဟုတ်ကဲ့ဆရာ'

သွက်လက်စွာ ခေါင်းညိတ်လိုက်ကြ၏။ ပြတ်တောင်း ပြတ်တောင်း အသက်ရှူသံများ ထွက်ပေါ်လာသည်။

ဘီးလ်က ပြောလိုက်သည်။

'တို့သိထားသမျှဆိုရင် အကြမ်းဖက်သမား လေးယောက်လောက်ရှိတယ်ဆိုတာကို မမေ့ကြနဲ့၊ နောက်ထပ်လည်း ရှိနိုင်သေးတယ်'

ဘီးလ်က ဘယ်ဘက်တွင်ရှိနေသူအား ခေါင်းညိတ်ပြလိုက်သည်။

'ရေဂါ. . . မင်းကတော့ ပောဒီအခန်းအပြင်ဘက်က နေရာယူထား'

ပုံစံကြမ်းပေါ်မှ နေရာကို ထောက်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အသံဗလံတွေ ပေါ်ထွက်လာတာနဲ့ တစ်ပြိုင်နက် မင်းက ခြတင်းပေါက်ပေါ်က ဖျဉ်ပြားတစ်ချပ်ကို အမြန်ဆုံးခွာပေတော့၊ ပြီးတော့ ဓားစာခံတွေကိုလည်း ကြမ်းပြင်ပေါ် မှာ လှဲနေကြဖို့ သေသေချာချာ သတိပေးထား၊ မင်းက သူတို့ကို အကာအကွယ်ပေးရမယ် တကယ်လို့ အကြမ်းဖက်သမား တစ်ယောက်ယောက် အခန်းထဲကို ဝင်လာဖို့ကြိုးစားတယ် ဆိုရင် အပြတ်ဖြောင်ပစ်လိုက်၊ ကံကောင်းပါစေ'

'ခင်ဗျားလည်း ကံကောင်းပါစေ၊ မစ္စတာဘီးလ်'

❑

တယ်လီသည် ကာဖီနောက်တစ်ခွက်ထပ်ယူရန် မီးဖိုထဲသို့ ဝင်သွားသည်။ အမေရိကန် ခွေးမနှင့် အပြင်ဘက်သို့ ထွက်သွားသော အဘူဂါဘယ်ကို သူဒေါပွနေသည်။ ထိုကိစ္စကို မတားမြစ်မိလိုက်သောကြောင့် သူ့ကိုယ်သူလည်း ပြန်ဒေါပွနေသည်။ ဒီ စည်းကမ်း သတ်မှတ်ထားချက်ကို ဖြောင်ချိုးဖောက်တာပဲဖြစ်သည်။ အဘူဂါဘယ်တစ်ယောက် ထိုအပြစ်ကို ကျေလည်အောင် ပေးဆပ်ရလိမ့်မည်။ သို့ရာတွင် မဖြစ်ပွားအောင် တားဆီးလိုက်နိုင်သည် ဆိုတာကလည်း အမှန်ပင်။ ခေါင်းဆောင်ဖြစ်သူကပြောသော စကားတစ်ခွန်းနှင့်ပင် လုံလောက်ရမည်သာဖြစ်သည်။

သို့သော် (အဘူဂါဘယ်သည်) ခေါင်းဆောင်လုပ်သူ၏ စကားကို မနာယူခဲ့ချေ။ ထို အတွေးက 'ဒေါသလှိုင်း' ထသွားစေသည်။ ဗိုက်ထဲမှ တလိပ်လိပ်နှင့် ရစ်၍ရစ်၍ တက်လာ စေသည်။ ထိုကဲ့သို့သော အသေးအဖွဲကိစ္စကလေးများ ဖြစ်မလာအောင် တားဆီးနိုင်စွမ်း မရှိပါက သူ့ကိုယ်သူ ခေါင်းဆောင်ဟူ၍ အခေါ်ခံသင့်ပါသလား။

သူက ရေဒီယိုကို ဖွင့်လိုက်သည်။

အဘူခါလီသည် အိမ်သာထဲမှ ထွက်လာ၏။ သူက ဓားစာခံများ၏ အခန်းတံခါးရှေ့ တွင် ခဏလောက် ရပ်နေလိုက်သည်။

'အားလုံး ငြိမ်ငြိမ်သက်သက်ပဲလား'

အဘူခါလီက ခေါင်းညိတ်သည်။

'ချာတိတ်မလေးနဲ့ သူ့အမေက စကားပြောနေကြတယ်၊ အဘိုးကြီးကတော့ တစ်ခွန်းမှ မပြောဘူး'

တယ်လီက ခေါင်းညိတ်လိုက်၏။ ကာဖီကို နည်းနည်းစိမ့်ရှင်း၍ သောက်နေသည်။ အမေရိကန်ကာဖီသည် တူရကီကာဖီနှင့် နှိုင်းယှဉ်လျှင် အလွန်ညံ့သည်။

အဘူခါလီသည် မီးဖိုချောင်မှ စားပွဲတွင် ဝင်ထိုင်လိုက်၏။ သူက ခေါင်းကို ကိုးရိုးကားရား ငုံ့စောင်းပြီး ရေဒီယို နားထောင်နေသည်။ လေယာဉ်ပြန်ပေးဆွဲမှုနှင့် ပတ်သက်သော သတင်းကို ကြေငြာနေသော်လည်း စစ်မှန်သောသတင်းဟူ၍ မည်မည်ရရ မပါရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



'သူတို့ပြောနေတာက 'အတည်မပြုနိုင်သေးသော သတင်း' တွေချည်းပဲ ဖြစ်နေတယ်'

အဘူခါလီက မကျေမနပ်နှင့် ပြောလိုက်ခြင်းဖြစ်သည်။ တယ်လီက ပြန်ဖြေသည်။

'ငါသိပါတယ်၊ ဒါပေမယ့် သူတို့တစ်တွေ သိပ်ကြာကြာအတည်မပြုပဲ နေလို့ရမှာ မဟုတ် ဘူး၊ အဖြေကို မကြာခင် သိရတော့မှာပဲဥစ္စာ'

'ကန်နန်းတွေက အည့်ခံအလျှော့ပေးလိမ့်မယ်လို့ ခင်ဗျား တကယ်ပဲ ထင်သလား'

တယ်လီ သက်ပြင်းချလိုက်မိသည်။ အဓိပ္ပာယ်မရှိသော ရှုကြောင်ကြောင် မေးခွန်းပင် ဖြစ်သည်။ အချိန်ကသာ အဖြေပေးနိုင်ပေလိမ့်မည်။ လောလောဆယ်မှာတော့ ခုလိုပြောဆို နေကြခြင်းသည် ငြိမ်သက်ခြင်းကို ဖြိုခွင်းပစ်သည်ကလွဲ၍ ဘာမျှအကျိုးမရှိနိုင်။

တယ်လီ မျက်မှောင်ကုပ်လိုက်၏။ သူ့ဦးနှောက်ထဲ၌ အတွေးတစ်ခု ဖြစ်ပေါ်လာသည်။

'ချာတိတ်မကလေး နိုးနေတယ်လို့ မင်းပြောတယ်နော်'

'ဟုတ်တယ်'

'သူ့အမေနဲ့ စကားပြောနေတာလား'

'ဟုတ်တယ်'

'ဒါပေမယ့် ဟိုချာတိတ်ကလေးတော့ မဟုတ်ဘူး'

'မဟုတ်ဘူး၊ သူက အိပ်နေတယ်'

တယ်လို့ရင်ထဲ၌ ဘဝင်မကျသလို ခံစားလိုက်ရ၏။ ဒီချာတိတ် အိပ်ပျော်နေတာ ဘယ် လောက်ကြာသွားပြီလဲ။ ဒီချာတိတ်သည် အပြင်ကပင် ကြားနေရသော အဘူခါဘယ်နှင့် အမေရိကန်မတို့ စကားပြောနေစဉ်ကလည်း တောက်လျှောက် အိပ်စက်နေလေရော့ သလား။

တစ်ခုခုတော့ မှားယွင်းနေလေပြီ။

စောင်အောက်၌ ရှိနေသော ပုံစံကို သူပြန်သတိရလာသည်။ ငြိမ်သက်လွန်းလှသည်။ သို့သော် ထိုပုံစံသည် ချာတိတ်ကလေးမှ ဟုတ်ပါလေစ။

'ငါနဲ့လိုက်ခဲ့'

သူက ခြေလှမ်းနှစ်လှမ်း လှမ်းလိုက်၏။ ထိုနှစ်လှမ်းနှင့်ပင် အခန်းကျယ်ကြီးထဲသို့ ရောက်ရှိသွားသည်။ ဟာလာဟင်းလင်းဖြစ်နေသော ကြမ်းပြင်ပေါ်မှ သူ့ခြေသံမှာ ပုံတီးသံ ပမာပင်။

အဘူခါလီ၏အသံက သူ့ကို ရပ်တန့်သွားစေ၏။

'မီးခိုးဗျို့. . . မီးခိုးနံ့ရတယ်'

'ဘာပြောတယ်'

အဘူခါလီသည် မီးဖိုချောင်အလယ်ကောင်တွင် မတ်တတ်ရပ်ရင်း စိတ်မသက်မသာ နှင့် ကိုယ်ကို တဖြည်းဖြည်း လှည့်နေသည်။

'တစ်ခုခုကို မီးလောင်နေပြီ၊ ဒီအိမ်ကို မီးလောင်နေပြီဗျ'

www.burmeseclassic.com

www.burmeseclassic.com



အဘူဘေကာနှင့် သူ့ 'သောက်' စီးကရက်တွေကြောင့်ပဲဖြစ်ရမည်။ တော်တော်တုံးတဲ့အကောင်။ စည်းကမ်းမဲ့လိုက်တာကလည်း လွန်ပါလေရော။ သူက စီးကရက်တိုများကို ဟိုပစ် ဒီပစ်နှင့်။ ပြီးတော့ မေ့ မေ့သွားတတ်သည်။

'အမှိုက်ပုံးထဲက လောင်တာဖြစ်မလား မသိဘူး'

အဘူခါလီက မီးဖိုထဲရှိ ကြောင်အိမ်များကို ကမန်းကတန်း လှန်လှောရှာဖွေနေသည်၊ တယ်လီက နောက်ဘက်တံခါးဆီသို့ ပြေးသွားသည်။

'မဟုတ်ဘူး၊ ငါကတော့ အမြင်ကလို့ ထင်တယ်'

ဘုရား၊ ဘုရား။ မီးလောင်မှုကြောင့် ဖြစ်လာမည့် နောက်ဆက်တွဲများကိုပဲ စဉ်းစားကြည့်စမ်းပါ။ ချက်ချင်း မငြိမ်းသတ်နိုင်ခဲ့သော် မီးသတ်ဌာန၊ ပြီးတော့ ရဲတပ်ဖွဲ့တို့ ချက်ချင်း ရောက်ရှိလာကြမည်မှာ အမှန်ပင်၊ အဘူဘေကာ ဘယ်ရောက်နေပါလိမ့်။

သူ့ကိုတွေ့လိုက်ကြရသည်၊ ဆေးလိပ်သောက်လျက် တန်းလန်းနဲ့ပဲပေါ့။

'ဘာတွေဖြစ်နေကြတာလဲ'

'ဘာဖြစ်ရမှာလဲကွ၊ မီးလောင်နေတယ်၊ လိုက်ရှာစမ်း၊ ရေသွားခပ်စမ်း'

သူတို့အားလုံး အပြင်ဘက်သို့ အပြေးအလွှား ထွက်သွားကြသည်၊ မီးခိုးမှာ ပေါင်းမြင်းလှသောကြောင့် ပြိုကျနေသော သစ်သားအဖီပေါင်း နောက်ဘက်မှ ပေါ်ထွက်နေခြင်းဖြစ်သည်၊ ဆီစိုနေသော အဝတ်စများကို မီးစွဲလောင်နေသည်။

တယ်လီက ခဏရပ်တန့်လိုက်၏။ တကယ်လို့ ချာတိတ်ကလေးသာ လွတ်မြောက်သွားခဲ့သည်ရှိသော် ဒါသူ့လက်ချက်ပဲဖြစ်ရမည်။ သူက ကျွန်နှစ်ယောက်ကို အမိန့်ပေးလိုက်၏၊

'ဒီမီးကို မင်းတို့ပဲ ငြိမ်းသတ်လိုက်ကြကွာ'

'ခင်ဗျားက ဘယ်ကိုသွားမလို့လဲ'

မကျေမနပ်နှင့် မိုက်မိုက်မဲမဲ ပြောလိုက်သောလေသံ။

'ချာတိတ်ကလေးကို သွားကြည့်မလို့၊ မင်းတို့က မီးကိုပဲနိုင်အောင်ငြိမ်း၊ သိပ်လည်း မများပါဘူးကွာ'

တယ်လီသည် မီးခိုးများနှင့် ပြည့်နေသော မီးဖိုချောင်မှ စည့်ခန်းထဲသို့ ကမန်းကတန်း ထွက်သွားသည်။

မီးခိုးများသည် အိမ်ထဲသို့ပင် ဝေ့ဝဲ၍ ရောက်ရှိနေလေပြီ။

သူက တံခါးလက်ကိုင်ကို ဆွဲကိုင်ပြီး ကျွန်လက်တစ်ဘက်နှင့် သော့ကို လှည့်လိုက်၏။

ထိုအခိုက်မှာပင် အိမ်ရှေ့တံခါးကြီးက ဝုန်းကနဲ ပွင့်လာသည်။

ထိုလူသည် ဦးထုပ်ပျော့တစ်လုံးနှင့် အနက်ရောင်ဖျာကင်တစ်ထည်ကို ဝတ်ဆင်ထားသည်၊ လက်ထဲတွင် အော်တိုမစ်တစ်ရိုင်ဖယ်တစ်လက် ပါလာသည်။ သူက အမိန့်ပေးလိုက်၏၊

'ရပ်လိုက်'

www.burmeseclassic.com

www.burmeseclassic.com



ထိုပုဂ္ဂိုလ်မှာ ဝင်တိုတို ဝခိုးကျယ်ကျယ်နှင့် လည်ပင်းခပ်ကြီးကြီး လူတစ်ယောက်ဖြစ်သည်။ သူက အော်တစ်ပြီး ဆက်ပြောသည်။

'အဲဒီတံခါးနားက ခပ်မြန်မြန်ခွာစမ်း၊ ဒါမှမဟုတ်ရင် မင်းတင်ပါးထဲကို အပေါက်ဗရပွ ဖြစ်အောင် ပစ်ထည့်လိုက်မယ်'

သူက လှုပ်လှုပ်ရှားရှား လုပ်လိုက်ရသည့်တိုင်အောင် သူ့ဘက်က မျှော်လင့်ချက်မရှိတော့ပြီဖြစ်ကြောင်း တယ်လီ သိလိုက်သည်။ သူ့ဘက်က တပန်းရှုံးလေပြီ။ ရန်သူ့ရှေ့မှောက်တွင် သံလက်စွပ်အိတ်ကို ပစ်ချလိုက်သည့်ပမာ အသက်ကို စွန့်လွှတ်ရတော့မည်ဖြစ်ကြောင်း သူသိလိုက်သည်။ ၎င်းအပြင် တံခါးပေါက်ဝ၌ အနက်ရောင်ဂျာကင်နှင့်လူတွေ တပြုံတခေါင်းကြီးပေါ်လာကြသည်။ ရိုင်ဖယ်သေနတ်ပြောင်းတွေကလည်း လက်ညှိုးနှင့် ဗိုင်းထိုးကြသလို တထွေးကြီး ပေါ်လာကြ၏။ ချက်ချင်းလိုလိုပင် ကြောက်စရာ လန့်စရာကောင်းလောက်အောင် ပလူပျံသလို ကျည်ဆန်များ ထွက်ပေါ်လာကြ၏။

ပထမကျည်ဆန်များသည် သူ့ခေါင်းဘေးမှ ပွတ်ကာသီကာနှင့်ကပ်၍ ပျံသန်းသွားကြသည်။ သူက ကြမ်းပြင်ပေါ်သို့ ဝပ်ချလိုက်ရင်း ပစ္စတိုသေနတ်ကို ဆွဲထုတ်လိုက်၏။ ထိုအချိန်မှာပင် ကျည်ဆန်တစ်တောင့်က သူ့ကို လာရောက်ထိမှန်သည်။ ခြေသလုံးကြွက်သားကို ထိမှန်ပြီး တစ်ဘက်မှ ဖောက်ထွက်သွားသည်။ သူသိလိုက်သည် ဆိုရုံမျှသာ။ သူက သေနတ်ကို ဆွဲထုတ်လိုက်ပြီး လှမ်းပစ်လိုက်၏။ တံခါးပေါက်ဝမှ လူတစ်ယောက်သည် အသံမထွက်ပဲ လဲကျသွားသည်။ တယ်လီက ကုန်းထရန် ကြိုးပမ်းသည်။ သူ့ခြေထောက်သည် ကြမ်းပြင်ပေါ်၌ ချော်နေသည်။ သူသည် ထိတ်လန့်တကြားနှင့် ကိုယ်ကို တဘက်သို့ လှိမ့်လိုက်၏။ ခဲဖူးကျည်ဆန်များသည် သူ့အပေါ်ရှိ သစ်သားနံရံတွင် တပြုံတထွေးကြီး လာရောက် ထိမှန်ကြသည်။ ထိုအချိန်အထိ အသက်ရှင်နေသေးသည့်အတွက် တအံ့တဩနှင့် ခေတ္တခဏကျည်ဆန်လွတ်ကင်းရာ နေရာဖြစ်သော လှေကားအောက်ဆီသို့ တိုးတိုးခွေ့ခွေ့နှင့် ဝင်နိုင်ခဲ့သည်။ သူက အသက်ကို ဝဝရှူလိုက်၏။ ကြမ်းပြင်သည် လေးလံသော ဖိနပ်များအောက်၌ တုန်ခါနေသည်။ အော်ဟစ်၍ အမိန့်ပေးသံများကို ကြားနေရသည်။

တယ်လီသည် စကြိုလမ်းကိုဖြတ်၍ မီးဖိုချောင်ထဲသို့ ဝင်လိုက်၏။ အဘူခါလီ သေဆုံးသွားသည်ကို အချိန်မီမြင်လိုက်ရသည်။ အဘူခါလီသည် ဒယီးဒယိုင်နှင့် စားပွဲဘေးတွင် ရှိနေသည်။ ၎င်း၏ကိုယ်ပေါ်ရှိ ဒဏ်ရာပေါင်းမြောက်မြားစွာမှ သွေးများ ယိုစီးထွက်ကျနေကြသည်။ အဘူခါလီသည် ရန်သူများအား ပြန်ကြည့်နေသော်လည်း မြင်ပုံတော့မရချေ။ သူက သေနတ်နှင့်ပစ်ရန် ကြိုးပမ်းသော်လည်း ကျည်ဆန်ကကုန်နေသည်။ သူ့ခန္ဓာကိုယ်ကြီးအား ကျည်ဆန်များက အစုလိုက် အပြုံလိုက် လာရောက်ထိမှန်ကြသောကြောင့် ခွေလဲကျသွား၍ စားပွဲနှင့် ထိခိုက်မိပြီး စားပွဲမှောက်သွားတော့သည်။ ဤတွင် ကော်ဖီအိုးထဲမှ ကော်ဖီများသည် မျက်လုံးပြူးနေပြီဖြစ်သော ၎င်း၏ မျက်နှာပေါ်သို့ ဖိတ်ကျလာကြသည်။

တယ်လီသည် အိမ်ထဲသို့ ဝင်လာသူများနှင့်ဝေးအောင် နောက်ဘက်သို့ ကုမန်းကတန်း

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆုတ်လိုက်သည်။ ၎င်း၏ပစ္စတိုထဲသို့ ကျည်ကပ်တစ်ကပ်ကို တခန်းတတန်း ရိုက်သွင်းလိုက်သည်။

အော်သံ၊ ဟစ်သံများ၊ ဖိနပ်သံများ၊ နံရံများအား ကျည်ဆန်လာရောက် ထိမှန်သံများနှင့် ဆူညံနေသော အိပ်မက်ဆိုးကြီးပင်ဖြစ်တော့သည်။ မျှော်လင့်ချက်မှန်သမျှ ပြိုကွဲပျက်စီးသွားရလေပြီ။

တယ်လီသည် နံရံတွင် ထောင်ထားခဲ့သော ရိုင်ဖယ်တစ်လက်ကို ဆွဲယူလိုက်၏။

ခွေးမသား အဘူဂါဘယ်။ သူသည် သူ့ဟာမနှင့် နှစ်ပါးကြည်နေမည့်အစား သူ့ရဲဘော်ရဲဘက်များနှင့်အတူ ဒီနေရာတွင် ရှိနေသင့်သည်။ လွတ်လမ်းလည်း မမြင်ပြီ။ သူက လှေကားပေါ်သို့ ခုန်တက်လိုက်၏။ ကျည်ဆန်များသည် လက်ရန်းတိုင်များအကြားမှ ဝင်ရောက်လာ ကြပြန်သည်။ သို့သော် သေနတ်သမားများက ထိမှန်အောင် မပစ်နိုင်ခင် အမြန်ပြေးတက်သွားသည်။ ချက်ချင်းဆိုသလိုပင် လှေကားတစ်ဆစ်ချိုးဆီသို့ ရောက်ရှိသွားသည်။ နောက်ထပ် လှေကား လေး ငါး ခြောက်ထစ်သာ ကျန်တော့သည်။

တယ်လီက အောက်ဘက်ရှိ အခန်းကျယ်ကြီးထဲတွင် ဖြတ်ပြေးသွားသူတစ်ဦးအား သေနတ်နှင့် လှမ်းပစ်လိုက်၏။ ထိုလူသည် ဒေါသဖြစ်သွားဟန်နှင့် ပါးစပ်ဟသွားသည်ကို မြင်လိုက်ရသည်။ ထို့နောက် ကြမ်းပြင်ပေါ်သို့ ကိုးရိုးကားရား လဲကျသွားသည်။ သူ့ရိုင်ဖယ်သည်လည်း အသံကျယ်ကျယ်လောင်လောင်မြည်လျက် လက်ထဲက လွတ်ကျသွားသည်။

တယ်လီသည် သူ့နောက်သို့ လိုက်လာကြသော လှေကားပေါ်မှ ခြေသံများကို ကြားလိုက်ရသည်။

'ခွေးမသားတွေ'

တယ်လီသည် ကိုယ်ကိုနံရံတွင်ကပ်လိုက်ပြီးနောက် အိပ်ခန်းနှင့် ယာယီရုံးခန်းအဖြစ် သူအသုံးပြုနေသော အပေါ်ထပ်မှ အခန်းဆီသို့ တရွေ့ရွေ့ သွားတော့သည်။ ထိုနေရာမှဆိုလျှင် လှေကားထိပ်ကို ကောင်းကောင်းကြီး မြင်နေရသည်။

ဤနေရာမှ ကောင်းကောင်း ခုခံနိုင်သည်။ ရန်သူအားလုံးကို အကုန်သတ်မည်။ တစ်ဦးချင်း ဇိဝိန်ခြွေပစ်မည်။ သူ့ထံတွင် ကျည်ဆန်လုံလောက်စွာရှိသည်။ စစ်သမိုင်းတွင် မှတ်တမ်းတင်ပြီး ကျန်ရစ်စေမည့် လုပ်ရပ်တစ်ခုပင်။

သူ့မျက်စိများသည် အဘယ့်ကြောင့် ဝေဝါးလာရလေသနည်း။

သူက ဖွတ်အတင်း မျက်တောင်တဖျတ်ဖျတ်ခတ်လိုက်၏။

ဤတွင် ၎င်း၏ ရှပ်အင်္ကျီကို သတိပြုလိုက်မိသည်။ သွေးများဖြင့် စိုရွှဲနေလေပြီ။ သွေးများသည် ဘောင်းဘီထဲသို့ပင် စီးကျနေကြလေပြီ။ သူက သွေးထွက်သည့်နေရာကို ပိတ်နိုင်ရန် ကမန်းကတန်း ရှာဖွေလိုက်သည်။ မြတ်စွာဘုရား။ နာကျင်သည့် ဝေဒနာကို အဘယ့်ကြောင့် သူမခံစားလိုက်ရပါလိမ့်။ သေနတ်မှန်သွားကြောင်း အဘယ်ကြောင့် . . မသိလိုက်ရပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



သူတာ အဆိုပါမေးခွန်းများကို မေးနေမိစဉ် ကြမ်းပြင်ပေါ်သို့ ယိုင်လဲပြီး ကျသွားတော့သည်။

၎င်းအား ရှာတွေ့ကြသောအခါ အသက်ယှဲယှဲသာ ကျန်တော့သည်။ သို့သော် ဆေးရုံသို့မရောက်ခင် အသက်ထွက်သွားသည်။

❑

သေနတ်သံများသည် သွပ်ပြားတစ်ချပ်အား တုတ်တစ်ချောင်းနှင့် ရိုက်နေသံမျိုး ဖြစ်နေသည်။ ပြတ်တောင်းပြတ်တောင်းဖြစ်နေသော်လည်း စူးရှပြတ်သားသည်။ တစ်ချက်။ နှစ်ချက်။ ဝေါကနဲ အတွဲလိုက်ပစ်သံ။ လူတစ်ယောက်က စူးစူးရှရှ အော်ဟစ်လိုက်ပြီးနောက် အသက်ရှုမရဟန်နှင့် ရပ်တန့်သွားသည်။

ဂျိန်းက ပါးစပ်ကို ဟလိုက်မိ၏။ အသံထွက်ပြီး အော်မိမည့်ကို စိုးရိမ်သောကြောင့် ပါးစပ်ကို လက်နှင့် ပိတ်လိုက်သည်။ မီးရောင်လက်လက်ကို မြင်လိုက်ရ၏။ ထိုမီးရောင်မှာ အိမ်ဆီမှပေါ် ထွက်လာခြင်းဖြစ်သည်။ မြတ်စွာဘုရား။ တကယ်ဖြစ်နေတာပါကလား။ ကရိုတ်ချ် တကယ်လွတ်မြောက်သွားခြင်းပေပဲ။

အဘူဂါဘယ်သည် မျက်လုံးပြူး မျက်ဆံပြူးနှင့် ထထိုင်လိုက်၏။ သူက ဆဲဆိုရေရွတ်လိုက်ပြီးနောက် အဝတ်အစားပုံထဲမှ ၎င်း၏ သေနတ်ကို ရှာတော့သည်။ ရှာတွေ့သွားသည်တွင် ခုန်ထလိုက်ပြီး အိမ်ဆီသို့ ပြေးလေတော့သည်။

'မသွားနဲ့၊ ရပ်တော့'

ဂျိန်းက လှမ်းအော်လိုက်၏။

သူရပ်တန့်သွားပြီး ဂျိန်းဆီသို့ ပြန်လှည့်လာသည်။ သူ့တစ်ကိုယ်လုံးတွင် အဝတ်အစား လုံးဝမရှိပါချေ။

သေနတ်သံများကို ထပ်ကြားရသည်။ အော်သံများကိုလည်း ကြားရသည်။

ဂျိန်းသည် ကြောက်လန့်တကြားနှင့် မှောင်ထဲတွင် ၎င်း၏ အဝတ်အစားများကို ရှာဖွေလိုက်သည်။ သူက အဘယ့်ကြောင့် အဘူဂါဘယ်အား လှမ်းခေါ် လိုက်မိလေသနည်း။ သူက အဘူဂါဘယ်အား အကာအကွယ်ပေးရန် ကြိုးပမ်းခြင်းပင် ဖြစ်လေသလော။

အတွေးများသည် ဂျိန်း၏ဦးနှောက်ထဲ၌ စီကာစဉ်ကာ ပေါ်ပေါက်လာကြသည်။ ရဲများက ၎င်းတို့ကိုလိုက်၍ ရှာကြလေမလား။ မည်းမည်းမြင်သည့် နေရာတိုင်းကို ရမ်းသမ်းပြီး ပစ်ခတ်ကြလေမလား။ ယခုကိစ္စတွင် ဂျိန်း၌တာဝန်ရှိသည်ဟု သံသယဝင်ပြီး အဘူဂါဘယ်က ၎င်းအား ရန်မူလေမလား။ ဂျိန်းအနေနှင့် အဘူဂါဘယ်ထံမှ ထွက်ပြေးပုန်းရှောင်သွားသင့်ပါသလား။

ကျည်ဆန်တစ်တောင့်သည် တစ်နေရာ၌ ခပ်စွေစွေ လာရောက်ထိမှန်ပြီး ဒေါ်ပွနေ

www.burmeseclassic.com

www.burmeseclassic.com



သော ပိုးကောင်တစ်ကောင်ပမာ ဝိကနဲမြည်၍ ညအမှောင်ထုထဲတွင် ပျောက်ကွယ်သွားတော့သည်။

'ခွေးမသားတွေ'

အဘူဂါဘယ်သည် မတ်တတ်ရပ်နေဆဲပင်။

'ဘာဖြစ်. . .'

'သူတို့က အိမ်ကိုမီးရှို့လိုက်ပုံရတယ်၊ အိမ်ထဲမှာ ပုလိပ်တွေနဲ့ ပြည့်နေတာပဲ၊ ကျုပ်ရဲဘော်တွေ ဘာဖြစ်ကုန်တယ်ဆိုတာကိုတော့ ဘုရားမှပဲ သိနိုင်လိမ့်မယ်'

အဘူဂါဘယ်သည် ဘောင်းဘီကို ကမန်းကတန်းဝတ်လိုက်ပြီး ရှပ်အကျႌကို ကိုယ်ပေါ်သို့ ပစ်တင်လိုက်သည်။ ပစ္စတိုကိုမူ လာသမျှရန်သူ၏ ဦးခေါင်းကို ဆီးရိုက်မည့်ပုံစံနှင့် အပေါ်သို့ မြှောက်ပြီးကိုင်ထားသည်။

ဂျိန်းက သူသည် ၎င်း၏ ရဲဘော်ရဲဘက်များထံ သွားရောက်ကူညီလိမ့်မည်ဟု ထင်လိုက်သည်။ သို့သော် သူတွေဝေနေသည်။ သူက ဂျိန်းဘက်သို့ လှည့်ကြည့်ပြန်၏။ ဂျိန်းသည် ထိုအခိုက်အတန့်တွင် အဘူဂါဘယ်အား သနားသွားသည်။ အမေရိကန် တစ်နိုင်ငံလုံးရှိ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းအားလုံးက သူ့ကို ဝိုင်းဝန်းရှာဖွေကြတော့မှာပါကလား။ ဂျိန်းက သူ့ဆီသို့ ပြေးသွားသည်။

'မသွားနဲ့၊ သူတို့က ရှင့်ကို သတ်ကြလိမ့်မယ်'

အဘူဂါဘယ်က မျက်နှာကို လက်ဝါးနှင့်အုပ်လိုက်၏။ ဂျိန်းပြောသော စကားက မှန်လွန်းလှသည်။

အဘူဂါဘယ်သည် ချက်ချင်းဆိုသလိုပင် ချာကနဲလှည့်လိုက်ပြီးနောက် အိမ်နှင့်ဝေးရာ အရပ်ဆီသို့ ထွက်ပြေးတော့သည်။ သို့သော် သူရပ်တန့်သွားပြန်၏။ နောက်တစ်ကြိမ် ပြန်လှည့်လာပြန်သည်။ ယခု သူက ဂျိန်းရှိနေသည်ကို ချက်ချင်းပြန်သတိရသွားဟန်နှင့် ကြည့်နေသည်။ ခြေနှစ်လှမ်း သုံးလှမ်းနှင့်ပင် ဂျိန်းနံဘေးသို့ ရောက်ရှိလာ၏။ သူက ဂျိန်း၏ လက်ကို မြဲမြံစွာဆုပ်ကိုင်လိုက်သည်။ သို့ရာတွင် တင်းတင်းကျပ်ကျပ်တော့ မဟုတ်ပါချေ။

'လာ'

ဂျိန်းက မငြင်းဆန်ပါ။ ငြင်းဆန်ရကောင်းမှန်းလည်း သူ့စိတ်ထဲ၌ ပေါ်ပေါက်မလာပါ။ ဂျိန်း၏စိတ်သည် ကိုယ်ပိုင်ဆုံးဖြတ်နိုင်ခွင့်မရှိသလို ဖြစ်နေသည်။ ဂျိန်းက သဘောတူသံဖြင့် ခေါင်းညိတ်လိုက်သည်။

'ဒီလမ်းအတိုင်း'

ဂျိန်းသည် သစ်ပင်များအကြား၌ တိုးခွေ့နေရမှန်း သိလာရသည်။ သစ်ကိုင်းတစ်ချို့နှင့် ငြိသွားသည်။ သစ်ရွက်တစ်ချို့ကို မျက်နှာနှင့် ဝင်တိုးမိသည်။ ဂျိန်း၏အတွေး စက်ယန္တရားကြီးမှာ နှေးကွေးလှသည်။ သူနဲ့ဝေးရာကိုပြေး၊ မင်းလုပ်ရမှာက အဲဒါပဲ၊ သူ့ဆီက မင်းလက်ကို ပြန်ရုပ်လိုက်။ လုပ်လေ၊ အဘူဂါဘယ်က မင်းကို အတင်းဆုပ်ကိုင်ထားတာမှ မဟုတ်တာ။

www.burmeseclassic.com

www.burmeseclassic.com



သူထွက်ပြေး၍ ရနိုင်ကြောင်း ဂျိန်းသိပါသည်။ သို့သော် အဘူဂါဘယ်၏ နောက်ကလိုက်ရင်း ဆက်ပြေးနေမိသည်။ အသက်ရှင်လျက်နှင့် ထွက်ပြေးလွတ်မြောက်လိုသော အဘူဂါဘယ်၏ ဆန္ဒက ဂျိန်း၏ဆန္ဒအား လွှမ်းမိုးသွားဟန်ပင်တည်း။

သစ်ပင်များကို လွန်သွားပြီးနောက် ချုံပုတ်များသာရှိသည့် နေရာသို့ ရောက်ရှိလာသည်။

အဘူဂါဘယ်က ရပ်တန့်လိုက်၏။ သစ်ပင်ရိပ်အောက်က ထွက်လိုဟန်မတူ။ အသက်ရှူပြင်းလှသည်။ သူက လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ရှေ့သို့ငေးနေသည့် ငှက်တစ်ကောင်လို အော်လိုက်၏။ ဂျိန်းတုန်လှုပ်သွားသည်။

သေနတ်သံ မကြားရတော့ပါ။ ညသည် အေးချမ်းငြိမ်သက်သွားပြန်လေပြီ။

'ကျုပ်တို့ရှိတဲ့နေရာကို သူတို့က ဘယ်လိုလုပ်ပြီး သိသွားရတာလဲ'

'ကျွန်မ မသိဘူး'

ညာပြောရလေပြီ။ သူသိကို သိမှာပါလေ။

'ခွေးမသားတွေ'

အဘူဂါဘယ်က ပစ္စတိုသေနတ်ဒင်ကို စစ်ဆေးလိုက်သည်။ ဂျိန်း၏လက်ကိုပါ လွှတ်ပေးလိုက်၏။ သို့သော် ဂျိန်းက ထွက်မပြေးပါ။

အဘူဂါဘယ်က ကျည်ကပ်ကို ထုတ်လိုက်ပြီးနောက် ပြန်ထည့်ပြီး စစ်ဆေးသည်။ ပြီးမှ ဂျိန်းကို လှမ်းခေါ်လိုက်၏။

ဂျိန်း သူ့နောက်က လိုက်ခဲ့သည်။ တစ်လှမ်း နှစ်လှမ်းမျှသာဖြစ်သည်။

သူတို့ရပ်တန့်လိုက်ကြ၏။ ကားမီးရောင်တစ်ခုက အမှောင်ထုကို ဖြိုခွင်းပြီး ချုံစပ်အထိ ရောက်ရှိလာသည်။ ကားတစ်စီးဖြတ်မောင်းသွားသည်။ ယာဉ်မောင်းသူကိုပင် မြင်လိုက်ရ၏။

သူက သတိဝီရိယကြီးစွာနှင့် ရှေ့သို့ တိုးသွားသည်။ ဂျိန်း၏လက်ကို ဆုပ်ကိုင်လိုက်ပြန်၏။ ကုန်းလျှောကလေးပေါ်မှ ၃-၄ လှမ်းဆင်းလိုက်သည်တွင် ကားလမ်းပေါ်သို့ ရောက်ရှိသွားသည်။ လမ်းက ကျဉ်းမြောင်းရုံသာမက ကြမ်းလည်း ကြမ်းတမ်းသည်။ လူသုံးများသော လမ်းမကြီးတော့ ဟုတ်ပုံမရချေ။ အဘူဂါဘယ်က ပြောလိုက်၏။

'ကားတစ်စီးကို တားပြီး စီးသွားကြတာပေါ့'

'ဟုတ်တာပေါ့၊ သိပ်ကောင်းတဲ့ အကြံပဲ'

သို့သော် ဂျိန်းက အတွေးနယ်ချဲ့မိပြန်၏။ ရဲကားတစ်စီးသည် ဤလမ်းအတိုင်း မောင်းနှင်လာလေမလား။ ၎င်းတို့ကို သေနတ်နှင့် တရစပ် ပစ်ခတ်လိုက်လေမလား။ ဂျိန်းက ရယ်မှာလား၊ ငိုမှာလား၊ သူက သူ့သေနတ်နဲ့ပြန်ပြီး ခုခံမှာလား။ ဂျိန်းမသိတော့ပါ။ ဂျိန်းသည် ဘာဆိုဘာမျှ မသိတော့ပါ။ အကျိုးသင့် အကြောင်းသင့် ဆင်ခြင်တတ်သော ဉာဏ်ကလေးသည် ဂျိန်းထံမှ ထွက်ပြေးပျောက်ကွယ်သွားလေပြီ။ ရုပ်ပိုင်းဆိုင်ရာတွင်လည်း ဂျိန်းသည် သူ ယခင်သိခဲ့သော ကမ္ဘာလောကကြီးနှင့် အဆက်အသွယ် ပြတ်တောက်သွားပုံရသည်။

'ကားလာနေပြီ'

www.burmeseclassic.com

www.burmeseclassic.com



အဘူဂါဘယ်က ဂျိန်းအား ပြုတ်တူနှင့် ညှပ်သည့်ပမာ ဆုပ်ကိုင်လိုက်ပြီးနောက် ငှင်းဘက်သို့ ဆွဲလှည့်လိုက်သည်။

'မင်းက အဲဒီကားကို တားပေးမယ် မဟုတ်လား'

ထူးဆန်းသော အမိန့်သံလိုလို၊ တောင်းပန်သံလိုလိုပင်တည်း။ ကားရှေ့မီးရောင်တလမ်းကွေ့ဆီမှ ထွက်ပေါ်လာသောအခါ ဂျိန်း၏လက်ကို လွှတ်ပေးလိုက်သည်။

ရဲကားတစ်စီးလား။ ရဲကားလည်း ဖြစ်နိုင်သည်။

ဘရိတ်နင်းလိုက်သောကြောင့် တကျည်ကျည်မြည်သွားသည်။

ဂျိန်းသည် လက်ကို ဆန့်တန်းရင်း နေရာ၌ ရပ်နေမိဆဲပင်။

ထိုကားသည် ရဲကားမဟုတ်ချေ။ ပလိုင်းမောက်အဟောင်းတစ်စီးဖြစ်သည်။ ၁၉၅၈ သို့မဟုတ် ၅၉ မိုဒယ်၊ ကားစုတ်တစ်စီးပင်။

ယာဉ်မောင်းလာသူမှာ အသက်ငါးဆယ်ခန့်ရှိပြီး၊ အရက် နည်းနည်းမူးနေပုံလည်းရသည်၊ သူက အူကြောင်ကြောင်အပြုံးနှင့် ဖိတ်ခေါ်လိုက်၏။

'ကားကြုံစီးချင်လို့လား ချစ်ချစ်'

'ဟုတ်ကဲ့ရှင့်၊ လိုက်ပါရစေ. . .'

'ဝင်လေ၊ ကူညီခွင့်ရတဲ့အတွက် သိပ်ကို ဝမ်းမြောက်ပါ. . .'

ငှင်း၏ စကားသံမှာ အမှောင်ထဲမှ အဘူဂါဘယ် ထွက်လာသည်နှင့် တစ်ပြိုင်နက် လန့်ဖျပ်ပြီး ရပ်တန့်သွားတော့သည်။

သူက ကားမောင်းသူအား သေနတ်နှင့် ချိန်ရင်း ကျန်လက်တစ်ဘက်နှင့် ကားတံခါးကို ဆွဲဖွင့်လိုက်၏။

'မောင်းစမ်း'

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၁၆ )

ဂရင်းဝစ်ချ် စံတော်ချိန် ၀၅ း ၁၈ နာရီ
ဝါရှင်တန် ဒီစီ နံနက် ၁ း ၁၈ နာရီ

ဘီးလ်သည် အရေးပေါ် ဗဟိုကွပ်ကဲမှုဌာနနှင့် ချက်ချင်း အဆက်အသွယ်ရရှိသွားသည်။

'ဆို'

ညွှန်ကြားရေးမှူးသည် အလွန်နှုတ်နည်းသူ ဖြစ်သည်။

'ပြီးသွားပါပြီဆရာ၊ ဒါပေမယ့် အကြမ်းဖက်သမား တစ်ယောက်ကတော့ ဓားစာခံ တစ်ယောက်နဲ့အတူ ထွက်ပြေးလွတ်မြောက်သွားပါတယ်'

'ဘုရားသခင် ကယ်တော်မူပါ၊ ဘယ်သူလဲ'

'တက်ပတိန်မာလိုရီရဲ့ သမီး မစ္စစ်ဆပ်တန်ပါဆရာ၊ သူတို့နှစ်ယောက်ဟာ. . .'

ဘီးလ်သည် ၎င်း၏ဦးခေါင်းကို ခါယမ်းလိုက်၏။ ၎င်းအနေနှင့် မစ္စစ်ဂျင်ဆင် ပြောလိုက်သောစကားကို ယခုအချိန်အထိ ယုံကြည်ရန် ငြင်းဆန်နေဆဲပင်။ မနာလိုတာလား၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ဖြစ်ကိုဖြစ်ရပေမည်။

'. . . ကျွန်တော်တို့ ဝင်စီးတဲ့အချိန်မှာ ကိစ္စတစ်ခုခုနဲ့ အိမ်အပြင်ဘက်ကို ရောက်နေကြပါတယ်ဆရာ၊ ကျွန်တော်တို့က အိမ်ကို ဝိုင်းထားပါတယ်၊ ဒါပေမယ့် သူတို့က ခပ်လှမ်းလှမ်းကို ရောက်နေကြတာ ဖြစ်ပါလိမ့်မယ်'

'ဘုရား၊ ဘုရား'

ညွှန်ကြားရေးမှူးက ရေရွတ်လိုက်ပြန်၏။

'ကျန်တဲ့လူတွေကကော'

www.burmeseclassic.com

www.burmeseclassic.com



'မားစာခံတွေအားလုံး ကောင်းကောင်းမွန်မွန်ပါပဲ ဆရာ၊ စိတ်ဓာတ်ချောက်ချားနေကြတယ်၊ ဒါပေမယ့် ကောင်းကောင်းမွန်မွန်ပါပဲ၊ တစ်ခြားအကြမ်းဖက်သမား သုံးယောက်ကတော့ သေကုန်ကြတယ်'

'သူတို့အထဲက တစ်ယောက်ယောက်ကို စစ်လို့ ဆေးလို့ရရင် ကောင်းမှာပဲကွာ၊ မင်းငါပြောတာကို သဘောပေါက်တယ် မဟုတ်လား'

'ပေါက်ပါတယ် ဆရာ'

ဘီးလ်က ရဲရေဒီယို စကားပြောခွက်ကို ခေါင်းညိတ်ပြနေမိသည်။ ညွှန်ကြားရေးမှူး၏ ဆိုလိုရင်းကို အမြဲတမ်း သဘောပေါက်လေ့ရှိကြသည်သာ။

'ဒါပေမယ့် သူတို့က လက်နက်ချပြီး အညံ့မခံကြဘူး၊ အဲဒီ အကြမ်းဖက်ဂိုဏ်းသားတွေဟာ လက်နက်ချတဲ့ လူစားမျိုး မဟုတ်ဘူး'

'ဟိုလွတ်ပြေးသွားတဲ့ ခွေးမသားအကြောင်း ဘာသတင်းရသေးသလဲ'

'ခုအထိ မရသေးပါဘူး ဆရာ'

ဘီးလ်က စိတ်မသက်မသာနှင့် ပြန်ဖြေလိုက်ရသည်။ အဲဒီခွေးမသား ပျောက်ကျားသည် လုံးဝ ပျောက်ကွယ်သွားသည်။ သူဘယ်နားတွင် ရှိနေခဲ့သည်ကို ဘယ်သူကမျှ မသိခဲ့ကြသည့်အပြင် မစ္စစ်ဆပ်တန်အား ဘယ်နေရာသို့ခေါ်သွားသည်ကိုလည်းကောင်း၊ သက်ရှိထင်ရှား ရှိနေခြင်း ရှိ မရှိကိုလည်းကောင်း မသိကြပါချေ။ အဲဒီ ငတိက မစ္စစ်ဆပ်တန်အား မည်သို့မည်ပုံ ပြုလုပ်မည်ကိုလည်း မသိနိုင်ပါချေ။

'ဒီငတိဟာ သိပ်မကြာခင် တစ်ယောက်ယောက်နဲ့ ဆက်သွယ်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်၊ ဒီဒေသမှာရှိတဲ့ ကျွန်တော်တို့ သိသမျှ အီရတာပြောက်ကျားကို အားပေးကြည်ညိုတဲ့လူတွေမှန်သမျှကို စောင့်ကြည့်ခိုင်းထားသလို အရေးကြီးတဲ့ လမ်းဆုံတွေက ပိတ်ဆို့ပြီး စစ်ဆေးဖို့လည်း စီစဉ်ထားပါတယ်'

'ဟုတ်တာပေါ့'

ဒါပေမယ့် မသိရသေးတဲ့ ပြောက်ကျား အားပေးသူတွေကကော ဘယ်လိုလဲဟု ဘီးလ်က တွေးလိုက်မိပြန်၏။ ဘယ်လောက်များများ ရှိနေကြသလဲ၊ သူတို့ ဘယ်မှာ နေကြသလဲ။ အမှန်အတိုင်းပြောရသော် ထိုအကြမ်းဖက်သမားသည် အစအနပင် ရှာမတွေ့ရပဲ လုံးဝ ပျောက်ကွယ်သွားနိုင်သည်။ မားစာခံတွေ ပြောပြကြသော ပုံဖော်ချက်ကလည်း အကူအညီ သိပ်ရလိမ့်မည် မဟုတ်ပါချေ။ အသက် ၂၅ နှစ်ခန့် အရပ်မနိမ့် မမြင့် ဆံပင် ခပ်နက်နက်၊ ခပ်ကောက်ကောက်၊ ကိုယ်လုံးကိုယ်ပေါက် ခပ်ထွားထွားနှင့် သာမန် ရုပ်ရည်မျိုးရှိသော သူတစ်ယောက်တဲ့။ အဆိုပါ ပုံဖော်ချက်သည် ကယ်လီဖိုးနီးယားရှိ လူငယ် လူရွယ် ငါးသိန်းလောက်နှင့် သွား၍ ကိုက်ညီနေသည်။

ညွှန်ကြားရေးမှူးက ခဏဆိုင်းလိုက်၏။ လေးလေးနက်နက်စဉ်းစားရင်း အသက်ရှူနေသံကို ဘီးလ်ကြားနေရသည်။ သူက တယ်လီဖုန်း စကားပြောခွက်ကို စည်းချက်ညီညီ

www.burmeseclassic.com

www.burmeseclassic.com



လက်နှင့် ခေါက်နေ၏။ နောက်ဆုံးတွင်မှ ညွန်ကြားရေးမှူးက ပြောတော့သည်။

'ဒီတော့ တို့တာဆက်လုပ်ရမလဲ၊ မစ္စတာဘီးလ်'

မောပန်းနွမ်းနယ်နေသော ဘီးလ်က ပြန်ဖြေလိုက်သည်။

'လုပ်စရာ နည်းလမ်းတွေကတော့ အတော်ခပ်များများရှိပါတယ် ဆရာ၊ ဒါပေမယ့် ခုအချိန်မှာ လုပ်သင့် မလုပ်သင့်ဆိုတာကို'

'ငါကတော့ လုပ်သင့်တယ်လို့ ထင်တယ်'

'ခင်ဗျာ'

'လေယာဉ်အဖွဲ့သားတွေဆီကို သူတို့ရဲ့ မိသားစုတွေ လွတ်မြောက်သွားကြပြီဆိုတဲ့ အကြောင်း တစ်နည်းနည်းနဲ့ အကြောင်းကြားပေးပါလို့ တိုက်တွန်းမယ်ကွာ'

'ဒါပေမယ့် အကုန်လွတ်မလာသေးပါဘူး ဆရာ၊ တစ်ယောက်ကတော့'

'ငါ သိပါတယ်၊ မင်းက ငါ့ကို ကက်ပတိန် မာလိုရီရဲ့ သမီးအကြောင်း သတိပေးစရာ မလိုပါဘူးကွာ၊ ဒါပေမယ့် တစ်ခါတလေကျရင် အရေးပေါ် ပြဿနာတစ်ရပ်ကို ဖြေရှင်းဖို့ အတွက် အမှန်တရားကို အလျှော့အတင်း လုပ်သင့်ရင် လုပ်ရမယ်ကွ၊ အခုကိစ္စမှာတော့ လုပ်သင့်တယ်လို့ ထင်တာပဲ၊ အဲဒီလူတွေရဲ့ ဦးနှောက်ထဲမှာ ဖြစ်ပေါ်နေတဲ့ 'သောက'တွေကို မပျောက်ပျောက်အောင် သုတ်သင်ရှင်းလင်းပေးရမယ်၊ သူတို့မိသားစုတွေ လွတ်လာပြီလို့ ယုံကြည်သွားရင် သူတို့အနေနဲ့ တစ်ခုခု လုပ်နိုင်လာကြလိမ့်မယ်၊ အဓိက အချက်ကတော့ ခုလောလောဆယ်မှာ အဲဒီငတိတွေဟာ ကယ်သူဝေး ဖြစ်နေကြတယ်၊ သူတို့က တစ်ခုခု လုပ်ခဲ့ရင် မိသားစုတွေ ဘယ်လိုဖြစ်မလဲဆိုတာကို တွေးကြောက်နေကြတယ်၊ ငါပြောတာ မင်းသဘောပေါက်တယ် မဟုတ်လား၊ အဲဒီ သောကကို တစ်နည်းနည်းနဲ့ ဖယ်ရှားပေးရမယ်'

'ဒါပေမယ့် ကက်ပတိန်မာလိုရီ'

'ဒါ. . . သိပ်အရေးကြီးတယ်'

'ဆရာ၊ လူတစ်ယောက်ကို သူ့သမီး လွတ်မလာသေးပဲနဲ့ လွတ်ပြီလို့ ပြောတာ ကိုယ်ကျင့်တရားပျက်ပြားရာ ရောက်ပါတယ် ခင်ဗျာ'

'အပြစ်မရှိတဲ့လူတွေ တလှေကြီးပါတဲ့ လေယာဉ်ပျံကို ပြန်ပေးဆွဲတာဟာလည်း ကိုယ်ကျင့်တရား ပျက်တာပါပဲ'

ဘီးလ်က ခေါင်းခါလိုက်သည်။

'ကက်ပတိန်မာလိုရီရဲ့ သမီးဟာ မလွတ်မြောက်သေးပါဘူး၊ သူ့ကို လွတ်ပြီလို့ ပြောတာကတော့ မသင့်လျော်ပါဘူး'

ညွှန်ကြားရေးမှူးက သက်ပြင်းချသည်။

'ငါသိပါတယ်ကွာ၊ ငါသိပါတယ်၊ ဒါပေမယ့် မင်း ငါပြောတာကို သဘောပေါက်မယ် ဆိုရင် ကက်ပတိန်မာလိုရီရဲ့ စိတ်ထဲမှာ သောကမရှိအောင်လုပ်ဖို့ သိပ်အရေးကြီးတယ်ကွာ'

'ဟုတ်ကဲ့ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် မင်းက မကျေနပ်ဘူးပေါ့'

'ဟုတ်ပါတယ် ခင်ဗျာ'

'မင်းရဲ့ ပွင့်လင်းမှုကို ငါသဘောကျပါတယ်၊ ဘာပဲပြောပြော ဒီကိစ္စက သမ္မတကြီးနဲ့ ဆွေးနွေးရမယ့် ကိစ္စပဲ၊ ဒီတော့'

□

ကက်ပတိန်မာလိုရီသည် ခပ်ပိန်ပိန်ပါးပါးနှင့် အနည်းငယ် လက်ပြင်ကုန်းသော ပုပ်ရဟန်းမင်းကြီးအား ပြန်သတိရနေမိသည်။ မျက်နှာက အနည်းငယ် ဖြူရော်ရော် ရှိသော်လည်း မျက်လုံးများကမူ ဖျတ်ဖျတ်လတ်လတ်နှင့် မြင်တွေ့နေရသော အရာဝတ္ထုမှန်သမျှကို စူးစူးစိုက်စိုက် လေ့လာနေတတ်ကြသည်။ သူက လေယာဉ်ပျံမောင်းနှင်သည့် အခန်းအား လေ့လာနေစဉ် အဓိပ္ပာယ်ရှိသော မေးခွန်းများကို မေးမြန်းခဲ့သည်။ ရှုက်အင်ဂျင်များ၏ အင်အားမှာ မည်မျှ ကြီးမားပါသနည်း။ အတောင်ပံများကို အဘယ်ကြောင့် နောက်ဘက်သို့ စောင်းထားရလေသနည်း။ ဤကဲ့သို့ ပြုလုပ်ထားခြင်းဖြင့် မည်ကဲ့သို့သော အကျိုးကို ရရှိစေသနည်း။ အချိန်တစ်ချိန်ချိန်တွင် မိမိရောက်ရှိနေသည့် နေရာကို လေယာဉ်မှူးလုပ်သူက မည်သို့မည်ပုံ တွက်ချက်၍ သိရှိနိုင်ပါသနည်း။ ၇၄၇ အက်စ်ပီလေယာဉ်ပျံသည် မည်မျှ လောက်အမြင့်အထိ ပျံသန်းနိုင်သနည်း။ မည်မျှလောက်အထိ မြန်ဆန်နိုင်သနည်း။ မည်မျှလောက် အကွာအဝေးအထိ ပျံသန်းနိုင်သနည်း။ ပုပ်ရဟန်းမင်းကြီးသည် အသေးစိတ် အချက်အလက်များကို မေးမြန်းစုံစမ်းရင်း နှစ်ခြိုက်သဘောကျသွားပုံရသည်။

ငါ. . . ပုပ်ရဟန်းမင်းကြီးကို ခင်မင်မိလေပြီဟု မာလိုရီက တွေးလိုက်၏။

ပုပ်ရဟန်းမင်းကြီးအား ခင်မင်မိသည့်အတွက် အပြစ်ရှိသည့်ပမာ ၎င်း၏စိတ်ထဲ၌ ခံစားလိုက်ရသည်။ သာမန်အားဖြင့် ရိုးရိုးလူသားများသည် ပုပ်ရဟန်းမင်းကြီးများနှင့် ရင်းနှီး ကျွမ်းဝင်ခွင့် ရရှိကြသူများ မဟုတ်။ သို့တိုင်အောင် မာလိုရီ ခင်မင်မိသော ပုပ်ရဟန်းမင်းကြီးသည် မကြာခင် အသတ်ခံရဖွယ်ရာရှိသည်။

မာလိုရီသည် ကန်နန်းလူမျိုးများအကြောင်း ကောင်းကောင်းကြီး သိပါသည်။ သူသည် ကမ္ဘာပေါ်ရှိ လေကြောင်းခရီးစဉ်များကို ပျံသန်းပေးရင်း နိုင်ငံတကာရေးရာကို လေးလေးနက်နက်လေ့လာခဲ့သူတစ်ဦးဖြစ်သည်။ အသက်အန္တရာယ်ရှိနေသော ပုဂ္ဂိုလ်သည် မည်သူပင် ဖြစ်စေ၊ ကန်နန်းအစိုးရသည် ယခုလို တောင်းဆိုချက်မျိုးကို မည်သည့်နည်းနှင့်မျှ အညံ့ခံ၍ လိုက်လျောလိမ့်မည် မဟုတ်ကြောင်း သူကောင်းကောင်းကြီး သိသည်။ ဒီကိစ္စကို တွေးလိုက်မိသောကြောင့် သူ ကြောက်စိတ်ဝင်သွားသည်။ ဤလေယာဉ်ပျံအား ဟက်ရှိမိုက် နိုင်ငံသို့ မောင်းနှင်ပေးနေခြင်းသည် ပုပ်ရဟန်းမင်းကြီးအား ၎င်းကိုယ်တိုင် သေမိန့်ချမှတ် နေခြင်းပင် ဖြစ်နိုင်ဖွယ်ရှိသည်။ ထိုသေမိန့်တွင် လေယာဉ်ဝန်ထမ်းများအားလုံးနှင့် ခရီးသည်

www.burmeseclassic.com

www.burmeseclassic.com



အားလုံးလည်း ပါရှိသွားနိုင်သည်။

ထိုအချက်မှာ ဤပြဿနာ၏ အရုပ်ဆိုးသော အမှန်တရားပင်ဖြစ်သည်။ အကြမ်းဖက် ဂိုဏ်းသည် အတွက်အချက် လွဲမှားခဲ့လေပြီ။ ကန်နန်းလူမျိုးတို့သည် မြို့ပြောက်၍ အကျပ် ကိုင်မှုကို ငုံ့ခံလေ့မရှိကြ။ ဒီမူဝါဒမှာ ၎င်းတို့အဖို့ ပညတ်တော်ဆယ်ပါးကဲ့သို့ပင် အလွန် အရေးကြီးကြောင်း မာလိုရီသိပါသည်။

ထို့ကြောင့် ပုပ်ရဟန်းမင်းကြီး ပွဲလွှန်တော်မူရပေလိမ့်မည်။

သူက ကောက်ကျစ်စဉ်းလဲသော အကြံသမားများ တင်းကြမ်းရှိနေသည့် ကမ္ဘာကြီးအား အပြစ်တင်လိုက်မိသည်။

❑

သေနတ်သည် ၎င်း၏ပေါင်ပေါ်၌ ရှိနေသည်။ ၎င်း၏လက်ချောင်းကလေးများသည် သေနတ်ဒင် ခလုတ်ထိန်းကွင်းပေါ်တွင် ခပ်ရွရွကလေးအုပ်၍ ကိုင်ထားကြသည်။ ဂျိန်းသည် သေနတ်ဆီသို့ လှည့်မကြည့်သော်လည်း သေနတ်ရှိနေသည်ကိုမူ အမြဲသတိရနေသည်။ ပလိုင်းမောက်ကားကြီး၏ တုန်ခါမှုကြောင့် မတော်တဆ မောင်းပြုတ်၍ သွားလေမလား။ ဂျိန်းက သေနတ်ကို ရွံမုန်းသည်။ သို့ရာတွင် ချက်ချင်းလိုလိုပင် ဂျိန်း၏လောကထဲသို့ အကျည်းတန် အရုပ်ဆိုးသော သေနတ်မျိုးစုံ ရောက်ရှိလာသလိုလို ခံစားလိုက်ရသည်။

'ဒီမှာ ကိုယ့်လူ၊ ဒီသောက်မော်တော်ကားကို လိုချင်ရင် ယူသွားပါကွာ၊ ကျုပ်ကိုသာ သွားခွင့်ပြုပါ၊ ဟုတ်လား'

ထိုလူက တတိယအကြိမ်မြောက် ပြောလာသော စကားစုဖြစ်သည်။

'တိတ်စမ်းဗျာ'

အဘူဂါဘယ်ကလည်း တတိယအကြိမ်မြောက် ပြောလိုက်သည်။

'ငါ့အိတ်ထဲမှာ လေးဒေါ်လာပဲပါတယ်၊ ငါ့ကို လုယက်လို့ အပိုပါပဲကွာ၊ အဲဒီ သောက်ပိုက်ဆံကိုလည်း မင်းလိုချင်ရင်ယူပါ၊ ဟော့ဒီ ငါ့အိတ်ထဲက နှိုက်ယူပေးပါ့မယ်'

ကြောက်စိတ်ကြောင့် နှုတ်ခမ်းများ တုန်၍နေကြသည်။ သွားချင်းပင် တဆတ်ဆတ် ထိခိုက်နေကြသည်။

အဘူဂါဘယ်က ပိုက်ဆံမလိုချင်ကြောင်း ပြန်ဖြေသည်။

၎င်းတို့သည် အသွားအလာကင်းမဲ့သော တောရပ်ဒေသမှ တောလမ်းတစ်လမ်းပေါ်တွင် ခပ်မြန်မြန် မောင်းလာကြခြင်းဖြစ်သည်။ သူတို့သည် အမိုးဖွင့်ထားပြီး ချာတိတ်အဖွဲ့ တလျှောက်ကြီး ပါလာသည့် ကော်ဂါအမျိုးအစား ကားတစ်စီးကိုသာ ရင်ဆိုင်တွေ့လိုက်ရသည်။ လမ်းကွေ့တစ်ခုဆီသို့ရောက်တိုင်း လမ်းကို ပိတ်ဆို့တားဆီးထားသော အထိမ်းအမှတ်အဖြစ် ပိတ်လိုက် ဖွင့်လိုက်လုပ်ပြနေသော မီးအနီရောင်ကို မြင်ရလိမ့်မည်ဟု ဂျိန်းက တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် တစ်ခါမှ မတွေ့ရသေးချေ။

အဘူဂါဘယ်က ဂျိန်းအား လေသံခပ်တိုးတိုးနှင့် မေးလိုက်သည်။

'မင်း. . . ဒီအရပ်ဒေသကို ကျွမ်းသလား'

ဂျိန်းက ခေါင်းခါသည်။

'ကျွန်မတော့ ဘာကိုမှ မမှတ်မိဘူး၊ ရှင်က ဘယ်ဆီကို သွားချင်လို့လဲ'

'ဆန်ဖရန်စစ္စကိုနားက အုတ်ကလန်မြို့၊ မင်းသိလို့လား'

ဂျိန်းက ခေါင်းညိတ်ပြသည်။

'ရှင်တွေ့ချင်တဲ့လူက အဲဒီမှာ ရှိသလား'

'ဖြစ်နိုင်တယ်' သူက စကားကို သတိထားပြီး ဖြေသည်။

'မင်းက ခုအချိန်အထိ မေးခွန်းတွေထုတ်နေတုန်းပဲကိုး'

'ကျွန်မက ရဲလက်က လွတ်အောင် ပြေးနေရတယ်ဆိုရင် ကျွန်မ ဘယ်ကိုသွားနေရတယ်ဆိုတာကိုတော့ သိချင်တာပေါ့'

သူက ဂျိန်းအား လှစ်ခနဲ ပြုံးပြလိုက်သည်။ ထို့နောက် ဂျိန်းကိုယ်ပေါ်မှကျော်၍ ကားမောင်းနေသူအား လှမ်းပြောလိုက်သည်။

'ကားကိုရပ်လိုက်'

ထိုလူ ရုတ်တရက် ပါးစပ်ပြသွားသည်။ မျက်လုံးများကလည်း ကြောက်စိတ်ကြောင့် ရီဝေနေကြသည်။

'ဘာ. . . ဘာလုပ်မလို့. . . လဲ'

'ဘာမှ မလုပ်ပါဘူး၊ ကားကိုသာရပ်'

ထိုလူက ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

'ဘုရားသခင် ကယ်တော်မူပါ၊ ဒီနေရာက တောင်မရောက် မြောက်မရောက် နေရာကြီး. . .'

'ကားကို ရပ်လိုက်လို့ ကျုပ်ပြောနေတယ်'

အဘူဂါဘယ်၏ လေသံကြောင့် ထိတ်လန့်သွားသော ထိုလူက ဘရိတ်ကို တအားဆောင့်နင်းချလိုက်၏။ ကားသည် ဘေးတစ်ဘက်သို့ ဆွဲသွားပြီး လမ်းဘေးမှ မြင့်နေသော ကမူနှင့် တိုက်မိသဖြင့် ရပ်တန့်သွားတော့သည်။

'တောင်းပန်ပါတယ်ကွာ. . . ခိုးမှုပဲ၊ ငါတောင်းပန်ပါတယ်'

ထိုလူက တတွတ်တွတ်နှင့် တောင်းပန်နေသည်။ သူက သော့ကိုပါ ပိတ်လိုက်၏။ မှောင်မည်းပြီး တိတ်ဆိတ်နေသည်။

အဘူဂါဘယ်က ပစ္စတိုသေနတ်နှင့် ဝှေ့ယမ်းပြလိုက်၏။

'ကားထဲကထွက်ပြီး တံခါးနားမှာ ရပ်နေ၊ နားလည်လား ထွက်ပြေးဖို့ မကြံနဲ့၊ ထွက်ပြေးရင်သေနတ်နဲ့ အပစ်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချပါ. . . စိတ်ချပါ'

ချက်ချင်းဆိုသလိုပင် ယောကျ်ားနှစ်ယောက်စလုံး ကားအံပြင်ဘက်သို့ ရောက်ရှိသွားကြသည်။ ကားမောင်းသူကတစ်ဖက်၊ အဘူဂါဘယ်က နောက်တစ်ဖက်မှာ။ စက်နှိုး၊ ဂီယာသွင်းပြီး မောင်းပြေးဆိုသော အတွေးသည် ရုတ်တရက် ခေါင်းထဲသို့ ရောက်ရှိလာ၏။ သို့သော် ထိုကိစ္စ မလွယ်ပါ။ အချိန်လည်းမရပါ။

အဘူဂါဘယ်က ဂျိန်းကို ပြောလိုက်၏။

'မင်းလဲ အပြင်ထွက်ကွာ၊ ကားသော့ယူလာပြီး နောက်ဘက်က အံဖုံးတံခါးကိုဖွင့်'

'ဘုရားသခင် ကယ်တော်မူပါ၊ မလုပ်ပါနဲ့. . .'

ယာဉ်မောင်းသူသည် ပါးစပ်ဟောင်းလောင်းနှင့် သေနတ်ကို ငေးကြည့်နေသည်။

"မလုပ်ပါနဲ့ ကိုယ့်လူရာ၊ တောင်းပန်ပါတယ်၊ ကျုပ်မှာ မိသားစုနဲ့ပါ. . . "

အဘူဂါဘယ်က စိတ်မရှည်တော့ဟန်နှင့် ခေါင်းခါပြသည်။

'ကျုပ်က ခင်ဗျားကို မပစ်ပါဘူး'

'. . . ကလေးနှစ်ယောက်တောင် ရှိပါတယ်၊ တစ်ယောက်က လော့စ်အင်ဂျလိမှာ နေပါတယ်၊ တစ်ယောက်က အိမ်မှာပဲ ရှိပါသေးတယ်၊ ဆယ့်ခုနစ်နှစ်သားလေးပါ၊ အဘွားကြီးကလည်း. . .'

'ကျုပ်က ခင်ဗျားကို မပစ်ပါဘူး'

'ဗျာ'

'အဲဒီ အံဖုံးထဲကိုပဲဝင်'

'ဗျာ'

'ကျုပ်ပြောတာ ကြားတယ်မဟုတ်လား၊ အထဲကိုဝင်'

'အထဲကို. . . ဟုတ်လား'

ပစ္စတို သေနတ်ပြောင်းနှင့် ခြောက်ခါလောက်ထိုးသောအခါကျမှ ထိုရဲဘော်ကြီးသည် ၎င်းအတွက် နေရာရအောင် ကားပြင်သည့် ပစ္စည်းများ၊ သံသေတ္တာများကို ဘေးသို့ တွန်းပစ်ရင်း အပိုတာယာဘေးနား၌ ခွေခွေကလေး လှဲချလိုက်တော့သည်။

အဘူဂါဘယ်က တံခါးကို လွှတ်ချပြီး ပိတ်လိုက်၏။ ဂျိန်းက နောက်ဘက်အံဖုံးတံခါးကို လှမ်းကြည့်မိသည်။ တံခါးပိတ်လိုက်သည်မှာ ပြန်လမ်းမရှိပြီဆိုသော သဘောမျိုး ဆန်လွန်းလှသောကြောင့်ဖြစ်သည်။

'သူအဲဒီအထဲမှာ နေလို့ရပ့ါမလား'

'ဖြစ်ပါတယ်၊ ဖြစ်ပါတယ်၊ စိတ်မပူပါနဲ့ကွာ၊ ကဲ မင်းက ကားမောင်း'

ပလိုင်းမောက်ကားကြီးသည် ပင်ပင်ပန်းပန်း အသံတော်ခံခဲ့ရပုံပေါ် သည်။ ကားတ အရှိန်ရလာလေလေ တကျည်ကျည်နှင့် ယိုင်တိယိုင်ထိုး ဖြစ်လာလေလေပင်။ လှော်ကိုင်ဘီးကလည်း ဂျိန်း၏လက်ထဲ၌ ပြုတ်လုတဲတဲမျှသာ ကျန်တော့သည်ဟု ထင်ရလောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



တုန်ခါနေသည်။

'ဒီကားက တော်တော် အခြေအနေ ဆိုးနေပြီ'

'ကိစ္စမရှိပါဘူးလေ၊ မောင်းလို့ရသားပဲ ဥစ္စာ'

'ရှင်က သူ့ကို နောက်ဘက်အံဖုံးထဲမှာ ဘယ်လောက်ကြာအောင် ထည့်ထားမလို့လဲ'

'သိပ်မကြာပါဘူး၊ သူက ရဲကို ဒီမော်တော်ကားအကြောင်း တိုင်မှာတောမှာ စိုးရိမ်လို့ သူ ဘာမှ မဖြစ်နိုင်ပါဘူး'

ဂျိန်းက ရှေ့တည့်တည့်သို့ စိုက်ကြည့်နေသည်။

'ရှင်က ဒီလမ်းအတိုင်း ရှေ့ဆက်သွားချင်သလား'

'ကိုယ်တို့ ဆန်ဖရန်စစ္စကို ကို ဦးတည်နေသလား'

'ဆန်ဂျိုဆီဆိုတဲ့ ဆိုင်းဘုတ်ကို မြင်လိုက်ရတယ်၊ အဲဒီရောက်ရင် ဆန်ဖရန်စစ္စကို ကို သွားမယ့်လမ်းပေါ် တက်လို့ရပါပြီ'

'ကောင်းတယ်၊ ဆက်လုပ်'

ဂျိန်းက တစ်ချက်လှမ်းကြည့်လိုက်၏။ သူ့အသံမှာ စိတ်ပျက်လက်ပျက် ဖြစ်နေပုံရသည်။ ထွက်ပြေးခဲ့ရမှုကြောင့် ဖြစ်ပေါ်လာသော စိတ်လှုပ်ရှားမှုမှာ ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်ရာ ရှုံးနိမ့်ပြီဆိုသော အသိစိတ်ဓာတ်ကသာ လွှမ်းမိုးပြီး ကျန်ရစ်ခဲ့တော့သည်။

သူတို့သည် မိနစ်အတန်ကြာအောင် တိတ်တိတ်ဆိတ်ဆိတ် မောင်းနှင်လာကြသည်။ ထို့နောက် ဂျိန်းက မေးလိုက်၏။

'ကျွန်မအဖေ ဘာဖြစ်မှာလဲ'

'ဘာမှ မဖြစ်ပါဘူးလို့ ကိုယ်ပြောပြီးပြီပဲ'

'ရှင်က ကျွန်မတို့ကို ဘာဖြစ်လို့ ပြန်ပေးဆွဲတာလဲ'

'မင်းကို ပြောပြခဲ့တဲ့ အတိုင်းပဲပေါ့'

'ဒါပေမယ့် ရှင်က ပုပ်ရဟန်းမင်းကြီးနဲ့ ဘာလုပ်မလို့လဲ'

'ကိုယ် အဲဒီကိစ္စကို မဆွေးနွေးချင်ဘူး'

'အခုအချိန်အထိအောင်ပဲလား'

သူက ခေါင်းခါပြသည်။

'ဒီကိစ္စကြောင့် အခြေအနေက ဘယ်လိုမှ ပြောင်းလဲသွားမှာ မဟုတ်ဘူး၊ မင်းအဖေတတို့လက်ထဲမှာ မင်းရောက်နေတာကို သိသွားပြီး ခိုင်းတဲ့အတိုင်းလုပ်ဖို့ သဘောတူလိုက်တဲ့ အချိန်ကစပြီး မင်းဟာ တို့အတွက် အသုံးမဝင်တော့ဘူး၊ ကံဆိုးချင်တော့ အင်မတန် သတ္တိရှိတဲ့ ရဲဘော်ရဲဘက် သုံးယောက် သေဆုံးသွားရရှာတယ်၊ ဒါပေမယ့် မူလစီမံချက်ကိုတော့ ဘယ်လိုမှ ထိခိုက်စရာ မရှိပါဘူး'

သူက သက်ပြင်းချလိုက်၏။

'ကိုယ်တို့က ပြဿနာတွေနဲ့ ရင်ဆိုင်တိုးရလိမ့်မယ်လို့ ကြိုတွက်ပြီးသား၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



လူတွေကို အိမ်တွေက သွားဖမ်းရတဲ့ ခပ်စောစောပိုင်းမှာ တွေ့ရလိမ့်မယ်လို့ မျှော်လင့်ထားတာ၊ အဲဒီအချိန်မှာ ကိုးရိုးကားရားတွေ အများကြီးဖြစ်နိုင်တယ်၊ ဒါပေမယ့် ခက်ခက်ခဲခဲ မရှိပဲ လုပ်နိုင်ခဲ့တယ်' သူက လက်ဖဝါးကို လက်သီးနှင့် ထိုးလိုက်၏။

'အဲဒီခွေးမသားတွေက ကိုယ်တို့ရှိတဲ့ နေရာကို ဘယ်လိုလုပ်ပြီး သိသွားကြသလဲ'

ဂျိန်းက သတိထားပြီး ဖြေလိုက်သည်။

'ကျွန်မလည်း မသိဘူး'

'အခု သေရတာတွေဟာ မသေသင့်ပဲ သေကြရတာ၊ ကိုယ်တို့က မင်းတို့ကို နာရီပိုင်းအတွင်း ပြန်လွှတ်ပေးတော့မှာ'

'ကျွန်မကတော့ ဟိုထိပ်ပြောင်ပြောင်နဲ့ လူက ကျွန်မတို့ကို သတ်ပစ်မှာပဲလို့ ထင်နေတယ်'

'မသတ်ပါဘူး'

'ကျွန်မတို့အားလုံးက ရှင်တို့ကို မှတ်မိသွားပြီပဲ၊ အဲဒါကြောင့် သူက သတ်မှာ'

'မဟုတ်ဘူး၊ ကိုယ်က ခွင့်ပြုမှာ မဟုတ်ဘူး'

အဘူဂါဘယ်က ဂျိန်းအား လက်ညှိုးနှင့်ထိုးရင်း

'မင်းလည်း အနောက်ကမ္ဘာက လူတွေနဲ့ အတူတူပဲ၊ မင်းတို့က တို့ဟာ အသက်ကို ဖက်ရွက်လောက်တောင် တန်ဖိုးမထားပဲ အင်မတန်ရက်စက်တဲ့ လူသတ်သမားတွေလို့ ထင်နေကြတယ်၊ တို့က တို့လူမျိုးကို အင်မတန်ချစ်လို့ အခုလို လုပ်ကိုင်နေကြတာကွ'

'အဲဒီလို လုပ်ရင်း ကိုင်ရင်းနဲ့ အပြစ်မရှိတဲ့ ဘေးလူတွေအများကြီး သေကုန်ကြရတယ် မဟုတ်လား'

'အဓိပ္ပာယ်မဲ့တော့ မဟုတ်ပါဘူး'

'အဲဒါက ဘာကို ဆိုလိုတာလဲ'

သူက ခေါင်းခါလိုက်သည်။

'မင်းတို့စိတ်ထားတွေ တစ်ဘက်သတ်ကျလွန်းပါတယ်၊ မင်းတို့က ကိုယ်မြင်ချင်တာလောက်နဲ့ နားလည်ချင်တာလောက်ကိုပဲ မြင်ကြတယ်၊ နားလည်ကြတယ်၊ မင်းတို့ အမေရိကန်တွေက ကိုယ့်ရည်ရွယ်ချက် အထမြောက်အောင် တိုက်ကြ ခိုက်ကြတာကျတော့ မှန်ကန်တယ်တဲ့၊ ဒါပေမယ့် တို့က တို့ရည်ရွယ်ချက် အထမြောက်အောင် တိုက်ကြ ခိုက်ကြတဲ့အခါကျတော့ လူသတ်တာလို့ ပြောကြတယ်'

'အပြစ်မရှိတဲ့ အမျိုးသားတွေ၊ အမျိုးသမီးတွေနဲ့ ကလေးတွေကို သတ်ရင် လူသတ်တာလို့ပဲ ပြောရမှာပေါ့'

'မင်းတို့ အမေရိကန်တွေ ဒီကို ရောက်မလာခင် ဒီမှာရှိနေတဲ့ အမျိုးသားတွေ၊ အမျိုးသမီးတွေနဲ့ ကလေးတွေကို ထောင်နဲ့ချီပြီး သတ်ပစ်တာကျတော့ ဘာလို့ပြောမလဲ'

'ရှင်ဘာတွေလျှောက်ပြောနေတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'လူဖြူတွေက လူနီအင်ဒီးယန်းတွေကို သတ်ဖြတ်ပြီး သူတို့မြေပေါ်က မောင်းနှင်ထုတ်ခဲ့ကြတယ်၊ မင်းတို့ ပိုင်ဆိုင်ခွင့်မရှိတဲ့ မြေကိုလာပြီး အနိုင်ယူ သိမ်းပိုက်ခဲ့ကြတာပဲ၊ တို့လည်းပဲ တို့မြေပေါ်က မောင်းထုတ်ခံခဲ့ရတယ်၊ အခု ဒါကြောင့် တို့မြေကို ပြန်ရအောင် တိုက်ခိုက်နေကြတာပဲ'

ဂျိန်းက စကားထပ်ပြောရန် လှည့်လိုက်သေးသော်လည်း အဘူဂါဘယ်က သူ့အသံကို မြှင့်၍ ပိတ်ပြီးပြောချလိုက်တော့သည်။

'အရေးအကြီးဆုံးအချက်ကတော့ အကြောင်းတရားနဲ့ ရည်ရွယ်ချက်ပန်းတိုင်ပဲ'

'ဘယ်အကြောင်းတရားအတွက်ပဲဖြစ်ဖြစ် ရှင့်အသက်က ပိုပြီး တန်ဖိုးရှိပါတယ်'

'မဟုတ်တာကွာ၊ မင်းနားမလည်ပါဘူးလေ'

ဂျိန်းသည် ဒေါသကြောင့် လက်ကိုင်ဘီးကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်၏။

'အလကားပါ၊ သောက်သုံးမကျတဲ့ အကြောင်းတရားတစ်ခုအတွက် ရှင်က တိုယ့်အသက်ကို အလဟဿစွန့်လွှတ်ဖို့လုပ်နေတာ၊ အဲဒီကိစ္စကို နောက်ဆယ်နှစ်ကြာရင် ဘယ်သူမှ သတိရကြတော့မှာ မဟုတ်ဘူး'

'မင်းဘယ်လို ပြောလိုက်တာလဲ၊ တို့မြေအတွက် တို့တိုက်ခိုက်လာခဲ့တာ ရာစုနှစ်ပေါင်း များစွာရှိခဲ့ပြီ၊ ဒီကနေ့ဖြစ်တဲ့ ကိစ္စကိုလည်း အမြဲတမ်း သတိရနေကြမှာပါ၊ တို့အခုလုပ်နေတဲ့ ကိစ္စဟာ အင်မတန် လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စ၊ တကယ်တမ်းပြောရရင် အဲဒါထက် ပိုပြီး လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စ မရှိနိုင်တော့ဘူး၊ တို့က တရားသဖြင့် တို့ပိုင်ဆိုင်ခွင့်ရှိတာကို ပြန်ရအောင် တိုက်နေကြတာ'

'ရှင်ဆိုလိုတာက ဘာလဲ'

'မင်းကို နောက်ထပ် ပိုမပြောနိုင်တော့ဘူး၊ မင်းလဲ မကြာခင် သိလာမှာပါ'

'ဒါကတော့ ဘယ်တရားမလဲ'

သူကပြုံးလိုက်၏။

'မင်းပြောခဲ့သလိုပဲပေါ့၊ စစ်ဆိုတာ ငရဲပဲ'

'ရှင်က ကျွန်မကို အခုပြောပြလိုက်ရင် ဘာထူးခြားသွားမှာမို့လို့လဲ'

'ထူးချင်မှ ထူးမှာပါ၊ ဒါပေမယ့် ကိုယ်ကတော့ မပြောချင်ဘူး'

'ကျွန်မက ရှင့်ကို အထင်သေးသွားမှာ စိုးရိမ်လို့လား'

သူက ဂျိန်းအား အကြာကြီးစိုက်ကြည့်နေသည်။

'မင်းကလေးဟာ ကိုယ့်ကို မရိုးမရွဖြစ်အောင် အတော်လုပ်နိုင်စွမ်းရှိတယ်၊ အခုလို အခြေအနေမျိုးမှာ လာပြီးဆုံကြရတာ ကံဆိုးတာပဲ'

'တစ်ခြားအခြေအနေမျိုးနဲ့ ဆုံဖို့ဆိုတာကတော့ လုံးဝ မဖြစ်နိုင်ပါဘူးလေ'

'ဒါဆိုရင်လည်း ကျေးဇူးတင်ရုံပဲ ရှိတော့တာပေါ့၊ ခိုးမှပဲ'

ဂျိန်း ဆတ်ကနဲ ရင်ခုန်သွားသည်။ ရှေ့တည့်တည့်တွင် အမှောင်ထုထဲမှ ထွင်းဖောက်၍

www.burmeseclassic.com

www.burmeseclassic.com



လင်းနေသော မီးလုံးနီနီတစ်ခုကို မြင်လိုက်ရသောကြောင့်ပင်။ ဂျိန်းက ပြောလိုက်၏။

'လမ်းကို ပိတ်ဆို့ထားကြပြီထင်တယ်'

'အင်း . . . ကိုယ်လဲ အဲဒီလိုပဲထင်တယ်'

'ကျွန်မ နောက်ဘက်ကို ပြန်လှည့်စေချင်သလား'

'မလုပ်နဲ့၊ မလိုသေးဘူး၊ ဆက်သာသွား၊ အနားသွားပြီး ကြည့်ကြရအောင်'

ဂျိန်းသည် ရင်ထဲက ဖြစ်ပေါ်လာသော စိတ်လှုပ်ရှားမှုကို ရှိုးတိုးရိပ်တိတ် အရသာခံစားမိရင်း ခေါင်းညိတ်ပြလိုက်၏။ ဘုရားသခင် ကယ်တော်မူပါ။ သူကိုယ်တိုင်က အရသာခံနေမိပါကလား။ အကယ်၍ မိသွားပါက အကျိုးအကြောင်း သင့်မြတ်သော ဆင်ခြေကို လက်ကိုင်ထားရင်း သူက ကျွန်မကို သေနတ်နဲ့ချိန်ပြီး ခေါ်လာသောကြောင့် လိုက်လာရတာပါဟု ပြောနိုင်ပေသည်။

လမ်းကို ပိတ်ဆို့ထားခြင်း မဟုတ်။ ထိုမီးနီမှာ ချောက်ထဲသို့ကျနေသော ကားတစ်စီးအား ဆယ်တင်ယာဉ်တစ်စီးက လာရောက်၍ ဆွဲတင်နေခြင်းသာဖြစ်သည်။

စိတ်သက်သာရာ ရသွားသော အဘူဂါဘယ်က လေတစ်ချက်ချွန်လိုက်၏။

သူတို့မော်တော်ကားကို ဆက်မောင်းသွားကြသည်။ မကြာမီ ထိုလမ်းသည် အဝေးပြေးလမ်းမကြီးနှင့် ပေါင်းမိသွားသည်။ ကားအသွားအလာ ထူထပ်လာသည်။ ရိုးရိုးသာမန်ကားများသာဖြစ်သည်။ ရဲကား မဟုတ်။ သံချပ်ကာကားကိုလည်း မတွေ့။

အဘူဂါဘယ်က ပြောလိုက်သည်။

'မင်းထွက်ပြေးနိုင်ခဲ့သားပဲ'

''ကျွန်မသိပါတယ်'

'ဘာဖြစ်လို့ ထွက်မပြေးတာလဲ'

'အပျင်းထူတာ သက်သက်ပဲလို့ ထင်တယ်'

'အဲဒီအဖြေက သိပ်လက်ခံချင်စရာ မကောင်းဘူး'

'ကောင်းပြီ ရှင်တစ်ယောက်တည်းဆိုရင် ရှင်သွားချင်တဲ့ အုတ်ကလန်ကို ရောက်အောင်သွားတတ်မှာ မဟုတ်ဘူးလို့ ကျွန်မ ထင်လို့ပဲ၊ ဒါနဲ့ စကားမစပ် ရှင်က ဘာဖြစ်လို့ အဲဒီကို သွားချင်ရတာတုံး'

'ဟိုမှာ လူတစ်ယောက်ရှိတယ်၊ ကိုယ် သူနဲ့တွေ့မှဖြစ်မယ်'

'ဘာဖြစ်လို့လဲ'

'နေပါဦးလေ'

အဘူဂါဘယ်က ပြုံးလိုက်သည်။

'မင်းက ခုထက်ထိမေးခွန်းတွေ မေးတုန်းပဲကို'

'ကျွန်မ ဒိုင်ယာရီထဲမှာ မှတ်ထားဖို့ စပ်စပ်စုစု သိချင်နေတာရှင့်'

သူက အပူအပင်မရှိသူတစ်ဦး၏ ဟန်ပန်နှင့် အားရပါးရ ရယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ငါက ကာကွယ်နေတာ မဟုတ်ဘူး၊ သူ့ကို ဖမ်းမိအောင် မကူညီချင်တာ သက်သက်ပဲဟု ဂျိန်းက တွေးလိုက်၏။

(မင်းဘာပြောလိုက်တာလဲ၊ ဒီငတိက မင်းကို ပြန်ပေးဆွဲတဲ့ အကြမ်းဖက်သမား။ မင်းရဲ့ ခွေးကလေးကို သတ်ပစ်တဲ့လူ၊ သေနတ်ပစ်ပွဲဖြစ်အောင် ဖန်တီးခဲ့တဲ့လူ၊ သေအောင်. . .)

ဂျိန်းက အချက်အလက်များကို တန်းစီ၍ ရွတ်ပြနေသော်လည်း ထူးထူးခြားခြား အဓိပ္ပါယ်ရှိပုံမပေါ်။ ထိုကိစ္စမှာ တယ်လီဗီဇိုးရှင်းပေါ်က မြင်လိုက်ရသော အဖြစ်အပျက်တစ်ခု၊ သတင်းစာထဲက ဓာတ်ပုံတစ်ပုံ။ ကမ္ဘာ့အရေးအခင်းများအနက် စိတ်ချောက်ချားဖွယ်ရာ အရေးအခင်းကြီးတစ်ခု။ သို့သော် ဂျိန်းနှင့်ထိတွေ့ဆက်စပ်မှုမရှိသော. . .

ထိတွေ့ဆက်စပ်မှု မရှိပေဘူးလား။ ယခု ကိစ္စထက်ပို၍ ထိတွေ့ဆက်စပ်မှုရှိသော ကိစ္စရှိလိမ့်ဦးမည်ဟု သူမထင်။ ဖောင်ဒွှာရဲ့ အတွေ့အထိတွင် သူကိုယ်တိုင် ပါဝင်တုံ့ပြန်၍ သူယစ်မူးခဲ့မိပါသည်။ သာယာကြည်နူးခဲ့မိပါသည်။ ယခုထက်တိုင် သတိရနေဆဲပင်။

ဂျိန်း သက်ပြင်းချမိသည်။ အဖြစ်အပျက်တွေက များပြားလွန်းလှသည်။ ဂျိန်း၏ဘဝသည် လုံးဝပြောင်းလဲခဲ့ပြီ။ ထူးဆန်းသည်မှ ထိုကဲ့သို့ ပြောင်းလဲသွားမှုကိုပင် ထူးခြားသော ဂျိန်း၏အတွင်းစိတ်က ကျိတ်၍ဝမ်းသာနေမိခြင်းဖြစ်သည်။ သိသာလောက်အောင် ထူးခြားစွာ ပြောင်းလဲသွားသောကြောင့် ယခင်ဘဝဟောင်းနှင့် လုံးဝကွဲပြားခြားနားတော့မည်သာ ဖြစ်သည်။

အကယ်၍သာ အဘူဂါဘယ်သည် ဂျိန်းနှင့်အတူ အိမ်အပြင်ဘက်သို့ ရောက်ရှိမနေခဲ့ပါက အခြားပုဂ္ဂိုလ်များနှင့်အတူ ရက်ရက်စက်စက် အသတ်ခံရပေလိမ့်မည်။ ၎င်း၏ခန္ဓာကိုယ်အနှံ့အပြားအား သေနတ်နှင့် တရစပ်ပစ်ခတ်ကြမည်မှာ သေချာသည်။

အဘူဂါဘယ်က ပြောလိုက်၏။

'ဒါနဲ့ စကားမစပ်၊ ကိုယ် မင်းကို တောင်းပန်ရဦးမယ်'

'တောင်းပန်မယ်၊ ဟုတ်လား'

'မင်းကို ပထမဦးဆုံး အိမ်ကိုခေါ်လာတုန်းက ကိုယ်က ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံခဲ့မိတယ်လေ'

'ရှင့်ကြည့်ရတာ တော်တော်မရိုးမရွဖြစ်နေပုံပဲ'

'ဟုတ်တယ်. . . မင်းပုံစံကလဲ သိပ်ကို ချစ်ချင်စရာကောင်းလွန်းနေတယ် ပြီးတော့ မင်းက ကိုယ့်လက်ခုပ်ထဲကရေ'

အဘူဂါဘယ်က ထိုစဉ်ကဖြစ်ပျက်ခဲ့သည့် ကိစ္စကို နားမလည်နိုင်ဟန်ဖြင့် ခေါင်းကို ခါယမ်းလိုက်၏။

'ကိုယ်ဝမ်းနည်းပါတယ်'

'ကျွန်မကတော့ ဝမ်းမနည်းပေါင်'

❑

www.burmeseclassic.com

www.burmeseclassic.com



အရက်မူးသမားက ခပ်ကျယ်ကျယ် ပြောလိုက်သည်။

'ဒီလိုတိရစ္ဆာန်တွေအတွက် ဥပဒေ ရှိသင့်တယ်ဗျ'

'အဲဒီလို ဥပဒေမျိုး ရှိတယ်လို့ ကျုပ်ထင်တာပဲ'

ဟန္နန်စကျိုင်းယားက ပြန်ပြောလိုက်ခြင်းဖြစ်သည်။

'ဒီ သောက်ခွေးမသား ပြန်ပေးတွေကို လေယာဉ်ပျံပေါ်မှာ လုံးဝ လက်သင့်မခံသင့်ဘူးဗျ။ ဒါဆိုရင် အဲဒီခွေးမသားတွေ မဟုတ်တာလုပ်ဖို့ ဘယ်အခွင့်အရေးရတော့မလဲ'

မစ္စတာစကျိုင်းယားက သက်ပြင်းချလိုက်၏။ စိတ်မချမ်းသာစရာကောင်းလှသော ဤကိစ္စတွင် ကောင်းကွက်တလေးတစ်ကွက်မှာ ဤကိစ္စကြောင့် အထူး လူသိများလာစေမည့် ကိစ္စတစ်ခုသာရှိသည်။ သူသည် ၄-၅-၁၀ ရက်ကြာအောင် ကမ္ဘာပေါ်တွင် လူသိအများဆုံး ဇာတ်လိုက်ဖြစ်နေပေလိမ့်မည်။ အီးဂျီမာရှယ်နှင့် မှားယွင်းကြတော့မည်လည်း မဟုတ်။ ဟောပြောပွဲတိုင်းက သူ့ကို ဖိတ်ကြလိမ့်မည်။ ထုတ်လုပ်သူတိုင်းကလည်း သူ့အတွက် ဇာတ်ကွက် ဇာတ်လမ်းများ ဖန်တီးပေးကြလိမ့်မည်။ တစ်ခုနသာ အတိုင်းအတာအထိ ဆိုပါတော့။ ကြာကြာတော့ ခံလိမ့်မည်မဟုတ်။ အဲဒါကိုတော့ ဟန္နန်စကျိုင်းယားက အပ်ချမတ်ချသိပါသည်။ တစ်လ၊ နှစ်လ လောက်အထိ ခံချင်ခံလိမ့်မည်။ ထို့နောက် မေ့လျော့သွားကြလိမ့်မည်။

မစ္စစ်လက်ဖလာက လှမ်းစကားပြောနေသည်။ ၎င်း၏အသံကို သူ ယခုမှ ပြန်ကြားလာရ၏။ မစ္စစ်လက်ဖလာ၏ ဆိုလိုရင်းမှာ ဤကိစ္စတစ်ရပ်လုံးသည် ၎င်း၏ခင်ပွန်း မင်းဗီးလ်၏အပြစ်ကြောင့် ဖြစ်ရသည်ဟုဆိုသည်။

မစ္စတာစကျိုင်းယားက ပြန်ဖြေလိုက်၏။

'ဟုတ်တာပေါ့'

'သူ့ကိုပဲ အပြစ်တင်ရလိမ့်မယ်'

'သဘာဝကျတာပေါ့ဗျာ'

'ကျွန်မက လန်ဒန်ကတစ်ဆင့် ပြန်လာချင်တာ'

'နားလည်နိုင်လောက်ပါတယ်လေ'

'ဒီလိုလေ တစ်ရက် နှစ်ရက်လောက် လန်ဒန်မှာဝင်နေလိုက်ရုံနဲ့ သိပ်ထူးခြားမှာ မဟုတ်ပါဘူး၊ ဒါပေမယ့် သူက ကျွန်မစကားကို နားမှမထောင်တာ၊ အခုဆိုရင် သူ ဆန်ဖရန်စစ္စကိုက စောင့်နေရတယ်၊ ကျွန်မက ဆန့်ကျင်ဘက်အရပ်ဆီကို သွားနေရတယ်'

'သနားစရာ သတ္တဝါပါပဲကလား'

'အခုဆိုရင် သူဝမ်းနည်းရတော့မယ်၊ ကျွန်မပြောတာကို နားထောင်လိုက်ခဲ့ရင် အကောင်းသားလို့ သူတွေးမိတော့မယ်၊ ခုလောလောဆယ်မှာတော့ သူသိပ်ပြီး စိတ်ပူနေရှာတော့မယ်'

မစ္စတာစကျိုင်းယားက စပ်စုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား နှလုံးက အားနည်းနေသလား'

'ဟင့်အင်း၊ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် နှလုံးအားမနည်းပါဘူး'

'သိပ်ကောင်း၊ သိပ်ကောင်း'

မစ္စတာစကျွင်းယားက ပြောလိုက်ခြင်းဖြစ်သည်။

'ဒါပေမယ့် နှလုံးက ကောင်းပေမယ့်လည်း ခွေးမသားတွေ သတ်တာ ဖြတ်တာကို ခံလိုက်ရရင် ဘာထူးလာမှာမို့လဲ၊ သူတို့က လူရွှေးနေမှာ မဟုတ်ဘူး၊ ပြီးတော့လည်း 'မင်းဗီးလ်' တစ်ယောက် နောင်တရလို့ကိုဆုံးမှာ မဟုတ်တော့ဘူး'

'သနားစရာကောင်းတဲ့ မင်းဗီးလ်ပဲ'

ပြောမယ့်သာ ပြောလိုက်ရသည်။ မင်းဗီးလ်က အကြမ်းဖက်ဂိုဏ်းအား ရက်ရက်ရောရော လှူတန်းရန် ချက်လက်မှတ်ပေါ်၌ လက်မှတ်ရေးထိုးနေစဉ် လေကလေး တစ်ချွန်ချွန်နှင့် ရှိနေမည်ကို မစ္စတာစကျွင်းယားက မြင်ယောင်နေမိသည်။

'အခုတော့ ဘယ်အချိန်ကျမှ အိမ်ပြန်ရောက်မယ်ဆိုတာ ဘုရားသခင်မှ သိတော့မှာပဲ'

'သိပ်ဟုတ်တာပေါ့'

□□□

www.burmeseclassic.com

## အခန်း( ၁၇ )

ဂရင်းဝစ်ချ်စံတော်ချိန် ၀၆ : ၀၁ နာရီ
အေဘင်းတိမိဆိုရာ၊ ရိုမေးနီးယားနိုင်ငံ
မြောက်လတ္တီတွဒ် ၄၅ ဒီကရီ ၃၉ မိနစ်
အရှေ့လောင်ဂျီတွဒ် ၂၀ ဒီကရီ ၄၉ မိနစ်

ဘိုးနိုဝါကိုစကီသည် နောက်ဆုံးရရှိလာသော လောင်စာဆီ သုံးစွဲကုန်ကျမှု ကိန်းဂဏန်းများကို မှတ်တမ်းစာရွက်ပေါ်တွင် ရေးသွင်းလိုက်သည်။ ယခုအချိန်တွင် လေယာဉ်ပျံကြီးသည် တွက်ခြေအကိုက်ဆုံး အရှိန်နှုန်းနှင့် ပျံသန်းနေပြီဖြစ်သောကြောင့် လောင်စာဆီကုန်ကျသောနှုန်းထားမှာလည်း အတော်အသင့် သက်သာသော တစ်နာရီလျှင် လောင်စာဆီ ( အလေးချိန် )ပေါင် ၁၇၀၀၀ ခန့်သာ ကုန်ကျတော့သည်။

ထို့ကြောင့် ပျံသန်းချိန် ငါးနာရီခန့်အထိ လောင်စာဆီလုံလောက်မှုရှိသည်။ သို့ရာတွင် မည်သည့်လေယာဉ်မှူးမဆို ဘိုးရင်းဂျက် ၇၄၇ နှင့် ပတ်သက်လာပါက တိတိကျကျ တွက်ချက်ရဲကြမည် မဟုတ်သောကြောင့် အများဆုံးပျံသန်းချိန်ကို လေးနာရီခန့်ဟု သတ်မှတ်ရပေလိမ့်မည်။ အယ်လ်မားဂရက်ဇ်သို့ သုံးနာရီခန့် ပျံသန်းရမည်။ ထို့နောက် မည်သို့မည်ပုံဖြစ်ပျက်လာမည်နည်း။ ပုပ်ရဟန်းမင်းကြီးကို အဝေးတစ်နေရာသို့ ခေါ်သွားကြမည်လော။ ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများအား တစ်ယောက်မျက်နှာ တစ်ယောက်ကကြည့်ပြီး နေရစ်ကြရန် ထားခဲ့မည်လော။

နိုဝါကိုစကီသည် အင်္ဂျင်တစ်လုံးစီ၏ နှလုံးခုန်သံ၊ သွေးတိုးနှုန်းနှင့် အသက်ရှူသံတို့ကို ဖော်ပြလျက်ရှိသော ရှုပ်ထွေးပွေလီလှသည့် ဒိုင်ခွက်မျိုးစုံကို နောက်တစ်ကြိမ် [illegible]ဆေးကြည့်ရှုလိုက်သည်။ သူသည် စက်ကိရိယာများနှင့် ပတ်သက်လာပါက အမြဲတာဝန်ရှိသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငင်း၏ဖခင်သည် မည်သို့မည်ပုံရှိရှာလေမည်နည်း။ သေများသွားလေပြီလား။ မဖြစ်နိုင်။ လုံးဝမဖြစ်နိုင်။ အကယ်၍ ငင်း၏ဖခင်သာ သေသွားခဲ့သည်ရှိသော် နိုဝါကိုစကီသည် နာကျင်မှုဝေဒနာ သို့မဟုတ် ကြက်သီးတဖြန်းဖြန်းထခြင်း စသောနည်း တစ်နည်းနည်းဖြင့် သိကိုသိရမည်ဟု ယုံကြည်လျက်ရှိသည်။ သို့တိုင်အောင် မျက်စိမဖွင့်တဖွင့် မှုန်ရှာဖြူဖပ်ဖြူရော်နှင့် သေနေပုံရသော ဖခင်၏မျက်နှာကို မြင်ယောင်နေမိပြီး ထိုရုပ်သွင်က ငင်းအား ခြောက်လှန့်နေဆဲပင်။ သူက ဆိုးရွားသော ထိုအတွေးများကို မောင်းထုတ်နေသော်လည်း မကြာခဏဆိုသလို ကျူးကျော်ဝင်ရောက်လာစမြဲပင်။

သူ့နောက်ဘက်ရှိ အပိုထိုင်ခုံတွင် ဖာဒီယာသည် မလှုပ်မယှက် ထိုင်နေသည်။ ထုံးစံအားဖြင့် ထိုထိုင်ခုံတွင် လေကြောင်းကြီးကြပ်မှုအဖွဲ့မှ ကြီးကြပ်ရေးမှူးများ၊ လေယာဉ်ကုမ္ပဏီမှ လိုက်လံကြီးကြပ်ရသော လေယာဉ်မှူးများ၊ သို့မဟုတ် အခြားတစ်နေရာသို့ ကမန်းကတန်း စေလွှတ်ခံရသော ထရန့်စ်အမ်မှ အခြားလေယာဉ်မှူးများသာ စီးနင်းလိုက်ပါလေ့ရှိသည်။ ဖာဒီယာတစ်ယောက် နှုတ်ဆိတ်နေသည်မှာ အတော်ကြာခဲ့လေပြီ။ သူက တစ်ချက်လှမ်းကြည့်လိုက်ရာ ဖာဒီယာက ခပ်တည်တည်နှင့် ပြန်ကြည့်လိုက်သည်။ သံမဏိအသည်းနှလုံးရှိသော ခွေးမပင်တည်း။

ဖာဒီယာသည် သေနတ်ကို ကျင်လည်စွာ ကိုင်တွယ်တတ်ပုံရသည်။ ချစ်စရာကောင်းသော မိန်းကလေးတစ်ဦးထံ၌ သေနတ်ရှိနေသည်ဆိုခြင်းက ပို၍ကြောက်စရာကောင်းသည်။ သေနတ်ကိုင်မိန်းကလေးသည် အရုပ်ဆိုးဆိုး၊ ဒါမှမဟုတ် ယောကျ်ားရှာဖြစ်ခဲ့လျှင် နည်းနည်းတော့ ဖြေသာလိမ့်ဦးမည်။ ဦးနှောက်ခြောက်စရာကောင်းသည့်ကိစ္စမှာ ဒီမိန်းကလေးသည် မရမက လူပျိုလှည့်ချင်စရာကောင်းသော မိန်းကလေးမျိုး ဖြစ်နေသည်။

ယခုအချိန်တွင် ထူးထူးခြားခြား အေးချမ်းလျက်ရှိသည်။ မည်သူကမျှ တစ်ခွန်းတစ်ပါဒ ပြောကြ ဆိုကြခြင်း မရှိ။ အရှေ့ဂျာမနီမှ တိုက်လေယာဉ်များ ပြန်သွားခဲ့ကြသည်မှာလည်း ကြာလေပြီ။ ဟန်ဂေရီနိုင်ငံပေါ်တွင် ဂျက်လေယာဉ်နှစ်စီးက ဆယ်မိနစ်ခန့် ယှဉ်တွဲပျံသန်းပြီး လိုက်လံပို့ဆောင်ပေးကြသည်။ ထို့နောက် ရုတ်တရက် ဖယ်ခွာသွားကြသည်။ လောလောဆယ်တွင်မူ မိုးကောင်းကင်ထဲ၌ ၇၄၇ လေယာဉ် တစ်စီးတည်းသာ ရှိပုံရသည်။ ၇၄၇ လေယာဉ်သည် တစ်ညလုံးလုံး ပျံသန်းလာခဲ့ရသောကြောင့် နေရောင်ခြည်က ပိုမိုထွန်းလင်းတောက်ပသည်ဟု ထင်နေရသည်။ အောက်ဘက်ရှိ မိုးသားမိုးတိမ်များမှာ လွင့်စဉ်ကွယ်ပျောက်စ ပြုကြလေပြီ။

ဥရောပအရှေ့ပိုင်းဒေသအတွက် သာယာသော နေ့တစ်နေ့အဖြစ် အစပျိုးခဲ့လေပြီ။

ယခုအချိန်တွင် ငင်းတို့လေယာဉ်၏ ခရီးစဉ်ကို တစ်ကမ္ဘာလုံးက အာရုံစူးစိုက်၍ နေကြလိမ့်မည်ဟု နိုဝါကိုစကီက တထစ်ချ ယုံကြည်ထားသည်။ မြို့ကြီးပြကြီးတိုင်းရှိ အထူးအရေးကြီး တယ်လီဖုန်းလိုင်းများသည် အထူးအလုပ်ရှုပ်နေကြမည်မှာ သေချာသည်။ နိုင်ငံရေးသမားများကလည်း ပြောသင့်သောစကား၊ မပြောသင့်သောစကား စသည်တို့ကို

www.burmeseclassic.com



ပြင်းပြင်းထန်ထန် စဉ်းစားနေကြလိမ့်မည်။ ဤကိစ္စကိုမှီ၍ မည်သို့မည်ပုံ အမြတ်ထုတ်ရမည်ကို အကြံအစည်ထုတ်၍ နေကြပေလိမ့်မည်။

နိုဝါကိုစကီသည် လေကြောင်းကြီးကြပ်မှု ဆက်သွယ်ရေးစနစ်တွင် နောက်ခံအသံအဖြစ် အမြဲတစေကြားနေရသော မော့စ်သင်္ကေတ အချက်ပေးစနစ် သတင်းပို့သံကို မကြားရတစ်ချက် ကြားရတစ်ချက် ဖြစ်နေသည်။ ထိုအသံမှာ လေယာဉ်ခရီးစဉ်တိုင်းတွင် အမြဲတစ်စေ ကြားနေရသောကြောင့် သည်းညည်းခံရလေ့ရှိသော အသံဖြစ်ပြီး လေကြောင်းကြီးကြပ်မှု အင်ဂျင်နီယာတစ်ယောက်အဖို့ စိတ်ဝင်စားဖွယ်ရာကိစ္စ မဟုတ်ပါချေ။

ထို့နောက် နိုဝါကိုစကီသည် မော့စ်သင်္ကေတအချက်ပေးသံကို ဖျင်းဖျင်းရိရိဖြင့် စတင်နားထောင်နေသည်။ ယခုထွက်ပေါ်လာသော အချက်ပေးသံမှာ ရေလှိုင်းများပမာ ထပ်ခါတလဲလဲ ထွက်ပေါ်လာနေသဖြင့် ထူးခြားသော ပုံသဏ္ဌာန်ကို ဆောင်နေသည်။ အမှတ်တမဲ့ နားထောင်နေသူများအတွက်ဆိုပါက မျဉ်းတို၊ မျဉ်းရှည်များသာ ဖြစ်နေမည်ဖြစ်သော်လည်း နိုင်ငံတကာ လေကြောင်းရီးစဉ်များတွင် ထိုအသံမျိုးကို နာရီပေါင်းထောင်ပေါင်းများစွာ နားထောင်လာခဲ့ဖူးသော နိုဝါကိုစကီအဖို့ ယခုအချက်ပေးသံမှာ ထူးထူးခြားခြား ကွဲပြားနေသည်။ နိုဝါကိုစကီသည် ခဲတံတစ်ချောင်းကို ကောက်ကိုင်ပြီး စာလုံးများကို စိတ်မပါတပါနှင့် ကူးရေးကြည့်သည်။

..... AFEYOURFAMILIESARESAFEYOURFAMI.....

မေးကြောကြွက်သားများ ရုတ်တရက် ပြတ်ထွက်သွားသလို သူ့ပါးစပ်သည် ဆတ်ကနဲ ဟသွားသည်။

ဘုရား . . . ဘုရား။ မည်သည့်ကိစ္စကို အကြောင်းကြားနေခြင်းဖြစ်ကြောင်း သူရိပ်မိသွားသည်။ စာလုံးများကို အချိန်နေရာတွင် ကန့်ပေးလိုက်ရုံမျှဖြင့် အဓိပ္ပါယ်မှာ အများကြီးပြောင်းလဲသွားသည်။

..... AFE-YOUR-FAMILIES-ARE-SAFE.....

. . . . . သင်တို့၏-မိသားစုများ-ဘေးကင်းပြီ. . . . .

..... YOUR .....

. . . . . သင်တို့၏. . . . .

တစ်နည်းနည်းနှင့် စွမ်းဆောင်နိုင်ခဲ့ကြလေပြီ။ သူတို့၏မိသားစုများကို လွတ်အောင်လုပ်နိုင်ခဲ့ကြပြီ။ အားရဖွယ်ကောင်းလေစွ။

နိုဝါကိုစကီသည် သူ့အပြုံးကို လက်ဖဝါးနှင့်အုပ်၍ ဖုံးကွယ်လိုက်ပြီးနောက် ဖာဒီယာကို ကျောခိုင်းမိအောင် ၎င်း၏ စက်ခလုတ်ခုံနှင့် မျက်နှာချင်း ပြန်ဆိုင်လိုက်သည်။ သူ့ အမူအရာနှင့် ပတ်သက်၍ ထူးထူးခြားခြား မဖြစ်ပါစေနှင့်ဟု ဆုတောင်းမိသည်။ သူ့တစ်ကိုယ်လုံး ကိုယ်ရောင်ကိုယ်ဝါ ထွက်နေသလို ခံစားနေရသည်။ စိတ်အေးအေးထား။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို အေးအေးသက်သာထား။ နိုဝါကိုစကီသည် တိုင်းစရိုက္ခင်ဝီ အသံပမ်းစက်မှ အသံဖမ်း ခလုတ်ကို အမှတ်မထင် လျှော့ချလိုက်သည်။

ပြဿနာမှာ ထိုသတင်းကို မာလိုရီနှင့် ဇူင်ဆင်တို့အား အသိပေးရန်ဝင်ဖြစ်သည်။ စာရွက်ကို ကမ်းပေး၍တော့ မဖြစ်။ ဖာဒီယာက ချက်ချင်း ယူကြည့်လိမ့်မည်။

ဒီတော့ ဖာဒီယာကို အာရုံပြောင်းအောင် လုပ်ရမည်။

နိုဝါကိုစကီက ပြောလိုက်သည်။

'ကော်ဖီနည်းနည်း သောက်ချင်တယ်ဗျာ'

သူက ဖာဒီယာဘက်သို့ လှည့်လိုက်၏။

'ဖြစ်တယ် မဟုတ်လား'

ဖာဒီယာက ခပ်ဆတ်ဆတ် ခေါင်းညိတ်သည်။

ဟန်ကျလေပြီ။ ထို့ကြောင့် လေယာဉ်မယ်ကိုခေါ်သော ခလုတ်ကို နှိပ်လိုက်သည်။ ထို့နောက် စာရွက်ကလေးကို သေသေသပ်သပ် ခေါက်လိုက်၏။ စောင့်နေရခိုက် အသက်ပြင်းပြင်းရှူပြီး ဆုတောင်းနေရသည်။

နောက်ဘက်မှ တံခါးလက်ကိုင်ကို လှည့်သံ ကြားလိုက်ရသည်။

သူက နောက်ဘက်သို့ လှည့်ကြည့်လိုက်၏။ ဖာဒီယာကလည်း အစောင့်ဖြစ်သူကို သဘောတူကြောင်း ခေါင်းညိတ်ပြရန် လှည့်ကြည့်သည်။

ခေါက်ထားသော စာရွက်ကလေး ၎င်း၏ပေါင်ပေါ်သို့ ကျလာသောအခါ ဇူင်ဆင် တစ်ယောက် အူကြောင်ကြောင် ဖြစ်သွားသည်။ သို့သော် ငုံ့မကြည့်မိအောင်နှင့် ဘာလဲဟု မမေးမိအောင် 'သတိ'တော့ ရှိပေသေးသည်။

'ဘာများ အလိုရှိပါသလဲရှင်'

ဒီးက မေးခွန်းထုတ်သော မျက်နှာထားနှင့် လှမ်းမေးနေသည်။

'ကော်ဖီတစ်ခွက်လောက်များ ရနိုင်မလား'

'သိပ်ရတာပေါ့၊ တခြားလူတွေကကော'

ကျန်ပုဂ္ဂိုလ်များက ခေါင်းခါပြကြ၏။

ဖာဒီယာက သဟောက်သဟန်နှင့် လှမ်းပြောသည်။

'မလိုချင်ဘူး၊ ခု ချက်ချင်း ပြန်ထွက်ပြီး တံခါးကို ပြန်ပိတ်ခဲ့'

ဒီးက ပြန်ဖြေလိုက်သည်။

'ရှင်က ချိုချိုသာသာကလေး ဆက်ဆံတယ်ဆိုတော့ စိတ်သာချပါ၊ ချစ်ချစ်ရယ်'

❑

စိတ်ပေါ့ပါးသွားမှုသည် မာလိုရီတစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားသည်။ မာလိုရီသည်

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာအားရနှင့် ဖျင်ဆင်နှင့် နိုဝါကိုစကီတို့၏ ကျောကုန်းကို ပုတ်လိုက်ချင်သော်လည်း သူ့ကိုယ်သူ ချုပ်တီးထားရသည်။ ယခု ဖြစ်ပေါ်လာသော အခြေအနေသစ်ကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးလိုစိတ် ဖြစ်ပေါ်မိသည်။ ထိုကိစ္စက အစစအရာရာကို ပြောင်းလဲသွားစေခဲ့သည်။ စကားအဖြစ် ပြောရမည်ဆိုပါက စစ်ပွဲကို စစ်မျက်နှာ တစ်ဘက်တည်း၌သာ တိုက်ရန်လိုတော့သည်။ ဖျင်ဆင်က လက်နှင့်ကာ၍ ဖြန့်ပြထားသော စာရွက်ကို မာလိုရီ မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက်၊ ထိုသတင်းသည် လေယာဉ်ပျံပေါ်သို့ မည်သည့်နည်းနှင့် ရောက်ရှိလာသည်ကို နားလည်သဘောပေါက်သွားသည်။

ယခုအချိန်တွင် သူတို့အနေနှင့် ဘာပဲလုပ်လုပ်၊ မိသားစုများ၏ လုံခြုံရေးကို တွေးပူစရာ မလိုတော့ပြီ။

သိပ်ကောင်းသည်။ သို့သော် ဘာများလုပ်ရပါမည်နည်း။

တွေးစမ်း၊ ခိုးမှုပဲ၊ တွေးစမ်း။

မာလိုရီ၏ ပျော်မြူးနေသောစိတ်မှာ လွင့်စဉ်ကွယ်ပျောက်စပြုလေပြီ။ ၎င်း၏ ခရီးသည်များနှင့် လေယာဉ်ပျံကြီးအား အန္တရာယ်မဖြစ်အောင် မည်သို့မည်ပုံ ဆောင်ရွက်နိုင်မည်နည်း။ သူ့ကို ပေးထားသော အမိန့်ကတော့ ရှင်းသည်။ အယ်လ်မားဂရက်ဗ်သို့ တိုက်ရိုက်ပျံသန်းရန်ပင်တည်း။

လေယာဉ်ပျံကို ပြန်ပေးဆွဲသည့်စာနှင့်အတူ ပူးတွဲ၍ပေးခဲ့သော မြေပုံအရ အယ်လ်မားဂရက်ဗ် လေဆိပ်မှာ ဟက်ရှီမိုက်နိုင်ငံ နယ်စပ်အတွင်းဘက်တွင် ကပ်လျက်သား ရှိနေသည်။ ထိုနေရာမှာ နှစ်ပေါင်းများစွာကာစ၍ အီရဗာပြောက်ကျားများ၏ ဒေသအဖြစ် သတ်မှတ်ထားသော နေရာဖြစ်သည်။ ထိုလေယာဉ်ကွင်းအား ချဉ်းကပ်ရာတွင် ကန်နန်းနိုင်ငံ တောင်ပိုင်းကို အနောက်မြောက်အရပ်မှ အရှေ့တောင်အရပ်ဆီသို့ မလွှဲမရှောင်သာ ကျော်ဖြတ်ရလိမ့်မည်သာ။ လေဆိပ်ဆီသို့ ချဉ်းကပ်လာမှုနှင့် ဝေဟင်မှ မြေပြင်သို့ ဆင်းသည့် ကိစ္စအားလုံးကို ကန်နန်းနယ်မြေပေါ်၌သာ ပြုလုပ်ရလိမ့်မည်။ အဲဒီတော့ ဘာဖြစ်လာဦးမှာလဲ။ အဲဒီကိစ္စကြောင့် တစ်နည်းတစ်ဖုံ အကူအညီရလာမှာလား။ ရလာမည်ဆိုလျှင် မည်သို့မည်ပုံ ရလာနိုင်သည်ကို သူမတွေးမိပါ။

'ရာသီဥတုနဲ့ ပတ်သက်ပြီး ထူးခြားမှု ရှိသေးသလား'

ဖျင်ဆင်က ပြန်ဖြေသည်။

'ဆိုးရွားနေတုန်းပါပဲ'

အယ်လ်မားဂရက်ဗ်တွင် ပြေးလမ်းတစ်ခုသာရှိသည်။ ပြေးလမ်းကို သံလိုက်စက်ကွင်း ဒီကရီ ၂၂၀ နှင့် ယှဉ်၍ ဖေါက်လုပ်ထားသောကြောင့် မြေပုံပေါ်တွင် ၂၂ ဟူ၍ ရေးမှတ်ထားသည်။ ပြေးလမ်းမှာ တိုးရင်း ၇၇၇ ဆင်းနိုင်လောက်အောင် ၉၂၀၀ ရှည်သည်။ ထို့ကြောင့် လေယာဉ်ပျံကို ပြန်ပေးဆွဲရန် ကြံစည်သူများသည် လေယာဉ်နှင့် သက်ဆိုင်သော ဗဟုသုတများကို ကြားဖူးနားဝအဆင့်ထက် ပိုသိသူများဖြစ်ကြသည်မှာ

www.burmeseclassic.com



သေချာသည်။ သို့ရာတွင် မေးခွန်းနှစ်ခုကိုတော့ ဖြေရန် လိုပေလိမ့်မည်။ မာလိုရီသည် သဲမုန်တိုင်းထဲတွင် ထိုပြေးလမ်းကို ရှာ၍ တွေ့နိုင်ပါမည်လော။ ၎င်းအပြင် ထိုပြေးလမ်းသည် ယခုလောက် လေးလံသော လေယာဉ်ပျံကြီးအတွက် အန္တရာယ်မဖြစ်အောင် ကောင်းမွန်သော အခြေအနေတွင် ရှိနေပါမည်လော။

မာလိုရီက ပြေးလမ်း၏ မျက်နှာပြင်နှင့် ပတ်သက်၍ တစ်စုံတစ်ရာ သိရှိထားခြင်း ရှိမရှိ ဖာဒီယာကို မေးလိုက်၏။

ဖာဒီယာက ပခုံးကို တွန့်လိုက်သည်။

'ဒီလုပ်ငန်းအတွက် လုံလောက်ပါတယ်၊ ကျွန်မ သိသမျှကတော့ အဲဒါပါပဲ'

'ဒီလေယာဉ်ပျံကွင်းဟာ တစ်ချိန်က စစ်လေယာဉ်ပျံကွင်း မဟုတ်လား'

'ထင်တာပဲ၊ ဗြိတိသျှတွေ ဆောက်ခဲ့တဲ့ လေယာဉ်ပျံကွင်းလို့ ကျွန်မ နားလည်ထားတယ်'

'အခုတော့ မသုံးတော့ဘူးပေါ့နော်'

'တစ်ခါတစ်လေ သုံးပါတယ်'

ဘိုးရင်း ၇၄၇ တွေ ဆင်းတာကို ပြောတာများလား။ လေယာဉ်ပျံဘီးသည် ပြေးလမ်းနှင့် ထိလိုက်သည်နှင့်တစ်ပြိုင်နက် ပြေးလမ်း အစိတ်စိတ်အမြွှာမြွှာကွဲကြေသွားနိုင်သည်။ ထိုကဲ့သို့ဖြစ်လာလျှင် ပြဿနာ ပိုမိုရှုပ်ထွေးလာစရာရှိသည်။ မာလိုရီအနေဖြင့် အကြမ်းဖက်ဂိုဏ်းမှ စီမံချက် ရေးဆွဲသူတို့၏ ဉာဏ်အမြော်အမြင်ကြီးမှုကို အားကိုးရန်ကလွဲ၍ မည်သို့မျှ လုပ်နိုင်မည်မဟုတ်။ စီမံချက်ရေးဆွဲသူများသည် ဘိုးရင်း ၇၄၇ လေယာဉ်ပျံကြီး တစ်စီး အောင်မြင်ချောမောစွာ ဆင်းသက်နိုင်ရေးအတွက် တောင့်တင်းခိုင်မာသော ပြေးလမ်းလိုအပ်သည်ဆိုသောအချက်ကို သတိရကြပါစေဟုသာ ဆုတောင်းရတော့သည်။

ဆီးမွန်းခေါ် သဲမုန်တိုင်း။ သောကဖြစ်စရာများအနက် စိတ်ညစ်စရာ အကောင်းဆုံးပင်။ သဲမုန်တိုင်းများသည် အလွန်ဆိုးရွားသည်။ ချက်ချင်း လက်ငင်းဆိုသလို လေတိုက်နှုန်းနှင့် လေတိုက်ခတ်ရာလမ်းကြောင်းတို့ကို ပြောင်းလဲသွားစေနိုင်သောကြောင့်။ လေဆိပ်သို့ ချဉ်းကပ်လာသည့် လေယာဉ်မှူးအား ဦးနှောက်ခြောက်စရာအခြေအနေကို ဖန်တီးပေးတတ်သည်။ သို့ရာတွင် သဲမုန်တိုင်းက ၎င်းတို့အတွက် ပြဿနာဖြစ်အောင် ဖန်တီးနေသည်ဆိုလျှင် မြေပြင်ပေါ်၌ရှိနေသူများအတွက်လည်း ပြဿနာရှိနေလိမ့်မည်သာဖြစ်သည်။ မြင်ကွင်း အားနည်းသောကြောင့် လေယာဉ်တစ်စီးသည် မြေပြင်ပေါ်ရှိ ပုဂ္ဂိုလ်များက မမြင်မတွေ့လိုက်ရပဲနှင့် ပြေးလမ်းပေါ်သို့ ချောချောမောမော ဆင်းသက်ရောက်ရှိလာနိုင်သည်။

မာလိုရီက ထိုအချက်ကို လေးလေးနက်နက် စဉ်းစားကြည့်လိုက်သည်။ တန်ဖိုးရှိလေမည်လား။ တစ်နည်းတစ်ဖုံ အသုံးပြု၍ ရနိုင်မည်လား။ တစ်နည်းပြောရသော် သဲမုန်တိုင်းက တစ်နည်းတစ်ဖုံ အထောက်အကူပြုလေမည်လား။ မည်သို့မည်ပုံ ဆောင်ရွက်သင့်ပါသနည်းဟု ဦးနှောက်အခြောက်ခံ၍ စဉ်းစားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ဖာဒီယာကို စဉ်းစားကြည့်မိသည်။ အယ်လ်မားဂရက်ဗ်သို့ ဆင်းသက်သည့်အခါ ဖာဒီယာက ထူးထူးခြားခြား မည်ကဲ့သို့ 'မြင်'နိုင်စွမ်း ရှိပါမည်နည်း။ ဖာဒီယာသည် လေယာဉ်မှူးများထက် ပို၍မြင်နိုင်ဖွယ်မရှိ။ ဘာတစ်ခုကိုမျှ ရှင်းလင်းပြတ်သားစွာ မြင်ရလိမ့်မည်မဟုတ်။ ပြေးလမ်းဂိုက်အနည်းငယ်ကလွဲ၍ ပိုပြီးမြင်ရမည်မဟုတ်။ တစ်နည်းပြောရသော် ဖာဒီယာသည် လေဆိပ်နှင့်ပတ်သက်၍ တိတိကျကျ သိရှိထားခြင်း မရှိသောကြောင့် ထိုနေရာသို့ တစ်ခါက်မျှရောက်ဖူးဟန်မတူဆိုသော အတွေးက ဖြတ်ကနဲပေါ်လာသည်။ ၎င်းအပြင် ယခုလို သဲမုန်တိုင်းတိုက်ခတ်နေချိန်တွင် ခတ္တမန္တမြို့ လေဆိပ်၌ ဆင်းသက်သည့်တိုင်အောင် လေဆိပ်ကွဲလွဲမှုကို သိလိမ့်မည်မဟုတ်ပါချေ။

သို့သော် ဖာဒီယာနှင့် ၎င်း၏ အပေါင်းအသင်းများသည် အမှန်ကို သိပ်မကြာခင် သိလာကြလိမ့်မည်သာ။ သို့ဖြစ်လျှင် ဘာဖြစ်လာမည်နည်း။ စိတ်ပျက်စရာကောင်းသောအတွေးပင်ဖြစ်သည်။ သို့သော် ကမ္ဘာ့ခေါင်းဆောင်ကြီး၏ အသက်သည် တဲတဲကလေးမျှသာကျန်တော့သည်ကိုလည်း သူ သတိရနေဆဲပင်။ ခိုးမှုပဲ။ တစ်ခုခုတော့ လုပ်ကိုလုပ်ရပေလိမ့်မည်။

ကန်နန်းနိုင်ငံ၏ လေယာဉ်ပိုင်နက်ကို မဖြတ်သန်းမီ ကန်နန်းနိုင်ငံအား ကြိုတင်၍ အသိပေးရမည်မှာ အလွန်သေချာသည်။ ဂျိန်းနှင့် အခြားပုဂ္ဂိုလ်များအကြောင်း ခိုးကြောင်ခိုးဝှက်နှင့် အောင်မြင်စွာ အသိပေးနိုင်ခဲ့သော စိတ်ကူးစိတ်သန်းကဲ့သို့ ကောင်းမွန်သော စိတ်ကူးစိတ်သန်းမျိုး ၎င်းတို့ထဲတွင် ရှိကောင်းရှိနေနိုင်သည်။

မာလိုရီသည် ဖာဒီယာ့ဘက်သို့ လှည့်လိုက်၏။

'ကျုပ် ကန်နန်း လေကြောင်းကြီးကြပ်ရေးဌာနကို ဆက်သွယ်မလို့'

ဖာဒီယာတစ်ယောက် ချက်ချင်း လက်ငင်းဆိုသလို နိုးနိုးကြားကြား ဖြစ်လာသည်။

'ဘာဖြစ်လို့လဲ၊ ကျွန်မတို့ ခုထက်ထိ ကန်နန်းနိုင်ငံပေါ် ရောက်မှ မရောက်သေးတာ'

'ကျုပ်သိပါတယ်၊ ဒါပေမယ့် ကန်နန်းလူမျိုးတွေဟာ အင်မတန် အပစ်အခတ်ဝါသနာပါတယ်၊ မင်းလဲသိမှာပါ'

ဖာဒီယာ ခေါင်းညိတ်သည်။

'ကျုပ်တို့က လေယာဉ်ကွင်းဆီကို အရှိန်လျှော့ပြီး ဆင်းဖို့ ချဉ်းကပ်တဲ့ကိစ္စကို ကန်နန်းနယ်မြေပေါ်မှာ လုပ်ရမှာ၊ ကျုပ်တို့ လာမယ်ဆိုတာ ကြိုပြီးသိနေစေချင်သလို အချိန်မရွေး ဘယ်နေရာမှာ ရှိလိမ့်မယ်ဆိုတာကိုပါ သိစေချင်တယ်၊ မင်း . . . လစ်ဗျားလေကြောင်းကုမ္ပဏီပိုင် ဘိုးရင်း ၇၂၇ လေယာဉ်အကြောင်း သတိရရဲ့လား၊ ၁၉၇၃ ခုနှစ်တုန်းက ထရိုပိုလီကို ကိုင်ရိုက ပျံသန်းတဲ့ ခရီးစဉ်အမှတ် ၁၁၄ လေ'

'မှတ်မိပါတယ်'

'အဲဒီ ခွေးမသားတွေက မိုးသက်မုန်တိုင်းကို ကွေ့ရှောင်ပြီး ပျံသန်းယင်း ... ကန္တာရထဲမှာရှိတဲ့ လျှို့ဝှက် ကန်နန်းစစ်စခန်းတွေပေါ်က အမှတ်တမဲ့ ပျံသန်းမိလျက်သား ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



တယ်'

ဖာဒီယာက ခပ်တိုးတိုးရေရွတ်သည်။

'ဘီယာ ဂတ် ဂါဖာ'

'သိပ်ဟုတ်တာပေါ့၊ ကန်နန်း ဖန်တွန် လေယာဉ်ပျံတွေက ဖမ်းချလိုက်ကြတယ် အဲဒီလိုကိစ္စမျိုးနဲ့ ကျုပ်တို့ မကြုံတွေ့ချင်ဘူး၊ ဒါကြောင့် ကန်နန်းတွေနဲ့ ပြေလည်ချင်တယ် ကျုပ်ပြောတာ မင်းနားလည်တယ် မဟုတ်လား'

ကျေနပ်သွားဟန်နှင့် ဖာဒီယာက ခေါင်းညိတ်သည်။

မာလိုရီက တိတ်တိတ်ဆိတ်ဆိတ် သက်ပြင်းချမိ၏။ ခုအထိ အဆင်ပြေနေတုန်း ပါပဲ။ လစ်ဗျား ၇၂၇ လေယာဉ်ပျံအကြောင်း အစဖေါ်မိသည်မှာ မှန်သွားသည်၊ ကန်နန်း ဖန်တွန်လေယာဉ်များက ၇၂၇ လေယာဉ်အား မြေပြင်ပေါ်သို့ ဆင်းသက်ရန် နိုင်ငံတကာ တွင် သုံးစွဲသော သင်္ကေတစနစ်နှင့် အချက်ပြခဲ့ပုံ၊ သို့သော် ၇၂၇ က လုံးဝ ဂရုမစိုက်ခဲ့ပုံ၊ ဖန်တွန်လေယာဉ်များက သတိပေးသည့်အနေဖြင့် လေယာဉ်ဦးပိုင်းရှေ့ကို စက်သေနတ်ဖြင့် ချောက်လှန့်ပြီး ပစ်ခတ်ပြကြပုံ။ ထိုအချိန်တွင် ထိုလေယာဉ်ပျံမှာ ကင်းထောက်သူလျှို လေယာဉ်ဖြစ်ကြောင်း ကန်နန်းတို့ဘက်က ယုံကြည်သွားကြသည်။ ထို့ကြောင့် ဖန်တွန် လေယာဉ်များက ဘိုးရင်း ၇၂၇ အား အနည်းအကျဉ်းသာ ထိခိုက်ပျက်စီးစေလိုပြီး မြေပြင် ပေါ်သို့ ဆင်းသက်စေလိုသောကြောင့် အတောင်ပံ ထိပ်ဖျားကိုသာ ချိန်၍ပစ်ခတ်ပုံ။ သို့ရာတွင် ထိုပစ်ခတ်မှုက လေယာဉ်ပျံကြီးကို ကြီးကြီးကျယ်ကျယ် ထိခိုက်ချို့ယွင်းသွားစေပြီး စူးအက်တူးမြောင်း၏ အရှေ့ဘက် ၁၂ မိုင်အကွာ၌ပျက်ကျသွားသောကြောင့် လေယာဉ်ပေါ် တွင် ပါသူအားလုံးလိုလို သေကြေခဲ့ရပုံ စသည်တို့ကို ပြန်လည်၍ တွေးနေမိသည်။

သူက ဂျင်ဆင်အား ကန်နန်းလေကြောင်းကြီးကြပ်ရေးနှင့် ဆက်သွယ်ရန် ပြောလိုက် သည်။

ဖာဒီယာက လှမ်းပြောသည်။

'ညဏ်မများနဲ့နော်'

'ညဏ်မများနဲ့၊ ဟုတ်လား'

မာလိုရီက ပန်းကိုတွန့်ယင်း အမှန်အတိုင်း ပြောလိုက်သည်။

'ညဏ်များစရာတွေ ကျုပ်ဆီမှာ ရှိပါစေလို့ ဆုတောင်းနေတာပါဗျာ'

ကန်နန်းလေကြောင်း ကြီးကြပ်ရေးဌာနက ပြန်ဖြေသည်။

'ကျုပ်တို့က ခင်ဗျားတို့ရဲ့ အနေအထားကို ရိပ်စားမိပါတယ်'

မာလိုရီက ပြောလိုက်သည်။

'ကျုပ်တို့ကို အယ်လ်မားဂရက်ဝ်မှာ ဆင်းရမယ်လို့ အမိန့်ပေးထားပါတယ်၊ ကျုပ်က လေယာဉ်ပျံကွင်း အခြေအနေနဲ့ ခုလိုမုန်တိုင်းအတွင်းမှာ ဆင်းလို့ ရ မရ သိချင်ပါတယ်'

'ကောင်းပါပြီ၊ ထရန်အမ်၊ အယ်လ်မားဂရက်ဝ်မှာရှိတဲ့ တစ်ခုတည်းသော လေယာဉ်

www.burmeseclassic.com

www.burmeseclassic.com



ပြေးလမ်းနဲ့ ပတ်သက်ပြီး ဘာသတင်းမှ မရသေးပါဘူး၊ ကျုပ်တို့ ပြောနိုင်သမျှကတော့ အဲဒီလေယာဉ်ပျံကွင်းဟာ တပ်မတော်လေယာဉ်ကွင်းတစ်ခုဖြစ်ပြီး သိပ်မသုံးစွဲခဲ့တာ နှစ်ပေါင်းများစွာ ကြာပြီဆိုတာလောက်ပါပဲ၊ လေယာဉ်ပျံကြီးတွေ ဆင်းတယ်လို့လဲ မကြားဖူးပါဘူး၊ သေချာတဲ့ အချက်ကတော့ လောလောဆယ်မှာ ရာသီဥတု အလွန်ဆိုးရွားနေတယ် ဆိုတာပါပဲ၊ အဲဒီပတ်ဝန်းကျင်မှာ သဲမုန်တိုင်းတစ်ခုဖြစ်ပေါ်နေပါတယ်၊ လွန်ခဲ့တဲ့ လေး၊ ငါး၊ နှစ်အတွင်း အဆိုးဆုံးရာသီဥတုပါပဲ၊ လေကလဲ တစ်နာရီ မိုင် ၅၀ နှုန်းအထိ ရှိနေပါတယ်၊ ဝမ်းသာစရာ အချက်တစ်ချက်ကတော့ ညနေပိုင်းကျယင် လေတိုက်နှုန်း လျော့သွားမယ်လို့ ယူဆရပါတယ်၊ ခင်ဗျားသိအောင် သတင်းပေးရမယ်ဆိုယင် ကန်နန်း နိုင်ငံရဲ့ မြို့တော်က လေဆိပ်ကို သဲမုန်တိုင်းကြောင့် ခုနစ်နာရီလုံးလုံး ပိတ်ထားခဲ့ရတယ် ဆိုတာပါပဲ၊ ခင်ဗျားအနေနဲ့ အခြားလေဆိပ် တစ်ခုခုကိုဖြစ်စေ၊ ဒါမှမဟုတ် မုန်တိုင်းငြိမ်သွားတဲ့အထိ မဆင်းဘဲ ဝဲနေတာမျိုးဖြစ်စေ လုပ်သင့်တယ်လို့ အကြံပေးပါတယ်'

'ကျေးဇူးတင်ပါတယ်၊ ကံဆိုးချင်တော့ မုန်တိုင်းကိုစောင့်ဖို့ လောင်စာဆီ လုံလုံ လောက်လောက် မရှိပါဘူး၊ ပြီးတော့လဲ လေယာဉ်မောင်းခန်းထဲမှာရှိတဲ့ ပြန်ပေးသမားက လေဆိပ်ပြောင်းဖို့ကိစ္စကို လုံးဝသဘောမတူပါဘူး'

'မတူဘူး'

ဖာဒီယာသည် ချက်ချင်းလိုလိုပင် မာလိုရီ၏ ပခုံးပေါ်သို့ ရောက်ရှိလာသည်၊ မာလိုရီ၏ လက်ထဲမှ စကားပြောခွက်ကို လုယူလိုက်၏။

'လုံးဝ မပြောင်းလဲရဘူး၊ ကျွန်မတို့ အယ်လ်မားဂရက်ဗ်မှာပဲဆင်းမယ်၊ ကြားတယ် မဟုတ်လား'

ကန်နန်း ကြီးကြပ်ရေးမှူးက ပြန်ဖြေသည်။

'ကျုပ်ကြားပါတယ်၊ ဒါပေမယ့် လုပ်တာ သိပ်သဘာဝ မကျဘူး၊ ရာသီဥတုက သိပ်ကို ဆိုးရွားနေတယ်၊ သိပ်ကို ဆိုးရွားနေတာ'

မာလိုရီက ဝင်၍ ဖြည့်စွက်လိုက်သည်။

'သူတို့က မြို့တော်ကလေဆိပ်ကို ပိတ်ထားကြတယ်၊ ဒီတော့ လေယာဉ်ဆင်းတဲ့ နေရာမှာ အဲဒီလေဆိပ်မှာလို ခေတ်မီ အကူအညီ ပစ္စည်းကိရိယာတွေမရှိတဲ့ သဲကန္တာရထဲ က ပြေးလမ်းတိုကလေးပေါ်မှာ ဆင်းနိုင်လိမ့်မယ်လို့ မင်းက ဘယ်လိုလုပ်ပြီးပြောနိုင်မှာလဲ'

'ရှင် ဆင်းကို ဆင်းရမယ်'

ဖာဒီယာ၏ လေသံကလည်း မာသည်။

'ဒါပေမယ့်. . . . '

'မငြင်းနဲ့'

မာလိုရီသည် အသံလွှင့်သည့်ခလုတ်ကို လက်မနှင့်ဖိလိုက်၏။

'အကျိုးမထူးဘူးဗျို့၊ ကျုပ်တို့ကို အယ်လ်မားဂရက်ဗ်မှာ ဆင်းရမယ်လို့

www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးထား တော့ ကျုပ်တို့က စမ်းတော့ကြည့်ရမှာပဲလို့ ထင်တယ်'

'နားလည်ပါတယ် ထရန့်စ်အမ်'

'ကျုပ်တို့ ဂါဇာပေါ်ကဖြတ်ပြီး ဆီးယာရှိဘာ VORTAC ဆီဖုံးယံ ပြီးမှ အယ်မားဂရက်ဝ်မှာရှိတဲ့ ရေဒီယိုလှိုင်းလွှင့်ပေးတဲ့ နေရာဆီကို တိုက်ရိုက်သွားမယ်'

'သဘောပေါက်ပါတယ် ထရန့်စ်အမ်၊ ခွင့်ပြုချက်အတွက် အသင့်စောင့်နေပါ'

မာလိုရီသည် မသုံးတော့သော လေယာဉ်ကွင်းပေါ်မှ တစ်ခုတည်းသော ပြေးလမ်းအကြောင်း စဉ်းစားယင်း၊ မြေပုံကို လေ့လာနေသည်၊ ကိုးရိုးကားရား ဖြစ်နိုင်ဖွယ်ရှိသည့် အလားအလာများမှာ များပြားလွန်းသောကြောင့် လေဆိပ်ကို တွေ့အောင်ရှာပြီးမှ ဆင်းဖို့ကိစ္စကို ဆက်စဉ်းစားတာ အကောင်းဆုံးပဲဟု တွေးမိတော့သည်။ ထိုအခိုက်မှာပင် ဖြတ်ကနဲ အတွေးတစ်ခု ပေါ်လာသည်။ အုံဩစရာကောင်းသော စိတ်ကူးပင်။ သူက ထိုစိတ်ကူးကို ခေါင်းထဲမှ မောင်းထုတ်လိုက်၏။ သို့သော် သူ ထပ်စဉ်းစားမိပြန်သည်။ မြေပုံကို နောက်တစ်ကြိမ် ထပ်လေ့လာပြန်၏။

မဖြစ်ဘူး၊ ပုပ်ရဟန်းမင်းကြီး လေယာဉ်ပေါ်တွင် ရှိနေသဖြင့် မဖြစ်နိုင်။ ဒါပေမယ့် ဒီကိစ္စက ပုပ်ရဟန်းမင်းကြီးကို ကာကွယ်ဖို့ ကိစ္စပါ။ ကာကွယ်ဖို့ ကြိုးပမ်းအားထုတ်သည့် ကိစ္စပါ။

သူက ဂျင်ဆင်ကို လှမ်းကြည့်လိုက်၏။ ဂျင်ဆင်က ရှေ့တူရူသို့ ကြည့်ယင်း အတွေးနက်နေသည်။

စမ်းကြည့်ထိုက်ပါသလား။

စမ်းသင့်သည်။ မစမ်းသင့်။ စမ်းသင့်သည်။ စမ်းကြည့်သင့်သည်။

သူက အသံလွှင့်သည့်ခလုတ်ကို နှိပ်လိုက်သည်။

'လေကတော့ သိပ်ကို ထန်တာပဲ၊ ဒါပေမယ့် ပြေးလမ်းအမှတ် ၁၃ အတိုင်း၊ လေက အလိုက်သင့် တိုက်ပေးနေတယ်ဆိုတော့ ဘုရားသခင်ကို ကျေးဇူးတင်ရ မလိုလိုတောင် ဖြစ်နေပြီ၊ အဲဒီပြေးလမ်းဟာ ပေခုနစ်ထောင်နဲ့ ငါးဆယ်ပဲရှည်တယ်ဆိုတာ ကျုပ်သိပါတယ် ဒါပေမယ့် လေကိုဆန်ပြီး ဆင်းရမှာဆိုတော့ ပြေးလမ်းအရှည်က အလောတော်လောက်ပဲ ဖြစ်ပါလိမ့်မယ်၊ ပြီးပါပြီ'

သူက အသံလွှင့်သည့် ခလုတ်ပေါ်မှ လက်ကို ပြန်မရုတ်ပဲ ဆက်၍နှိပ်ထားသည်။

ပြီးတော့ အစစအရာရာ ချောမောပါစေတု ဆုတောင်းလိုက်သည်။ ဤလုပ်ရပ်မှာ ကြီးကြီးမားမား စွန့်စားခြင်းတစ်မျိုးပင် ဖြစ်ချေသည်တကား။

❑

ကန်နန်းမြို့တော်မှ ကြီးကြပ်ရေးမှူးချုပ် ခိုန်းဟတ်ရှိဦးနှောက်ခြောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီငတိ ဘာတွေ ပြောနေတာပါလိမ့်။ ပြေးလမ်း ၁၃ ဆိုပါကလား။ အယ်လ်မားဂရက်ဗ်တွင် ပြေးလမ်းအမှတ် ၁၃ ဆိုတာ မရှိ။ သူက သေချာအောင် မြေပုံကို နောက်တစ်ခေါက် ထပ်ကြည့်မိပြန်၏။ ပြေးလမ်းအမှတ် ၂၂ တစ်ခုတည်းသာရှိသည်။

သူက ပတ်ပတ်လည်တွင် ရှိနေသော ကြီးကြပ်ရေးမှူးများ ဘက်သို့ လှည့်လိုက်သည်။

'ဒီငတိက ဘာတွေ လျှောက်ပြောနေတာလဲ'

'ဒီငတိ ဦးနှောက်ချောင်သွားလို့ ဖြစ်မှာပါ'

'ဘယ်သူ မချောင်ပဲ ခံနိုင်ပါ့မလဲ'

'သူ့ကို နောက်တစ်ကြိမ် ထပ်ပြောခိုင်းရင် ကောင်းမယ်'

'ခု လောလောဆယ်မှာတော့ ပြောခိုင်းလို့ မရဘူး၊ သူက အသံလွှင့်တဲ့ ခလုတ်ကို ဆက်ပြီး ဖိထားတဲ့ပုံစံကို အသံလှိုင်းတွေကတစ်ဆင့် တွေ့နေရတယ်၊ အဲဒီတော့ ကျုပ်တို့ ဒီက လွှင့်တာကို သူဘက် ဖမ်းယူနိုင်မှာ မဟုတ်ဘူး'

အသံလွှင့်ခလုတ်က ဆက်ဖွင့်ထားသည်။ သို့သော် ပြဿနာ'ထွေ'နေသော လေယာဉ်ကြီးပေါ်မှ ဘာတစ်ခုမှ အသံမလွှင့်တော့ချေ။ ဘာဖြစ်လို့လဲ။ လေယာဉ်မောင်းခန်းထဲမှ ဝန်ထမ်းများ၏ မှားယွင်းမှုလား။ ဒါမှမဟုတ် တမင်လုပ်တာများလား။

တစ်ယောက်က ဝင်ပြောသည်။

'အဲဒီ ပြေးလမ်းနံပါတ်နဲ့ ပေရှည်က မှားနေတယ်၊ ဒါပေမယ့် ကြားဖူးသလိုလိုပဲ'

'ကြားဖူးတယ်၊ ဟုတ်လား'

'ဘယ်သူ့ဆီမှာ လေဆိပ်လမ်းညွှန်စာအုပ်ရှိသလဲ'

ထရန့်စ်အမ်လေယာဉ်မှူးသည် 'သတင်းမှန်'ကို ငင်းထံသို့ အသံလွှင့်၍ အသိပေးမည်ကို ကာကွယ်လိုသည့်သဘောနှင့် အသံလွှင့်သော ခလုတ်အား တမင်ဖိထားသည်ဟု ချိန်းဟတ်ရှ်က တထစ်ချ ယူဆယုံကြည်လာသည်။ အယ်လ်မားဂရက်ဗ်တွင် ပြေးလမ်းအမှတ် ၁၃ ဟူ၍ လုံးဝမရှိ။ အမေရိကန်ပိုင်းလော့က မည်သည့်အချက်ကို အသိပေးနေခြင်း ဖြစ်ပါသနည်း။

'ကျွန်တော့်ဆီမှာ လေဆိပ်လမ်းညွှန်ရှိတယ်'

'ပေးစမ်း'

တစ်ယောက်က စာအုပ်ကို ကမန်းကတန်း လှန်လှောပြီး ရှာဖွေနေသည်။

နောက်ဆုံးတွင် ထရန့်စ်အမ်သည် အသံလွှင့်သော ခလုတ်ကို ဖိထားရာမှ ပြန်လွှတ်လိုက်သည်။

အသံဗလံများ ငြိမ်သက်သွားသည်။ ချိန်းဟတ်ရှ်သည် မေးစေ့ကို လက်နှင့် ကုတ်လိုက်၏။ ယခု ဘာဆက်လုပ်ရမည်နည်း။ လောလောဆယ်တွင် ဘာဖြစ်လာမည်နည်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်ကို စောင့်ကြည့်သည့်အနေနှင့် အလိုက်သင့် မျှောပြီးလိုက်ရန် ဆုံးဖြတ်လိုက်သည်။

ချိန်းဟာတ်ရှ်က ပြောလိုက်၏။

'ခင်ဗျားရဲ့ သုံးသပ်ချက်ကို ကျုပ် သဘောတူတယ် ထရန့်စ်အမ် အသံထိန်းစက်ချောင်းနဲ့ သိပ်မဝေးတဲ့ မိုးလေဝသဌာနတစ်ခုကရတဲ့ ရာသီဥတု အနေအထားအရ အရှေ့တောင်ဘက်က တစ်နာရီ ၃၇ မိုင်နှုန်းနဲ့ တိုက်နေတဲ့ လေဟာ ၄၈ မိုင်နှုန်းအထိ ရှိလာနိုင်တယ်တဲ့ ဒီတော့ အယ်လ်မားဂရက်ဗ်က ပြေးလမ်း ၁၃ ပေါ်မှာ ခင်ဗျားဆင်းတဲ့အခါတုန်းက လေနဲ့ တည့်တည့်ဝင်တိုးမိမှာပဲ'

'ကောင်းပါပြီ၊ ကျေးဇူးတင်ပါတယ်'

လေယာဉ်မှူးအသံသည် စိတ်ချမ်းသာမှု ရရှိသွားပုံရသည်။ တစ်ခုခုတော့ တစ်ခုခုပဲလေ။ ဒါပေမယ့် ဘာပါလိမ့်။ ချိန်းဟာတ်ရှ်သည် မိမိလုပ်ရပ်ကို ကျေနပ်သွားဟန်နှင့် ခေါင်းညိတ်နေမိသည်။

တစ်ယောက်က ဗုဒ်ငါးပဲ့ကို လက်နှင့်တို့လိုက်၏။

'ကျုပ်သိပြီဗျို့၊ ပြေးလမ်း ၁၃ အရှည်က ပေ ၇၀၅၀'

လက်ညိုးအားလုံးသည် မြေပုံပေါ်ရှိ တစ်နေရာသို့ ဝိုင်းထောက်လိုက်ကြ၏။

'ရာမတ်ရှာမွန်'

ထိုနေရာမှာ ပင်လယ်သေ၏ တောင်ဘက် ထိပ်ဖျားနှင့် အီရတ်ပင်လယ်ကွေ့မြောက်ဘက်ထိပ်ဖျားတို့၏ အလယ်ကောင်လောက်တွင် ရှိပြီး ဟက်ရှိမိုက်နိုင်ငံ၏ နယ်နိမိတ်နှင့် တစ်မိုင်ခန့်သာ ဝေးသော နီဂက်ဗ်ကန္တာရထဲမှ လေဆိပ်တစ်ခုဖြစ်သည်။ တချိန်သော အခါက အသုံးများခဲ့သော ကန်နန်းလေတပ်မတော်၏ စခန်းတစ်ခုဖြစ်ပြီး ယခုအချိန်တွင်မူ လူသူကင်းမဲ့၍ အသုံးမပြုသော လေဆိပ်ဟောင်းတစ်ခုဖြစ်သည်။

'ဟက်ရှိမိုက် နယ်နိမိတ်ပေါ် ရောက်လုနီးပါးပဲ'

'အဲဒါကြောင့် ပိတ်ပစ်ခဲ့တာပေါ့၊ ပြီးတော့လဲ အဲဒါကြောင့် ထရန့်စ်အမ် လေယာဉ်မှူးက ရွေးတာဖြစ်မှာပေါ့'

'သူက အဲဒီနေရာမှာ ဆင်းဖို့ ကြိုးစားမလို့လား'

'ထင်တာပဲ'

'ဒီလူ အရူးပဲ၊ အဲဒီနေရာကို သုံးမှ မသုံးတော့တဲ့ဥစ္စာ'

'အဲဒီနေရာကို လေယာဉ်ပျံတွင်းများတယ်လို့ ဘယ်သူကမှ သိနိုင်ဘူးထင်လို့ ဖြစ်မှာပေါ့'

ချိန်းဟာတ်ရှ်က ပြောလိုက်သည်။

'သူတွေးတာ မှန်နိုင်တယ်၊ ရာသီဥတုကို ထည့်စဉ်းစားရတယ် ခင်ဗျားတို့ကို လှမ်းမြင်နိုင်မှာ မဟုတ်ဘူး'

'သူ မြေပုံမှားကြည့်မိတာလဲ ဖြစ်နိုင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'မြေပုံမှားတယ်၊ ဟုတ်လား'

'ဖြစ်နိုင်ပါတယ်၊ သူက ဒီဒေသဘက်ကို ခရီးထွက်ဖို့ ရည်ရွယ်ချက်မှ မရှိတာ၊ သူ့ဆီမှာ အင်မတန် ခေတ်နောက်ကျနေတဲ့ မြေပုံတွေပဲ ပါချင်ပါလာမှာပေါ့'

ချိန်းဟတ်ရှုက ခေါင်းညိတ်လိုက်၏။ ဖြစ်နိုင်သည်။ သို့သော် အသံလွှင့်သည့်ခလုတ်ကို မတော်တဆ ဖိနှိပ်ထားသည်ဆိုတာကတော့ လုံးဝမဖြစ်နိုင်။ ချိန်းဟတ်ရှုက သူ့ကိုယ်သူ ပြောသလိုလိုနှင့် ပြောလိုက်သည်။

'မဟုတ်သေးဘူး သူက ပြန်ပေးဆွဲတဲ့လူတွေကို လှည့်ဖြားဖို့ ကြိုးစားမယ်ဆိုတဲ့ အကြောင်း တို့ကို အသိပေးဖို့ ကြိုးစားတာပဲ၊ သူက ကန်နန်းမြေပေါ်မှာ ဆင်းမယ်၊ တို့က သူ့ကို တစ်နည်းတစ်ဖုံ ကူညီနိုင်မှာပဲလို့ မျှော်လင့်ဟန်တူတယ်'

'ကျုပ်တို့က ဘာလုပ်နိုင်မှာတဲ့တုံး'

'ဘုရားသခင်မှ သိနိုင်မှာပဲ'

တစ်ယောက်က ဝင်ပြောလိုက်သည်။

'ဒီလူ အရူးပဲ၊ ဒါပေမယ့် ဉာဏ်ရှိတယ်ဆိုတာကိုတော့ ဝန်ခံရလိမ့်မယ်'

ချိန်းဟတ်ရှုက တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်လိုက်၏။

'ဝန်ကြီးချုပ်ရုံးနဲ့ မြန်မြန်ဆက်ပေးစမ်း၊ ခုကိစ္စက ဦးစားပေးအဆင့်တစ်ပဲ'

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၁၈ )

ဂရင်းဝစ်ချ်စံတော်ချိန် ၀၆ း ၅၀ နာရီ
ကန်နန်းနိုင်ငံ၏မြို့တော် နံနက် ၈ း ၅၀ နာရီ

ထောက်လှမ်းရေးမှူးချုပ်က ပြုံးလိုက်၏။ သူသည် ထူးထူးခြားခြား 'ထွင်'ဉာဏ်ရှိမှုကို သဘောကျလေ့ရှိသူ ဖြစ်သည်။

'ဝန်ကြီးချုပ်ခင်ဗျား၊ လေယာဉ်မှူး မာလိုရီက ကျွန်တော်တို့မသုံးတော့တဲ့ လေယာဉ်ပျံကွင်းဟောင်းတစ်ခုမှာ ဆင်းမယ်ဆိုတဲ့အကြောင်း အသိပေးတယ်လို့ ယူဆပါတယ်၊ အဲဒီနေရာဟာ ဟက်ရှီမိုက်နယ်စပ်နဲ့ နီးကပ်တဲ့အပြင် သူ့ကို ပြန်ပေးဆွဲတဲ့လူတွေက ဆင်းရမယ်လို့ အမိန့်ပေးထားတဲ့ နေရာနဲ့လဲ ကီလိုမီတာအနည်းငယ်ပဲ ဝေးပါတယ်၊ အဲဒီဒေသတစ်ဝိုက်မှာ ပြေးလမ်းနံပါတ် ၁၃ နဲ့ ပေ ၇၀၅၀ ရှည်တဲ့ ပြေးလမ်းရှိတဲ့ လေဆိပ်ဟာ တစ်ခုတည်းပဲ ရှိပါတယ်ခင်ဗျာ'

ဝန်ကြီးချုပ်က ခေါင်းညိတ်လိုက်၏။ သူ ခေါင်းကိုက်နေသည်။ သူသည် ဖြစ်နိုင်သည့် အလားအလာများကို တယ်လီဖုန်းပေါ်တွင် အမေရိကန်သမ္မတနှင့် တစ်နာရီကျော်ကျော် ကြာအောင် စကားပြောခဲ့ရသည်။ ရွေးနိုင်သည့်လမ်းတစ်ခုမှာ လက်ခံချင်စရာ ကောင်းလှသည်။ ပြန်ပေးသမားတို့၏ တောင်းဆိုချက်ကို လိုက်နာပြီး အနောက်ဘက်ဒေသမှ ဆုတ်ခွာပေးဖို့ပင်။ ထိုသို့ ဆုတ်ခွာပေးလိုက်ပြီး နောက်ပိုင်းတွင် အမေရိကန်အပါအဝင် အင်အားကြီး အနောက်နိုင်ငံများက အားလုံး၏ လုံခြုံရေးအတွက် တာဝန်ခံ၍ စောင့်ရှောက်ပေးကြရမည်။ ပင်မန်းနွမ်းနယ်မှုက ထိုကိစ္စကို လက်သင့်ခံချင်စိတ် ဖြစ်ပေါ်လာအောင် တိုက်တွန်းလျက်ရှိသည်။ သို့သော် နောက်ဆုံးတွင် ထိုကိစ္စကို ပယ်ချလိုက်သည်။ အမေရိကန်သည် ရေနံနှင့် အကျပ်ကိုင်သည်ကို ခံနိုင်ရည် လုံးဝမရှိချေ။ ယနေ့ ဒီအချိန်တွင် သို့လော သို့လောဖြစ်စရာ ပြဿနာတစ်ခုအား ဖြေရှင်းပေးလိုက်သော အဖြေတစ်ခုသည် တစ်လ တစ်နှစ်၊ သို့မဟုတ် ဆယ်နှစ်ခန့်ကြာသောအခါ ထပ်မံကြုံတွေ့ကြရမည့် ပြဿနာကြီး တစ်ခု၏ မူလဘူတ ရင်းမြစ်အခြေခံပင် ဖြစ်လာနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးချုပ်က မေးလိုက်၏။

'အဲဒီ ဂျက်လေယာဉ်ဟာ ရာမတ်ရှာမွန်မှာ ဆင်းနိုင်ပါ့မလား'

လေတပ်ဗိုလ်ချုပ်ကြီးက ခေါင်းညိတ်သည်။

'ပြေးလမ်းဟာ အသင့်အတင့်ကောင်းမွန်တဲ့ အနေအထားမှာရှိယင် ဆင်းနိုင်ပါလိမ့်မယ်'

ကြည်းတပ်မှ ဗိုလ်ချုပ်ကြီးက ပြောလိုက်သည်။

'ဆင်းပြီးတဲ့အခါကျယင် အကြီးမားဆုံး အန္တရာယ်နဲ့ တွေ့ကြရလိမ့်မယ်၊ ဟက်ရှိုက်နိုင်ငံထဲမှာ ဆင်းတာပါလို့ ပြန်ပေးဆွဲတဲ့လူတွေကို ဘယ်လောက်လောက် ကြာအောင်ညာဝါးဖြားဖြန်းထားနိုင်မှာလဲ၊ ဒီငတိတွေက ခရီးသည်တွေအပါအဝင် လေယာဉ်ပျံတစ်စီးလုံးကို ဖေါက်ခွဲပစ်ကြလိမ့်မယ်'

ဝန်ကြီးချုပ်ကလည်း ထိုကိစ္စကို စဉ်းစားလိုက်သည်။

'ခင်ဗျားပြောတဲ့အချက်ကို ကောင်းကောင်းကြီး သဘောပေါက်ပါတယ် ဗိုလ်ချုပ်ကြီး၊ ခင်ဗျားက ဘယ်လိုများ အကြံပေးချင်ပါသလဲ'

'ကျွန်တော်၊ အကြံပြုနိုင်ပါစေလို့သာ ဆုတောင်းမိပါတယ် ဝန်ကြီးချုပ်ခင်ဗျာ'

ထောက်လှမ်းရေးမှူးချုပ်က ဝင်ပြောသည်။

'အဲဒီလေယာဉ်မှူးက အခွင့်အရေးကို တွေ့တာနဲ့ အရအမိယူလိုက်တာပဲ၊ သူ့အနေနဲ့ ဒီကိစ္စမှာ ဖြစ်လာနိုင်တဲ့ အနေအထားတွေကို စဉ်းစားနေဖို့ အချိန်မရရှာဘူး၊ အခုသူက ဒီပြဿနာကို ကျုပ်တို့လက်ထဲ လွှဲပေးလိုက်ပြီ၊ ကျုပ်တို့အနေနဲ့ တတ်နိုင်သလောက်ဆက်လုပ်ဖို့ တာဝန်ရှိလာပြီ'

ကြည်းတပ်ဗိုလ်ချုပ်ကြီးက ပြောလိုက်သည်။

'ကျုပ် သဘောထားကို ပြောရယင်၊ ကျုပ်တို့အနေနဲ့ ဘာတစ်ခုမှ လုပ်မပေးနိုင်ဘူး'

ထောက်လှမ်းရေးမှူးချုပ်က ထပ်ပြောပြန်သည်။

'ရာသီဥတုကိုလဲ မေ့မထားနဲ့လေ၊ ဟိုနေရာမှာ အင်မတန်ဆိုးရွားတဲ့ သဲမုန်တိုင်းတစ်ခု ဖြစ်ပေါ်နေတယ်၊ ကောင်းကင်က ကြည့်ယင် မြေမျက်နှာပြင်ကို မမြင်နိုင်ဘူး၊ ကျုပ်စိတ်ထင်ပြောရယင် ကက်ပတိန်မာလိုရီက သဲမုန်တိုင်းကို မိတ်ဆွေလို သဘောထားလိုက်ပုံရတယ်။ သူ့အနေနဲ့ လေဆိပ်ကို ရှာပြီးဆင်းဖို့ ခဲယဉ်းမယ်ဆိုယင် ပြန်ပေးဆွဲတဲ့လူတွေကလဲ သူတို့ဘယ်နေရာ ရောက်နေတယ်ဆိုတာကို သိကြမှာ မဟုတ်ဘူး'

ဝန်ကြီးချုပ်က ပြောလိုက်သည်။

'မှန်တယ်၊ ဒါပေမယ့် တစ်ချိန်တစ်ခါကျယင် အလိမ်အညာတွေ ပေါ်လာရောပေါ့ မဟုတ်လား၊ အဲဒီလေယာဉ်ပျံကြီး ဆင်းလာတဲ့အခါကျယင် လေဆိပ်အဆောက်အအုံဆီကို မောင်းသွားရလိမ့်မယ် မဟုတ်လား . . .'

'မဟုတ်ပါဘူးခင်ဗျာ၊ အယ်လ်မားဂရက်ဝ်မှာ လေဆိပ်အဆောက်အအုံဆိုတာမျိုး

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ပါဘူး'

လေတပ်ဗိုလ်ချုပ်ကြီးက ဝင်ဖြေလိုက်ခြင်း ဖြစ်သည်။

'အဖြစ်နိုင်ဆုံးကတော့ လေယာဉ်မှူးအနေနဲ့ ပြေးလမ်းအဆုံးမှာ ရပ်လိုက်ရမယ့် အနေအထားမှာ ရှိပါတယ်'

ထောက်လှမ်းရေးမှူးချုပ်က ဝန်ကြီးချုပ်အား လေးလေးနက်နက် ကြည့်ယင်း စနစ်တကျ နိဂုံးချုပ်လိုက်သည်။

'ကျုပ်တို့အနေနဲ့ လေယာဉ်မှူးရဲ့ အကြံစည်ကို မှန်မှန်ကန်ကန် ဖေါ်ထုတ်နိုင်ဖို့ လိုပါတယ်၊ သူ့အနေနဲ့ ကျုပ်တို့မြေပေါ်မှာ ဆင်းတာက ပိုပြီး လွတ်လမ်းရှိတယ်လို့ ထင်ထားပုံ ရပါတယ်၊ ဒီလေယာဉ်ပျံကို ပြန်ပေးဆွဲတဲ့လူတွေရဲ့ စိတ်ဓါတ်အနေအထားအရ သူထင်တာ အကြွင်းမဲ့ မှန်ကန်ပါတယ်၊ ဒါကြောင့် ကျုပ်တို့အနေနဲ့ အင်မတန် ခက်ခဲတဲ့ အော်ပရေးရှင်းကြီးတစ်ခုမှာ ပါဝင်ရဖို့ ဖြစ်လာပါတယ်၊ လေယာဉ်မှူးကတော့ ရာမတ်ရှာမွန်မှာ ဆင်းနိုင်အောင် တတ်နိုင်သမျှကြိုးပမ်းလိမ့်မယ်'

သူက နက်နက်နဲနဲ စဉ်းစားယင်း ခေတ္တမျှ ရပ်နားလိုက်သည်။

'လေယာဉ်မှူးအနေနဲ့ လေယာဉ်ပျံပေါ်မှာ ပါလာတဲ့ သေနတ်ကိုင်လူဆိုးတွေကို ဟက်ရှိမိုက်နိုင်ငံထဲမှာ ရှိနေတယ်လို့ ယုံအောင်ညာရလိမ့်မယ်၊ ဒါပေမယ့် မြေပြင်ပေါ်ကို ဆင်းနိုင်တယ်ဆိုမှ သဲမုန်တိုင်းက အထောက်အကူဖြစ်မှာ၊ အဲဒီနောက်ပိုင်းကျတော့ ဘာဆက်ဖြစ်မလဲ'

ထောက်လှမ်းရေးမှူးသည် ၎င်း၏မေးခွန်းကို ၎င်းကိုယ်တိုင် ပြန်မဖြေမီ ၎င်း၏ ဘေးနားတွင် ရှိနေသူများအား လှေလာအကဲခတ်လိုက်သည်။

'အဲဒီအချိန်ကစပြီး လေယာဉ်မှူးက ဒီပြဿနာကို ကျုပ်တို့ဆီ လွှဲပေးလိုက်ပါပြီ၊ လေယာဉ်ပျံကြီး ရပ်တန့်သွားတာနဲ့ တစ်ပြိုင်နက် လေယာဉ်ပေါ်မှာ ပါလာတဲ့လူတွေနဲ့ ကျုပ်တို့ဘက်ကလူတွေ အသေအပျောက်အနည်းဆုံးနဲ့ အကြမ်းဖက်သမားတွေကို ထိန်းချုပ်နိုင်အောင်လုပ်ဖို့ ကျုပ်တို့တာဝန် ဖြစ်လာပါတယ်၊ ဒီကိစ္စဟာ လွယ်ကူမှာတော့ မဟုတ်ပါဘူး တစ်ယူသန်သမား ဘယ်နှစ်ယောက်နဲ့ ရင်ဆိုင်ရမယ်ဆိုတာကိုတောင် မသိရသေးပါဘူး ဒါပေမယ့် ဒီကိစ္စမှာ ကျုပ်တို့ဘက်က အနိုင်ရချင်တယ်ဆိုယင် နည်းနည်းပဲဖြစ်ဖြစ် ကျုပ်တို့ ဘက်က တပန်းသာစရာကိစ္စတစ်ခုခု ရှိကိုရှိရပါလိမ့်မယ် ဝန်ကြီးချုပ်ခင်ဗျား ကွန်တော်တို့ အနေနဲ့ လေယာဉ်မှူးနဲ့အဖွဲ့ကို ဝိုင်းပြီးကူညီဖို့ တာဝန်ရှိပါတယ်ခင်ဗျာ'

ဝန်ကြီးချုပ်က ပြန်မေးလိုက်သည်။

'ဒါပေမယ့် ဒီလောက်တောင် တိုတောင်းလှတဲ့ အချိန်ပိုင်းအတွင်းမှာ ကျုပ်တို့က ဘာများ လုပ်ပေးနိုင်မှာတုံး'

'ပထမအချက်ကတော့ ရာမတ်ရှာမွန်ကို အယ်လ်မားဝရက်ဝ်နဲ့ တူအောင်လုပ်ရပါ လိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်တို့က ဘယ်လိုလုပ်မှာတုံး'

'ဟက်ရှီမိုက်အလံတွေကို လွှင့်ထူရပါမယ်၊ အီရဗာတွေလို ဝတ်စားထားတဲ့ ကွန်မင်ဒို တွေနဲ့ ယာဉ်တွေကို အဲဒီနေရာမှာ ပို့ထားရပါမယ်၊ ရန်သူဆီက သိမ်းထားတဲ့ ယူနီဖေါင်း တွေနဲ့ ပစ္စည်းမျိုးစုံ ရှိနေသားပဲဥစ္စာ'

'မဖြစ်နိုင်ဘူး'

'ဘာဖြစ်လို့လဲ'

'အချိန်မရှိတော့ဘူး၊ အဲဒီလေယာဉ်ပျံက နောက်ထပ်သုံးနာရီမကြာခင် ဆင်းရတော့ မှာ'

'ကျုပ်တို့အနေနဲ့ လုပ်ကို လုပ်မှဖြစ်မယ်'

၎င်းတို့အားလုံး တစ်ယောက်မျက်နှာကို တစ်ယောက်က ကြည့်မိကြသည်။

'နီဂက်စ် သဲကန္တာရထဲက ဒီမိုနာတောင်ဘက်မှာ တပ်စခန်းတစ်ခုရှိတယ်'

ဝန်ကြီးချုပ်က ခလုတ်တစ်ခုကို နှိပ်လိုက်သည့်အလား လေကို လက်ညှိုးနှင့်ထိုးယင်း ပြောလိုက်သည်။

'မှာတ်တယ်၊ ကျုပ်တို့ လုပ်ကိုလုပ်ကြရမယ်၊ အခုချက်ချင်း အစီအစဉ် လုပ်ကြစေချင် တယ်၊ အကြီးဆုံး ဟက်ရှီမိုက်အလံတစ်ခုကို ရအောင်ရှာ၊ ယုံထင်ကြောင်ထင် ဖြစ်စေမယ့် ထရပ်ကားတွေ၊ သံချပ်ကာကားတွေပါ ရအောင်ရှာ၊ ကွန်မင်ဒိုတပ်ခွဲတစ်ခွဲကို ချက်ချင်းလွှတ်၊ သူတို့ကို လမ်းကျမှ အခြေအနေကို ပြောပြ၊ သူတို့ ဟိုကိုရောက်တဲ့အချိန်မှာ ဝတ်စုံတွေ ရောက်အောင်စီစဉ်၊ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ဖြစ်အောင်လုပ်၊ ပြန်ပေးဆွဲတဲ့ ငတိတွေကို ဟက်ရှီမိုက်မြေပေါ်မှာ ရှိတယ်လို့ထင်စေရမယ်၊ သူတို့လေယာဉ်ပျံပေါ်က ဆင်းတာနဲ့ သူတို့ကို ရှင်းရမယ်၊ အဲဒီကိစ္စကို နောက်မှ စဉ်းစားကြမယ်'

❑

အခြေအနေကို ရှင်းလင်းပြောပြရန် အချိန်ပင် မရတော့ချေ။

'မင်းရဲဘော်တွေကို လက်နက်အပြည့်အစုံနဲ့ ကားပေါ်အရောက်တက်ခိုင်း၊ ငါးမိနစ် အတွင်း ဖြစ်အောင်လုပ်၊ ပြီးတော့ ရာမတ်ရှာမွန်ကိုသွား၊ အဲဒါက ကေ ၁၄ အိပ်ချ်ဒေသမှာရှိ တဲ့ ဟက်ရှီမိုက်နိုင်ငံနားက လေယာဉ်ကွင်းဟောင်းတစ်ခု၊ ဟိုရောက်ယင် မင်းတို့ကို ထပ်ပြီး ညွှန်ကြားမယ်'

ကောလဟာလတွေ ပြောကြဆိုကြသည်။ စစ်ထပ်ဖြစ်တော့မည်။ တို့ဘက်က သွား တိုက်မည်။ သူတို့ဘက်က လာတိုက်မည်။ စသည် စသည်ဖြင့် . . . . ။

အချို့မှာ နံနက်စာကို စားနေယင်းတန်းလန်းနှင့်ပင် အူဇီစက်သေနတ်ကို ပခုံးပေါ် တွင် လွယ်၍ အပြင်သို့ ထွက်ခဲ့ကြရသည်။ အပြင်သို့ရောက်သော် တဝုန်းဝုန်းတိုက်ခတ်နေ

www.burmeseclassic.com

www.burmeseclassic.com



သော သဲမုန်တိုင်းကြောင့် နောက်တွန့်သွားကြသည်။ ဘယ်လဲ ရှုကြပါတလား။ ဒီလို အခြေအနေမျိုးတွင် ရာမတ်ရှာမွန်သို့ရောက်အောင် ဘယ်လိုသွားကြမည်နည်း။ ရာမတ် ရှာမွန်ကို မည်သို့မည်ပုံ ရှာဖွေကြမည်နည်း။ ရှာတွေ့ယင် သူတို့က ဘာလုပ်ကြမည်နည်း။ ဘယ်လိုသောက်ရှူက အမိန့်ပေးနေတာပါလိမ့် . . .။

❑

ပုပ်ရဟန်းမင်းကြီးက ဘုန်းတော်ကြီးတစ်ပါးစီကို ကြည့်လိုက်သည်။ ၎င်းက အေးဆေးစွာ ပြောလိုက်၏။

'ဟက်ရှီမိုက်နိုင်ငံမှာ ဆင်းရတဲ့အခါကျယင် ကျုပ်ကို လေယာဉ်ပျံပေါ်က ခေါ်သွားလိမ့်မယ်၊ မင်းတို့အားလုံးနဲ့ တစ်ခြားခရီးသည်တွေအားလုံးကတော့ လေယာဉ်ပျံပေါ်မှာပဲ နေရစ်ခဲ့ရမယ်လို့ ကျုပ်ကို အသိပေးထားတယ်'

'ဒီကိစ္စက သိပ်ကို လွန်လွန်း. . . .'

'တစ်ဆိတ်လောက် ဒီအပြစ်ကျူးလွန်တဲ့လူတွေကို အချိန်ကုန်ခံပြီး၊ လေကုန်ခံပြီး ပြစ်တင်ရှုတ်ချမနေကြပါနဲ့၊ ဒီကိစ္စကို ဘယ်လိုနည်းနဲ့မှ ဟန့်တားနိုင်မှာ မဟုတ်ပါဘူး၊ အခုကိစ္စမှာ အဓိက တာဝန်ရှိတာက အကြမ်းဖက်ဂိုဏ်းပဲ၊ ကျုပ်သိရသလောက်ကတော့ ကျုပ်ကို ဓါးစာခံအဖြစ်နဲ့ထားပြီး ကန်နန်းနိုင်ငံကို တစ်ခုခုလုပ်ခိုင်းဖို့ ကြံစည်ပုံရတယ်၊ ဘာလုပ်ခိုင်းမလဲဆိုတာကိုတော့ ကျုပ်မသိဘူး၊ ဒါပေမယ့် ဖြစ်ချင်တာတွေကိုတော့ စဉ်းစားလို့ ရနိုင်ပါတယ်'

ပုပ်ရဟန်းမင်းကြီးက အနည်းငယ် မျက်မှောင်ကုပ်လိုက်သည်။

'မင်းတို့အထဲက ဘယ်သူကမှ ကျုပ်ကို ကာကွယ်ဖို့ မကြိုးစားရဘူးလို့ လေးလေးနက်နက် ကျုပ် တားမြစ်တယ်'

'ဒါပေမယ့် ဒီလူတွေက လူသတ်သမားတွေ'

'ဟုတ်တယ်၊ လက်နက်မျိုးစုံလဲ ကိုင်ထားကြတယ်၊ ပစ်ဖို့ ခတ်ဖို့ ဝန်လေးကြမှာ မဟုတ်သလို မင်းတို့အနေနဲ့ သူတို့ကို ယှဉ်နိုင်မှာ မဟုတ်ဘူး၊ မင်းတို့က တစ်ခုခု ရန်သွားထိုင်ရင် မင်းတို့ပဲ အသတ်ခံရလိမ့်မယ်၊ မင်းတို့အနေနဲ့ အဓိပ္ပါယ်မဲ့ အသေခံကြရလိမ့်မယ် ဒါ့ကြောင့် ကျုပ်ညွှန်ကြားတဲ့အတိုင်း လိုက်နာကြဖို့ မင်းတို့ကို အမိန့်ပေးတယ် ထာဝရ လေး၊ ငါး၊ နာရီအတွင်း မင်းတို့အတွက် ပူဆွေးဒုက္ခ မဖြစ်ရပဲနဲ့တောင် ကျုပ်အတွက် ဦးနှောက်ခြောက်စရာတွေ သိပ်များနေပါပြီ၊ မင်းတို့စိတ်ထဲမှာ ဘယ်လိုခံစားရမယ်ဆိုတာ ကျုပ်သိပါတယ်၊ ဒါပေမယ့် လက်နက်ကိုင်အကြမ်းဖက်သမားတွေနဲ့ ရင်ဆိုင်ပြီး အလဟဿ အသေခံသွားကြယင် ခရစ်ယာန်သာသနာတော်ကို အကျိုးမပြုရာ ရောက်သွားလိမ့်မယ် အဲဒီလို အလုပ်မျိုးကို မလုပ်ဖို့ ကျုပ်က တိတိကျကျ တားမြစ်လိုက်တယ်'

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက စိတ်မသက်မသာနှင့် ခေါင်းညိတ်လိုက်ကြ၏။ ပုပ်ရဟန်းမင်းကြီးက ထပ်အမိန့်ရှိပြန်သည်။

'ကဲ၊ ကျုပ်က ခရီးသည်တွေကို စကားနည်းနည်းပြောချင်တယ်၊ ကျုပ်ပါလာတဲ့ အတွက် ခရီးသည်တွေကို အန္တရာယ်ဖြစ်အောင်၊ ခရီးသည်တွေကို ဒေါသဖြစ်အောင် အခြေအနေမျိုးတွေဖြစ်ပေါ် လာခဲ့ရတယ်၊ အခုလို စကားပြောတာမျိုးကို ခွင့်ပြု မပြုမင်းတို့က မေးပေးကြစေလိုပါတယ်'

□

မာလိုရီသည် ဖာဒီယာကို မသိဟန်ဆောင်နေသည်။ ဖာဒီယာသည် မယုံသင်္ကာ မျက်စိနှင့် ဗိုင်ခွက်များကို မာလိုရီ၏ ပခုံးပေါ်မှကျော်၍ ကြည့်နေလေ့ရှိသည်။ လေယာဉ် ရှေ့ပိုင်းတွင် လက်နက်ကိရိယာများကို ဝှက်ထားသည်ဟု ထင်နေ၍လေမသိ။ သို့တည်း မဟုတ် သူသာ ဗိုလ်ဖြစ်သည်ဟု လူတစ်ကာကို အသိပေးလိုသောကြောင့်လောမသိ။

နောက်ဆုံးတွင် ဖာဒီယာသည် ကျေနပ်သွားဟန်ဖြင့် ၎င်း၏ထိုင်ခုံဆီသို့ ပြန်သွား တော့သည်။ မာလိုရီက လေယာဉ်မောင်းခန်းထဲသို့ မျက်စိဝေ့၍ ကြည့်လိုက်၏။ ဖာဒီယာက သေနတ်ပြောင်းနှင့် ရိုက်သည်ကို ခံလိုက်ရသောကြောင့် မူးဝေနေသေးပုံရသော ဂျင်ဆင် သည် ငြိမ်သက်စွာ ထိုင်နေသည်။ သို့သော် ဂျင်ဆင်သည် မာလိုရီက အယ်လ်မားဂရက်ဗ်သို့ ဆင်းလိမ့်မည်မဟုတ်ကြောင်း ရိပ်မိသွားနိုင်သော အနေအထားတွင် ရှိနေသည်။ ဂျင်ဆင့်ထံ မှ စကားတစ်ခွန်းတစ်လေများ၍ ပေါ်ထွက်လာပါက ခဲလေသမျှ သဲရေကျဖြစ်ရပေတော့ မည်။ ဒီတော့ ဂျင်ဆင်အား မည်သို့မည်ပုံ အသိပေးရပါမည်နည်း။ သို့သော် အသိပေးရန် လည်း လိုချင်မှ လိုပေလိမ့်မည်။

'ဒီမှာ ကလစ်ဖ်၊ အယ်လ်မားဂရက်ဗ်ကို ဆင်းဖို့ ကြိုးစားတဲ့အချိန်မှာ မင်းက အကူအညီပေးနိုင်တဲ့ အခြေအနေမှာ သိပ်မရှိဘူး၊ ဒီတော့ မင်းအနေနဲ့ ကိုယ်တိုင် ဝင်လုပ်ပေးစရာ မလိုပါဘူး၊ ငါပဲ အကုန်လုံး လုပ်သွားပါ့မယ်၊ မင်းကို လုပ်စေချင်တဲ့အလုပ် ကတော့ ဆင်းနေတဲ့အချိန်မှာ ရေဒီယိုအမြင့်ပြကိရိယာကို ဖတ်ပြီး အမြင့်'ပေ'ကို ဖတ်ပြနေ ဖို့ပဲ၊ မြေပုံကို ငါ့ဘေးနားမှာထားမယ်၊ မင်းက အမြင့်ပြ ကိရိယာကို မျက်တောင်မခတ် ကြည့်ပေးစမ်းပါ၊ သဲတောင်ကုန်းတွေ၊ ကုလားအုပ်တွေနဲ့ ဝင်မတိုက်မိအောင်ပေါ့ကွာ၊ ဟုတ်ပြီနော်'

ဂျင်ဆင် စိတ်သက်သာရာ ရသွားပုံရသည်။ သူက နှုတ်ဖြင့် မဖြေပဲ ခေါင်းညိတ်ပြ လိုက်၏။

မာလိုရီ မျက်စပစ်လိုက်မိသည်။ ဂျင်ဆင်နှင့် ဒီကိစ္စကို ဆွေးနွေးခွင့်ရလျှင် ပိုကောင်း လိမ့်မည်။ သို့ရာတွင် လေယာဉ်မှူးအနေဖြင့် မာလိုရီကသာ ဆုံးဖြတ်ရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပေါ်တွင် ဒီမိုကရေစီမရှိ။ လေယာဉ်မောင်းခန်းထဲတွင် မာလိုရီသာ အာဏာပိုင်ဖြစ်သည်။ ပြန်လှန် ဆွေးနွေးခွင့်မရှိ။

မာလိုရီသည် ထိုဒေသအတွက် မြေပုံကို နောက်တစ်ကြိမ်ထပ်ခံ၍ လေ့လာပြန်သည်။ ထိုမြေပုံတွင် ခရီးစဉ်အတွက် အထောက်အကူဖြစ်စေမည့် လမ်းညွှန်များနှင့် မြို့ကြီးများ၏ တည်နေရာတို့ကို ဖေါ်ပြထားသည်။ သို့ရာတွင် ဤကဲ့သို့သော အခြေအနေမျိုးတွင် ဤကဲ့သို့သော လေယာဉ်ပျံမျိုးအတွက် လေယာဉ်အထောက်အကူပြု ခေတ်မီကိရိယာသက်သက်ကို သုံးစွဲ၍ လေယာဉ်ကွင်းကို ရှာရန်ဆိုသော ကိစ္စမှာ လုံးဝမဖြစ်နိုင်ပါ။ မာလိုရီသည် ၎င်းကြုံတွေ့ရမည့် အခြေအနေတို စဉ်းစားယင်း မေးစေ့ကို ပွတ်လိုက်၏။ ခရီးစဉ်အတွက် အထောက်အကူဖြစ်စေမည့် တစ်ခုတည်းသော လမ်းညွှန်အထောက်အကူပစ္စည်းမှာ ရာမတ်ရှာမွှန်၏ အနောက်မြောက်အရပ်မှ ရေဒီယိုလှိုင်းများကို အချိန်ပြည့် လွှင့်ထုတ်ပေးနေမည့် မျှော်စင်ပင်ဖြစ်သည်။ သို့ရာတွင် ထိုရေဒီယိုလှိုင်းကို ထုတ်လွှင့်ပေးမှုသည် တိကျသော လမ်းညွှန်မှုကို ပေးနိုင်စွမ်းမရှိသည့်အလျောက် (ရှေးလမ်း တကယ်ရှိခဲ့သည်ဆိုသော်)ပြေးလမ်းကို ဒိဋ္ဌမျက်မြင် မတွေ့ရသေးသရွေ့ ပေ ၅၀၀ အောက်အထိ မဆင်းမိစေရန် အထူးလိုအပ်လှပေသည်။

မာလိုရီသည် အယ်လ်မားဂရက်ဗ်သို့ ချဉ်းကပ်ရမည့် အနေအထားကို စိတ်ကူးဖြင့် ပုံဖေါ်ကြည့်လိုက်သည်။ မြေထဲပင်လယ်မှ တစ်ဖြောင့်တည်း ပျံသန်းလာပြီး ကန်နန်းကမ်းခြေကို ဂါဇာကမ်းမြောင်ဒေသတွင် ကျော်ဖြတ်၍ ကန်နန်းနိုင်ငံပေါ်မှ အရှေ့တောင်အရပ်ဆီသို့ တစ်ဖြောင့်တည်း ပျံသန်းရမည်။ ထိုသို့ ပျံသန်းရာတွင် ရေဒီယိုလှိုင်းကို လွှင့်ပေးနေသည့် မျှော်စင်ရှိရာသို့ ဦးတည်ယင်း ဟက်ရှိမိုက်နိုင်ငံသို့ ရောက်လုနီးပါးအထိ ပျံသန်းရမည်ဖြစ်ပြီး၊ ရေဒီယိုလှိုင်းလွှင့်ထုတ်ရာ မျှော်စင်သို့ အရောက်တွင်၊ ဒီကရီသုံးတစ်သုညအတိုင်း ဦးတည်ဖြစ်အောင် ဗယ်ဘက်သို့ ခပ်များများ ချိုးကွေ့လိုက်ရမည်။ ထိုကဲ့သို့ အပြင်ဘက်သို့ ချိုးကွေ့ပျံသန်းရမည့်ပမာဏမှာ ၁၀ မိုင်တိတိဖြစ်ပြီး၊ ထုံးစံအတိုင်း ပြေးလမ်းနှင့် တစ်ဖြောင့်တည်းဖြစ်အောင် အတွင်းဘက်သို့ တစ်သုံးသုညဒီကရီအထိ ပြန်လည် ချိုးကွေ့ရလိမ့်ဦးမည်။ ဤတွင် ထိုဇာတ်လမ်းက ပြီးဆုံးသွားနိုင်ပါသည်။ သို့ရာတွင် ရေဒီယိုလှိုင်းရှိရာ မျှော်စင်ဆီသို့ ညွှန်ပြသော မြားတံသည် တဆတ်ဆတ်ခါယမ်းနေမည်ဖြစ်ရာ၊ မည်သည့်ဒီကရီသို့ ညွှန်ပြနေသည်ကို မိမိဘာသာ ဆုံးဖြတ်ယူရလိမ့်မည်ဖြစ်သည်။ သို့သော် ပြင်းထန်စွာ တိုက်ခတ်နေသောလေမုန်တိုင်းနှင့် ထိပ်တိုက်ပျံသန်းနေရသောကြောင့် မာလိုရီသည် လေယာဉ်တွင်း၏ ဘေးတစ်ဘက်တစ်ချက်ဆီသို့ ဂိုက်လေးငါးရာအထိ မှားယွင်းရောက်ရှိသွားနိုင်သည်ဖြစ်ရာ လေယာဉ်ပျံကွင်းကို လုံးဝရှာမတွေ့သည့် အဖြစ်မျိုးနှင့်လည်း ကြုံတွေ့နိုင်သည်ဟု စိတ်မချမ်းမသာနှင့် တွေးမိပြန်သည်။

သို့ဖြစ်လျှင် မည်သို့မည်ပုံ ဆက်လက်ဆောင်ရွက်ရပါမည်နည်း။

မြေပြင်ပေါ်သို့ ဆင်းသက်ရန်ဆိုသော အကြံအစည်ကို စွန့်လွှတ်ရပေလိမ့်မည်

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေက သိပ်ဆိုးရွားနေသော် ၎င်းအဖို့ ရွေးချယ်ရန် အခြားနည်းလမ်း မရှိနိုင်ပြီ။

သို့သော် ဖာဒီယာက မည်သို့မည်ပုံ တုံ့ပြန်လေမည်နည်း။ ၎င်း၏ဦးနှောက်ထဲသို့ ကျည်ဆန်တစ်တောင့် ပစ်ထည့်လေမည်လော။ ဖြစ်နိုင်သည်။ သို့တည်းမဟုတ် ဂျူးနီဝါ ကိုစကီအား ပထမဦးစွာ သတ်ပြနိုင်သည်။

မာလိုရီက ဖာဒီယာကို လှမ်းအကဲခတ်လိုက်သည်။ ခပ်စောစောပိုင်းက အေးဆေး တည်ငြိမ်ဟန်ရှိသော်လည်း ယခုအချိန်တွင် စိတ်မသက်မသာ ဖြစ်နေပုံရသည်။ ၎င်းကို အပြစ်တင်၍လည်း မဖြစ်။ ၎င်းဆောင်ရွက်ရမည့်တာဝန်ဝတ္တရားကြီးသည် ဆုံးခန်းတိုင်တော့ မည်။ သဲမုန်တိုင်းနှင့် ဆုံရသည်ကလွဲလျှင်၊ ယခုအချိန်အထိ အစစအရာရာ အဆင်ပြေခဲ့ပါ သည်။ စိတ်ပျက်စရာကောင်းသော သဲမုန်တိုင်းက အသေးစိတ် စီစဉ်ထားသော အစီအစဉ် များကို ပျက်စီးအောင် အနှောင့်အယှက်ပေးနေလေသည်။ ၎င်းအပြင် ထို(သဲမုန်တိုင်း)ကိစ္စကို ဆင်ခြေပေးပြီး မြေပြင်ပေါ်သို့ ဆင်းရမည့်ကိစ္စ မပျက်ပျက်အောင် မာလိုရီက ကြိုးစားလိမ့် မည်ဟု ဖာဒီယာက တွေးနေလိမ့်မည်သာ။ ဖာဒီယာအနေဖြင့် ပြတ်ပြတ်သားသား ဆောင် ရွက်ရလိမ့်မည်။ လေယာဉ်ဝန်ထမ်းတစ်ဦးဦးအား သတ်ပြသောပုံစံသည် ယခုလိုကိစ္စမျိုး အတွက် လုပ်ရိုးလုပ်စဉ်တစ်ခုပင်ဖြစ်နိုင်လောက်သည်။

စိတ်ညစ်ညူးစရာကောင်းသော အချက်တစ်ချက်မှာ မာလိုရီ ဆောင်ရွက်ရန် ကြံစည်ထားသည့်ကိစ္စကြောင့် လူပေါင်းများစွာ သေကြေပျက်စီးနိုင်သည်ဆိုခြင်းပင်။ မာလိုရီသည် လူပေါင်းများစွာ၏အသက်ကို ကာယကံရှင်များနှင့် တိုင်ပင်ခြင်းမရှိပဲ အလောင်းအစား လုပ်ခဲ့မိလေပြီ။ ကန်နန်းလူမျိုးများက စိတ်ကူးစိတ်သန်းကောင်းတစ်ခုခု ရလာနိုင်သည်ဆိုသော အယူအဆနှင့် လောင်းကြေးထပ်ခဲ့ခြင်း ဖြစ်သည်။ ကန်နန်းလူမျိုးများ က မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်။ သို့တည်းမဟုတ် မည်ကဲ့သို့ လုပ်ပေးလိမ့်မည်ဆိုသော အချက်ကို ၎င်းအနေနှင့် သိနိုင်သော နည်းလမ်းမရှိပါချေ။

မာလိုရီတစ်ကိုယ်လုံးတုန်သွားသည်။

အယ်လ်မားဂရက်ဗ်တွင် ဆင်းလိုက်ပြီး၊ ကံစီမံရာအတိုင်း ဖြစ်စေတော့ဟု ကံကိုပင် ပုံချလိုက်ရမည်လော။ သို့တည်းမဟုတ် ရာမတ်ရှာမွန်တွင်ဆင်းပြီး၊ ပြန်ပေးဆွဲသူများကို လှည့်စားနိုင်လိမ့်မည်ဆိုသော တစ်ရွေးသားခန့်အထင်နှင့် လူသတ္တဝါအားလုံး၏အသက်ကို စွန့်စားကြည့်မည်လော။ မင်းက မင်းကိုယ်မင်း ဘယ်သူဟု ထင်နေပါသနည်း။ ဂျိမ်းစ်ဘွန်း လား။

အားလုံးအတွက် ဆုံးဖြတ်ချက်ပေးနေတာကတော့ နည်းနည်းလောက် လွန်ပြီဟု ထင်ပါသည် မာလိုရီ။

မှန်သည်။ ငြင်းစရာမရှိပါ။ သို့တိုင်အောင် ဟက်ရှိုမိုက်နယ်မြေထဲသို့ ဆင်းပြီး ဒီခွေးမသားတွေလက်မှာ လည်စင်းပေးရမည်ဆိုတာကိုတော့၊ ၎င်း၏ အသွေးအသားထဲက မ၍ လုံးဝသည်းညည်းမခံချင်။

www.burmeseclassic.com

www.burmeseclassic.com



ငှင်းအပြင် ပုပ်ရဟန်းမင်းကြီးကို အဆုံးစီရင်ကြမည်မှာ သေချာလှသည်။ ခရီးသည်များနှင့် လေယာဉ်ဝန်ထမ်းများကိုကော လွှတ်ပေးပါမည်လား။ သို့တည်းမဟုတ် အားလုံးကို အစုလိုက်အပြုံလိုက် သတ်ပစ်ကြမှာလား။

ခိုးမှုပဲ၊ ရာမတ်ရှာမွန်မှာပဲ ဆင်းတော့မည်။

❑

/ ဒီးပင်နက်တီသည် ယုံကြည်မှု အပြည့်အဝရှိသော အပြုံးကလေးနှင့် မင်းလမ်းအတိုင်း လျှောက်လာသည်။ ဒီးပင်နက်တီကို အားလုံးက လှည့်ကြည့်ကြ၏။ သို့သော် အံ့ဩစရာကောင်းလောက်အောင် ခရီးသည်အနည်းငယ်ကသာ လှမ်းစကားပြောကြသည်။ ခရီးသည်တိုင်းသည် အတွေးနက်နေကြပုံရသည်။ ယခုကိစ္စမှာ အလွန်ထူးဆန်းသော ပြန်ပေးဆွဲမှု ဖြစ်နေသည်။ ခရီးသည်များအဖို့ ဤကိစ္စကို ယုံကြည်ရမှာပင် ခပ်ခက်ခက်ဖြစ်နေကြသည်။ ငှင်းတို့အကြားတွင် လက်နက်ကိုင်လူဆိုးများ လမ်းသလားနေမှု မရှိခြင်းက တစ်မျိုးတစ်မည်ဖြစ်နေစေသည်။ တစ်နည်းအားဖြင့်ဆိုရသော် လေယာဉ်ရှေ့ပိုင်းတွင် ဖြစ်ပျက်နေမှုများသည် ခရီးသည်များနှင့် မသက်ဆိုင်။ တစ်ယောက်ယောက်၏ ပြဿနာသာဖြစ်သည်။ အမှန်တရားကို လက်တကမ်းအကွာတွင် ရှိနေစေသည့်သဘောပင်။

တာန္နန်စက္ကိုင်းယားက ဒီးပင်နက်တီကို လက်ပြ၍ ခေါ်လိုက်၏။

'လေယာဉ်မယ်၊ ဒီလေယာဉ်ပျံရဲ့ ရေဒီယိုကတစ်ဆင့် အင်ဘီစီ (တယ်လီဗီးရှင်းကုမ္ပဏီ)ကို သတင်းစကားတစ်ခုပို့ပေးလို့ရမလား'

ဒီးက ကြောင်ကြည့်နေသည်။

'အင်ဘီစီ ဟုတ်လား။ လူကြီးမင်းက ကျိစယ်နေတာပါလားရှင်'

မစ္စတာစက္ကိုင်းယားက ပြန်ဖြေသည်။

'မဟုတ်လိုက်တာကွာ၊ ငါက ဒီကနေ့ညနေမှာ ပြမယ့် ဂျွန်နီကာဆန်နဲ့ 'ဒီကနေ့ညပွဲ'မှာ ပါရမယ့်လူ၊ ဒါကြောင့် သူတို့နဲ့ ဆက်သွယ်ချင်တာ၊ မင်းလဲ ကြည့်ဖူးမှာပေါ့'

'ကြည့်ဖူးပါတယ်၊ ဒါပေမယ့် . . . '

'ငါက ဒီကနေ့ ညပွဲမှာ ဝင်မပါနိုင်မှာ သေချာသွားပြီ၊ ငါက အင်ဘီစီကို နက်ဖြန်ခါတော့ မရောက်ရောက်အောင် အစွမ်းကုန် ကြိုးစားလာခဲ့ပါမယ်လို့ ပြောချင်တာ'

ဒီးက ခေါင်းခါသည်။ ဒီပုဂ္ဂိုလ်ကြီးက လွန်လွန်းလှသည်။

'ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မတို့အနေနဲ့ ရေဒီယိုကို အဲဒီကိစ္စအတွက် အသုံးပြုခွင့် မရှိပါဘူး'

'ဘာဖြစ်လို့လဲ'

'လေယာဉ်မောင်းခန်းထဲမှာရှိတဲ့ ပြန်ပေးသမားက ခွင့်ပြုမှာမဟုတ်လို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာစကွိုင်းယားက မကျေနပ်ချေ။

'ကွန်မအနေနဲ့ တစ်ခြားဆောင်ရွက်ပေးနိုင်တာ ရှိပါသလားရှင်'

'စကော့ဝီစကီနဲ့ ရေလိုချင်တယ်'

'ခုချက်ချင်း ယူလာပေးပါမယ်ရှင်'

မစ္စစ်လက်ဖလာက မေးလိုက်သည်။

'ရှင်၊ ဂျွန်နီကာဆန်နဲ့ တကယ်တွေ့ဖူးတယ် မဟုတ်လား၊ သူက ဘယ်လို လူစားမျိုး လဲ'

မစ္စတာစကွိုင်းယားက ဒီးပင်နက်တီကို လှမ်းပြောလိုက်သည်။

'မင်း၊ ဝီစကီနှစ်ပက်ကို တစ်ခါတည်းယူခဲ့ယင် ကောင်းလိမ့်မယ်ထင်တယ်'

❑

သဲမုန်တိုင်းသည် မော်တော်ကားတန်းကြီးတစ်ခုလုံးကို ချစ်ချစ်တောက်ပူနေသော သဲများ၊ ပေါင်ဒါမှုန့်ကဲ့သို့ နူးညံ့သောဖုန်မှုန့်များနှင့် ဆုပ်ကြပြီး ပက်ဖျန်းနေသည်။ သန်းပေါင်း ၁၀၀၀ လောက်ရှိသော အင်မတန်သေးငယ်လှသည့် ကျည်ဆန်ကလေးများပမာ။ နေကာ လေကာမျက်မှန် နောက်ဘက်သို့သော်လည်းကောင်း၊ အင်္ကျီလက်နှင့် ကြယ်သီးပေါက်များမှ တစ်ဆင့်သော်လည်းကောင်း၊ အသားထဲသို့ ထိုးဖောက်၍သော်လည်းကောင်း၊ အတင်းတိုး ဝင်လာကြသည့်ပုံစံမျိုးပင်ဖြစ်သည်။

ထိုသဲများသည် မော်တော်ယာဉ် ဘော်ဒီများပေါ်ရှိ သဘော်ဆေးများကို ပွန်းပဲ့အောင် တိုက်စားနေကြသည်။ ကွန်မင်ဒိုများ၏ နှုတ်ခမ်းပေါ်တွင် လာ၍ ခဲနေကြသည်။ လည်ချောင်းနှင့် နှာခေါင်းထဲသို့ တိုးဝင်လာကြသည်။ နားရွက်များတွင် ဝင်ဆို့နေကြပြီး ဆံပင်ထဲတွင် 'ခဲ'နေကြသည်။ မျက်စိများ ရောင်ကိုင်းလာကြသလို အသားများလည်း ယားယံလာကြသည်။ တစ်ကမ္ဘာလုံးသည် ဝဲပျံနေသော ဖုန်မှုန့်လုံးကြီးများနှင့် ပြည့်နှက်နေ သည်။

အသိဉာဏ်နှင့် အမြော်အမြင်ရှိသူများသည် သဲမုန်တိုင်းနှင့် ဝေးရာသို့ ရှောင်ကြ ရှားကြသည်။ စိတ်မှန်သူများသည် သဲမုန်တိုင်းနှင့် ထိပ်တိုက်ဝင်တိုးကြလိမ့်မည် မဟုတ်ချေ။

သို့တိုင်အောင် ကန်နန်း ကွန်မင်ဒိုများသည် ရှေ့သို့ဆက်၍ ချီတက်သွားကြသည်။ နှစ်ကြိမ်တိုင်တိုင် လမ်းပျောက်ပြီး တဝဲလည်လည်ဖြစ်ခဲ့ကြသည်။

အဆိုပါ မော်တော်ကားအုပ်စုကို ဦးဆောင်လာသော ၃၁ နှစ်သာ ရှိသေးသည့် ဗိုလ်မှူးကြီးက တစ်ကမ္ဘာလုံး သွက်သွက်ခါအောင် ရှူးသွားလေပြီဟု ဆိုသည်။ ဤကဲ့သို့သော အခြေအနေမျိုးတွင် မည်သူသည် မြေပြင်ပေါ်သို့ လေယာဉ်ပျံနှင့် ဆင်းသက်နိုင်ပါဦးမည်နည်း။ လေယာဉ်မှူးက လေယာဉ်ပျံကွင်းကို မည်သို့မည်ပုံ ရှာဖွေနိုင်ပါမည်နည်း။ တစ်ဖန်

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပျံကို မြေပြင်ပေါ် သို့ အောင်မြင်စွာ ဆင်းနိုင်ခဲ့သည့်တိုင်အောင် အကြမ်းဖက်ဂိုဏ်းမှ တစ်ယူသန် တစ်ဇောက်ကန်းများအား ဟက်ရှီမိုက်နိုင်ငံတွင် ရောက်ရှိနေပါသည်ဟု ယုံကြည်အောင် ညာ၍ ထားနိုင်ပါမည်လော။

မည်သို့ပင်ဖြစ်စေ၊ ၎င်းအနေနှင့် အတတ်နိုင်ဆုံး ကြိုးပမ်းပါမည်ဟု ကတိပေးခဲ့သည်။ အထက်လူကြီးများကလည်း သူကတိပေးတာထက်ပို၍ မလိုချင်ပါဟု ဆိုခဲ့ကြသည်။ သို့သော် ထိုစကားမှာ လုံးဝမဟုတ်ချေ။ အောင်မြင်မှုကိုသာ ၎င်းတို့က လိုချင်ကြသည်။ ကန်နန်းနိုင်ငံ၏ မာနနှင့် ဂုဏ်သိက္ခာသည် ၎င်း၏ပခုံးပေါ်တွင် ကျရောက်နေသည်။ ရှုံးသည်ဆိုသည့်စကား ကို စဉ်းစားတွေးတောရန်ပင် မဖြစ်နိုင်။ သို့သော် ဖြစ်နိုင်မှာလည်း သိပ်မဟုတ်ဟု ၎င်း၏စိတ်တွင် တွေးထင်နေမိဆဲပင်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၁၉ )

ဂရင်းဝစ်ချ် စံတော်ချိန် ၀၈ း ၁၅ နာရီ
မြေထဲပင်လယ် အရှေ့ပိုင်းပေါ်တွင်
မြောက်လတ္တီတွဒ် ၃၂ ဒီကရီ ၁၈ မိနစ်
အရှေ့လောင်ဂျီတွဒ် ၃၄ ဒီကရီ ၀၃ မိနစ်

ရှေ့တည့်တည့်တွင်ရှိသော ကန်နန်းနိုင်ငံ၏ကမ်းခြေမှာ သဲမုန်တိုင်း၏လွှမ်းခြုံထားမှုကြောင့် မြင်ရသည်ဆိုရုံမျှသာ ရှိသည်။ ကမ်းခြေ၏နောက်ဘက်တွင် ဟိုင်ဖာမှ ပို့ဆက်အထိ မြေပြင်ပေါ်တွင် အညိုရောင်အစင်းကြောင်းတစ်ခုကို အတန်းလိုက် မြင်နေရသည်။ ပေ ၄၅၀၀၀ အမြင့်မှနေ၍ ကြည့်သော် အန္တရာယ်မရှိဟု ထင်ရသော်လည်း မာလိုရီက လျှော့တွက်ထားခြင်း မရှိချေ။ သူသည် သဲမုန်တိုင်းများနှင့် တွေ့ခဲ့ဖူးလှပြီ။ သဲမုန်တိုင်းကို သူကြောက်လန့်လှပါသည်။ အဓိပ္ပါယ်ရှိသော အလုပ်မှာ သဲမုန်တိုင်းကို ပလိပ်ရောဂါကဲ့သို့ ဝေးဝေးမှ ရှောင်ရန် ရှားရန်ပင် ဖြစ်သည်။

မာလိုရီသည် ဘီးယာရှီဘာ VORTAC နှင့် မည်မျှအကွာအဝေးအထိ ရောက်ရှိနေပြီဖြစ်ကြောင်း ပြသသော ကိရိယာကို လှမ်းကြည့်လိုက်သည်။ ထို ဘီးယာရှီဘာ VORTAC သည် ကန်နန်း သဲကန္တာရအလယ်၌တည်ရှိသော လေကြောင်းလမ်းပြ အကူအပံ့ပစ္စည်းတစ်ခုဖြစ်သည်။ ရာမတ်ရာမွန်တွင်ရှိသော ရေဒီယိုလှိုင်းလွှင့်ထုတ်သည့် မျှော်စင်နေရာအထိ ၃၅ မိနစ်ကြာလိမ့်ဦးမည်။ မကြာခင် မြေပြင်ပေါ်သို့ ဆင်းရန် ပထမအဆင့်အနေဖြင့် လေယာဉ်ဦးကို ရှေ့သို့ငိုက်၍ စတင်ဆင်းသက်ရပေတော့မည်။ သူ ဆင်းရမည့်နေရာကို ထပ်၍ စဉ်းစားပြန်သည်။ သဲမုန်တိုင်းသည် နောက်ဆုံးအချိန်အထိ အားလျော့မသွားသေးဟုဆိုလျှင် ရာမတ်ရာမွန်တွင် ဆင်းသက်မည်။ မုန်တိုင်းအရှိန် ပြေသွားခဲ့သော် အယ်လ်မားဂရက်ဗ်သို့ ဦးတည်ကောင်းတည်ရလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြီ၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ကို တိတိကျကျ ချမှတ်၍ ပြီးစီးသွားပေပြီ၊ သဲမှုန်တိုင်းကလည်း အစိုင်အခဲနှင့် ထုနှင့် ထည်နှင့် ရှိနေပုံပေါ်သည်။

ကန်နန်းတို့က မည်သည့်အချိန်တွင် ၎င်းထံ ပြန်လည် ဆက်သွယ်လာမည်နည်းဟု မာလိုရီက တွေးနေမိသည်။ ၎င်းအား ပြန်၍ ဆက်သွယ်ရမည်မှာ အလွန်သေချာသည်။ ၎င်းတို့ဘက်က မည်သည့်နည်းနှင့်မျှ ကူညီဆောင်ရွက်ပေးနိုင်စွမ်းမရှိဟုဆိုပါက ပြေးသင်း ၁၃ ကို သုံးမရပါဆိုသော စကားမျိုးနှင့် ရာမတ်ရှာမွှန်တွင် မဆင်းရန် အသိပေးလိမ့်မည်။ ထိုကဲ့သို့သော သတင်းစကားမျိုးကို ပေးပို့ပြောကြားလာခြင်းမရှိပါက ရာမတ်ရှာမွှန်တွင် ဆင်းသက်နိုင်သည်ဟု ယူဆနိုင်ပါသလား။

ထိုကိစ္စကို တစ်နည်းနည်းနှင့် သိနိုင်ရန် ၎င်းအတွက် အလွန်အရေးကြီးသည်။

ဘာပဲပြောပြော ငယ်စဉ်က ပြောမရဆိုမရရှိခဲ့ပြီးနောက် အသက်ကြီးလာမှ လိမ္မာစပြုလာသော ဂျိန်းတစ်ယောက် ဘေးအန္တရာယ်မှ လွတ်မြောက်သွားပြီဟု သိရသဖြင့် သူဝမ်းသာရပါသည်။

❑

၎င်းတို့သည် လူသူကင်းမဲ့ပြီး မှောင်မိုက်သော လမ်းတစ်လမ်းကို ရွေးချယ်လိုက်သည်။ ကားနောက်ဘက် အဖုံးတံခါးကို ဖွင့်ပေးလိုက်သောအခါ ၎င်းကို သတ်ရန် အချိန်ကျရောက်ပြီဟု ထင်သွားသောကြောင့် ထိုလူသည် မျက်ကလဲဆံပျာနှင့် အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားသည်။

ဂျိန်းက စိတ်ချမ်းချမ်းသာသာနှင့်နေရန် ထပ်ပြောလိုက်သည်။

'ရှင့်ကို ကျွန်မတို့က ဒုက္ခမပေးပါဘူးရှင်'

'တကယ်ပြောတာလား'

ထိုလူ့အသံမှာ ကြောင်စီစီ၊ ညောင်နာနာ ဖြစ်နေသည်။

'တကယ်ပါ'

သူတို့နှစ်ယောက်က ထိုလူကို ကားထဲမှ ထွက်နိုင်အောင် ကူညီကြသည်။

'ကျုပ်တို့ ဘယ်ရောက်နေတာလဲ'

ဂျိန်းက ပြန်ဖြေသည်။

'ဆန်ဖရန်စစ္စကို'

'မင်းတို့ နောက်ပြောင်နေတာပါ'

ဂျိန်းက ထိုလူအား ယခုလိုကိစ္စမျိုးတွင် နောက်ပြောင်လေ့မရှိကြောင်း ပြောပြသည်။

ထိုလူက မျက်ရည်ဝိုင်းနေသော မျက်လုံးအစုံနှင့် ဂျိန်းကို မော့ကြည့်သည်။

'ဒီတော့ မင်းတို့က ကျုပ်ကို ဘာလုပ်ကြမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မတို့က ရှင့်ကို ရုပ်ရှင်ရုံ ခေါ်သွားမလို့'

သူက တွေပြီး စိုက်ကြည့်နေသည်။

'ရုပ်ရှင်၊ ဟုတ်လား'

သူသည် အဘူဂါဘယ်နှင့်အတူ ပလိုင်းမောက် ကားနောက်ဘက်တွင် ထိုင်ကြသည်။ သို့ရာတွင် ထိုလူက တစ်ခွန်းမှ စကားမပြောချေ။

နောက်ထပ် ဆယ်ပြလောက် မောင်းမိသောအခါ အညီအဟောက် ရုပ်ရှင်ကားများကို ညလုံးပေါက် ပြနေသော ရုပ်ရှင်ရုံတစ်ရုံကို တွေ့ကြသည်။ လူမရှိသလောက် ခြောက်ကပ်နေသော်လည်း အရက်စော် နံစော်နေသည်။

ဂျိန်းက ထိုလူကို ပြောလိုက်သည်။

'ရှင်က ဟောဒီအတန်းမှာထိုင်၊ ကျွန်မတို့က ရှင့်နောက်က ခုံမှာ ထိုင်ကြမယ်'

'မင်းတို့က ဘာလုပ်မှာလဲ'

'ပြောလို့ ဘယ်ဖြစ်မလဲ၊ အရသာ ပျက်သွားမှာပေါ့'

'ကျုပ်က ဘာလုပ်ရမှာလဲ'

'ဘာမှလုပ်စရာမလိုဘူး၊ ရှင့်ကို ထပါလို့ မပြောမချင်း ထိုင်ပြီး ရုပ်ရှင်ကြည့်နေရုံပဲ၊ ဒါပေမယ့် ရှင် မလှုပ်ရှားရဘူး၊ လှုပ်ယင် ရှင့်ကို ဒဏ်ရာရအောင် လုပ်ရလိမ့်မယ်'

ထိုလူက ခေါင်းတညိတ်ညိတ်နှင့် သဘောတူလိုက်သည်။

အဘူဂါဘယ်နှင့် ဂျိန်းတို့က နောက်ခုံတွင် ထိုင်လိုက်ကြ၏။ အဘူဂါဘယ်က တိုးတိုးကလေးပြောလိုက်သည်။ 'ထမယ် မကြံနဲ့နော်၊ နားလည်တယ် မဟုတ်လား' ခေါင်းညိတ်ပြသည်။ သူ နားလည်ပါသည်။

အဘူဂါဘယ်နှင့် ဂျိန်းသည် ချစ်တင်းနှီးနှောနေပုံကို 'အင်း. . . . အဲ'နှင့် အသံထွက်ပြီး သဏ္ဌာန်လုပ် သရုပ်နှင့်တူအောင် သရုပ်ဆောင်နေကြသော ဇာတ်ကောင်များ၏ အမူအရာကို ကြည့်ရင်း ပြုံးနေကြသည်။ ထို့နောက် ထိုနေရာမှ လစ်ထွက်လာကြပြီး ကားဆီသို့ လာခဲ့ကြသည်။ ထိုလူသည် ကြောက်လန့်ပြီး ထိုင်ရာကထမည် မဟုတ်သောကြောင့် ထိုနေရာတွင် အခိုက်အတန့် စိတ်ချလက်ချ ထားနိုင်ခဲ့မည်ဖြစ်သည်။ ဂျိန်းက ညလုံးပေါက် ဖွင့်သော ကော်ဖီဆိုင်တွင် ကော်ဖီဝင်သောက်ရန် အကြံပေးသော်လည်း အဘူဂါဘယ်က ရေးကြီးသုတ်ပျာ ဖြစ်နေသည်။

ဆန်ဖရန်စစ္စကိုမြို့ကြီးသည် ယခုလို အချိန်နာရီမျိုးတွင် ငြိမ်သက်လျက်ရှိ၏။

အဘူဂါဘယ်က ပြောလိုက်သည်။

'ကိုယ်၊ အုတ်ကလန်က နော့သ်အောလ်ဝင် လမ်းကို တွေ့အောင် ရှာရလိမ့်မယ်'

ဂျိန်းသည် ကားရှေ့ရှိ အံဖုံးထဲမှ မြေပုံအဟောင်းတစ်ခုကို ရှာတွေ့သောကြောင့် လှန်လှောပြီး ကြည့်လိုက်သည်။ ထိုလမ်းမှာ အုတ်ကလန်မြို့တွင်ရှိပြီး နာရီဝက်ခန့် မောင်းရမည့် အကွာအဝေးတွင်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇင်းတို့သည် မော်တော်ကားကို လမ်းမီးတိုင်အောက်တွင်ရပ်ထားပြီး မည်သည့်လမ်းမှ သွားကြမည်ကို ဆွေးနွေးနေကြသည်။

ဂျိန်းသည် မြေပုံကို ကြည့်ယင်း ဇင်းအနေဖြင့် အဘယ့်ကြောင့် လိုက်လိုက်လျော လျော လုပ်နေမိသနည်းဟု တွေးနေမိသည်။ ဂျိန်းက မည်သို့မည်ပုံ ဖြစ်စေချင်၍နည်း။ ဘာကြောင့် ထွက်မပြေးသလဲ။ ဂျိန်း ထွက်ပြေးခဲ့သော် အဘူဂါဘယ်က သေနတ်နှင့် ပစ်လိမ့်မည်။ ထိုဆင်ခြေမှာ အဓိပ္ပါယ်မရှိကြောင်း ဂျိန်း ချက်ချင်းသိလိုက်သည်။ အဘူဂါဘယ်က သေနတ်နှင့် ပစ်လိမ့်မည်ဟု ဂျိန်းက မယုံကြည်။ အဘူဂါဘယ်က ဂျိန်းအပေါ်တွင် စေတနာထားသည် မဟုတ်ပါလား။ ဂျိန်း အတတ်မပြောနိုင်ပါ။ အရာရာသည် အဓိပ္ပါယ်ကင်းမဲ့နေသည်။ ကမ္ဘာကြီးသည်ပင်လျှင် လွန်ခဲ့သော ၂၄ နာရီကနှင့်မတူပဲ ရှိနေသည်။ ဖြစ်တာ ပျက်တာတွေ များပြားလွန်းလှသည်။ တွေးခေါ် မြော်မြင်မှု သဘောတရားများနှင့် တစ်ဘက်နှင့်တစ်ဘက် မဲတင်းပေးသော သဘောတရားများ ပျောက်ကွယ်သွားကြသည်။ ထူးခြားသော စိတ်လှုပ်ရှားမှုတစ်ခုသည် ဂျိန်း၏ကိုယ်ထဲမှ တရှိန်ရှိန်နှင့် ဆူပွက်ပြီး ထကြွလာသည်။ လိင်စိတ်နိုးကြားမှုလား၊ ကြောက်တာသက်သက်ပဲလား၊ ဂျိန်း မပြောတတ်ပါ။ ဘာကိစ္စကိုမျှ တတ်အပ်သေချာစွာ မပြောတတ်တော့ပါ။

ဂျိန်းက အဘူဂါဘယ်အနေနှင့် မည်ကဲ့သို့ ဆက်လက်လှုပ်ရှားမည်ကို မေးမြန်းသည်။

'ကိုယ်လဲမပြောတတ်ဘူး၊ အခု ကိုယ်သွားပြီးတွေ့မယ့်လူက အကြံဉာဏ် ပေးလိမ့်မယ်'

'ရှင် ဘယ်မှာနေမလဲ'

'ကိုယ်မသိဘူး၊ အကြာကြီး ပုန်းနေဖို့တော့ လိုလိမ့်မယ်၊ အာဏာပိုင်တွေက ကိုယ့်ကို လိုက်ရှာကြလိမ့်မယ်၊ မင်းကိုလဲ ရှာကြမှာပဲပေါ့'

'ရှင်လွတ်သွားအောင် ကျွန်မ ကူညီနိုင်မလား မသိဘူး'

'မင်းက ဟုတ်လား'

'သိပ်ဟုတ်တာပေါ့၊ ကျွန်မ အိမ်ပြန်သွားယင် ရှင့်လက်ထဲက ဘယ်နည်းဘယ်ပုံ လွတ်မြောက်လာတယ်ဆိုတာ လိမ်ညာပြီး ပြောနိုင်မှာပေါ့၊ ကျွန်မက သူတို့ကို လမ်းလွဲသွားအောင် ရှင် ကနေဒါကို ဒါမှမဟုတ် တခြားတစ်နေရာရာကို ထွက်သွားပြီလို့ ပြောနိုင်တာပေါ့'

'အင်း ဟုတ်တယ်၊ မင်း ပြောမယ်ဆိုယင် ဖြစ်နိုင်တယ်'

ဂျိန်းက တစ်ချက်လှမ်းကြည့်လိုက်သည်။

'ဒါပေမယ့် ကျွန်မက ပြောလိမ့်မယ်လို့ ရှင် မထင်ဘူးပေါ့'

'မင်းက ဘာဖြစ်လို့ ပြောရမှာလဲ၊ ကိုယ်က မင်းကို ပြန်ပေးဆွဲတဲ့လူ'

'ကျွန်မသိပါတယ်၊ ကျွန်မကို ရှင်းမပြခိုင်းပါနဲ့'

'မင်းကလေးဟာ တကယ့်ကို ထူးဆန်းတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ရှင်ကိုယ်တိုင်ကလည်း (ရှင်တို့လူမျိုး) စစ်စစ်ကြီးတော့ မဟုတ်ပါဘူး'

အဘူဂါဘယ်က ပြုံးသည်။

ဂျိန်းက မေးလိုက်ပြန်၏။

'ရှင် အရှေ့အလယ်ပိုင်းဒေသကို ပြန်မှာလား'

'အန္တရာယ်ကင်းလောက်တဲ့ အချိန်ကျယင် ပြန်ခိုင်းမှာသေချာတယ်'

'ရှင်ကကော ပြန်သွားချင်စိတ် ရှိလို့လား'

'သိပ် မသေချာဘူး'

အဘူဂါဘယ်က ဂျိန်းကို မကြည့်ပဲ ဖြေလိုက်သည်။

'ဒါဖြင့်ယင် ဆက်နေပေါ့'

အဘူဂါဘယ်ပြုံးသည်။ မချိတရိအပြုံးကလေးသာ ဖြစ်သည်။

'မင်းပြောတော့လဲ လွယ်လိုက်တာ'

'ရှင်ထင်တာထက် ပိုလွယ်ချင် လွယ်မှာပေါ့'

'မဖြစ်ဘူး၊ ကိုယ့်ကို လိုက်ရှာတဲ့လူတွေ မေ့သွားတဲ့အထိ ပုန်းနေရလိမ့်မယ်၊ ပြီးယင် မက်ဆီကိုဘက်ကိုကူး၊ အဲဒီကမှ ဘေရွတ်ကို ပြန်ရမယ်'

'ဒီလူကို ရှင်က ဘာဖြစ်လို့ ဒီညသွားတွေ့ရမှာလဲ'

'ဒါကတော့ ကိုယ့်တာဝန်ကိုး'

'ရှင် လုပ်သင့်သလောက် လုပ်ပြီးပြီပဲ'

'မင်းဆိုလိုတာက ဘာလဲ'

'ရှင်က အသက်ကိုတောင် စွန့်ခဲ့ပြီးပြီပဲ၊ အခု ဒီကိစ္စတွေထဲက ပြန်ထွက်တော့ပေါ့'

အဘူဂါဘယ်က ပြုံးလိုက်သည်။ ထိုစိတ်ကူးကလေးမှာ ရယ်ချင်စရာကောင်းသည်။

'အကြမ်းဖက်ဂိုဏ်းက ပြန်ထွက်လို့ မရဘူး'

'သူတို့က ရှင့်ကို ဟိုအိမ်မှာ တစ်ခြားလူတွေနဲ့ အသတ်ခံသွားရပြီလို့ ထင်ချင်ထင်မှာပေါ့၊ သူတို့က ရှင့်ကို မေ့သွားကြမှာပါ၊ ဘုရား . . . ဘုရား၊ ဒါရှင့်အတွက် ပြန်ထွက်ဖို့ အခွင့်အရေးပဲရှင့်'

အဘူဂါဘယ်က ဂျိန်းကို လှည့်ကြည့်သည်။

'မင်းအသံက စိတ်ဆိုးနေပုံပဲ၊ ဘာဖြစ်လို့လဲ'

ဂျိန်းက အသက်ပြင်းပြင်းရှူသွင်းလိုက်၏။ နည်းနည်းတော့ သွေးအေးစေသည်။ 'ဘာဖြစ်လို့လဲဆိုတော့ အချည်းနှီး အလဟဿဖြစ်ရမယ့်အကြောင်းတွေကို ပြောဆိုနေရလို့ပေါ့၊ ရှင့်အတွက် အလဟဿဖြစ်ရမယ့်ကိစ္စ၊ အလဟဿ အသက်ဆုံးရှုံးရမယ့်ကိစ္စ၊ အဲဒီလို အချည်းနှီး အလဟဿဖြစ်ရတဲ့ကိစ္စတွေကို တွေ့ရယင် ကျွန်မ ဒေါသဖြစ်မိတယ်၊ ရှင် အရှေ့အလယ်ပိုင်းဒေသကို ပြန်သွားယင် တစ်နေ့နေ့မှာ ရှင် သေရမှာပဲ၊ ကျွန်မကတော့ ရှင့်ကို မသေစေချင်ဘူး၊ ပြီးတော့လဲ တာန်နန်းတွေ၊ အီရတာလူမျိုးတွေနဲ့ တိုက်ခိုက်နေတာတွေ

www.burmeseclassic.com

www.burmeseclassic.com



ဟာ ရှုနေကြလို့ပဲ၊ အခုဆိုယင် စေ့စပ်ညှိနှိုင်းရေးတွေကို စလုပ်နေကြပြီ၊ တစ်နေ့ကျယင် အားလုံး ပြေလည်သွားမှာပဲ၊ အဲဒီအချိန်ကျယင် အသေခံပြီး တိုက်ပွဲဝင်ခဲ့တဲ့လူတွေဟာ အချည်းနှီး အလဟဿ သေရတဲ့သဘောမျိုး ဖြစ်သွားကြလိမ့်မယ်'

အဘူဂါဘယ်၏ပါးစပ်သည် တင်းတင်းစေ့သွားသည်။

'မင်း နားမလည်ပါဘူးကွာ၊ ကန်နန်းလူမျိုးတွေက သူတို့နိုင်ငံ လုံခြုံရေးသိမ်းပေးရေး ကို လက်ခံမှာ မဟုတ်တဲ့အတွက် အီရဗာပြောက်ကျားတွေအတွက် စမ်းနိုင်တဲ့ ငြိမ်းချမ်းရေးကို ဘယ်တော့မှ တည်ဆောက်နိုင်မှာ မဟုတ်ဘူး'

'ရှင်က ကန်နန်းနိုင်ငံကို ကမ္ဘာ့မြေပုံပေါ်က ဖျောက်ဖျက်ပစ်ချင်တယ်ပေါ့'

'သိပ်ဟုတ်'

'ဘာဖြစ်လို့လဲ၊ ကန်နန်းနိုင်ငံမှာ အပြစ်ကင်းမဲ့တဲ့လူတွေ အများကြီး ရှိနေကြတဲ့ဥစ္စာ'

'အဲဒီလူတွေဟာ အဲဒီနေရာမှာ နေခွင့်ကို မရှိဘူး၊ ဒါက အီရဗာနယ်မြေပဲ၊ အဲဒီမြေပေါ်မှာ ကိုယ့်အဖေကို မွေးခဲ့တယ်၊ ဒါ ကိုယ်တို့မြေပဲ၊ မင်းက လူမဆန်အောင် ရက်စက်တဲ့ကိစ္စတွေကို ကျူးလွန်တယ်လို့ပြောတယ်၊ ဒီယာယာစင် **Deir Yasin** ကိုတော့ ဘယ်မှာ သွားထားမလဲ'

'အဲဒါက ဘာလဲ'

'အဲဒါက ကန်နန်းမြို့တော်ရဲ့ အနောက်ဘက်မှာရှိတဲ့ ပြောက်ကျားကျေးရွာကလေး တစ်ရွာပေါ့၊ လူ ၄၀၀ လောက် အဲဒီမှာ နေတယ်၊ ၁၉၄၈ ခု၊ ဧပြီလမှာ အာဂန် **Irgun** လို့ခေါ်တဲ့ ကန်နန်း မြေအောက်အကြမ်းဖက်သမားတွေက လူပေါင်း ၂၅၀ ကို အစုလိုက် အပြုံလိုက် သတ်ခဲ့ကြတယ်၊ ယောက်ျားတွေ၊ မိန်းမတွေ၊ ကလေးတွေ၊ အဲဒီတုန်းက အာဂန်ခေါင်းဆောင် လက်ရှိ ဝန်ကြီးချုပ်က အဲဒီကိစ္စကို ကိုယ့်ဘက်ကိုယ် ယက်ပြီး မှန်တယ်လို့ ပြောခဲ့တယ်၊ သူက 'ဒီယာယာစင်' မှာ ရရှိတဲ့ အောင်မြင်မှုမပါပဲနဲ့ ကန်နန်းနိုင်ငံ ဖြစ်ပေါ်မလာနိုင်ဘူးတဲ့ . . . မင်းက အဲဒါကို ဘယ်လိုပြောမလဲ'

ဂျိန်းက စိတ်ပျက်လက်ပျက်နှင့် ပြန်ဖြေလိုက်သည်။

'ကျွန်မ မသိဘူး၊ ဘာတစ်ခုကိုမှ ကျွန်မ နားမလည်တော့ဘူး'

❑

ဒီးပင်နက်တီ၏အသံသည် အင်တာဖုန်းမှတစ်ဆင့် ပေါ်ထွက်လာသည်။

'ကက်ပတိန်၊ ပုပ်ရဟန်းမင်းကြီးက ခရီးသည်တွေကို နည်းနည်း စကားပြောချင်ပါတယ်တဲ့'

မာလိုရီက ဖာဒီယာကို လှမ်းကြည့်လိုက်သည်။

'ကဲ . . .'

www.burmeseclassic.com

www.burmeseclassic.com



ဖာဒီယာက ခေါင်းခါသည်။

'ဒီလေယာဉ်မောင်းခန်းထဲကို လာလို့ မရဘူး'

'မလိုပါဘူး၊ ပထမတန်း ခရီးသည်တွေ စီးတဲ့နေရာက စကားပြောခွက်တစ်ခုကို ကိုင်ပြီး အသံချဲ့စက်ကတစ်ဆင့် ပြောယင် ဖြစ်ပါတယ်၊ အခုလိုပြောတာ ကောင်းလိမ့်မယ်လို့ ထင်တယ်၊ ခရီးသည်တွေ စိတ်ငြိမ်သွားအောင် လုပ်နိုင်လိမ့်မယ်နဲ့ တူတယ်'

ဖာဒီယာသည် ခေတ္တမျှ စဉ်းစားလိုက်ပြီးနောက် ပခုံးကို တွန့်လိုက်သည်။

'ကျွန်မ မကန့်ကွက်ပါဘူး'

မာလိုရီက ဒီး ပင်နက်တီကို ဖြေလိုက်သည်။

'ဖြစ်ပါတယ်'

'ကျေးဇူးတင်ပါတယ် ကက်ပတိန်'

ပုပ်ရဟန်းမင်းကြီးသည် ပထမတွင် အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ ထို့နောက် အီတာလျံဘာသာဖြင့်လည်းကောင်း၊ မိနစ်အနည်းငယ်ကြာအောင် စကားပြောသည်။ ပုပ်ရဟန်းမင်းကြီးက လေယာဉ်ပျံပေါ်တွင် ၎င်းလိုက်ပါလာသောကြောင့် ဤကဲ့သို့သော အခြေအနေမျိုးသို့ ရောက်ရှိလာရသဖြင့် များစွာဝမ်းနည်းမိကြောင်း၊ လမ်းများသို့လိုက်သွားကြသော ဘုရား၏ သားသမီးများအား နည်းလည်းမှုအပြည့်အဝနှင့် ခွင့်လွှတ်ကြစေလိုကြောင်း မိန့်ကြားသည်။

'ကျုပ်တို့ မြေပြင်ပေါ် ရောက်တဲ့အခါကျယင် ခရီးသည်တွေကို အန္တရာယ်မပေးမယ့် အပြင် ပြန်လွှတ်ပေးပါ့မယ်လို့ ကျုပ်ကို ကတိပေးထားပါတယ်၊ ကျုပ်ကိုတော့ ခေါ်ထားကြ လိမ့်မယ်၊ ဘယ်လောက်ကြာမလဲဆိုတာတော့ မသိပါဘူး၊ ကျုပ်က ဘုရားသခင်ပေါ်မှာ ယုံကြည်မှုအပြည့်အဝရှိတဲ့အတွက် မကြောက်ပါဘူး'

ပုပ်ရဟန်းမင်းကြီးက ခရီးသည်များကို ကောင်းချီးပေးပြီးနောက် ဆုချီးမြှင့်သည်။ ထို့နောက် အသံချဲ့စက်မှ အသံရပ်သွားသည်။

ဒီး ပင်နက်တီ၏အသံ ပေါ်ထွက်လာသည်။

'ပြီးသွားပါပြီ၊ ပုပ်ရဟန်းမင်းကြီး ပြန်ကြွသွားပါပြီ'

မာလိုရီသည် လေယာဉ်မောင်းခန်းထဲရှိ စကားပြောခွက်ကို ကောက်ကိုင်လိုက်ပြီး နောက် ၎င်းပြောရမည့်စကားများကို စဉ်းစားလိုက်သည်။

'ဂုဏ်သရေရှိ အမျိုးသမီးများနှင့် လူကြီးမင်းများခင်ဗျား၊ ခင်ဗျားတို့ရဲ့ ကက်ပတိန် စကားပြောနေပါတယ်၊ မိနစ်အနည်းငယ်အတွင်းမှာ ကျွန်တော်တို့ စတင် ဆင်းသက်ဖို့ ပြုပါတော့မယ်၊ နောက်ထပ် နာရီဝက်ကြာယင် မြေပြင်ပေါ်ကို ရောက်ပါလိမ့်မယ်၊ ခရီးသည် တိုင်း မိမိတို့ရဲ့ ထိုင်ခုံမှာ ထိုင်နေကြဖို့ အထူးလိုအပ်ကြောင်း၊ အထူးပြောစရာလိုမယ်မထင်ပါ ဘူး၊ အထိတ်တလန့် ဖြစ်စရာလဲ မလိုပါဘူး၊ ဦးတည်ပျံသန်းနေတဲ့ဆီက နောက်ပြန်လှည့်ပြီး အရှေ့အလယ်ပိုင်းဒေသဆီကို ရောက်နေရတဲ့ အဖြစ်မျိုးဟာ ပျော်ရွှင်ဖွယ်ရာ အဖြစ်မျိုးတော့

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီလိုအဖြစ်မျိုးဟာ ရှုသွပ်နေတဲ့ ဒီတမ္ဘာကြီးမှာ ကြောခဏဖြစ်နေတာ ကြာပါပြီ၊ ပြီးတော့လဲ လူအားလုံးလိုလို အသက်အန္တရာယ်က ကင်းဝေးခဲ့ကြပါတယ်၊ အဲဒါကိုတော့ သတိရကြစေချင်ပါတယ်၊ ကျွန်တော်တို့က အပြည့်အဝ ဖူးပေါင်းတူညီမှာဖြစ်တဲ့အတွက် ဒီကိစ္စထဲက ဘေးမသီရန်မခ လွတ်လာကြမှာ သေချာပါတယ်၊ ဒါပေမယ့် အောက်ကိုဆင်းတဲ့အခါမှာတော့ မုန်တိုင်းနဲ့ ရင်ဆိုင်ရပါလိမ့်မယ်၊ ကြမ်းတမ်းတဲ့ အဆင်းခရီးဖြစ်နိုင်တဲ့အတွက် ခါးပတ်ကို မြဲမြံစွာ ပတ်ထားကြစေချင်ပါတယ်၊ ကျေးဇူးတင်ပါတယ်၊ မြေပြင်ပေါ်မှာ ပြန်တွေ့ကြပါစို့'

သူက ခလုတ်ကို ပိတ်လိုက်ပြီး သက်ပြင်းချလိုက်၏။

ဂျင်ဆင်က ခပ်တိုးတိုး ပြောလိုက်သည်။

'သိပ်ကောင်းတယ်၊ အတော်လောက်ပဲ'

'ကျေးဇူးတင်ပါတယ်'

ဖာဒီယာက ပြောလိုက်သည်။

'ရှင် နိုင်ငံရေးသမားဖြစ်ဖို့ကောင်းတယ်'

'ခင်ဗျားလဲ လူသတ်သမား ဖြစ်ဖို့ကောင်းတယ်'

'ဘာပြောတယ်'

'ဘာမှ မဟုတ်ပါဘူး'

ကန်နန်းလေကြောင်း ကြီးကြပ်ရေးဌာနမှ ကြားဖြတ်၍ ဝင်လာသည်။

'ထရန့်စ်အမ်၊ အောက်ဘက်ကို ဆင်းပြီး ပျံသန်းမှုဆိုင်ရာ(အမြင့်) နှစ်လေးသုညမှာ တစ်ဖြောင့်တည်း ပျံသန်းပါ'

'နှစ်လေးသုညအထိ ဆင်းနေပါပြီ၊ ကျုပ်သွားရမယ့်ပန်းတိုင်အတွက်၊ အမြင့်ပေတွေကို အကောင်းမွန်ဆုံး တွက်ချက်ပေးဖို့ မေတ္တာရပ်ခံပါတယ်'

ကန်နန်းကြီးကြပ်ရေးမှူးက ပြန်ဖြေသည်။

'ကောင်းပါပြီ၊ ကျုပ်တို့ကလဲ ကြိုးစားပါ့မယ်'

'ကောင်းပြီ၊ ကဲ စဆင်းပြီဟေ့'

မာလိုရီသည် လေယာဉ်ဦးခေါင်းကို အောက်ဘက်သို့ အနည်းငယ် စိုက်လိုက်ယင်း ပါးစပ်မှ ခပ်တိုးတိုး ရေရွတ်လိုက်သည်။

ဖာဒီယာသည် ရှေ့သို့တိုးလာပြီး လေယာဉ်မှူးနှစ်ယောက်အကြားမှနေ၍ သဲမုန်တိုင်းအကြားအတွင် ၎င်း၏ ရဲဘော်ရဲဘက်များကို ရှာဖွေနေသည့်အလား ရှေ့ဘက်သို့ စိုက်ကြည့်နေသည်။ မာလိုရီသည် ပစ္စတိုကို ကိုင်ထားသော ဖာဒီယာ၏လက်ကို အတဲခတ်ယင်း လုယူ၍ ရမရ စဉ်းစားမိသည်။ မဖြစ်နိုင်။ လုယူ၍ရသည့်တိုင်အောင် ဂျင်ဆင်သို့မဟုတ် နီဝါကိုစကီ၊ တစ်ယောက်ယောက် အပစ်ခံသွားကြရမည်မှာ သေချာသည်။

ဖာဒီယာသည် ၎င်း၏ထိုင်ခုံဆီသို့ ပြန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးရင်း ၇၄၇ လေယာဉ်ကြီးသည် အောက်သို့ တစ်ဖြည်းဖြည်း နိမ့်ဆင်းလာသည်နှင့် အမျှ အမြင့်ပြကိရိယာမှ လက်တံကလည်း အလိုက်သင့် ပြောင်းရွှေ့၍ ပြနေသည်။

နိုဝါကိုစကီကလည်း လေယာဉ်ပျံကိုယ်ထည်အတွင်းရှိ ဖိနှိပ်အားကို အမြင့်ပေနှင့် ကိုက်ညီအောင် ပြင်ဆင်ပေးနေသည်။ လေယာဉ်ပျံအောက်ဘက်နှင့် ရှေ့တည့်တည့်တွင် အဝါရောင်ညစ်ပုပ်ပုပ်ကိုသာ မြင်ရသည်။ လေယာဉ်ကွင်းနားသို့ရောက်လျှင် မည်သည့် အကွာအဝေးအထိ မြင်နိုင်စွမ်းရှိမည်ကို ဘုရားမှသာ သိနိုင်ပေလိမ့်မည်။ လုံးဝ မမြင်ရတာမျိုး လည်းဖြစ်နိုင်သည်။ မမြင်ရခဲ့သော် အယ်လ်မားဂရက်ဗ်တွင် ဆင်းရန် လုံးဝမဖြစ်နိုင်တော့ ချေ။

အကယ်၍ ဖာဒီယာကသာ ၎င်းထံသို့ ရန်ပြုရန် လာခဲ့သည်ရှိသော် လေယာဉ်ပျံကို ရုတ်တရက် ငိုက်ဆင်းကျသွားအောင်လုပ်လိုက်ပြီး ဖာဒီယာကို အခြေပျက်သွားအောင် လုပ်ရလိမ့်မည်။ သို့သော် ဖာဒီယာက တစ်ဦးတည်း မဟုတ်ပြန်ချေ။ ဒီလိုအတွေးမျိုးကို လက်ခံထားခြင်းသည် လုံးဝ အကျိုးမရှိချေ။ လေယာဉ်ပျံကြီးသည် မြေပြင်ပေါ် သို့ ချောချော မောမော ဆင်းနိုင်မည့်ကိစ္စကိုသာ ဦးနှောက်အခြောက်ခံသင့်သည်။ အဲဒီနောက်မှ ဘာဆက် လုပ်ရမည်ကို ဆက်စဉ်းစားပေါ့။

မာလိုရီက ဖာဒီယာ့ဘက်သို့ လှည့်လိုက်၏။

'ဟေ့ မင်းက ဒီအရပ်ဒေသက လူ၊ ဒီလေမုန်တိုင်းတွေဟာ ဘယ်လောက်လောက် အထိ ဆိုးရွားတယ်ဆိုတာ မင်းသိ . . .'

ဖာဒီယာက ခပ်ဆတ်ဆတ် ပြောလိုက်သည်။

'ရှင် ဆင်းကို ဆင်းရမယ်'

'ဘုရား၊ ဘုရား အသိတရားလေး ရှိစမ်းပါကွာ၊ မြင်နိုင်စွမ်းရှိတဲ့ အကွာအဝေးဟာ မိုင်ဝက်ထက် လျော့နည်းနေယင် ငါဆင်းနိုင်မှာ မဟုတ်ဘူး'

'ဒီကိစ္စကို ကျွန်မ မဆွေးနွေးဘူး'

ဖာဒီယာ၏ ပါးပြင်မှာ ပန်းနုရောင် သန်းလာသည်။

'အယ်လ်မားဂရက်ဗ်မှာ ဆင်းဖို့က သိပ်အရေးကြီးတယ်'

'ဒါပေမယ့် . . .'

'ကျွန်မတို့ ဒီကိစ္စကို ဆွေးနွေးနေတာ တော်တော်လေးများသွားပြီ၊ ရှင် အဲဒီမှာ ဆင်းရလိမ့်မယ်၊ ဒါမှမဟုတ်၊ မသေမချင်း ကြိုးစားရလိမ့်မယ်'

'ကြည့်ကြသေးတာပေါ့လေ'

မာလိုရီက ခပ်တိုးတိုးပြောယင်း ရှေ့တူရူသို့ ပြန်လှည့်ကြည့်လိုက်သည်။

မာလိုရီက အသံလွှင့်သည့်ခလုတ်ကို နှိပ်လိုက်၏။

'ထရန်စ်အမ် ကိုး သုည တစ်၊ အမြင့် နှစ်, လေး, သုညမှာ ပျံသန်းနေပြီ'

ကန်နန်း ကြီးကြပ်ရေးမျှူးက ချက်ချင်း ပြန်ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီ ကိုး သုည တစ်၊ အောက်ကို ဆက်ဆင်းပြီး အမြင့်တစ်ခြောက်သုံညမှာ ဆက်ပျံသန်းပါ၊ မြို့သစ်ရဲ့တောင်ဘက်ပိုင်း တစ် နှစ် ငါး ပွိုင့် သုည ငါး နဲ့ ဆက်သွယ်ပါ'

'ကောင်းပါပြီ၊ တစ် ခြောက် သုညအထိ ဆင်းပြီးပါပြီ မြို့သစ်ကို တစ် နှစ် ငါး ပွိုင့် သုည ငါးနဲ့ ဆက်သွယ်နေပါပြီ'

မာလိုရီသည် အသံလွှင့်/ဖမ်းစက်ပေါ်ရှိ ဖရီကွင်စီကို လေလှိုင်းသစ်နှင့် တိုက်ညီအောင် ပြောင်းရွှေ့ပေးနေသည်။

'မြို့သစ်တောင်ဘက်ပိုင်း ထရန်စ်အမ် ကိုး သုည တစ်က ဆက်သွယ်နေပါတယ်'

အသံတစ်ခုသည် ရေဒီယိုထဲမှ ပေါ်ထွက်လာသည်။

'ကောင်းပြီ၊ ထရန့်စ် အမေရိကန် ကိုး သုည တစ်၊ အမြင့်ပြကိရိယာမှာ တူးနိုင်နာ၊ စစ်ခ်နိုင်နာနဲ့ ချိန်ထားပါ၊ ပျံသန်းမှုဆိုင်ရာ တစ်ဖြောင့်ညီ(အမြင့်) နှစ် သုည သုညက ထွက်ပြီဆိုယင် သတင်းပို့ပါ'

'ကောင်းပါပြီ မြို့သစ်၊ အမြင့်ပြကိရိယာ တူးနိုင်နာ၊ စစ်ခ်နိုင်နာ၊ ပျံသန်းမှုဆိုင်ရာ တဖြောင့်ညီ(အမြင့်) နှစ် သုည သုညကထွက်ယင် သတင်းပို့ပါ့မယ်'

မာလိုရီသည် နောက်ဘက်သို့ ပြန်လှည့်ပြီး မြေပြင်ပေါ်သို့ ဆင်းချိန်တွင်ရှိမည့် လေယာဉ်ပျံ၏ အလေးချိန်ကို မေးလိုက်သည်။

နိုဝါကိုစကီက ကိန်းဂဏန်းများကို လေ့လာလိုက်သည်။

'အလေးချိန်ပေါင် (၃၉၅၀၀၀)လောက် ရှိလိမ့်မယ် ကက်ပတိန်'

မာလိုရီက ခေါင်းညိတ်လိုက်ပြီးနောက် ၎င်း၏ရှေ့တွင်ရှိသော ဇယားကို လေ့လာလိုက်သည်။ လေယာဉ်၏အလေးချိန်ပေါ် မူတည်၍ မြေပြင်ပေါ်သို့ ဆင်းသက်ရာတွင် ထားရှိရမည့် အမြန်နှုန်းများကို ကွန်ပျူတာက အသေးစိတ် တွက်ချက်ပေးထားသော ဇယားဖြစ်သည်။

'တစ်နာရီကို ၁၂၉ မိုင်နှုန်းတဲ့'

အမှန်တကယ် ဆင်းသက်သောအခါ အရှိန်တုံ့သွားအောင် တိုက်ခတ်နေသော လေမုန်တိုင်းကို တုံ့ပြန်ရန်အတွက် ထိုမိုင်နှုန်းတွင် ၁၅မိုင် ထပ်တိုးရန် မာလိုရီသည် စိတ်ထဲက ထားမှတ်ထားလိုက်သည်။

'ကဲ . . . ဂျိုးရေ၊ ပဏာမ စစ်ဆေးမှုကလေးတွေ လုပ်ကြရအောင်'

'ကောင်းပါပြီ ကက်ပတိန်၊ ဖိအားမှန်အောင် ပြင်ပြီးပါပြီ၊ စစ်လဲစစ်ဆေးပြီးပါပြီ အရှိန်နှုန်းကို စစ်ဆေးဦးမလား'

လေယာဉ်မှူးနှစ်ယောက်သည် အရှိန်နှုန်း မှန်ကန်အောင် ပြုပြင်ပြီးဖြစ်ကြောင်း ပြိုင်တူ စစ်ဆေးလိုက်ကြသည်။

'လောင်စာဆီဗိုင်ခွက်ကို အသင့်ပြင်ဆင်ပြီးပြီ၊ အချက်ပြမီးတွေကိုလဲ စစ်ဆေးပြီး အမြင့်ပြကိရိယာကကော'

www.burmeseclassic.com

www.burmeseclassic.com



'ချိန်ထားပြီးပါပြီ၊ ထပ်ပြီး စစ်ဆေးထားပါတယ်၊ တူးနိုင်နာ၊ စစ်ခ်နိုင်နာ'

'ရေဒီယိုနဲ့ လှမ်းညွှန်ပြ ကိရိယာတွေကိုကော'

'အဆင်သင့် ချိန်ထားပြီးပါပြီ၊ ထပ်ပြီး စစ်ဆေးပြီးပါပြီ'

'ရေဒီယိုအမြင့်ပြ ကိရိယာကကော'

'ပေ ၅၀၀ အမြင့်အတွက် ချိန်ထားပါတယ်'

'ပဏာမ စစ်ဆေးမှုပြီးပါပြီ၊ ကက်ပတိန်'

'ကျေးဇူးပဲ'

ဂျင်ဆင်က ရှေ့တည့်တည့်သို့ ခေါင်းညိတ်ပြသည်။

'အဲဒါ ဂါဇာကမ်းခြေပဲ'

ဂါဇာကမ်းခြေမှာ အင်မတန် အရုပ်ဆိုးသော အဝါရောင် သဲမုန်တိုင်းအောက်တွင် မမြင်ရသလောက်ဖြစ်နေသည်။ ယခုအချိန်တွင် ဝဲကတော့ ထိုးနေသော သဲမုန်တိုင်းကို မြင်ကြရလေပြီ၊ သဲမုန်တိုင်း၏ ထိပ်ဖျားမှာ ဝဲလှည့်နေသော ဖုန်မှုန့်များကြောင့် တစ်ဘက်သို့ တိုးလျှိုပေါက် မြင်နေရသလောက်ပင်။ သို့သော် သဲမုန်တိုင်း၏အောက်ခြေမှာ အစိုင်အခဲကြီး ပမာ တည်ရှိနေသည်။ ထုနှင့် ထည်နှင့်ဖြစ်နေသည်သာမက ထိတ်လန့်စရာလည်း ကောင်းသည်။

ဘိုးရင်း ၇၄၇ သည် တစ်မိနစ်လျှင် ပေ ၂၅၀၀ နှုန်းနှင့် ဆင်းသက်လျက်ရှိသည်။ လေယာဉ်ဆင်းသက်ရာ ခရီးလမ်းကြောင်းမှာ ဖြောင့်ဖြူးနေသည်။ လေယာဉ်ပျံ၏ အတောင်ပံသည် စိုးစဉ်းမျှ တုန်လှုပ်ခြင်း မရှိ။ သို့သော် အချိန်အနည်းငယ်အတွင်း သဲမုန်တိုင်းက လေယာဉ်ပျံကြီးအား ဆန့်ကျင်တိုက်ခတ်လာမည်ကို မာလိုရီ ကောင်းစွာသိပါသည်။ မာလိုရီသည် လေယာဉ်ကိုယ်ထည်ခံနိုင်ရည် ရှိ မရှိကို လုံးဝ ပူပန်ခြင်း မရှိပါ။ ဘိုးရင်း ၇၄၇သည် အလွန်တောင့်သည်။ ခံနိုင်ရည်ရှိသည်။ လာမည့်မိနစ်ပိုင်းအတွင်း သက်တောင့်သက်သာတော့ ရှိလိမ့်မည်မဟုတ်။ သို့ရာတွင် မာလိုရီ ထိတ်လန့်နေသည်မှာ မည်သို့မျှ ကြိုတင်တွက်ဆ၍ မရသော အဆင်းခရီးပင်ဖြစ်သည်။

မြို့သစ်မှ ကြီးကြပ်ရေးမှူး အသံကို ကြားရပြန်သည်။

'ထရန့်စ်အမ် ကိုး သုည တစ်၊ ခင်ဗျားကို လက်ရှိအနေအထားအတိုင်း ရေဒီယိုလှိုင်းရှိရာ မျှော်စင်အထိ တိုက်ရိုက်ပျံသန်းဖို့ ခွင့်ပြုတယ်၊ အဆင်းခရီးအတွက် ခွင့်ပြုချက်ရရှိအောင် အမွန်ကြီးကြပ်ရေးဌာနကို တစ် နှစ် သုည ပွိုင့် တစ်က ဆက်သွယ်ပါ'

'ကောင်းပါပြီ၊ မြို့သစ်'

မာလိုရီက ပြန်ကြားလိုက်ခြင်းဖြစ်သည်။

'ခင်ဗျားကို အေစီရော့စ်က ကံကောင်းပါစေတဲ့၊ ဘုရားသခင်သည် သင်နှင့်အတူ ရှိပါစေသတည်း'

'အာ. . . ကျေးဇူးတင်ပါတယ် မြို့သစ်၊ တိုက်ရိုက်ပျံသန်းခွင့်ရပြီလို့ ပြောလည်းလိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်'

ခိုးမှုပဲ။ မာလိုရီသည် မိမိကိုယ်ကို ကျိန်ဆဲယင်း ဦးခေါင်းကို ခါယမ်းလိုက်မိသည်။ အမ္ဗန်မြို့တွင်ရှိသော ဟက်ရှိုမိုက်နိုင်ငံ လေကြောင်းကြီးကြပ်ရေးမှူး တစ်ဦးနှင့် စကားပြောရမည့်ကိစ္စကို ၎င်းသည် ကြိုတင်၍ မတွေးခဲ့မိချေ။

သို့သော် ဖာဒီယာကို သံသယ မဝင်စေအောင် ၎င်းက မည်သို့မျှ တာကွယ်နိုင်စွမ်း မရှိပါ။

'အမ္ဗန်ကြီးကြပ်ရေး၊ ပေခြောက်ထောင်အထိ ဆင်းနေတဲ့ ထရန့်စ်အမ် ကိုး သုည ၈စ်က ဆက်သွယ်နေပါတယ်၊ ပြီးပါပြီ'

'မင်္ဂလာနေ့လယ်ခင်းပါ ကိုး သုည တစ်၊ အမ္ဗန်က ပြန်ဆက်သွယ်ပါတယ်၊ ခင်ဗျားက ပေခြောက်ထောင်အထိ ဆင်းလာတယ်လို့ နားလည်ထားပါတယ်၊ မြင့်မားလှတဲ့ ကြားခံနယ် မြေကြောင့် ခင်ဗျားကို အဲဒီဒေသမှာ ရေဒါနဲ့ အကူအညီ ပေးနိုင်စွမ်း မရှိပါဘူး၊ ခင်ဗျားကို အယ်လ်မားဂရက်ဗ်မှ ဆင်းသက်ဖို့ ခွင့်ပြုပါတယ်၊ အခြားအကူအညီ လိုပါသေးသလား'

စိတ်သက်သာရာ ရသွားသော မာလိုရီက ပြန်ဖြေလိုက်သည်။

'မရှိပါဘူး အမ္ဗန်၊ ဒါပေမယ့် ကျေးဇူးတော့တင်ပါတယ်'

မာလိုရီသည် စကားပြောခွက်ကို ချိတ်တွင် ပြန်ချိတ်လိုက်သည်။ ကံကောင်းခြင်း တစ်မျိုးပင်။ ဤဒေသသို့ ရေဒါဖြင့် ထောက်လှမ်းခြင်း မပြုနိုင်ပါက ၎င်းတို့လေယာဉ်သည် ကန်နန်းနယ်မြေအတွင်းရှိ ရာမတ်ရှာမွန်၌ ဆင်းသည့်ကိစ္စကို ဟက်ရှိမိုက်ကြီးကြပ်ရေးမှူးက ဖာဒီယာကြားအောင် ပြောနိုင်တော့မည် မဟုတ်ပါချေ။

ဒီအထိတော့ ဟုတ်နေပေသေးသည်။ မာလိုရီသည် ပခုံးကြွက်သားများကို လက်နှင့် ဖျစ်ညှစ်လိုက်မိ၏။ ပင်ပန်းနွမ်းနယ်မှုက အနိုင်ယူစ ပြုလေပြီ။

ချက်ချင်းလိုလိုပင် မာလိုရီက ၎င်းသည် ကန်နန်းကြီးကြပ်ရေးမှူးနှင့် ဆက်သွယ်ခွင့် ရတော့မည် မဟုတ်ကြောင်း သတိပြုလိုက်မိသည်။ ၎င်းအပြင် မြို့သစ်က နောက်ဆုံး ဆက်သွယ်ခဲ့သော စကားထဲ၌ ရာမတ်ရှာမွန်၌ ၎င်းဆင်းမည့်ကိစ္စကို အားပေးအားမြှောက်ပြု သော အချက်ဟူ၍ တစ်ချက်မှ မပါရှိခဲ့ချေ။

မြတ်စွာဘုရား၊ ငါ့ကို ဟက်ရှိမိုက် ကြီးကြပ်ရေးမှူး၏ လက်ထဲသို့ လွှဲပြောင်းပေးခဲ့သေး ပြီ။ ဤကဲ့သို့ လွှဲအပ်ပေးခြင်းသည် ကန်နန်းတို့က ရာမတ်ရှာမွန်၌ ဆင်းခွင့်မပြုကြောင်း အသိပေးသည့်သဘောလား။ အကြောင်းတစ်ခုခုကြောင့် ရာမတ်ရှာမွန်တွင် ဆေင်းစေလို၍ လော။ လေယာဉ်ပြေးလမ်းကပင် လုံးဝ စိတ်မချရ၍လော။

ချွေးသီးချွေးပေါက်များ ပေါက်ပေါက်ကျလုမတတ် သီးလာကြလေပြီ။ ထက်ဝက်စီန် မာလိုရီသည် စိတ်ပါတ်ချောက်ချားမှုကို ထိန်းသိမ်းချုပ်တီးနေရသည်။

မာလိုရီက တွေးမိပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



'မြို့သစ်က လေကြောင်းကြီးကြပ်ရေးမှူးက ဘာတွေ လျှောက်ပြောနေတာလဲ၊ အေစီဗျောစ်ဆိုတာ ဘယ်သူလဲ'

❑

ပြင်းထန်သောလေသည် ဖွင့်ထားသော တံခါးမှတစ်ဆင့် လေယာဉ်ပျံထားသော အဆောက်အအုံကြီးထဲသို့ တိုးဝှေ့၍ ဝင်လာကြသည်။ ပုံထားသော အဝတ်အထည်များသည် လေအဝှေ့တွင် ဟိုရွေ့သည်ရွေ့ ဖြစ်နေကြသည်။ အဝတ်အစားများသည် ယခင်က ထက်ပင် ပို၍ ပို၍ ညစ်ထေးလာကြသည်။ ကွန်မင်ဒိုများသည် အဝတ်အထည်များကို ကိုင်တွယ်စစ်ဆေးယင်း ရှုံ့မဲ့နေကြသည်။

'ဒီဂျာကင်က နံလိုက်တာ၊ မြည်းတစ်ကောင်ကောင် ဝတ်ခဲ့တာပဲဖြစ်ရမယ်'

'ဒီဥစ္စာက ပိုတောင်ဆိုးသေးတယ်'

'ငါတော့ အန်တော့မှာပဲ'

'အန်လေကွာ၊ မင်းအန်ပြီးယင် အနံ့အသက်က ပိုကောင်းလာလိမ့်မယ်'

'ဒီအမှိုက်စုတ်တွေကို ဝတ်ပြီးယင်၊ တို့ကိုယ်ကို ပိုးသတ်ဆေးနဲ့ ဖျန်းရလိမ့်မယ်'

ဆာဂျင်က ကွန်မင်ဒိုများကို အတင်းလောဆော်နေသည်။

'လုပ်ကြကွာ၊ တစ်ခုခုကို ယူဝတ်ကြပါ။ ကိုယ်နဲ့ တော်စရာမလိုပါဘူး၊ လုပ်ကြစမ်းကွာ၊ မြန်မြန်'

'ဒီအကျီက ကြယ်သီးလုံးဝမပါဘူး'

'နောက်တစ်ထည်ရှာပေါ့ကွ၊ လုပ်ကြစမ်းကွာ၊ လုပ်ကြစမ်း၊ ရွှေ့စရာတွေ တစ်ပုံတစ်ပင်ကြီးပါ၊ နှစ်မိနစ်အတွင်း မင်းတို့အားလုံး ပြောက်ကျားခေါင်းဆောင်ကြီးရဲ့ လူစွမ်းကောင်းတွေပုံစံမျိုး ဖြစ်လာစေချင်တယ်'

ကွန်မင်ဒိုများသည် အဝတ်အထည်များကို ရွေးထုတ်ယင်း ဝတ်ကြည့်နေကြသည်။ အဝတ်အစားများမှာ ဟောင်းနွမ်းနံစော်လှသည်။ သို့သော် သက်ဆိုင်ရာက မဖျက်ဆီးခဲ့ကြသောကြောင့် ကျန်ရှိနေခြင်းဖြစ်သည်။

ခြောက်ရက်စစ်ပွဲအတွင်းက သိမ်းဆည်းရမိခဲ့သော ထရပ်ကား ၁၂ စီးသည် လေဆိပ်သို့ဦးတည်၍ မောင်းနှင်လာခဲ့ကြသည်။ သုံးစီးသာ လေဆိပ်သို့ ချောချောမောမော ရောက်ရှိလာသည်။ ကျန်မော်တော်ကားများမှာ စက်ပျက်၍ လမ်းတွင်ကျန်ရစ်ခဲ့ကြသည်။

စစ်သားတစ်ယောက်သည် စနစ်တကျခေါက်ထားသော ဟာက်ရှိမိုက်နိုင်ငံအလံကို ယူဆောင်ယင်း လေယာဉ်ပျံထားသည့် ရုံဘေးတွင်ရှိသော အလံတိုင်ပေါ် သို့တက်သည်။ တစ်ဝက်သို့အရောက်တွင် ကြွပ်ပြီးဆတ်နေသော အလံတိုင် ကျိုးကျသဖြင့် သူ လိမ့်ကျသည်။ ကံကောင်းထောက်မသဖြင့် ဒဏ်ရာတော့ မရရှိချေ။ ထို့နောက် ကျန်နေသေးသော အလံ

www.burmeseclassic.com

www.burmeseclassic.com



တိုင်ကို ထရပ်ကားတစ်စီးပေါ်တွင် စိုက်ထူလိုက်သည်။ ခေါက်ထားသော အလံကို ဖြန့်လိုက်သောအခါ စုတ်ပြဲပြီး လေနောက်သို့ပါသွားသဖြင့် အလံကို ပြန်ရအောင် လူခြောက်ဦးခန့်က အတင်းလိုက်၍ ဖမ်းကြရသည်။ ရှုချင်စရာကောင်းလှသော သဲမုန်တိုင်းထဲတွင် လူနှစ်ယောက် အချင်းချင်း ဝင်တိုက်မိပြီး တစ်ယောက် သတိလစ်သွားသည်။ ၎င်းကို လေယာဉ်ပျံထားသည့်ရုံထဲသို့ သယ်ခဲ့ရ၏။

ဤအော်ပရေးရှင်း၌ ဒဏ်ရာရသူ အမှတ်တစ်ပင်ဖြစ်သည်။ ဤအော်ပရေးရှင်းသည် လူပြက်ကြီး သုံးယောက် (**Three Stooges**) ရုပ်ရှင်ကားထဲကလို ကိုးရိုးကားရားတွေချည်းဖြစ်နေသည်။ ဗိုလ်မှူးကြီးက ထရပ်ကား ဒရိုင်ဘာများကို ဩဝါဒပေးသည်။

'ဒီခွေးမသား မော်တော်ကားတွေကို စက်မရပ်လိုက်နဲ့၊ ရပ်ပြီးယင် နောက်ထပ် ပြန်နှိုးလို့ ရတော့မှာ မဟုတ်ဘူး'

ဗိုလ်မှူးကြီးသည် ကျည်ဆန်သေတ္တာခွံများကို ခြေထောက်နှင့်ကန်၍ စုစည်းလိုက်ပြီးနောက် လူစုရန် ဆာဂျင်တစ်ယောက်ကို ခေါင်းညိတ်ပြလိုက်သည်။ ကွန်မင်ဒိုများကို အကျိုးအကြောင်း ရှင်းလင်းပြောပြရန် အချိန်တန်လေပြီ။

ကွန်မင်ဒိုများသည် အဝတ်အစားများကို ကိုးရိုးကားရားဝတ်ဆင်ပြီး ကျင်ကျင်လည်လည် ကိုင်တွယ်ဖူးခြင်း မရှိသော ဆိုဗီယက်နှင့် ချက်ကိုစလိုဗက်နိုင်ငံလုပ် လက်နက်ပစ္စည်းများကို လေ့လာစစ်ဆေးယင်း ဗိုလ်မှူးကြီး၏ပတ်ပတ်လည်တွင် စုရုံးရောက်ရှိလာကြသည်။ လဲတော့မလို ပြိုတော့မလိုဖြစ်နေသော လေယာဉ်ပျံရုံကြီးသည် လေမုန်တိုင်းဒဏ်ကြောင့် တကျည်ကျည်နှင့် တအီအီမြည်၍နေသည်။

ဗိုလ်မှူးကြီးက ၎င်း၏တပ်သားများကို အလွန်လေးစားသည်။ ၎င်း၏စစ်သားများသည် ကြံ့ခိုင်ဖန်ရည် ရှိကြသည်။ အကင်းပါးသည်။ ကမ္ဘာပေါ်တွင် အတော်ဆုံးစစ်သားများဟုပင် ဆိုနိုင်လောက်သည်။ ဒီလိုလုပ်ငန်းမျိုးအတွက် အခြားမည်သည့်စစ်သားကိုမျှ အစားမလိုချင်။ သို့ရာတွင် တပ်သားများ၏ အရည်အသွေးသည် မည်၍မည်မျှပင် တောက်ပြောင်နေစေကာမူ ကံကလေးကောင်းဖို့ကတော့ လိုအပ်သည်ချည်းသာဖြစ်သည်။

ဗိုလ်မှူးကြီးက စ,စကားပြောသည်။

'စက္ကန့်တိုင်း စက္ကန့်တိုင်း တန်ဖိုးရှိတယ်၊ ဒါကြောင့် ငါက အချိန်ဖြုန်းမှာတော့ မဟုတ်ဘူး၊ ပုပ်ရဟန်းမင်းကြီး အမေရိကကို သွားဖို့ စီးနင်းလိုက်ပါလာတဲ့ လေယာဉ်ပျံ ပြန်ပေးဆွဲခံရတဲ့ကိစ္စကို မင်းတို့ ကြားပြီးဖြစ်လိမ့်မယ်'

ကွန်မင်ဒိုများသည် အစက ငါမပြောဘူးလားဆိုသော ပုံစံနှင့် တစ်ယောက်ကို တစ်ယောက်က ကြည့်၍ ခေါင်းညိတ်လိုက်ကြ၏။

'ခုအချိန်မှာတော့ အဲဒီလေယာဉ်ပျံကြီးဟာ ဒီဒေသနားကို ချဉ်းကပ်လာနေပြီ၊ ဘယ်တို့အစီအစဉ်ကတော့ ဟောဒါပဲ . . . ပြန်ပေးဆွဲတဲ့လူတွေက လေယာဉ်ပျံကြီးဟာ ဒီနေရာက သိပ်မဝေးတဲ့ ဟက်ရှီမိုက်နယ်မြေထဲက၊ အယ်လ်မားဝရှတ်ဝ်လေဆိပ်မှာ ဆင်းမယ်

www.burmeseclassic.com



လို့ ထင်နေကြတယ်၊ ဒါပေမယ့် အဲဒီလေယာဉ်ပျံက ဒီလေဆိပ်မှာ ဆင်းလိမ့်မယ်'

အမှတ်တမဲ့ အော်လိုက်မိသော အသံများကို သိသိသာသာ ကြားလိုက်ကြရသည်။ ကွန်မင်ဒိုတပ်သားများသည် ယခုပြောဆိုနေသော အကြောင်းအရာများနှင့် ဆက်စပ်နေသော အချက်အလက်များကို နားလည်စ ပြုကြလေပြီ။

'တကယ်တော့ သဲမုန်တိုင်းက တို့ရဲ့မိတ်ဆွေပဲ၊ သဲမုန်တိုင်းသာ မရှိယင် လေယာဉ်မှူးကလဲ ပြန်ပေးဆွဲတဲ့လူတွေကို လှည့်ဖြားဖို့ကြိုးစားရမှာ မဟုတ်ဘူး၊ ဒါပေမယ့် သဲမုန်တိုင်းက လေယာဉ်မှူးကိုပါ အကြီးအကျယ် ဒုက္ခပေးနေတယ်၊ ဒီလိုအခြေအနေမျိုးမှာ ဆင်းဖို့ကြိုးစားယင်းနဲ့ ပျက်ကျနိုင်တယ်လို့တောင် သိရတယ်၊ ပြေးလမ်းက လေယာဉ်ပျံရဲ့ အလေးချိန်ကို ခံနိုင်ရည် ရှိမရှိ ဆိုတာကိုလဲ မသိနိုင်ဘူး၊ ဒီတော့ ဒီကိစ္စတစ်ခုလုံးဟာ လောင်းကစားမှုကြီးတစ်ခုပဲ၊ ဒါပေမယ့် လေယာဉ်မှူးက လေယာဉ်ပျံကြီးကို ဘေးမသီ ရန်မခပဲ မြေပြင်ပေါ်ရောက်အောင်ဆင်းလာနိုင်စွမ်းရှိပြီ ဆိုပါစို့ ပတ်ဝန်းကျင်ကို မြင်နိုင်စွမ်းရှိတဲ့ အခြေအနေကလဲ သိပ်ကို ဆိုးရွားနေတယ်၊ ဒီတော့ ပြန်ပေးသမားတွေဟာ အယ်လ်မားဂရက်ဗ်ကို ရောက်လာတာ မဟုတ်ဘူးဆိုတာကို သိပ်နောက်ကျမှ သိလာတာမျိုး ဖြစ်နိုင်တယ်'

လေးလေးနက်နက် လေးလေးပင်ပင် ခေါင်းညိတ်လိုက်ကြသည်။

'ဒီကိစ္စကို အကြမ်းဖက်ဂိုဏ်းက ကြိုးကိုင်နေတယ်၊ စနစ်တကျ စီစဉ်ခဲ့ကြတာလဲ ဖြစ်တယ်၊ ပြန်ပေးဆွဲတဲ့လူတွေဟာ လေယာဉ်ဝန်ထမ်းတွေရဲ့ မိသားစုတွေကို ပြန်ပေးဆွဲပြီး ထိန်းသိမ်းထားတဲ့အထိ ဒုက္ခခံခဲ့ကြတယ်၊ ဒါပေမယ့် အဲဒီ မိသားစုတွေ လွတ်မြောက်သွားပြီလို့ သိရတယ်၊ သတင်းကောင်းတစ်ခုပဲ ဒါပေမယ့် တို့အတွက် အကျိုးမထူးဘူး၊ ပြီးတော့ အကြမ်းဖက်ဂိုဏ်းရဲ့တောင်းဆိုချက်တွေကလဲ လွန်လွန်းအားကြီးတယ်၊ ပုပ်ရဟန်းမင်းကြီးကို ပြန်လွှတ်ပေးစေချင်ယင် အနောက်ဘက်ဒေသက လုံးဝရုပ်သိမ်းပေးကြရမယ်တဲ့၊ ၂၄ နာရီအတွင်း ဆုတ်ခွာမပေးယင် ပုပ်ရဟန်းမင်းကြီးကို အဆုံးစီရင်မယ်၊ တောင်းဆိုချက်ကတော့ အဲဒါပဲ၊ အဲဒီကိစ္စကို ညှိနှိုင်းလို့ ရနိုင် မရနိုင်ဆိုတာ တို့အနေနဲ့ လုံးဝ မသိနိုင်ဘူး၊ တို့နဲ့လဲ မဆိုင်ဘူး၊ တို့ လုပ်ကြရမှာက ပြန်ပေးဆွဲတဲ့လူတွေဟာ သူတို့ဆင်းချင်တဲ့ လေယာဉ်ပျံကွင်းကို ရောက်ပြီလို့ထင်အောင်၊ ပုပ်ရဟန်းမင်းကြီးနဲ့ လေယာဉ်ပျံပေါ်က ခရီးသည်တွေကို ဒုက္ခမပေးခင် သူတို့ကို ရှင်းပစ်နိုင်အောင် အချိန်ရဖို့ပဲလိုတယ်၊ လေယာဉ်ပျံကြီး ရပ်တန့်သွားတာနဲ့တစ်ပြိုင်နက် အီရတ်ဘာသာနဲ့ ရေးမှတ်ထားတဲ့ထရပ်ကားတွေက လေယာဉ်ပျံဦးပိုင်းနားမှာ သွားပြီးရပ်တန့်စေချင်တယ်၊ အမြင့်ဆုံးထရပ်ကားက ရှေ့ပိုင်းက ခရီးသည်တွေ ဆင်းတဲ့တံခါးပေါက်နားအထိ နောက်ဆုတ်မောင်းသွားရမယ်၊ အခုလို လှေကားတွေ ဘာတွေ မရှိတဲ့နေရာမျိုးမှာ အဲဒီလိုနည်းမျိုးနဲ့ လေယာဉ်ပေါ်က ဆင်းခိုင်းရတယ်လို့ ငါသိထားရတယ်၊ တို့က လေယာဉ်ပျံပေါ်ကို ထရပ်ကားခေါင်မိုးပေါ်က တစ်ဆင့် တက်ကြမယ်၊ အမြင့်ကလဲ အတော်လေးကပ်ပဲဆိုတော့ အခက်အခဲဖြစ်စရာတော့ မရှိဘူး၊ ဒီ အော်ပရေးရှင်း တစ်ခုလုံးရဲ့ ရည်ရွယ်ချက်က လေယာဉ်ပျံထဲကို အရောက်ဝင်ပြီး ပြန်ပေးဆွဲတဲ့ကောင်တွေကို လက်နက်

www.burmeseclassic.com

www.burmeseclassic.com



တွေ အမြန်ဆုံး သိမ်းယူနိုင်ဖို့ပဲ'

'အတင်း အဓမ္မ လုပ်ရမှာလားဆရာ၊ တစ်ခါတည်း ပစ်ခတ်ပြီး ဝင်သွားရမှာလား'

၁၉-နှစ်သာ ရှိသေးသော ကွန်မင်ဒိုတစ်ယောက်က အမှတ်မထင် လှမ်းမေးလိုက်ခြင်း ဖြစ်သည်။

ဗိုလ်မှူးကြီးက ခေါင်းခါသည်။

'တစ်ခြားနည်း လုံးဝမရှိဘူးဆိုမှ အဲဒီလိုလုပ်မယ်၊ အခု တို့က သူတို့ကို စိတ်ဓါတ်ရေးရာနည်းနဲ့ လက်နက်သိမ်းမယ်၊ ကဲ ငါ ရှင်းပြပါရစေ၊ မင်းတို့အနေနဲ့ ပြန်ပေးတွေနေရာက စဉ်းစားကြည့်စမ်း၊ ပြန်ပေးသမားတွေဟာ ပင်ပန်းနွမ်းနယ်နေကြမယ်၊ တထိတ်ထိတ်ဖြစ်နေကြမယ်၊ ဘာနဲ့ရင်ဆိုင်ရမလဲဆိုတာကိုတောင် သိချင်မှ သိကြမယ်၊ အခု သူတို့တာဝန်ပြီးဆုံးပြီဆိုတော့ အဲဒီတာဝန်ကို တစ်ယောက်ယောက်လက်ထဲ လွှဲပေးချင်လိမ့်မယ်၊ သူတို့က မင်းတို့ကို ပြောက်ကျားတွေအနေနဲ့ပဲ မြင်ကြလိမ့်မယ်လို့ ငါယူဆတယ်၊ မင်းတို့ဟာ အခြင်အရ ပြောက်ကျားတွေနဲ့တူတယ်၊ ပြောက်ကျားတွေလိုပဲ အနံ့ကိုယ်စီရှိနေတယ်၊ နောက်တစ်ချက်ကလဲ အီရဗာဘာသာစကားကို ပြောနိုင်သူတွေသာ လေယာဉ်ပျံပေါ် တက်ကြရမယ်၊ ဒါ့ကြောင့် သူတို့က 'အယ်လ်မားဂရက်ဗ်'ကို ရောက်နေတယ်လို့ ထင်သွားကြရမယ်၊ ဒီကိစ္စကြီးအောင်မြင်စေချင်တယ်ဆိုယင်၊ အစပထမ မိနစ်ပိုင်းအတွင်းမှာပဲ အောင်မြင်အောင် လုပ်ရလိမ့်မယ်၊ တို့က လေယာဉ်ပျံထဲကို မဆုတ်မဆိုင်းပဲ ချက်ချင်း ဝင်သွားကြမယ်၊ ပုပ်ရဟန်းမင်းကြီးကို ခေါ် ထုတ်သွားမယ်၊ ပြီးတော့ ပြန်ပေးသမားတွေကို လေယာဉ်ပျံပေါ်က ခေါ် လာပြီး ခိုးကျူးစကား ပြောရမယ်၊ ထရပ်ကားပေါ် တက်ခိုင်းရမယ်၊ အစီအစဉ်ကတော့ ငါက ပုပ်ရဟန်းမင်းကြီးကို ထိပ်ဆုံးကားပေါ်မှာ တင်ခေါ် လာပြီး ဒီလေယာဉ်ပျံရုံထဲကို မောင်းဝင်လာမယ်၊ ကျန်တဲ့ထရပ်ကားနှစ်စီးကတော့ ပြန်ပေးသမားတွေ အတွက်ပဲ၊ သူတို့ကိုလဲ ဒီကို ခေါ် လာရမယ်၊ လေယာဉ်ပျံပေါ် မှာတော့ ကွန်မင်ဒိုအဖွဲ့တစ်ဖွဲ့က စောင့်နေခဲ့ရမယ်၊ ပြန်ပေးသမားတွေ လေယာဉ်ပျံရုံထဲရောက်တဲ့အခါ ကြိုဆိုရေး အဖွဲ့တစ်ဖွဲ့နဲ့ တွေ့ကြရလိမ့်မယ်။ ပုပ်ရဟန်းမင်းကြီးနဲ့ ပြန်ပေးသမားတွေ လေယာဉ်ပျံပေါ်က ဆင်းသွားပြီးမှ ခရီးသည်တွေကို အကျိုးကြောင်း ဖွင့်ပြောပြရမယ်၊ ကဲ . . . အခြေခံကတော့ ဒါပဲ မေးစရာရှိကြသလား'

သူ့ရှေ့မှ မျက်နှာအချို့မှာ မယုံကြည်သော မျက်နှာသေးနီးမှ လုံးဝမပြောနိုင်ပါဘူးဆိုသော မျက်နှာထားမျိုးအထိ အမျိုးမျိုးကွဲပြားသွားကြသည်။

'ဗိုလ်မှူးကြီး၊ ပြန်ပေးဆွဲတဲ့လူတွေက အယ်လ်မားဂရက်ဗ်ကို ရောက်ပြီလို့ ထင်ကြလိမ့်မယ်လို့ ယူဆထားပါသလား'

'ပြန်ပေးသမားတစ်ယောက်ယောက်က အယ်လ်မားဂရက်ဗ်ကို ရင်းရင်းနှီးနှီး သိထားတယ်ဆိုယင်၊ မြေပြင်ပေါ် ကို လေယာဉ်ပျံရောက်တာနဲ့ အယ်လ်မားဂရက်ဗ် မဟုတ်ဘူးလို့ ချက်ခြင်းသိသွားမှာပဲ၊ အဲဒါမျိုးတော့ ဖြစ်နိုင်ပါတယ် ဒါပေမယ့် ပြန်ပေးသမားတွေ

www.burmeseclassic.com

www.burmeseclassic.com



အယ်လ်မားဂရက်ဖ်ကို မရောက်ဖူးဖို့ဆိုတာကလဲ ပိုများပါတယ်၊ ပြီးတော့လဲ ဒီနေရာကို တွေ့အောင် တို့ဘယ်လိုရှာခဲ့ရသလဲ၊ ဒီလေမုန်တိုင်းမျိုးထဲမှာ သဲကန္တာရထဲက ဆက်မသုံးတော့တဲ့ လေဆိပ်တစ်ခုကို တစ်ခြားလေဆိပ်တစ်ခုနဲ့ ခွဲခြားဖို့ သိပ်မလွယ်ဘူး'

'ဗိုလ်မှူးကြီးခင်ဗျာ၊ ပြန်ပေးသမားတွေက တစ်ဦးတစ်ယောက်နဲ့ ဆုံဆည်းဖို့ စီစဉ်ထားတာမျိုးကော မဖြစ်နိုင်ပေဘူးလား၊ ဒီလိုပါခင်ဗျာ၊ ဒီကိစ္စကြီးတစ်ခုလုံးကို စနစ်တကျ စီစဉ်ခဲ့ကြတယ်ဆိုတော့ လေဆိပ်မှာ ကြိုဆိုမယ့် ကိစ္စကိုပါ စီစဉ်ဖို့ မဖြစ်နိုင်ပေဘူးလား'

'ဖြစ်နိုင်ပါတယ်၊ တို့အနေနဲ့ သိနိုင်စွမ်းတော့ မရှိပါဘူး၊ ဒါပေမယ့် သဲမုန်တိုင်းကို သတိရကြစမ်းပါ မုန်တိုင်းကို မေ့မထားကြနဲ့၊ အဲဒီမုန်တိုင်းကြောင့် ဘာမဆို ဖြစ်လာနိုင်တယ်၊ လိုအပ်လာယင် ပထမစီစဉ်ထားတဲ့ ကြိုဆိုရေးအဖွဲ့ လမ်းပျောက်ပြီး ရောက်မလာနိုင်ဘူးလို့ ပြောရမယ်၊ မင်းတို့အားလုံး လေယာဉ်ပျံပေါ်မှာ ကိုယ့်အိမ်ကိုယ့်ရာလို ရဲရဲတင်းတင်းရှိဖို့ လိုတယ်ဆိုတာ သိပ်ပြီး ထူးထူးထွေထွေမပြောချင်ဘူး၊ တွန့်ဆုတ်ဆုတ်ဖြစ်တာတွေ၊ မသေမချာ ဖြစ်တာမျိုးတွေဖြစ်လာယင် သဲသယဝင်လာကြလိမ့်မယ်၊ အဲဒီအချိန်ကျယင် ဘာဖြစ်လာမလဲဆိုတာ၊ ဘုရားမှပဲ သိလိမ့်မယ်'

'ကျွန်တော်တို့ လေယာဉ်ပျံနား မကပ်ခင် သူတို့က ဆီးပြီးတော့ ဆော်နိုင်ပါတယ်'

'မှန်တယ်၊ မျှော်လင့်မထားတာမျိုးကို မျှော်လင့်ထားရလိမ့်မယ်'

'ကျွန်တော်တို့ရဲ့ ဦးစားပေးတာဝန်က၊ ပုပ်ရဟန်းမင်းကြီးကို ကယ်ဖို့လား၊ ခရီးသည်တွေကိုလား'

'ငါ တွေးမိတာကတော့ ပုပ်ရဟန်းမင်းကြီးကို လေယာဉ်ပျံပေါ်က ခေါ်ထုတ်လာနိုင်ပြီဆိုယင်၊ အဓိကပြဿနာကို ဖြေရှင်းနိုင်ပြီပဲ၊ အန္တရာယ်ကတော့ ပုပ်ရဟန်းမင်းကြီးကို ခေါ်ထုတ်လာတဲ့နောက်ပိုင်းမှာ ပြန်ပေးသမားတစ်ယောက်၊ နှစ်ယောက်က အခြေအနေကို ရိပ်မိသွားယင် သူတို့က ခရီးသည်တွေကို ဓါးစာခံလုပ်ပြီး လေယာဉ်ပျံကြီးကို ဖေါက်ခွဲပစ်မယ်လို့ ခြိမ်းခြောက်နိုင်တယ်၊ ဒါကြောင့် ပြန်ပေးသမားတွေအားလုံး အစွယ်မရှိအောင် ချက်ခြင်းလက်ငင်းလုပ်နိုင်ဖို့က ပိုအရေးကြီးတယ်၊ ခက်တာက လေယာဉ်ပျံထဲမှာ သူတို့ ဘယ်နေရာနားမှာ ရှိမယ်ဆိုတာကို မသိရတာပဲ၊ ဒါပေမယ့် ပညာရှိဆန်ဆန် တွေးကြည့်လို့တော့ ရပါတယ်၊ လေယာဉ်မောင်းခန်းထဲမှာ လေယာဉ်မှူးတွေကို စောင့်ကြည့်ဖို့က တစ်ယောက်တော့ ရှိရမယ်၊ နောက်တစ်ချက်ကလဲ လေယာဉ်ပေါ်မှာ အမေရိကန်ထောက်လှမ်းရေးက ငါးယောက်ပါလာတယ်လို့ သိရတယ်၊ သူတို့ကိုလဲ အစောင့်အကြပ်နဲ့ ထားမှာပဲလို့ ယူဆတယ်၊ ဒါဆိုတော့ ပြန်ပေးသမား နောက်ထပ်တစ်ယောက်ရှိနေရမယ်ဆိုတဲ့ သဘောပဲ၊ နောက်တစ်ချက်ကလဲ ခရီးသည်ယောင်ဆောင်နေတဲ့ ထောက်လှမ်းရေး အေးဂျင့်တွေလဲ ရှိနိုင်သေးတယ်၊ ဒါပေမယ့် သူတို့ဆီက အကူအညီရဖို့ ငါ သိပ်မမျှော်လင့်ပါဘူး၊ တစ်ခါ ခရီးသည်တွေကို စောင့်ကြည့်နေမယ့် ပြန်ပေးသမားတစ်ယောက် နှစ်ယောက်လဲ ရှိနိုင်သေးတယ်၊ တို့လုပ်ရမှာက ပြန်ပေးသမားတွေ စိတ်ချမ်းသာသွားအောင် ဖန်တီးပေးရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့လုပ်ငန်း ပြီးဆုံးသွားပြီလို့ ထင်စေရမယ်၊ သူတို့ကိုယ်တိုင်က ဝမ်းသာအားရနဲ့ ကိုယ်ယောင်ထွက်ပြတာမျိုးတောင် ဖြစ်လာနိုင်တယ်၊ ဒါဆိုယင် အဲဒီ လေဖင်ခေါင်းတွေကို အသာကလေး ဖမ်းခေါ်သွားယုံပဲ'

'ဗိုလ်မှူးကြီးခင်ဗျာ . . . ကျွန်တော်တို့ဘက်က မပစ်ပဲ အချိန်ဆွဲနေတာ သိပ်ကြာသွားခဲ့ယင် အန္တရာယ်မဖြစ်နိုင်ပေဘူးလား'

'သိပ်ဖြစ်တာပေါ့၊ ဒါပေမယ့် မင်းကို အချိန်ဇယားတော့ ပေးမထားနိုင်ဘူး၊ ပစ်ရတော့မယ်ဆိုယင် လူတစ်ဦးစီအနေနဲ့ ဘယ်အချိန်မှာ စ ပစ်သင့်တယ်ဆိုတာ ကိုယ့်တာသာကိုယ် ဆုံးဖြတ်ကြရမယ်၊ ငါ့အနေနဲ့ မင်းတို့အားလုံးအပေါ်မှာ ယုံကြည်အားကိုးပါတယ်၊ တစ်ခုတော့ မှတ်ထားကြကွာ၊ ပစ်ပြီခတ်ပြီဆိုတာနဲ့ တစ်ပြိုင်နက် ဟန်ဆောင်တာတွေ ပေါ်ကုန်ပြီပဲ၊ ငါကတော့ ဒီကိစ္စကို သေနတ်တစ်ချက်မဖေါက်ရပဲနဲ့ ပြီးသွားစေချင်တယ်၊ ဒါပေမယ့် အမှန်အတိုင်း မြင်ကြဖို့လဲ လိုတယ်၊ သွေးချောင်းစီးသွားနိုင်တယ်ကွ'

ကွန်မင်ဒိုတစ်ယောက်က မချိုမချဉ်အပြုံးကလေးနှင့် ပြောလိုက်သည်။

'အကြမ်းဖက်ဂိုဏ်းရဲ့ သွေးတွေပဲဖြစ်ပါစေ'

နောက်တစ်ယောက်က လက်မြှောက်ပြလိုက်သည်။

'ဗိုလ်မှူးကြီးခင်ဗျာ . . . လေယာဉ်ပျံက ဘယ်မှာရပ်မှာလဲ'

ဗိုလ်မှူးကြီးသည် လေယာဉ်ကွင်း၏ တစ်နေရာဆီသို့ လက်ညှိုးထိုးပြသည်။

'လေယာဉ်ပျံက အဲဒီအရပ်ဘက်မှာ ဆင်းမယ်၊ အနောက်မြောက်ဘက်ကနေ အရှေ့တောင်ဘက်ဆီကိုပေါ့၊ ပြေးလမ်းအဆုံးမှာ ထရပ်ကားတစ်စီးကို စောင့်ခိုင်းထားမယ်၊ ဆာဂျင် ဟားဇော့က ကျုပ်တို့ကို ကူညီမယ်၊ သူက မြေပြင်အချက်ပြသမား၊ သူက လေယာဉ်မှူးကို အချက်ပြပြီး ဘယ်နားအထိ မောင်းလာရမယ်ဆိုတာ လမ်းပြပေးလိမ့်မယ်၊ တို့က လေယာဉ်ပျံကို ဟိုဘက်အစွန်းအထိ မောင်းသွားခိုင်းပြီး ခြံစည်းရိုးနဲ့ မျက်နှာချင်းဆိုင်မှာ ရပ်ခိုင်းထားမယ်။

'လေယာဉ်ပျံကြီး ရပ်တန့်သွားတာနဲ့ တစ်ပြိုင်နက် တို့လဲ လေယာဉ်ပျံထဲကို ဝင်ကြမယ်၊ လေယာဉ်ပျံထဲမှာ ကြောက်လန့်နေတဲ့ အပြစ်မရှိတဲ့လူတွေ အပြည့်ပါလာမယ်ဆိုတာ မင်းတို့ သတိရကြစမ်းပါ၊ တို့က သူတို့ကို ကုလားထိုင်မှာပဲ ထိုင်နေကြဖို့ ပြောရမယ်နားမထောင်ဘူး၊ ထောင်မယ်ဆိုတာကိုတော့ ဘုရားမှပဲ သိလိမ့်မယ် တစ်ချို့က ထန့်ရှုပြီး လေယာဉ်ပျံပေါ်က ခုန်ချဖို့တောင် လုပ်လိမ့်မယ် ဒါပေမယ့် သူတို့ကို အဆိုးဆိုးထိုက်သေဘူး ဒါ့ကြောင့် ငါက မင်းတို့ကို မတန်တဆ မေတ္တာရပ်ခံချင်တယ် လေယာဉ်ပျံပေါ်မှာ လူတိုင်း ၁၂ နာရီထက်မက နေခဲ့ကြရတယ်၊ အားလုံး စိတ်လှုပ်ရှားပြီး စိတ်တိုနေကြလိမ့်မယ် ဒီတော့ မင်းတို့အနေနဲ့ သတိဝီရိယရှိကြဖို့လိုတယ်၊ ဒါက ခပ်လျော့လျော့ပေါ့ပေါ့ ပြောလိုက်တာတွေ'

'ဗိုလ်မှူးကြီးခင်ဗျာ . . . အဲဒီလို ရာသီဥတုမျိုးမှာ အဲဒီလေယာဉ်ပျံဟာ ဘယ်လို လုပ်ပြီး ဆင်းလာနိုင်မှာလဲ ခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီးက ပြန်ပြောသည်။
'အဲဒါက လေယာဉ်မှူးကြီးရဲ့ ပြဿနာပါကွာ'

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၂၀ )

ဂရင်းဝစ်ချ်စံတော်ချိန် ဝ၈ း ၃၁ နာရီ
ကန်နန်းနိုင်ငံ တောင်ဘက်ပိုင်းအပေါ်တွင်
မြောက်လတ္တီတွဒ် ၃၁ ဒီဂရီ ၁၈ မိနစ်
အရှေ့လောင်ဂျီတွဒ် ၃၄ ဒီဂရီ ၄၅ မိနစ်

အစပထမတွင် လေမုန်တိုင်းထက်သန်မှုမှာ သိပ်မသိသာလှချေ။ မသိမသာ တုန်သွားခြင်း၊ အနည်းငယ် ခေါင်းစိုက်သွားခြင်းလောက်သာရှိသည်။ သို့ရာတွင် ဘိုးရင်း ၇၄၇ သည် ဝဲကတော့ထိုးနေသော လေမုန်တိုင်းထဲသို့ တိုးဝင်သွားလေလေ လေထုသည် ပို၍ ဒေါသကြီးလာလေလေပင်။ နေရောင်ခြည်သည် ညစ်ထေးသောအဝါရောင်သို့ ပြောင်းလဲနေသည်။ လေယာဉ်ပျံကြီးသည်လည်း ယိုင်တိယိုင်ထိုးနှင့် တုန်ခါနေသည်။ ထို့နောက် ပြင်းထန်စွာ လေတိုးဝှေ့မှုက အဆက်မပြတ်ဖြစ်ပေါ်လာသည်။ လေယာဉ်ကိုယ်ထည်ကို လှုပ်ခါသွားစေခြင်း၊ ဘေးဘက်ကို ချော်ထွက်သွားစေခြင်း စသည်တို့ဖြစ်ပေါ်လာသောကြောင့် ကျင်းချိုင့်ပေါသော ကြမ်းတမ်းသည့်လမ်းပေါ်တွင် အရှိန်ပြင်းပြင်းနှင့် မောင်းနှင်နေရသော ထရပ်ကားပမာ ဆောင့်ဆောင့်အောင့်အောင့်ဖြစ်နေသည်။ လေယာဉ်ပျံကိုယ်ထည်တစ်ခုလုံးမှ အသံစုံထွက်လျက်ရှိသည်။ အခိုးအငွေ့ထွက်နေသော ဖန်ခွက်များနှင့်သဲခွက်များအကြားတွင် ကွေးညွတ်သွားသော အတောင်ပံများ တုန်ခါနေသော တာဘိုင်းအင်ဂျင်စက်ကြီးများကို ခရီးသည်များသည် ထိတ်ထိတ်လန့်လန့်နှင့် တအံ့တဩဒေးမောပြီး ကြည့်နေကြရသည်။ ထိုအတောင်ပံများသည် အကြမ်းခံနိုင်ဖွယ်ရှိ မရှိဆိုသည့်ကိစ္စမှာ မှက်စိအောက်တွင် အထင်းသားမြင်နေရသော လေမုန်တိုင်းက နှိပ်စက်သည့်ဒဏ်ကြောင့် မတုတ်စီးအောင် မည်သည့်နည်းနှင့်မျှ တောင့်ခံထားနိုင်ဖွယ်မရှိပါ။ လေယာဉ်ပျံကြီးသည် အချိန်မရွေး တစ်စစီ တစ်စစီ အစိတ်စိတ်အမွှာမွှာ ပြိုကွဲပျက်စီး သွားနိုင်လောက်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ဝန်ထမ်းများအတွက်မူ လေယာဉ်ပျံကြီးသည် ထူးဆန်းသော သဲနံရံကြီး တစ်ခုဆီသို့ ဦးတည်၍ပျံသန်းနေရသလိုဖြစ်နေသည်။ သဲနံရံကြီးနှင့် ဝင်မတိုးမီ သဲနံရံကြီး သည် ထူးဆန်းစွာ 'ပွင့်'သွားလေ့ရှိသည်။ ထို့နောက် သဲနံရံတစ်ခုနှင့် ထပ်ရင်ဆိုင်ရပြန်သည်။ ထို့နောက် ပွင့်သွားပြန်သည်။ ထို့နောက် သဲနံရံတစ်ခုနှင့် ထပ်ရင်ဆိုင်ရပြန်သည်။ မိုးကုပ် စက်ဝိုင်းဟူ၍မရှိ၊ အထက်ဆိုတာမရှိ၊ အောက်ဆိုတာမရှိ၊ အရပ်ဆယ်မျက်နှာတွင် သဲများ သာ ရှိနေသည်။ အသံမထွက်သော ငြိမ်နေသည့်ဒိုင်ခွက်များကိုသာ ကြည့်ပြီး လေယာဉ် ပျံကြီး၏အမြင့်၊ အမြန်နှုန်းနှင့်ရောက်ရှိနေသော နေရာတို့ကို သိနိုင်မည်ဖြစ်သည်။

'ပေ ၁၁၈၀၀ က ထွက်ပြီ'

ဂျင်ဆင်က ကြေငြာလိုက်ခြင်းဖြစ်သည်။ မာလိုရီက ခေါင်းညိတ်ပြီး အမြန်နှုန်းကို လျှော့ချလိုက်သည်။

အေစီရော့စ် . . . သူက မည်သူနည်း။ ကန်နန်းကြီးကြပ်ရေးမှူးက ဘာတွေ လျှောက်ပြောနေလေသနည်း။

ကွန်ပျူတာနှင့်တွက်ထားသော ဇယားက အမြန်နှုန်းမိုင် ၂၅၀ ညွှန်ပြနေသည်။

'ပေ ၁၀၀၀၀ ကထွက်ပြီ'

ခေတ္တခဏဆိုသလိုပင် လေမုန်တိုင်းငြိမ်သက်သွားသည်။ လေယာဉ်ပျံကြီးသည် ငြိမ်သက်သောလေထုထဲတွင် ပျံသန်းခွင့်ရရှိလိုက်သည်။ နေရောင်ခြည်သည် သဲထုကို ဖြတ် သန်း၍ လေယာဉ်ဦးပိုင်းသို့ ကျရောက်လာသည်။ အောက်ဘက်ရှိ ခြောက်သွေ့ပြီး ဖုန်ထူ သောမြေပြင်ကို ခေတ္တမျှမြင်လိုက်ရသည်။ ထို့နောက် ညာဘက်တောင်ပံကို သံလက်သီးနှင့် ဘထိုးခံလိုက်ရသည့်ပမာ ဘိုးရင်း ၇၄၇ သည် ဘေးဘက်သို့ ယိုင်ပြီးစောင်းသွားသည်။ ထို့နောက် ရှေ့သို့ပြန်တည့်ပြီး ဆိုးရွားလှသော မုန်တိုင်းကြားတွင် ယိုင်တိယိုင်ထိုးနှင့် ပျံသန်း နေရပြန်သည်။

မာလိုရီသည် ဖာဒီယာအား ပြန်လှည့်ကြည့်ချင်မိသည်။ ဒါပေမယ့် သူ့ကို မကြည့် လေနှင့်။ သူ့ကို လုံးဝဂရုမစိုက်နှင့်ဟု ပြန်သတိပေးနေရသည်။

သို့သော် ဖာဒီယာသည် အယ်လ်မားဂရက်ဗ်ရှိ ရေဒီယိုလိုင်း၏ဖရီကွင်စီကို သိနေပါ သလား။

ဖာဒီယာကိုမေးမကြည့်ပဲနှင့် သိအောင်လုပ်နိုင်သော နည်းတစ်နည်းသာရှိသည်။ သူကရာမတ်ရှာမွန်၏ဖရီကွင်စီကို လှည့်လိုက်၏။ သူ လှည့်လိုက်သော ဖရီကွင်စီ မှားယွင်း သည်ဟု ဖာဒီယာက ဆိုလေမလား။

တုံ့ပြန်မှုမရှိပါ။

အခုအချိန်အထိ အကောင်းနှင့်သာ ရင်ဆိုင်နေရသေးသည်။

ဇယားတွင်ညွှန်ပြထားသည့်အတိုင်း မိုင် ၂၇၀နှုန်းသို့ လျှော့ချလိုက်သည်။

အေစီရော့စ် . . . ။ ဒီနာမည်ကြီးကို ကြားဖူးသလိုလိုပဲ။ သို့သော် သူစဉ်းစား၍

www.burmeseclassic.com

www.burmeseclassic.com



မရပါ။

ရော့စ်၊ ရော့စ်၊ ရော့စ်။ နှစ်ပေါင်းများစွာက ဟိုတစ်စ၊ ဒီတစ်စ စုဆောင်းထားသော အမှတ်အတေးကလေးများကို မာလိုရီ၏ဦးနှောက်က မွှေနှောက်ပြီး ရှာဖွေနေသည်၊ ထို့နောက် ချက်ချင်း သူအစဖော်နိုင်သည်။ အေစီ ရော့စ်ဆိုတာလုံးဝမဟုတ်။ တကယ်တမ္မ အေမျှဦးစောင်းစီရော့စ်သာဖြစ်သည်။ အေ/စီ-အဲယားခရပ်မင်း။ အစိပ္ပာယ်မှာ လေကြောင်း အတတ်ပညာရှင် ရော့စ်။ စာရေးဆရာ တီအီးလောရင့်စ်သည် ပထမကမ္ဘာစစ်အပြီးတွင် ဘုရင့်လေတပ်မတော်သို့ အဆိုဖါနာမည်ဝှက်နှင့် ဝင်ရောက်ခဲ့သည်၊ သိမင့်(THE MINT)ဆိုသော စာအုပ်ကို အဆိုပါကလောင်အမည်နှင့်ပင် ရေးသားခဲ့သည်။ လွန်ခဲ့သော တစ်နှစ်၊ နှစ်နှစ်ခန့်က ပါတီပွဲတစ်ခုတွင် မာလိုရီနှင့် ဟင်ဒါဆင်တို့သည် ထိုစာအုပ်နှင့် ပတ်သက်၍ ကြီးကြီးကျယ်ကျယ် ရှည်ရှည်လျားလျား အငြင်းပွားခဲ့ကြသည်။ ဒုတိယဥက္ကဋ္ဌ ဟင်ဒါဆင်သည် ထိုစဉ်က အကြီးအကျယ် ဒေါသထွက်ခဲ့သည်။ ဟင်ဒါဆင်သည် ထိုအဖြစ် အပျက်ကို ပြန်သတိရလာသောကြောင့် မြို့သစ်သို့ အကြောင်းကြားခဲ့ခြင်းဖြစ်သည်၊ တီအီး လောရင့် သို့တည်းမဟုတ် လော့ရင့်အော့ဖ်အာရေးဗီးယားသည် အယောင်ဆောင်ခဲ့သူ ဖြစ်သည်။ ဒါပဲဖြစ်ရမည်။ အဲဒါပဲ ဖြစ်နိုင်သည်။ ကန်နန်းတို့က အီရဗာလူမျိုးယောင်ဆောင် ပြီး ရာမတ်ရှာမွန်တွင်စောင့်နေကြလိမ့်မည်။ ယခုမှပြန်၍ စဉ်းစားကြည့်မိသည်မှာ ဟက်ရှီမိုက်မှ ကြီးကြပ်ရေးမှူးဆိုသူသည်ပင်လျှင် ကန်နန်းတစ်ယောက်ယောက်တ ဟက်ရှီမိုက်၏ ဖရီကွင်စီနှင့် ဝင်ပြောခဲ့တာ ဖြစ်နိုင်လောက်သည်။

မာလိုရီသည် မိမိဘာသာ မိမိပြုံးလိုက်၏။ ဒီကိစ္စကို ဂျင်ဆင်နှင့် နီဝါကိုစကီတို့ထံ လက်ဆင့်မကမ်းနိုင်သည်မှာ ဆိုးလေစွ။ သဲထုသည် ယခုအချိန်တွင် ပို၍ထူထပ်သိပ်သည်း လာသည်၊ ပို၍အစိုင်အခဲဖြစ်လာသည်ဟု ထင်ရသည်။ သို့ရာတွင် မြေကြီးနှင့်ပို၍ နီးကပ်လာသောကြောင့် သဲက ပို၍အရောင်ရင့်လာခြင်းသာ ဖြစ်ရမည်။

ဟာဒါဆင် တကယ်တော်သည်။ ဒီကိစ္စကို တွေးမိလေလေ တကယ်တော်ကြောင်း ပို၍ထင်ရှားလေလေ။

မာလိုရီက အမိန့်ပေးလိုက်သည်။

'ဖလက်ပ်စ်ဝမ်း'

ဂျင်ဆင်သည် ဖလက်ပ်ချသောလက်ကိုင်ကို ပထမအထစ်သို့ ရွှေ့လိုက်သည်၊

ရေဒီယိုလှိုင်း၏ မော့စ်သင်္ကေတအသံက ခပ်ကျယ်ကျယ် ခပ်မှန်မှန် မြည်နေသည်၊ မာလိုရီက အသံခလုတ်ကို လျှော့ချလိုက်၏။ ဒီလေယာဉ်ပျံသည် မဆိုင်သော ရေဒီယိုလှိုင်းကို ဖမ်းယူထားသောကြောင်း ဖာဒီယာမသိစေလိုပါ။ မာလိုရီသည် ရေဒီယိုလှိုင်းများ၏ လွှင့်ထုတ်ရာအရပ်ဒေသကို အလိုအလျောက်ရှာဖွေပေးသော (AUTOMATIC DIRECTION FINDER အတိုကောက် ADF )ကိရိယာမှ မြားတံကလေးကို တစ်ချက် လှမ်းကြည့်လိုက်သည်၊ ဘိုးရင်း ၇၄၇၏ အေဒီအက်ဖ်သည် ရာမွန်ရှာမွန်မှ အချက်ပြ

www.burmeseclassic.com

www.burmeseclassic.com



ရေဒီယိုလှိုင်းကို မိမိရရဖမ်းမိထားပြီးဖြစ်သော်လည်း ဆိုးရွားပြင်းထန်သောလေမုန်တိုင်းကြောင့် တိကျမှန်ကန်သော လမ်းကြောင်းအတိုင်း မောင်းနှင်ရန် ခက်ခဲနေသည်။ ဘိုးရင်း ၇၄၇သည် လေမုန်တိုင်းတိုက်ခတ်သည့်ဒဏ်ကို ခံနေရသောကြောင့် ထိုမြားကလေးသည် အကြီးအကျယ်တုန်ခါ လှုပ်ရှားနေသည်။ ထိုမြားကလေးက မှန်ကန်သောဒေသသို့ဦးတည်၍ ပြနိုင်သောအချိန်တွင် လေယာဉ်ပျံ၏ဦးပိုင်းသည် မုန်တိုင်းကြောင့် ရွေ့လျား၍သွားရပြန်လေ၏။ ပို၍ရှုပ်သွားရပြန်သည်။ မြင်ကွင်းအခြေအနေ ကောင်းမွန်သည်ဆိုပါက လေတိုးခံရသော်လည်း လေယာဉ်ပျံကွင်းကို မြင်နေရမည်ဖြစ်သောကြောင့် ဤကဲ့သို့သော ပြဿနာမျိုးမပေါ်နိုင်။ သဲမုန်တိုင်းအတွင်းတွင်မူ ဘိုးရင်း ၇၄၇သည် လေယာဉ်ပျံကွင်း၏ တစ်ဘက်တစ်ချက် တစ်မိုင်ခန့် အကွာအဝေးဆီသို့ ရောက်သွားပြီး လေယာဉ်ကွင်းကို ရှာမတွေ့ပဲဖြစ်သွားနိုင်သည်။ ဤကိစ္စမှာ ကျွမ်းကျင်မှုလည်းလိုသည်။ ရမ်းတုတ်တာလည်း ပါသည်။ တစ်ချိန်လုံး လှုပ်ရှားနေသော မြားတံကိုကြည့်ပြီး မှန်သောအရပ်ဒေသကို မှန်းဆ၍ အဓိပ္ပါယ်ရှာရမည့်ကိစ္စဖြစ်သည်။

မာလိုရီက လေယာဉ်ပျံအမြန်နှုန်းကို မိုင် ၂၂၀သို့ လျှော့ချလိုက်၏။

'ဖလက်ပ်စ် ဖိုက်ပ်'

ဂျင်ဆင်က လက်ကိုင်ကို ဒုတိယထပ်သို့ ရွှေ့လိုက်သည်။

'တစ်နာရီမိုင် ၂၀၀ နှုန်း'

'ဖလက်ပ်စ်တင်း'

အလွန်ကြီးမားသော ဖလက်ပ်ကြီးများသည် အပေါ်နှင့်အောက်ဘက်သို့ အနေအထားပြောင်းလိုက်ကြသည့်အတွက် လေယာဉ်ပျံသည် လက်ရှိအမြင့်ကိုပင် ဆက်လက်၍ ထိန်းထားနိုင်အောင် မာလိုရီက လီဗာတံကို လျှော့ပေးလိုက်သည်။

မြေအနေအထားကိုပြသော မြေပုံတွင် အထူးအထွေဖော်ပြထားခြင်းမရှိ၊ လေဆိပ်သို့ ချဉ်းကပ်ရာတွင် မည်ကဲ့သို့အတားအဆီးများနှင့် ရင်ဆိုင်ရလိမ့်မည်ကို မသိနိုင်ပါချေ။ အသုံးမပြုတော့သော လေဆိပ်ဖြစ်သဖြင့် လေယာဉ်ပျံတစ်စီးစီးနှင့် ဝင်တိုက်မိမည်ကို မစိုးရိမ်ရ ချေ။ ပြေးလမ်းကို မျက်စိနှင့် တပ်အပ်သေချာစွာ မမြင်ရမီ ပေ ၅၀၀ အမြင့်မှ တပြေးညီ ပျံသန်းရန် ဆုံးဖြတ်ချက်ချလိုက်သည်။

မာလိုရီသည် အမြဲတမ်းလှုပ်ရှားနေသော အေဒီအက်ဖ်မြားတံကို စိုက်ကြည့်နေရသောကြောင့် မျက်စိပင်အောင့်လာသည်။ ဘေးနားရှိ ဂျင်ဆင်ကမူ အပြင်ဘက်ရှိ လေမုန်တိုင်းကို လှမ်းကြည့်နေသည်။

လေယာဉ်ပျံကြီးသည် လေဝဲကတော့နှင့် ဆုံမိသောကြောင့် အောက်ဘက်သို့ ချက်ချင်းနိမ့်ကျသွားသည်။ ၎င်းနောက် ချက်ချင်းဆိုသလိုပင် အထက်သို့မြင့်၍ တိုက်ခတ်လိုက်သော လေအဟုန်ကြောင့် အပေါ်သို့ မြင့်တက်လာပြန်၏။ အရှေ့တည့်တည့်တွင် ရှိသော ဒိုင်ခွက်မျိုးစုံသည် တုန်လှုပ်သွားသောကြောင့် ထိုအခိုက်အတန့်တွင် ဒိုင်ခွက်များကို

www.burmeseclassic.com

www.burmeseclassic.com



ဖတ်၍ မရနိုင်ပါချေ။ မာလိုရီက သက်ပြင်းတစ်ချက်ချလိုက်၏။

ရေဒီယိုလှိုင်းနှင့် အချက်ပြနေသည့်နေရာဆီသို့ ရောက်ရှိရန် ငါးမိုင်ခန့်သာ လိုတော့သည်။

မာလိုရီက ဆေးလိပ်မသောက်ရဆိုသော အချက်ပြမီးခလုတ်ကို ဖွင့်လိုက်၏။

ဖာဒီယာထံမှ လုံးဝအသံမကြားရချေ။ သူ့ကို မေ့ထားလိုက်စမ်းပါ။

မာလိုရီသည် ကော်လန်ကိုလျှော့လိုက်ပြီးနောက် လည်ပင်းတဝိုက်ကို လက်နှင့်စမ်းလိုက်၏။ ရွှဲရွဲစိုနေသည်။ သူသည် ဒီလုပ်ငန်းမျိုးအတွက် အသက်ကြီးလွန်းနေလေပြီလော။

ဤကဲ့သို့သော သဲမုန်တိုင်းအတွင်းတွင် ပြန်ပေးများသည် မာလိုရီထက်ပို၍ မမြင်နိုင်ကြခြင်းမှာ ကောင်းသောအချက်ပင်ဖြစ်သည်။ အယ်လ်မားဂရက်ဗ်လား၊ ရာမတ်ရှာမွန်လား၊ ကနေဒီလေဆိပ်ပင်ဖြစ်နိုင်သည်။ ဟိသရိုးလေဆိပ်လည်း ဖြစ်နိုင်သည်။

'အဲဒီနေရာကို ခုအချိန်မှာ ရောက်ဖို့ကောင်းပြီ'

ဂျင်ဆင်က လေသံမှန်မှန်နှင့် မှတ်ချက်ချလိုက်သည်။

အေဒီအက်ဖ်မြားတံ လှုပ်ခါသွားသည်။

ချက်ချင်းလိုလိုပင် အေဒီအက်ဖ်မြားတံသည် ၁၈၀ ဒီဂရီအထိ ချက်ချင်းလည်ထွက်သွားသည်။ မာလိုရီ၏ လေယာဉ်ပျံသည် ရေဒီယိုလှိုင်းနှင့် အချက်ပြနေသော မျှော်စင်အပေါ် တည့်တည့်သို့ ရောက်ရှိနေလေပြီ။

မာလိုရီက လေယာဉ်ပျံကို ၃၁၀ ဒီဂရီသို့ ကွေ့ချလိုက်၏။

'ဖလက်ပ်စ် တွမ်တီး'

ဖလက်ပ်စ်များသည် ဒီဂရီနှစ်ဆယ်အနေအထားသို့ ပြောင်းရွှေ့သွားသောကြောင့် လေယာဉ်ပျံ၏အရှိန်သည်လည်း မိုင် ၁၈၀ နှုန်းအထိ လျော့ကျသွားသည်။

ပေသုံးထောင်အမြင့်သို့ ရောက်ပြီ။ အဲဒီအမြင့်ပေတွင် မြေပြင်နှင့်တပြေးညီ ပျံသန်းရမည်။

ယခုအချိန်အထိ ဒီဂရီ ၃၁၀သို့ ဦးတည်နေဆဲဖြစ်သည်။

မာလိုရီသည် ချိုးကွေ့သောနေရာမှ ဆယ်မိုင်တိတိ ပျံသန်းခဲ့သည်။ ထို့နောက် ၃၅၅ ဒီဂရီအထိရောက်အောင် ညာဘက်သို့ ထပ်ကွေ့လိုက်သည်။

ပြန်ဖြောင့်။ ၃၅၅ ဒီဂရီမှာ တစ်မိနစ်တိတိမောင်း။

ပေ ၂၂၀၀ အထိဆင်း။

ထို့နောက် ဘယ်ဘက်သို့ပြန်တွေ့။

၁၇၅ ဒီဂရီတွင် ရှေ့သို့ပြန်ဖြောင့်။

ထို့နောက် လေဆိပ်သို့ ချဉ်းကပ်ရာတွင် နောက်ဆုံးတွေ့သည့်အမြောင်း ဒီဂရီ ၁၃၀ အထိကွေ့၍ လေဆိပ်ရှိရာဆီသို့ ဦးတည်ရမည်။

'ဘီးတွေကိုချ၊ ဖလက်ပ်စ်ကို ၃၀ ဒီဂရီအထိချပါ ကာလစ်'

www.burmeseclassic.com

www.burmeseclassic.com



ဂျင်ဆင်သည် ညွှန်ကြားသည့်အတိုင်း လိုက်၍လုပ်ကိုင်ရင်း နှုတ်ကလည်း သတင်းပို့သည်။

'အဆင်းဘီးတွေကို ချပြီးပါပြီ ကက်ပတိန်၊ ဖလက်ပ်စ်ကိုလဲ ၃၀ ဒီဂရီအထိ ချပြီးပါပြီ'

'ဂျီးရေ . . . နောက်ဆုံးအနေနဲ့ထပ်ပြီးစစ်ဆေးပါဦး'

နိုဝါကိုစကီက ပြန်ဖြေသည်။

'ကောင်းပါပြီ၊ ကက်ပတိန်'

အော်တိုဘရိတ်၊ အစ်ဂနီးရှင်း၊ ကေဘင်မီးလုံးများ၊ အရှိန်သတ်ဘရိတ်များ၊ အဆင်းဘီးများ၊ ဖလက်ပ်စ်များ၊ ဟိုက်ဒရောလစ် . . . လေဆိပ်သို့ဆင်းသည့်အခါတိုင်း ကြားရမြဲဖြစ်သော ပုံမှန်လေသံမျိုးဖြစ်၍ အားရှိစရာပင်တည်း။

'နောက်ဆုံးစစ်ဆေးမှု ပြီးစီးပါပြီ ကက်ပတိန်'

'ကျေးဇူးတင်ပါတယ်'

မာလိုရီက အရှိန်ကိုထပ်လျှော့လိုက်သည်။ ဘိုးရင်း ၇၄၇သည် အဝါရောင်နယ်မြေထဲသို့ပို၍နိမ့်ဆင်းသွားသည်။ ညာဘက်တွင်ရှိသော ဂျင်ဆင်သည် ရှေ့သို့ ကုန်းယင်းမြေပြင်ပေါ်မှ တစ်ခုခုကို မြင်ရလိုမြင်ရငြား စိုက်ကြည့်နေသည်။

မာလိုရီသည် ၁၄၅ မိုင်နှုန်းအထိ လျှော့ချပြီး ဆင်းသက်စပြုသည်။ ၎င်း၏ တွက်ချက်ထားချက်အရ ပြေးလမ်းသည် ၎င်း၏ရှေ့တည့်တည့် ဆယ်မိုင်မပြည့်တပြည့် အကွာအဝေးတွင် တည်ရှိနေသည်။

သူက မလိုအပ်ပါပဲနှင့် ဂျင်ဆင်ကို လှမ်းပြောလိုက်သည်။

'မျက်တောင်မခတ်ပဲ ကြည့်နေစမ်းကွာ'

'ကောင်းပါပြီ'

လက်ဖဝါးများ စိုထိုင်းပြီး ချွေးပြန်လာသည်။ နှုတ်ခမ်းခြောက်လာသည်။ ပါးစပ်ထဲတွင် အရသာပျက်လာသည်။ ချိုင်းကြားက ယားယံလာသည်။ ဘုရား . . . ဘုရား။ ဘာဖြစ်လို့ ခုလိုအချိန်မျိုးမှာမှ ချိုင်းကယားလာရတာလဲ။

အဆင်းနှုန်း။ တစ်မိနစ်လျှင် ပေရှစ်ရာ။

အကြောအခြင်အားလုံး တောင့်တင်းနေကြသည်။

'ကလစ်ဖ်၊ ရေဒီယိုအမြင့်ပြကိရိယာကို စောင့်ကြည့်နေစမ်းပါကွာ။ လေဆိပ်ကို မမြင်ရသေးခင်ပေ ၅၀၀ အောက်အထိ ရောက်မသွားချင်ဘူး'

'ပေတစ်ထောင် ကျန်ပါသေးတယ် ကက်ပတိန်'

ယခုအချိန်အထိ သဲများကိုသာ မြင်နေရသေးသည်။ ရယ်စရာကောင်းသောအတွေးတစ်ခု မာလိုရီ၏ဦးနှောက်ထဲသို့ ဝင်လာကြ၏။ ပြုပြင်ထိန်းသိမ်းရေးတာဝန်ကို ယူကြရသော မြေပြင်ဝန်ထမ်းများကတော့ ဒီခရီးစဉ်အပြီးတွင် ဝမ်းသာကြလိမ့်မည်။ သဲများ၏ပွတ်

www.burmeseclassic.com

www.burmeseclassic.com



တိုက်မှုကြောင့် လေယာဉ်ပျံကြီးသည် ဆေးကြောသုတ်သင်စရာမလိုအောင် ပြောင်လက်နေပေလိမ့်မည်။

သို့ရာတွင် ဤခရီးစဉ်အပြီး၌ လေယာဉ်ပျံကြီးသည် ပြင်ဆင်ဖို့လုံးဝ မလိုအပ်တော့သော အနေအထားအထိလည်း ရောက်ရှိသွားနိုင်သည်။

သုံးမိနစ်ကျန်သေးသည်။

ပေါ်ကြောင်ကြောင်ကိစ္စပေပဲ။ ဒီကိစ္စကြီးတစ်ခုလုံးသည် ပေါ်ကြောင်ကြောင်ကိစ္စကြီး ဖြစ်နေသည်။ မှောင်ကြီးမည်းမည်းထဲတွင် တန်နှစ်ရာရှိသော လေယာဉ်ပျံကြီးနှင့် စမ်းတဝါးဝါးလုပ်နေရသည်။ မျက်စိထဲတွင် ကိုးရိုးကားယား တွေ့မြင်လာရသည်။ ဝဲကတော့ ထိုးနေသော သဲများကို ကြီးမားသောဘုရားရှိခိုးကျောင်းမှ စုလစ်မွန်းချွန်များသဖွယ်။ ပလေးဘွိုင်မဂ္ဂဇင်းပိုင်ရှင် ဟျူခ်ျဟက်ဖ်နာ၏စံအိမ်ကြီးသဖွယ် မြင်လာကြရသည်။

နှစ်မိနစ်ကျန်သေးသည်။

ဘုရား . . . ဘုရား။ ခုအချိန်တွင် မြေပြင်ကို မြင်ရဖို့ကောင်းပြီ။ ဘယ်နေရာမှာလဲ။

'ကျုပ်ကတော့ ဘာဆိုဘာမှ မမြင်ရဘူးဗျ'

ဂျင်ဆင်က ညည်းတွားရေရွတ်လိုက်ခြင်းဖြစ်သည်။

'မင်းတစ်ယောက်တည်း မဟုတ်ပါဘူးကွ'

မာလိုရီက ပြန်ပြောလိုက်သည်။ သူ့အသံမှာစူးစူးရှရှနှင့် ခပ်ကြောင်ကြောင်ဖြစ်နေသည်။

'ပေငါးရာ'

'ဟုတ်ပြီ'

ဤအမြင့်ပေကို ဆက်၍ထိန်းသိမ်းထားရမည်။

ယခုအချိန်တွင် လေယာဉ်ပျံသည် မြေပြင်နှင့်နီးကပ်လာပြီဖြစ်သဖြင့် လေမုန်တိုင်းကပိုထန်လာသည်။ လေယာဉ်မောင်းခန်း၏ တုန်လှုပ်မှုကြောင့် မာလိုရီ၏ဦးခေါင်းမှာ ရှေ့တိုးနောက်ငင်ဖြစ်နေကြောင်း သတိထားလိုက်မိသည်။ ဘိုးရင်း ၇၄၇ ၏ကိုယ်ထည် တစ်ခုလုံး အသံမျိုးစုံမြည်နေသည်။ ဘိုးရင်း၇၄၇ တစ်စီးသည် ဤကဲ့သို့ နှိပ်စက်သည့်ဒဏ်မျိုးကို မပျက်မစီးပဲ တောင့်ခံထားနိုင်စွမ်းရှိပါသလား။ လေယာဉ်ပျံတွင် တပ်ဆင်ထားသော စက်ကိရိယာများသည် မပျက်မစီး ရှိနိုင်ပါမည်လား။

ချက်ချင်းလိုလိုပင် ဂျင်ဆင်က လက်ညှိုးထိုးပြလိုက်၏။

'ဟိုမှာ . . . တွေ့ပြီဗျို့၊ တစ်ရာ့သုံးဆယ်၊ ဒါပေမယ့်ခင်ဗျားက သိပ်မြင့်လွန်းနေတယ်'

မာလိုရီသည် ကွန်ကရိပြေးလမ်းကို မြင်သည်ဆိုရုံမျှသာ မြင်လိုက်ရသည်။ ၎င်း၏ ညာဘက် မိုင်ဝက်မရှိတရှိနေရာတွင် ရှိနေသည်။ ကွန်ကရိပြေးလမ်းနှင့် အဆောက်အအုံတစ်ခု၊ သို့မဟုတ်နှစ်ခု။ ယခုအချိန်တွင် ပြန်လှည့်ပြီးဆင်းရန် မလွယ်ကူ၊ မြင့်လွန်း

www.burmeseclassic.com

www.burmeseclassic.com



လှသည်။ ထိုကဲ့သို့သော အကွေ့မျိုးအတွက် အန္တရာယ်နှင့် နီးကပ်လွန်းလှသည်။

'မဖြစ်ဘူး'

မာလိုရီသည် လီဗာများကို ရှေ့သို့ တွန်းတင်လိုက်၏။

'ဖလက်ပ်စ် တွမ်တီး'

'ကောင်းပြီ'

ခဏအကြာတွင် အင်ဂျင်စက်များက အင်ပြည့်အားပြည့် နီးကြားလာကြသည်။ မာလိုရီသည် လေယာဉ်ဦးပိုင်းကို ၁၅ ဒီဂရီအထိ အပေါ်သို့ထောင်လိုက်၏။

'ဘီးတွေကိုပြန်တင်'

'ပြန်တင်နေပါပြီ'

'ဒီသောက်လေဆိပ်က ဒီနေရာမှာရှိနေသားပဲ'

ဂျင်ဆင်က ပြဿနာအားလုံးပြီးဆုံးပြီဆိုသော သဘောမျိုးနှပ်ပြုံးနေသည်။ တစ်နည်းအားဖြင့်ပြောရသော် လေယာဉ်ပျံကွင်းကို မတွေ့ရတာကမှ ပိုကောင်းလိမ့်ဦးမည်။ ယခု ဒီလေယာဉ်ပျံကွင်းဆီသို့ တစ်ပတ်ကျော့ရပေဦးမည်။ ပို၍ဆိုးရွားစေသည့်အချက်မှာ ထိုလေယာဉ်ပျံကွင်း၌ သက်ရှိသတ္တဝါဟူ၍ တစ်ယောက်တစ်လေမျှ မတွေ့ရခြင်းပင်ဖြစ်သည်။ ဘိုးရင်း ၇၄၇ လေယာဉ်ပျံကြီး မြေပြင်ပေါ်သို့ ရောက်ရှိသောအခါ ကန်နန်းနိုင်ငံတွင်းရှိ အသုံးမပြုတော့သော လေယာဉ်ကွင်းပေါ်၌ ရောက်ရှိနေကြောင်း ထိတ်လန့်တကြား တွေ့လာရနိုင်သည်။ အေစီရော့စ်ဆိုတာ မြို့သစ်တွင်ရှိသော ထရန့်စ်အမေရိကန်ကုမ္ပဏီ၏ ဌာနမန်နေဂျာလည်း ဖြစ်နိုင်သည်။

'ရေဒီယိုလှိုင်းနဲ့ အချက်ပြတာဟာ ခုလို ရာသီဥတုမျိုးမှာ လုံးဝအသုံးမဝင်ဘူး'

ဂျင်ဆင်က သဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

'သုံးလို့ရအောင် သိပ်မတိကျလှဘူး'

'မှန်တယ်'

မာလိုရီသည် အလိုအလျောက် မောင်းနှင်သောခလုတ်ကို နှိပ်လိုက်ပြီးနောက် ရေဒီယိုလှိုင်းအချက်ပြကိရိယာ၏ မြောက်ဘက်ပေ ၅၀၀၀အမြင့်တွင် ရှိနေအောင် ချိန်ထားလိုက်သည်။

မာလိုရီသည် နောက်ကိုမှီ၍ထိုင်လိုက်သည်။ သက်ပြင်းတစ်ချက်ချလိုက်မိ၏။ ၎င်း၏ မျက်လုံးများမှာ ပင်ပန်းနွမ်းနယ်ပြီး စပ်ဖျဉ်းဖျဉ်းဖြစ်နေကြသည်။ လေဆိပ်သို့ ချဉ်းကပ်သည့် ပြဿနာကို ဖြေရှင်းသောနည်း တစ်နည်းတော့ရှိရပေမည်။

မာလိုရီက နီဝါကိုစကီအား လောင်စာဆီအခြေအနေကို စစ်ဆေးခိုင်းလိုက်သည်။

လက်ကျန်လောင်စာဆီ အလွန်နည်းနေပြီဖြစ်ကြောင်း နီဝါကိုစကီက သတင်းပို့သည်။

'ကက်ပတိန်၊ နောက်တစ်ကြိမ် ကြိုးစားဖို့အတွက်လောက်ပဲ လောင်စာဆီရှိပုံ

www.burmeseclassic.com

www.burmeseclassic.com



ရတော့တယ်'

❑

ဂျက်လေယာဉ်ပျံသံမှာ နားကွဲလောက်စရာဖြစ်နေသော်လည်း ဒီသောက် လေယာဉ်ပျံကို မမြင်ရချေ။ အသံတစ်မျိုးတည်းကသာ လေထဲတွင် ဝဲပျံနေပုံရသည်။

စစ်သားတစ်ယောက်က လက်ညှိုးထိုး၍ပြလိုက်၏။

'ဟိုမှာ . . . ၊ ဟောဟိုမှာဗျို့'

ဗိုလ်မှူးကြီးသည် လေယာဉ်ပျံကို ရိပ်ကနဲမြင်လိုက်ရသည်။ အတောင်ပံများ လှုပ်ခါနေသော လေယာဉ်ပျံကြီးသည် ဖြန်းကနဲပေါ်ပေါက်လာပြီး လေမုန်တိုင်းထဲတွင် ပျောက်ကွယ်သွားသည်။

'ဒီကောင်က ပြေးလမ်းနဲ့ နီးမှ မနီးစပ်တာ'

'သူ နောက်တစ်ကြိမ် ထပ်ကြိုးစားမှာပါ'

ဗိုလ်မှူးကြီးသည် မျက်လုံးထဲသို့ သဲမှုန်များဝင်သွားသောကြောင့် နာကျင်သွားသဖြင့် နောက်ဘက်သို့ လန်သွားသည်။

ဗိုလ်မှူးကြီးက ဆဲဆိုရေရွတ်ပြီး လေယာဉ်ပျံရုံထဲသို့ ဝင်သွားသည်။

သဲမုန်တိုင်းသည် လေယာဉ်ပျံရုံ၏ တံခါးတဝိုက်တွင် ဝဲကတော့ထိုး၍ တိုက်ခတ်နေသည်။ ထိုသဲမှုန့်များသည် လေယာဉ်ပျံရုံထဲသို့ ရောက်ရှိသောအခါ ကြမ်းပေါ်တွင် အလွှားလိုက်တင်၍ ကျန်ရစ်ခဲ့ကြသည်။

ဗိုလ်မှူးကြီးသည် ထရပ်ကားတစ်စီးကို အနောက်မြောက်ဘက်ရှိ ပြေးလမ်းထိပ် ဘေးဘက်နားတွင် ရှေ့မီးလုံးကိုဖွင့်၍ ရပ်ခိုင်းထားသည်။

ဒုတိယထရပ်ကားကိုမူ ဆာဂျင်ဟားဇော့နှင့်အတူ ပြေးလမ်း၏ အရှေ့တောင်ဘက် ထိပ်သို့ စေလွှတ်ထားသည်။ ဘိုးရင်းလေယာဉ်ပျံကြီးဆင်းသောအခါ ပြေးလမ်းအတိုင်း ဆင်ဂျင်ဟားဇော့က ထိုမော်တော်ကားနှင့် လိုက်ပါသွားရမည်ဖြစ်သည်။ ထိုမော်တော် ကားမောင်းနှင်သွားသည်ကို မြင်ရသည့်အခါကျမှ နောက်ဆုံးမော်တော်ကားကို ထင်မြင် လွှတ်ရလိမ့်မည်ဖြစ်သည်။ လူကို ဒုက္ခပေးသောသဲက ဦးနှောက်ကိုပါ ဒုက္ခပေးနေပုံရသည်။ ဗိုလ်မှူးကြီးသည် သန်းဝေလာသောကြောင့် ညည်းသံမျှမမြင်အောင် ပါးစပ်ကို ထက်နှင့်နှုး လိုက်မိသည်။

သူကအိပ်ချင်ပြေသွားအောင် အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်၏။ သူ့ရုံ့မဲ့သွား သည်။ လေနှင့်အတူသဲများ ဖုန်များ ဝင်သွားကြသောကြောင့် ဖြစ်သည်။

ရေဒီယိုအသံလွှင့်အဖွဲ့သည် လေယာဉ်ပျံ၏ ထောင့်တစ်ထောင့်တွင် ရပ်နေကြ သည်။ ၎င်းတို့၏ပစ္စည်းပစ္စယများမှာ ကြမ်းပြင်ပေါ်တွင်ရှိနေကြသည်။ ဗိုလ်မှူးကြီးက

www.burmeseclassic.com

www.burmeseclassic.com



ထိုပစ္စည်းများကို မထိရ၊ မကိုင်ရဟု အမိန့်ပေးထားသည်။ ဗိုလ်မှူးကြီးက စက်ကောင်း မကောင်း စမ်းသပ် ကြည့်ဖို့ခလုတ်ဖွင့်ရန်ကိုပင် လုံးဝခွင့်မပြုချေ။ အသုံးမပြုပဲ စွန့်ပစ်ထားသော လေယာဉ်ကွင်း တစ်ခုဆီမှ အချက်ပေးအသံလွှင့်စက်တစ်ခုခု ပေါ် ထွက်လာခဲ့သည် ရှိသော် ဒီအော်ပရေးရှင်းကြီးသည် မစခင် ပျက်စီးရပေလိမ့်မည်။ လောလောဆယ်တွင် ပြင်ပကမ္ဘာနှင့် လုံးဝဆက်သွယ်မှု မရှိစေရ၊ နောက်ပိုင်းကျမှသာ . . .

ငင်းအတွက် နောက်ပိုင်းကျမှသာဆိုသော ကိစ္စသည် ရှိနိုင်ပါဦးမည်လော၊

ငင်းသည် ယခုတစ်ကြိမ်တွင်သာ သေရမည့်ကိစ္စကို ကြို၍စဉ်းစားမိခြင်းတော့ မဟုတ်။ သေရမည့်ကိစ္စကို သူမကြောက်ချေ။ ဒီအသက်မွေးမှုလုပ်ငန်းနှင့် အတူတကွ ပါရှိလာသော ဘေးအန္တရာယ်များကို သူလက်ခံထားပါသည်။ အချို့စစ်သားများက သူထက်ပို၍ ကံကောင်းကြသည်၊ ဒါပါပဲ။

ဒီအချိန်တွင်၊ အကြမ်းဖက်ဂိုဏ်းသားများသည် ဘာလုပ်နေကြမည်နည်း။ ငင်းကဲ့ သို့ပင် အယ်လ်မားဂရက်ဗ်လေဆိပ်၌ စောင့်နေကြမည်လော။ ငင်းတို့က လေယာဉ်ပျံကြီးနှင့် တိုက်ရိုက်အဆက်အသွယ် ပြုနိုင်သည်ကိုလည်း စိတ်မချမ်းမြေ့ဖွယ်ရာ တွေးမိပြန်သည်။ သို့တည်းမဟုတ် လေယာဉ်ပျံသည် ငင်းတို့နှင့် နီးနီးကပ်ကပ်ရောက်ရှိနေပါလျက် အဘယ့် ကြောင့် လေယာဉ်ပျံသံကို မကြားရသနည်းဟု ဟိုမေးသည်မေးလုပ်နေကြပြီလော။ ဗိုလ်မှူး ကြီးက ပခုံးကိုတွန့်လိုက်မိ၏။ ထိုကဲ့သို့သောအတွေးမျိုးကို သူ မတွေးသင့်ချေ။

ဗိုလ်မှူးကြီးသည် အသေးစိတ်ကိစ္စများကို တွေးကြည့်နေမိပြန်သည်။

ပုပ်ရဟန်းမင်းကြီးအား ပြန်ပေးများထံမှ အရပြန်ခေါ်နိုင်ခဲ့သည်ရှိသော် ငင်းက မည်သို့မည်ပုံ ခေါ်ဆောင်သွားရမည်နည်း။

သူသည် သက်ပြင်းချမိသည်။ ထိုအချိန်ကျမှ မီးစင်ကြည့်၍ ကတော့မည်။

ငင်း၏ရဲဘော်များအား ပြောသင့်ပြောထိုက်သော အချက်အလက်များ ကျန်နေပါ သေးလား။ သူပြောစရာမကျန်တော့ပါ။

ဂျစ်ကားတစ်စီးသည် လေယာဉ်ပျံရုံ၏အပြင်ဘက်တွင် တကျည်ကျည်မြည်လျက် ရပ်တန့်သွားသည်။ ဓာတ်ပုံဆရာအဖွဲ့ ရောက်ရှိလာလေပြီ၊ ငင်းတို့ ရောက်ရှိလာသော ကြောင့် ဗိုလ်မှူးကြီးသည် စိတ်အနှောင့်အယှက် ဖြစ်သွားသည်။ လူနာတင်ယာဉ်များက ဤနေရာကို ရှာဖွေနိုင်စွမ်းမရှိပါပဲနှင့် ဒီခွေးမသားဓာတ်ပုံဆရာတွေက မည်သို့မည်ပုံရှာတွေ့ လာကြလေသနည်း။

'အချိန်မကျသေးပဲနဲ့ မင်းတို့ သောက်ခွက်တွေကို လာပြရင် မင်းတို့ သေပြီသာမှတ်၊ နားလည်တယ် မဟုတ်လား'

ဟုတိကဲ့ . . . ငင်းတို့အားလုံးက နားလည်ကြပါသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



'ရှင်ဘာတွေလုပ်နေတာလဲ၊ ကရွတ်ကင်းလျှောက်ဖို့နေတာလား . . .'

နဖူးပေါ်တွင် ချွေးပေါက်များသီးနေသော ဖာဒီယာသည် ခြင့်လိုက် နိမ့်လိုက်ဖြစ်နေသောလေယာဉ်မောင်းခန်းထဲတွင် မိမိကိုယ်ကို ထိန်းနိုင်အောင် မာလိုရီ၏ထိုင်ခုံနောက်မှီကို ဆုပ်ကိုင်ရင်း အသက်ပြင်းပြင်းရှူ၍ မေးလိုက်ခြင်းဖြစ်သည်။

'မင်း ထိုင်နေရင် ကောင်းမယ်ထင်တယ်'

ထိုစကားက ဖာဒီယာကို ဒေါသထွက်စေသည်။ သူက သေနတ်ကို မာလိုရီ၏ မျက်နှာရှေ့သို့ ထိုးပြလိုက်သည်။

'လေယာဉ်ပျံကို မြေပြင်ပေါ် ရောက်အောင်ဆင်း၊ အခုဆင်း ဉာဏ်များမယ်မကြံနဲ့'

မာလိုရီက ခပ်ဆတ်ဆတ်ပြန်ဖြေသည်။

'ကျုပ်ကလည်း ဆင်းမလို့ပါပဲ၊ အမှန်အတိုင်းပြောရရင် နောက်တစ်ခေါက်မှာ ဆင်းဖြစ်အောင်ဆင်းရလိမ့်မယ်၊ ခုနကလွဲသွားတဲ့ အဆင်းခရီးမှာ လောင်စာဆီအရမ်းကုန်သွားတယ်၊ နောက်တစ်ခေါက် ဝိုင်းကြီးပတ်ပတ်လှည့်သလို ပျံနေလို့မရတော့ဘူး၊ မင်း အဲဒါကို နားလည်ရဲ့လား'

'သိပ်နားလည်တာပေါ့'

'ဒါဖြင့်ရင် ကျုပ်က အကောင်းဆုံးဖြစ်အောင် ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားနေတယ်၊ အခုမင်းလုပ်နေပုံက ကျုပ်အချိန်တွေနဲ့ လောင်စာဆီတွေကို လာဖြုန်းတီးသလို ဖြစ်နေတယ်၊ ဒီတော့ နေရာမှာပြန်ထိုင်ပြီး ပါးစပ်ပိတ်ထားစမ်းပါ'

'ရှင် . . .'

ဖာဒီယာက ဒေါသတကြီးနှင့်ပြန်ပြောရန် ဟန်ပြင်လိုက်ပြီးမှ မပြောတော့ပဲ ၎င်း၏ ထိုင်ခုံဆီသို့ ပြန်သွားတော့သည်။

နီဝါကိုစကီက ရင်းရင်းနှီးနှီးဝင်ပြောသည်။

'မင်းအတွက် အဲဒီနေရာမှာပိုပြီး ဘေးကင်းပါတယ်'

'ရှင့်ပါးစပ်ပိတ်ထားစမ်း'

'ကောင်းပါပြီဗျာ၊ ကောင်းပါပြီ'

နီဝါကိုစကီ နာကျည်းသွားဟန်နှင့် ပခုံးကိုတွန့်လိုက်သည်။

မာလိုရီက တွေးလိုက်၏။ ဒီတစ်ခေါက်တွင် အင်နားရှယ်လမ်းညွှန်စနစ်(Inertial Navigation System အတိုကောက် INS)ကို သုံးရင်ဖြစ်မည်ဟု သူထင်သည်။ တွန်ပျူတာနှင့် တွက်ချက်ရသော ဤလမ်းညွှန်စနစ်သည် လေယာဉ်မှူးများအတွက် အထောက်အကူဖြစ်စေရန် စီစဉ်ထားခြင်းဖြစ်သည်။ ယခုလို ဆိုးရွားသောရာသီဥတုမျိုးတွင် မြေပြင်တစ်ခုကို ဒက်ထိရှာတွေ့နိုင်အောင် အသုံးဝင်လိမ့်မည်တော့မဟုတ်။ သို့သော် အထုံးပြု၍တော့ ရနိုင်ကောင်းသည်။ ရာမတ်ရှာမွန်တွင် လေဆိပ်သို့ ဆင်းလာသော လေယာဉ်များအတွက် အီလက်ထရောနစ်ဆိုင်ရာ အထောက်အကူပစ္စည်းများ မရှိသလို ရေဒီယိုလိုင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



အချက်ပြသည့်စနစ်ကလည်း လုံးဝအသုံးမဝင်သလောက် ဖြစ်နေသည်၊ ဒီခဲတော့ အခြားနည်းတစ်နည်းနည်းကို အသုံးပြုရပေလိမ့်မည်။

လေယာဉ်ပျံပေါ်တွင် အင်နားရှယ်လမ်းညွှန်စနစ်ကို နေရာခွဲ၍ တပ်ဆင်ထားသည်။ တစ်ခုက ၎င်း၏ရှေ့ညာဘက်ယွန်းယွန်းတွင် ရှိသည်။ ထို့ကြောင့် ဖာဒီယာ့နေရာမှ လှမ်းကြည့်လျှင် မမြင်နိုင်ချေ။ မာလိုရီသည် ရေဒီယိုလှိုင်းနှင့် အချက်ပြနေသောနေရာ၏ လတ္တီတွဒ်နှင့် လောင်ဂျီတွဒ်တို့ကို အတိအကျရှာဖွေလိုက်ပြီးနောက် အဆိုပါအချက်အလက်များကို အိုင်အင်အက်စ်ခလုတ်ထဲသို့ ခလုတ်နှိပ်၍သွင်းလိုက်သည်။ ဖာဒီယာသည် အယ်လ်မားဂရက်ပ်ရှိပြေးလမ်းနံပါတ်ကိုသော်လည်းကောင်း၊ ထိုလေဆိပ်မှ ရေဒီယိုလှိုင်းနှင့်အချက်ပြသောစနစ်၏ ဖရီကွင်စီကိုသော်လည်းကောင်း မသိရှိသောကြောင့် အင်နားရှယ်လမ်းညွှန်စနစ်နှင့်ပတ်သက်သော ရှုပ်ထွေးလှသည့် လုပ်ထုံးလုပ်နည်းများကို နားလည်မည်မဟုတ်ဟု ယူဆထားသည်၊ ဖာဒီယာက တုတ်တုတ်မျှမလှုပ်ပါ။ မာလိုရီ လုပ်ကိုင်နေပုံကို သံသယမဝင်ပါ။ မာလိုရီသည် ကန်နန်းနယ်မြေကို ပန်းတိုင်အဖြစ်ထားပြီး အိုင်အင်အက်စ်ကွန်ပျူတာထဲသို့ လိုအပ်သော အချက်အလက်များကို ထည့်သွင်းလိုက်ကြောင်း ဖာဒီယာမသိလိုက်ပါ။

မာလိုရီသည် အလိုအလျောက်မောင်းနှင်နေသော အော်တိုပိုင်းလော့ခလုတ်ကို ပြန်ရုတ်သိမ်းလိုက်ပြီးနောက် ရေဒီယိုလှိုင်းနှင့်အချက်ပြနေသော မျှော်စင်နေရာဆီသို့ နောက်တစ်ကြိမ်ဦးတည်လိုက်ပြန်၏။

မာလိုရီက မေးစေ့ကိုပွတ်လိုက်သည်။ ဤနည်းသည် မလွဲမသွေအောင်မြင်ရမည်။ ၎င်းက တတိယအကြိမ် မြေပြင်ပေါ်သို့ဆင်းဖို့ကြိုးစားရန် လောင်စာဆီမရှိဟု ဖာဒီယာကို အမှန်အတိုင်းပြောခဲ့သည်။ ယခုတစ်ကြိမ်တွင် မအောင်မြင်ခဲ့သော် လက်ကျန်လောင်စာဆီမှန်သမျှ ကုန်ခမ်းသွားလိမ့်မည်သာဖြစ်မည်။

များစွာစိတ်မချမ်းသာဖွယ်ကောင်းသော အတွေးပင်ဖြစ်သည်။ မည်သူမျှ စက်ပိတ်ထားသော ဘိုးရင်း ၇၄၇နှင့် မြေပြင်ပေါ်သို့ဆင်းရန် မကြိုးစားခဲ့ဖူးချေ။ ထိုအတွေးကို ခေါင်းထဲမှ မောင်းထုတ်လိုသောသဘောနှင့် ခေါင်းကိုခါယမ်းပစ်လိုက်သည်။

အေဒီအက်ဖ်ကိရိယာမှမြားတံကလေးသည် ဘယ်ညာယိမ်းစပြုလေပြီ။ စောင့်ကြည့်နေသူအတွက် မျက်စိနောက်စရာပင်။ သို့သော် စောင့်ကြည့်ဖို့တော့ လိုအပ်ပါသည်။ အာ့ယ် . . . ထိုမြားကလေးသည် ဒီဂရီ ၁၈၀ အထိလည်ထွက်သွားသည်။ ချက်ချင်းလိုလိုပင် မာလိုရီသည် အိုင်အင်အက်စ် စက်ခလုတ်ခုံမှ အသွင်းခလုတ်ကို ဖိနှိပ်လိုက်၏။ ဤနည်းဖြင့် လေယာဉ်ပျံကြီး ရောက်ရှိနေသော နေရာအတိအကျကို အီလက်ထရောနစ် ဦးနှောက်က သိရှိသွားအောင် သတင်းပို့လိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် မှားယွင်းမှုများရှိနေပါက ကွန်ပျူတာက ပြင်ဆင်၍ တွက်ချက်နိုင်စွမ်းရှိမည် ဖြစ်သည်။ ၎င်းနောက် လေယာဉ်ကွင်း၏ လတ္တီတွဒ်နှင့် လောင်ဂျီတွဒ်တို့ကိုသာမက ပြေးလမ်းအမှတ် ၁၃ ပေါ်သို့ ဆင်းရန် ဒီဂရီ ၁၃၀နှင့် ချဉ်းကပ်မည့်ကိစ္စကိုပါ ကွန်ပျူတာထဲသို့ ထည့်သွင်းပေးလိုက်ပြန်သည်။ အိုရီအရ

www.burmeseclassic.com

www.burmeseclassic.com



အိုင်အင်အက်စ်စနစ်က ဘိုးရင်း ၇၄၇ အား ပြေးလမ်း ၁၃နှင့် ဒတ်ထိတိုးသည်အထိ လမ်းညွှန်မှု ပေးသွားမည်ဖြစ်သည်။ ပို၍တိကျမှုရှိအောင် လေဆိပ်သို့ နောက်ဆုံးချဉ်းကပ်သည့်အဆင့်တွင် ပြေးလမ်းကိုမမြင်ရမီအထိ ပေနှစ်ရာအမြင့်မှပျံသန်းရန် မာလိုရီက ပြင်ဆင်ဆုံးဖြတ်လိုက်သည်။

မာလိုရီသည် ဆောင်ရွက်ရမည့်လုပ်ငန်းအတွက် မျက်စိကိုခပ်ကြာကြာမှိတ်ထားပြီး အနားယူလိုက်သည်။ အိုင်အင်အက်စ်စနစ်က ၎င်းသည် လေဆိပ်မှ မည်မျှအထိဝေးကွာသောနေရာတွင် ရောက်ရှိနေသည်ကို တစ်မိုင်၏ဆယ်ပုံတစ်ပုံအထိ တိကျစွာ အသိပေးမည်ဖြစ်သည်။ သီအိုရီအရ ပြောရမည်ဆိုလျှင် မာလိုရီသည် တိကျစွာ ဆင်းသက်နိုင်စွမ်းရှိမည်ဖြစ်သည်။ ဤတွင် မေးခွန်းများ တသီကြီးပေါ်လာသည်။ မာလိုရီသည် ပြေးလမ်းကို အချိန်မီ မြင်နိုင်စွမ်း ရှိပါမည်လော။ မြေပြင်နှင့် စတင်ထိတွေ့သည့် အချိန်တွင် လေမုန်တိုင်းက မည်မျှလောက်အထိ ပြင်းထန်နေမည်နည်း။ ပြေးလမ်းပေါ်တွင် အရှိန်ကို ထိန်း၍ရပ်တန့်နိုင်အောင် ပြေးလမ်းအစတွင် ဆင်းသက်နိုင်စွမ်း ရှိမှ ရှိပါမည်လော။

၎င်းအပြင် ပြေးလမ်းသည် ဘိုးရင်း ၇၄၇ ၏ အလေးချိန်ကို ခံနိုင်စွမ်းရှိပါမည်လော။

၎င်းအပြင် . . .

ဖြေနိုင်စွမ်းမရှိသော မေးခွန်းများကို တွေးမနေပါနှင့်တော့။

ရေဒီယိုလှိုင်းနှင့် အချက်ပြသည့်နေရာမှာ ဆယ်မိုင်ကွာဝေးလေပြီ။

မာလိုရီသည် လေယာဉ်ပျံကို သုံးငါးငါးဒီဂရီသို့ ဦးတည်လိုက်သည်။

ဖလက်ပ်၊ အဆင်းဘီး၊ ဘရိတ်၊ ပါ့ဝ်ာဒရော်လစ် စသည် စသည်ဖြင့် . . .

ယခု ဘိုးရင်း ၇၄၇ သည် ပြေးလမ်းဆီသို့ ချဉ်းကပ်ရန်အတွက် ဘယ်ဘက်သို့ ၁၈၀ ဒီဂရီအထိ ခိုးကွေ့၍နေလေပြီ။

❑

မစ္စတာစကွိုင်းယားသည် ထိုင်ခုံခါးပတ်ကို ပို၍တင်းကျပ်အောင် ပြုပြင်လိုက်ပြီးနောက် မျက်နှာကြက်ကို မော်ကြည့်ရင်း အိန္ဒိယနိုင်ငံတွင် ဆင်စီးနေရသည်ဟု မိမိကိုယ်ကို အာရုံသွင်းလျက်ရှိသည်။ လေယာဉ်ပျံကြီး၏လှုပ်ခါနေမှုမှာ ဆင်စီးနေရသည်နှင့် အတော်အတန်တူသည်။ ထိုကဲ့သို့ အာရုံပြောင်းထားသည်မှာ အောင်မြင်မှုရရှိနေချိန်တွင် . . .

မစ္စက်လက်ဖလာက နေထိုင်မကောင်းကြောင်း ကြွေးကြော်လိုက်သည်။

မစ္စတာစကွိုင်းယားက မစ္စက်လက်ဖလာသည် ကြောခ်နေတောင်းသွားမှာပါဟု နှစ်သိမ့်သည်။

သို့ရာတွင် မစ္စက်လက်ဖလာ၏မျက်နှာမှာ ဖြူဖတ်ဖြူရော်နှင့် ညိုညစ်ညစ်ဖြစ်လာသည်။ မစ္စက်လက်ဖလာက မစ္စတာစကွိုင်းယားဘက်လှည့်၍ တစ်ခုခုပြောရန် ထပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

သို့သော်အချိန်မရလိုက်ချေ။ မစွတ်လက်ဖလာသည် ဝေါကနဲပို့တက်လာပြီး အန်ချလိုက်တော့သည်။

မစ္စတာစကွိုင်းယားတစ်ယောက် စကားမပြောနိုင်အောင်ဖြစ်သွားရရှာသည်။

ချက်ချင်းလက်ငင်းဆိုသလိုပင် အံ့ဩစရာကောင်းလောက်အောင် သက်သာသွားသော မစ္စက်လက်ဖလာက မစ္စတာစကွိုင်းယား၏ အင်္ကျီကို စက္ကူလက်သုတ်ပဝါနှင့် သုတ်ပေးရင်းတောင်းပန်သည်။

'သုတ်လိုက်ရင်ပျောက်သွားမှာပါရှင်'

'ဒါကို သုတ်လို့ရမယ်ထင်သလားဗျ'

'သုတ်လို့ရမယ် ထင်တာပဲ'

မစ္စတာစကွိုင်းယားသည် မစ္စက်လက်ဖလာအား လည်ပင်းကို ညှစ်၍သတ်ချင်စိတ်ဖြစ်ပေါ်လာသည်။

'တဆိတ်ဗျာ'

မစ္စတာစကွိုင်းယားက ခပ်မာမာပြောပြီး ထိုင်ခုံခါးပတ်ကို ဖြုတ်လိုက်သည်။

ထို့နောက် အနီးဆုံးအိမ်သာဆီသို့သွားရန် မတ်တတ်ရပ်လိုက်သည်။

သူ ခြောက်ပေလောက်သာ ခရီးပေါက်ပါသည်။

လေယာဉ်ပျံကြီး ဘေးဘက်သို့ ရုတ်တရက်စောင်းသွားသည်။ မစ္စတာစကွိုင်းယား၏ ခြေထောက်များ ခွေခေါက်သွားကြ၏။ တခဏအတွင်းမှာပင် ကြမ်းပြင်ပေါ် သို့ လဲကျသွားပြီး လူဝကြီးတစ်ယောက်၏ ခြေထောက်ဆီသို့ လိမ့်သွားတော့သည်။

ယခုအချိန်တွင် ကုလားထိုင်ပေါ်ရှိ လေယာဉ်မယ်တစ်ယောက်က ၎င်းအားလှမ်းအော်နေလေပြီ။

'ကုလားထိုင်ပေါ် က မထပါနဲ့ရှင်'

'ဘာဖြစ်လို့လဲ'

မစ္စတာစကွိုင်းယားက အူကြောင်ကြောင်ဖြစ်နေသည်။

'အခုလိုမငြိမ်မသက်ဖြစ်နေချိန်မှာ လမ်းလျှောက်နေရင် အသက်ကို အန္တရာယ်ပြုနိုင်ပါတယ်ရှင်'

'ဒါပေမယ့် ကျုပ်အဝတ်အစားတွေကိုလဲ ကြည့်ပါဦး'

လေယာဉ်ကြီးသည် ကောင်းကင်ယံတွင် နောက်တစ်ကြိမ် ကျွမ်းထိုးမှောက်ခုံဖြစ်သွားပြန်သည်။ မစ္စတာစကွိုင်းယားသည် ကိုင်မြောက်၍ လေထဲတွင် အပစ်ခံလိုက်ရသော ယိမ်းသမကလေးတစ်ဦးပမာ ကြမ်းပြင်ပေါ်မှ လွင့်စဉ်သွားသည်။ မစ္စတာစကွိုင်းယားသည် အထိတ်တလန့်နှင့် အနီးရှိကိုင်စရာတစ်ခုကို လှမ်းဆွဲလိုက်သည်။ သူဆွဲမိသည်မှာ လေယာဉ်မယ်၏စကတ်ပင်တည်း။ စကတ်မှာ စုတ်ပြဲသွားသည်။ သို့ရာတွင် မှန်များကြက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဝင်ဆောင့်မည့်အန္တရာယ်မှ လွတ်ကင်းသွားသည်။ မစ္စတာစကျွိုင်းယားသည် ကုလားထိုင်တစ်လုံးပေါ်တွင် ကန့်လန့်ကြီး သွားတင်နေပြီး ၎င်း၏ဦးခေါင်းသည် ခရီးသည်တစ်ယောက်၏ ပေါင်ပေါ်တွင်ရောက်နေသည်။

၎င်းကို လက်သုံးလေးချောင်းက ဝိုင်း၍ထူမပေးကြသည်။ ထို့နောက် ၎င်း၏ထိုင်ခုံပေါ် ရောက်အောင် တွန်းထိုးပြီးတင်ပေးကြသည်။ ခါးပတ်ကိုလည်း ၎င်း၏ခါးတွင် မြဲမြံစွာ ပတ်ပေးလိုက်သည်။

'ကျေးဇူးပါပဲဗျာ၊ ကျေးဇူးပါပဲ'

သူ စကားမပြောနိုင်အောင် မောဟိုက်နေသည်။ လူတစ်ယောက်သည် ယခုလို ဗရုတ်သုတ်ခထဲတွင် သေသွားနိုင်သည်။ သူက မျက်လုံးကို ခပ်နာနာ ပိတ်ထားလိုက်သည်။ ၎င်း၏အသိတရားသည် အဆမတန် ဆွဲဆန့်သည်ကိုခံလိုက်ရသော ရာဘာကွင်းကလေး တစ်ခုပမာ ဆတ်ကနဲပြတ်တောက်သွားမည့် အခြေအနေမျိုးတွင် ရောက်ရှိနေသည်။ ဤကိစ္စတစ်ခုလုံးမှာ အိမ်မက်ဆိုးကြီးတစ်ခုပင် ဖြစ်နေလေရော့သလား။ သူက မျက်စိကို ပြန်ဖွင့်ကြည့်သည်။ စကားတတွတ်တွတ်ပြောနေသော မစ္စက်လက်ဖလာလည်း ၎င်း၏အနားတွင်ရှိနေသည်။ အန်ဖတ်စော်ကလည်း နံစော်နေဆဲပင်။

မင်းလမ်း၏ဟိုဘက်မှ ကိုယ်စ်ထုပ်က ၎င်း၏အရက်ပုလင်းကိုထုတ်ပေးသည်။

'အရက်သောက်ရလောက်အောင် မဖြစ်လောက်ပါဘူးဗျာ၊ ကျေးဇူးတင်ပါတယ်'

မစ္စတာစကျွိုင်းယားက ပြန်ပြောလိုက်ခြင်းဖြစ်သည်။

❑

'ဂုဏ်သရေရှိ အမျိုးသမီးများနှင့် လူကြီးမင်းများခင်ဗျာ၊ ပထမအခေါက်ဝဲတာကို ကင်းထောက်တာလို့ ယူဆနိုင်ပါတယ်၊ လေဆိပ်ပေါ် ဝဲပြီး ဆင်းလို့ ရနိုင် မရနိုင်၊ အစစအရာရာအဆင်မပြေမပြေကို အကဲခတ်လိုက်တာပါ၊ ဒီတစ်ခေါက်ကျရင် တစ်ကယ်ဆင်းပါမယ်၊ အဲဒီလိုဆင်းတဲ့အခါကျရင် လေယာဉ်တစ်ခုလုံး တုန်ခါပြီး ကြမ်းကြမ်းတမ်းတမ်းဆင်းရမှာဖြစ်တဲ့အတွက် ခါးပတ်ကို တင်းနိုင်သမျှ ခပ်တင်းတင်း ပတ်ထားကြစေလိုပါတယ် ကျွန်တော်တို့ မြေပြင်ပေါ်ကို မိနစ်ပိုင်းအတွင်းမှာ ဆင်းပါတော့မယ်။ မြေပြင်ပေါ် ကို ထုံးစံထက်ပိုအောင် ခပ်ကြမ်းကြမ်းဆောင့်ပြီးဆင်းရင် အထိတ်အလန့်မဖြစ်ကြပါနဲ့ဗျာ အခုလိုအခြေအနေမျိုးမှာ လေယာဉ်ပျံကို လေမုန်တိုင်းက အတင်းဝင်တိုးတဲ့အတွက် ပြေးလမ်းပေါ်က ချော်ကျသွားတာမျိုးမဖြစ်အောင် မြေပြင်နဲ့ဘီးနဲ့ သေသေချာချာထိဖို့ လိုအပ်ပါတယ်၊ နောက်တစ်ချက်ကလဲ မြေပြင်ပေါ် ရောက်ပြီဆိုရင် ကိုယ့်ကုလားထိုင်မှာပဲ ဆက်ထိုင်နေကြဖို့ ထပ်သတိပေးပါရစေ၊ လေယာဉ်ပျံပေါ်မှာရှိတဲ့ ခရီးသည်အားလုံး ဘေးကင်းကြဖို့ အလွန်အရေးကြီးပါတယ်၊ ခဏလောက် အောင့်အည်းပြီး စောင့်ခံတော်မူကြပါမယ်

www.burmeseclassic.com



ဆိုရင် ပံသုတာမှလာ တစ္ဆာမြေကြီးပေါ်ကို မလွဲမသွေ ပြန်ရောက်ကြတော့မှာပါ ခင်ဗျာ'

ဂျင်ဆင်သည် အေဒီသောတာနှင့် ထိုင်ခုံပေါ်တွင် နေရာရွှေ့၍ ထိုင်လိုက်သည်။ ထို့နောက် လက်ပတ်နာရီကိုလည်း လှမ်းကြည့်လိုက်၏။

'မှန်းတာထက် နောက်ကျနေလို့လား'

ဂျင်ဆင်က သရော်တော်တော်ပြုံးပြလိုက်သည်။

'ခုအချိန်ဆိုရင် အိမ်မှာ ဘယ်အချိန်လောက်ရှိမှာလဲဆိုတာ တွေးမိလို့. . . ရူးတာပဲပေါ့ နော်'

မင်းရူးတာမဟုတ်ဘူးဟု မာလိုရီက တွေးမိလိုက်သည်။ ရူးတာတော့ မဟုတ်ပါဘူး လေ။

'ငါးမိုင်သာလိုတော့သည်'

မာလိုရီက ခေါင်းညိတ်ရင်း အမြန်နှုန်း အဆင်းနှုန်းနှင့် အမြင့်ပေတို့ကိုပြသော ဒိုင်ခွက်များကို လျှောက်ကြည့်လိုက်သည်။ ဘိုးရင်း ၇၄၇ သည် မြေပြင်ပေါ်သို့ဆင်းရန် အကောင်းဆုံးအနေအထားတွင် ရှိနေသည်။ ကံကောင်းထောက်မခဲ့သည်ရှိသော် နှစ်မိနစ်အတွင်း ပြေးလမ်းပေါ်သို့ ရောက်ရှိလိမ့်မည်။

အလွန်အရေ ;သော ၂ မိနစ်ပင်။ ဒီတစ်ခါ အဆင်ပြေဖို့လိုသည်။ နောက်တစ်ကြိမ် ကြိုးစားနိုင်တေ ၊ည်မဟုတ်။

ကူညီစောင်မ ၁ါ အိုင်အင်အက်စ်ရယ်။

သို့သော် အိုင်အင်အက်စ်က ပုံမှန်အလုပ်လုပ်သည်ပဲထားပါ။ သူရောက်သွားသော အချိန်တွင် ဟို . . . သောက်ပြေးလမ်းကို တွေ့ချင်မှ တွေ့ရပေလိမ့်မည်။ .

ဒါဖြစ်ရင် ဘာဆက်ဖြစ်မလဲ။

ဧင်းအပြင် ခုန်နေသမျှ ဆောင့်နေသမျှ တို့က အိုင်အင်အက်စ်ကို ထိခိုက်စေမှာလား၊ အိုင်အင်အက်စ်ဆိုသည်မှာ ဂျိုင်ရိုစကုပ်၊ အစီလိုရိုမီတာစသော သိမ်မွေ့သောကိရိယာများနှင့် တည်ဆောက်ထားသည့် စက်ပစ္စည်းတစ်ခုဖြစ်သည်။ ဤမျှလောက် ကြမ်းကြမ်းတမ်းတမ်း ဆောင့်နေသည်ကို ခံနိုင်ရည် ရှိချင်မှရှိမည်။

မှန်သည်။ အိုင်အင်အက်စ်သည် ပုံမှန်အလုပ်လုပ်ချင်မှ လုပ်တော့မည်။ ထိုကဲ့သို့ တွေးခဲ့သည်ရှိသော် မြေပြင်ပေါ်သို့ ဆင်းသည့်ကိစ္စကို စွန့်လွှတ်ရန်သာရှိပြီး လေယာဉ်ပျံကြီးသည် လေမုန်တိုင်းဒဏ်ကို အလူးအလိမ့်ခံရင်း လောင်စာဆီကုန်ခမ်းသွားရုံသာရှိလိမ့်မည်။ ထို့နောက် လေယာဉ်ပျံကြီးသည် သဲကန္တာရနှင့်ဝင်ဆောင့်မိပြီး ပါရှိသမျှခရီးသည်အားလုံး ပြဿနာများနှင့် နောက်ထပ်မတွေ့ရတော့သော တမလွန်ဘဝသို့ပင် ရောက်ရှိသွားနိုင်သည်။ ထိုကဲ့သို့ဖြစ်လာခဲ့သည်ရှိသော် လေယာဉ်မှူး၏ မိုက်မိုက်ကန်းကန်း ကြိုးစားမှုပင်သည်။ အချိန်အဆလွဲမှားခြင်းဖြစ်သည်။ မလိမ္မာခြင်းဖြစ်သည်။ အဆုံးအဖြတ်ညံ့ဖျင်းလွန်းသည်။ ထိုဝေါဟာရများမှာ စုံစမ်းရေးကော်မတီများက သူ့ကို ဘယ်ပြန်ညာပြန်သုံးသွယ်မည့် စကား

www.burmeseclassic.com

www.burmeseclassic.com



လုံးများပင် ဖြစ်သည်။

'လေးမိုင်'

သဲမုန်တိုင်းသည် ဝဲကတော့ထိုးနေဆဲ။ မည်းမှောင်နေအောင် တိုက်ခတ်နေဆဲပင်။

ယခုအချိန်တွင် လေမုန်တိုင်းက ပို၍ပင်ထန်လာသေးသည်။ မာလိုရီအောက်ဘက်ရှိ လေယာဉ်ကြမ်းပြင်သည် ကွဲအက်လာသည်ဟုပင်ထင်ရသည်။ လေယာဉ်ခေါင်းခန်းတစ်ခုလုံး လှုပ်ခါနေသည်။

ဒီခရီးစဉ်ပြီးဆုံးသည့်အခါ ဒီလေယာဉ်ပျံကို တစ်ခုမကျန်ဖြုတ်ပြီး ပြင်ဆင်ရလိမ့်မယ်။ ငါကိုယ်တိုင်လည်း တစ်ကိုယ်လုံးကို ဆေးစစ်ခံရလိမ့်မယ်ဟု မာလိုရီက တွေးနေမိသည်။

'သုံးမိုင်သာ ကျန်တော့သည်'

အခုအချိန်အထိ အိုင်အင်အက်စ်သည် ရာမတ်ရှာမွန်သို့ ရောက်ရန်ကျန်ရှိနေသေးသည့် အကွာအဝေးကို တာဝန်ကျေပွန်စွာ ဖော်ပြပေးလျက်ပင် ရှိနေသေးသည်။

အချိန်မရွေး လေဆိပ်ကို မြင်ရဖို့ကောင်းပြီ။ မာလိုရီသည် မျက်စိများနာကြင်လာသည်အထိ အာရုံစိုက်ပြီးကြည့်လိုက်သည်။ မျက်တောင်မခတ် ကြည့်သည့်အတွက် မျက်စိကို ထိခိုက်စေနိုင်ပါသလား။ ယခုအချိန်တွင် မျက်စိကန်းသွားမည်ဆိုပါက အလွန်ဆိုးရွားပေလိမ့်မည်။

သဲနံရံကြီးများသည် တစ်ခုပြီးတစ်ခု အဆက်မပြတ် ဖြစ်ပေါ်လာလျက်ရှိသည်။ သဲထုသည် ယခုအချိန်တွင် ပို၍ပင်ထူထပ်လာသည်ဟု ထင်ရသည်။ ခိုးမှပဲ။ ဘာဆိုဘာမျှ မမြင်ရတော့ချေ။

'ဘုရားသခင်ကယ်ပါ. . . ဘယ်လိုလဲဆိုတာ မပြောတတ်အောင်ပါပဲ ကက်ပတိန်ရယ်'

ဂျင်ဆင်ထံမှ စိတ်ပျက်အားလျော့သောလေသံ။

သူ့အယူအဆ မှန်ချင်လဲမှန်ပေလိမ့်မည်။

'လေယာဉ်နှုန်းထားက ၁၂၅ အထိ လျော့ကျနေတယ်'

'သိပ်ဟုတ်တာပေါ့'

စက်အားကို မြှင့်တင်ပေးဖို့လိုသည်။

'နည်းနည်းပိုဟန်ကျသွားပြီ။ ၁၄၀၊ နှစ်မိုင်ပဲလိုတော့တယ်'

ဂျင်ဆင်သည် အောက်နှုတ်ခမ်းကို ပုံပျက်ပန်းပျက်ကိုက်ရင်း ရှေ့သို့ ကိုင်းလိုက်သည်။

မာလိုရီသည် တစ်ဦးတည်း ပထမအကြိမ် မြေပြင်ပေါ်သို့ ဆင်းသက်ခဲ့ရစဉ်တုန်းက အတွေ့အကြုံကို ပြန်သတိရလာသည်။ ထိုစဉ်ကလည်း ယခုလို စိတ်တုန်လှုပ်ချောက်ချားခဲ့သည်။ သို့သော် ထိုစဉ်က မည်သည့်နေရာပေါ်သို့ ဆင်းသက်ရမည်ကို ဒိဋ္ဌကိုယ်တွေ့

www.burmeseclassic.com

www.burmeseclassic.com



မြင်နေခဲ့ရသည်။

အိုင်အင်အက်စ်သည် ဆောင့်မိသောဒဏ်ကြောင့် တလွဲချော်ပြနေသည့် အဖြစ်မျိုးသို့ ရောက်ရှိသွားနိုင်သည်။ ၎င်းတို့ကို တောင်ကုန်းတစ်ခုခုသို့ တန်းတန်းမတ်မတ် ပို့ပေးနိုင်စွမ်းလည်းရှိသည်။

'မှားနေလို့ပဲဖြစ်ရမယ်'

ဂျင်ဆင်ကလည်း သူ့လို အတွေးမျိုးကိုပင် တွေးနေလေပြီ။ နှစ်ယောက်စလုံး ကြောက်ချေးပါနေကြလေပြီ။

တစ်မိုင်၊ အမြင့်ပေသုံးရာ။

ဘုရားသခင်၊ တပည့်တော်တို့ကို ဤအရှုပ်အထွေးထဲမှ ကယ်မတော်မူပါဘုရား။ အကယ်၍ ဤအရှုပ်အထွေးထဲမှ ရုန်းမထွက်နိုင်ခဲ့သည်ရှိသော်. . .

'ဟိုမှာဗျို့၊ ဟုတ်တာပေါ့'

ပြေးလမ်းက ရှေ့တည့်တည့်တွင်ရှိနေသည်။ အိုင်အင်အက်စ်ကို ကျေးဇူးတင်ရပေလိမ့်မည်။

၎င်းအပြင် ပြေးလမ်း၏တစ်ဘက်၌ အလင်းရောင်ရှိနေပါသည်။ မှုန်ဝါးဝါးအလင်းရောင်။ ထို့နောက် ချက်ချင်းလိုလိုပင် ထိုအလင်းရောင်နောက်ဘက်မှ ထရပ်ကားကို မှုန်သီမှုန်ဝါးမြင်လိုက်ရသည်။ လူတစ်ယောက်သည် စက်ခေါင်းထဲမှ ခေါင်းပြူပြီး လက်ဝှေ့ယမ်းပြနေသည်။

'ဘုရား၊ ဘုရား. . . တည့်တည့်ကြီးပါပဲကလား'

ဂျင်ဆင်က လက်ညှိုးထိုးပြရင်း၊ ပြုံးပြုံးရယ်ရယ်နှင့်ပြောလိုက်သည်။

ကွန်ကရိပြေးလမ်းပေါ်သို့ ညင်ညင်သာသာနှင့် ဆင်းသက်၍မဖြစ်၊ အနုစိတ်တာတွေ သေသေသပ်သပ်ရှိတာတွေကို ခဏဘေးချိတ်ထားစမ်း။ ယခုကိစ္စတွင် မြေပြင်ပေါ်သို့ အမြန်ဆုံးရောက်ရှိရေးကိုသာ ဦးတည်ရပေလိမ့်မည်။

ဖဲကြိုးပမာတန်းနေသော ကွန်ကရိပြေးလမ်းပေါ်သို့ရောက်ရှိလေပြီ။ ၁၃ ဆိုသောဂဏန်းမှာ ဖတ်၍ပင်မရနိုင်အောင် ပွဲရွဲနေသည်။ ပြေးလမ်း၏မျက်နှာပြင်ပေါ်တွင် ချိုင့်တွေ ပဲ့ရွဲနေသော နေရာတွေကို တွေ့နေရသည်။ သို့သော် ထိုကိစ္စများကို တွေးပူရန် အချိန်မရတော့ပြီ။

ကဲ. . .။

ထရပ်ကားသည် နောက်ဘက်တွင် ပျောက်ကွယ်၍ ကျန်ရစ်ခဲ့သည်။

စက်ရှိန်သတ်။ အောက်ဆင်း။

ပြေးလမ်းနှင့် ဝင်ဆောင့်သောဒဏ်ကို တာယာ ၁၆ လုံးပါသော ဘီးအစုံက ခံလိုက်ရသည်။ တုန်ခါသွားသည်။ လေယာဉ်ပျံကြီးတစ်ခုလုံး တုန်ခါသွားသည်။ အသံမျိုးစုံပေါ်ထွက်လာသည်။ အတောင်ပံများသည် နောက်တစ်ကြိမ်လေထဲသို့ ပျံတက်ကြတော့မည်

www.burmeseclassic.com

www.burmeseclassic.com



အလား အထက်နှင့်အောက်သို့ ခါယမ်းနေကြသည်။ လေယာဉ်ပျံဦးပိုင်းသည် ရှေ့သို့ ငိုက်ကျသွားသည်။ ရှေ့ဘက်ရှိ ဘီးအုပ်စုထံမှ အသံစုံပေါ်ထွက်လာ၏။ ရှေ့ဘီးများ ချွတ်ယွင်းပျက်စီးသွားသည်ဟုပင် ထင်လိုက်ရသည်။

လေယာဉ်ပျံကြီးတော့ ပျက်ကျလေပြီဟု ခရီးသည်အများအပြားက ထင်လိုက်ကြသည်။ ထို့မှလောက်ကျယ်လောင်သောအသံနှင့် ကျိုးကြေသွားသည့်အသံမျိုး ဖြစ်ပေါ်လာအောင် တမင်လုပ်ခြင်းတော့မဟုတ်နိုင်။ ထို့နောက် ကြောက်စိတ်အစား စိတ်သက်သာရာရမှုက လွှမ်းမိုးသွားသည်။ လေယာဉ်ပျံကြီးသည် ပြေးလမ်းတစ်ခုပေါ်၌ ပြေးနေသည်မှာ မလွဲဧကန်အမှန်ပင်တည်း။ မြေပြင်ပေါ် ရောက်ကြလေပြီ။

ယခုအချိန်တွင် လေယာဉ်ပျံကြီးကို အရှိန်သတ်ပေးသော အင်ဂျင်စက်သံများ ပေါ်ထွက်လာသည်။ ဆူညံသောအသံမှာ နားမခံသာအောင်ရှိနေသည်။ ဖုန်နှင့်သဲမှုန်များသည် တာဘိုင်အင်ဂျင်များ၏ ပတ်ပတ်လည်တွင် အုံ့ကြွပေါက်ကွဲပြီးပေါ်ထွက်လာသည်။ ထို့နောက် မယုံကြည်နိုင်လောက်အောင်မင် ထိုသို့သော ကိစ္စများ ချုပ်ငြိမ်းသွားကြသည်။ မြေပြင်ပေါ်သို့ သာမန်ဆင်းသက်မှုတစ်ခုအလား ပြောင်းလဲသွားပြန်သည်။

တစ်ယောက်သော ပုဂ္ဂိုလ်က ချီးကျူးလိုက်သည်။ တစ်ယောက်ကလည်း လက်ခုပ်စ၍တီးသည်။

ထို့နောက် လူတိုင်းလက်ခုပ်လက်ဝါးတီးပြီး ချီးကျူးကြတော့သည်။ လေယာဉ်ပျံသည် ခုန်ခြင်း၊ ဆောင့်ခြင်း မရှိတော့ပါ။ မြေပြင်ပေါ်သို့ ပြန်ရောက်ရှိလာသည်မှာ အရသာရှိပေစွ။ အသက်ရှူရသည်လည်း အရသာရှိပေစွ။

လေယာဉ်မောင်းခန်းထဲတွင်လည်း မာလိုရီက ဘရိတ်ကို မညှာမတာ အသုံးချလိုက်သည်။ ဘရိတ်များသည် မီးခိုးထွက်လုမတတ် ပူလောင်သွားကြမည်မှာ သေချာသည်။ သို့သော် မာလိုရီအနေနှင့် အခြားရွေးချယ်စရာနည်းတစ်နည်းမှ မရှိတော့ပါ။ ပြေးလမ်းပမာဏ မည်မျှကျန်ရှိနေမည်ကို သူမသိပါ။ ပြေးလမ်း၏အဆုံးကိုလည်း သူမမြင်ရပါ။

သို့သော် နောက်ဆုံးတွင် လေယာဉ်ကြီး၏ အရှိန်အဟုန်ကို ချွန်းအုပ်၍ရသွားလေပြီ။ ပြေးလမ်း၏အဆုံးကိုလည်း မြင်ရလေပြီ။

ခဏတဖြုတ် အပန်းဖြေရမည့်အချိန်ပင်တည်း။

နိုဝါကိုစကီက အားပါးတရပြောချလိုက်သည်။

'စတိဗ်၊ သိပ်ကောင်းတယ်ဗျာ၊ သောက်ရမ်းကောင်းတာပဲဗျို့'

ဂျင်ဆင်ကလည်း ဝင်၍ဖြည့်စွက်သည်။

'အဲဒါကို ထောက်ခံပါတယ်'

ဖာဒီယာက ရှေ့သို့တိုးလာသည်။

'ရှင် လုပ်ပုံကိုင်ပုံ သိပ်ကောင်းတယ် ရှင် ကျွန်မပြစ်စေချင်သူဘာတို ဖြစ်အောင်လုပ်နိုင်လိမ့်မယ်လို့ ကျွန်မ သိသားပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဖာဒီယာက ပစ္စတိုသေနတ်ကို ဇွေ့ယမ်းပြလိုက်သည်။

'အားလုံး ကိုယ့်ကုလားထိုင်မှာ ထိုင်နေကြ'

နီဝါကိုစကီက ဘယ်ကိုမျှ သွားမည်မဟုတ်ကြောင်း မြန်မြန်ဖြေလိုက်သည်။

ဂျင်ဆင်က လက်ညှိုးထိုးပြလိုက်၏။ ထရပ်ကားတစ်စီး။

အချက်ပြမည့်လူတစ်ယောက် ဘေးနားတွင်ရပ်နေသည်။ ၎င်းက အချက်ပြသော တုတ်ကလေးနှင့်ဇွေ့ယမ်းယင်း ဘိုးရင်း ၇၄၇ အား ညာဘက်သို့ ချိုးကွေ့ရန် အချက်ပြနေသည်။

မာလိုရီက ပြောလိုက်သည်။

'မင်းမိတ်ဆွေတွေစောင့်နေကြတယ်'

'စောင့်ရမှာပေါ့'

ဖာဒီယာ၏အသံမှာ ရွှင်ရွှင်လန်းလန်းဖြစ်နေသည်။ အလွန်ကြီးမားသောတာဝန်ကြီး တစ်ခုသည် ၎င်း၏ပခုံးပေါ် မှ မကြာမီလျှောကျသွားပေတော့မည်။

ဘိုးရင်း ၇၄၇ ရပ်တန့်သွားသည်နှင့်တပြိုင်နက် လက်နက်ကိုင်ပုဂ္ဂိုလ်များသည် ရှေ့တိုး ထိုးလာကြသည်။ ဘုရားသခင်တယ်တော်မူပါ။ သူတို့အားလုံး အီရဗာဝတ်စုံကို ဝတ်ဆင်ထားကြသည့်အပြင် လက်ထဲတွင်လည်း ဆိုဗီယက်နိုင်ငံလုပ် ၇ဒသမ၆၂ မီလီမီတာ အေကေအမ် တိုက်ပွဲဝင် ရိုင်ဖယ်တစ်လက်စီကို ကိုင်ထားကြရာ၊ စိတ်မချမ်းသာစရာ ကောင်းလောက်အောင် အကြမ်းဖက်ပြောက်ကျားများနှင့်တူနေသည်။ မသေချာမရေရာမှုက သူတစ်ကိုယ်လုံးကို လွှမ်းခြုံသွားသည်။ သူဘယ်နေရာကို ဆင်းခဲ့မိပါလိမ့်။ အိုင်အင်အက်စ်က သူ့အား မိုင်ပေါင်းများစွာ ကွာခြားသောနေရာသို့ လမ်းညွှန်နိုင်စွမ်းရှိပါသလား။ ရှုချင်စရာ ကောင်းသော ယခုလို အခြေအနေမျိုးတွင် ဘာမဆိုဖြစ်နိုင်သည်။ အိုင်အင်အက်စ်က ၎င်းတို့အား အယ်လ်မားဂရက်ဗ်သို့ပင် ပို့ပေးနိုင်စွမ်းရှိပေလိမ့်မည်။

သူထိုကိစ္စကို တွေးပင်မတွေးရဲပါချေ။

သူက ဂျင်ဆင်အား လေယာဉ်ပေါ်ရှိစက်အားလုံးကို ရပ်တန့်ပစ်ရန် ညွှန်ကြားလိုက်သည်။

ထို့နောက် အသံချဲ့စက်မှ စကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။

'ဂုဏ်သရေရှိအမျိုးသမီးများနှင့် လူကြီးမင်းများခင်ဗျာ . . . လေယာဉ်မှူး အစီရင်ခံနေပါတယ်၊ စိတ်ပျက်စရာကောင်းလောက်အောင် အဆင်းကြမ်းခဲ့ရတဲ့အတွက် တောင်းပန်ပါတယ်၊ ဒါပေမယ့် ဒါထက်ပိုကောင်းအောင်တော့ လုပ်နိုင်စွမ်းမရှိခဲ့ပါဘူး၊ ကျွန်တော်တို့ ဟက်ရှိမိုက်မြေပေါ်ကို ရောက်ပါပြီ'

မာလိုရီက အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်သည်။

'အယ်လ်မားဂရက်ဗ်လို့ ခေါ်တဲ့နေရာပါ၊ မကြာမီ အီရဗာတပ်သားများ၊ ဒါမှမဟုတ် ပြောက်ကျားများ ဒီလေယာဉ်ပျံပေါ်ကို တက်လာကြပါလိမ့်မယ်၊ ကျေးဇူးပြုပြီး ကိုယ့်ထိုင်ခုံ

www.burmeseclassic.com

www.burmeseclassic.com



မှာပဲ ဆက်ထိုင်နေကြပါ၊ မကြာခင် ပုပ်ရဟန်းမင်းကြီးကို လေယာဉ်ပေါ်က ခေါ်သွားကြလိမ့်မယ်လို့ ထင်ပါတယ်။ အဲဒီကိစ္စကို ဘယ်နည်းနဲ့မှ ဝင်ရောက်မစွက်ဖက်ကြစေချင်ပါဘူး၊ အဲဒီလိုလုပ်တဲ့အတွက် အခြေအနေပိုကောင်းလာမှာလဲ မဟုတ်ဘူး၊ ကျွန်တော်တို့ဟာ ရှုရှာစက်ဆုတ်ဖွယ်ကောင်းတဲ့ လုပ်ရပ်တစ်ခုကို မျက်ဝါးထင်ထင် မြင်ကြရမှာဖြစ်ပေမယ့် ဘာမှဝင်လုပ်လို့မရနိုင်ပါဘူး၊ အဲဒီအချက်ကို ကျွန်တော်က လေးလေးနက်နက် ထပ်မံပြီးသတိပေးလိုပါတယ်။ လက်နက်မျိုးစုံကိုင်ဆောင်ထားတဲ့လူတွေကို လက်သီးတွေ၊ ပိုက်ဆံအိတ်တွေနဲ့ ခံတိုက်လို့ မဖြစ်ပါဘူး၊ ကျွန်တော်တို့အနေနဲ့ ရွေးချယ်စရာ အခြားနည်းလမ်းမရှိတဲ့အတွက် တောင်းဆိုချက်များကို လက်ခံရပါလိမ့်မယ်၊ အခုဆိုရင် ပြန်ပေးသမားတွေဟာ ကျွန်တော်တို့အပေါ်မှာ ဆက်ပြီးစိတ်ဝင်စားလိမ့်မယ် မထင်ပါဘူး၊ ဒါပေမယ့် ဒီကိစ္စကို ကျွန်တော်တို့မကြာခင်သိကြရတော့မှာပါ၊ ဒီခရီးစဉ်မှာ ဒီလိုဖြစ်ရတဲ့အတွက် ကျွန်တော်က တောင်းပန်ပါတယ်၊ သတ္တိရှိရှိနဲ့ သည်းညည်းခံနိုင်စွမ်းရှိကြတဲ့အတွက် ခရီးသည်အားလုံးကို ကျေးဇူးတင်ပါတယ်၊ ဒီအချိန် ဒီကာလဟာ ဘယ်သူ့အတွက်မှ ကောင်းကျိုးမပေးဘူးဆိုတာ ကျွန်တော်နားလည်ပါတယ်၊ ခင်ဗျားတို့ကို နောက်ထပ်တစ်ချက် မေတ္တာရပ်ခံချင်ပါသေးတယ်၊ ကုလားထိုင်ပေါ်က ထပါလို့ မပြောမချင်း မိမိထိုင်ခုံမှာ ဆက်ပြီး ထိုင်နေကြစေချင်ပါတယ်၊ ကျေးဇူးတင်ပါတယ်'

ဂျင်ဆင်နှင့် နီဝါကိုစကီတို့သည် သာမန်လေဆိပ်တစ်ခုတွင် မြေပြင်ပေါ်သို့ သာမန်ဆင်းသက်မှုတစ်ခုကို ပြုလုပ်နေဘိသကဲ့သို့ ဟာကွက်မရှိအောင် အပြန်အလှန် စစ်ဆေးနေကြသည်။

'ဘရိတ်'

'ချထားပြီးပါပြီ'

'ဖလက်ပ်'

'ပြန်တင်ပြီးပြီ'

'ရေဒါ'

'အဆင်သင့်ရှိပါတယ်'

'အင်ဂျင်စက်သော့'

'ပိတ်ပြီးပါပြီ'

ဖာဒီယာက မာလိုရီ၏ခန္ဓာကို [illegible]
ရင်းညွှန်ကြားသည့်အခါ ဦးပိုင်ရှိုက်ခါကို [illegible]
ဝန်ထမ်းများအား ညွှန်ကြားထားရန် [illegible]

မာလိုရီက ဖာဒီယာအား [illegible]
သည်။ မာလိုရီက အင်တာကွန်ခလုတ် [illegible]
သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ဓာဒီယာသည် ညှော်ခန်းအတွင်းရှိ ပြန်ပေးသမားများအား အဆက် မပြတ် ညွှန်ကြားနေသည်။ ပြန်ပေးတစ်ယောက်သည် သေနတ်နှင့်ချိန်ရင်း လေယာဉ်မောင်းခန်း ထဲသို့ ဝင်လာသည်။

ဂျင်ဆင်နှင့် နိုဝါကိုစကီတို့က ဆက်လက်၍စစ်ဆေးနေကြသည်။

'အင်ဂျင်နှိုးတဲ့ လီဗာ'

'ဖြုတ်ထားပြီးပါပြီ'

'ပြတင်းပေါက်မှာ အပူပေးတဲ့ကိရိယာ'

'ဖြုတ်ပြီးပါပြီ'

'အောက်ဆီဂျင်ပေးတဲ့ကိရိယာ'

'ဖြုတ်ပြီးပါပြီ'

နောက်ထပ် ထရပ်ကားတစ်စီးသည် ၇၄၇ ဆီသို့ မောင်းလာပြန်သည်။ လက်နက် ကိုင်တွေပိုများလာသည်။ အီရဗာပြောက်ကျားတွေပါကလား။

အီရဗာပြောက်ကျားများနှင့် တကယ်တွေ့နေကြသည်။ မာလိုရီက မည်သူ့ကိုမျှ တပတ်ရိုက်၍ မရခဲ့တာလည်း ဖြစ်နိုင်သည်။ သူ့အစီအစဉ်ကို ကြိုသိထားသောကြောင့် ရာမတ်ရှာမွန်ကို အချိန်မီဝင်စီးထားကြတာလဲ ဖြစ်နိုင်သည်။

နိုဝါကိုစကီက အစီရင်ခံသည်။

'လေယာဉ်ပျံစက်ရပ်မှုနဲ့ပတ်သက်ပြီး စစ်ဆေးစရာမှန်သမျှကို စစ်ဆေးပြီးပါပြီ'

နောက်ဆုံးတွင် ရောမမြို့မှ ပျံသန်းခဲ့သော ခရီးရှည်ကြီးသည် နိဂုံးတံခဲ့လေပြီ။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၂၁ )

ဂရင်းဝစ်ချ်စံတော်ချိန် ၀၈ း ၄၇ နာရီ
ကယ်လီဖိုးနီးယားမြောက်ပိုင်းတစ်နေရာ
နံနက် ၁ း ၄၇ နာရီ

အာဘူဂါဘယ် မောင်းနှင်နေစဉ် ဂျိန်းသည် နိုးတဝက် အိပ်ပျော်တဝက်နှင့် အိပ်ပျော်နေသည်။ ထူးဆန်းပြီး အဆက်အစပ်မရှိသော အိပ်မက်များကို မြင်မက်နေသည်။

နိုးလာသည့်အတွက် စိတ်သက်သာရာပင် ရရှိသွားသည်။ ဂျိန်းက အိပ်ချင်ပြေသွားအောင် မျက်တောင်များကို ပုတ်ခတ်ပုတ်ခတ် ပြုလုပ်လိုက်သည်။

'မင်းအိပ်ပျော်သွားတယ်'

ဂျိန်းက တောင်းပန်လိုက်သည်။

'ဆောရီးပဲ'

'ကိစ္စမရှိပါဘူးကွာ'

'ရောက်လုပြီလား'

'ထင်တာပဲ၊ ခုလေးတင် ပင်လယ်အော်တံတားကို ကျော်ဖြတ်ခဲ့ပြီးပြီ'

'ကျွန်မတို့ မိတ်ဆွေကြီးကတော့ ရုပ်ရှင်ဆက်ကြည့်နေတုန်းပဲနဲ့တူတယ်'

အာဘူဂါဘယ်က ပြုံးသည်။

နံနက် ၂ နာရီထိုးခါနီးပြီ။ နာရီအနည်းငယ်ကြာလျှင် အရုဏ်ဦးအလင်းရောင်က ကမ်းခြေရှိတောင်တန်းများပေါ်တွင် လင်းလက်လာတော့မည်။ နောက်တစ်နေ့သို့ရောက်လေပြီ။ ဂျိန်းက ရေဒီယိုကို ဖွင့်လိုက်၏။ ပုပ်ရဟန်းမင်းကြီးနှင့်ပတ်သက်၍ မည်မည်ရရ သတင်းများကို ထုတ်လွှင့်နိုင်ခြင်း မရှိသေးချေ။ ပြန်ပေးဆွဲခံရသော လေယာဉ်ပျံကြီးသည် အမည်ဖော်ပြခြင်းမရှိသော နေရာတစ်နေရာဆီသို့ ဦးတည်၍ပျံသန်းနေသည်။ သတင်း

www.burmeseclassic.com

www.burmeseclassic.com



ကြေငြာသူ၏အဆိုအရ ဤပြန်ပေးဆွဲမှုကို အကြမ်းဖက်ဂိုဏ်းက စိစဉ်ကြောင်း ကြေငြာသည်ဟုဆိုသည်။ သို့ရာတွင် အကြမ်းဖက်သမားများ၏ တောင်းဆိုချက်ကိုမူ လူသိရှင်ကြားထုတ်ဖော်ပြောကြားခြင်း မရှိသေးချေ။ အခြားအသံလွှင့်ရုံတစ်ရုံက ဆလီးနားမြို့နားရှိ ယာတဲတစ်ခုအနီးတွင် သေနတ်ပစ်မှုဖြစ်ပွားခဲ့သည်ဟု အတည်မပြုနိုင်သော သတင်းတစ်ရပ်ကို ရရှိထားကြောင်း၊ အသေးစိတ်ကို ဆက်လက်ကြေငြာမည်ဖြစ်ကြောင်း အသံလွှင့်သွားသည်။

အဘူဂါဘယ်က ပြောလိုက်သည်။

'ခုအချိန်လောက်ဆိုရင် သူတို့ မြေပြင်ပေါ် ဆင်းဖို့ကောင်းပြီ'

'ဘယ်နေရာမှာလဲ'

'ဟက်ရှိမိုက်နိုင်ငံထဲမှာ'

'သူတို့က ပုပ်ရဟန်းမင်းကြီးကို တစ်နေရာခေါ် သွားကြမှာလား'

'အင်း'

'တခြားလူတွေကို ပြန်လွှတ်ပေးမှာလား'

'အင်း'

အရှေ့ဘက်အရပ်ဆီသို့ ဦးတည်၍ ပျံသန်းသွားသော လေယာဉ်တစ်စီး၏ မီးရောင်သည် ညအမှောင်ထဲတွင် ဖြတ်သန်းရွေ့လျားသွားသည်။

ဂျိန်းက ဖခင်ဖြစ်သူကို တွေးလိုက်မိသည်။ ဘုရားသခင် . . . ကယ်တော်မူပါ။ ဂျိန်းသည် အကြမ်းဖက်ဂိုဏ်းမှ ပြန်ပေးသမားတစ်ယောက်နှင့် အတူသွားလာနေသည်ကို ၎င်းကသာ သိသွားခဲ့လျှင်။ ဂျိန်းကိုယ်တိုင်က လိုလိုလားလား လိုက်ပါလာခြင်းဖြစ်သည်။ ဂျိန်းသည် သွက်သွက်ခါအောင် ရူးနေလေပြီ။ ဒီလူသည် လက်နက်ကိုင်ထားရုံမျှသာမက ကြောက်စရာလည်း အလွန်ကောင်းသည်။ စိတ်မှန်သူတစ်ယောက်သည် . . အဲလေ၊ ဂျိန်း၏စိတ်သည် မှန်ချင်မှမှန်လိမ့်မည်။

အဘူဂါဘယ်က ဂျိန်း၏လက်ကို ထိကိုင်ပြီး ဖြည်းညင်းစွာ ဖျစ်ညှစ်လိုက်သည်။

'စိတ်ရှုပ်စရာပဲကွာ'

'စိတ်ရှုပ်တယ်၊ ဟုတ်လား'

'မင်းကလေးဟာ တခြားအမျိုးသမီးတွေနဲ့စာရင် ဘယ်လိုထူးခြားမှုရှိတယ်ဆိုတာ ကိုယ်မသိဘူး၊ ဒါပေမယ့် ကိုယ့်ကို သို့လောသို့လော ဒွိဟဖြစ်စေတဲ့မိန်းကလေးကတော့မင်းပဲ'

'ဘာကိစ္စကို ဒွိဟဖြစ်ရမှာလဲ'

'ကိုယ့်ဘဝရဲ့ ရည်မှန်းချက်ပန်းတိုင်နဲ့ပတ်သက်လာရင်ပေါ့၊ ကိုယ်က အဲဒီကိစ္စကို အမျိုးသမီးကမှ ဝင်မနှောင့်ယှက်စေရလို့ သန္နိဋ္ဌာန်ချမှတ်ထားတာ'

'ကျွန်မက ဝင်နှောင့်ယှက်လို့လား'

'ဟုတ်တယ်၊ ကိုယ့်တာဝန်ဝတ္တရားတွေနဲ့ ရဲဘော်ရဲဘက်တွေကို ပွန့်ပစ်ပြီး မင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာရာကို ထွက်ပြေးဖို့ လေးလေးနက်နက် စဉ်းစားလာတဲ့အထိ မင်းက ကိုယ့်ကို ဖန်တီးနိုင်ခဲ့တယ်'

နောက်တစ်ကြိမ်စဉ်းစားလိုက်သောအခါ အဘူဂါဘယ်နှင့်နေရသည်မှာ ဖူးသွပ်ခြင်းတော့မဟုတ်နိုင်။ တကယ်တမ်းပြောရလျှင် ထိုကိစ္စကို တွေးမိလေလေ ပိုပြီးရင်ခုန်လာမိလေလေ . . .

ဂျိန်းက ဖြေလိုက်သည်။

'ကဲ. . . . ဒါဖြင့် ထွက်ပြေးကြရအောင်လေ'

'ပျော်စရာကောင်းမှာပဲနော်'

တကယ်ပျော်စရာကောင်းမှာလား၊ ဂျိန်းက မလွှဲမသွေကြားရလိမ့်မည်ဖြစ်သော 'ဒါပေမယ့်' ဆိုသည့်စကားကို ငံ့လင့်စောင့်စားနေသည်။

'ဒါပေမယ့် ဒီကိစ္စဟာ မဖြစ်နိုင်ဘူးလို့ ကိုယ်က မင်းကိုပြောရလိမ့်မယ်'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲဆိုတော့ ကိုယ်နဲ့မင်းက အသွင်မတူကြဘူးလို့ပဲ'

'ရှင်ကဘာဖြစ်လို့ အရှေ့အလယ်ပိုင်းဒေသကို ပြန်ရမှာလဲ'

ဂျိန်းက အဘူဂါဘယ်၏လက်ကို ထိကိုင်လိုက်ပြီးနောက် လက်မောင်းတလျှောက်ကို လက်ချောင်းကလေးများနှင့် ပွတ်သတ်ပေးနေသည်။

'ရှင်တာဝန်ထမ်းခဲ့တာများလှပြီပဲ၊ ရှင်ပြန်သွားရင် အသတ်ခံရလိမ့်မယ်၊ ရှင်အသတ်ခံရမယ့်ကိစ္စကို ကျွန်မရင်နာမိတယ်'

'ကိုယ်အသတ်ခံရမယ်ထားပါ၊ ကိုယ်သေတာကို မင်းက ဘယ်လိုလုပ်ပြီးသိနိုင်မှာလဲ'

'ကျွန်မ မပြောတတ်ဘူး၊ ဒါပေမယ့် တနည်းနည်းနဲ့ သိတော့သိလိမ့်မယ်လို့ ထင်တယ်၊ ရှင့်ဘဝမှာ အပြောင်းအလဲကလေးတစ်ခုဖြစ်အောင် ဖန်တီးပြီး ကိုယ့်ဘာသာကိုယ် ရပ်တည်စမ်းပါ၊ ကဲ . . . ရပ်ဝေးတစ်နေရာကို နှစ်ယောက်အတူတူသွားကြရအောင်'

'ကိုယ်တို့ဘယ်ကိုသွားမှာလဲ'

'ကျွန်မစဉ်းစားနေတာကြာပြီ၊ ကျွန်မတို့ တောထဲကိုသွားကြမယ်၊ သစ်လုံးအိမ်ကလေးတစ်လုံးငှားပြီး ခဏတဖြုတ်နေကြတာပေါ့၊ ကျွန်မတို့ အဲဒီမှာရှိတာကို ဘယ်သူမှ သိကြမှာမဟုတ်ဘူး'

'ကိုယ်တို့ဘယ်လောက်ကြာကြာနေကြမှာလဲ'

'မသိဘူး၊ တစ်ပတ်၊ တစ်လ၊ အို . . . ကျွန်မတို့နောက်မှဆုံးဖြတ်ကြတာပေါ့'

'ကိုယ်တို့အကြာကြီးနေရင် လူတွေသံသယဝင်လာကြလိမ့်မယ်'

'အဲဒီတော့လဲ တခြားတစ်နေရာရာကို သွားကြတာပေါ့'

'ဘယ်ကိုလဲ'

'ဒီနိုင်ငံအကျယ်ကြီးပါ၊ ပုန်းဖို့နေရာတွေ အသိန်းအသန်းရှိနေမှာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်တို့တာ အဲဒီအသိန်းအသန်းနေရာတွေထဲက တစ်နေရာရာမှာ အခြေစိုက်ပြီး ပျော်ရွှင်စွာနေကြသေသတည်းပေါ့ . . . ဟုတ်လား'

ထူးဆန်းသည်မှာ သူ့လေသံတွင် လှောင်သံမပါခြင်းပင်၊ သူက တကယ်သိလိုသော ကြောင့်မေးနေပုံရသည်။

ဂျိန်းက ပြန်ဖြေသည်။

'ဖြစ်နိုင်တယ်'

'ဒါပေမယ့် ရဲနဲ့အက်ဖ်ဘီအိုင်က ကိုယ့်ကိုမတွေ့မချင်း ကျေနပ်ကြမှာမဟုတ်ဘူး'

'သူတို့က ရှင့်ကို ရှာလို့တွေ့ချင်မှတွေ့မှာပေါ့၊ အဲဒီလိုရှာမတွေ့တဲ့လူတွေ အများကြီး ပဲဥစ္စာ'

အဘူဂါဘယ်က မော်တော်ကားကို အရှိန်လျှော့မောင်းလိုက်သည်။ ထို့နောက် လမ်းဘေးရှိမြေပြင်ပေါ်သို့ မောင်းတက်လိုက်ပြီး ကားကိုရပ်တန့်လိုက်သည်။

အဘူဂါဘယ်က ဂျိန်း၏မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်အုပ်၍ ကိုင်လိုက်ရင်း ဂျိန်းကို နမ်းလိုက်သည်။

'အင်မတန်အရသာရှိတဲ့ အိပ်မက်ကလေးပဲ'

'အကောင်အထည်ပေါ်အောင် ကျွန်မတို့ လုပ်နိုင်ပါတယ်လေ'

အဘူဂါဘယ်သည် သက်ပြင်းချလိုက်ပြီးနောက် မော်တော်ကားခေါင်မိုးကို မော့ကြည့်နိုင်သည်အထိ နောက်သို့မှီပြီး ထိုင်ချလိုက်သည်။

အဘူဂါဘယ်က ခပ်နွေးနွေးနှင့် ခပ်တိုးတိုးပြောသည်။

'သိပ်ကိုထူးဆန်းတာပဲကွာ၊ ကိုယ့်ရဲ့ဆန်းဆန်းပြားပြားစိတ်ကူးတွေထဲမှာတောင် ဒီလို ဒွိဟသံသယဖြစ်စရာကိစ္စမျိုးကို တစ်ခါမှမတွေးမိဖူးဘူး၊ ကိုယ်က မိန်းမ . . . . ဖျက်လို့ မပျက်နိုင်အောင် သိပ်ကို စိတ်ခတ်ကြံခိုင်တဲ့လူ၊ မိန်းမဆိုတာ ချစ်ပြီးရင် ခြေတော်တင်ပြီးရင်၊ မေ့ပစ်လိုက်ရမယ့်ဟာတွေပဲ၊ အမေရိကန်မတွေဆိုရင် ပိုပြီးတော့တောင် မေ့ပစ်ရလိမ့်ဦးမယ်'

'ဟုတ်ပါပေသရှင့်၊ မှန်ပါပေသရှင့်'

အဘူဂါဘယ်က ကလေးဆန်ဆန်ပြုံးရယ်လိုက်ပြီးနောက် ဂျိန်းကို နောက်တစ်ကြိမ် ထပ်နမ်းပြန်သည်။

'ဒီကမ္ဘာပေါ်မှာ မင်းလိုမိန်းကလေးမျိုးတော့ ရှိနိုင်မယ် မထင်ဘူးကွာ'

'ကျေးဇူးတင်ပါတယ်'

အဘူဂါဘယ်က ဂျိန်းကို စိုက်ကြည့်နေသည်။

'ဒီစကားမျိုးက မြှောက်ပင့်ပြောတဲ့စကားမျိုးမဟုတ်ဘူး၊ မင်းက ညို့မင်းသမီးကလေး ပဲ၊ မင်းကကိုယ့်ကို တလွဲတချော်ဖြစ်အောင် ဦးဆောင်နေတာ'

'ရှင်ကလဲ ကျွန်မကို တလွဲတချော်ဖြစ်အောင် ဦးဆောင်နေတာပါပဲ'

'သိပ်ဟုတ်တာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မက နောက်တစ်ကြိမ် တလွဲတချော်ထပ်ဖြစ်ချင်ပြန်ပြီ ကဲ . . . လာလေ'

'အခုလား၊ ဒီနေရာမှာလား'

'ဘာဖြစ်လို့လဲ'

'အကြောင်းပြစရာတွေက အများကြီးပဲ'

'နည်းနည်းလောက်ပြောစမ်း'

'ဒီနေရာဟာ ပင်မဟိုက်ဝေးလမ်းမကြီး၊ ရဲတွေက ကိုယ်တို့ကို ပက်ပင်းကြီးမိသွားကြလိမ့်မယ်'

ဂျိန်းကအောင်နိုင်ပြီဆိုသော အထိမ်းအမှတ်အဖြစ် လက်ညှိုးကလေးကို ဝှေ့ယမ်းပြရင်း . . .

'ကျွန်မတို့ကို ပက်ပင်းကြီးမိသွားခဲ့ရင်၊ ရှင်ဟာ ထွက်ပြေးနေတဲ့လူတစ်ယောက်လို့ လုံးဝထင်ကြမှာမဟုတ်ဘူး'

အဘူဂါဘယ်က ချီးမွမ်းဟန်နှင့် ခေါင်းကိုခါယမ်းသည်။

'မင်းပြောတဲ့စကားက ရူးသလိုလိုနဲ့ အဓိပ္ပာယ်အများကြီးရှိတယ်'

အဘူဂါဘယ်နှင့်ဂျိန်းသည် ယခုတစ်ကြိမ်တွင် ပြင်းပြင်းထန်ထန် နမ်းလိုက်ကြသည်။ အဘူဂါဘယ်က ပါးလွှာသော စွတ်ကျယ်အကျီအောက်မှ ဂျိန်း၏တစ်ကိုယ်လုံးကို ဆုပ်ခြေကိုင်တွယ်နေသည်။ ချက်ချင်းဆိုသလိုပင် အဘူဂါဘယ်က ရုတ်ကနဲခွာထွက်သွားသည်။

'ဘုရားသခင် . . . ကယ်ပါဘုရား၊ ကိုယ်တော့ တကယ့်ကို ရူးသွားပြီနဲ့တူတယ်'

အဘူဂါဘယ်က အသံကျယ်ကျယ်နှင့် လှိုက်လှိုက်လှဲလှဲ ရယ်လိုက်သည်။

'ဒါပေမယ့် ဘာပဲပြောပြော၊ အင်မတန်အရသာရှိတဲ့ ရူးသွပ်နည်းပဲ၊ ကဲ လာကွာ ဒီနေရာက မြန်မြန်ခွာကြရအောင်၊ ကိုယ်တို့က နိုးလာတဲ့ကားကို မောင်းနေကြတာ၊ အဲဒါကို သတိရတာက ပိုပြီးအဓိပ္ပာယ်ရှိလိမ့်မယ်၊ ကဲမင်းက တစ်လှည့်မောင်းဦး၊ ဟုတ်ပြီနော်'

'ဒါဖြင့် ရှင်က ဒီမှာတထောက်နားပြီး ချစ်တင်းမနှောတော့ဘူးပေါ့'

'ချစ်တင်းနှောချင်ပါတယ်ကွာ၊ ဒါပေမယ့် အောင့်အည်းပြီး သည်းခံရမှာပေါ့ကွ၊ ကိုယ်က နော့သ်အော်လ်ဝင်ကလူနဲ့ တွေ့မှဖြစ်မယ်'

'ဒီလူက သိပ်အရေးပါလို့လား'

ချက်ချင်းလိုလိုပင်၊ ထိုမေးခွန်းကိုမေးမိသည့်အတွက် နောင်တရမိသည်။ ထိုမေးခွန်းမှာ မရမကစစ်ဆေးမေးမြန်းနေသည့် ပုံစံမျိုးဖြစ်နေသည်။

'သူက ကိုယ့်အတွက်အရေးကြီးတယ်၊ သူနဲ့တွေ့မှဖြစ်မယ်၊ သူကကူညီမှာ၊ သုံးစရာ ငွေနဲ့ မော်တော်ကားတစ်စီး စီစဉ်ပေးလိမ့်မယ်၊ ကိုယ်တို့နှစ်ယောက်အတူတူ ဒီနေရာက ထွက်ပြေးကြမယ်ဆိုရင် အဲဒါတွေလိုလိမ့်မယ်'

ဂျိန်းရင်ခုန်လာသည်။

'ရှင်တကယ်ပြောတာလား'

www.burmeseclassic.com

www.burmeseclassic.com



'တုတ်မှာပေါ့ ပြောတော့မပြောတတ်ဘူးလေ၊ ကိုယ်က တစ်နေရာရာမှာတော့ ပုန်းကိုပုန်းရလိမ့်မယ်၊ ဒီတော့တောင်ပေါ်မှာ ပုန်းရမယ့်အတူတူ မင်းနဲ့အတူတူ ဘာဖြစ်လို့ မပုန်းရမှာလဲ'

'ဒါပေမယ့် . . . ရှင်အခုသွားတွေ့မယ့်လူက ဒီအကြံအစည်ကို သဘောတူပါ့မလား'

'သူက ကိုယ့်ကို အမိန့်ပေးမယ့်လူ မဟုတ်ပါဘူး၊ ကိုယ်တို့အဖွဲ့ကို ကြည်ညိုနေတဲ့လူပါ၊ သူက ကိုယ့်အထက်လူကြီးတွေဆီကို ကိုယ် အသက်မသေကြောင်း ပြောပေးနိုင်မှာမို့လို့ သူနဲ့ သွားတွေ့တာ၊ သူတို့က ကိုယ့်အဖေဆီဆက်ပြီး အကြောင်းကြားကြလိမ့်မယ်လို့ မျှော်လင့်ရတာပဲ'

'ရှင် သူနဲ့ ပြောဆိုပြီးတာနဲ့ ကျွန်မတို့ ချက်ချင်း ခရီးဆက်လို့ရမလား'

'ဖြစ်တာပေါ့၊ သိပ်ဖြစ်'

သူပြုံးလိုက်သည်။ သူပျော်ရွှင်နေကြောင်း ဂျိန်းက တထစ်ချပြောနိုင်ပေသည်။

'ကျွန်မတို့ သွားရမယ့်နေရာကို ရှာတွေ့မှာပါ'

ဂျိန်းက မော်တော်ကားလက်ကိုင်ဘီးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားလိုက်ပြီး မော်တော်ကားအရှိန်ကို မြှင့်တင်လိုက်သည်။ နက်ဖြန်ခါ ဘာဖြစ်မည်ကို ဘုရားသခင်သာ သိတော်မူပေလိမ့်မည်။ နက်ဖြန်ခါအတွက် နက်ဖြန်ခါကျမှပဲ စိတ်ပူတော့မည်။

❑

ထိုလမ်းမှာ တိတ်ဆိတ်ငြိမ်သက်သော လမ်းတစ်လမ်းဖြစ်သည်။ ထိုလမ်းတွင် အလယ်အလတ်တန်းစား နေအိမ်များသာရှိပြီး အိမ်ရှေ့တွင် သပ်ရပ်သောမြက်ခင်းကလေးများ ကိုယ်စီနှင့် နောက်ဆုံးပေါ်ကားသစ်များကို သပ်ရပ်သော အိမ်ရှေ့ကားလမ်းပေါ်တွင် ရပ်တန့်ထားနိုင်ကြသည်။

အိမ်အမှတ် ၁၃၄၇သည် အခြားအခြားသောအိမ်များနှင့် ကွဲပြားခြားနားမှုမရှိချေ။

ဂျိန်းက ကားအရှိန်ကို လျှော့ချလိုက်ပြီး ကားကိုရပ်တန့်လိုက်သည်။ သို့သော် စက်မသတ်ချေ။

အဘူဂါဘယ်က အိမ်ကို အကဲခတ်လိုက်သည်။ တစ်အိမ်လုံးမှောင်မည်းနေသည်။ ဂျိန်းက ပြတင်းပေါက်များကို လှမ်းကြည့်လိုက်၏။ ခန်းဆီးလှပ်ခါသွားသည်ဟု ဂျိန်းထင်လိုက်မိသည်။

အဘူဂါဘယ်သည် ရှပ်အင်္ကျီကို အပြင်သို့ဆွဲထုတ်လိုက်ပြီးနောက် ခြောက်လုံး ပြူးကို အင်္ကျီအောက်ရှိခါးပတ်ကြားထဲတွင် ထိုးထားလိုက်သည်။

ဂျိန်းကမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ဒီမှာနေခဲ့ရမလား'

အဘူဂါဘယ်က ဂျိန်းအား စဉ်းစားဟန်ဖြင့် လှမ်းကြည့်လိုက်သည်။ နောက်မှ ခေါင်းခါလိုက်သည်။

'မနေနဲ့ မင်းလဲလိုက်ခဲ့ပေါ့'

အဘူဂါဘယ်က ရှေ့သို့ကုန်းပြီး ကားသော့ကို လှမ်းပိတ်လိုက်သည်။

'ကဲ . . . သွားကြရအောင်'

ဂျိန်းက မော်တော်ကားထဲက ထွက်လိုက်သည်။ လေသည် အေးမြပြီးချိုမွှေးနေသည်။ အဘူဂါဘယ်က ဂျိန်း၏လက်မောင်းကို ဆုပ်ကိုင်လိုက်၏။ ကြင်နာတာလား၊ ထိန်းချုပ်တာလား။

ဂျိန်းက အဘူဂါဘယ်ကို တိုးတိုးကလေး မေးလိုက်သည်။

'အားလုံးအိပ်ကုန်ကြပြီနဲ့တူတယ်'

'ကိုယ်တော့ တယ်မထင်ဘူး'

အဘူဂါဘယ်က လူခေါ်ခေါင်းလောင်းခလုတ်ကို နှိပ်လိုက်သည်။

တံခါးချက်ခြင်းပွင့်လာ၏။ လူလတ်ပိုင်းအရွယ် ပုပြတ်ပြတ်လူတစ်ယောက် မတ်တပ်ရပ်နေသည်။ ၎င်း၏ဆံပင်က ဖြူသော်လည်း သန်မာလှသောနှုတ်ခမ်းမွှေးကမူ မည်းနက်နေသည်။ ထိုသူသည် မရန်းရောင်အိပ်ရာဝင်ခြုံထည်နှင့် လွှာချင်းဖိနပ်တို့ စီးထားသည်။

၎င်းတို့နှစ်ယောက်သည် ၎င်းတို့၏ဘာသာနှင့် စကားအနည်းငယ်ပြောကြသည်။ သတိကြီးစွာထား၍ ခပ်တိုးတိုး၊ ခပ်နှေးနှေးပြောရင်း လမ်းတစ်ဘက်သို့လည်း တကြည့်ကြည့် ဖြစ်နေကြသည်။ ထို့နောက် ထိုလူက ဝင်ရန်ဖိတ်ခေါ် လိုက်သည်။

ဤတစ်ကြိမ်တွင်လည်း ဂျိန်းလက်မောင်းကို ကိုင်၍ အိမ်ထဲသို့ခေါ် သွားသည်။

ထိုလူက မလုံမလဲဖုံးဖိထားရသော သက်ာရန့်မကင်းသည့်ဟန်ပန်နှင့် ဂျိန်းကို အကဲခတ်နေသည်။

အဘူဂါဘယ်က ဂျိန်း၏နာမည်ကိုရေရွတ်ရင်း ဂျိန်းနှင့်ပတ်သက်၍ တစ်ခုခု ပြောလိုက်သည်။ ထိုလူက ပခုံးတွန့်လိုက်သော်လည်း ဂျိန်းဘက်သို့ လှည့်မကြည့်ချေ။

၎င်းတို့နှစ်ယောက်ကို ရုံးခန်းဟုထင်ရသော အခန်းကလေးတစ်ခန်းထဲသို့ ခေါ် သွားသည်။

ထိုလူက အင်္ဂလိပ်လိုမေးလိုက်သည်။

'ခင်ဗျားတို့အတွက် ဘာများစီစဉ်ပေးရမလဲ'

အဘူဂါဘယ်က ခေါင်းခါသည်။

'မင်းကကော'

အဘူဂါဘယ်က ဂျိန်းကိုဆက်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာမှမလိုချင်ပါဘူး ကျေးဇူးတင်ပါတယ်'

ဂျိန်းသည် ဒီအိမ်ထဲမှ အမြန်ဆုံးနည်းနှင့် ပြန်ထွက်ချင်သည်ကလွဲ၍ ဘာမျှမလိုချင်။ ထိုလူက ခေါင်းကိုခါယမ်းပြီး အဘူဂါဘယ်အား အင်္ဂလိပ်လိုပြောလိုက်သည်။

'တော်တော်ဆိုးရွားတဲ့ကိစ္စပဲဗျာ'

'ဘယ်လိုဖြစ်သွားတယ်ဆိုတာ ခင်ဗျားသိသလား'

ထိုလူက ခေါင်းညိတ်သည်။

'အိမ်ကိုဝင်စီးတဲ့ကိစ္စနဲ့ပတ်သက်တဲ့ နောက်ဆုံးသတင်းကို မကြာခင်ကမှ ထုတ်လွှင့်သွားတာ၊ မင်းအသက်မသေပဲလွတ်လာတာ သိပ်ကိုကံကောင်းလို့ပဲ'

'ကျုပ်ကလဲ အဲဒီလိုပဲထင်ပါတယ်'

'မင်းကိုနောက်ယောင်ခံပြီး လိုက်မလာတာသေချာရဲ့လား'

'သိပ်သေချာတာပေါ့'

အဘူဂါဘယ်သည် ထိုမေးခွန်းကို အမေးခံရသည့်အတွက် စိတ်တိုသွားပုံရသည်။

'မင်း ဘယ်ကိုသွားမယ်လို့ ရည်ရွယ်သလဲ'

'တောင်ပေါ်မှာသွားနေမယ်လို့ စိတ်ကူးထားတယ်'

'သူနဲ့လား'

ခေါင်းညိတ်သည်။

'အဲဒါကတော့ သိပ်မဟုတ်သေးဘူးလို့ ကိုယ်ထင်တယ်'

'သူ့ကို စိတ်ချရပါတယ်'

ထိုလူက သူ့လည်သည်းများကို စေ့စေ့စပ်စပ်ကြည့်နေသည်။ ထိုသူသည် ခဏကြာအောင်ငြိမ်နေသည်။ ထို့နောက်သူက ၎င်းတို့၏ဘာသာစကားနှင့် စပြောတော့သည်။ သူ့အသံက ညင်သာပျော့ပျောင်းသည်။ သို့သော် အချို့စကားလုံးများကိုမူ အလေးအနက်ထား၍ပြောသည်။ သူစကားပြောနေစဉ် အဘူဂါဘယ်သည် စူးစူးစိုက်စိုက်နားထောင်ရင်း မျက်မှောင်ကုပ်နေသည်။ ထိုသူ၏ပြောစကားက ထိခိုက်နစ်နာစေပုံရသည်။ ယခုအချိန်တွင် ထိုသူ၏လေသံမှာ ပို၍ပင်ပျော့ပျောင်းလာသည်။ မျက်မှောင်ကုပ်ထားဆဲ အဘူဂါဘယ်သည် ဂျိန်းအား မကြာခဏ လှမ်းလှမ်းကြည့်နေသည်။

ဂျိန်းသည် အပ်ကလေးပေါင်းမြောက်မြားစွာနှင့် အထိုးခံရသလို ကြောက်လန့်တုန်လှုပ်သွားသည်။

အဘူဂါဘယ်သည် ဂျိန်းဘက်သို့ လှည့်လာသည်။ ဘာမျှမပြောချေ။ စိုက်ကြည့်နေသည်။

'ဘာလဲဟင်. . . ဘာလဲ'

ထိုအချိန်အထိ အဘူဂါဘယ်သည် တခွန်းမျှမပြောသေးချေ။ ၎င်း၏အသက်ရှူသံမှာ ပြင်းထန်သည်။ ကျယ်လောင်သည်။ သူ့မျက်နှာသည်ရဲရဲနီလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်တွင် ထိုသူသည်လက်နှစ်ဖက်ကိုပိုက်ထားပြီး ၎င်း၏စားပွဲတွင် ထိုင်နေသည်။ အပြင်ဘက်တွင်မူ ကားတစ်စီး ဖြတ်သန်းသွားသည်။

အိမ်ထဲရှိ တစ်နေရာဆီမှ နာရီထိုးသံမြည်လာသည်။

အဘူဂါဘယ်သည် တစ်ဘက်သို့လှည့်သွားပြီးနောက် ဂျိန်းဘက်သို့ ပြန်လှည့်လာသည်။

'မင်း. . . . အတော်ယုတ်ကန်းတဲ့ခွေးမ'

သူက ပက်ပက်စက်စက် ပြောလိုက်ခြင်း ဖြစ်သည်။

'ရှင့်စကားအဓိပ္ပာယ်က ဘယ်လိုလဲ'

'မင်းသိပါတယ်ကွာ၊ ကောင်းကောင်းကြီးကိုသိပါတယ်'

'ဟင့်အင်း. . . ရှင်ဘာတွေလျှောက်ပြောနေသလဲဆိုတာ ကျွန်မ မသိဘူး'

အဘူဂါဘယ်က ထိုလူအား လက်ညှိုးထိုးပြလိုက်သည်။ သို့သော် ၎င်း၏မျက်လုံးများက ဂျိန်းအား စိုက်ကြည့်နေဆဲပင်။

'သူက ငါ့ကို ပြောပြတယ်၊ တစ်ကမ္ဘာလုံးက ဘယ်လိုဖြစ်သွားတယ်ဆိုတာ သိနေကြတယ်၊ မီးခိုးခေါင်းတိုင်က ထွက်ပြေးသွားတဲ့ ချာတိတ်ကလေးအကြောင်းလေ၊ သူက အခန်းထဲမှာ အိပ်နေတာကို မဟုတ်ဘူး၊ တကယ်ကတော့ သူအခန်းထဲမှာ မရှိဘူး၊ အဲဒါကို မင်းက တစ်ချိန်လုံး သိနေပါလျက်နဲ့'

'မင်းက ငါ့ကို အာရုံပြောင်းသွားအောင်လုပ်တယ်၊ မင်းလုပ်တဲ့အလုပ်က အဲဒါပဲ မဟုတ်လား'

အဘူဂါဘယ်၏ နက်မှောင်သောမျက်လုံးအစုံက ဂျိန်း၏ကိုယ်လုံးအား ထွင်းဖောက်သွားပုံရသည်။

'ဟင့်အင်း . . . အလုပ်တစ်ခုအနေနဲ့လုပ်တာတော့ မဟုတ်ပါဘူး၊ အဲဒီလို လုံးဝ မဟုတ်ရပါဘူးရှင် . . . .'

သူနားလည်အောင် ဂျိန်းက ရှင်းပြရန်ကြိုးစားသည်။ ထိုကိစ္စထက်အများကြီး ပိုကြောင်း သူသိနိုင်မြင်နိုင်ပါသည်။

သို့သော် အဘူဂါဘယ်က နားမထောင်ပါ။

'မင်းကြောင့် ငါ့ရဲဘော်၊ ရဲဘက်တွေ သေခဲ့ရတယ်၊ ငါ့ရဲဘော်၊ ရဲဘက်တွေ. . . ငါက မင်းကို ယုံကြည်ရတယ်လို့ထင်မိတဲ့အချိန်မှာ'

'မဟုတ်ပါဘူးရှင်၊ ရှင်သဘောပေါက်ဖို့တော့လိုပါလိမ့်မယ်ရှင် . . .'

'အလိမ်အညာမ၊ အယုတ်တမာမ'

ဂျိန်းသည် တစ်ချိန်က ၎င်းတို့နှစ်ဦးကြားတွင်ရှိခဲ့ဖူးသော ဆက်ဆံရေးကို ပြန်လည်အစဖော်ရန် ကြိုးပမ်းသည့်အနေဖြင့် အဘူဂါဘယ်အား လှမ်း၍ဆုပ်ကိုင်ရန် ကြိုးစားလိုက်သည်။ သို့ရာတွင် အဘူဂါဘယ်သည် ရှပ်အကျႌအောက်မှ သေနတ်အား အပြင်

www.burmeseclassic.com



ဘက်သို့ရောက်အောင် ဆွဲထုတ်ပြီးဖြစ်နေလေရာ . . .။

❑

ဘိုးရင်း ၇၄၇၏ဘယ်ဘက်မင်းလမ်းမှ လူတစ်ယောက် ပေါ်ထွက်လာသည်။ အသက်ငယ်သည်။ အသားညိုသည်။ ရှပ်အင်္ကျီကို လည်ပင်းတွင် ကြယ်သီးမတပ်ပဲ ဖွင့်ထားပြီး အားကစားဂျာကင်တစ်ထည်ကို ဝတ်ဆင်ထားသည်။ သူက လက်ထဲတွင် ကိုင်ထားသော စက်သေနတ်နှင့် ခရီးသည်များအား ဆေးကြိမ်လုံးကိုင်ထားသော ဝိဇ္ဇာဇော်ဂျီတစ်ဦးပမာ လိုက်၍'ချိန်'နေသည်။ ၎င်းသည် အားနေသည့် လက်တစ်ဘက်နှင့် ပထမတန်းခရီးသည်များ၏နေရာနှင့် ရိုးရိုးတန်းခရီးသည်များ၏ နေရာအကြားတွင် ကန့်ထားသော လိုက်ကာများကို ဆွဲဖြဲနေသည်။ ၎င်း၏နောက်ဘက်ရှိ ဘုန်းတော်ကြီးများကမူ အထိတ်အလန့်နှင့် လှမ်းကြည့်နေကြသည်။

ယခုအချိန်တွင် အမျိုးသမီးကလေးတစ်ယောက်သည် ညာဘက်မင်းလမ်းမှ ထွက်ပေါ်လာပြန်သည်။ အသက်ငယ်သည်။ အလွန်လှပသောမိန်းကလေးပင်။ သူကလည်း ပစ္စတိုတစ်လက်ကို ကိုင်လာသည်။

ထိုအမျိုးသမီးကလေးက အသံဩဇာနှင့်ပြည့်စုံသောအသံနှင့် ခပ်ကျယ်ကျယ် ပြောလိုက်သည်။

'ကုလားထိုင်ပေါ်က ထမယ်ကြံရင် သေနတ်နဲ့အပစ်ခံရလိမ့်မယ်၊ နားလည်ကြရဲ့လား'

မစ္စစ်လက်ဖလာက ခေါင်းညိတ်သည်။

မစ္စတာစကျွှိုင်းယားက ဒီကလေးမသည် အသားညိုသော အာဆူလာ အင်းဒရက်စ်နှင့် တူသည်ဟု တွေးမိသည်။ ထူးထူးခြားခြားတူလွန်းလှသည်။

ခရီးသည်တစ်ယောက်က စာသင်ခန်းထဲမှ အိမ်သာသွားချင်သော ကျောင်းသားတစ်ယောက်လို လက်ထောင်၍ပြလိုက်သည်။

'ခင်ဗျားတို့က ကျုပ်တို့ကို ဒီမှာ ဘယ်လောက်လောက်ကြာအောင် နေခိုင်းထားမှာလဲ'

ထိုကလေးမက ပြန်ဖြေသည်။

'ကျွန်မတို့က ရှင့်ကို ပြန်မလွှတ်ခင်အထိပေါ့'

စကားပြောတိုတောင်းလိုက်တာဟု မစ္စတာစကျွှိုင်းယားက တွေးမိသည်။

စိတ်လှုပ်ရှားနေပုံရသော၊ အသက်အရွယ်ကြီးရင့်ပုံရသည့် အသံတစ်သံပေါ်ထွက်လာပြန်သည်။

'မင်းတို့က ပုပ်ရဟန်းမင်းကြီးကို ဘယ်လိုလုပ်မှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါက ရှင်နဲ့မဆိုင်ပါဘူး'

'ဆိုင်တယ်၊ မင်းတို့က သူ့ကို ဘာဖြစ်လို့ ထိရကိုင်ရမှာလဲ၊ မင်းတို့က သူတို့ ထိနိုင်ကိုင်နိုင်အောင် တန်ဖိုးမရှိဘူး'

'တိတ်စမ်း'

'အယုတ်တမာတွေ၊ မိစ္ဆာနတ်ဆိုးတွေ'

ထိုကလေးမကလေးက ပစ္စတိုကို လက်နှစ်ဖက်နှင့် ကိုင်မြှောက်ပြီး တစ်ချက်တည်း ပစ်ချလိုက်သည်။

ခရီးသည်အားလုံးထံမှ 'ဟင်ကနဲ'အော်သံသည် တပြိုင်နက်တည်း ပေါ်ထွက်လာသည်။

မစ္စတာစကျွှင်းယားက မျက်စပစ်လိုက်မိ၏။ ကျည်ဆန်သည် ၎င်း၏ဦးခေါင်းပေါ်ရှိ လေထဲမှ ဖြတ်သန်းသွားသံကို ကြားလိုက်ရသည်။ ကျည်ဆန်သည် တံခါးပေါက်ကို သေသေသပ်သပ်ဖောက်ထွင်းသွားသည်။

အပြင်ဘက်၌ တိုက်ခတ်နေသော လေမုန်တိုင်း၏အသံနှင့် ထရပ်ကားများ၏အသံမှလွဲ၍ လေယာဉ်ပျံထဲ၌ လုံးဝငြိမ်သက်သွားသည်။ ထိုကလေးမက သူဆိုလိုသည့်အချက်ကို သဘောပေါက်အောင် ပြသွားလေသည်။ ၎င်းက ချာကနဲလှည့်လိုက်ပြီး ပထမတန်းခရီးသည် ခန်းမှတဆင့် လေယာဉ်ဦးပိုင်းဆီသို့ ဆက်လျှောက်သွားသည်။ ထို့နောက် အချက်ပြလိုက်၏။ လေယာဉ်မယ်နှစ်ယောက်က လေယာဉ်ဦးပိုင်းတွင်ရှိသော ခရီးသည်များဆင်းသည့် တံခါးပေါက်ကိုဖွင့်လိုက်ရာ ကြမ်းတမ်းသောလေသရမ်းနှင့်အတူ သဲမှုန့်အမြောက်အများသည် လေယာဉ်ပျံထဲသို့ အတင်းတိုးဝှေ့ပြီး ဝင်ရောက်လာကြသည်။

မစ္စတာစကျွှင်းယားက တံတွေးကို မျိုချလိုက်သည်။ ကျည်ဆန်သည် ခေါင်းပေါ်မှ နီးနီးကပ်ကပ် ဖြတ်သန်းသွားမှုကြောင့် ၎င်း၏စိတ်ဓာတ်မှာ အလိုလိုနေရင်း တည်ငြိမ်မှု ရရှိသွားသည်။ သူက လေယာဉ်ပြတင်းပေါက်မှတဆင့် အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ထရပ်ကားများသည် ဘိုးရင်း ၇၄၇၏ဦးခေါင်းပိုင်းဆီသို့ ချဉ်းကပ်နေကြသည်။ လူဆိုးလူမိုက်ပုံပေါက်နေသော လူတစ်စုသည် စက်သေနတ်များကို ဝှေ့ယမ်းရင်း သွားလာလှုပ်ရှားနေကြသည်။

မစ္စတာစကျွှင်းယားသည် မြင်မြင်သမျှကို စိတ်ထဲမှ မှတ်သားထားလိုက်သည်။ ဤအချက်အလက်များကို စနစ်တကျမှတ်သားထားဖို့လိုသည်။ ဂျွန်နီကာဆန် ရုပ်မြင်သံကြားပွဲအတွက် အထူးတလည် အသုံးဝင်လိမ့်မည်ဖြစ်သည်။

❑

ထရပ်ကားခေါင်မိုးပေါ်တွင် မိမိကိုယ်ကိုထိန်း၍ ရပ်ရင်း ဗိုလ်မှူးကြီးသည် လေယာဉ်

www.burmeseclassic.com

www.burmeseclassic.com



ဖုံ၏ကိုယ်ထည်ကို လက်နှင့်စမ်းသပ်ကြည့်လိုက်၏။ ၎င်း၏လက်က ပိတ်ထားသော တံခါး၏ဘောင်ကို စမ်းမိသည်။ လေယာဉ်ပေါ်ရှိကြမ်းပြင်မှာ ထရပ်ကားခေါင်မိုးပေါ်မှနေ၍ တစ်ပေ၊ နှစ်ပေမြင့်သောနေရာ၌သာ ရှိနေသောကြောင့် လေယာဉ်ပျံပေါ်သို့ ခုန်တက်ရန်နှင့် လေယာဉ်ပျံပေါ်မှ ခုန်ဆင်းရန် အခက်အခဲရှိလိမ့်မည်မဟုတ်ပါချေ။

တံခါးပေါက်ဝနားတွင် ရုပ်တုများသဖွယ် မလှုပ်မရှား ရပ်နေကြသူများ ရှိနေကြသည်။ ၎င်းတို့က ဗိုလ်မှူးကြီးအား စိုက်ကြည့်နေကြသည်။ ပါးစပ်ကို တင်းတင်းစေ့ထားသည်မှအပ အသားညိုသော်လည်း ခွဲမက်ဖွယ်ကောင်းသော မိန်းကလေးတစ်ယောက်နှင့် အားကစားဂျာကင်ကို ဝတ်ဆင်ထားသော မိုက်မိုက်ကန်းကန်းဂိုက်နှင့် လူငယ်တစ်ယောက်။ နှစ်ယောက်စလုံး လက်နက်ကိုယ်စီ ကိုင်ထားကြသည်။ ၎င်းတို့၏ဘေးနားတွင် အဖြူရောင်ခြုံထည်ကို လွှမ်းခြုံထားသော အသက်ခပ်ကြီးကြီးပုဂ္ဂိုလ်တစ်ယောက်။ လေယာဉ်မယ်တစ်ယောက်။ ထို့နောက် လေယာဉ်ပျံထဲမှ ခရီးသည်များ၏မျက်နှာများ။

ဗိုလ်မှူးကြီးက စက္ကန့်ပိုင်းအတွင်းတွင် အားလုံးကို ခြုံငုံ၍ အကဲခတ်လိုက်၏။

ဗိုလ်မှူးကြီးက ပြုံးပြလိုက်သည်။

ကဲ. . . ဤအချိန်သည် အဆုံးအဖြတ်ပေးမည့် အချိန်ပင်တည်း။ အောင်မြင်မှာလား၊ ရှုံးနိမ့်သွားမှာလား။ သေမှာလား၊ ရှင်မှာလား။ လာမည့်စက္ကန့်အနည်းငယ်အတွင်း အဆုံးအဖြတ်ပေးပေလိမ့်မည်။

သူက အီရဗာဘာသာဖြင့်ပြောလိုက်၏။

'အယ်လ်မားဂရက်ဗ်က ကြိုဆိုပါတယ်'

၎င်း၏မျက်နှာပေါ်ကအပြုံးသည် ယုံကြည်မှု အပြည့်အဝရှိနေပုံပေါ်သည်သာမက ကြိုဆိုသည့်အသွင်ကိုလည်း ဆောင်နေပါစေဟု သူဆုတောင်းမိသည်။

အမျိုးသမီးက ဂျာမန် လူဂါပစ္စတိုကို ကိုင်ထားသည်။ အဟန့်ရှိသော သေနတ်ဖြစ်သည်သာမက အမျိုးသမီးကလည်း ပစ်တတ်ပုံရသည်။

တမေ့တမောကြာမြင့်သွားသည်။

ထို့နောက် အမျိုးသမီးက စတင်လှုပ်ရှားစပြုသည်။ ကြိုဆိုမှုကို လက်ခံပါသည်ဆိုသောသဘောနှင့် ခေါင်းညိတ်ပြလိုက်ခြင်းပင်။ ထိုအမျိုးသမီးက လေယာဉ်ပျံတစ်ဝိုက်တွင် လှုပ်ရှားနေသူများအား မျက်လုံးဝေ့၍ကြည့်လိုက်သည်။ ထို့နောက် ထိုအမျိုးသမီး၏နှုတ်ခမ်းပေါ်တွင် ပြုံးရောင်လဲ့လဲ့ကလေးသန်းလာ၏။ တင်းနေအောင် စေ့ထားသောနှုတ်ခမ်းသားတစ်စုံတွင် တင်းမာမှု လျော့နည်းလာသည်။

'ကျွန်မတို့ ဒီကိုရောက်လာရတဲ့အတွက် ဝမ်းသာပါတယ်'

သို့ရာတွင် ထိုအမျိုးသမီးသည် သေနတ်ကို အသုံးချရလိမ့်မည်ဟု ယုံကြည်ထားဘိသကဲ့သို့ စက္ကန့်ပိုင်းအတွင်းမှာပင် ပစ်ခတ်နိုင်သည့်အနေအထားနှင့် သေနတ်ကို ကိုင်ထားဆဲပင်။ ဒီအမျိုးသမီးသည် သံသယဝင်တတ်သူပေလော၊ သို့တည်းမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ရှိုးရှိုး စင်းစင်း သတိရှိခြင်းပင်ဖြစ်လေသလော။

ဗိုလ်မှူးကြီးက ပြောလိုက်သည်။

'လေမုန်တိုင်းက ခင်ဗျားတို့ကို ဒုက္ခပေးမှာပဲနော်၊ အခုဒီတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်တဲ့အတွက် ခင်ဗျားတို့ကို ချီးကျူးပါတယ်'

အမျိုးသမီးက ဝန်ခံသည်။

'သက်တောင့်သက်သာခရီးတစ်ခုတော့ မဟုတ်ဘူးပေါ့ရှင်'

ပုပ်ရဟန်းမင်းကြီးသည် အလွန်အမင်း အိုစာသွားပုံရသည်။ သို့သော် သိက္ခာရှိရှိနှင့် မကြောက်မရွံ့ ရှိနေပေသည်။

'အစစအရာရာ စနစ်တကျဖြစ်မှာပဲလို့ ကျုပ်ထင်ပါတယ်'

'စနစ်တကျပါပဲ'

ထိုအမျိုးသမီးက ခပ်တည်တည်ပြန်ဖြေသည်။

ဗိုလ်မှူးကြီးက လည်ချောင်းရှင်းလိုက်၏။ ပဋိသန္ဓာရစကားများကတော့ တော်လောက်ပေပြီ။

'မင်းက အကျဉ်းသားကို လွှဲပေးဖို့အဆင်သင့်ဖြစ်ပြီလား'

ထိုအမျိုးသမီးက ပုပ်ရဟန်းမင်းကြီးကို လှမ်းကြည့်သည်။ ထို့နောက် ဗိုလ်မှူးကြီးကို ပြန်ကြည့်သည်။ တော်တော်သွေးအေးသောကလေးမပင်။ ကိုယ်လုံးကိုယ်ပေါက် ပြေပြစ် သည်။ ရင်အုံဖွံ့သည်။ သို့သော် မတန်တဆကြီးမားလှသည်တော့မဟုတ်။

ထိုအမျိုးသမီးက မေးသည်။

'ဒီမှာကော၊ အစီအစဉ်အတိုင်း အစစအရာရာ ချောချောမောမော ရှိရဲ့လား'

'ရှိတာပေါ့'

ဗိုလ်မှူးကြီး အနည်းငယ်စိတ်တိုသော လေသံကလေးနှင့် ဖြေလိုက်သည်။

'ဒီအစီစဉ်အတိုင်း ကျုပ်တို့ ဒီကိုရောက်နေပြီပဲ၊ ဟုတ်တယ်မဟုတ်လား'

အမျိုးသမီးက ခပ်ဆတ်ဆတ်ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ရှင်တို့ ဒီကို ရောက်နေပြီပဲ'

အားကစားဂျာကင်နှင့်လူရွယ်သည် ပုပ်ရဟန်းမင်းကြီး၏တဘက်သို့ ရွှေ့ပြောင်း၍ နေရာယူလိုက်သည်။

ဗိုလ်မှူးကြီးသည် လေယာဉ်ပေါ်တွင် ခြေထောက်တင်ရင်း အပေါ်သို့ ဆွဲတက်ရန် ကိုယ်ကို ရှေ့သို့ငိုက်လိုက်သည်။

၎င်းက ဩဇာတိက္ကမပါရှိသည့်လေသံဖြင့် ပြောလိုက်သည်။

'ကျုပ်တို့ အခုအချိန်ကစပြီး ဆက်တာဝန်ယူမယ်၊ ခင်ဗျားတို့ အေးအေးသက်သာ နေနိုင်ကြပါပြီ၊ နေလဲနေသင့်ပါတယ်လေ. . .'

ထိုအခိုက်မှာပင် အမျိုးသမီးကလေး၏ အပြုံးယဲ့ယဲ့ကလေးသည် ပျောက်သွား

www.burmeseclassic.com

www.burmeseclassic.com



သွားတော့သည်။

ငင်း၏မျက်လုံးများသည် ဗိုလ်မှူးကြီး၏ လည်ချောင်းအတွင်းဘက်ဆီသို့ ဖြတ်ကနဲ လှမ်းကြည့်လိုက်သည်။

ဘုရား၊ ဘုရား၊ ထိုအမျိုးသမီးက မည်သည့်ပစ္စည်းကို တွေ့မြင်သွားခြင်းဖြစ်ကြောင်း သူ ယတိရလိုက်သည်။ ငင်း၏ခြောက်မြောင့်ကြယ်ပင်တည်း။ သူသည် ဒေးဗစ်၏ကြယ်ဟု ခေါ်သောခြောက်မြောင့်ကြယ်ကို ငင်းလည်ပင်းတွင် ရွှေကြိုးကလေးနှင့် အမြဲတစေ ဆွဲထားလေ့ရှိသည်။ သို့ရာတွင် ဤအော်ပရေးရှင်းအတွက် ရေးကြီးသုတ်ပျာနှင့် ကပျာကသီ ပြင်ဆင်ခဲ့ရသောကြောင့် ထိုဆွဲကြိုးကို ဖြုတ်ထားခဲ့ရန် သူ လုံးဝမေ့လျော့သွားခဲ့သည်။ ယခု သူက လေယာဉ်ပေါ်သို့တက်ရန် ကြံစည်ချိန်တွင် လုံးလုံးလျားလျား မြင်တွေ့သွားခြင်းသာ ဖြစ်ရမည်။

ငင်းတို့နှစ်ဦးစလုံး မျက်လုံးချင်းဆုံမိကြသည်။

လျှောဂါပစ္စတိုသည် ငင်းဆီသို့ ဝှေ့ယမ်းလာလေ့ပြီ။ ထိုအမျိုးသမီးကလေးက သေနတ်မောင်းအား လက်ညှိုးနှင့်ညှစ်လိုက်စဉ်၊ ကျန်အားသော လက်တစ်ဘက်ကလည်း ငင်း၏ ဂျာကင်အိတ်ထဲမှ တွဲလောင်းကျနေသော ငွေကြိုးကလေးရှိရာဆီသို့ အရှိန်နှင့် ဝေ့ဝဲသွားသည်ကို ဗိုလ်မှူးကြီးက မြင်လိုက်သည်။

သူက အမျိုးသမီး၏ ကိုယ်နေဟန်ထားပျက်သွားအောင် ငင်း၏ခြေထောက်ဆီသို့ တဟုန်ထိုး တိုးဝင်ပြီး ကိုယ်ကိုလှဲချလိုက်သည်။

ဗိုလ်မှူးကြီးသည် လေယာဉ်ပျံ၏ကြမ်းပြင်နှင့် ဝင်ဆောင့်မိတော့သလို၊ ငင်း၏ ဒူးခေါင်းသည် မာကျောပြီးအသွားထက်သောပစ္စည်းတစ်ခုနှင့် ဝင်ဆောင့်မိသောကြောင့် ကွဲသွားရလေတော့သည်။

ငင်း၏မျက်နှာရှေ့တွင် ညစ်ပတ်ပေရေနေသော အနက်နရောင်ဖိနပ်တစ်ရံကို သူမြင်လိုက်ရသည်။

သေနတ်သံတစ်ချက်။ ကျည်ဆန်တစ်တောင့်သည် ငင်း၏ဘောင်းဘီစကို ထွင်းဖောက်သွားသည်။

ထိတ်လန့်နေရမည့်အချိန်မဟုတ်။

သူက ကိုယ်ကိုပစ်လှိမ့်လိုက်ရာ အမျိုးသမီး၏ခြေထောက်များနှင့် ဝင်တိုးမိလေ၏။

သေနတ်သံများ ထပ်မံထွက်ပေါ်လာသည်။ သူ့နောက်ဘက်က။ သူ့အပေါ်ဘက်က။

ဗိုလ်မှူးကြီးက ပစ္စတိုကို လွတ်လွတ်ကျွတ်ကျွတ်ဖြစ်သွားအောင် ဆွဲထုတ်လိုက်သည်။

ပုပ်ရဟန်းမင်းကြီးကို ထိဖို့တော့ မသင့်၊ မဖြစ်။

တစ်ဘက်သို့လှိမ့်လိုက်ရာ ငင်း၏လက်သည် ကြမ်းပေါ်မှ သံတရုပ်ရုပ်နှင့် ထိတွေ့ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မစ်ပြီ။

ဖွံ့ဖြိုးလှသောရွှေရင်အုံမှ သွေးများယိုစီးကျဆင်းလာသည်။ ရဲရဲနီသောသွေး၊ ဖြူဖွေးနေသော ဘလောက်စ်အင်္ကျီပေါ်၌ ရဲရဲနီသွားခဲ့လေပြီ။

ကျည်ဆန်များက သတ္တုနံရံများကို သွားရောက်ထိမှန်ကြသည်။ တစ်ယောက်က စူးရှစွာအော်လိုက်သည်။ တစ်ယောက်က မကျေမနပ်နှင့် ကန့်ကွက်သည်။ ကြောက်လန့်ပြီး သွေးဆုတ်နေသောမျက်နှာများကို တွေ့နေရသည်။

သေနတ်သံများ အတွဲလိုက်ပေါ်ထွက်လာသည်။

အမျိုးသမီးသည် ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။ ယခုအချိန်တွင် သွေးအလိမ်းလိမ်းစီးကျနေသော ကြည့်မကောင်းတော့သည့် အနိဋ္ဌာရုံ ရုပ်ကလပ်တစ်ခုသာ ဖြစ်သွားရလေပြီ။ အညိုရောင်မျက်လုံးကြီးများက အဆုံးအစမရှိသော သံသရာကို လှမ်းမျှော်ကြည့်နေကြသည့်အလား ပွင့်နေကြသည်။ အမျိုးသမီး၏လက်တစ်ဘက်က ၎င်း၏ကိုယ်ပေါ်သို့ ဖြတ်ကနဲကျလာသည်။ နွေးတေးတေးကလေးပင်ရှိသေးသည်။ သို့သော် အသက်မရှိတော့ချေ။

အမျိုးသမီး၏ လျှိုဝှက်သေနတ်သည် ချာချာလည်လျက် ကြမ်းပေါ်သို့ လျှောကျသွားသည်။

၎င်းအပြင် အားကစားဂျာကင်ကို ဝတ်ဆင်ထားသောလူရွယ်က ၎င်းထံသို့ ဦးတည်၍ လာနေပြန်လေပြီ။ ထွားကျိုင်းသည်။ ဒေါသမာန်ဟုန်ပြင်းသည်။ သို့သော် လက်ရှိအခြေအနေကို တကယ်မှဟုတ်ရဲ့လားဟု သံသယဖြစ်နေပုံလည်းရသည်။

သူက ပစ္စတိုကို မြှောက်ပြီး ဗိုလ်မှူးကြီးအား ချိန်လိုက်၏။

ပုပ်ရဟန်းမင်းကြီးက ဘယ်ဘက်ခြေကို မြှောက်၍ ခံပေးလိုက်သည်။

ထိုပုဂ္ဂိုလ် ခလုတ်တိုက်မိသွားသည်။ ရှေ့သို့ ဟပ်ထိုး ဟပ်ထိုးနှင့် လဲကျတော့မလိုလို ဖြစ်သွားသည်။ လေယာဉ်ပျံ၏နံရံနှင့် ဝင်ဆောင့်မိတော့သည်။ ချက်ချင်းလိုလိုပင် ကွန်မင်ဒိုနှစ်ယောက်က ၎င်းအား မလှုပ်သာမယှက်သာအောင် ဝိုင်း၍ချုပ်ကိုင်ထားလိုက်ကြသည်။

ဗိုလ်မှူးကြီးသည် ကိုးရိုးကားရားနှင့် ကြမ်းပြင်ပေါ်မှ မတ်တတ်ရပ်လိုက်၏။

'ကျေးဇူးတင်ပါတယ် ပုပ်ရဟန်းမင်းကြီးဘုရား'

❑

လေယာဉ်မောင်းခန်းထဲတွင်မူ ကျန်ရစ်ခဲ့သောအစောင့်သည် လေယာဉ်ဝန်ထမ်းတစ်ဦးချင်းကို သေနတ်နှင့် လိုက်ချိန်နေသည်။

'နည်းနည်းကလေးမှ မရွေ့ကြနဲ့'

သူက ခပ်ဆတ်ဆတ်ပြောလိုက်သည်။ သူသည် အောက်ဘက်မှ သေနတ်သံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ကို ကြားလိုက်ရတိုင်း မျက်တောင်တဖြတ်ဖြတ် ဖြစ်သွားတတ်သည်။

မာလိုရီက မှတ်ချက်ချသည်။

'အောက်ဘက်မှာတော့ ပြဿနာတစ်ခုခုဖြစ်နေပြီနဲ့တူတယ်'

'ခင်ဗျားပါးစပ်ပိတ်ထားစမ်း'

သူက အသက်ငယ်သေးသည်။ ချက်ချင်းလက်ငင်း ကြောက်စိတ်ဝင်လာသည်။ တစ်ခုခုတော့ အကြီးအကျယ် မှားယွင်းနေလေပြီ။

'နေရာမရွေ့နဲ့'

သူက ထပ်အမိန့်ပေးသည်။ ထို့နောက် အမှားမှားအယွင်းယွင်း ပြုလုပ်မိသောကြောင့် အပြစ်ပေးခံရမည်ကို ကြောက်ရွံ့နေသော ကလေးငယ်တစ်ဦးပမာ တုန်တုန်ရီရီနှင့် နောက်ဘက်ရှိစည့်ခန်းထဲသို့ ကမန်းကတန်း ထွက်သွားတော့သည်။ သူသည် ကြောင်လိမ်လှေကားမှ အောက်ဘက်သို့ ငုံ့ကြည့်နေကြောင်း မာလိုရီမြင်နေရသည်။

သေနတ်သံတွေ ထပ်မံပေါ်လာပြန်၏။ ရှုပ်ယှက်ခတ်နေသော ခြေသံများကို ကြားရပြန်သည်။

ဒီခွေးမသားလေးကတော့ စိတ်ရှုပ်သွားပြီ။ ဘာဆက်လုပ်ရမယ်မှန်း သိပုံမရဘူးဟု မာလိုရီက တွေးမိ၏။

ထိုအခိုက်တွင် နိုဝါကိုစကီသည် ထိုင်ခုံပေါ်မှထသည်။ သူက နံရံပေါ်မှ မီးသတ်ဆေးဗူးကို ယူလိုက်ပြီး ဖိနှိပ်အား ပေါင်ချိန်ပြဒိုင်ခွက်ကို စစ်ဆေးကြည့်ရှုလိုက်သည်။ သူက ခေါင်းတစ်ချက်ညိတ်လိုက်၏။ ထို့နောက် မီးသတ်ဆေးဗူးကို တန်ဖိုးကြီးမားသော ပန်းအိုးတစ်ခုပမာ သတိကြီးစွာထား၍ကိုင်ရင်း လေယာဉ်မောင်းခန်း၏ ထွက်ပေါက်ဆီသို့ သွားတော့သည်။

သူက သတိနှင့် လေးငါးလှမ်းလျှောက်လိုက်ပြီးနောက် လှမ်းပြောလိုက်၏။

'ဒီမှာ၊ ကိုယ့်လူ'

ကိုပြန်ပေးက နောက်သို့ လှည့်ကြည့်သည်။

နိုဝါကိုစကီက မီးသတ်ဆေးဗူးကို အရှိန်နှင့်လွှဲပေါက်လိုက်လေပြီ။ မီးသတ်ဆေးဗူးသည် ထိုလူ၏မျက်ခွက်ကို တည့်တည့်ကြီးထိမှန်သွားသည်။ သူသည် စုတ်ပြတ်နေသော အရုပ်ကလေးတစ်ရုပ်အား လွှင့်ပစ်လိုက်သည့်ပမာ အခန်းထောင့်ဆီသို့ ခွေခေါက်ပြီး လဲကျသွားသည်။ ကြမ်းပြင်ပေါ်သို့ ကျသွားသောမီးသတ်ဆေးဗူးထဲမှ ဆေးရည်များ ပန်းထွက်လာရာ ကြောင်လိမ်လှေကားတလျှောက် အောက်ဘက်သို့ ဖိတ်စဉ်သွားတော့သည်။ နိုဝါကိုစကီသည် မီးသတ်ဆေးဗူးကို ကောက်ကိုင်လိုက်ပြီးနောက် ကိုပြန်ပေး၏မျက်နှာကို ပန်းထွက်လာသောဆေးရည်နှင့် ပန်းထည့်လိုက်သည်။ ကြောင်တောင်တောင် ဖြစ်သွားသည်သာမက မွန်းသွားသောပြန်ပေးသည် အင်အားချည့်နဲ့နဲ့နှင့် လက်ကိုမြှောက်ကာ ယမ်းကာ နေရုံမျှသာ တတ်နိုင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မာလိုရီသည် ထိုပုဂ္ဂိုလ်၏သေနတ်ကို ကြမ်းပြင်ပေါ်မှ ကောက်ယူလိုက်၏။ စက်သေနတ်ကလေးတစ်လက်ကို ပစ်ခတ်ရာတွင် အခြားယန္တရားတစ်ခုတစ်ရာ ရှိနေပါသလား။ သေနတ်မောင်းကို ဆွဲရုံသက်သက်ပဲလား။ ဒါမှမဟုတ်၊ တစ်ခုခုကို ကြိုတင်၍ ဖြုတ်ရပါသေးသလား။

'သေသပ်တယ်ကွာ'

မာလိုရီက နီဝါကိုစကီကို ပြောလိုက်သည်။

နီဝါကိုစကီသည် အူကြောင်ကြောင်နှင့် ပြုံးလိုက်ပြီးနောက် ၎င်းလုပ်ခဲ့သည့်ကိစ္စကို မယုံကြည်နိုင်ဟန်နှင့် ပြန်ပေးဆွဲသည့်ပုဂ္ဂိုလ်ကို ငုံ့ကြည့်နေလေသည်။

❑

အမျိုးသမီးကလေး သေရှာလေပြီ။ ၎င်း၏အပေါင်းအသင်းများတို့လည်း နိုင်နင်းစွာ ထိန်းချုပ်၍ ပြီးစီးသွားလေပြီ။ ချက်ချင်းလိုလိုပင် ကွန်မင်ဒိုများနှင့် ရင်ဆိုင်၍ တိုက်ခိုက်ရမည့်လူများ တစ်ဦးတစ်ယောက်မျှ မကျန်တော့ဟု ထင်ကြရသည်။

ဗိုလ်မှူးကြီးသည် ခရီးသည်များရှိနေရာအခန်းထဲသို့ လှမ်းကြည့်လိုက်၏။ ထိုတက်မှာ ဒုက္ခပေးမည့်ပုံမပေါ်၊ ထိတ်လန့်နေပုံရသော အရပ်သားများသာရှိနေသည်။ ပြီးတော့ သေနတ်ကျည်ဆန်ထိမှန်ထားသော အပေါက်တွေကလည်း တရမန်းကြမ်းပင်။

'လေယာဉ်ပျံပေါ်မှာ နောက်ထပ်ပြန်ပေးသမားတွေ ရှိနေသေးသလား'

သူက လေယာဉ်မယ်ကို မေးလိုက်ခြင်းပင်။

'ရှင်က ဘာတွေလာပြောနေတာလဲ'

ထိုမိန်းကလေးသည် အူကြောင်ကြောင်ဖြစ်သွားပုံရသည်။

'ရှင်က ဘာမို့လို့လဲ'

'ကျုပ်က ကန်နန်းအမျိုးသား ကွန်မင်ဒိုတစ်ယောက်ပါ'

'ကန်နန်းဟုတ်လား၊ ရှင့်ကြည့်ရတာတူလဲမတူ. . . '

ဗိုလ်မှူးကြီးက ဖြေလိုက်သည်။

'ဒါက အယောင်အပြက်ဝတ်စုံပါကွာ၊ ကဲ . . . ဒီလေယာဉ်ပျံပေါ်မှာ နောက်ထပ်ပြန်ပေးသမားတွေ ရှိနေသေးသလားဆိုတာသာ ပြောစမ်းပါ'

ထိုအမျိုးသမီးကလေးက ခေါင်းညိတ်သည်။

'အပေါ်ထပ်မှာအနည်းဆုံး တစ်ယောက်တော့ရှိသေးတယ်'

လေယာဉ်မယ်က ဖာဒီယာ၏ရုပ်အလောင်းဘက်သို့ မျက်စိကစားလိုက်သည်။ သွေးအလိမ်းလိမ်းနှင့် အကျည်းတန်အရုပ်ဆိုးလှသည်။ ပုပ်ရဟန်းမင်းကြီးနှင့် အခြား အရာတော်ကြီးတစ်ပါးတို့သည် အလောင်းဘေးတွင် ဒူးထောက်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်မှာလဲ'

'အပေါ်ထပ်က လေယာဉ်မောင်းခန်းထဲမှာပါ'

ဗိုလ်မှူးကြီးက ခေါင်းညိတ်သည်။ သူက လေ့ကားကို မော့ကြည့်လိုက်၏။ လှေကားက သောက်ရမ်းကျဉ်းလွန်းလှသည်။

'အပေါ်ထပ်တက်ဖို့ အခြားနည်းလမ်းရှိသေးသလား'

လေယာဉ်မယ်က ခေါင်းခါသည်။

ဗိုလ်မှူးကြီးသည် ကွန်မင်ဒိုနှစ်ယောက်ကို လက်ပြ၍ခေါ်လိုက်သည်။ သောက်သုံးမကျတဲ့လှေကားပဲ။ ဒီလိုလှေကားမျိုးကို တက်ရစဉ်အခါလောက် အကာအကွယ်မဲ့သောအဖြစ်မျိုးသည် မည်သည့်အခါတွင်မျှ မရှိနိုင်ပြီ။ သို့သော် ရွေးစရာနည်းလမ်းလည်း မရှိပါ။ တစ်ယောက်ယောက်ကတော့ သွားကိုသွားရပေလိမ့်မည်။

'ငါ့နောက်လိုက်ခဲ့'

ဗိုလ်မှူးကြီးသည် လှေကားထစ်ပေါ်တွင် တစ်ဘက်မှတစ်ဘက်သို့ ဆတ်ကနဲ ဆတ်ကနဲ ရွေ့လျားရင်း ကျည်ဆန်များ တထွေးကြီးကျလာမည့်အရေးကို ကြိုတင်၍ တွေးနေမိသည်။ သူ့နောက်ဘက်တွင်မူ ကွန်မင်ဒိုများ၏ ဖိနပ်သံများက စိတ်အားတက်ဖွယ်ရာ ကပ်၍ပါရှိလာသည်။

သို့ရာတွင် သေနတ်သံတစ်ချက်မျှ ပေါ်ထွက်မလာပါ။

'အပေါ်ထပ်က ကြိုဆိုပါသည်'

လေယာဉ်ယူနီဖောင်းနှင့် ပြုံးနေသော အမျိုးသားတစ်ယောက်က လှေကားထိပ်မှ ဆီးကြိုနေသည်။

'မင်္ဂလာရှိသောနေ့ပါ'

ဗိုလ်မှူးကြီးက နှုတ်ဆက်သည်။

'ကျွန်တော်တို့က ဒီလူကိုကြိုတင်ပြီး နှိမ်နင်းထားပါတယ်'

လေယာဉ်မှူးက အခန်းထောင့်တွင် သတိမရတချက် . . . ရတချက်နှင့် ခွေလဲနေသောအားကာ ဘားဂျာကင်နှင့် သူ့ရှယ်အား လက်ညှိုးထိုးပြလိုက်သည်။ ၎င်းသည် တစ်ကိုယ်လုံးနစ်နေအောင် စိုရွှဲနေပြီးမီးသတ်ဆေးဗူးမှ ဓာတုဗေဒဆေးရည်များနှင့် သွေး များသည် ၎င်း၏ဦးခေါင်းတွင် ရောနှောပြီး ခဲနေကြသည်။

တခဏအတွင်းမှာပင် ကွန်မင်ဒိုသုံးဦးက ထိုပြန်ပေးကို ချုပ်နှောင်လိုက်ကြသည်။

'ကျုပ်က ကက်ပတိန် မာလိုရီပါ၊ ခင်ဗျားတို့ကတော့ ကန်နန်းလူမျိုးတွေဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါရဲ'

'ဟုတ်ပါတယ်ခင်ဗျာ၊ ဟုတ်ပါတယ်၊ ကျုပ်က ကန်နန်းကြည်းတပ်က ဗိုလ်မှူးကြီး ဂဲလ်နာ'

စိတ်သက်သာရာရသွားသောကြောင့် ဟစ်၍ရယ်လိုက်ချင်စိတ် ဖြစ်ပေါ်လာသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း အပြုံးကလေးနှင့်ပင် ကျေနပ်လိုက်ရတော့သည်။

'ခင်ဗျား လုပ်ပုံကိုင်ပုံ သိပ်ကောင်းတယ်ဗျို့၊ နောက်ထပ် ခွေးမသားတွေရှိနေကြသေးသလား'

'ဒီအပေါ်မှာတော့ မရှိတော့ဘူး၊ ဒီတစ်ယောက်ပဲရှိတယ်၊ သူကတော့ လောကကြီးကို မေ့နေပြီနဲ့တူပါတယ်၊ အောက်မှာကော အားလုံးအဆင်ပြေကြရဲ့လား၊ သေနတ်သံတွေကိုတော့ အများကြီးကြားနေရတယ်'

ဗိုလ်မှူးကြီးက ခေါင်းညိတ်သည်။

'အားလုံးပြီးသွားပါပြီ၊ ခင်ဗျားတို့က အခုကန်နန်းနယ်မြေထဲမှာ ဘေးကင်းကြပါပြီ၊ ခင်ဗျား သိပ်တော်တယ် ကက်ပတိန်၊ တကယ့်ကို ချီးကျူးထိုက်တဲ့လုပ်ရပ်ပဲ'

မာလိုရီကလည်း အပြုံးနှင့်ပြန်ဖြေသည်။

'ခင်ဗျားကိုယ်တိုင်လဲ ချီးကျူးထိုက်ပါတယ်ဗျာ၊ ပုံမှားရိုက်တာ တကယ်တူတာပဲ'

'ကျုပ်ကြောင့် အလိမ်ပေါ်တော့မလို့ဗျို့၊ ဒါပေမယ့် ကျုပ်တို့က ကံကောင်းပါတယ်'

ထို့နောက် ညွှန်ခန်းထဲမှဆန်းကြယ်သော မြင်ကွင်းကြောင့် သူမျက်တောင်တဖြတ်ဖြတ်ခတ်မိတော့သည်။ အဝတ်ဗလာနှင့် အမျိုးသားတစ်စုသည် ဟိုဟိုဒီဒီလျှောက်သွားရင်းပစ္စည်းများကို ရွေးချယ်နေကြသည်။

ထိုပုဂ္ဂိုလ်များထဲမှ တစ်ဦးက လှမ်းပြောလိုက်၏။

'ကျုပ်တို့က ထောက်လှမ်းရေးအေးဂျင့်တွေပါ၊ ကျုပ်နာမည် ကာဆင်၊ ပုပ်ရဟန်းမင်းကြီး ဘေးကင်းတယ်မဟုတ်လား . . .'

'ဟုတ်ကဲ့'

'ကောင်းပါလေရဲ့ဗျာ၊ တခြားဒဏ်ရာရသူတွေ ရှိသေးသလား'

'မိန်းကလေးကတော့ သေပြီထင်တာပဲ'

မာလိုရီက ခေါင်းညိတ်လိုက်သည်။

'ခုလို အခြေအနေမျိုးမှာ သေသွားရတဲ့အတွက် သူကတောင် ဝမ်းသာလိမ့်ဦးမယ်လို့ထင်တယ်'

'သူဝမ်းသာသာ၊ မသာသာ ဘယ်သူက သောက်ဂရုစိုက်မှာလဲ'

ဗိုလ်မှူးကြီးက ထိုကဲ့သို့သောကိစ္စမျိုးတွင် အယူအဆ အလွန်ပြင်းထန်သူ ဖြစ်သည်။

'သူက အင်မတန်ကြောက်စရာကောင်းတဲ့ လူသတ်သမ. . . သူမရှိမှ ဒီကမ္ဘာကြီး ပိုကောင်းလာမှာ'

'ဟုတ်ပါ့ဗျာ၊ ဒါပေမယ့် သူ့ရွှေရင်အုံက တော်တော်ဖွံ့တာဗျ'

တစ်ချိန်လုံးပြုံးနေသော လေယာဉ်မှူးတစ်ယောက်က ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

မာလိုရီက မိတ်ဆက်ပေးသည်။

'သူက မစ္စတာနိုဝါကိုစကီ၊ ပျံသန်းမှုဆိုင်ရာအင်ဂျင်နီယာပါ၊ သူကပြုံးပေးကို

www.burmeseclassic.com

www.burmeseclassic.com



မီးသတ်ဆေးဗူးနဲ့ တွယ်ထည့်လိုက်တဲ့လူပေါ့'

'သိပ်ကောင်းတယ်ဗျို့'

နီဝါကိုစကီက ပခုံးတွန့်သည်။

'အလကားပါဗျာ'

ကွန်မင်ဒိုများက ရေစက်လက်နှင့် တညည်းညည်းတညူညူဖြစ်နေသော ဗြန်ပေးအား လှေကားပေါ်မှ ဆွဲချသွားစဉ် ၎င်းတို့က ဘေးသို့ဖယ်ပေးလိုက်ကြသည်။

ထောက်လှမ်းရေးမှပုဂ္ဂိုလ်များသည် ယခုအချိန်အထိ အူကြောင်ကြောင်ဖြစ်နေကြဆဲပင်။

'ခင်ဗျားက ကန်နန်းစစ်ဗိုလ်လား'

'မှန်ပါတယ်ခင်ဗျာ'

'ပြီးတော့ ကျုပ်တို့က ဟက်ရှီမိုက်နိုင်ငံထဲမှာလား'

'မဟုတ်ပါဘူး၊ ကန်နန်းနိုင်ငံထဲမှာပါ။ ဒါပေမယ့် အဲဒီကိစ္စကိုတော့ ခင်ဗျားတို့က ကက်ပတိန်မာလိုရီကို မေးကြည့်ကြပါ။ အဲဒီကိစ္စအတွက် အမှတ်အများဆုံးရမယ့်လူကသူပဲ'

ဗိုလ်မှူးကြီးသည် လှေကားမှဆင်း၍ လိုက်သွားသည်။ သူ့ရင်ထဲမှာ ဝမ်းသာနေသည်။ ခြုံ၍ပြောရမည်ဆိုသော် သူမျှော်လင့်ထားတာထက်ပင် ပို၍ချောမွေ့နေလေသေးသည်။

❑

မစ္စတာစကွိုင်းယားသည် ကုလားထိုင်ပေါ်မှကျော်၍ နောက်ဘက်သို့ သတိကြီးစွာထား၍ ကြည့်မိသည်။

သေနတ်ပစ်ပွဲမှာ ပြီးဆုံးသွားပုံရသည်။ လေယာဉ်ထဲတွင် လှုပ်လှုပ်ရှားရှားသွားလာမှုတွေ၊ လှုပ်ရှားမှုတွေ ရှိနေသေးသော်လည်း သေနတ်သံကမူ တိတ်ဆိတ်နေလေပြီ။ ထို့ကြောင့် တစ်ယောက်ယောက်က အနိုင်ရသွားပြီဟု ယူဆရသည်။ သို့ရာတွင် မည်သူက နိုင်သွားလေသနည်း။ ယခု မည်သို့မည်ပုံဆက်၍ ဖြစ်ပွားလေမည်နည်း။ ပုပ်ရဟန်းမင်းကြီးကို တံခါးပေါက်ဝနားတွင် တွေ့ရသည်။ ထူးဆန်းသည်မှာ ဘုန်းတော်ကြီးများအားလုံး ပြုံးပြုံးရွှင်ရွှင်ရှိနေကြခြင်းပင်တည်း။ ဘုန်းတော်ကြီးတစ်ပါးကမူ အီရဗာ လူမျိုးတစ်ယောက်နှင့် ဟာရင်းတနှီး စကားစမြည် ပြောဆိုနေလေသေးသည်။

ထို့နောက် အံ့စရာကောင်းလောက်အောင်ပင် အီရဗာစစ်သားတစ်ယောက်သည် လေယာဉ်ပျံထဲသို့ ဝင်လာသည်။ ၎င်းက ခရီးသည်များကို ကြည့်၍ ပြုံးရယ်ရင်း ခေါင်းပေါ်မှ နှစ်ထပ်ဖော့လုံးကို ချွတ်ပစ်လိုက်သည်။

'အစစအရာရာ အဆင်ပြေပါတယ်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ထိုသူက အော်လိုက်သည်။

'ကျုပ်က ကန်နန်းလူမျိုးဗျ'

၎င်းက ရယ်ရယ်မောမောနှင့် သူ့ကိုယ်သူလက်ညှိုးရင်း ထပ်ပြောပြန်သည်။

'ကျုပ်က ကန်နန်းလူမျိုးပါ'

မစ္စတာစကွိုင်းယားက မေးသည်။

'ကန်နန်းလူမျိုး ဟုတ်လား၊ ခင်ဗျားက ကန်နန်းလူမျိုးလား'

'သူက ဘာပြောတာလဲဟင်'

မစ္စစ်လက်ဖလာသည် ကြမ်းပြင်ပေါ်၌ ဝပ်နေဆဲပင်။

'သူက ဘာပြောတာလဲ'

အခြားခရီးသည်တစ်ဦးကလည်း ထိုစစ်သားကို နောက်တစ်ကြိမ် ထပ်ပြောရန် တောင်းဆိုသည်။

ထိုပုဂ္ဂိုလ်က နောက်တစ်ကြိမ်ထပ်ပြောရန် တောင်းဆိုသည့်ကိစ္စကို ရယ်စရာဟု သဘောထားပုံရသည်။

မစ္စတာစကွိုင်းယားက မေးလိုက်သည်။

'ကျုပ်တို့က ဟက်ရှီမိုက်နိုင်ငံထဲမှာလား'

'မဟုတ်ဘူး၊ ဒါဟက်ရှီမိုက်မဟုတ်ဘူး၊ ကန်နန်းနိုင်ငံပါ'

'ဟက်ရှီမိုက်က ဘယ်မှာလဲ'

'ဟိုမှာလေ'

ထိုစစ်သားက ပြုံးရင်း လက်ညှိုးထိုးပြသည်။

'သိပ်မဝေးဘူး၊ ခင်ဗျားက သွားချင်လို့လား'

မစ္စတာစကွိုင်းယားက ခေါင်းခါသည်။ ပြတင်းပေါက်မှတဆင့် ထရပ်ကားများနှင့် ကြမ်းတမ်းပုံရသော လက်နက်ကိုင်ပုဂ္ဂိုလ်များကို တွေ့နေရသည်။

၎င်းအပြင် သဲမုန်တိုင်းသည်လည်း အရှိန်လျော့နည်းသွားပြီဖြစ်ကြောင်း သတိထားမိသည်။ လေတိုက်သောနှုန်းထား လျော့နည်းသွားသည်သာမက၊ ခပ်လှမ်းလှမ်းမှ စုတ်ပြတ်နေသော အဆောက်အအုံများ၏ ကောက်ကြောင်းများကိုပင် မြင်နေရလေပြီ။

အသက်ခပ်ကြီးကြီး ခရီးသည်တစ်ဦးက စစ်သားတစ်ယောက်နှင့် စကားပြောနေသည်။ ၎င်းတို့က နှစ်ဦးစလုံးသိဟန်တူသော ဘာသာစကားနှင့် ပြောဆိုနေကြခြင်းဖြစ်ပြီး နှစ်ယောက်စလုံး ဝမ်းသာအားရ ရယ်လိုက်ကြသည်။

ထိုခရီးသည်အိုကြီးက အခြားခရီးသည်များဘက်သို့ လှည့်လိုက်၏။

'တပတ်ရိုက်လိုက်တာဗျ၊ သူတို့က ပြန်ပေးဆွဲတဲ့လူတွေကို တပတ်ရိုက်လိုက်တာ၊ ကျုပ်တို့ လွတ်ပါပြီ'

'လွတ်ပြီ၊ ဟုတ်လား၊ ဒီသက်ကြီးရွယ်အိုကြီးက ဘာတွေများ အာချောင်နေပါသလဲ'

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လေယာဉ်မယ်တစ်ဦးသည် လေယာဉ်ပျံဦးပိုင်းဆီမှ လျှောက်လာသည်။ ပြုံးရွှင်နေသည်။ ငြင်းမရလောက်အောင် ပြုံးရွှင်နေခြင်းဖြစ်သည်။

'အလိုလေး ဘုရားသခင်'

မစ္စတာစကျွဲင်းယားက ရေရွတ်လိုက်မိ၏။ တကယ်ပဲ ဖြစ်နိုင်ပါသလား။

'ဘာတွေဖြစ်နေတာလဲရှင်၊ ကျွန်မတော့ ဘာကိုမှ မမြင်ရဘူး၊ ဘာတွေဖြစ်နေတာလဲ ရှင့်'

ခုံတန်းလျားနှစ်ခုကြားရှိ ကြမ်းပြင်ပေါ်တွင် ဝပ်နေသေးသော မစ္စစ်လက်ဖလာက သံသေးသံကြောင်နှင့် အော်မေးလိုက်သည်။

'ရှင်က၊ ဘာဖြစ်နေတယ်ဆိုတာ၊ ကျွန်မကို ဘာဖြစ်လို့ ပြောမပြတာလဲ'

'ဘာဖြစ်လို့လဲဆိုတော့။ ကျုပ်မှ မသိပဲကိုး'

မစ္စစကျွဲင်းယားက လေယာဉ်မယ်ကို နောက်တစ်ကြိမ် လှမ်းကြည့်ပြန်သည်။ လေယာဉ်မယ်ကလေးက ပြုံးရယ်နေဆဲပင်။ ခရီးသည်များနှင့် စကားပြောနေဆဲပင်။

'ဒါပေမဲ့ ကျုပ်ထင်တာကတော့. . .'

'ရှင်က ဘယ်လိုထင်သလဲ၊ ဘာလဲဟင်၊ ဘယ်လိုလဲ'

'ကျုပ်တို့ အဆင်ပြေသွားလိမ့်မယ်လို့ ကျုပ်ထင်တယ်'

မစ္စတာစကျွဲင်းယားက ပြောလိုက်သော ထိုအခိုက်ထွင်မှ သေနတ်သံက ပေါ်ထွက်လာလေသည်။

ကန်နန်းစစ်သားသည် နဖူးတွင် သေနတ်ကျည်ဆန်ပေါက်ကလေးနှင့် ကြမ်းပြင်ပေါ်သို့ ခွေကနဲ ဘေးစောင်းလဲကျသွားသည်။

မစ္စတာစကျွဲင်းယား၏ မင်းလမ်းဟိုဘက်မှ ကိုယစ်ထုပ်က မတ်တတ်ရပ်လိုက်၏။ ချက်ချင်းလိုလိုပင် ထိုပုဂ္ဂိုလ်သည် မေးတွဲတွဲနှင့် ခြေထောက်မခိုင်သော ယစ်ထုပ်ကြီး မဟုတ်တော့။ ဖျတ်ဖျတ်လတ်လတ်နှင့် အားကောင်းမောင်းသန်လူတစ်ယောက် ဖြစ်နေလေပြီ။

သူ့လက်ထဲတွင် သေနတ်တစ်လက်ရှိနေသည်။ ထိုသေနတ်သည် ၎င်း၏လက်ထဲမှ ဘွားကနဲ ထွက်ပေါ်လာပုံရသည်။

မစ္စတာစကျွဲင်းယားက ငေးကြည့်နေမိ၏။

ထိုလူက အော်လိုက်သည်။

'လှုပ်လှုပ်ရှားရှားလုပ်တာနဲ့ အဲဒီလူလို အပစ်ခံရမှာပဲ'

ခရီးသည်များ၏ ဦးခေါင်းများသည် ၎င်းထံသို့ တပြိုင်နက်တည်း လှည့်လာကြသည်။

'အခု ဘာဖြစ်နေတာလဲ'

မစ္စစ်လက်ဖလာက အသံကုန်ခြစ်၍အော်လိုက်၏။

ထိုလူက ချာကနဲလှည့်လိုက်သည်။ ကြမ်းပြင်ပေါ်တွင် ဝပ်နေသော မစ္စစ်လက်ဖလာကို ၎င်းက မြင်နိုင်စွမ်းရှိပါသည်။ မစ္စစ်လက်ဖလာသည် လက်နက်တစ်ခုခုကို ဂုဏ်နေသည်

www.burmeseclassic.com

www.burmeseclassic.com



ဟု ထင်သွားလေရော့သလားမသိ။ သူက မစ္စစ်လက်ဖလာကို သေနတ်နှင့်ပစ်လိုက်သည်။ နှစ်ချက်။

ထိုကျည်ဆန်များသည် မစ္စတာစကျွိုင်းယားနှင့် ပွတ်ကာသီကာဖြတ်၍ လေထဲတွင် ပျံသန်းသွားကြသည်။

မစ္စစ်လက်ဖလာသည် လည်ချောင်းသံကလေးတစ်ချက်ကိုသာ ပြုလိုက်ပြီးနောက် ငြိမ်သက်သွားတော့သည်။ ၎င်း၏ဦးခေါင်းသည် ရှေ့သို့ ငိုက်ကျသွားသည်။ ဆုပ်ထားသော လက်သီးမှာ ခပ်ဖြည်းဖြည်းပြေသွားသည်။

ထိုလူက မစ္စစ်လက်ဖလာကို လုံးဝဂရုမစိုက်ချေ။ သေနတ်ကို လက်နှစ်ဘက်နှင့် ဆုပ်ကိုင်ပြီး ဟိုဟိုဒီဒီလျှောက်ချိန်ရင်း ပထမတန်းခရီးသည်ခန်းကို ဖြတ်သန်း၍ လေယာဉ် ဦးဗိုင်းဆီသို့ တိုးဝင်သွားသည်။ အသစ်တဖန် ကြောက်စိတ်ဝင်လာကြသော ခရီးသည်များ နှင့် လေယာဉ်ဝန်ထမ်းများက နောက်ဘက်သို့ ဖယ်ပေးကြသည်။

မစ္စတာစကျွိုင်းယားက ပါးစပ်အဟောင်းသားနှင့် စောင့်ကြည့်နေသည်။ ၎င်းက ထိုလူကိုတစ်လှည့် မစ္စစ်လက်ဖလာကိုတစ်လှည့် ကြည့်နေသည်။

ဒီလူက မစ္စစ်လက်ဖလာကို သေနတ်ဖြင့်ပစ်သွားသည်။ ရက်ရက်စက်စက် တမင်ကလာ ပစ်သွားခြင်းဖြစ်သည်။

၎င်းအနေနှင့် ယခုအချိန်အထိ ဤအဖြစ်အပျက်ကို ယုံကြည်၍မရသေးချေ။

မျက်တောင်တဖျတ်ဖျတ်ခတ်လိုက်မိသည်။ ထိုလူသည် ပုပ်ရဟန်းမင်းကြီးကို သေနတ်နှင့်ချိန်ရင်း အနီးအနားမှလူများကို အမိန့်ပေးနေသည်။

တော်တော်ဆိုးတဲ့လူ။

ဒေါသအရှိန်က မစ္စတာစကျွိုင်းယားကို မတ်တတ်ရပ်ဖြစ်အောင် သွေးထိုးပေး လိုက်သည်။

တော်တော်သွေးအေးတဲ့လူ။ ဒီလူ အရက်သမားဟန်ဆောင်ရင်း ဒီသေနတ်ကို တစ်ချိန်လုံး ဝှတ်ထားခဲ့ခြင်းဖြစ်ရမည်။

ဒီလူသည် လူတစ်ကာကို အမြဲတမ်းအနိုင်ကျင့်နေသူဖြစ်ရမည်။ သနားစရာ ကောင်းပြီး မိမိကိုယ်ကိုကာကွယ်နိုင်စွမ်းမရှိသော မစ္စစ်လက်ဖလာလို အမျိုးသမီးကို ရက်ရက် စက်စက် သတ်ဖြတ်ခဲ့သည်။ ယခုသူက သေနတ်တပြပြနှင့် မည်သူ့ကိုမျှ ဒုက္ခမပေးခဲ့သော ကြင်နာစိတ်ရှိသည့် သက်ကြီးရွယ်အိုတစ်ယောက်အား ကြမ်းကြမ်း တမ်းတမ်းဆက်ဆံနေ သည်မှာ . . .

မစ္စတာစကျွိုင်းယားက ပြောလိုက်သည်။

'ဟေ့ကောင်၊ ခွေးမသား'

ဤကိစ္စကို အပြတ်ရှင်းမည်ဆိုသော စိတ်ထားများသည် ၎င်း၏ခန္ဓာကိုယ်ထဲမှ အုံကြွ၍ ပေါ်ထွက်လာကြောင်း သူသိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်၊ ခွေးမသား'

သူသည် မင်းလမ်းထဲသို့ ထွက်လိုက်ရင်း လှမ်းပြောလိုက်သည်။

'မင်းက လုပ်ဝံ့လို့လား'

မြောက်များလှစွာသော ဦးခေါင်းများက ၎င်းဘက်သို့ လှည့်လာကြသည်။ ၎င်းကို မှတ်မိသွားကြပုံလည်းရသည်။

ထိုလူက လှည့်ကြည့်လိုက်၏။ မစ္စတာစကျွိုင်းယားကို သူသိပါသည်။

ထိုလူက တုံ့နှေးနေခြင်းမရှိပါ။

မစ္စတာစကျွိုင်းယားသည် သေနတ်ပြောင်းဝမှ မီးရောင်ကိုမြင်ရသည်။

မစ္စတာစကျွိုင်းယားသည် ၎င်း၏ ရင်ဘတ်တွင် တစ်ခုခုလာ၍ တိုးဝင်သွားကြောင်း သိလိုက်သော်လည်း ထူးဆန်းလှစွာပင်။ ထိုအချိန်၌ နာကျင်မှုလုံးဝမရှိပါချေ။ သို့သော် အစစအရာရာသည် ရပ်တန့်သွားကြလေပြီ။ ၎င်း၏ ပတ်ပတ်လည်ရှိမျက်နှာများမှာ ဖြူဖတ် ဖြူရော်ဖြစ်ကုန်ကြသည်။ ၎င်းတို့က လက်များကို ရှေ့သို့ဆန့်တန်းလိုက်ကြသည်။

'ဟော့ကောင်၊ ခွေးမသား'ဟု မစ္စတာစကျွိုင်းယားက ဆဲလိုက်ချင်သေးသည်။ စကား လုံးများအဖြစ် ပေါ်ထွက်မလာတော့ပါ။ နူးညံ့မှုက ၎င်း၏တစ်ကိုယ်လုံးကို လွှမ်းခြုံသွား တော့သည်။

၎င်းလိုလူစားမျိုးက ပုပ်ရဟန်းမင်းကြီးကို ကူညီသောကြောင့် သေနတ်ပစ်ခံရ သည်ဟု ကြားလျှင် ၎င်း၏ပထမဇနီးက ဟက်ဟက်ပက်ပက် ရယ်မောပေလိမ့်မည်ဟု တွေးမိပြန်သည်။ ပြီးတော့ မစ္စစ်လက်ဖလာ၊ ဒီအမျိုးသမီးကို ၎င်းအနေနှင့် မျက်စိစပါးမွေး စူးလွန်းလှသည်။

ပြီးပါပြီဆိုသောစာသားကို ရုပ်ရှင်ပိတ်ကားအလယ်တွင် ရှိနေဘိသကဲ့သို့ မြင်နေရ သယောင်ယောင်။

သို့သော် ၎င်းအနေဖြင့် ဤကိစ္စတစ်ခုလုံးကို ဂျွန်နီကာဆန် တယ်လီဗေးရှင်း ဖြေဖျော်ပွဲတွင် အမေရိကန်တစ်နိုင်ငံလုံးသိသွားအောင် ဖွင့်ပြောပြချင်စိတ်ဖြစ်ပေါ်မိ ပြန်သည်. . .။

❑

ထိုလူက မစ္စတာစကျွိုင်းယားအား သေနတ်နှင့်ပစ်လိုက်ချိန်တွင် ဗိုလ်မှူးကြီးသည် ကြောင်လိမ်လှေကား၏ အောက်ဆုံးလှေကားထစ်ပေါ်တွင် ရှိနေခိုက်ဖြစ်သည်။

ချက်ချင်းလိုလိုပင် ထိုလူက ပုပ်ရဟန်းမင်းကြီးကို ဖမ်းဆွဲလိုက်ပြီးနောက် တံခါးပေါက် နားရှိ နံရံပေါ်တွင် တွန်းတွန်းထိုးထိုးနှင့် ဖိကပ်လိုက်သည်ကို မြင်လိုက်ရသည်။

လက်နက်ပေါင်း တစ်ဒါဇင်ခန့်က ၎င်းကို ဝိုင်းချိန်ထားကြသည်။ သို့ရာတွင်

www.burmeseclassic.com

www.burmeseclassic.com



ပုပ်ရဟန်းမင်းကြီးအား ထိမှန်သွားမည်ကို စိုးရိမ်သောကြောင့် မည်သူကမျှ မပစ်ကြချေ။ ပုပ်ရဟန်းမင်းကြီး၏လည်ပင်းကို အကြမ်းဖက်သမားက လက်မောင်းနှင့်ညှစ်ထားသောကြောင့် ပုပ်ရဟန်းမင်းကြီးသည် နောက်ဘက်သို့ ကိုးရိုးကားရားလန်ကျနေသည်။

'ကျုပ်သွားမယ့်ခရီးမှာ ဝင်ရှုပ်ရင် သူ့ကို သတ်ပစ်မယ်၊ နားလည်ကြတယ် မဟုတ်လား'

သူ့လေသံက အမေရိကန်လေသံ။ နယူးယောက်မြို့သားများ၏လေသံ။ အသက် ၃၀ ခန့်။ အသေခံတော်လှန်ရေးသမားလား။ ကြေးစားလား။

ဗိုလ်မှူးကြီးက လှမ်းပြောသည်။

'မမိုက်ချင်ပါနဲ့လေ၊ ခင်ဗျား ကန်နန်းမြေပေါ်မှာပါ၊ ကျုပ်တို့ကလဲ အီရတာတွေ မဟုတ်ဘူး၊ ကန်နန်းကွန်မင်ဒိုတွေ'

ထိုသူက လှောင်လိုက်သည်။

'ဘာလဲ၊ မင်းတို့က တပတ်ရိုက်လိုက်ရတယ်ဆိုပြီး သိပ်ဝမ်းသာနေကြတယ်ပေါ့လေ'

သူက လေယာဉ်ပျံနံရံအတိုင်း အပေါက်ဝနားသို့ ရောက်အောင် ပုပ်ရဟန်းမင်းကြီးနှင့်အတူ တရွေ့ရွေ့နှင့်တိုးသွားသည်။ ဖာဒီယာ၏အလောင်းသည် ၎င်း၏ခြေရင်း၌သာရှိနေသည်။ သူက အလောင်းပေါ်မှ ကျော်လွှားလိုက်၏။

'ဒါပေမယ့် ကိုလေဖင်ခေါင်းရယ်. . . နောက်ဆုံးမှာ အောင်မြင်ခြင်းသရဖူကို မင်းတို့ မရစေရဘူး'

ထိုသူက အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ရာသီဥတုက လျှင်မြန်စွာ သာယာစပြုနေလေပြီ။ ခပ်လှမ်းလှမ်းရှိ မြစ်ကမ်းပါးတစ်လျှောက်၌ စီတန်းပြီးရပ်နေသော စစ်သားများနှင့် မော်တော်ယာဉ်များကို လှမ်းမြင်နေရသည်။ ဟက်ရှိမိုက်နိုင်ငံသည် ရာမတ်ရှာမွန်နှင့် အယ်လ်မားဂရက်ဗ်အကြားရှိ နယ်စပ်တလျှောက်တွင် သံချပ်ကာတားတပ်တစ်တပ်ကို စေလွှတ်ထားလေပြီ။ ဗိုလ်မှူးကြီးက စိုးရိမ်ပူပင်စိတ် ဖြင့်ငေးကြည့်နေမိ၏၊ ယခုကိစ္စမှတဆင့် စစ်ပွဲကြီးဘဝသို့ ရောက်ရှိလာလေမည်လော။

ထိုလူက ခပ်ပြတ်ပြတ် ပြောလိုက်ပြန်သည်။

'ကျုပ်က မင်းတို့ကိုပြောစရာတစ်ခု ရှိသေးတယ်။ ယမ်းဘီလူးတွေကို ကျွင်ခါးပတ်ပတ်လည်မှာ တိပ်နဲ့ကပ်ထားတယ်၊ ပမာဏကတော့ ဟောဒီလေယာဉ်ပျံကို ဒန်သတ္တုအစအနကလေးတွေဖြစ်သွားနိုင်လောက်အောင် အထိများတယ်၊ ကဲ . . . မင်းတို့က မင်းတို့သေနတ်တွေကို ကြမ်းပြင်ပေါ် ချကြပေတော့၊ ခပ်ဖြည်းဖြည်းနဲ့ ကောင်းကောင်းမွန်မွန်ချကြနော်၊ ဟုတ်ပြီ၊ ကဲ . . . ပင်မခရီးသည်ခန်းထဲကို ပြန်ဝင်ကြ၊ မင်းတို့အားလုံးသတ်မြောက်ထားကြစမ်း'

အမျိုးသမီးတစ်ယောက်က စူးစူးဝါးဝါးထ၍ အော်ဟစ်ပြန်၏၊

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက သေနတ်နှင့် ဝှေ့ယမ်းပြသည်။

'နောက်ဆုတ်၊ ကျုပ်ပြောနေတယ်နော်၊ အခန်းထဲကို ပြန်ဝင်ရင်ဝင်ကြ၊ မဝင်ရင် သုသာန်ကို သွားကြရလိမ့်မယ်၊ ဒါပဲ'

သူသည် ပါးစုန့်ကားကားနှင့် ခပ်ထွားထွားပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။ ခွန်အား ရှိပုံရသော ပုဂ္ဂိုလ်တစ်ယောက်ပင်။ ၎င်းသည် အားကစားဂျာကင်၊ ရှပ်အကျီအဖြူနှင့် အစက် အပြောက်ကလေးများပါသော လည်စည်းတို့ကို ဝတ်ဆင်ထားသည်။

'မင်း. . .၊ မင်း. . . . မင်း'

သူက ပစ္စတိုနှင့်ချိန်၍ ပြောလိုက်ခြင်းဖြစ်သည်။

'ဒီကိုလာကြ'

ဗိုလ်မှူးကြီးက သဘောမတူဟန်ဖြင့် အကြောက်အကန်စပြောသည်။

'အဲဒီကိစ္စထဲမှာ ခရီးသည်တွေကို ဆွဲမထည့်ပါနဲ့. . .'

ထိုလူက သေနတ်နှင့်နှစ်ချက်ဆင့်၍ပစ်လိုက်သည်။ ကျည်ဆံများသည် လေယာဉ် ပျံကိုယ်ထည်ကို ထိမှန်သွားကြ၏။

အော်သံတွေ ပိုထွက်လာသည်။

'ကဲ. . .၊ လာကြစမ်း'

အထိတ်တလန့်နှင့် ပင်ပန်းနွမ်းနယ်နေကြသောခရီးသည် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့သည် လေယာဉ်ဦးပိုင်းဆီသို့ ထွက်လာကြရသည်။ ၎င်းတို့ကို ပြန်ပေး သမားက ၎င်း၏ပတ်ပတ်လည်တွင် ဒိုင်းသဖွယ် အမွေကာရံထားစေသည်။

သူက ဗိုလ်မှူးကြီးကို လက်ညှိုးထိုးလိုက်၏။

'ခင်ဗျား ရဲဘော်တွေကို ဒီလေယာဉ်ပျံနဲ့ ဝေးဝေးကို ရှောင်ပေးကြဖို့ပြောစမ်း၊ တစ်မိနစ်အတွင်း မရွှေ့သေးဘူးဆိုရင် ဟောဒီလူစုထဲက တစ်ယောက်ကို သတ်ရလိမ့်မယ်'

'ဒီလူတွေက အပြစ်မရှိတဲ့လူတွေပါ'

'ဒါဖြင့်ရင် သူတို့ကို အသေမခံစေနဲ့ပေါ့'

မျှော်လင့်ချက် ကင်းဝေးလေပြီ။ ရွေးချယ်စရာ အခြားနည်းလမ်းလည်းမရှိတော့ပါ။ ဒီခွေးမသားသည် လမ်းခရီးတွင် အနှောင့်အယှက်ပေးသူများကို သတ်ရဲဖြတ်ရဲသူဖြစ်ပုံရ သည်။

ကိုပြန်ပေးက လက်ညှိုးထိုးပြလိုက်သည်။

'ဟိုနေရာအထိ၊ ဟိုလေယာဉ်ပျံတွေထားတဲ့ ရုံနားအထိ'

ဗိုလ်မှူးကြီးက ၎င်း၏စကားကို လိုက်နာသည်။ အဆိုပါလေယာဉ်ပျံရုံကို ရှင်းရှင်း လင်းလင်းပြတ်ပြတ်သားသား မြင်နေရလေပြီ။ သဲမုန်တိုင်းသည် ရုတ်တရက် ချက်ချင်း အရှိန်သေသွားလေပြီ။

'ထရပ်ကားတစ်စီးနဲ့ ယာဉ်မောင်းတစ်ယောက်ထားခဲ့'

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူက မာလိုရီဘက်သို့ လှည့်၍ပြောလိုက်သည်။

'ကျုပ်ကို ခရိုးဆောင်အသံချဲ့စက် စကားပြောခွက်တစ်ခု ပေးစမ်း'

'အသံချဲ့စကားပြောခွက်ဟုတ်လား၊ ကျုပ်တို့ဆီမှာ မရှိပါဘူး'

ထိုလူ၏မျက်နှာသည် ဒေါသကြောင့်ရှုံ့မဲ့သွားသည်။

'ကျုပ်ကို မညာနဲ့ကိုယ့်လူ၊ ခင်ဗျားက အပျော်တမ်းသမားတစ်ယောက်နဲ့ ရင်ဆိုင်နေရတာ မဟုတ်ဘူး၊ အမေရိကန်လေယာဉ်ပျံတိုင်းမှာ အရေးအကြောင်းဖြစ်ပေါ်လာရင် သုံးဖို့ ဘက်ထရီသုံးအသံချဲ့စကားပြောခွက်တွေ အမြဲတမ်းပါကြရတယ်၊ ဒီတော့ ကျုပ်အတွက် တစ်ခုယူပေးစမ်း'

မာလိုရီက ဒီးပင်နက်တီကို ခေါင်းညိတ်ပြလိုက်သည်။

'သူ့ကို တစ်ခုယူပေးလိုက်ပါ'

နေရောင်ခြည်သည် ထွန်းလင်းစပြုလေပြီ။ ဘိုးရင်း ၇၄၇၏ကြီးမားကျယ်ပြန့်သော အတောင်ပံကြီးများအပေါ်တွင် တလက်လက်တောက်ပနေသည်။ ကျယ်ပြန့်သော လေဆိပ်တခွင်တပြင်လုံးကိုပင် မြင်နိုင်စွမ်းရှိနေလေပြီ။

ကွန်မင်ဒိုများသည် လေယာဉ်ပျံထားရှိရာ အဆောက်အအုံဆီသို့ ဆုတ်ခွာပေးလိုက်ကြသည်။

'မြန်မြန်၊ အဲဒီခွေးမသားတွေကို မြန်မြန်သွက်သွက် သွားခိုင်းစမ်း'

ဗိုလ်မှူးကြီးက ထပ်အမိန့်ပေးလိုက်သည်။

ထိုလူက ပုပ်ရဟန်းမင်းကြီးအား ပွင့်နေသောတံခါးပေါက်ဝဆီသို့ တွန်းပို့လိုက်သည်။

'အဲဒီနေရာမှာရပ်နေ၊ ဘယ်ကိုမှမရွေ့နဲ့၊ ဒါမှခင်ဗျားကို အားလုံးက မြင်နိုင်မယ်'

ဂျင်းက ဖြူဖပ်ဖြူရော်နှင့် ထိတ်လန့်နေသော မျက်နှာများကို သေနတ်နှင့် လိုက်ချိန်နေသည်။ ထို့နောက် ဂျင်းထံသို့ လှမ်းပေးလိုက်သော အသံချဲ့စကားပြောခွက်ကို လှမ်းယူလိုက်၏။

'ကဲ. . . အားလုံးနားထောင်ကြ၊ ကျုပ်တစ်မိနစ်အတွင်း ဟောဒီလေယာဉ်ပျံပေါ်က ဆင်းတော့မယ်၊ ဟောဒီက ယေရှုသခင်ကိုလဲ ကျုပ်နဲ့အတူတူခေါ်သွားမယ်၊ ဟောဒီ ခရီးသည်တွေလဲပါလိမ့်မယ်၊ ကျုပ်တို့က ထရပ်ကားနဲ့ ခရီးဆက်ကြမယ်၊ ပြီးတော့လဲ ကျုပ်တို့ အားလုံးကို ငရဲပြည်ရောက်အောင်ပို့ပေးနိုင်စွမ်းရှိတဲ့ ယမ်းဘီလူး အလုံအလောက်ကို ကျုပ်ကိုယ်ပေါ်မှာ စည်းနှောင်ထားတယ်၊ ဒီတော့ကျုပ်ကို သေနတ်နဲ့ ချောင်းပစ်ချင်တဲ့ လူတွေရှိရင် အားလုံးသေကုန်ကြမှာပဲဆိုတာကို သတိရကြစေချင်တယ်၊ နားလည်တယ် မဟုတ်လား. . . . မင်း' ဂျင်းက ဗိုလ်မှူးကြီးအား လက်ညှိုးနှင့်ထိုးပြရင်း . . .

'မင်းက မင်းလူတွေကို မင်းတို့ဘာသာစကားနဲ့ပြောပြရင် ကောင်းလိမ့်မယ်ထင်တယ် ကဲ-ရော့'

သူက အသံချဲ့စကားပြောခွက်ကို လှမ်းပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ပြောလေ'

ဗိုလ်မှူးကြီးက တွန့်ဆုတ်ဆုတ်ဖြစ်သွားသည်။ သူ့ကို အတင်းဝင်လုံးရမှာလား။ ရှုပ်ယှက်ခတ်သွားအောင်လုပ်ပြီး စွန့်စားရလျှင်ကောင်းမည်လား။ မဖြစ်ဘူး။ ဒီလူက အဲဒီလိုဖြစ်နိုင်သည့်ကိစ္စကို ကြိုတင်ပြီး တွက်ဆထားလိမ့်မည်သာဖြစ်သည်။ ထို့ကြောင့်ခရီးသည်များအား ၎င်း၏ပတ်ပတ်လည်တွင် ဝန်းရံထားခြင်းဖြစ်သည်။ ခရီးသည်များအား မထိမှန်စေဘဲနှင့် သို့မဟုတ် ယမ်းဘီလူးများကို မထိမှန်စေဘဲနှင့် သူ့ကို အနိုင်ယူ၍ရမည် မဟုတ်။

ဗိုလ်မှူးကြီးက အူကြောင်ကြောင်နှင့် ခေါင်းညိတ်ပြလိုက်သည်။ အသံချဲ့စကားပြောခွက်ကို လှမ်းယူလိုက်သည်။

၎င်းက အမိန့်ပေးလိုက်၏။

'လေယာဉ်ပျံရုံဆီကို ရောက်အောင် နောက်ဆုတ်ပေးလိုက်ကြ၊ ဒီပြန်ပေးသမားက မကြာခင် လေယာဉ်ပျံပေါ်က ဆင်းတော့မယ်၊ သူ့လက်ထဲမှာ ပုပ်ရဟာန်းမင်းကြီး ရောက်ရှိနေတဲ့အပြင် သူ့တစ်ကိုယ်လုံးမှာ ယမ်းဘီလူးတွေကို ချည်နှောင်ထားတယ်လို့ သူက ဆိုထားတယ်၊ သူက ဟက်ရှီမိုက်နိုင်ငံနယ်စပ်ကို သွားလိမ့်မယ်၊ ငါက အမိန့်မပေးပဲနဲ့ သူ့ကို ဟန့်တားဖို့ ဘာမှမလုပ်ကြနဲ့၊ ဒါပဲ'

ဟက်ရှီမိုက်နိုင်ငံနယ်စပ်။ သိပ်မဝေးလှပါ။ ထရပ်ကားနှင့်သွားလျှင် တစ်ခဏနှင့် ရောက်ရှိသွားမည်။ ဗိုလ်မှူးကြီးက မျက်မှောင်ကုပ်လိုက်မိ၏။ အချိန်ကြာလာသည်နှင့်အမျှ နယ်စပ်ကို ပို၍ ပြတ်ပြတ်သားသား မြင်လာရသည်။ ဟိုမှာဘက်တွင် လှုပ်ရှားမှုများ ရှိနေသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာ မြင်နေရသည်၊ လူတွေ၊ ကားတွေ၊ သံချပ်ကာကားတွေ၊ ပြန်ပေးဆွဲသော သူရဲကောင်းကြီးနှင့် ၎င်းယူဆောင်လာမည့် ဆုလာဘ်အတွက် ကြိုဆိုဂုဏ်ပြုမည့် ကော်မတီပင်။

စိတ်ဓာတ်ကျဆင်းမှုက ၎င်း၏တစ်ကိုယ်လုံးကို လွှမ်းခြုံသွားသည်။ အောင်မြင်မှုနှင့် လက်တကမ်းအလိုသို့ ရောက်သည့်အခါကျမှ စိတ်ပျက်စရာကောင်းလောက်အောင်၊ အဖတ်ဆည်မရအောင် ရှုံးနိမ့်ခဲ့ရလေပြီ။

၎င်း၏ပေါ်ဆမှုပင်ဖြစ်သည်။ ၎င်းကိုသာ အပြစ်တင်ရလိမ့်မည်၊ ပြန်ပေးသမားများသည် ခရီးသည်များအကြားတွင် ၎င်းတို့ကို အထောက်အကူပေးမည့် လူတစ်ယောက်ယောက်ကို ထားရှိကောင်းထားရှိလိမ့်မည်ဟု သူတွေးခဲ့မိဖို့ကောင်းသည်။ ထိုလူက စတင်လှုပ်ရှားသည်နှင့်တပြိုင်နက် ၎င်းက အဲဒီခွေးမသားကို ပစ်ချနိုင်ခဲ့ဖို့သင့်သည်။ ယခုကိစ္စမှာ ဆင်ခြေပေး၍ မရလောက်အောင် ညံ့ဖျင်းခြင်းပင်။

ထိတ်လန့်တုန်လှုပ်နေကြသော ခရီးသည်များသည် ကိုးရိုးကားရား၊ ခွကျကျနှင့် ရှာတရက်လင်းထိန်လာသော နေရောင်ခြည်အောက်တွင် မျက်တောင်တဖျတ်ဖျတ်ခတ်ရင်း ထရပ်ကားခေါင်မိုးပေါ်သို့ ယိုင်တီယိုင်ထိုး ဆင်းလာကြသည်။ ၎င်းတို့သည်ပါးလွှာသော

www.burmeseclassic.com

www.burmeseclassic.com



သတ္တုမျက်နှာပြင်ပေါ်တွင် ခြေထောက်မခိုင်ကြသောကြောင့် တစ်ယောက်ကို တစ်ယောက် ကိုင်ကာ အားပြု၍နေကြရသည်။

ထိုလူက ပုပ်ရဟန်းမင်းကြီးကို သေနတ်ပြောင်းနှင့် ထိုးလိုက်၏။

'ကိုယ်တော်ကြီးအလှည့်ပဲ'

ဗိုလ်မှူးကြီးက ခပ်တိုးတိုးရေရွတ်သည်။

'ကျွန်တော် သိပ်ကို ယူကျုံးမရ ဖြစ်မိပါတယ်'

'မင်းကိုယ်မင်း အပြစ်မတင်ပါနဲ့သားရယ်'

'သွားမှာသွားစမ်းပါဗျာ'

ပုပ်ရဟန်းမင်းကြီးက ခေါင်းညိတ်ပြီး ရှေ့သို့ တိုးသွားသည်။ ထရပ်ကားခေါင်မိုးပေါ်တွင် ရှိနေသူများက အောက်သို့ဆင်းနိုင်အောင် အကူအညီပေးကြသည်။

ထိုအခိုက်မှာပင် ပြန်ပေးဆွဲသူက ထရပ်ကားခေါင်မိုးပေါ်သို့ ခုန်ချလိုက်ပြီး ဗိုလ်မှူးကြီးကို သေနတ်နှင့်ချိန်ထားနိုင်ရန် ချာကနဲပြန်လှည့်လိုက်သည်။

'မော်တော်ကားကို စက်နှိုးပြီး ထွက်ပါတော့လားကွာ. . .' ဟု ဗိုလ်မှူးကြီးက ဒရိုင်ဘာကို တိုးတိုးတိတ်တိတ် တောင်းပန်လိုက်မိသည်။ ဖြုန်းကနဲလှုပ်ရှားမှုက အားလုံးကို ခေါင်မိုးပေါ်က လိမ့်ကျစေလိမ့်မည်။ ထိုအခိုက်တွင် အခွင့်အရေးတစ်ခုခုရလာတန် ကောင်းပါရဲ့။

သိပ်နောက်ကျသွားလေပြီ။ ၎င်းတို့လူစုသည် မော်တော်ကားဦးပိုင်းရှိ ခေါင်မိုးပေါ်သို့ပင် ရောက်ရှိနေပြီး၊ အချို့က မြေပြင်ပေါ်သို့ ဆက်၍ဆင်းနေကြလေပြီ။ ခရီးသည်များကို ထရပ်ကားနောက်ဘက်သို့ဝင်ရန် အမိန့်ပေးလိုက်သည်။ ပုပ်ရဟန်းမင်းကြီးနှင့် ပြန်ပေးဆွဲသူက ရှေ့ခန်းထဲသို့ ဝင်လိုက်ကြ၏။

စက်နှိုးသံပေါ်ထွက်လာသည်။ တချုန်းချုန်း တဗြိမ်းဗြိမ်းမြည်လာပြီးနောက် သံပြင်ပေါ်၌ ဘီးချော်နေသော ထရပ်ကားသည် တုန်တုန်ချည့်ချည့်နှင့် စတင်ထွက်ခွာစပြုသည်။

ထို့နောက် အရှိန်ရစပြုလာပြီး နောက်ဘက်တွင် သံမှုန့်များကို အလိပ်လိုက်မှုတ်ထုတ်ခဲ့ရင်း ပြေးလမ်းအတိုင်း တဟုန်ထိုးမောင်းနှင်သွားတော့သည်။

လေယာဉ်ပျံရုံဘက်ဆီမှ ထရပ်ကားတစ်စီးသည် လေယာဉ်ပျံဆီသို့ တဟုန်ထိုးမောင်းနှင်လာသည်။

ယခုအချိန်တွင် ကွန်မင်ဒိုများနှင့် ခရီးသည်များသည် ဗိုလ်မှူးကြီး၏ ပတ်ပတ်လည်တွင် ဝိုင်းအုံနေကြသည်။ စကားပြောသူကပြော၊ လက်ညှိုးထိုး၍ပြသူကပြ၊ ဆုတောင်းသူကတောင်းနှင့်။ အချို့ကမူ လောလောဆယ်တွင် အန္တရာယ်မှ ကင်းဝေးသွားသောကြောင့် စိတ်သက်သာရာ ရရှိသွားကြသည်။ ဘုန်းတော်ကြီးတစ်ပါးကမူ မျက်ရည်စက်လက်ဖြစ်နေသည်။

မာလိုရီက ခပ်တိုးတိုးရေရွတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ခွေးမသား၊ ကျုပ်တို့က ပိုင်ပြီလို့ တွက်ထားတာဗျ'

ဗိုလ်မှူးကြီးက ပြောလိုက်သည်။

'ခင်ဗျား ဆောင်ရွက်တာ အောင်မြင်ပါတယ်ဗျာ၊ ကျွန်တော်တို့ကသာ ညံ့ဖျင်းသွားတာပါ'

'မဟုတ်လိုက်လေဗျာ၊ ဒါ ကျုပ်အပြစ်ပါဗျ၊ အနည်းဆုံးတစ်ယောက်လောက်တော့ ကျန်သေးတယ်လို့ ကျုပ်ကိုပြောထားတာ'

'ခရီးသည်တွေကို လေယာဉ်ပျံပေါ်က အမြန်ဆုံး ဆင်းခိုင်းလိုက်ရင်ကောင်းမယ် ထင်တယ်၊ အဲဒီငတိက လေယာဉ်ပျံပေါ်မှာ ယမ်းဘီလူးတွေထားခဲ့တယ်၊ မထားခဲ့ဘူးဆိုတာ ဘယ်သူမှ မသိနိုင်ဘူး၊ ခင်ဗျားကကော သဘောတူပါရဲ့လား ကက်ပတိန်'

'ဘာပြောတယ်၊ ဟုတ်ကဲ့. . . . ဟုတ်ကဲ့၊ သိပ်ဟုတ်တာပေါ့'

မာလိုရီက ခေါင်းညိတ်သည်။

'သိပ်ကောင်းတဲ့အကြံပဲဗျာ'

ပထမ ထရပ်ကားသည် ဘိုးရင်း ၇၄၇၏ဘေးတွင် ဘရိတ်အုပ်လိုက်သည်။ လက်နက်များကို အသင့်ကိုင်ဆောင်ထားသော ကွန်မင်ဒိုများ ခုန်ဆင်းလာကြ၏။ အများစုကမူ ၎င်းတို့ရှုံ့မုန်းလှသော အီရဗာလူမျိုးတို့၏ ခေါင်းဆောင်းများကို စွန့်ပယ်ခဲ့ကြလေပြီ။

'အမိန့်ပေးပါ ဆရာ'

ဗိုလ်မှူးကြီးက နှုတ်ခမ်းကို ကိုက်လိုက်သည်။ အမိန့်တစ်ခုခုပေးစရာရှိခဲ့ရင် ကောင်းမှာပဲဟု တွေးလိုက်မိ၏။

မကြာခင်က လေမုန်တိုင်းမတိုက်ခတ်ခဲ့ဟုပင် ထင်ကြရသည်။ တိမ်တိုက်ကင်းစင်သော ကောင်းကင်ယံမှ နေမင်းကြီးသည် ချစ်ချစ်တောက် ပူလောင်လျက်ရှိသည်။

အကြမ်းဖက်သမားများသည် ပုပ်ရဟန်းမင်းကြီးကို ရရှိသွားကြသည်သာမက ၎င်းတို့၏ သောက်ထရပ်ကားကိုပါ ပြန်အရယူသွားကြသည်ဟု ဗိုလ်မှူးကြီးက စိတ်ပျက်လက်ပျက်တွေးနေမိသည်။

ဒါပေမယ့် သူတို့ တကယ်ပြန်ရသွားတာမှ ဟုတ်ရဲ့လား။ ဗိုလ်မှူးကြီးက ဇေးကြည့်နေ သည်။

'မှန်ပြောင်း ဘယ်သူ့ဆီမှာ ပါသလဲဟေ့'

တစ်ယောက်က မှန်ပြောင်းတစ်လက်ကို ၎င်းထံသို့ လှမ်းပေးလိုက်၏။

'ဒီခွေးမသားတော့ သဲထဲမှာနစ်နေပြီ'

ဟုတ်ပါသည်။ သူသည် ပြေးလမ်းပေါ်မှ ဖဲ့ဆင်းခဲ့ပြီးနောက် သဲပြင်ကိုဖြတ်၍ နယ်စပ်သို့ တိုက်ရိုက်သွားရန် ကြံစည်ခဲ့သည်။

သူသည် သဲနက်နက်ထဲသို့ မောင်းမိလျက်သား ဖြစ်သွားသည်။ ဘီးများမှာ

www.burmeseclassic.com

www.burmeseclassic.com



တဝီဝီနှင့်လည်နေကြပြီး သဲမှုန်နှင့် ဖုံမှုန့်များကို အလုံးလိုက် အခဲလိုက် ခေါ်ထုတ်နေသည်။

နီးလျက်နှင့် ဝေးနေရလေပြီ။ ထရပ်ကားကြီးသည် ကားဘီးဝင်မိုးအထိ သဲထဲတွင် ကျွံပြီးနစ်နေသည်။ လီဗာကို တအားဖိ၍နင်းလေလေ၊ အခြေအနေကို ပို၍ဆိုးသွားအောင် ဖန်တီးသလိုဖြစ်နေလေလေပင်တည်း။

ကိုပြန်ပေးသည် မော်တော်ကားပေါ်မှ ဝုန်းကနဲခုန်ချလိုက်သည်။ သူက ဒေါ်သ တကြီးနှင့် ကားပေါ်မှခရီးသည်များကို ဆင်းခိုင်းသည်။ ခရီးသည်များကို ကားတွန်း ခိုင်းပြန်၏။ သို့သော် မျှော်လင့်စရာမရှိတော့ပါ။

ဗိုလ်မှူးကြီးက ဟက်ရှီမိုက်နယ်စပ်ကို မှန်ပြောင်းနှင့်ချိန်၍ ကြည့်လိုက်၏။ သံခမောက်ဆောင်းစစ်သားများနှင့် သံချပ်ကာကားများရှိနေကြသည်။ သူတစ်တွေကို မှီချ လိုက်မိ၏။ ဟက်ရှီမိုက်တပ်မတော်ပင်တည်း။ ငြိမ်သက်စွာ စောင့်နေကြသည်။

ဘာမျှမလုပ်နိုင်ပဲ မတ်တတ်ရပ်၍ ကြည့်နေရသောအဖြစ်မျိုးမှာ ရှုချင်စရာ ကောင်း လှပါဘိသည်။

'သူ ခြေကျင်လျှောက်သွားပြီ'

ကိုပြန်ပေးနှင့် ပုပ်ရဟန်းမင်းကြီးတို့က ထရပ်ကားနှင့်ဝေးရာဆီသို့ ထွက်ခွာသွား ကြသလို၊ ကျန်ခရီးသည်များကလည်း ဆန့်ကျင်ဘက်အရပ်ဖြစ်သော လေယာဉ်ဆီသို့ ပြန်လာနေကြသည်။

'သူ့ကိုဒီနေရာက ချိန်ပြီးပစ်လို့ရနိုင်ပါတယ်ဆရာ'

ဗိုလ်မှူးကြီးခေါင်းခါသည်။

မဖြစ်ဘူး၊ ပုပ်ရဟန်းမင်းကြီးသည် ထိုလူနှင့် နီးကပ်စွာရှိနေသလို၊ ဟိုသောက် ယမ်းဘီလူးတွေကလည်း ပြန်ပေးသမား၏ ခန္ဓာကိုယ်ပေါ်တွင် ရှိနေကြသည်။

၎င်းတို့နှစ်ယောက်သည် ပျော့အိသောသဲပြင်ပေါ်၌ ယိုင်တိယိုင်ထိုးနှင့် ကျော်ဖြတ် နေကြသည်ကို လှမ်းကြည့်နေကြသည်။ နယ်စပ်မှာ သိပ်ကိုနီးကပ်နေသည်ဟု ထင်ရသည်။ လက်နှင့်လှမ်း၍ကိုင်လျှင်ပင် ထိနိုင်လောက်ပေသည်။

'ဒီခွေးမသားကို ဒီအတိုင်းလွှတ်ပေးလိုက်လို့ ဘယ်ဖြစ်ပါ့မလဲ ဆရာရဲ့'

ဒေါသနှင့်အခံရခက်နေသော လေသံများပင်။

'ဘယ်လိုလုပ်သင့်တယ်လို့ မင်းက အကြံပေးမှာလဲ'

'စောင့်ကြည့်နေရတာထက်စာရင် တစ်ခုခုလုပ်လိုက်ရတာက ပိုကောင်းပါလိမ့်မယ်'

ယခုအချိန်တွင် ၎င်းတို့၏သဏ္ဌာန်နှစ်ခုသည် ရေနက်ပိုင်းသို့ ဆင်းသွားကြသည့် အလား၊ ငုပ်လျှိုးပြီးပျောက်ကွယ်သွားကြသည်။

'သူတို့ရောက်ခါနီးပြီ'

နယ်နမိတ်အဖြစ် သတ်မှတ်ထားသော ရေခန်းနေသည့် ဝါဒီအရာဘာမြစ်လယ် ကောင်သို့ကုန်းလျှောလေးအတိုင်း ခြေလှမ်းလေးငါးလှမ်း လှမ်း၍ လျှောက်ဆင်းသွားသော

www.burmeseclassic.com

www.burmeseclassic.com



ကျန်တော့သည်။

ငင်းတို့သည် ယခုအချိန်တွင် မြင်ကွင်းထဲမှ ပျောက်ကွယ်သွားလေပြီ။

တနည်းအားဖြင့်ဆိုသော် စိတ်သက်သာစရာ တစ်မျိုးပင်။

ဝါဒီအရာဘာမြစ်၏ ဟိုဘက်ကမ်းနဖူးပေါ်ရှိ ဟက်ရှီမိုက်တပ်မတော်ကိုမူ မြင်နိုင်စွမ်းရှိပါသည်။ ၎င်းတို့သည် ယခုထက်တိုင် မလှုပ်မယှက် စောင့်နေကြဆဲပင်။

ကန်နန်းဗိုလ်မှူးကြီးက မှန်ပြောင်းကို အောက်သို့ချလိုက်၏။

၎င်း၏တပ်မတော်သားများက ၎င်း၏အမိန့်ကို ငံ့လင့်စောင့်စားနေကြသည်။ သို့သော် ၎င်းထံတွင် ပေးစရာအမိန့် မရှိပါ။ ရာနှုန်းပြည့်ရှုံးနိမ့်သွားရခြင်းပင်။ လက်ဦးမှုကို အရယူနိုင်ခဲ့သမျှ၊ သတ္တိဗျတ္တိကိုသုံးခဲ့ရသမျှအားလုံးသည် သဲထဲရေသွန်ဖြစ်ခဲ့ကြရလေပြီ။

ခွေးမသားတွေ။

ခွေးမသားတွေ၊ ခွေးမသားတွေ၊ ခွေးမသားတွေ။

သေနတ်သံတစ်ချက်ပေါ်ထွက်လာသည်။

ထိုအသံက ငြိမ်နေသောလေထုကို ဖြိုခွဲလိုက်သည်။ ကျယ်ပြောသော သဲပြင်တလျှောက်တွင် ပဲ့တင်ထပ်လျက် ပျံ့လွင့်လာသည်။ လေဆိပ်၏ ဟိုမှာဘက်ရှိ စုတ်ပြတ်နေသော လေယာဉ်ပျံရုံများထဲတွင်လည်း ပဲ့တင်ထပ်လျက် ပျံ့လွင့်သွားသည်။

'ဘာဖြစ်ရပြန်တာလဲ'

ဦးခေါင်းအားလုံး ချာကနဲလှည့်ကြည့်ကြသည်။

'ဘုရားသခင် ကယ်တော်မူပါ'

တစ်ယောက်က ရေရွတ်လိုက်၏။

နောက်ထပ် သေနတ်သံတစ်ချက် ထွက်ပေါ်လာပြန်သည်။ ပြတ်တောင်းသည်။ စူးရှသည်။

ကန်နန်းဗိုလ်မှူးကြီး သွေးခဲသွားသည်။ ခိုးမှုပဲ။ သူသည်ခရီးသည်တစ်ယောက် ပမာ ကိုးရိုးကားရားနိုင်လွန်းလှသည်။ ၎င်းက အနီးတွင်ရှိသော ကွန်မင်ဒိုများကို လက်ပြ၍ ခေါ်ရင်း ထရပ်ကားဆီသို့ အပြေးအလွှားသွားတော့သည်။

သူက ဒရိုင်ဘာဘေးရှိခြေနင်းခုံပေါ်သို့ ခုန်တက်လိုက်ပြီး အထိတ်တလန့်ဖြစ်သွားသော ဒရိုင်ဘာအား လက်ညှိုးနှင့်ညွှန်ပြလိုက်သည်။

'မောင်းစမ်းကိုယ့်လူ၊ မောင်းစမ်း'

ထရပ်ကားပေါ်သို့ အခြားစစ်သားများရောက်မရောက် စောင့်ကြည့်နေဖို့ အချိန်မရှိပါ။ မော်တော်ကားသည်စတင်၍ ဘီးလိမ့်စပြုလာသည်။ သို့ရာတွင် ဝီရိယလွန်သွားသော ယာဉ်မောင်းက လီဗာကိုအတင်းဖိ၍ နင်းလိုက်မိသည်။ ထရပ်ကားသည် ခပ်ပျော့ပျော့သဲပြင်ပေါ်တွင် ဘီးချော်သွားလေတော့ရာ ကားဖင်မြီးပိုင်းခါယမ်းသွားပြီး ဗိုလ်မှူးကြီးအား ခါချလိုက်သလို ဖြစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင် . . . ဘယ်လိုလဲကွ'

'ကျွန်တော် တောင်းပန်ပါတယ် ဆရာ'

နောက်ဆုံးတွင် မော်တော်ကားတာယာများသည် သဲထဲတွင် ခြေကုပ်ရသွားကြသည်၊ ထရပ်ကားသည် တုန်ခါ၍ ထွက်ခွာလာပြီးနောက် အရှိန်ရစပြုလာသည်။

'အဲဒီဘက်ကို မင်းမောင်းလို့ရနိုင်သလောက် မြန်မြန်သွားစမ်း'

ဗိုလ်မှူးကြီးသည် ဟက်ရှီရိုက်နယ်စပ်သို့ မရောက်မီ လမ်းတဝက်ရှိ ထရပ်ကားရှိရာဆီသို့ ညွှန်ပြလိုက်သည်။ ထိုထရပ်ကားပတ်ပတ်လည်တွင် ဓားစာခံအဖြစ် ခေါ်သွားခံရသော ခရီးသည်များသည် ပြန့်ပြန့်ကျဲကျဲနှင့် တကွဲတပြားစီရှိနေကြသည်။

ထရပ်ကားသည် ပြေးလမ်းပေါ်မှဆင်း၍ သဲပြင်ပေါ်၌ ဆောင့်ကြီးအောင့်ကြီး မောင်းနှင်စပြုစဉ် ဗိုလ်မှူးကြီးသည် ထရပ်ကားကို ဖက်တွယ်ထားလိုက်ရသည်၊ အသက်ရှူများလောက်အောင်ပင် ၎င်း၏ဘွတ်ဖိနပ်သည် ခြေနင်းခုံပေါ်မှချော်ကျပြီး တရိပ်ရိပ်ပြေးနေသော သဲပြင်နှင့်ဆောင့်မိတော့သည်။

လိမ့်ကျလုမတတ်ပင် ဖြစ်သွားရသည်။ ကံကြီးပေလို့ပဲ။

ဓားစာခံများကို ဖြတ်ကျော်လာခဲ့ပြီ။ ထိတ်လန့်နေပုံရသော ၎င်းတို့၏မျက်နှာထားများကို အရေးမထားနိုင်ပါ။ သူတို့အတွက် သောကဖြစ်ရန်လည်း အချိန်မရှိပါ။

ထပ်မံ၍ပစ်ကြခတ်ကြသေးလား။ တဝုန်းဝုန်းမြည်နေသော ကားသံနှင့် မျက်နှာကို တဝေါ်ဝေါ်ဝင်တိုးနေသော လေထုထဲတွင် ဘာသံကိုမျှ သဲသဲကွဲကွဲကြားနိုင်မည်မထင်။

ထရပ်ကား၏အရှိန် လျော့ကျသွားသည်၊ သဲထုက ကားတာယာများကို ရှေ့သို့ ရုန်း၍မရအောင် ဟန့်တားထားကြလေရာ နောက်ဆုံးတွင် ထရပ်ကားကြီးသည် ရပ်တန့်သွားလေတော့သည်။

ထိုအခိုက်မှာပင် ပြေပြစ်သော ကုန်းလျှောကလေးပေါ်သို့ ပုံသဏ္ဍာန်တစ်ခုပေါ် ထွက်လာသည်။

ဝတ်ရုံဖြူကိုခြုံထားသော သက်ကြီးရွယ်အိုတစ်ယောက်၊ တစ်ဦးတည်းသာ။

ဗိုလ်မှူးကြီးက ငေးကြည့်နေမိသည်။ အလိုလေး၊ ဘုရားသခင်၊ ပုပ်ရဟန်းမင်းကြီး သေနတ်ပစ်ခံရလေသလား။ မဖြစ်နိုင်ဘူး။ လုံးဝမဖြစ်နိုင်ပါ။

သူက တအားအော်ဟစ်ပြီး မော်တော်ကားခြေနင်းခုံပေါ်မှ ခုန်ဆင်းလိုက်သည်။

'ဘာများဖြစ်သွားပါသလဲ ကိုယ်တော်'

သူက ခပ်မြန်မြန်ပြေးရန်ကြိုးစားသည်။ သို့ရာတွင် မခိုင်မြဲသောသဲပြင်၌ သူ ချော်ပြီး လဲတော့သည်။

'မင်းကို ထိခိုက်သွားသေးသလား၊ သားရယ်'

ထိုအသံတွင် စိုးရိမ်ပူပန်သောလေသံ အပြည့်အဝပါဝင်နေသည်။

ဗိုလ်မှူးကြီးသည် ပြန်ထလာပြီးနောက် ခေါင်းကိုခါယမ်းရင်း ကိုယ်ပေါ်မှသဲများကို

www.burmeseclassic.com

www.burmeseclassic.com



ခါချနေသည်။

'ဘာမှမဖြစ်ပါဘူးခင်ဗျာ၊ ကိုယ်တော်ကော ဒဏ်ရာရသွားပါသေးသလား ခင်ဗျာ' ပုပ်ရဟန်းမင်းကြီးမြေသည်။

'ဘာမှမဖြစ်ခဲ့ပါဘူးကွယ်'

ပုပ်ရဟန်းမင်းကြီးသည် ချစ်ချစ်တောက်ပူလောင်သော နေရောင်ခြည်ကြောင့် အားအင်ကုန်ခန်းနေပုံရသော်လည်း ဒဏ်ရာရရှိပုံမပေါ်ချေ။

'ကိုယ်တော် ဘာမှမဖြစ်တဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ ထင်လိုက်မိတာက . . .'

ကွန်မင်ဒိုတစ်ယောက်သည် ဗိုလ်မှူးကြီး၏နောက်ဘက်သို့ ယိုင်တီယိုင်ထိုးနှင့် ရောက်ရှိလာ၏။ ၎င်းတစ်ကိုယ်လုံးမှချွေးများ ပြိုက်ပြိုက်ကျအောင် ယိုစီးပြီးထွက်နေကြသည်။

'ကြည့်ပါဦးခင်ဗျာ၊ ကြည့်စမ်းပါဦး၊ ဆရာ့အနေနဲ့ဒီကိစ္စကို ဘယ်လိုယူဆပါသလဲခင်ဗျာ'

ဟက်ရှီမိုက်နယ်စပ်သည် မီတာတစ်ရာခန့်ပင် မဝေးတော့ချေ။ ဟက်ရှီမိုက် တပ်မတော်မှ တပ်သားမည်မျှက အသင့်စောင့်ဆိုင်းနေသည်ကို ဘုရားသခင်ကသာ သိနိုင်မေလိမ့်မည်။ စစ်သားခြောက်ယောက်ခန့်သည် ပြန်ပေးဆွဲသူ၏ ရုပ်အလောင်းကို ထရပ်ကားပေါ်သို့ တွန်းထိုးပြီးတင်ရင်း အလုပ်ရှုပ်နေကြသည်။

ခြောက်လုံးပြူးအိတ်ပေါ်တွင် လက်တင်ထားသော ဟက်ရှီမိုက်စစ်ဗိုလ် တစ်ယောက်က မတ်တတ်ရပ်ရင်း စောင့်ကြည့်နေသည်။

၎င်းက ပုပ်ရဟန်းမင်းကြီးနှင့် ကန်နန်းဗိုလ်မှူးကြီးဘက်သို့ လှည့်လိုက်ပြီးနောက် သတိအနေအထားသို့ပြောင်း၍ မတ်တတ်ရပ်ရင်း အလေးပြုလိုက်သည်။

အကြီးအကျယ်ဦးနှောက်ခြောက်သွားသော ကန်နန်းဗိုလ်မှူးကြီးက ပြန်လှန်ပြီး အလေးပြုလိုက်ပြီးနောက် လက်ကိုပြန်မချသေးဘဲထားလိုက်မိသည်။

၎င်းတို့က ပါးစပ်ဟောင်းလောင်းနှင့် စောင့်ကြည့်နေမိကြသည်။ ထရပ်ကားတံခါးများ ပြန်ပိတ်သွားကြပြီး စက်နိုးသံထွက်ပေါ်လာသည်။ စစ်သားများက ကားပေါ်သို့ တက်ကြသည်။ တင့်ကားများနှင့် အခြားသံချပ်ကာကားများသည်လည်း အသင့်ယူထားကြည့်နေရာမှ နောက်ဘက်သို့ပြန်ဆုတ်သွားကြသည်။ တခဏအတွင်းမှာပင် နေရာယူကြ၊ နေရာရွှေ့ကြနှင့် မော်တော်ကားမှန်သမျှ လှုပ်ရှားလာကြသည်။ ပေါက်ကွဲမှုကြီးဖြစ်ပေါ်လာသည့်အလား ဖုန်တထောင်းထောင်းဖြစ်လာသည်။ မော်တော်ကားသံများမှာ မိုးချုန်းသံပမာ နားကွဲလောက်စရာပင်။ ဟက်ရှီမိုက်တပ်မတော်က အဝေးဆီသို့ ရွေ့လျားသွားစဉ် သဲကန္တာရတစ်ခုလုံး တုန်လှုပ်နေပုံရသည်။

မကြာမီ ထိုနေရာတဝိုက်တွင် ဖုန်မှုန့်များနှင့် အဝေးသို့ ရောက်သွားပြီဖြစ်သော အင်ဂျင်စက်သံများသာ ခပ်တိုးတိုးကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီးက ခေါင်းကိုခါယမ်းလိုက်၏။

'ကျုပ်ကတော့ နားကိုမလည်တော့ဘူးဗျာ၊ ဘယ်လိုများဖြစ်ကုန်ကြ. . .'

ပုပ်ရဟန်းမင်းကြီးက ချိန်ချိန်ဆဆနှင့်အမိန့်ရှိသည်။

'မင်းတို့ ကန်နန်းလူမျိုးတွေက ဒီလိုအကြမ်းဖက်မှုမျိုးကို စက်ဆုပ်ရွံရှာသလို ဟက်ရှိမိုက်အစိုးရကလဲ ရွံရှာမုန်းတီးတယ်လို့ ကျုပ်ယူဆမိတာပါပဲလေ ကျုပ်ကို ဖမ်းသွားတဲ့လူဟာ ဟက်ရှိမိုက်မြေပေါ်ကို ရောက်တာနဲ့တပြိုင်နက် ပစ်သတ်တာကို ခံလိုက်ရတော့တာပဲ'

'ဒါပေမယ့် ယမ်းဘီလူးတွေ'

'ဟက်ရှိမိုက် စစ်ဗိုလ်က အင်မတန်လက်ဖြောင့်တဲ့အပြင် ဟိုလူက လုံးဝထင်မထားတဲ့အချိန်မှာ ခံသွားရရှာတာ၊ မိတ်ဆွေနဲ့တွေ့ရပြီလို့ မျှော်လင့်ထားပေမယ့် အဆုံးစီရင်တဲ့လူနဲ့တွေ့သွားရတာကိုး၊ ဟက်ရှိမိုက်စစ်ဗိုလ်က ပစ္စတိုကိုမြှောက်ပြီး အဲ့ဒီလူရဲ့ခေါင်းကို တစ်ချက်တည်းပစ်လိုက်တာ၊ ဒီလူမြေပြင်နဲ့မထိခင် အသက်ထွက်သွားလိမ့်မယ်လို့ ကျုပ်ထင်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီစစ်ဗိုလ်က သေချာအောင် နောက်တစ်ချက် ထပ်ပစ်လိုက်သေးတယ်၊ ပြန်ပေးကို စစ်ဆေးလိုက်တဲ့အခါကျတော့ သူ့ကိုယ်ပေါ်မှာ ယမ်းဘီလူးတွေချည်နှောင်ထားတာကို တွေ့ကြရတယ်'

ပုပ်ရဟန်းမင်းကြီးသည် မျက်ခုံးကို လက်ကိုင်ပဝါနှင့်သုတ်လိုက်ပြီးနောက် ခြောက်သွေ့သောလေကို တဝကြီး ရှူသွင်းလိုက်သည်။

'အခုကိစ္စက ပြီးသွားပြီဆိုတော့ ကျုပ်အနေနဲ့ ဆန်ဖရန်စစ္စကိုကို ခရီးဆက်လို့ဖြစ်မဖြစ်သိချင်ပါတယ်၊ ဒီကနေ ဆန်ဖရန်စစ္စကိုကို သွားမယ်ဆိုရင် ဘယ်လောက် ကြာမလဲဆိုတာ မင်းပြောနိုင်ရင် ပြောပြစမ်းကွာ'

❑

မြို့တစ်မြို့လုံး အုတ်အုတ်ကျက်ကျက်ဖြစ်နေသည်။ ကွန်မင်ဒိုများ၊ ခရီးသည်များနှင့် ထရန့်စ်အမေရိကန် လေယာဉ်ဝန်ထမ်းများအား ချီးကျူးနေကြသော လူအုပ်ကြီးသည် လမ်းတိုင်းလမ်းတိုင်းတွင် ပြည့်ကျပ်နေသည်။ ပျော်စရာကောင်းသောနေ့ တစ်နေ့ပင်။

ကမ္ဘာပေါ်တွင်ရှိရှိသမျှသော သတင်းဖြန့်ချီရေး အေဂျင်စီများက သတင်းရရှိရေးအတွက် အပူတပြင်းကြိုးပမ်းနေကြသည်။ အကြမ်းဖက်ဂိုဏ်းကို မည်သို့မည်ပုံ ဉာဏ်ချင်းပြိုင်၍ အနိုင်ယူခဲ့လေသနည်း။ အဓိကစွမ်းဆောင်နိုင်ခဲ့သူသည် မည်သူနည်း၊ ပုပ်ရဟန်းမင်းကြီး ထိခိုက်ဒဏ်ရာ ရရှိသွားပါသလား။ ပုပ်ရဟန်းမင်းကြီးကို လွှတ်ပေးရန်အတွက် မည်သို့မည်ပုံ တောင်းဆိုခဲ့ပါသနည်း။ အသေအပျောက် မည်မျှရှိခဲ့ပါသနည်း၊ သေဆုံးသူများအကြားတွင် ပါဝင်သည်ဟု ကောလဟာလဖြစ်နေသော ရုပ်ရှင်မင်းသားကြီးသည်

www.burmeseclassic.com



မည်သူပါနည်း။ ပြန်ပေးဆွဲသူများသည် မည်သူများပါနည်း။ ထိုပြန်ပေးဆွဲသမားများ အနက်တစ်ဦးသည် မြူနစ်အိုလံပစ်လူသတ်ပွဲတွင် ပါဝင်ခဲ့သည်ဆိုသည်မှာ ဟုတ်မှန်ပါ သလား။

ကိုယ်လုံးကိုယ်ပေါက်ခပ်တောင့်တောင့်နှင့် လက်ရာကောင်းမွန်သော ဝတ်စုံကို ဝတ်ဆင်ထားသူတစ်ဦးသည် ဟိုတယ်သို့ လေယာဉ်ဝန်ထမ်းများ ရောက်ရှိလာကြပုံကို ဟီလ်တန်ဟိုတယ်၏ တတိယထပ်ရှိပြတင်းပေါက်တစ်ခုမှ စောင့်ကြည့်နေသည်။ လူအုပ်ကြီး၏ ဝမ်းသာအယ်လဲဖြစ်မှုကိုသော်လည်းကောင်း၊ ဆန့်တန်းထားသော လက်များနှင့် ပြုံးရွှင်နေသောမျက်နှာထားများကိုသော်လည်းကောင်း၊ လက်တွင်ကိုင်၍ တဖျတ်ဖျတ်ဝှေ့ ယမ်းပြနေသော အမေရိကန်နှင့် ကန်နန်းနိုင်ငံ အလံကလေးများကိုလည်းကောင်း ထိုသူက သတိပြုလိုက်မိသည်။

သို့သော် ၎င်းကမပြုံးပါ။

အောက်ဘက်တွင် လေယာဉ်ဝန်ထမ်းများ ဟိုတယ်ဧည့်ခန်းထဲသို့ ဝင်ရောက် လာနိုင်အောင် ဘေးတစ်ဘက်တစ်ချက်တွင် ရဲများက စောင့်ကြပ်ကာရံ၍ လမ်းထွင်ပေး နေကြရသည်။

ထိုလူက အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်၏။ ၎င်းသည် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦးအနေဖြင့် မနှစ်မြို့ဖွယ်ရာကောင်းသော အလုပ်တာဝန်များကို အခါအားလျော်စွာ ပေးအပ်ခြင်းခံရလေ့ရှိသည်။ ယခု တာဝန် ပေးခံရသောကိစ္စသည် ယခင်က ဆောင်ရွက်ခဲ့သော ကိစ္စအားလုံးထက် ပိုမို၍ဆိုးရွားလှ သည်။ အဆိုးရွားဆုံး ကိစ္စပင်တည်း။

'သူတို့က ဒီကိုတန်းပြီး ရောက်လာကြမှာလား'

'မှန်ပါတယ်ခင်ဗျာ'

'ကျုပ်က ဒီနေရာမှာ ကက်ပတိန်မာလိုရီနဲ့ နှစ်ယောက်တည်းတွေ့ချင်တယ်'

'သိပါတယ်ခင်ဗျာ၊ စီစဉ်ထားပြီးပါပြီ'

'ကျေးဇူးတင်ပါတယ်'

သူက ထိုင်ချလိုက်ပြီး မျက်စိကို မှိတ်ထားလိုက်၏။ အချိန်အနည်းငယ်မျှသာ ကျန်တော့သည်။ အဆိုပါ သတင်းမျိုးကို ၎င်းအနေဖြင့် မည်သို့မည်ပုံအသိပေးရပါ မည်နည်း။ အထူးသဖြင့် လူပေါင်းများစွာတို့၏ အသက်ကို ကယ်ဆယ်နိုင်ခဲ့သည့်အပြင် အရှေ့အလယ်ပိုင်းဒေသ၌ ပေါက်ကွဲလုနီးနီး ထိပ်တိုက်ရင်ဆိုင်တိုးကြရမည့် အရေးအခင်း ကြီးတစ်ခုကို လွတ်မြောက်သွားအောင် ထူးထူးချွန်ချွန် ဆောင်ရွက်နိုင်စွမ်းရှိခဲ့သူတစ်ဦးအား မည်သို့မည်ပုံ နားဖောက်ရလေမည်နည်း။

၎င်းက မည်ကဲ့သို့ တုံ့ပြန်လေမည်နည်း။

လေယာဉ်ပျံပေါ်သို့ လိမ်ညာပြီးပေးပို့ခဲ့သော သတင်းအ... ဒေါသထွက်လေ

www.burmeseclassic.com



မည်လော။ အကြီးအကျယ် ဒေါသူပုန်ထလေမည်လော။ သို့တည်းမဟုတ် ရှိုးရှိုးတလေး ငိုချလိုက်လေမည်လော။

ရင်း၏ကိုယ်ရေးဖိုင်ထဲတွင် ဇနီးသည် သေဆုံးခဲ့သည်မှာ မကြာသေးဟုပါရှိသည် မဟုတ်ပါလား။

လူတစ်ယောက်သည် သောကဒဏ်ကို မည်မျှသော အတိုင်းအတာ ပမာဏအထိ ခံနိုင်ရည်ရှိပါသနည်း။

အပြင်ဘက်မှခြေသံများ၊ စိတ်လှုပ်ရှားနေသောအသံများ၊ ပျော်ရွှင်နေသည့် အသံများစသည်တို့ကို သူကြားလိုက်ရသည်။

လည်ပင်းကော်လန်တပိုက်တွင် ချွေးများစို့ထွက်လာကြသည်။

ပါးစပ်ကို လျှာနှင့် လျက်လိုက်မိ၏။

တံခါးလက်ကိုင်ဘု လည်ထွက်သွားပြီး ကိုယ်ရေးလက်ထောက်ဖြစ်သူ၏ မျက်နှာ ထွက်ပေါ်လာသည်။

'ဆရာနဲ့တွေ့ဖို့ ကက်ပတိန်မာလိုရီ ရောက်လာပါပြီ ဆရာ'

BURMESE CLASSIC

□□□

မောင်မြင့်ကြွယ်

www.burmeseclassic.com